ဒုတိယအကြိမ်
ရှမ်းပြည်နယ်လွှတ်တော်
(၁၇)ကြိမ်မြောက်ပုံမှန်
အစည်းအဝေး
မှတ်တမ်း

ရှမ်းပြည်နယ်
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း**	
	(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။	၁
	(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။	၂
	(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ်ကြေညာခြင်း။	၂
	(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။	၂
	(၅) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။	၅
	(၆) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။	၈
	(၇) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။	၁၉
	(၈) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-	၁၉
	(က) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်ထောင်စုလမ်းမကြီးဖြစ်သော လားရှိုး- မန်စံ- နမ္မတူ လမ်းမပေါ်ရှိ နမ့်ဆီဝေါတံတားအား သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။	၂၀
	(ခ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပန်မြို့နယ်ရှိ နမ့်ပန်ချောင်းအပိုင်းဖြစ်သည့် ဟွေကျောင်း ချောင်းဆုံမှ ကန်မောက်လျံကျေးရွာအထိ (၅)မိုင်(၄)ဖာလုံ အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် သဲ၊ နုန်းများ ဆက်လက် တူးဖော်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။	၂၂

(၈) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွာငံမြို့၊ မြို့ကုန်းရပ်ကွက် မြောက်ဘက်မြေနေရာအား စံကိုက်ဘောလုံးကွင်းအဖြစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၅

(ဃ) တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်ဆန်းဒေး၏ **"ရှမ်းပြည်နယ်အတွင်း ပြန်ပြည့်မြဲစွမ်းအင် ဆိုင်ရာကဏ္ဍတွင် ပြည်နယ်အစိုးရ၏ ကူညီဆောင်ရွက်နေမှု ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇

(င) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းဆတ် မြို့နယ်၊ မိုင်းတွမ်း တောင်ပေါ်ကျေးရွာအုပ်စု၊ အူးဖူဒွေကျေးရွာမှ ခကြားဒေကျေးရွာချင်းဆက် ကျောက်ခင်းလမ်းအား ပြုပြင် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀

(စ) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ် ကျေးရွာမှ ပုံလုံကျေးရွာသွားလမ်း (၂)မိုင်(၆) ဖာလုံအား မြေသားလမ်းခဲ့ထွင်ခြင်း၊ ကျောက်ရောမြေခင်းခြင်းနှင့် ၎င်းလမ်းပေါ်ရှိ အရှည်(၂၀)ပေ၊ အမြင့်(၁၀)ပေ၊ အကျယ် (၁၈)ပေတံတားအား ဘေလီတံတားအဖြစ် တည်ဆောက် ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂

(၂) **"မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ပုံလုံကျေးရွာမှ ဖာလန်သို့သွားသည့် ကုန်ထုတ်လမ်း (၃)မိုင်အား လမ်းခဲ့ထွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၄

(ဆ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ဆန် မြို့နယ်၊ လုံတောက်– လီလုကျေးရွာအုပ်စုချင်းဆက်လမ်းပေါ်ရှိ လီလု– မန်ပိန်းသစ်သားတံတားအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅

(ဇ) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ဆောင်ခွင့်ရရှိသော လုပ်ငန်းများသို့ ကွင်းဆင်းရာတွင် တာဝန်ခံများမတွေ့ရှိရမှုအပေါ် တင်ဒါစည်းကမ်းအရ မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇

(ဈ) တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ပြည့်ဖြိုးအောင်၏ **"မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(ကော်ဆမ်မိန်း)တွင် ကျောင်းဆောင်သစ် ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၀

(ည) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ပေးပို့တိုင်ကြားခဲ့သည့် တိုင်ကြားစာများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၃

(ဋ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေ ပြဋ္ဌာန်းပုံနှိပ်စာအုပ်များကို ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ် ထုတ်ဝေပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၅

(ဌ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်တွင် ဆည်မည်မျှရှိပြီး၊ ရေပေးဝေနိုင်သည့်ဧက၊ ရရှိသည့် အခွန်အခ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့်ဆည်နှင့်ရရှိသည့်အခွန်အခများကို စီမံဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၈

(၂) **"ရှမ်းပြည်နယ်တွင် ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ အာဏာသက်ရောက်ခြင်း ရှိ/ မရှိနှင့်ပညာပေးဟောပြောပွဲများကို မည်သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၁

(၃) **"ရှမ်းပြည်နယ်အတွင်း ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်၌ ပညာသင်ကြားနေသော မသန်စွမ်း ကျောင်းသူ/ ကျောင်းသားများအား ငွေကြေးထောက်ပံ့ခြင်းကို စီမံဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၂

(ဍ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၅၄

(၁၀) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါကယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၅၆

(၁၁) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၅၇

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၅၇

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၅၈

(ခ) (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၅၉

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၀

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၀

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၈၀

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၈၂

(က) ဦးစိုင်းထွန်းညာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့၊ တော့ဆန်- မင်းကုန်းလမ်းအရှည် (၆)မိုင်ခန့်အား ကျောက်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၈၂

(ခ) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအဆောက်အအုံ၊ ပရိဘောဂ၊ သင်ထောက်ကူ ပစ္စည်းများနှင့် ဆရာ/ ဆရာမများ လိုအပ်နေသည့် ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၄

(ဂ) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များတွင် ၂၀၁၆ခုနှစ်မှ ယနေ့အထိ ဂျုံ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အခြားသီးနှံများ စိုက်ပျိုးထွက်ရှိမှု၊ ထွက်ကုန်များကို စီမံဆောင်ရွက်နေမှုနှင့် အခွန်ငွေရရှိမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၈

(၂) **"ပြည်တွင်းနှင့် နိုင်ငံခြားသားခရီးသွားများ ဟဲဟိုးလေဆိပ်မှပင်းတယနှင့် ဘော်ဆိုင်းမြို့များသို့ အချိန်တို အတွင်း သွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းသို့မဟုတ် ကတ္တရာလမ်း ပြုလုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၂

(ဃ) တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်းထွန်းအောင်၏ **"ကျိုင်းတုံမြို့နယ်၊ မိုင်းလန်းကျေးရွာအုပ်စု၊အခြေခံပညာမူလတန်း(လွန်)ကျောင်း(ဝမ်ငုတ်)တွင် စာသင်ခုံများ၊ အိမ်သာနှင့် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေးအတွက်စီမံဆောင်ရွက်ပေးမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၄

(င) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားဖြစ်နေသည့် မြေအသုံးချမှုပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် မြေယာဘဏ် (Land Bank) အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၆

(စ) ဦးစစ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာနှင့် ဘော်ဆိုင်းလမ်းမကြီးအထိ ဒေသကုန်ထုတ်လမ်း (၃)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၁

(ဆ) ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်အတွင်းရှိ တရားမဝင် ဝင်ရောက်နေထိုင်နေသည့် တရုတ်နိုင်ငံသားများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၅

(၂) **"ပြည်နယ်အတွင်း လောင်းကစားဝိုင်းများ လျော့နည်းပပျောက်စေရေးအတွက် မြို့နယ်များအလိုက် လောင်းကစားဝိုင်းများ ဖွင့်လှစ်လျက်ရှိသူများကို အမြန်ဆုံးအရေးယူပေးရန် အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၆

(၉) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများနှင့်ပတ်သက်၍ လုပ်ငန်းစီမံကိန်းများလျာထားခြင်း၊ ခွင့်ပြုပေးခြင်းနှင့် မည်သို့ဆောင်ရွက်နေသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၀

(၈၂) တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းထွန်း၏ **"တောင်ကြီး- မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီးနှင့် တောင်ကြီး- အေးသာယာစက်မှုဇုန်သွား လမ်းဆုံတွင် သုံးဖက်မြင်မီးပွိုင့်(၁)ခု (သို့မဟုတ်) လမ်းအမှတ်အသားများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၃

(၁၁) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းဆတ်မြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး လမ်းထောင့်မှအမှတ်(၁) အထက်တန်းကျောင်း လမ်းဆုံထိနှင့်စျေးအနောက်ဘက်မိုင်းဆတ်တောင်တန်း ကားဂိတ်မှ လေယာဉ်ကွင်းထိ လမ်းသွယ်နှစ်ခုအား ကျောက်ချောလမ်း/ ကွန်ကရစ်လမ်း/ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၅

(၄) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနယ်မြေနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးနယ်မြေများ၏ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ နတလရန်ပုံငွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေး နယ်မြေကဲ့သို့ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၈

ဆ

(၆) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၂၂

(၇) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၂၉

(၈) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၃၆

(၉) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၃၈

(၁၀) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။(သို့မဟုတ်)အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၄၀

(၁၁) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၄၁

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၆၃

(ဂ) (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၆၄

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၆၅

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၁၆၅

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၆၅

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၆၇

(က) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စု၊ မိုင်းယုကျေးရွာနှင့် မန်နိမ်းအွန် ကျေးရွာအုပ်စု၊ မန်နိမ်းအွန်ကျေးရွာ ချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်း ပြုလုပ်ပေးရန်၊ (၁၀)ပေတံတား(၁)ခုနှင့် Box Culvert (၁၀)ခုကို မည်သည့် ဘဏ္ဍာရေးနှစ်တွင်ပြုလုပ်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၈

(ခ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်တွင် အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ရန် မည်သို့ကြိုတင်စီမံဆောင်ရွက်နေသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၉

(၂) **"၂၀၁၉ ခုနှစ်၌ ရှမ်းပြည်နယ်အတွင်းတွင် ရာသီတုပ်ကွေး မည်မျှဖြစ်ခဲ့ပြီး သေဆုံးသူမည်မျှရှိကြောင်းနှင့် ပညာပေး အစီအစဉ်များ စီမံဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၇၂

(၈) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၁၇၅
"နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း လိုအပ်ချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များက ကွင်းဆင်းစိစစ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၉) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၁၇၈
"မိုင်းဆတ်မြို့နယ်၌ နိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်း စာချုပ်ပါ စည်းကမ်းများ ဖောက်ဖျက်နေသည့် လွယ်ဆမ်ဆုံကုမ္ပဏီ လိမိတက်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၁၀) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၁၈၃
"ကျိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကိုင်၊ နမ့်ခတ်၊ မိုင်းငွန်း၊ တာလုတာလေ၊ ပန်မတ်၊ ဝမ်တာပင်း၊ နောင်တောင်း၊ မိုင်းနော့ဖာတ၊ နမ့်အင်းနှင့် မိုင်းလပ်ကျေးရွာအုပ်စုရှိ စုစုပေါင်းကျေးရွာ(၁၀၃)ရွာတွင် တယ်လီဖုန်းနှင့် Internet အသုံးပြုနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သို့ စီမံဆောင်ရွက်ထားသည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၁၁) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မိုးမိတ်မြို့၏ အရှေ့ဘက်(၂)မိုင်ခန့်တွင် တည်ဆောက် ထားသော ခရိုင်ရုံးအဆောက်အဦများနှင့် ခရိုင်မြို့သစ် စီမံကိန်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၅

(၂) **"လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်စဉ်များ မဖြစ်ပေါ် စေရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် ပြည်သူလူထုများ သိရှိစေရန်အတွက် စီမံဆောင်ရွက် ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၇

(၁၂) ဦးစင်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံ ကိန်းအား နောက်ဆုံး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာငွေ ရရှိမှုနှင့် မည်သည့်အချိန်ကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)မဟာဓာတ်အား လိုင်းနှင့် ချိတ်ဆက်အသုံးပြုနိုင်မည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၀

ည

(၈) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်မဲမြို့နယ်ရှိ တင်ဒါအောင်မြင်ထားသော Green Hope Company မှ ပုဂ္ဂလိကအမှိုက်သိမ်းစနစ် ဆောင်ရွက်ရန် ပြည်နယ်အစိုးရသို့ တင်ပြထားခြင်းအား ဆောလျင်စွာ ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၄

(၈၂) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"သိန္နီမြို့အထွက် Oriental Highway Company Toll Gate အနီးတွင် အချိန်ပြည့်ရှိနေသည့် ပြည်နယ်၊ ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ဝင်နှင့် စစစ၊ CID အဖွဲ့များ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၆

(ည) ဦးစိုင်းလင်းမြတ်၊ မိုင်းရှုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပင်လုံမြို့ရှိ သမိုင်းဝင်ပင်လုံကတိကဝတ်စာချုပ် ချုပ်ဆိုရာ နေရာ အထိမ်းအမှတ် ကျောက်တိုင်ပေါ်တွင် ကမ္ဘည်းမော်ကွန်းရေးထိုးထားမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၀

(၂) **"မိုင်းရှုးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး(CSR) လက်ကျန်ရန်ပုံငွေဖြင့် လုပ်ငန်းငယ်များ ဆောင်ရွက်ရန် တင်ပြတောင်းခံမှုအား ချထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၄

(၆) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းစျေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန်တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၀၈

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၁၇

(၈) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၂၀

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် မြေယာခွန်ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၂၆၅

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၆၆

(ဃ) (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၆၇

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၆၈

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကြေညာခြင်း။ ၂၆၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၆၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၇၀

(က) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ကျိုင်းတုံမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သစ်တစ်ပင်တောင်ကုန်းအတက် ကတ္တရာလမ်းအား နိုင်လွန်ကတ္တရာ(AC)လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇၀

(ခ) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ **"၂၀၁၇- ၂၀၁၈ ပညာသင်နှစ်၊ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်၌ တိုင်းရင်းသားဘာသာ စာပေသင်ကြားသော ဆရာများ၏ ထောက်ပံ့ကြေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇၃

(ဂ) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ဝမ်တောင်းကျေးရွာအတွက် ကုန်းမြင့်လယ်ယာ (၉၅)ကော ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇၇

(ဃ) တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးလွှမ်းမိုးအောင်၏ **"ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ (၁၁)မိုင်ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများမရှိ၍ ဆက်သွယ်ရေး တာဝါတိုင်တစ်ခုအား အစိုးရအစီအစဉ်ဖြင့် စိုက်ထူဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇၈

(c) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၂၀ ပြည့်နှစ်၊ နွေရာသီကာလ၌ ရှမ်းပြည်နယ်အတွင်းရှိ မြို့များတွင် လျှပ်စစ်ဓာတ်အား အချိန်မှန်မှန်ရရှိရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၀

(စ) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းရှားမြို့နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအဆောက်အအုံသစ်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၃

(ဆ) တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်ပိုင်ထွန်း၏ **"ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများစားသုံးဆီကို ကျန်းမာရေးနှင့် ညီညွတ်ပြီး လုံခြုံစိတ်ချဘေးကင်းစွာ စားသုံးနိုင်ရေးနှင့်ယုံကြည်မှု ပိုမိုမြင့်တက်လာနိုင်ရေး စီမံဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၅

(ဇ) ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းတုံမြို့နယ်၊ နားကောင်းမှူးကျေးရွာပတ်ဝန်းကျင်နှင့် တာချီလိတ်မြို့အတွင်းရှိ ကာရာအိုကေဆိုင်များအား တရားဝင်ဖွင့်လှစ်ခွင့်ပြုထားခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၉၀

(စျ) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ရုံးများတွင်မီတာရက်လွန်ကြေးကောက်ခံနေသည့်ကိစ္စ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၉၃

(ည) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လားရှိုးမြို့နယ်ရှိ စိုင်းအောင်ဘုန်းမြတ် ကုမ္ပဏီနှင့် တန့်ယန်းမြို့နယ်ရှိ ရတနာရှမ်းမြေကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၉၅

(ဖ) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၀၀

(ဂ) ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၂၂၄

(စ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၂၃၁

(ဇ) (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၃၂

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၃၃

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၃၃

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၃၃

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျိုင်းတုံ-မိုင်းခတ်- မိုင်းယန်း လမ်းမကြီးဖြစ်သော မိုင်းခတ်လမ်းအပိုင်း၌ မြို့အဝင်လမ်းနှင့် မိုင်းဟန်ကျေးရွာအဝင် တောင်တက်လမ်းအား ၁၂ ပေမှ ၁၈ ပေ ကတ္တရာအဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၅

(ခ) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားသောဒေသရှိ ပြည်သူများ၏ အိမ်ခြံမြေနှင့်မြေယာများ ဥပဒေနှင့်အညီ အသုံးပြုပိုင်ဆိုင်နိုင်ခွင့်ရရှိနိုင်ရန်နှင့် နိုင်ငံတော်မှပေးအပ်သော ဝန်ဆောင်မှု၏ အကျိုးကို ပြည်သူများမှ အပြည့်အဝခံစားခွင့်ရရှိနိုင်ရန် မည်သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၃၈

(ဂ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားခြင်း၊ မြေငှားဂရန် ထုတ်ပေးခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးရန်အဆိုအပေါ် လုပ်ငန်းစိစစ်ရေးအဖွဲ့၏ ဆောင်ရွက်ထားရှိမှု အခြေအနေ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄၁

(၂) **"၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများ၏ လုပ်ငန်းများကို ပြည်နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအနေဖြင့် စံနှုန်းသတ်မှတ်ထားရှိမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄၅

(ဃ) တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးရန်နိုင်၏ **"ကလောမြို့ရှိ ရေအေးကန်ဆည်၏ ကန်ပေါင်မြှင့်တင်ခြင်း၊ နုန်းမြေများဆယ်တင်ခြင်းနှင့်ရေပိုမိုသိုလှောင်နိုင်ရေးအစီအမံများ ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄၉

(င) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တွင် ဗေဒါများ၊ ဒိုက်များ၊ ကျွန်းမျောဟောင်းများ ပိတ်ဆို့နေသဖြင့် ဗေဒါဆယ်ယူသည့် လုပ်ငန်းဆောင်ရွက်ခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅၂

(စ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ဆန်မြို့နယ်၊ နမ့်ဆန်- ကျောက်ဖြူလမ်းပေါ်ရှိ အရှည် (၄၀×၂၀)ပေရှိ သံကူကွန်ကရစ်တံတားဟောင်း၏ ရေလည်တိုင်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅၇

(ဆ) တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးသူထွန်း၏ **"နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆရာ/ ဆရာမ အင်အား လိုအပ်ချက်အား စီစဉ်ပေးနိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၅၉

(ဇ) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာမှ ဟွေနားကျေးရွာသွားလမ်း(၁)မိုင်အား မြေသား လမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၃၆၁

(စျ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"တောင်ကြီးမြို့တွင် မိုးသည်းထန်သည့်အခါ ရေကြီးရေလျှံမှုများဖြစ်နေ၍ နောင်နှစ်များတွင် မဖြစ်စေရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ရေကြီးရေလျှံခြင်းကြောင့် အသက်ဆုံးရှုံးခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၃၆၂

(၂) **"ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲ၊ အမှုဆောင်အဖွဲ့နှင့် အသင်းခွဲငယ်များ ဖွဲ့စည်းထားမှုနှင့် ပညာပေးဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၆၆

(ည) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စု၊ အုံလွိုင်ယဲကျေးရွာအဝင် သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၆၇

(ဋ) ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းဖြတ်မြို့၊ ဝမ်ပုံကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာအထက်နားရှိ နမ့်လုံချောင်း၌ ရေလွှဲဆည် တည်ဆောက်ပေးပြီး ရေသွယ်မြောင်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၇၀

တ

(၆) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၃၇၂

(၇) ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၃၇၈

(၈) ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၃၈၆

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၃၉၁

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။ ၃၉၃

– ဆုံးဖြတ်ချက်များ ၃၉၅

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(ပထမနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၆ ရက်

[တနလင်္ဂနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၉.၂၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏

ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆- ၁၂- ၂၀၁၉ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးအာဗေလ၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၄) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးမောင်ညီ၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၅)ရက်။

(၆) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၇) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၅)ရက်။

(၈) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၁၀) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂)ရက်။

(၁၁) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၂) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

(၁၃) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၅)ရက်။

(၁၄) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၁၅) ဗိုလ်မှူးအောင်မျိုးမင်း၊တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ အစည်းအဝေး(ပထမနေ့)သို့ တက်ရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ လွှတ်တော်ကိုယ်စားများအနေနဲ့ အစည်းအဝေးရပ်နားချိန်ကာလအတွင်း မိမိတို့ မဲဆန္ဒနယ်အသီးသီးသို့ ကွင်းဆင်းဆောင်ရွက်ရာမှာ မိမိတို့ဒေသရှိ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမယ့် တွေ့ရှိချက်နှင့် လိုအပ်ချက်များကို ဒီလွှတ်တော်အစည်းအဝေးကြီးမှာ မေးခွန်းများနဲ့ အဆိုများအဖြစ် မေးမြန်းဆွေးနွေးကြပြီး ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒကို လွှတ်တော်ရဲ့ ဆန္ဒအဖြစ် ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဒီလွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၃၇)ဦးတို့က ဒီလ(၅)ရက်အထိ ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း **၆၈** ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ လျာထားပါတယ်။ အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် **(၃)** ဦးတို့ ဒီလ **(၁)** ရက်နေ့အထိ ပေးပို့ထားတဲ့ အဆို **၃** ခုကို အသင့်ဖြစ်ပါက ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းနဲ့ အဆိုများတင်သွင်းခြင်းကဏ္ဍမှာ ပြည်သူများ၏ အကျိုးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ဦးတည်ရမှာ ဖြစ်သလို၊ အစိုးရအဖွဲ့အနေနဲ့လည်း ပြည်သူတို့ကို ဗဟိုပြုသော၊ ပြည်သူကိုတာဝန်ခံသော ဖြေကြားချက်မျိုး ဖြေကြားနိုင်ကြပြီး ဒီမိုကရေစီကျင့်စဉ်ကို မှန်ကန်စွာ ကျင့်သုံးနိုင်ကြပါစေလို့ ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒသမ ပုံမှန်အစည်းအဝေးမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့တဲ့ ဥပဒေ(မူကြမ်း) ၅ ခုအနက် ဥပဒေ(မူကြမ်း) ၄ ခုကို ဒီ (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူဖို့ ရှိပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး နည်းဥပဒေ ၁၄၄ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းပြီးနောက် ယင်းဥပဒေကြမ်းအပေါ် ပြင်ဆင်ဖြည့်စွက်ရန်ရှိပါက လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ရုံးသို့ တစ်လ အတွင်း အကြံပြုချက်များ ပေးပို့ကြရန် ကြေညာခဲ့သလို အကြံပြုချက်များပေးပို့တဲ့ ကိုယ်စားလှယ်များလည်းရှိပါတယ်။ ကိုယ်စားလှယ်များပေးပို့တဲ့ အကြံပြုချက်များ အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဆက်စပ်ဌာနများရဲ့ အကြံပြုချက်များအားလုံးကို စုစည်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီက အစည်းအဝေးမှာ စုံစုံညီညီ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။

ယခုအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက ဥပဒေကြမ်းတစ်ခုချင်းအလိုက် အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော တစ်ပိုဒ်ချင်းစီကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူရဖို့ ရှိပါတယ်။ ဒီနေရာမှာ ကန့်လန့်ဖြတ်ဇယားပါ စာတိုင်နှစ်ခုနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းပြောကြားလိုပါတယ်။ ကန့်လန့်ဖြတ်ဇယားပါ စာတိုင်နှစ်ခုကို ရှင်းလင်းပြောကြားရမယ်ဆိုရင် ပထမစာတိုင်မှာ ဥပဒေရေးဆွဲသည့် ကိုယ်စားလှယ်၏ မူလအဆိုပြုချက်စာတိုင်ဖြစ်ပြီး ဒုတိယစာတိုင်မှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ရန် အကြံပြုချက် စာတိုင်ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ဆန္ဒခံယူတဲ့အခါမှာ ကိုယ်စားလှယ်များအနေနဲ့ ဒီစာတိုင်နှစ်ခုထဲက တစ်ခုခုကိုသာ သဘောတူကြရမှာ ဖြစ်ပါတယ်။ တစ်လအတွင်း အကြံပြုချက်များ ပေးပို့ကြရန် ကြေညာခဲ့စဉ်က ပေးပို့ခြင်းမရှိဘဲ ယခုအချိန်ကျမှ စာတိုင်မှာပါရှိတဲ့ အချက်တစ်ခုခုကို မိမိသဘောဖြင့် နှုတ်ပယ်၍သော်လည်းကောင်း၊ ပြောင်းလဲ၍သော်လည်းကောင်း သို့မဟုတ် ဖြည့်စွက်၍သော်လည်းကောင်း မတင်ပြကြဖို့ သတိပြုစေလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဒသမပုံမှန်အစည်းအဝေးမှာ အတည်ပြု ပြဋ္ဌာန်းခဲ့တဲ့ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း

ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၂ အရ ပြင်ဆင်ချက်အဆိုကို တင်သွင်းမှာဖြစ်သလို ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ (မူကြမ်း)ကိုလည်းပဲ ထပ်မံတင်သွင်းဖို့ ရှိပါတယ်။ လွှတ်တော်အစည်းအဝေးမှာ တင်ပြဖို့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် ရှမ်းပြည်နယ် လွှတ်တော်ရေးရာကော်မတီအချို့တို့က မိမိတို့ရေးရာကော်မတီအလိုက် အစီရင်ခံစာ တင်ပြ ကြမှာဖြစ်ပါတယ်။

ယခုအစည်းအဝေးမှာ ဥပဒေ(မူကြမ်း) ၄ ခုကို အချိန်ပေးပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီက လွှတ်တော်ကို အသေးစိတ်တင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေးတွေမှာ တင်သွင်းတာ ကြာမြင့်ပြီဖြစ်တဲ့ ယင်းဥပဒေ(မူကြမ်း)များကို ယခု အစည်းအဝေးမှာ အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက စိတ်ရှည်ရှည် ထားပြီး ဝိုင်းဝန်းဆောင်ရွက်ပေးကြပါလို့ ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်တာဝန်များကို ထမ်းဆောင်လာ ခဲ့သည်မှာ ၄ နှစ်သက်တမ်း ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တာဝန်နှင့် ဝတ္တရားဆိုသော စကားကို ခွဲခြားဖော်ပြလိုပါတယ်။ အချိန်ရှိသမျှ ဆောင်ရွက်လုပ်ကိုင်ရမည့် သဘောအရာမှာ ဝတ္တရားဖြစ်ပြီး၊ ရံဖန်ရံခါမှ ပေါ်ပေါက်လာ၍ မလုပ်လျှင် မဖြစ်မြောက်အောင် အရေးကြီးသော အရာမှာ တာဝန်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ လေ့လာမှတ်သားမိပါတယ်။ တာဝန်ဟာ ဝတ္တရားထက်ပို၍ အရေးကြီးပြီး၊ ဝတ္တရားပျက်ကွက်သောသူဟာ တစ်ဦး တစ်ယောက်နဲ့ ၎င်းအတွက် အနည်းငယ်မျှသာ နစ်နာပြီးတော့မှ တာဝန်ပျက်ကွက်မယ် ဆိုလို့ရှိရင် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးပါ ထိခိုက်နစ်နာစေနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်တာဝန်များကို ကျေပွန်စွာထမ်းဆောင် နိုင်ကြပါစေ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းများဖြစ်ကြသည့် တိုင်းရင်းသား များအားလုံး အညီအညွတ် ပူးပေါင်းလက်တွဲလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်လာခဲ့သည်မှာ ၃ နှစ်တာ ကာလ ကျော်လွန်ခဲ့ပြီဖြစ်ပြီး ၂၀၁၈- ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အား တင်ပြအစီရင်ခံလိုပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူ များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ ပြည်နယ်ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းချက်ထား၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိသော ပြည်နယ် ကြီးတစ်ခုဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄ ခု ၊ ခရိုင် ၁၂ ခရိုင်၊ မြို့နယ် ၅၅ မြို့နယ်၊ မြို့ ၈၇ မြို့တို့ဖြစ်ပြီး လူဦးရေပေါင်း ၅၄ သိန်းကျော်ခန့် မှီတင်းနေထိုင်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် လူနေထိုင်မှုဖွံ့ဖြိုးတိုးတက် လာသည်နှင့်အမျှ မြို့/ ရပ်ကွက်/ ကျေးရွာအုပ်စု/ ကျေးရွာများ တိုးချဲ့/ ပြင်ဆင်ဆောင်ရွက် လျက်ရှိရာမှာ ရပ်စောက်မြို့နယ်အတွင်းရှိ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့ အဖြစ်လည်းကောင်း၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စုအား ဘန့်ဘွေးမြို့အဖြစ် လည်းကောင်း၊ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စုအား မြို့ကြီးမြို့အဖြစ်လည်းကောင်း၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအုပ်စုအား နန်းပန်မြို့အဖြစ်လည်းကောင်း တိုးချဲ့ဖွဲ့စည်း နိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ ထောက်ခံတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း နယ်မြေရဲစခန်း ၆၆ ခု၊ နယ်မြေရဲကင်းစခန်း ၁၆ ခု၊ လုံခြုံရေး ကင်း ၁၇၀ ခုတို့အား ဖွင့်လှစ်ထားရှိပြီး လုံခြုံရေး၊ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး ၂၄၀၈ မှု၊ ရဲအရေးပိုင်မှု ၂၃၅ မှု၊ မော်တော်ယာဉ်မှု ၄၉၀၀ မှုတို့ကို အရေးယူဆောင်ရွက်ခဲ့ပြီး မှုခင်းအသိပညာပေးခြင်း ၁၁၂၃

ကြိမ်၊ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောမှု **၉၅၀** ကြိမ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှု **၃၅၀** ကြိမ်နှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုအနေဖြင့် ဘိန်းဖြူ **၄၁၃** ကီလို၊ ဘိန်းဆီခဲ **၂၉** ကီလို၊ ဘိန်းစိမ်း **၉၈၅** ကီလို၊ အိုက်စ် **၄၁၆၈** ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း **၅၂၀** ခန့်နှင့် စိတ်ကြွဆေးမှုန့် **၆၇၁** ကီလိုကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တွင် **၂၀၁၈–၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင် သစ်(ကျွန်း/သစ်မာ / အခြား) စုစုပေါင်းတန် (၅၀၀၀)ကျော် ဖမ်းဆီးနိုင်ခဲ့ပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့နယ်(၈)ခုတွင် နယ်မြေမီးသတ်စခန်းအဆောက်အဦ **၁၆** ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး မီးသတ်ယာဉ်၊ ရာဖွေကယ်ဆယ်ရေးပစ္စည်းနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို စုစုပေါင်း ရန်ပုံငွေ **၄.၈** ဘီလီယံကျော် ဖြည့်ဆည်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)သည် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် **၆,၁၈၅.၄** ဘီလီယံ ခန့်ရရှိရန် ရည်မှန်းထားရာ အောက်တိုဘာလမှ စက်တင်ဘာလအထိ (ယာယီ) ကျပ် **၆,၀၉၆.၄** ဘီလီယံ ရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက်အပေါ် **၉၈.၆** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **၉.၉** ရာခိုင်နှုန်းပြောင်းလဲဖြစ်ပေါ်ခဲ့ပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)သည် ပုံမှန်ဈေးနှုန်းများအရ ကျပ် **၅,၂၁၆.၂** ဘီလီယံ ရရှိရန်ရည်မှန်းထားရာ အောက်တိုဘာလမှ စက်တင်ဘာလအထိ ယာယီစာရင်းများအရ ကျပ် **၅,၁၉၇.၃** ဘီလီယံ ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် **၉၉.၆** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **၄.၃** ရာခိုင်နှုန်းတိုးတက်ခဲ့တယ်လို့ အစီရင်ခံတင်ပြတာ ဖြစ်ပါတယ်ခင်ဗျား။

ကုန်သွယ်ရေးကဏ္ဍတွင် **၂၀၁၈–၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ **၄.၉** ဘီလီယံကျော်၊ ချင်းရွှေဟော်စခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ **၅၀၇** သန်းနှင့် တာချီလိတ် စခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ **၈၃** သန်းတို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ (၃၃၄)လုံး ရှိခဲ့ရာမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၃၆၈)လုံးရှိလာခဲ့တဲ့အတွက် ဟိုတယ် နှင့် တည်းခိုရိပ်သာပေါင်း (၃၄)လုံး တိုးတက်လာပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးအတွက် ဖယ်ခုံမြို့နယ်၊ လွယ်ပေါကျေးရွာအုပ်စု၊ လွယ်ပန်းစုံကျေးရွာတွင် ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်း **Community Based Tourism** ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ **၂၀၁၈-၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီနှင့် လုပ်ငန်းရှင်/ကုမ္ပဏီတို့အကြား MoU လက်မှတ်ရေးထိုးပြီး ဆောင်ရွက် လျက်ရှိသည့် စီမံကိန်းလုပ်ငန်း(၇)ခု၊ MoA လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း(၂)ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်မှာ **၂၀၁၈-၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများဖြစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည် နည်းပညာသင်တန်း၊ လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ ဂဟေဆက် သင်တန်း၊ အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း၊ အခြေခံစက်ချုပ်သင်တန်းနှင့် တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းတို့ကို အကြိမ်ရေ (၅၁)ကြိမ်ကို သင်တန်းသားဦးရေ (၁၀၃၇) ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ စပါးစိုက်ပျိုးဧက(၁၂)သိန်းကျော်စိုက်ပျိုးခဲ့ပြီး ဧက(၃)သိန်းကျော် ရိတ်သိမ်းနိုင်ခဲ့ရာ စပါးတင်း ရေ (၂၂၉)သိန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။

စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးနိုင်မှုအနေနဲ့ ဆောင်းချေးငွေကို တောင်သူ **၁၀၀၉** ဦးအား ငွေကျပ် **၆၅၈** သန်း ၊ မိုးကြိုချေးငွေကို တောင်သူဦးရေ **၈၅၇၀** ဦးအား ငွေကျပ် **၄** ဘီလီယံကျော်၊ မိုးချေးငွေကို တောင်သူဦးရေ **၃၁၉၅၀** ဦးအား ငွေကျပ် **၂၂.၅** ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ JICA Two Step Loan ထုတ်ချေးငွေအနေဖြင့် တောင်သူဦးရေ **၁၇၅** ဦးအား လယ်ယာသုံးစက်ကိရိယာပစ္စည်း **၁၇၅** ခု ၊ ချေးငွေကျပ် **၇.၅** ဘီလီယံကျော်၊ MEB (TSL)ထုတ်ချေးငွေဖြင့် တောင်သူ ဦးရေ **၂၈၂၅** ဦးကို ချေးငွေကျပ် **၁.၆** ဘီလီယံကျော် တို့ကို ထုတ်ချေးပေးခဲ့ပြီး တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်၊ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်း တို့ကြောင့် သီးနှံများပျက်စီးခဲ့၍ ပျက်စီးဧက ၂၈၅၆ ဧကအတွက် ငွေကျပ် ၄၃.၄ သန်းနှင့် ပိုးမွှားကျရောက်မှုကြောင့် ပျက်စီးဧက ၅၃၄ ဧကအတွက် ၅၃.၄ သန်းကို အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်၏ ဆည်မြောင်းကဏ္ဍမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေ သာမန်အသုံးစရိတ်ဖြင့် လုပ်ငန်းပေါင်း ၇၁ ခု၊ ရန်ပုံငွေ ၃.၁ ဘီလီယံ ကျော်ဖြင့်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လုပ်ငန်းပေါင်း ၃၄ ခုအတွက် ရန်ပုံငွေ ၄.၁ ဘီလီယံကျော်ဖြင့်လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအနေဖြင့် ပြည်ထောင်စု ငွေလုံးငွေရင်း/သာမန်ရန်ပုံငွေဖြင့် လုပ်ငန်း ၁၉ ခု၊ ငွေကျပ် ၉၉ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်နယ်ငွေလုံးငွေရင်း/ သာမန်ရန်ပုံငွေဖြင့် လုပ်ငန်း ၅၅ ခု၊ ငွေကျပ် ၁၃၂၉ သန်းဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း တင်ပြ အစီရင်ခံပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် ရေပေးရေးလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေ ကျပ် ၂ ဘီလီယံကျော်ဖြင့်လည်းကောင်း၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ(NEP)လုပ်ငန်း များကို ငွေကျပ် ၁၇.၆ ဘီလီယံကျော်ဖြင့်လည်းကောင်း၊ ကျေးလက်ကုန်ထုတ်လမ်း ၅၁ မိုင် ၅ ဖာလုံကို ငွေကျပ် ၁ ဘီလီယံကျော်ဖြင့်လည်းကောင်း၊ ကျေးလက်ကုန်ထုတ် တံတား ၆၆ စင်းကို ငွေကျပ် ၃၉၀ သန်းဖြင့်လည်းကောင်း၊ KFW အထောက်အပံ့ဖြင့် ဆိုလာမီးလင်းရေး လုပ်ငန်းကို မြို့နယ် ၁၉ ခုတွင် ဆိုလာ ၂၃၈၄ လုံးကိုလည်းကောင်း၊ လူထုဗဟိုပြု စီမံကိန်းကို မြို့နယ် ၄ ခုတွင် ငွေကျပ် ၃.၇ ဘီလီယံကျော်ဖြင့်လည်းကောင်း၊ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ငွေကျပ် ၆.၄ ဘီလီယံကျော်ဖြင့်လည်းကောင်း လုပ်ငန်း များအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စက်မှုလယ်ယာကဏ္ဍအနေဖြင့် ကျေးလက်နေ ပြည်သူတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် စနစ်ကျလယ်ယာမြေဧရိယာ ၄၅၀ ဧကကို ဖော်ထုတ်ဆောင်ရွက်ခဲ့သည့်အပြင် ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းကို လည်း ငွေကျပ် ၁၉၉ သန်းဖြင့် ရပ်စောက်မြို့နယ်၊ ၄က်ပျောဂနိုင်ကျေးရွာနှင့် ဖယ်ခုံမြို့နယ် ဆီဘူး၊ ကဖု၊ သာအောင်၊ ခွီးတလုတ်ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။ ထွန်ယက်ရေးလုပ်ငန်းအနေဖြင့် မြေဧရိယာ ၆၁၅၆၂ ဧက၊ ရိတ်သိမ်းခြွေ

လှေ့သည့် ဧရိယာ ၇၂၆ ဧက ဆောင်ရွက်နိုင်ခဲ့ပြီး လယ်ယာသုံးစက်ကိရိယာ ထွန်စက်ကြီး ၆ စီး၊ လက်တွန်းထွန်စက် ၉၇၄ စီးရောင်းချပေးနိုင်ခဲ့ပါတယ်။

မွေးမြူရေးကဏ္ဍအနေဖြင့် ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၈ သန်းခန့်တန်ဖိုးရှိ မေထုန်မဲ့သားစပ်လုပ်ငန်း သုံးပစ္စည်းများကို ခရိုင်/ မြို့နယ်များသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

နယ်စပ်ဒေသလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်တံတား၊ Box Culvert နှင့် သာသနာရေးလုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်း ၁၅၁ ခုကို ငွေကျပ် ၂၂.၂ ဘီလီယံကျော်နဲ့ နယ်စပ်ဒေသလူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တွင် လမ်းများတည်ဆောက်ပေးနိုင်မှုအခြေအနေမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လမ်းဦးစီးဌာနမှ ပြည်ထောင်စု/ ပြည်နယ် စုစုပေါင်းရန်ပုံငွေ ကျပ် ၁၂၂,၀၉၆.၀၅၇ သန်းဖြင့် အဆင့်မြှင့်တင် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများဖြစ်သော ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း(၉ မိုင် ၀ ဖာလုံ)၊ ကတ္တရာလမ်းသစ်ခင်းခြင်း(၁၂၅ မိုင် ၄ ဖာလုံ)၊ ကွန်ကရစ်လမ်းခင်းခြင်း(၈ မိုင် ၃.၃၅ ဖာလုံ)၊ (၁၈× ၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၁၃၈ မိုင် ၂ ဖာလုံ)၊ ဒုအခြေခံလွှာ/ အခြေခံလွှာဖြင့် ချဲ့ခင်းခြင်း (၄ မိုင် ၁ ဖာလုံ)၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းနိမ့်မြင့် ဖြေညှို၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၁၃၄ မိုင် ၆ ဖာလုံ)၊ အမာခံလမ်း/ ကျောက်လမ်းခင်းခြင်း (၁၀၅ မိုင် ၅ ဖာလုံ)၊ ကျောက်တောင် မိုင်းခွဲလမ်းချဲ့ခြင်းနှင့် မြေသားတာဘောင်ချဲ့ခြင်း (၇၂ မိုင် ၂ ဖာလုံ)၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံ တည်ဆောက်ခြင်း(၆၅၁၁၁)ပေ၊ (၁၈၀)ပေနှင့်အထက် တံတားအပါအဝင် သံကူကွန်ကရစ်တံတားနှင့် **Box Culvert** (၃၁၆)စင်း တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ၁၈၀ ပေအထက် တံတားကြီးများအနေဖြင့် တာကော်တံတား ၁၁၅၀ ပေ၊ မိုင်းရှူးတံတား ၄၂၆ ပေ၊ ပွန်ချောင်း တံတား ၁၉၀ ပေ၊ နမ္မတူမြို့တွင်း တံတား ၂၈၀ ပေ၊ နမ့်ဝမ်း(၂) တံတား ၂၂၀ ပေ၊ တာဆန်းတံတား ၈၇၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

B.O.T စနစ်ဖြင့် လမ်း/တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီတို့မှ ကတ္တရာကွန်ကရစ် (AC) လမ်းခင်းခြင်း၊ ကျောက်တောင်မိုင်းခွဲလမ်းချဲ့ခြင်း၊ သံကူ

ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ တံတားခွဲခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ Guard Rail တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ် **၂.၆** ဘီလီယံကျော်ဖြင့် တောင်ကြီးတက္ကသိုလ်လမ်း ကတ္တရာကွန်ကရစ် AC လမ်းခင်းခြင်း၊ မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း AC ခင်းခြင်း၊ လွိုင်လင် - ပန်ကေတု- သီပေါလမ်း သံကူကွန်ကရစ် တံတားအသစ် ပြန်လည်တည်ဆောက်ခြင်း၊ အင်တော- ကျောက်ဂူ- တောင်ခမ်း- နောင်ချိုလမ်း **၁၈** ပေအကျယ် ကတ္တရာလမ်း ခွဲခြင်း ၊ တာဆန်း- မိုင်းတုံ- မိုင်းဆတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကျိုင်းတုံ- လေယာဉ်ကွင်းလမ်း ကတ္တရာ ကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ကျေးလက်လမ်းများကို **၂၀၁၈-၂၀၁၉** ခု ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်း၊ စုစုပေါင်း **၁၇၉** မိုင် ၁ ဖာလုံခန့်အား ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေကျပ် **၁၈.၃** ဘီလီယံကျော် ၊ ကွန်ကရစ်တံတား၊ Box Culvert ၊ ကြိုးတံတား စုစုပေါင်း **၁၀၈** စင်းအားပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေကျပ် **၂.၆** ဘီလီယံကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) အထောက်အပံ့(Phase –I) အနေဖြင့် တောင်ကြီးမြို့နယ်၊ တောင်နီ- တောင်လေးလုံး ကတ္တရာလမ်း၊ ရွာငံမြို့နယ် ၊ ရွာငံ- နွားဘန်းကြီးကတ္တရာလမ်း၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်- နမ့်ပေါ်လိတ်ကျောက်လမ်းခင်းခြင်း လုပ်ငန်းများကို အမေရိကန်ဒေါ်လာ **၄.၃** သန်းဖြင့်လည်းကောင်း၊(Phase–II &III) အနေဖြင့် တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ရပ်စောက်၊ ဟိုပုံးမြို့နယ်တို့တွင် ကျေးလက်လမ်းခင်းခြင်း လုပ်ငန်းများကို **၆၀.၅** ကီလိုမီတာအား ယူရိုငွေ **၇.၉** သန်းဖြင့်လည်းကောင်း၊ Phase–IV အနေဖြင့် ပင်လောင်းနှင့် လွိုင်လင်မြို့နယ်တို့တွင် ကတ္တရာခင်းခြင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ **၅၄.၄** ကီလိုမီတာကို ယူရို **၈.၃** သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနများမှ လမ်း/ တံတား/ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ **၂၀၁၈-၂၀၁၉** ခု ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် **၇.၂** ဘီလီယံကျော်ဖြင့် လမ်း **၅၆၅** လမ်းကိုလည်းကောင်း၊ ငွေကျပ် ၁ ဘီလီယံကျော်ဖြင့် တံတား **၂၉၄** စင်းကိုလည်းကောင်း၊ ငွေကျပ် ၁ ဘီလီယံကျော်ဖြင့် ရေပေးရေးလုပ်ငန်း **၁၆၃** ခုကို လည်းကောင်း၊ ငွေကျပ် **၇.၉**

ဘီလီယံကျော်ဖြင့် အခြားလုပ်ငန်း ၅၃၂ ခုကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်း ကတ္တရာလမ်းများ အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အရန်ကတ္တရာမှ ၇၄၈ တန် ထောက်ပံ့၍ ကတ္တရာလမ်း ၁၀၇ လမ်း၊ လမ်းအရှည် ၂၂ မိုင် ၃ ဖာလုံကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြို့တွင်းသန့်ရှင်းသပ်ရပ်သာယာလှပရေးဆောင်ရွက်နိုင်ရန် မြို့နယ် ၃၄ ခုအတွက် အမှိုက်သိမ်းယာဉ် ၈ စီး၊ ရေသယ်ယာဉ် ၂ စီး၊ မိလ္လာယာဉ် ၉ စီး၊ လမ်းကြိတ်စက် ၇ စီး၊ မြေတူးစက် ၇ စီး၊ သုံးဘီးဆိုင်ကယ် ၂ စီးကို ဝယ်ယူဖြည့်တင်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ကျပ် ၃.၇ ဘီလီယံကျော်ဖြင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် တောင်ကြီး၊ လားရှိုး၊ ဖယ်ခုံ၊ ပင်လုံ၊ ကျိုင်းလပ်၊ ညောင်ရွှေမြို့များတွင် ACလမ်းခင်းခြင်း၊ ကတ္တရာလမ်းတိုးချဲ့ခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ တံတားတိုးချဲ့ခြင်း၊ ရေပေးရေးလုပ်ငန်းနှင့် သဘာဝဘေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေး နိုင်ခဲ့ပါတယ်။

အေးသာယာမြို့ ခရီးသည်တင် အဝေးပြေးယာဉ် ရပ်နားစခန်းအား (PPP)စနစ်ဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်းကို တောင်ကြီးထိန်သာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် နှင့်လည်းကောင်း၊ ရွှေညောင်မြို့ ပုဂ္ဂလိက အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအား ဖိုးလမင်းမိုး ကုမ္ပဏီဖြင့်လည်းကောင်း စာချုပ်ချုပ်ဆို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

(JICA ODA LOAN)အဆင့်(၁)ဖြင့် တောင်ကြီး၊ ကလော၊ ဖယ်ခုံ၊ ပင်လောင်း၊ နောင်တရား၊ ရပ်စောက်၊ ရွာငံ၊ ပင်းတယစသည့် မြို့ (၈) မြို့၏ တိုးချဲ့ရေပေးရေးလုပ်ငန်း၊ အဆင့်(၂)ဖြင့် တောင်ကြီးနှင့် လားရှိုးမြို့တို့၏ မြို့တိုးချဲ့ ရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လူထု ပူးပေါင်းပါဝင်မှုဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ (၂)ကြိမ် ပျိုးပင်ပေါင်း ၁၁ သိန်းကျော် စိုက်ပျိုး နိုင်ခဲ့ပြီး လူထုသို့ ပျိုးပင် ၂.၂ သန်းကို ဖြန့်ဝေစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကျေးရွာ ၅၃ ရွာတွင် ဧကပေါင်း ၁၀၀၀၀ ကျော် ဆောင်ရွက် နိုင်ခဲ့ပါတယ်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းလုပ်ငန်းကို ဧက ၆၆၀ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို အခြေခံပညာကျောင်းများ၊ လုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာ ပြည်သူများနှင့် ဌာနဆိုင်ရာများကို **၁၆၉** ကြိမ် အသိပညာပေးဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သတ္တုကဏ္ဍအနေဖြင့် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ အသေးစားခွင့်ပြုမိန့် (၂၄) ခု၊ လက်လုပ်လက်စား ခွင့်ပြုမိန့် (၄၅)ခု၊ ဝယ်/ရောင်းခွင့်ပြုမိန့် (၂)ခု စုစုပေါင်း ခွင့်ပြုမိန့် (၇၁)ခုအား ထုတ်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍကို တင်ပြရလျှင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်စေရန် **၂၀၁၈-၂၀၁၉** ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် **၈.၅** ဘီလီယံကျော်နဲ့ **၆၆** ကေဗွီဓာတ်အားလိုင်း **၃** မိုင်၊ **၃၃** ကေဗွီ ဓာတ်အားလိုင်း **၇၆** မိုင်၊ **၆၆/၃၃**ကေဗွီခွဲရုံ(၁)ရုံ၊ **၆၆/ ၁၁** ကေဗွီခွဲရုံ(၅)ရုံနှင့် **၃၃/ ၁၁** ကေဗွီခွဲရုံ(၅)ရုံ တည်ဆောက်ပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် **၄၀.၆** ဘီလီယံကျော်နဲ့ **၃၃**ကေဗွီ ဓာတ်အားလိုင်း **၈.၆** မိုင်၊ ၂၂ ကေဗွီဓာတ်အားလိုင်း ၂ မိုင်၊ **၁၁** ကေဗွီဓာတ်အားလိုင်း **၃၂၀.၁** မိုင်၊ **၄၀၀** ဗို့ဓာတ်အားလိုင်း **၄၁၃.၁** မိုင်၊ **၃၃/၀.၄** ကေဗွီထရန်စဖော်မာ(**၆**)လုံး၊ **၁၁/၀.၄** ကေဗွီထရန်စဖော်မာ **၃၈၃** လုံး တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ရာ ကျေးရွာပေါင်း **၂၁၆** ရွာခန့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မည် ဖြစ်ပါတယ်။

ရေအားလျှပ်စစ်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသည် ယခုအခါ မြစ်ရေလွှဲခြင်းလုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ပင်မရေပိုလွှဲလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ရေထိန်းတံခါးပြွန်လုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ လုပ်ငန်း၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် **၂၀၁၈- ၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MoU လက်မှတ်ရေးထိုးပြီးသည့် လုပ်ငန်းပေါင်း (၃၂)ခုနှင့် MoA လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း (၁၀)ခုတို့အား စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများနေထိုင်မှု အဆင်ပြေစေရေးအတွက် ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ **၂၀၁၈-၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံမြို့ (၃)မြို့မှာ (၄) ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ (၁၁)လုံး တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်/ကောလိပ်များ၌ ဆရာ/ဆရာမ **၁၆၇၄** ဦးနှင့် ကျောင်းသား/ သူ **၂၁၅၃၈** ဦး ရှိပါတယ်။ ယခင်က အခြေခံပညာကျောင်းပေါင်း **၅၇၉၆** ကျောင်းရှိခဲ့ရာမှ **၂၀၁၈– ၂၀၁၉** ပညာသင်နှစ်တွင် **၆၂၃၆** ကျောင်းရှိလာတဲ့အတွက် ကျောင်းပေါင်း **၄၄၀** ကျောင်းကို တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် **၂၂** ဘီလီယံ ကျော်ဖြင့် စာသင်ကျောင်းပေါင်း **၅၀၃** ကျောင်းအား စာသင်ကျောင်းဆောင်သစ်များ အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ အခြေခံပညာကျောင်းများတိုးမြှင့် တည်ဆောက်ပေးခြင်း၊ ဆရာ/ ဆရာမများ တိုးမြှင့်ခန့်ထားပေးခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ ယခင်ထက်ပိုမိုရရှိလာပြီဖြစ်ကြောင်း အစီရင်ခံတင်ပြလိုပါတယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် **၂၀၁၈–၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း ဆေးရုံ၊ ကျန်းမာရေးဌာနပေါင်း (**၁၃၄၆**) ခု ဖွင့်လှစ်ကာ ဆရာဝန်၊ သူနာပြုနှင့်ကျန်းမာရေးဝန်ထမ်းပေါင်း (**၅၃၃၃**) ဦးမှ ဆေးကုသပေးလျက်ရှိပါတယ်။

၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကုသရေး/ ပြည်သူ့ကျန်းမာရေးဌာနရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲများအတွက် လိုအပ်သော ဆေးရုံသုံး ဆေးဝါးများကို ငွေကျပ် **၆.၁** ဘီလီယံကျော်ဖြင့် ဝယ်ယူကာ ပြည်သူလူထုအား ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ခွင့်ပြု ရန်ပုံငွေ **၆.၈** ဘီလီယံကျော်နှင့် ပြည်ထောင်စုရန်ပုံငွေကျပ် **၂.၃** ဘီလီယံကျော်တို့ဖြင့် တာချီလိတ်၊ ဟိုပန်၊ သီပေါ၊ နောင်ချို၊ မဘိမ်း၊ တန့်ယန်းတို့တွင် (၁၀၀×၃၀)ပေ ပွဲကြည့်စင် ဆောက်လုပ်ခြင်း၊ ဟိုပန်နှင့် လောက်ကိုင်တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်း၊ အခြေခံပညာအထက်တန်း/ အလယ်တန်းကျောင်း (**၃၀**)တို့တွင် အားကစားကွင်းများဖော်ထုတ်ပေးခြင်းနှင့် တောင်ကြီး၊ ဆီဆိုင်၊ ဟိုပန်၊ ကွမ်းလုံ၊ မိုင်းရယ်၊ သီပေါ၊ မဘိမ်း၊ မိုင်းဖြတ်မြို့နယ်များရှိ ကျေးရွာပေါင်း (**၁၃**)ရွာတွင် ကျေးရွာအားကစားကွင်းများ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ်လှုပ်ရှားမှုအနေဖြင့် မြို့နယ်ပေါင်း (၂၄)ခုတွင် မီနီမာရသွန်ပြိုင်ပွဲနှင့် စက်ဘီးစီးပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများတွင် (**၆၅၁**)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ကျောင်းသား/ ကျောင်းသူပေါင်း (**၅၂၅၇၄**)ဦးကို အသိပညာပေးနိုင်ခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အတွင်း လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့လာသည့်မြေယာကိစ္စ တိုင်ကြားစာ အမှုပေါင်း (၆၉၀)မှုအား ပြည်နယ်မြေ/ စစ်ကော်မတီမှ စိစစ်ဆောင်ရွက်ပြီး အမှုတွဲပေါင်း(၅၀၁)မှုကို ဗဟိုကော်မတီသို့ သဘောထားတင်ပြထားရှိပြီး ကျန်ရှိသည့်အမှုပေါင်း (၁၈၉)မှုကိုလည်း သက်ဆိုင်ရာမြေ/ စစ်ကော်မတီ အဆင့်ဆင့်မှ ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီလက်ထက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့်အမှုကိစ္စပေါင်း ၁၅၉ မှုတွင် မြေဧရိယာဧက ၃၀၀၀၀ ကျော်အား တောင်သူ ၂,၉၇၃ ဦးသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ကျန်မြေဧရိယာဧက ၁၀၀၀ ကျော်အား ပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေးမူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လာသည့် တိုင်ကြားစာ စုစုပေါင်း (၄၂၆)စောင် အနက် (၃၂၅)စောင်အား ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့်(၁၀၁)စောင်အား စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်းကိုလည်း အစီရင်ခံလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များအနေဖြင့် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)ကို အစိုးရ ကိုယ်စားလှယ် ၅ ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၅ ဦး၊ အရပ်သားကိုယ်စားလှယ် ၄ ဦး စုစုပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ (JMC-S) အစည်းအဝေးကို ၂၇-၁-၂၀၁၆ ရက်မှ ၁၄-၉-၂၀၁၈ ရက်အထိ လွိုင်လင်ခရိုင်၊ ခိုလမ်မြို့၌ (၁၇)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

JMC-S(ရှမ်း)၊ JMC-S အဖွဲ့ဝင်များနှင့် JMC-U မှ အဖွဲ့ဝင်များမှ JMC-S ၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်ဖက်တပ်ဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းဆိုင်ရာကိစ္စရပ်များ NCA/ CoC နှင့် တိုင်ကြားမှုဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းခဲ့ပြီး ပြည်သူလူထု၏ မေးမြန်းချက်များ၊ ဆွေးနွေးချက်များ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့ (၉)မြို့တို့တွင် ၁၆-၈-၂၀၁၇ ရက်မှ ၂၂-၉-၂၀၁၈ ရက်နေ့အထိ (၁၄)ကြိမ်အထိ ကျင်းပနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် KIA/ TNLA/ NMDAA/ AA လက်နက်ကိုင်ပူးပေါင်း အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှု ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်

လာသော ပြည်သူများအတွက် စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ငွေသားနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁.၂ ဘီလီယံကျော် ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မသန်စွမ်းသူ (၅၃၇၁) ဦးအား ငွေကျပ် ၁၆၁ သန်း ကျော်ကိုလည်းကောင်း၊ ဘိုးဘွားဦးရေစုစုပေါင်း (၁၈၂၅၃)ဦးအား ထောက်ပံ့ငွေကျပ် ၅၄၇ သန်းကျော်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တွင် သဘာဝဘေးအမျိုးမျိုး စုစုပေါင်း ၄၀၈ ကြိမ် ဖြစ်ပေါ်ခဲ့မှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကယ်ဆယ်ရေးပစ္စည်းနှင့် ရန်ပုံငွေစုစုပေါင်း ငွေကျပ် (၁) ဘီလီယံ ကျော်ထောက်ပံ့ပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ် ရေးပစ္စည်းနှင့် ထောက်ပံ့ငွေစုစုပေါင်း ၈၅၉ သန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အနေဖြင့် ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေရသည့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်း ကဏ္ဍသည် အလွန်ပင်အရေးကြီးလှပါတယ်။ လုပ်ငန်းခွင်အတွင်း လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန် လေ့ကျင့်ဆောင်ရွက် ပေးလျက်ရှိပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် ဝန်ထမ်းများအား အရေးယူ အပြစ် ပေးမှုများအနေဖြင့် ဝန်ထမ်း(၆)ဦးအား ရာထူးမှထုတ်ပယ်ခြင်း (Removal) ပြစ်ဒဏ်နှင့် ဝန်ထမ်း(၁)ဦး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismiss) ပြစ်ဒဏ်တို့အား ချမှတ်ခဲ့ပါတယ်။

ထို့အပြင် ၂၀၁၈ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင် ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများအား ၂၀၁၉ ခုနှစ်မှာ ကျင်းပပြုလုပ် သည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ လူမှုထူးချွန်ဆု၊ သာသနာရေး ထူးချွန်ဆုစသည့် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ် ချီးမြှင့်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ပိုမိုထိရောက် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်အတွင်း မြို့နယ်များအလိုက် ရွေ့လျား ဝန်ဆောင်မှု (Mobile Service Delivery)ကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှစ၍ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်မှုအား ခရိုင် ၄ ခရိုင်ရှိ မြို့နယ်များသို့ (၁၄) ကြိမ်ခန့် ကွင်းဆင်း

ဆောင်ရွက်ခဲ့သဖြင့် ပြည်သူ၊ ဝန်ထမ်း၊ လွှတ်တော်၊ အစိုးရအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာကာ ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အပံ့ကောင်းများ၊ နမူနာ ပုံစံများ၊ စံပြပုံစံများ ဖြစ်ပေါ်စေခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့နေဖြင့် အစိုးရသစ် တာဝန်ထမ်းဆောင်ခဲ့သည့် **၂၀၁၈-၂၀၁၉** တတိယတစ်နှစ်တာကာလ အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးခြင်း၊ မြို့ပေါ်ကျေးလက်မကျန် လမ်း/ တံတား တည်ဆောက်ပေးခြင်း၊ လျှပ်စစ်မာတ်အားရရှိစေရေးအတွက် မာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ ပါတယ်။ ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှု၊ ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြ အစီရင်ခံရင်း ကျွန်တော့်ရဲ့ အစီရင်ခံမှု နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ (ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးက မေးမြန်းထားသည့် မေးခွန်းများကိုသက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ နမ့်ဆီဝေါတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ မိုင်တိုင်အမှတ် ၂၃/ ၂- ၂၃/ ၃ တွင်တည်ရှိသော တံတားအမှတ် ၁/ ၂၄ နမ့်ဆီဝေါတံတားသည် အရှည် ၄၀ ပေရှိသော ၁၃ တန်ခံနိုင်ဝန် တစ်လွှာတစ်ထပ် ဘေလီတံတား အမျိုးအစား ဖြစ်ပါတယ်။ ယင်းတံတားသည် ပြည်ထောင်စုလမ်းမကြီးဖြစ်သော လားရှိုး- မန်စံ- နမ္မတူ လမ်းမပေါ်တွင် တည်ရှိပြီး လမ်းအထူး(၆)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းအပိုင်းဖြစ်ပါတယ်။ နေ့စဉ် မော်တော်ယာဉ်များစွာ ဖြတ်သန်းသွားလာပြီး လားရှိုးမြို့သို့ ယင်းမှတစ်ဆင့် နယ်စပ် ကုန်သွယ်နိုင်သည်အထိ ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားနိုင်ပြီး နမ္မတူမြို့နယ် တင်သာမက နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်ရှိ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍရပ်များ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အထောက်အကူ ဖြစ်စေသည့် တံတားတစ်စင်းလည်း ဖြစ်ပါတယ်။

၂- ၃- ၂၀၁၉ တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နမ္မတူမြို့နယ်ရှိ ပြည်သူများနှင့် တွေ့ဆုံသည့်ခရီးစဉ်တွင် တောင်းဆိုခဲ့သော တံတားဖြစ်ပြီး ယင်းအချိန်တွင် အဆိုပါတံတား၏အခြေအနေမှာ ယခုကဲ့သို့ ကြီးမားစွာယိုင်နဲ့နေခြင်း မရှိသေးဘဲ တာဝန်ရှိသူများမှလည်း တန်ပိုတင်ဆောင်သောယာဉ်များကို ထိန်းချုပ်မှုပြုပြီး အကြိမ်ကြိမ်ပျက်စီးနေသော ကြမ်းခင်းများကို ပြုပြင်ပေးခြင်းဖြင့် ဆက်လက်အသုံးပြုနိုင်ခဲ့ပါသော်လည်း ယခုအခါ ယင်းတံတားမှာ ယခင်ထက်ပိုမိုဆိုးရွားစွာ ယိုင်နဲ့ပျက်စီးလာပြီး လမ်းမကြီးအောက် ၃ လက်မခန့် ကျွံကျနိမ့်ဆင်းလာသောကြောင့် ပြည်သူများစိုးရိမ်စွာဖြင့် ဖြတ်သန်းသွားလာနေရပါတယ်။ တံတားရဲ့ လက်ရှိအခြေအနေကို ပါဝါပွိုင့်ဖြင့် တင်ပြပြုခွင့်

ပြုပါရှင်။ ဒီတံတားက ဘေးကိုယိုင်သွားတဲ့ အခြေအနေဖြစ်ပါတယ်။ လမ်းမကြီးအောက် ကျွံကျနိမ့်ဆင်းနေတဲ့ အနေအထားဖြစ်ပါတယ်ရှင်။

လားရှိုး- မန်စံ- နမ္မတူလမ်းပေါ်မှာ နမ့်ဆီဝေါတံတား၊ နားကျဲတံတား၊ ၃၂ မိုင် တံတားများရှိသည့်အနက် နားကျဲတံတားနှင့် ၃၂ မိုင်တံတားကို နိုင်ငံတော်၏ ဘတ်ဂျက်ဖြင့် အဆင့်မြှင့်တင်တည်ဆောက်နေပြီဖြစ်၍ နမ့်ဆီဝေါတံတားသာလျှင် အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိနေပါတယ်။ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုဖြင့် နောင်လာမည့်နှစ်များတွင် ဘော်တွင်းရှိ စက်ရုံများကိုလည်ပတ်နိုင်ခဲ့ပါက လမ်း၏ ခံနိုင်ဝန်၊ တံတား၏ခံနိုင်ဝန်များကို မြှင့်တင်ရန် ပိုမိုလိုအပ်လာပါတယ်။ သို့ဖြစ်ပါ၍ ကျန်ရှိနေသော နမ့်ဆီဝေါတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိကို ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်။ မြို့နယ်၏ စီမံကိန်းမှာလည်း တင်ပြတောင်းခံဖို့အတွက်လည်း တင်ထားပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် မေးမြန်းထားတဲ့ ပြည်ထောင်စု လမ်းမကြီးဖြစ်တဲ့ လားရှိုး- မန်စံ- နမ္မတူလမ်းမပေါ်ရှိ နမ့်ဆီဝေါတံတားမှာ ပြည်သူတွေ စိုးရိမ်စွာ ဖြတ်သန်း သွားလာနေရပြီး နားကျဲတံတား၊ ၃၂ မိုင် တံတားတွေကိုတော့ အဆင့်မြှင့်တင်တည်ဆောက် နေပြီဖြစ်တဲ့အတွက်ကြောင့် ကျန်ရှိနေတဲ့ နမ့်စီဝေါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးမှု အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်မေးခွန်းနှင့် စပ်လျဉ်း၍ ရွှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြ သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုမှ စီမံခန့်ခွဲပြီး လမ်းဦးစီးဌာန၊ ရွှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းအထူး အဖွဲ့ ၆ မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ လားရှိုး- မန်စံလမ်းဟာ ၂၈ မိုင် ၄ ဖာလုံ ရှည်လျားပြီးတော့ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်နှင့် လားရှိုးခရိုင်၊ လားရှိုးမြို့နယ်သို့ ဆက်သွယ်ထားသော လမ်းတစ်လမ်း ဖြစ်ပါတယ်။ ၃၀-၉-၂၀၁၉ ရက်နေ့ ဘဏ္ဍာနှစ်ကုန် အထိ လမ်းအခြေအနေမှာ-

(က) ၂၈ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း ၀ မိုင် ၇ ဖာလုံ

(ခ)	၂၈ ပေအကျယ် ကတ္တရာလမ်း	၀ မိုင် ၂ ဖာလုံ
(ဂ)	၂၂ ပေအကျယ် ကတ္တရာလမ်း	၀ မိုင် ၂ ဖာလုံ
(ဃ)	၁၈ ပေအကျယ် ကတ္တရာလမ်း	၅ မိုင် ၃ ဖာလုံ
(င)	၁၂ ပေအကျယ် ကတ္တရာလမ်း	၂၁ မိုင် ၆ ဖာလုံ

လားရှိုး- မန်စံလမ်း၏ မိုင်(၂၂/၃-၂၂/၄) ကြား၊ တံတားအမှတ်(၂/၂၃)(၄၀)ပေအရှည် မေးခွန်းမှာ ပါရှိတဲ့ နမ့်ဆီဝေါ တစ်လွှာတစ်ထပ် ဘေလီတံတားကို သံကူကွန်ကရစ်တံတား အဖြစ် အဆင့်မြှင့်တင် တည်ဆောက်နိုင်ဖို့အတွက်ကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ပြီး တော့ ပြည်ထောင်စုရန်ပုံငွေမှ တင်ပြတောင်းခံခဲ့ပါတယ်။ သို့သော်လည်း ခွင့်ပြုချက်ရရှိခြင်း မရှိခဲ့ပါဘူး။

ယခုအခါမှာတော့ တံတားဒီဇိုင်း ရရှိနိုင်ဖို့အတွက် မြေစမ်းသပ်ခြင်း လုပ်ငန်းတွေကို ၂၆- ၁၁- ၂၀၁၉ ရက်နေ့မှ ၁- ၁၂- ၂၀၁၉ ရက်နေ့အထိ တံတားဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်မှ လာရောက်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ အရှည် ၄၀ ပေရှိတဲ့ နမ့်ဆီဝေါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်ဖို့အတွက်ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ နမ့်ပန်ချောင်း အောက်ပိုင်းဖြစ်သည့် ဟွေကျောင်း ချောင်းမှ ကန်မောက်လျံကျေးရွာအထိ ၅ မိုင် ၄ ဖာလုံအား မည်သည့်ဘဏ္ဍာနှစ်တွင် သဲနုန်းများ တူးဖော်ပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပန်မြို့နယ်အတွင်းရှိ နမ့်ပန် ချောင်းသည် မိုင်းပန်မြို့နေ ပြည်သူ/ ပြည်သားများအတွက် မရှိမဖြစ် အရေးကြီးသော

ရေချောင်းဖြစ်ပါတယ်။ ၎င်းနမ့်ပန်ချောင်းသည် မိုင်းပန်မြို့နေပြည်သူများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် အထောက်အကူဖြစ်သော ရေချောင်းဖြစ်ပါတယ်။

၎င်းနမ့်ပန်ချောင်းသည် လဝဆည်မှ ကန်မောက်လျံကျေးရွာအထိ ၂၀ မိုင် ၄ ဖာလုံရှိပြီး နမ့်ပန်ချောင်း၏ ဘေး၊ ဘယ်၊ ညာတွင် စိုက်ပျိုးရေးမြေယာများဖြစ်ကြပါတယ်။ ၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် လဝဆည်မှ ဟွေကျောင်းချောင်းဆုံအထိ ၁၅ မိုင်အား ပြည်နယ် ရန်ပုံငွေဖြင့် သဲ၊ နုန်းများ တူးဖော်ပြီးဖြစ်ပါတယ်။

ယခုဆက်လက်တူးဖော်ရန် ကျန်ရှိနေသော အပိုင်းမှာ ဟွေကျောင်းချောင်းဆုံမှ ကန်မောက်လျံကျေးရွာအထိ ၅ မိုင် ၄ ဖာလုံသည် နားလောကျေးရွာအုပ်စုနေ စိုက်ပျိုး လုပ်ကိုင်လျက်ရှိသော တောင်သူများမှ နှစ်စဉ်ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားနေရ သောကြောင့် တောင်သူများမှ ရေကြီးနစ်မြုပ်ပျက်စီးသော လယ်မြေကေများကို စာရင်း ပြုစုပြီး ဝိုင်းဝန်းလက်မှတ်ရေးထိုး တင်ပြလာခဲ့ပါတယ်။ ၎င်းတင်ပြလာခြင်းကိစ္စနှင့် ပတ်သက်ပြီး ၄.၉.၂၀၁၉ ရက်နေ့တွင် ရေကြီးနစ်မြုပ်ပျက်စီးသော လယ်မြေနေရာများသို့ ကျွန်တော်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့များမှ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစိစစ်တွေ့ရှိချက်အရ ၎င်း သဲ၊ နုန်းတူးဖော်ပေးရန် ကျန်ရှိနေသော ဟွေကျောင်း ချောင်းဆုံမှ ကန်မောက်လျံကျေးရွာအထိသည် ရေချောင်းကျဉ်းမြောင်းခြင်း၊ အမှိုက်များ ပိတ်ဆို့ခြင်း၊ ချောင်းတိမ်ကောခြင်းများ တွေ့ရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် သဲ၊ နုန်းတူးဖော်ပေးရန် ကျန်နေသော နမ့်ပန်ချောင်းအပိုင်းအား သဲ၊ နုန်းတူးဖော်ပေးခြင်း မရှိပါက စိုက်ပျိုးလယ်မြေများ ပိုမိုထိခိုက်ပျက်စီးနိုင်မည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ လွတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပါဝါပွိုင့်ဖြင့် တင်ပြခွင့်ပြုပေးပါရန် ခွင့်တောင်းအပ်ပါတယ်။

ဒါကတော့ ၄.၉.၂၀၁၉ ရက်နေ့တွင် နားလော့ကျေးရွာအုပ်စုမှာ ရေကြီးနစ်မြုပ် ပြီးတော့မှ ကျွန်တော်တို့ ကွင်းဆင်းကြည့်ရှုတဲ့ မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ ဒါကတော့ ရေကြီးပြီးတော့မှ စပါးပင်များ ရေတိုက်စားတဲ့ မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ ဒါက တောင်သူတွေ ကျွန်တော်တို့ကို လာခေါ်ပြီးမှ ကွင်းဆင်းကြည့်ရှုပေးရန် တောင်းဆိုတဲ့ အနေအထားနဲ့ ကွင်းဆင်းရခြင်း ဖြစ်ပါတယ်။ ဒါကတော့ ၂၉.၉.၂၀၁၉ ရက်နေ့တွင် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးနေတဲ့ သီးနှံများကို အစိုးရအဖွဲ့အနေနဲ့ ပြန်လည်ထောက်ပံ့ငွေပေးခဲ့တာကို ကျွန်တော်နဲ့အတူ သက်ဆိုင်သော ဌာနများနှင့် ပြည်သူ များထံ ပြန်လည်ထောက်ပံ့ပေးခဲ့ပါတယ်။ ဒီဖြစ်စဉ်ကျတော့ နမ့်ပန်ချောင်း ရေကြီးပြီး၊ ရေလျှံ ပြီးတော့မှ ၁၀.၁၀.၂၀၁၈ ရက်နေ့တွင် မိုင်းပန်မြို့ အနောက်ဘက် နမ့်ဖန်မွန်နှင့် ကန်မောက်လျံကြားရှိ မိုင်တိုင် ၆၈ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံအကြား ၁၁၀ ကီလိုမီတာနှင့် ၁၀၉

ကီလိုမီတာအကြား လမ်းမပေါ်တွင် ၄ မိုင်ခန့် ရေလျှံတက်ခဲ့ပါတယ်။ ဒါကတော့ ရေလျှံတက်နေတဲ့ ပုံဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ပန်ချောင်းကျဉ်းမြောင်းခြင်း၊ အမှိုက်များ ပိတ်ဆို့ခြင်း၊ ချောင်းတိမ်ကောခြင်းများကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တူးဖော်ပေးမည်ကို သိရှိလိုပါသောကြောင့် တောင်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ရှိသေလေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်အောင်ခမ်း မေးမြန်းတဲ့ မိုင်းပန်မြို့နယ်အတွင်းရှိ နမ့်ပန်ချောင်းသည် မိုင်းပန်ပြည်သူများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် အထောက်အကူပြုသော ရေချောင်းဖြစ်၍ လဝဆည်မှ ကန်မောက်လျှံ ကျေးရွာအထိ ၂၀ မိုင် ၄ ဖာလုံရှိပြီး ၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာတော့ ၁၅ မိုင် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်တဲ့ အပိုင်း ၅ မိုင် ၄ ဖာလုံကို သဲ၊ နုန်းတူးဖော်ပေးဖို့ အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းပန်မြို့နယ်အတွင်းရှိ နမ့်ပန်ချောင်းသည် မိုင်းပန်မြို့နေ ပြည်သူများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် အထောက်အကူပြုသော ရေချောင်းဖြစ်ပါတယ်။ လဝဆည်ကနေ ကန်မောက်လျှံ ကျေးရွာအထိ ၂၀ မိုင် ၄ ဖာလုံရှိပြီး ၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ လဝဆည်မှ ဟွေကျောင်းချောင်းဆုံအထိ ၁၅ မိုင်အား ပြည်နယ်ရန်ပုံငွေဖြင့် သဲ၊ နုန်းများ တူးဖော်ပေးခဲ့ပြီး ဖြစ်ပါတယ်။ နားလောကျေးရွာအုပ်စုနေ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူများမှာ နှစ်စဉ်ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားနေတဲ့အတွက် ကျန်ရှိနေသော ဟွေကျောင်းချောင်းဆုံမှ ကန်မောက်လျှံကျေးရွာအထိ ၅ မိုင် ၄ ဖာလုံကို သဲ၊ နုန်းတူးမယ်ဆိုရင် ခန့်မှန်းကုန်ကျငွေဟာ ကျပ်သန်းပေါင်း ၃၂၀ ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မိမိတို့ရဲ့ မိုင်းပန်မြို့နယ်စီမံကိန်းမှာ

ရေးဆွဲပေးပါ၊ ရေးဆွဲတင်ပြလာတဲ့အပေါ်မှာ ဦးစားပေးအလိုက် ရေးဆွဲပေးပါ။ ရေးဆွဲတင်ပြလာမှုပေါ်မူတည်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုပေါ်မှာ ပြည်နယ်အတွင်းမှာရှိတဲ့ ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကျွန်တော့်အနေဖြင့် ရွာငံမြို့နယ်အတွင်း လိုအပ်နေသော စံကိုက်ဘောလုံးကွင်း ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမြို့နယ်ဟာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင်တည်ရှိပြီး အရှေ့ဘက်တွင် ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ တောင်ဘက်တွင် ကလောမြို့နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးရှိ သာစည်မြို့နယ်၊ မြစ်သားမြို့နယ်၊ မြောက်ဘက်တွင် ကျောက်ဆည်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ မြို့ပေါ် ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၈)အုပ်စု၊ ကျေးရွာပေါင်း(၁၂၅)ရွာရှိကာ လူဦးရေ(၈)သောင်းကျော်(၉)သောင်းနီးပါး တည်ရှိနေထိုင်ပါတယ်။ လူမျိုးများမှာ ဓနု၊ ပအိုဝ်၊ ပလောင်၊ ရှမ်း၊ ဗမာစသည့် တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာနေထိုင်ကြပါတယ်။

အမြင့်ပေ(၄၀၈၂)တွင် တည်ရှိသော မြို့ငယ်လေးဟာ ဖွံ့ဖြိုးတိုးတက်နေသော မြို့ကြီးများနှင့် ထိစပ်နေသော်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့မှာ ဖွံ့ဖြိုးမှုများစွာ နောက်ကျလျက်ရှိနေတာကို တွေ့ရပါတယ်။ ထိုသို့ နောက်ကျမှုများထဲတွင် ဒေသခံများ၏ ကျန်းမာရေး၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ စည်းလုံး

ညီညွတ်မှုတို့အတွက် အရေးကြီးသော အားကစားအခန်းကဏ္ဍလဲ အဓိကပါဝင်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ရွာငံမြို့နယ်သည် စံကိုက်အားကစားကွင်း မရှိခြင်းကြောင့်နှင့် နှစ်ပေါင်းများစွာ အားကစားပွဲတော်များ ပြုလုပ်နိုင်မှုမရှိခြင်း၊ ဒေသခံများအထူး စိတ်ဝင်စားသော လူငယ်များအခန်းကဏ္ဍတွင် အရေးကြီးသော ဘောလုံးကစားနည်း ပြိုင်ပွဲများ မပြုလုပ်နိုင်ခြင်းများ ရှိနေပါတယ်။ ယခင်ဒေသခံများ ပြိုင်ပွဲများပြုလုပ်သော ဘောလုံးကွင်းမှာ ယခုအခါ စျေးဆိုင်တိုက်ခန်းများ ပြုလုပ်ခြင်းများကြောင့် စံကိုက် မမီသည်ကို တွေ့ရှိရပါတယ်။ ယခုအခါ စံကိုက်ဘောလုံးကွင်းရရှိရေးအတွက် ဒေသခံ လူငယ်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လွတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ရွာငံမြို့၊ မြို့ကုန်းရပ်ကွက်(မြောက်ဘက်)တွင် နေရာရှာဖွေသတ်မှတ်ထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းရှိ လူငယ်၊ လူရွယ်များ စိတ်ဓာတ်၊ စည်းကမ်းအပြင် ကျန်းမာဖွံ့ဖြိုးစည်းလုံးညီညွတ်ဖို့ အားကစားဟာ အင်မတန်အရေးကြီးသည်ကို သိရှိပြီးလို့ ကျွန်တော့်အနေနှင့် ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ ရွာငံမြို့နယ်အတွင်း နှစ်ပေါင်းများစွာ ကွယ်ပျောက်နေသော ဘောလုံးအားကစားအပြင် အခြားသောအားကစားနည်းမျိုးစုံကို ပြန်လည်ဖော်ထုတ်ပေးနိုင်ရန် စံကိုက်ဘောလုံးကွင်းလိုအပ်နေပါ၍ ယခုရှာဖွေထားသောမြေနေရာအား စံကိုက်ဘောလုံးကွင်းအဖြစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နူတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးရဲ့ ရွာငံမြို့ ၊ မြို့ကုန်းရပ်ကွက်(မြောက်ဘက်)မြေနေရာအား စံကိုက်ဘောလုံးကွင်းအဖြစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရွာငံမြို့နယ်အတွင်း အားကစားကွင်းဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ **၂၀၁၆- ၂၀၁၇** ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘတ်ဂျက်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရွာငံမြို့နယ်၊ မြေနီကုန်း

ကျေးရွာ/ ညောင်ပင်ခွကျေးရွာနှင့် တောကျယ်ကျေးရွာ ၃ ရွာတို့တွင် အားကစားကွင်း ဖော်ထုတ်ခြင်းလုပ်ငန်းများကို ကျပ် ၅.၀၀၀ သန်းစီဖြင့်လည်းကောင်း၊ ရွာငံမြို့နယ် အားကစားမှူးရုံး/ နေအိမ်တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၂၂.၀၀၀ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရွာငံမြို့နယ်အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းဖော်ထုတ်ခြင်းလုပ်ငန်းကို ရန်ပုံငွေ ကျပ် ၁၉.၆၀၀ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြိုင်အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေ ကျပ်သန်း ၂၀.၀၀၀ ခွင့်ပြုမိန့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။

ရွာငံမြို့၊ မြို့ကုန်းရပ်ကွက် (မြောက်ဘက်)မြေနေရာတွင် ဘောလုံးကွင်းမြေအဖြစ် ၃.၆၁၅ ဧကသာရှိပါတယ်။ စံကိုက်ဘောလုံးကွင်းရဲ့ မြေဧရိယာမှာ ၆ ဧက (၄၀၀× ၆၀၀)ပေ လိုအပ်မှာ ဖြစ်ပါတယ်။ မြေနေရာ ၆ ဧက ရရှိမှသာလျှင် စံကိုက်ဘောလုံးကွင်း ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ မြေနေရာရရှိပြီးပါက ရန်ပုံငွေ ရရှိရေးအတွက် ဘဏ္ဍာနှစ် အလိုက် စီမံကိန်းလျာထားချက်၌ ထည့်သွင်းပြီး ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဆန်းဒေးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးအောင်ဆန်းဒေး၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဆန်းဒေး ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်ဆွေးနွေးမဲ့ အကြောင်း အရာကတော့ ရှမ်းပြည်နယ်အတွင်း ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကဏ္ဍအတွက် ပြည်နယ် အစိုးရ၏ ကူညီဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်း သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူ လူထုအားလုံး၏ နေ့စဉ်ဖြတ်သန်းနေရသော လူမှုဘဝများမှာ စွမ်းအင်ကဏ္ဍသည် အရေးကြီး သော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ရှမ်းပြည်နယ်အား ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက် ကြရာတွင်လည်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development)

ဖြစ်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒီလိုရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရန်အတွက် ဆောင်ရွက်ရာတွင် စွမ်းအင်ကဏ္ဍ (Energy Sector)သည် ဦးစွာထည့်သွင်းစဉ်းစားရမည့်ကဏ္ဍတစ်ခုဖြစ်ပါတယ်။

ဤနေရာတွင် စွမ်းအင်(Energy)ဟု ဆိုလိုက်သည်နှင့် လျှပ်စစ်(Electricity)ကို ဦးစွာ ပြေးမြင်ကြမှာဖြစ်ပြီး နောက်တစ်ခုကတော့ လောင်စာ(Fuel)ပဲဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍ တင်ပြရလျှင် အာရှဖောင်ဒေးရှင်းမှထုတ်ဝေသော Decentralizing Power, The Role of State and Region Government in Myanmar's Energy Sector စာအုပ်ပါ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကားဖော်ပြချက်အရ ရှမ်းပြည်နယ် အတွင်းရှိ အိမ်ထောင်စုများ၏ မဟာဓာတ်အားလိုင်းသို့ ချိတ်ဆက်ထားနိုင်မှုသည် အိမ်ခြေ စုစုပေါင်း၏ **၃၀.၈** ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်ကို မှတ်သားရပါတယ်။ ရှမ်းပြည်နယ်ဒေသန္တရလူမှုရေးစီမံကိန်းစာအုပ်တွင် ဖော်ပြထားချက်အရ မဟာဓာတ်အား လိုင်းနှင့် အခြားအိမ်သုံး လျှပ်စစ်ဓာတ်အားပေးဝေခြင်း အမျိုးအစားများ အပါအဝင် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အိမ်ထောင်စုများ၏ လျှပ်စစ်ဓာတ်အားရရှိမှုကို ဖော်ပြရာတွင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများအနက် **၆၆** ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အား ရရှိပြီဟု သိရှိရပါတယ်။

ဆက်လက်ပြီးစွမ်းအင်ပြမှုအတွက် လောင်စာအသုံးပြုမှုအခြေအနေကို လေ့လာကြည့် မည်ဆိုလျှင် အဓိကအသုံးပြုသည့် လောင်စာအမျိုးအစားမှာ ဇီဝဒြပ်ထုလောင်စာများဖြစ် သည်ကို တွေ့ရှိရမည်ဖြစ်ပါတယ်။ ထင်း၊ မီးသွေး၊ သစ်ဝါး စသည့်လောင်စာအမျိုးအစား များကို အဓိကအသုံးပြုခြင်းဖြင့် သစ်တောပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများကို နောက်ဆက်တွဲကြုံတွေ့ရမှာလည်း ဖြစ်ပါတယ်။

အထက်ပါ အခြေအနေများသည် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ရရှိအသုံးပြုနေမှုအခြေအနေများ ဖြစ်ပါတယ်။ စွမ်းအင်ကဏ္ဍသည် မြို့ပြသာမက ကျေးလက် နေပြည်သူများ၏ နေ့စဉ်လူနေမှုဘဝတွင်ပါ အရေးပါသည့်အတွက် နိုင်ငံတော်အဆင့် အလေးထား ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အကုန်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး နိုင်မှုသည် မဟာဓာတ်အားလိုင်းနှင့် အလှမ်းဝေးကွာသည့် ကျေးလက်ဒေသများမှအပ နိုင်ငံ၏ **၅၀** ရာခိုင်နှုန်းအထိ ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရှိရပါတယ်။ ကျန်ရှိနေ သည့်ဝေးလံခေါင်သီပြီး လူဦးရေသိပ်သည်းဆနည်းသော ဒေသများရှိ ပြည်သူလူထုများ၏ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်များကို အသုံးပြုဆောင်ရွက်မည်

ဖြစ်ကြောင်း အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၁၉)တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံ၏ လေးပုံတစ်ပုံနီးပါးကျယ်ဝန်းပြီး မြေမျက်နှာသွင်ပြင် ကွဲပြားခြားနားသော ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မဟာဓာတ်အားလိုင်းနှင့်ဝေးကွာသော ဒေသများအတွက် လျှပ်စစ်စွမ်းအင်ရရှိမှုသည် လိုအပ်ချက်တစ်ခု ဖြစ်နေဦးမည်ဖြစ်ပါတယ်။ သို့သော် ရှမ်းပြည်နယ်သည် ပထဝီအနေအထားနှင့် သဘာဝ၏ ပေးထားချက်များအရ ပြန်ပြည့်မြဲစွမ်းအင် ထုတ်ယူနိုင်သောရင်းမြစ်များ ကြွယ်ဝစွာတည်ရှိပြီး ထုတ်ယူသုံးစွဲနိုင်စွမ်းရှိရန်သာ လိုအပ်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ ထုတ်ယူသုံးစွဲနိုင်စွမ်းရှိရန်အတွက် အစိုးရ၏ ငွေကြေးနှင့်နည်းပညာဆိုင်ရာ အကူအညီများ၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးရန်လိုအပ်မည်ဟုလည်း ယုံကြည်မိပါတယ်။

ဤနေရာတွင် ပြန်ပြည့်မြဲစွမ်းအင် နည်းပညာဆိုင်ရာ အကူအညီများဆိုသည်မှာ ပြည်နယ်အဆင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများကို ဆိုလိုရင်းမဟုတ်ဘဲ တစ်အိမ်ထောင်သုံး အသေးစားနှင့် အလတ်စားအရွယ် နည်းပညာအကူအညီများကိုသာ ဆိုလိုရင်းဖြစ်ပါတယ်။ အိမ်ထောင်စုအလိုက် ပြန်ပြည့်မြဲစွမ်းအင်များကို ထုတ်ယူသုံးစွဲနိုင်ခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်သာမက ဆင်းရဲနွမ်းပါးမှုလျော့ချရေးကိုပါ အထောက်အကူပြုနိုင်သည့်အတွက် ရှမ်းပြည်နယ်အတွင်း ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာကဏ္ဍတွင် ပြည်နယ်အစိုးရ၏ ကူညီဆောင်ရွက်နေမှု ရှိ/ မရှိနှင့် ရှိလျှင်မည်ကဲ့သို့ ဆောင်ရွက်ပေးနေကြောင်း သိရှိလိုပါသဖြင့် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဆန်းဒေး မေးမြန်းလာတဲ့ ပြန်ပြည့်မြဲ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို ဦးတည်ကြောင်း သိရှိရပါတယ်။ အခုဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရကိုယ်စား ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်သည် ပထဝီအနေအထားနှင့် သဘာဝ၏ ပေးထားချက်များအရ ပြန်ပြည့်မြဲစွမ်းအင်ထုတ်ယူနိုင်သော ရင်းမြစ်များ ကြွယ်ဝစွာတည်ရှိပြီး ထုတ်ယူသုံးစွဲနိုင်စွမ်းရှိရန်သာ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်သည် ပြည်နယ်အဆင့်ဆောင်ရွက်

နေသော စီမံကိန်းလုပ်ငန်းများကို ဆိုလိုရင်းမဟုတ်ဘဲ တစ်အိမ်ထောင်သုံး အသေးစားနှင့် အလတ်စား နည်းပညာအကူအညီများကိုသာ ဆိုလိုရင်းဖြစ်ပါသဖြင့် အိမ်ထောင်စုအလိုက် ပြန်ပြည့်မြဲစွမ်းအင်များကို ထုတ်ယူသုံးစွဲနိုင်ခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်သာမက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုပါ အထောက်အကူပြုနိုင်သည့်အတွက် ရှမ်းပြည်နယ်အတွင်း ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကဏ္ဍတွင် ပြည်နယ်အစိုးရ၏ ကူညီဆောင်ရွက်နေမှု ရှိ/ မရှိ သိရှိလိုတဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ကျွန်တော် ဦးစိုင်းရဲန်တစ်လုံမှ ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွက် ကျေးရွာများ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်ဖို့ ဓာတ်အားစနစ်ဖြင့် ဝေးကွာသော ကျေးရွာများကို ပြန်လည်ပြည့်မြဲစွမ်းအင် ထုတ်ယူနိုင်သော အရင်းအမြစ်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး Solar System ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် နှစ်စဉ်ဘတ်ဂျက်လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

အသေးစားရေအားလျှပ်စစ်အနေနဲ့လည်းပဲ ရှမ်းပြည်နယ် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုအောက်မှာရှိတဲ့ အသေးစားရေအားလျှပ်စစ်စီမံကိန်းများကိုလည်းပဲ စာချုပ်ငှားရမ်းခြင်းဖြင့် ၈ ခု၊ MoU ၃၁ ခု၊ MoA ၁၈ ခု၊ စုစုပေါင်း စာချုပ်အရေအတွက် စီမံကိန်း ၄၉ ခုအား ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒအရ ပြည်သူတို့၏ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံစိတ်ချစေရေးအတွက် သိရှိလို၍ ပြည်သူ့အကျိုးပြုကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများ

တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာသော မြို့ဖြစ်ပါတယ်။ ဖွံ့ဖြိုးလာသည်နှင့်အမျှ စက်တပ်ယာဉ်များ များပြားလာပြီး လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ မပြတ်ထိန်းသိမ်းသော်လည်း လိုအပ်နေသောလမ်းများကြောင့် ယာဉ်ကြောရှုပ်ထွေးပြီး ယာဉ်အန္တရာယ်များ ကြုံတွေ့လျက်ရှိပါတယ်။

၎င်းအပြင် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး ကုန်ထုတ်လမ်းများအဖြစ်လည်းကောင်း၊ ရွာချင်းဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းများ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်မှ ခွဲဝေချထားပေးခဲ့သည့်လမ်းများ ပြုပြင်ထိန်းသိမ်းပေးရန် လိုအပ်သည့်အတွက်လည်းကောင်း၊ ပြုပြင်ပြီးသည့်လမ်းများတွင် ရာသီဥတုဒဏ်ကြောင့် ပျက်စီးချို့ယွင်းမှုများကြောင့်လည်းကောင်း၊ သွားလာဆောင်ရွက်နေသည့် ပြည်သူများ အခက်အခဲများနှင့် ကြုံတွေ့နေရသည်ကို တွေ့ရှိရပါတယ်။

ထိုသို့သော လမ်းများတွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စုတွင် ရှိသော အူးဖူဒ့ေကျေးရွာမှ ခကြားဒေကျေးရွာ ရွာချင်းဆက်လမ်းသည် ကျောက်ခင်းလမ်းဖြစ်သော်လည်း ရာသီဥတု သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေပြီး သွားလာရေးခက်ခဲနေသည်ကို တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းလမ်းအား ပြုပြင်ထိန်းသိမ်းပေးနိုင်ပါရန်နှင့် ပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလို၍ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်မှမေးမြန်းလာသည့် မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်းတောင်ပေါ် ကျေးရွာအုပ်စု၊ အူဖူးဒ့ေကျေးရွာမှ ခကြားဒေကျေးရွာ ရွာချင်းဆက်လမ်းကျောက်ခင်းလမ်းအား ပြုပြင်ထိန်းသိမ်းပေးပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ဆိုတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု၊ အားဆော်ပေါ်မူး (အူဖူးဒ့ေ)-ခကြားဒေကျေးရွာချင်းဆက်လမ်း ၂ မိုင်၊ ကျောက်ခင်းခြင်းလုပ်ငန်းအား **၂၀၁၈- ၂၀၁၉** ခု၊ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ(ပြည်နယ်ရန်ပုံငွေ)ဖြင့် Royal Nankote

ကုမ္ပဏီမှ တင်ဒါအောင်မြင်ပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်း အပ်နှံစာချုပ် ချုပ်ဆိုစဉ်က သဘောဝဘေးဒဏ်မှအပ ကျောက်လမ်းအပွန်းခံလွှာအတွက် (၂) နှစ်အတွင်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ထည့်သွင်းချုပ်ဆိုထားရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ကျောက်လမ်း ၂ မိုင် ပျက်စီးမှုအား သက်ဆိုင်ရာ ကုမ္ပဏီသို့ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် အကြောင်းကြားသွားမှာဖြစ်ပြီး အကယ်၍ ကုမ္ပဏီမှ ပြုပြင် ခြင်းမရှိပါက လုပ်ငန်းတန်ဖိုး၏ လုပ်ငန်းပြီးမြောက်မှု အာမခံကြေးအဖြစ် အပ်နှံထားသည့် (Performance Guarantee) ၅ ရာခိုင်နှုန်းအား ထုတ်ပေးခြင်းမပြုဘဲ ဆိုင်းငံ့ထားခြင်း၊ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာ ခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာမှ ပုံလုံ ကျေးရွာသို့ သွားသည့်လမ်း အရှည် ၂ မိုင် ၆ ဖာလုံအား မြေသားလမ်းခဲ့ထွင်ခြင်း၊ ကျောက်ရောမြေခင်းပေးခြင်း၊ ၎င်းလမ်းပေါ်ရှိ အရှည် ၂၀ ပေ၊ အမြင့် ၁၀ ပေ၊ အကျယ် ၁၈ ပေ ဘေလီတံတားတည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာတွင် ဒေသခံပြည်သူများနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆွေးနွေးစဉ်မှာ နမ့်မုတ်ကျေးရွာမှ ပုံလုံကျေးရွာသို့ သွားသည့်လမ်း အရှည် ၂ မိုင် ၆ ဖာလုံအား မြေသားလမ်းခဲ့ထွင်းခြင်းနှင့် ကျောက်ရောမြေခင်းပေးခြင်း၊

ၵင်းလမ်းပေါ်ရှိ အရှည် ၂၀ ပေ၊ အမြင့် ၁၀ ပေ၊ အကျယ် ၁၈ ပေ ချောင်းကူးတံတားအား ဘေလီတံတားအဖြစ် ဆောင်ရွက်ပေးစေလိုကြပါတယ်။ ၵင်းလမ်းမှာလည်း ကိုယ်ထူကိုယ်ထ ဆောင်ရွက်သွားတဲ့ ထော်လာဂျီသွားလမ်းလေးပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စုနှင့် နမ့်မုတ်ကျေးရွာမှ ပုံလုံကျေးရွာသို့သွားသည့်လမ်း အရှည် ၂ မိုင် ၆ ဖာလုံအား မြေသားလမ်းခဲ့ထွင်ခြင်း၊ ကျောက်ရောမြေခင်းပေးခြင်းနှင့် ၵင်းလမ်းပေါ်ရှိ အရှည် ၂၀ ပေ၊ အမြင့် ၁၀ ပေ၊ အကျယ် ၁၈ ပေ ချောင်းကူးတံတား၊ ဘေလီတံတားအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ ကြောင်း ဒေသခံပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း မေးမြန်းထားတဲ့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာမှ ပုံလုံကျေးရွာသို့ သွားသည့် လမ်းအရှည် ၂ မိုင် ၆ ဖာလုံအား မြေသားလမ်းခဲ့ထွင်ခြင်း၊ ကျောက်ရော မြေခင်းပေးခြင်းနှင့် ၵင်းလမ်းပေါ်မှာရှိ တဲ့ အရှည် ၂၀ပေ ချောင်းကူးတံတားကို ဘေလီတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်ပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာမှ ပုံလုံကျေးရွာသို့သွားလမ်းသည်ကျေးရွာ ၃ ရွာ၊ အိမ်ခြေ ၁၅၁ အိမ်၊ လူဦးရေ ၅၇၅ ဦးကို အကျိုးပြုပါတယ်။ အရှည် ၂ မိုင် ၆ ဖာလုံရှိပြီး လမ်းအကျယ် ၄ ပေ ခန့်သာရှိတဲ့ အတွက်ကြောင့် လတ်တလောတွင် မြေသားလမ်း ၂ မိုင် ၆ ဖာလုံ ခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်း ဆောင်ရွက်ပေးသင့်သောလမ်းဖြစ်ပါတယ်။ လုပ်ငန်းခန့်မှန်းတန်ဖိုး ကျပ် ၈၂.၅၀ သန်းခန့်ဖြစ်ပါတယ်။ ၵင်းလမ်းပေါ်ရှိအရှည် ၂၀ ပေ၊ အမြင့် ၁၀ ပေ၊ အကျယ် ၁၈ ပေ ချောင်းကူးတံတားအား ဘေလီတံတားအဖြစ် တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်း ကုန်ကျငွေ ကျပ် ၄၈.၀၀ သန်းခန့်ကုန်ကျမည်ဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်းကုန်ကျငွေ ကျပ် ၁၃၀.၅၀ သန်းကုန်ကျနိုင်တာ ဖြစ်ပါတယ်။

အဆိုပါလမ်းဟာ (DRRD) ဌာနရဲ့ ကျေးလက်လမ်းစာရင်းမှာ ပါဝင်မှုမရှိသေးတဲ့ လမ်းဖြစ်တဲ့အတွက်ကြောင့် နမ့်မုတ်- ပုံလုံမြေသားလမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး

ဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းပြီးတော့ လမ်းစာရင်းမှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီးပါက မိုင်းယန်းမြို့နယ် ကျေးလက်လမ်းတံတားများအတွက် နှစ်စဉ်ခွဲဝေရရှိနိုင်တဲ့ ဘဏ္ဍာရန်ပုံငွေအရ မြို့နယ်အတွင်း ဦးစားပေးအလိုက် သင့်လျော်သော ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းလျာထားတင်ပြလာပါက ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ဒုတိယမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ပုံလုံကျေးရွာမှ ကုန်ထုတ်လမ်း ၃ မိုင်အား ဖောက်လုပ်ပေးရေးနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ပုံလုံကျေးရွာသည် အိမ်ခြေ ၉၁ အိမ်၊ လူဦးရေ ၄၉၀ ရှိပြီး ပုံလုံကျေးရွာမှ ဖာလန်သို့သွားသည့်လမ်း ၃ မိုင်သည် ကုန်ထုတ်လမ်းဖြစ်ပြီး ဆိုင်ကယ်နှင့် သာသွား၍ သီးနှံများသယ်ယူနေရသည့်အတွက် အခက်အခဲများစွာနှင့် ကြုံတွေ့နေကြရပါတယ်။ ဒေသခံပြည်သူများအနေဖြင့် တောင်ယာသွားသည့် ကုန်ထုတ်လမ်းအား ဖောက်လုပ်ပေးစေလိုကြပါတယ်။

သို့ဖြစ်ပါ၍ ပုံလုံကျေးရွာတောင်ယာသွားသည့် ကုန်ထုတ်လမ်း (၃)မိုင်အား လမ်းခဲ့ထွင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း မေးမြန်းလာတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မိုင်းယန်းမြို့နယ်၊

မိုင်းလွေကျေးရွာအုပ်စု၊ ပုံလုံကျေးရွာမှ ဖာလန်သို့သွားသည့် ကုန်ထုတ်လမ်း ၃ မိုင်ကို လမ်းခဲ့ထွင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုသည် မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ပုံလုံကျေးရွာမှ ဖာလန်ကျေးရွာသို့သွားသည့် တောင်ယာသွားလမ်းမှာ မြေပြင်တွင် မူလအကျယ် ၆ ပေခန့်သာရှိပါတယ်။ ဆိုင်ကယ်နှင့် ကျွဲကျိ ထော်လာကျီများသာ သွားလာနိုင်တဲ့ မြေသားလမ်း အမျိုးအစားဖြစ်ပြီး လမ်းအရှည်မှာ ၃ မိုင် ရှည်လျားပါတယ်။

အဆိုပါလမ်းကို ကျေးလက်ကုန်ထုတ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည် ဆိုပါက မြေဖြတ်ခြင်း လမ်းအကျယ် ၁၀ ပေ ချဲ့ထွင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် **၂၄.၄၂** သန်း၊ ကျောက်ရောမြေ **၆** လက်မထုခင်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် **၆၀.၂၅** သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ် **၈၄.၆၇** သန်း ကုန်ကျမည်ဖြစ်ပြီး တောင်သူ **၅၄** ဦးပိုင်ဆိုင်သော စိုက်ပျိုးမြေ **၂၁၀** ဧကခန့် အကျိုးပြုမည်ဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ပုံလုံကျေးရွာ ကုန်ထုတ်လမ်း ၃ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို မိုင်းယန်းမြို့နယ်၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး မြို့နယ် အလိုက် ပထမဦးစားပေး၊ ဒုတိယဦးစားပေး အစီအစဉ်အရ ရေးဆွဲတင်ပြလာပါက ရန်ပုံငွေ ခွဲဝေရရှိမှုပေါ်မူတည်၍ ပြည်နယ်အတွင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမဲ့ မေးခွန်းကတော့ "နမ့်ဆန်မြို့နယ်၊ လုံတောက်ကျေးရွာအုပ်စုနှင့် လီလုကျေးရွာချင်းဆက်

လမ်းပေါ်မှာရှိတဲ့ လီလု၊ မန်ပိန်းသစ်သားတံတားအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ လုံတောက်ကျေးရွာအုပ်စုနှင့် လီလုကျေးရွာအုပ်စုချင်းဆက်လမ်းဟာ ကျောက်ချောလမ်း ဖြစ်ပါတယ်။ လွန်ခဲ့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ Budget ဖြင့် ဆောင်ရွက်ခဲ့တဲ့ ကျောက်ချောလမ်းဖြစ်ပါတယ်။ အဲ့ဒီလမ်းပေါ်မှာ လီလုနဲ့ မန်ပိန်းရွာ ၂ ရွာကြားမှာ ချောင်းကူးတံတား ၁ စင်းရှိပါတယ်။

ချောင်းကူးသစ်သားတံတားတစ်စင်းဟာဆိုလို့ရှိရင် လွန်ခဲ့သော ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ Budget ဖြင့် ဆောင်ရွက်ခဲ့တဲ့ တံတားဖြစ်ပါတယ်။ အဲ့ဒီတံတားဟာ အခုဆိုရင် ၄ နှစ်တာကာလ ကြာမြင့်လာတာ ဖြစ်တာတစ်ကြောင်း၊ မိုးများသည့်ဒေသ ဖြစ်လာတာတစ်ကြောင်း ယာဉ်၊ ဆိုင်ကယ်၊ မြင်း၊ နွား၊ လူ အသုံးပြုမှု များပြားလာခြင်းတို့ကြောင့် ယခုအခါ ယိုယွင်းပျက်စီးလျက်ရှိပါတယ်။ ပျက်စီးတဲ့ပုံကို ကျွန်တော် ပါဝါပွိုင့်ဖြင့် တင်ပြရန်ရှိသော်လည်းပဲ ပါဝါပွိုင့်ကို CD ဖြင့် တင်ပြရမယ်လို့ဆိုတဲ့ အခါကျတော့ ပြင်ဆင်လာခြင်း မရှိလို့ မတင်ပြရခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ခုနက နမ္မတူမြို့နယ် မဲဆန္ဒနယ်က ဒေါ်နန်းစံဟွမ် တင်ပြထားတဲ့ သစ်သားတံတားထက် များစွာပျက်စီးလျက်ရှိတာကို နှိုင်းယှဉ်ကြည့်လို့ရပါတယ်။ ကျွန်တော်တို့ အဲ့ဒီကြမ်းခင်းဟာဆိုလို့ရှိရင် ဆွေးမြေ့ပျက်စီးပြီးတော့မှ သစ်သားတွေဟာ အထိန်းအကွပ်မရှိတဲ့ ကြမ်းလို ပရမ်းပတာဖြစ်ပြီး ဟိုတစ်ချောင်း၊ ဒီတစ်ချောင်းနဲ့ ပြန့်ကျဲနေတာကို မြင်တွေ့နေရပါတယ်။ နောက်တစ်ခုက အဲ့တံတားပျက်စီးတဲ့ အခါကျတော့ လူတွေက အဲ့တံတားပေါ်မှာ သွားလာလို့မရဘဲနဲ့ ရေထဲကိုဆင်းပြီးတော့ လမ်းလျှောက်ရပါတယ်။ ကား၊ ဆိုင်ကယ်တွေလည်း ရေထဲဆင်းပြီးတော့ သွားနေရပါတယ်။ တံတားကို အသုံးပြုလို့မရတော့ပါဘူး။ အဲ့ဒီတံတားကို ပြန်ပြင်ဖို့ဆိုရင်တော့ နမ့်ဆန်မြို့နယ်မှာရှိတဲ့ နယ်စပ်ရေးရာ တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးကို မေးကြည့်တဲ့အခါကျတော့ ဘာပြောလဲဆိုရင် အဲ့တံတားဟာ ၁၁၀ ပေကျော်သည့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်ချပေးနိုင်ခြင်းမရှိပါဘူးလို့ ပြောပါတယ်။ အဲ့တော့တံတားကို ကိုယ့်ဌာနက ပြန်လည်ပြုပြင်နိုင်ခြင်းမရှိရင် ဘယ်ဌာနက ပြန်လည်ပြုပြင်ပေးနိုင်လည်းဆိုတာကို ဌာနကို သိချင်တဲ့အတွက်ကြောင့် ဒီပျက်စီးနေတဲ့ သစ်သားတံတား (အလျား ၁၁၀ ပေ × အနံ ၁၂ ပေ× အမြင့် ၉ ပေ)ရှိတဲ့ အဲ့တံတားကို လုပ်သားပြည်သူများ သွားလာတဲ့နေရာမှာ လွယ်ကူလျင်မြန်အဆင်ပြေဖို့

အတွက် မည်သည့်အချိန်မှာ ပြန်လည်ပြုပြင်ပေးဖို့ ရှိ/ မရှိဆိုတာကို လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါ။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းလာတဲ့ "နမ့်ဆန်မြို့နယ်၊ လုံတောက်၊ လီလုကျေးရွာချင်းဆက် အုပ်စုလမ်းပေါ်ရှိ လေလု၊ မန်ပိန်းသစ်သားတံတားအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရွှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ လုံတောက်- မန်ပိန်း- လီလုကျေးရွာချင်းဆက် ကျောက်ခင်းလမ်း **၁၀** မိုင်အား **၂၀၁၅- ၂၀၁၆** ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး (ပြည်နယ်ရန်ပုံငွေ)ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းလမ်းပေါ်မှာ (၁၁၀ ပေ × ၁၂ ပေ× ၉ ပေ)ရှိ သစ်သားတံတားကို **၂၀၁၅- ၂၀၁၆** ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)မှ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်ရန်ပုံငွေ)ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပြင်/ ထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေခေါင်းစဉ် သီးခြားခွင့်ပြုထားခြင်း မရှိပါသဖြင့် အဆိုပါပျက်စီးနေသော သစ်သားတံတား၏ Girder နှင့် အထက်အား သံကူကွန်ကရစ်ဖြင့် အသစ်ပြုပြင်တည်ဆောက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ် **၂၆.၈၀** သန်းအား နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စုရန်ပုံငွေ)မှ ခွင့်ပြုပေးနိုင်ပါရန် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ၁၇- ၆- ၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂/ ၄-၃ / ဦး ၆ (၂၃၄)ဖြင့် တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ယနေ့ ဒုတိယအကြိမ် ရွှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ပေးပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊

ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်သို့ လာရောက်လေ့လာသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ရွှမ်းပြည်နယ်အတွင်းရှိ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ဆောင်ခွင့်ရရှိသော လုပ်ငန်းကို ကွင်းဆင်းစိစစ်ရာတွင် တာဝန်ခံနဲ့ မတွေ့ရဘဲ လုပ်သားခေါင်းဆောင်နဲ့ တွေ့ရတဲ့ ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရွှမ်းပြည်နယ်ဟာ နယ်မြေပထဝီအနေအထားအရကျယ်ဝန်းပြီး၊ မြို့နယ်များ၊ မြို့များ အများအပြား တည်ရှိပါတယ်။ အဲ့ဒီမှာ တစ်နှစ်တစ်နှစ်ရရှိတဲ့ ဘတ်ဂျက်ဟာ နည်းပါးလှပါတယ်။ မြို့နယ်၊ မြို့၊ ကျေးရွာများသည် ရခဲလှသော ဘတ်ဂျက်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စိစစ်ခြင်း၊ ထိန်းညှိခြင်းများကို လုပ်ဆောင်လျက်ရှိပါတယ်။

တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများ၏ လုပ်ငန်းခွင်များ ဆောင်ရွက်လျက်ရှိရာမှာ ကိုယ်စားလှယ်များအနေဖြင့် စိစစ်နိုင်ရန်အတွက် တွက်ချက်မှုနှင့် ပုံစံ(BP, BQ) ပေးပို့မှုနှောင့်နှေးလျက်ရှိပါတယ်။ အဲ့ဒီမှာ Work Schedule များလည်း ထားရှိခြင်းလည်း မရှိပါဘူး။ ကုမ္ပဏီများအနေဖြင့် ပြီးစီးမှု ၂၅ % ၊ ၅၀ %၊ ၇၅ % သူတို့ ငွေထုတ်ရန် နီးတဲ့အချိန်မှာပဲ ကျွန်တော်တို့ကို စိစစ်ပေးဖို့ အကြောင်းကြားလာပါတယ်။ အဲ့ဒီမှာ ပြီးတော့ စိစစ်ရာမှာလည်း တွေ့ရှိရတဲ့ အပိုင်းကတော့ မူလအသုံးပြုပေးမည်ဟု အဆိုတင်သွင်းထားသည့် ပစ္စည်းများကို အသုံးပြုခြင်း မပြုဘဲနဲ့ လက်တွေ့အသုံးပြုသည့်ထားတဲ့ ပစ္စည်းတွေဟာ ပထမမူလ တင်ဒါတုန်းက တင်ထားသည့်ပစ္စည်းများမှာ လွဲမှားနေသည်ကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် မူလတင်ဒါအစည်းအဝေးမှာ တင်ပြထားတဲ့ ကျွန်းတံခါးဖြင့် အသုံးပြုရမည့်နေရာမှာဆို PVC တံခါးများနှင့် အသုံးပြုထားတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ တင်ဒါဆွဲစဉ်က အမည်စာရင်းတင်သွင်းခဲ့တဲ့ R.S.E နှင့် ခရိုင်အင်ဂျင်နီယာများမှာ လုပ်ငန်းခွင်ကို သွားရောက်တဲ့အခါမှာ တွေ့ရှိခြင်းမရှိပါဘူး။

ဥပမာအနေဖြင့် ကျွန်တော်တို့ ညောင်ရွှေမြို့နယ်နဲ့ ဥပမာတင်ပြပြီးတော့ ပြောကြားချင်ပါတယ်။ ညောင်ရွှေမြို့နယ်အတွင်းမှာရှိတဲ့ တင်ဒါအောင်မြင် လုပ်ငန်းများကို စိစစ်နိုင်ဖို့ မြို့နယ်တည်ဆောက်ရေးကော်မတီအဖွဲ့နဲ့ ကိုယ်စားလှယ်တွေဟာ မနက်ဖြန်လို ကွင်းဆင်းမယ်ဆိုရင် ကျွန်တော်တို့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ကုမ္ပဏီထံသို့ ကြိုတင်အကြောင်းကြားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သွားရောက်တဲ့အချိန်မှာ ကုမ္ပဏီ

သော်လည်းကောင်း၊ ဆိုက်အင်ဂျင်နီယာသော်လည်းကောင်း မတွေ့ရှိရသေးဘဲနဲ့ လုပ်သားခေါင်းဆောင်ဖြင့်သာ တွေ့ရှိနေရပါတယ်။ ပြီးတော့ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်တဲ့ လုပ်ငန်းများကို စိစစ်ရာမှာလည်း လွှတ်တော်ကိုယ်စားလှယ်များအပေါ်မှာ အလေးထားပူးပေါင်းဆောင်ရွက်မှုလဲ အားနည်းနေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ဆောင်ခွင့်ရရှိသော လုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်တည်ဆောက်ရေးကော်မတီအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ရာတွင် (Estimate) အသေးစိတ်တွက်ချက်မှုနှင့် လုပ်ငန်းလိုအပ်ချက်၊ အားနည်းချက်၊ ပြန်လည်ပြုပြင်ပေးရန် အချက်များကို တိကျစွာဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီဘက်မှ တာဝန်ရှိသည့်ပုဂ္ဂိုလ်၊ တာဝန်ခံအင်ဂျင်နီယာမတွေ့ရဘဲ လုပ်သားခေါင်းဆောင်ဖြင့်သာ တွေ့ရှိရမှုအပေါ် အဆိုပါကုမ္ပဏီများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး တင်ပြလာတဲ့ ရှမ်းပြည်နယ်အတွင်းရှိ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ဆောင်ခွင့်ရရှိသော လုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်တည်ဆောက်ရေးကော်မတီအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာတွင် ကုမ္ပဏီဘက်မှ တာဝန်ရှိသည့် ပုဂ္ဂိုလ်၊ တာဝန်ခံအင်ဂျင်နီယာများ မတွေ့ရဘဲ လုပ်သားခေါင်းဆောင်ဖြင့်သာ တွေ့ရှိနေရပါသဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း တာဝန်ခံများမတွေ့ရှိရမှုအပေါ် တင်ဒါစည်းမျဉ်းစည်းကမ်းအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါသည်နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ကျွန်တော် ဦးစိုင်းရဲနိုတစ်လုံးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ လုပ်ဆောင်ခွင့်ရရှိသော လုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်တည်ဆောက်ရေးကော်မတီအဖွဲ့မှ ကွင်းဆင်းစစ်ဆေးမည်ဆိုပါက သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းမှ တာဝန်ရှိသူများအနေဖြင့်

တင်ဒါအောင်မြင်သော ကုမ္ပဏီများကို ၂ ရက် ကြိုတင်အကြောင်းကြားခြင်းများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ထိုသို့ ကြိုတင်အကြောင်းကြားပြီးဖြစ်သော်လည်း ကုမ္ပဏီဘက်မှ တာဝန်ရှိသည့် ပုဂ္ဂိုလ်၊ တာဝန်ခံအင်ဂျင်နီယာများမှ လုပ်ငန်းခွင်တွင်မရှိဘဲ ပျက်ကွက်ခဲ့ပါက တာဝန်ယူကြီးကြပ်ဆောင်ရွက်သည့်သက်ဆိုင်ရာဌာနအဖွဲ့အစည်းကနေ ပထမအကြိမ် သတိပေးစာများကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ထပ်မံပျက်ကွက်ခဲ့ပါက တင်ဒါကော်မတီတာဝန်ရှိသူများထံ တင်ပြပြီးတော့ တင်ဒါစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးပြည့်ဖြိုးအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းသွားမဲ့ မေးခွန်းကတော့ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ ကျောင်းဆောင်သစ် ထပ်မံတိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာမူလတန်း(လွန်)ကျောင်း (ကော်ဆမ်မိန်း)ဟာ မိုင်းယုမြို့မှ ၇ မိုင်အကွာ၊ မိုင်းယောင်းမြို့မှ ၁၁ မိုင်အကွာ မိုင်းယု-မိုင်းယောင်းသွား ကတ္တရာလမ်းမကြီးဘေးတွင် တည်ရှိပြီး ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ကော်ဆမ်မိန်းကျေးရွာ၊ နမ့်ကုတ်ကျေးရွာ၊ ဝမ်မိုင် မိုင်းလုံးကျေးရွာ၊ နားဖန်းကျေးရွာ၊ မိုင်းလွေကျေးရွာ၊ ဟွေဆာကျေးရွာနှင့် ဝမ်ကျိုင်းကျေးရွာများမှ တိုင်းရင်းသား ပြည်သူများ၏သား/ သမီးများ တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

အခြေခံပညာမူလတန်း(လွန်)ကျောင်း(ကော်ဆမ်မိန်း)ကို (၁၉၉၂- ၁၉၉၃) ပညာသင်နှစ်မှစ၍ သက်ကယ်မိုး၊ ဝါးထရံကာဖြင့် စတင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး (၁၉၉၄-

၁၉၉၅) ပညာသင်နှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂကူညီစောင့်ရှောက်ရေးရန်ပုံငွေဖြင့် (အလျား ၃၀× အနံ ၂၄) ပေ သွပ်မိုး၊ ပျဉ်းကာ၊ အင်္ဂတေခင်း အဆောက်အဦ ၁ လုံး ဆောက်လုပ်ပေးခဲ့ပါတယ်။ ၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (အလျား ၄၀ ပေ × အနံ ၂၄ ပေ) ကျယ်ဝန်းသော သွပ်မိုး၊ အင်္ဂတေခင်း၊ အုတ်ကာ အဆောက်အဦ ၁ လုံး ထပ်မံတိုးချဲ့ ဆောက်လုပ်ပေးခဲ့ပါတယ်။ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း(ကော်ဆမ်မိန်း)အဆင့်မှ အခြေခံပညာမူလတန်း(လွန်)ကျောင်း (ကော်ဆမ်မိန်း)အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသား/ ကျောင်းသူဦးရေ တိုးပွားလာသဖြင့် ကျေးရွာ အစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထ (အလျား ၂၂ ပေ × အနံ ၁၂ ပေ) သွပ်မိုး၊ ထရံကာယာယီကျောင်းဆောင် ၁ ဆောင် ဆောက်လုပ်ခဲ့ပါတယ်။ ယခုအခါတွင် စာသင်ဆောင် ၃ ဆောင်အနေဖြင့် စာသင်ဆောင် ၂ ဆောင်မှာ ပျက်စီးယိုယွင်းနေပြီး စာသင်ဆောင် ၁ ဆောင်မှာ ပျက်စီးပြုကျ၍ ကျေးရွာအစီအစဉ်ဖြင့် ပြုပြင်ဆောက်လုပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ် အခြေခံပညာမူလတန်း(လွန်) ကျောင်း (ကော်ဆမ်မိန်း)တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ ကျောင်းသူဦးရေမှာ ၁၁၁ ဦးရှိပြီး ကျောင်းတွင် ခန့်အပ်ထားသော ကျောင်းဆရာ/ ကျောင်းဆရာမနှင့် ဝန်ထမ်းဦးရေအနေဖြင့် မူလတန်းကျောင်းအုပ် ၁ ဦး၊ အလယ်တန်းပြ ၃ ဦး၊ မူလတန်းပြ ၄ ဦးနှင့် အထွေထွေလုပ်သား ၁ဦး၊ စုစုပေါင်း ၉ ဦးရှိပါတယ်။

အခြေခံပညာမူလတန်း(လွန်)ကျောင်း (ကော်ဆမ်မိန်း)တွင် နှစ်စဉ်တက်ရောက်ပညာသင်ကြားသည့် ကျောင်းသား/ ကျောင်းသူ ဦးရေမှာ အင်အားတိုးပွားလာသဖြင့် စာသင်ဆောင်၊ စာသင်ခန်းများ မလုံလောက်ခြင်းနှင့် ပညာသင်ကြားရာတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများ မလုံလောက်ခြင်းတို့ကြောင့် ကျောင်းသား/ ကျောင်းသူများအား ပညာသင်ကြားရာတွင် အခက်အခဲများ တွေ့ကြုံနေရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နယ်ခွဲ၊ တာကြန့်ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တပ်မတော်သား ပြည်နယ်လွတ်တော်

ကိုယ်စားလှယ်၊ ဗိုလ်မှူးပြည့်ဖြိုးအောင်ရဲ့ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးရေး မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့် ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းဟာ ကျောင်းပိုင်မြေ ၂.၀၈ ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိတဲ့ ကျောင်း တစ်ကျောင်း ဖြစ်ပါတယ်။

ကျောင်းသားဦးရေအနေနဲ့ KG ၁၂ ဦး၊ ပထမတန်း ၁၄ ဦး၊ ဒုတိယတန်း ၇ ဦး၊ တတိယတန်း ၂၀ ဦး၊ စတုတ္ထတန်း ၁၆ ဦး၊ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၆၉ ဦးရှိပါတယ်။ ဆဋ္ဌမတန်း(သင်ရိုးသစ်) ၂၁ ဦး၊ ဆဋ္ဌမတန်း (သင်ရိုးဟောင်း) ၁၀ ဦး၊ သတ္တမတန်း ၁၁ ဦး၊ အလယ်တန်းအဆင့် စုစုပေါင်း ၄၂ ဦးရှိပြီး စုစုပေါင်း ကျောင်းသား/ ကျောင်းသူ ဦးရေမှာ ၁၁၁ ဦး ရှိပါတယ်။

စာသင်ဆောင်များအနေနဲ့ ပင်မဆောင် (၄၀×၂၄)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ အဆောင် ၂ (၃၀×၂၅)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်၊ အဆောင် ၃ (၃၀×၁၅)ပေ သွပ်မိုး (တိုးချဲ့ဆောင်)တစ်ထပ်၊ အဆောင် ၄ (၂၃×၁၃)ပေ သွပ်မိုး၊ ဝါးထရံကာ KG ဆောင် တစ်ထပ်တို့ ဖြစ်ပါတယ်။

စာသင်ဆောင် ၂ နှင့် စာသင်ဆောင် ၃ တို့မှာ ပျက်စီးယိုယွင်းနေပါသဖြင့် အဆိုပါ ကျောင်းဆောင် ၂ ဆောင်နေရာတွင် (၆၀×၃၀)ပေ အုတ်ညှပ် ကျောင်းဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်မွမ်းမံနိုင်ရန်အတွက် (၀၄၀၂) ငွေစာရင်းခေါင်းစဉ် အောက်မှ ရန်ပုံငွေ ကျပ် (၁၀.၀၀)သန်းကို ခွဲဝေရရှိပြီး ဖြစ်ပါတယ်။ ဒီရန်ပုံငွေကိုတော့ ကျောင်းပြီးသွားတဲ့အချိန်မှာ ပြုပြင်ပေးသွားမှာ ဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း/ လုပ်ငန်းများတွင် မူလွန်- ကော်ဆမ်မိန်းကျောင်းအတွက် (၉၀×၃၀)ပေ RCC ၁ ထပ်ဆောင်ဆောက်လုပ်ခွင့်ရရှိရေးအတွက် မြို့နယ်အဆင့်မှ လျာထား တင်ပြထားပြီးဖြစ်၍ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွား မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ယနေ့လွှတ်တော်ကို လာရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ ရှမ်းပြည်နယ်အတွင်းမှ ပြည်သူများပေးပို့တိုင်ကြားစာများနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူကရွေးကောက် တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရအနေဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးကို အခိုင်အမာ တည်ဆောက်ရန်အတွက် အဂတိ လိုက်စားမှုကင်းစင်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အုပ်ချုပ်ရေးစနစ်မြင့်မားတိုးတက်ဖို့ အရေးကြီး လုပ်ဆောင်တာနှင့်အညီ ကော်မရှင်အနေဖြင့် လည်း မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်စွာ အမြစ်တွယ်ပြီးဖြစ်သော အဂတိလိုက်စားမှုစနစ် ဆိုးကို ရိုက်ချိုးပစ်နိုင်ရေးတို့အတွက်သာ ရည်ရွယ်၍ တာဝန်ယူမှုအပြည့်ဖြင့် ကြိုးစား အားထုတ်နေတာကိုလည်း တွေ့ရှိနေရပါတယ်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၂၀/ ၂၀၁၈) စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းချက်အရ အဂတိလိုက်စားမှုဆိုသည်မှာ လာဘ်ပေးလာဘ်ယူ ခြင်းမျှသာ မဟုတ်တော့ဘဲ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းဟူသော အချက်ကို ထပ်မံဖြည့်စွက်ပြီးဖြစ်သည်နှင့်အညီ စိစစ် ဆောင်ရွက်နေတာကိုလည်း ထပ်မံတွေ့ရှိရပါတယ်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အခမ်းအနားမှာ ကော်မရှင် ဥက္ကဋ္ဌအနေဖြင့်လည်း ၂၀၁၈ ခုနှစ်တွင် တိုင်ကြားစာ (၁၀၅၄၃) စောင်လက်ခံရရှိပြီး ပေးပို့လာသော အမှုတွဲများကို တာဝန်အရ စုံစမ်းစစ်ဆေးအရေးယူရာ၌ သူတစ်ပါးကို ထိခိုက်ပျက်စီးစေလိုသည့် ဗျာပါဒတရားမှ ကင်းဝေးစေရန်အတွက် တစ်မှုချင်းစီ စစ်ဆေးတွေ့ရှိချက်များအပေါ် ကော်မရှင်မှ ဘက်လိုက်ခြင်းကင်းစွာဖြင့် အချိန်ယူ၍ အလေးအနက် စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ ယနေ့ချိန်ထိ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့မှု(၁၇၂)မှုရှိတယ်လို့ ပြောကြားခဲ့တာကိုလည်း သိရှိရသလို ကော်မရှင် ဥက္ကဋ္ဌအနေဖြင့်လည်း နိုင်ငံဝန်ထမ်းများရော စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများပါ

အခြားသူများမှ ယခုလို တရားစွဲအရေးယူမှုများကို အတွေ့အကြုံများမှ သင်ခန်းစာယူပြီး မိမိတို့ကိုယ်တိုင် ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲနိုင်ကြဖို့ကိုလည်း တိုက်တွန်းထားတာကို တွေ့ရှိရသလို နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ပူးပေါင်းပါဝင်မှုလည်း အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ၁၀ စုနှစ်ပေါင်းများစွာ ထိခိုက်နစ်နာဆုံးရှုံးမှုများကိုလည်း ကယ်တင်ကုသပေးနိုင်ပြီး မိမိတို့ မျိုးဆက်များအတွက် အဂတိကင်းတဲ့ လူ့ဘောင်ကိုလည်း ထူထောင်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစောက ကျွန်တော်တင်ပြခဲ့သလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနှင့်ကော ပြန်လည်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေမှုများမှ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများမှလည်း တင်ပြတိုင်ကြားစာများ ပေးပို့ထားမှုအပေါ် မည်သည့်အကြောင်းပြချက်မရရှိဘဲ မည့်သည့်အခြေအနေနှင့် ဖြေရှင်းဆောင်ရွက်နေမှုများကို ပွင့်လင်းမြင်သာစွာ သိချင်နေကြသလို ကော်မရှင်အနေဖြင့်လည်း မည်သို့ဆောင်ရွက်နေသည်ကို ပြည်သူများမှလည်း သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

(၁) ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တဲ့တိုင်ကြားစာ အရေအတွက် မည်မျှရှိသနည်း။

(၂) ရောက်ရှိလာတဲ့ အမှုတွဲများကို စိစစ်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်အမှုတွဲ မည်မျှရှိသနည်း။

(၃) နိုင်ငံ့ဝန်ထမ်းများအပေါ် တိုင်ကြားသည့် ရာခိုင်နှုန်းနှင့် ပြည်သူ့ဝန်ထမ်းများအပေါ် တိုင်ကြားသည့် ရာခိုင်နှုန်း မည်မျှရှိသနည်း။

(၄) ယနေ့ထိ တရားစွဲအရေးယူရန် ဆောင်ရွက်ခဲ့သည့် အမှုအရေအတွက် မည်မျှနည်းတို့ပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ မေးမြန်းလာသည့် ရှမ်းပြည်နယ်

အတွင်းရှိ ပြည်သူများမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တိုင်ကြားခဲ့သည့် တိုင်ကြားစာများနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ဆက်လက်ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တိုင်ကြားခဲ့သည့် တိုင်ကြားစာများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသည့် အမှုအရေအတွက်မှာ ၂၀၀၈ ခုနှစ်မှ ယနေ့ချိန်အထိ တိုင်ကြားစာ ၄၁ စောင်ရှိပါတယ်။ တိုင်ကြားစာများအပေါ် စိစစ်ပြန်ကြားပြီး ၃၆ စောင် ရှိတဲ့အတွက် ပြန်ကြားရန် ကျန် ၅ စောင်မှာလည်း စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်ကြားစာများတွင် နိုင်ငံ့ဝန်ထမ်းများအပေါ် တိုင်ကြားသည့်အရေအတွက် ၁ ဦးနှင့် ပြည်သူ့ဝန်ထမ်းအပေါ် တိုင်ကြားသည့်အရေအတွက် ၁ ဦးသာရှိ၍ တိုင်ကြားခံရသူ နိုင်ငံ့ဝန်ထမ်း ၁ ဦးအား သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ အမိန့်ကြော်ငြာစာဖြင့် နယ်ရွှေ့ပြောင်းတာဝန်ချထားခဲ့ပါကြောင်းနှင့် ပြည်သူ့ဝန်ထမ်း ၁ ဦးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်မှ နောင်တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် သတိပေး မှာကြားခဲ့ပြီး ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီး၊ ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီပဲ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း အခြေခံပညာ ကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား အစိုးရမှ ပြဋ္ဌာန်းပုံနှိပ်စာအုပ် ထုတ်ပေးရေးနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အကျယ်အဝန်း၏ ၂၃% ခန့်ရှိပြီး တိုင်းရင်းသားပေါင်းစုံ အတူတကွ မှီတင်းနေထိုင်သော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့ပါတယ်။ လွတ်လပ်ရေး ရရှိပြီးသည့်နောက်မှာ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့သည်မှာ နှစ်ပေါင်း (၇၀)ခန့် ရှိခဲ့ပါပြီ။ ပြည်တွင်းစစ်မီး၊ စစ်ဒဏ်ကို ရှမ်းပြည်နယ်က အများဆုံးခံနေရသည် ကိုလည်း အားလုံးအသိပင် ဖြစ်ပါတယ်။ ထိုစစ်မီးစစ်ဒဏ်ကြောင့် ရှမ်းပြည်နယ်သည် ဖွံ့ဖြိုးရေးတိုးတက်မှု နှေးကွေးခဲ့သလို ပညာရေးကဏ္ဍတွင်လည်း ပြည်မများနှင့် နှိုင်းစာလျှင် အရမ်းနှိမ့်ကျနေသည် ကိုလဲ သတိချပ်သင့်ပါတယ်။

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ(၂၂)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအခန်း(၂) ပုဒ်မ(၃) ပိုဒ်ခွဲ(ဂ)တွင် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟူ၍လည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

တိုင်းရင်းသားဘာသာစာပေများကို သင်ကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းတိုင်းရင်းသားဘာသာပြဋ္ဌာန်း ပုံနှိပ်စာအုပ်များကို ထုတ်ဝေပေးခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တို့တွင် ပုံနှိပ်စာအုပ်များကို ထုတ်ဝေပေးခြင်း မပြုတော့သောကြောင့် ကျောင်းသူ၊ ကျောင်းသားများဟာ (၂)နှစ်(၃)နှစ် လက်ဆင့်ကမ်း၍ ကိုင်တွယ်ဖတ်ရှုနေရသောကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ သိန္နီမြို့နယ်တွင် တိုင်းရင်းသားဘာသာ စာပေသင်ကြားသည့် စာသင်ကျောင်းပေါင်း (၄၄) ကျောင်း၊ ရှမ်းတိုင်းရင်းသားဘာသာ စာပေသင်ကြားသည့် ကျောင်းသူ/ကျောင်းသားဦးရေ စုစုပေါင်း(၂၈၃၆)ဦး၊ လားဟူတိုင်းရင်းသားဘာသာစာပေသင် ကျောင်းသူ/ကျောင်းသားပေါင်း (၁၅၆)ဦး၊ ပလောင်တိုင်းရင်းသားဘာသာစာပေသင် ကျောင်းသူ/ကျောင်းသား(၃၅)ဦး၊ လော်ဝေါ်တိုင်းရင်းသားဘာသာစာပေသင် ကျောင်းသူ/ ကျောင်းသားပေါင်း (၇၀)ဦး၊ ဂျိမ်းဖောတိုင်းရင်းသားဘာသာစာပေသင် ကျောင်းသူ/ ကျောင်းသားပေါင်း (၁၅)ဦး၊ တိုင်းရင်းသားဘာသာ စာပေသင်ကျောင်းသား စုစုပေါင်း (၃၁၁)ဦးနှင့် တိုင်းရင်းသားဘာသာစာပေသင်(Laguage Teacher) ရှမ်း(၇)ဦး၊ Teaching Assiatant (၃၃)ဦး၊ လားဟူ TA (၂)ဦး၊ ပလောင် TA (၁)ဦး၊ လော်ဝေါ် TA (၁)ဦး၊ ဂျိမ်းဖော TA (၃) ဦးတို့ဖြင့် တိုင်းရင်းသားဘာသာစာပေများကို သင်ကြားလျက်ရှိပါတယ်။

ထို့ကြောင့် မေးမြန်းလိုသည်မှာ တိုင်းရင်းသားဘာသာစာပေသင် ကျောင်းသား/ကျောင်းသူများကို နိုင်ငံတော်မှ ပြဋ္ဌာန်းပုံနှိပ်စာအုပ်များကို ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ်

ဆက်လက်ထုတ်ဝေပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိသည်ဆိုပါက မည်သည့် စာသင်နှစ်တွင် ထုတ်ဝေပေးမည်နည်းနှင့် မရှိပါက အဘယ်ကြောင့်နည်းစသည်တို့ကို သိရှိလိုပါသဖြင့် တိုင်းရင်းသားများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီရဲ့ အခြေခံပညာကျောင်း များတွင် တိုင်းရင်းသားဘာသာစာပေများကို သင်ကြားရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းပုံနှိပ် စာအုပ်များကို ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ် ဆက်လက်ထုတ်ဝေပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားဘာသာ ပြဋ္ဌာန်းပုံနှိပ်စာအုပ်များနှင့် ပတ်သက်၍ ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် ဖြန့်ဝေနိုင်ရန်အတွက် တိုင်းရင်းသားဘာသာစာပေဦးစီးဌာနမှ အခြေခံ ပညာဦးစီးဌာန(ရုံးချုပ်)မှတစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ချုပ် T.A ဆရာ/ ဆရာမနှင့် Grade အလိုက် ကျောင်းသား/ ကျောင်းသူစာရင်းများကို တောင်းခံပြီး တိုင်းရင်းသားဘာသာစာပေဦးစီးဌာနသို့ ပေးပို့လျက်ရှိပါတယ်။

တိုင်းရင်းသားဘာသာ ပြဋ္ဌာန်းပုံနှိပ်စာအုပ်များကို ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစာပေဦးစီးဌာနမှ ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီမြို့နယ်မှ ရှမ်းတိုင်းရင်းသားဘာသာစာပေသင် T.A ၃၃ ဦး၊ လားဟူ တိုင်းရင်းသားဘာသာစာပေသင် T.A ၂ ဦး၊ ပလောင်တိုင်းရင်းသားဘာသာစာပေသင် T.A ၁ ဦး၊ ကချင်တိုင်းရင်းသားဘာသာစာပေသင် T.A ၃ ဦး၊ လော်ဝေါ်တိုင်းရင်းသားဘာသာစာပေသင် T.A ၁ ဦး၊ စုစုပေါင်း T.A ၄၀ ဦးဖြင့် တိုင်းရင်းသားဘာသာစာပေကို သင်ကြားပေးလျက်ရှိပြီး သင်ကြားနေသော ကျောင်းသား/ ကျောင်းသူ ဦးရေမှာ ရှမ်းတိုင်းရင်းသားဘာသာ ၂၄၇၀ ဦး၊ လားဟူတိုင်းရင်းသားဘာသာ ၁၆၅ ဦး၊ ပလောင်တိုင်းရင်းသားဘာသာ ၃၅ ဦး၊ ကချင် တိုင်းရင်းသားဘာသာ ၇၈ ဦး၊ လော်ဝေါ်တိုင်းရင်းသားဘာသာ ၁၅ ဦး၊ စုစုပေါင်း ၂၇၆၃ ဦး ရှိပါကြောင်း ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)၊ လားရှိုးမြို့၏ ၆- ၁၂- ၂၀၁၉ ရက်စွဲပါစာအမှတ်၊ စိတ်(၃) / ၃၀၁၅ / တရသ(၁၉)ဖြင့် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လယ်ပိုင်းအစည်းအဝေးကို နေ့လယ်(၁၃:၃၀)နာရီ အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ပထမနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၆ ရက်

[တနလင်္ဂနေ့]

နေ့လယ်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါ ရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး တော့မှ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အစီအစဉ်အရ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောက်ပါ အတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။

ရှမ်းပြည်နယ်တွင် ဆည်မည်မျှရှိပြီး၊ အဆိုပါဆည်များမှ တောင်သူလယ်သမားများ သီနှံများ စိုက်ပျိုးနိုင်စေရန်အတွက် ဧကပေါင်းမည်မျှကို ရေပေးဝေပြီး၊ အခွန်အခမည်မျှရရှိ၍ မည်သို့စီမံခန့်ခွဲ ဆောင်ရွက်ကြောင်းနှင့် မည်သည့်ဆည်သည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်၍၊ အခွန်အခများကို မည်သို့စီမံဆောင်ရွက်ပေးသည်ကို အများပြည်သူသိရှိရန် အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစား အပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်တွင် ဆည်မည်မျှရှိပြီး၊ အဆိုပါဆည်များမှ တောင်သူ လယ်သမားများအတွက် ဧကပေါင်းမည်မျှကို ရေပေးဝေကြောင်း၊ အခွန်အခမည်မျှရ ကြောင်းနှင့် မည်သည့်ဆည်များသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ အခွန်အခများကို မည်သို့ စီမံဆောင်ရွက်ပေးသည်ကို သိရှိလိုပါသည်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်/ ကန် ထိန်းသိမ်းထားသည့် ဆည်/ ကန် ပေါင်း ၄၂ ခုရှိပါတယ်။ တောင်သူလယ်သမားများ အတွက် စိုက်ဧက ၄၆၃၅၇ ဧကကို ရေပေးဝေလျက်ရှိပါကြောင်းနှင့် ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရေခွန်၊ လျှပ်စစ်တွေကတော့ ကျပ် ၃၄,၈၀၈,၃၂၇.၅၀ပြား ကောက်ခံ ရရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်း ထားသည့် ဆည်/ ကန်/ ရေလှောင်တမံများအနက် ဇော်ဂျီရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားတွေကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အား

ပို့လွှတ်ပြီး ရှမ်းပြည်နယ်မှာပင် နိုင်ငံတော်တစ်ဝှမ်းလုံးကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။

လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများထံမှ ကောက်ခံရရှိတဲ့ လျှပ်စစ်ဓာတ်အားခကောက်ခံရငွေများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှတစ်ဆင့် ပြည်ထောင်စု/ ပြည်နယ်အစိုးရအဖွဲ့ အသီးသီးအား ဘဏ္ဍာရန်ပုံငွေခွဲဝေချထားလျက် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်းအနေဖြင့် တင်ပြရမယ်ဆိုရင် တရားဥပဒေစိုးမိုးရေးအတွက် ရှမ်းပြည်နယ်တွင် ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေသည် အာဏာသက်ရောက်ခြင်း ရှိ/ မရှိ၊ ရှိပါက ရဲအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူထံလက်ဝယ်ရောက်ရှိအောင်နှင့် ပညာပေးဟောပြောပွဲများကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား သဘောရိုးဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှ မေးမြန်းလာသည့် ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးအတွက် ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေသည် အာဏာသက်ရောက်ခြင်း ရှိ/ မရှိနှင့် ပညာပေးဟောပြောပွဲများကို မည်သို့စီမံဆောင်ရွက်ပေးမည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၁၉၄၅ ခုနှစ် ရဲအက်ဥပဒေသည် ပုဒ်မ ၃၄ မှ ၄၁ထိ အရေးယူနိုင်သော ဒေသများအဖြစ် တောင်ကြီးမြို့၊ ကလောမြို့၊ လားရှိုးမြို့၊ လွိုင်လင်မြို့၊ လွယ်မွေမြို့၊ နမ္မတူမြို့များတွင် အာဏာသက်ရောက်မှုရှိကြောင်း ဖော်ပြထားသဖြင့် အဆိုပါ ၆ မြို့တွင်သာ ရဲအက်ဥပဒေဖြင့် အရေးယူဆောင်ရွက်ပြီး ကျန်မြို့နယ်များတွင် ရဲအပ်ဥပဒေအရ အရေးယူခြင်းမရှိပါ။

၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ ပြဋ္ဌာန်းချက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူထံ လက်ဝယ်ရောက်ရှိအောင် သက်ဆိုင်ရာ ဥပဒေရုံးများမှ တောင်းယူဖတ်ရှုလေ့လာနိုင်သည့်အပြင် လစဉ်မြို့နယ်အလိုက် မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲများ၊ မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ ဟောပြောပွဲများတွင် ထည့်သွင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက တတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ တတိယမေးခွန်းကို ဆက်လက်တင်ပြရမယ်ဆိုရင် **၂၀၁၉** ခုနှစ် ဇူလိုင်လ (၂၄)ရက်နေ့က လူတိုင်းအကျိုးဝင်ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ **၂၀၁၈-၂၀၁၉** ပညာသင်နှစ်တွင် ကချင်၊ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်ရှိ အခြေခံကျောင်းများ၌ မသန်စွမ်းမူလတန်းကျောင်းသားတစ်ဦးအား တစ်လကို **၅၀၀၀/-**၊ အလယ်တန်းကျောင်းသားတစ်ဦးအား တစ်လကို ၈၀၀၀/-၊ အထက်တန်းကျောင်းသားတစ်ဦးအား တစ်လကို ၁၀၀၀၀/-(၁၀)လအတွက် အသီးသီးထောက်ပံ့ခဲ့ကြောင်း ပြောခဲ့သဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် **၂၀၁၉- ၂၀၂၀** ပညာသင်နှစ်၌ ပညာသင်ကြားနေသော မသန်စွမ်းကျောင်းသူ/ကျောင်းသားများအား ငွေကြေးထောက်ပံ့ခြင်းကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား သဘောရိုးဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)

ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးတွင် ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်၌ ပညာသင်ကြားနေသော မသန်စွမ်းကျောင်းသား/ ကျောင်းသူများအား ငွေကြေးထောက်ပံ့ခြင်းကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဗဟာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ လူမှုဝန်ထမ်းရုံး အနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် မီနီဘတ်ဂျက် ဖြင့် မသန်စွမ်းသူ **၄၃၀၅** ဦးအား တစ်ဦးလျှင် ကျပ် **၃၀,၀၀၀/-** နှုန်းဖြင့် ကျပ်**၁၂၉.၁၅** သန်း ထောက်ပံ့ပေးခြင်း၊ တိုက်ပွဲရှောင်မသန်စွမ်း **၁၆၃** ဦးအား တစ်ဦးလျှင် ကျပ် **၁၀၀,၀၀၀/-**နှုန်းဖြင့် ကျပ်**၁၆.၃** သန်းထောက်ပံ့ပေးခြင်းနှင့် ရွာငံမိုးသီးကြွေကျ သဘာဝဘေးအန္တရာယ်ခံစားရသည့် မသန်စွမ်းသူ **၄** ဦးအား တစ်ဦးလျှင် ကျပ် **၃၀,၀၀၀/-**နှုန်းဖြင့် ကျပ် ၁.၂ သိန်း ထောက်ပံ့ပေးမှုများပြုလုပ်ပေးခဲ့ပါတယ်။ သို့ရာတွင် မသန်စွမ်းသူ မူလတန်းကျောင်းသား၊ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသားများအတွက် လစဉ်ထောက်ပံ့ပေးသည့် အစီအစဉ် ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးအနေဖြင့် လက်တလောမရှိသေးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်တွင် တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ် အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ကျွန်မ တင်သွင်းမည့်အဆိုကတော့ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်ရှင်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့်လူမျိုးများနှင့် အရေအတွက်များပြားလှသည့် လူမျိုးစုများ စုပေါင်းနေထိုင်ရာ တိုင်းပြည် (Multi National State) ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန့်ရှည်စွာ တည်တံ့ရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုလူမျိုးနှင့် လူမျိုးစုတို့ တစ်ဦးနှင့်တစ်ဦး အချင်းချင်း ရိုင်းပင်းကူညီ၊ ဥမကွဲသိုက်မပျက်၊ စည်းစည်းလုံးလုံးနှင့် အေးအတူပူအမျှ၊ ညီရင်းအကို များသဖွယ် ပူးပေါင်းဆောင်ရွက်ရေးပေါ်တွင် မူတည်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များသည် အဓိကတာဝန်ကြီး (၃)ရပ်ကို ထမ်းဆောင်နေကြသူများ ဖြစ်ပါတယ်။ ဥပဒေပြုမဏ္ဍိုင်မှ တာဝန်ရှိသူများဖြစ်၍ Law Maker များဖြစ်သလို ကျန်လုပ်ငန်း တာဝန်(၂)ရပ်မှာ Representation နှင့် Oversight လုပ်ခြင်း တာဝန်များကို ထမ်းဆောင်ရပါတယ်။ ပြည်သူတို့၏ အသံများကိုလည်း လိုအပ်သလို လွှတ်တော်တွင် အဆို (သို့မဟုတ်) မေးခွန်းတို့ဖြင့် ဖော်ဆောင်ရပါသေးတယ်။

လုံခြုံရေးကဏ္ဍကို ဆွေးနွေးတင်ပြရလျှင် ရှမ်းမြောက်ဒေသတွင် ဇူလိုင်လမှစ၍ ဖြစ်ပွားနေသော တိုက်ပွဲများကို သုံးသပ်ကြည့်မည်ဆိုလျှင် မြို့တွင်းထိ လက်နက်ကိုင် တပ်ဖွဲ့များက ဝင်ရောက်ခြင်း၊ ဥပမာ- အောက်တိုဘာလ ၉ ရက်နေ့၌ သိန္နီမြို့လယ်ခေါင်တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများသည် လုံခြုံရေးစည်းမရှိခြင်းကြောင့်ပင်ဖြစ်ပါတယ်။ အပြစ်မဲ့ပြည်သူ ၇ ဦးက ထိခိုက်ဒဏ်ရာရပြီး၊ လူနေအိမ် ၁၃ လုံး၊ အိမ်စီးကား ၂စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၁ စီး၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ကျပ်သိန်း ၂၅၀ ခန့် ဆုံးရှုံးခဲ့ရပါတယ်။ သိန္နီမြို့မှာပဲ အောက်တိုဘာ ၁၁ ရက်နေ့ ရပ်ကွက် ၃ တွင်လည်း သံသယဖြစ်ဖွယ်ဟု ယူဆပြီး ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၂ ဦး ထပ်မံထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ သိန္နီမြို့တွင်း ထိခိုက်ပစ်ခတ်မှုကြောင့် တပ်မတော်သား ၃ ဦး နိုင်ငံတော်အတွက် အသက်ပေးဆပ်ခဲ့ရသည်ကိုလည်း မိသားစုနှင့် ထပ်တူဝမ်းနည်းရသလို တိုင်းပြည်အတွက် ဂုဏ်ယူမိပါ

ကြောင်းနှင့် ဒဏ်ရာရ စစ်သည်တော်များအတွက်လည်း စိတ်မကောင်းဖြစ်မိပါကြောင်း တင်ပြအပ်ပါတယ်။

လူတစ်ဦးတစ်ယောက်စီ၏ လုံခြုံရေး၊ ရပ်ကွက်ကျေးရွာမှသည်မြို့နယ်အဆုံး လုံခြုံမှု မရှိခြင်းကြောင့် မိမိနေအိမ်တွင်း ဘုရားရှိခိုးနေစဉ်၊ အိမ်အလုပ်လုပ်နေစဉ်တွင်ပင် လက်နက်ကြီးကျည်စများ ထိခိုက်၍ ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးရခြင်းတို့ ဖြစ်ပွားနေသောကြောင့် ပြည်သူများမှာ “ကျီးလန့်စာစား” သကဲ့သို့ ကြောက်စိတ်၊ စိုးရိမ်စိတ်များဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ရင်း နေထိုင်နေကြရပါတယ်။ ယခုဖြစ်စဉ်များကို သုံးသပ်ရလျှင် ခြံစည်းရိုးမရှိသည့် အိမ်ကဲ့သို့ အချိန်မရွေး ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် ဖြစ်နေပါတယ်။

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကဏ္ဍကို သုံးသပ်တင်ပြရလျှင် ခိုးဆိုးလုယက်မှုများ၊ တောင်းရမ်းစားသောက်သူများ ပိုမိုများပြားလာခြင်း၊ မုဒိန်းမှုများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ စီးနင်းအသုံးပြုခြင်းနှင့် လူသတ်မှုများသည် နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိသည်ကို ကိုယ်တွေ့သော်လည်းကောင်း၊ သတင်းနှင့် Social Media များမှသော်လည်းကောင်း နေ့စဉ်နှင့်အမျှ ကြားသိနေရသည်မှာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းကြောင့်ပင် ဖြစ်ပါတယ်။ ထို့ကြောင့် ရပ်ရွာအေးချမ်းသာယာရေးကို အဓိကထိခိုက်နေခြင်းပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်လွတ်တော်နှင့် အမျိုးသားလွတ်တော်တို့တွင် လောင်းကစားဝိုင်း၊ မူးယစ်ဆေးဝါးတို့နှင့်စပ်လျဉ်းပြီး အဆိုအတည်ဖြစ်ပြီးသော်လည်း အရေးယူမှု မရှိခဲ့သောကြောင့် လောင်းကစားဝိုင်းနှင့် ငါးမန်းဂိမ်းများကိုလည်း တရားဝင်ကစားလို့ ရပြီဆိုပြီး Lashio News တွင် တင်ထားသည့် လောင်းကစားဝိုင်းများ ဖမ်းဆီးပေးရန်ဆိုပြီး လားရှိုးသူ အကောင့်ဖြင့် လားရှိုးဟစ်တိုင်တို့တွင် နိုဝင်ဘာလ (၉)ရက်နေ့၌ တင်ထားပြီး ကျွန်မကိုလည်း Messenger မှတစ်ဆင့် ပေးပို့ခဲ့ပါတယ်။ ဤကဲ့သို့ လုပ်ရပ်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပါတယ်။ ဤဖြစ်ရပ်များကို သုံးသပ်ရလျှင် ထိရောက်သည့် ဟန့်တားမှုနှင့် ပြစ်ဒဏ်များမရှိသည့်အတွက် ဥပဒေကို သိသိကြီးနှင့် ချိုးဖောက်နေခြင်းပင် ဖြစ်ပါတယ်။ ဘာကြောင့် အရေးယူ ဆောင်ရွက်မှု အားနည်းနေလဲဆိုတာကို ပြည်သူလူထုတွေက မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ကျွန်မတို့ Law Info Emergency တွေ အလုပ်မလုပ်လို့လားဆိုသည့် မေးခွန်းတွေလဲ မေးစရာ အကြောင်းရင်းတွေ ဖြစ်လာပါတယ်။

ဒါကြောင့် ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့် လွှတ်တော်ဖြစ်သောကြောင့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူလူထုအတွက် **"တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုအား ရှမ်းပြည်နယ် လွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထောက်ခံပေးကြပါရန် လွှတ်တော် ကိုယ်စားလှယ်များအား လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ တင်သွင်းသော အဆိုဖြစ်သည့် **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ် အစိုးရအနေဖြင့် စီမံချက် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်း ကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ အားလုံးကို လေးစားပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဒေါ်နန်းခင်ထားရီရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၇ ရက် (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံး ထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ် (၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ (ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ် သဘာဝ ရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) (၁၃.၂.၂၀၁၉)ရက်၌ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၅.၄.၂၀၁၉) ရက်နေ့၊ (၄.၇.၂၀၁၉) ရက်နေ့၊ (၇.၇.၂၀၁၉)ရက်နေ့နှင့် (၂၀.၁၁.၂၀၁၉)ရက်နေ့တို့တွင် ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်သစ်တောဦးစီးဌာန၊ ပြည်နယ်သစ်တောဦးစီးဌာန (ရေဝေရေလဲ)၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနတို့မှ တာဝန်ရှိသူများသည် အဆိုပါ ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ(၄)၊ အပိုဒ်(၄)နှင့်အညီ ရှမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)(၁၃.၂.၂၀၁၉)ရက်၌ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်က တင်သွင်းခဲ့ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း(၁၀)ခန်း၊ ပုဒ်မပေါင်း (၃၂)ခုပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထား

သော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းကို စာမျက်နှာအလိုက် တင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီကနေပြီးတော့မှ အမှတ်စဉ် တစ်ခုချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁)ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ် အတွင်းရှိ သဘာဝရေထွက်တော၊ ရေထိန်းတောများဖြစ်သည့် သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေး၊ စနစ်တကျ ထိန်းသိမ်းကာကွယ်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ)အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဂ)အဖြစ် ဝန်ကြီးဌာနဆိုသည်မှာ ရှမ်းပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဂ)ကို ပုဒ်မ ၂(ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င)အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီးဆိုသည်မှာ ရှမ်းပြည်နယ်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကိုဆိုသည် ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂ (ဃ) ကို ပုဒ်မ ၂ (စ) အဖြစ်၊ ပုဒ်မ ၂ (င) ကို ပုဒ်မ ၂ (ဆ) အဖြစ်၊ ပုဒ်မ ၂ (စ) ကို ပုဒ်မ ၂ (ဇ) အဖြစ်၊ ပုဒ်မ ၂ (ဆ) ကို ပုဒ်မ ၂ (ဈ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁)မှ(၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (စ) အဖြစ် ဦးစီးဌာနဆိုသည်မှာ ပြည်နယ်သစ်တောဦးစီးဌာနနှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဆ)အဖြစ် ညွှန်ကြားရေးမှူးဆိုသည်မှာ ပြည်နယ်သစ်တောဦးစီးဌာန နှင့် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ၂(ဇ)အဖြစ် သစ်တောဝန်ထမ်းဆိုသည်မှာ တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာန၏ အဆင့်ဆင့်သော စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ထမ်းကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဈ)အဖြစ် ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေး ကော်မတီ အဆင့်ဆင့်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ မူလအခန်း(၁)၊ ပုဒ်မ ၂ (ဇ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဈ) ကို ပုဒ်မ ၂(ည)အဖြစ်၊ ပုဒ်မ ၂(ည) ကို ပုဒ်မ ၂(ဋ္ဌ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၇)မှ(၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇) မှ (၁၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ တင်ပြခွင့်ပြုပါခင်ဗျား။ အမှတ်စဉ်(၇)နဲ့ အမှတ်စဉ်(၈)ကတော့ ဒီဥပဒေနှင့် ပတ်သက်ပြီး တာဝန်ခံဌာန ဆောင်ရွက်မဲ့ဌာနကို တာဝန်ပေးနိုင်ဖို့ရန်အတွက် အမည်နှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ စောစောက အစည်းအဝေး မစခင်မှာ မူလဥပဒေကြမ်းတင်သွင်းသူ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းထွန်းဉာဏ်နှင့် ဆွေးနွေးတဲ့အခါမှာ မူလအဆိုပြုချက်ဖြစ်တဲ့ သစ်တောဦးစီးဌာန တစ်ခုထဲကိုပဲ ထားရှိဖို့၊ ညွှန်ကြားရေးမှူးကိုလည်း၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး တစ်ယောက်ထဲကိုပဲ ထားရှိဖို့နဲ့ ဌာန(၂)ခု၊ ညွှန်ကြားရေးမှူး (၂)ယောက်ကို ထည့်သွင်းထားမယ်ဆိုရင် လက်တွေ့လုပ်ငန်းဆောင်ရွက်တဲ့ အချိန်မှာ ဖြစ်စေ၊ လက်တွေ့ ညွှန်ကြားချက်များ ထုတ်ပြန်တဲ့အချိန်မှာ ဖြစ်စေ၊ နည်းဥပဒေပြဋ္ဌာန်းတဲ့ အချိန်မှာ ဖြစ်စေ၊ လုပ်ပိုင်ခွင့်များ ရှုပ်ထွေးပြီးတော့ အခက်အခဲဖြစ် နိုင်တဲ့အတွက် မူလအဆိုပြုချက်အတိုင်း ထားရှိဖို့ ကျွန်တော့်အနေနဲ့ အမှတ်စဉ် (၇)၊ အခန်း(၁)၊ ပုဒ်မ၂(စ)နှင့် အမှတ်စဉ် (၈)၊ အခန်း(၁)၊ ပုဒ်မ၂(ဆ) မူလအဆိုပြုချက်အတိုင်း ထားရှိဖို့ရန်အတွက် တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇)၊(၈)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်ကို ကန့်ကွက်၍ မူလအဆိုပြုချက်တိုင်း ထားရှိရန် တင်ပြသွားပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော် ဆန္ဒရယူတဲ့အခါမှာ စက်ခလုတ်က အနည်းငယ် ချို့ယွင်းတဲ့အတွက် မတ်တပ်ရပ်တဲ့ စနစ်နဲ့ပဲ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အမှတ်စဉ် (၇)၊(၈)နှင့်ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။ ပြင်ဆင်ချက်ကို သဘောတူပါက မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် (၇)ဦးရှိပါတယ်။ ကျန်သည့် လွှတ်တော်ကိုယ်စားလှယ်များကတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောမတူဟုယူဆရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမှတ်စဉ် (၇)၊(၈)ဟာ မူလအဆိုပြုချက်ကိုပဲ အတည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၉)၊ (၁၀)၊ (၁၁)၊ (၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၁၃)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဋ)အဖြစ် ကြားခံနယ်မြေ ဧရိယာဆိုသည်မှာ သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာပြင်ပရှိ ရေထွက်တော၊ ရေထိန်းတောကို အထောက်အပံ့ပြုစေရေး အတွက် ဤဥပဒေအရ သတ်မှတ်ထားသော ဧရိယာအကျယ်အဝန်းကိုဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၄)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဌ)အဖြစ် ဂေဟစနစ် ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကိုဆိုသည် ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၅)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(က)အဖြစ် သဘာဝရေ ထွက်တော၊ ရေထိန်းတော အပါအဝင် ၎င်းပတ်ဝန်းကျင်ရှိ ရေထွက်ခြင်းကို အထောက်အပံ့ပြုနေသော သစ်တော၊ သစ်ပင်များနှင့်ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၁၆)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(ခ)အဖြစ် လူသားတို့၏ ရာသီသီးနှံ စိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ လူနေအိမ် အဆောက်အအုံများ တိုးချဲ့ခြင်း၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် လူသားတို့၏ ပယောဂကြောင့် သဘာဝရေအရင်းအမြစ်များ ယုတ်လျော့ခြင်း၊ ပျက်စီးခြင်းမှ ကာကွယ်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၇)ဖြစ်ပါတယ်။ အခန်း(၃)ခေါင်းစဉ်အဖြစ် ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၈)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(က)အဖြစ် ပြည်နယ်အတွင်းရှိ တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်နှင့် မြို့နယ်များတွင် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးကော်မတီကို ဖွဲ့စည်းပေးရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၉)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ခ)အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်နှင့် မြို့နယ်သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) တိုင်း သို့မဟုတ် ဒေသဦးစီး၊ ဥက္ကဋ္ဌ
ခရိုင်၊မြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အဖွဲ့ဝင်
ခရိုင်၊ မြို့နယ်ဦးစီးမှူး၊
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(၃) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အဖွဲ့ဝင်
ခရိုင်၊ မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန

(၄) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အဖွဲ့ဝင်
ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ဖွဲ့မှူးရုံး

(၅) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အဖွဲ့ဝင်
ခရိုင်၊မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၆) ရပ်မိ၊ရပ်ဖကိုယ်စားလှယ်များ အဖွဲ့ဝင်များ
(ဒေသခံလူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ် ၄ ဦး)

(၇) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အတွင်းရေးမှူး(၁)
ခရိုင်၊မြို့နယ်ဦးစီးမှူး၊ သစ်တောဦးစီးဌာန

(၈) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အတွင်းရေးမှူး(၂)
ခရိုင်၊မြို့နယ် ဦးစီးမှူး၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၀)ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄ (ဂ)ကို ပုဒ်မ ၅(က)အဖြစ် ၊ ပုဒ်မ ၅ ကို ပုဒ်မ ၅(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၂၁)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅ (က)အဖြစ် ပြည်နယ်ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီဝင်များကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၂)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅ (ခ)အဖြစ် ကော်မတီ၏ သက်တမ်းသည်အစိုးရအဖွဲ့ သက်တမ်းနှင့်အညီဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၃)မှ(၂၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၃)မှ(၂၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၂၃)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၆(က)(ခ)(ဂ)(ဃ)(င)နှင့် (စ) အဖြစ်

(က) ကျေးလက်ဒေသရှိ သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းကို အောက်ခြေအထိ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီကို ထပ်ဆင့်ဖွဲ့စည်းပေးရမည်။

(ခ) ဤဥပဒေအရ သဘာဝရေထွက်တော၊ ရေထိန်းတောနှင့်ဆိုင်သော ဧရိယာအတွက် သစ်တောဥပဒေနှင့်အညီ ယခင်ရှိခဲ့သော အနေအထားအပေါ် အခြေခံ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သတ်မှတ်ပေးရမည်။

(ဂ) သဘာဝရေထွက်တော၊ ရေထိန်းတောသဘာဝရေအရင်းအမြစ် ပိုမိုအထောက်အပံ့ဖြစ်စေရန် သဘာဝရေထွက်တော၊ ရေထိန်းတော အရွယ်အစားပေါ်မူတည်ပြီး ကြားခံနယ်မြေဧရိယာကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ပေးရမည်။

(ဃ) သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာ၊ ကြားခံနယ်မြေဧရိယာအတွင်း ကျရောက်သော အဆောက်အအုံများ တိုးချဲ့ခြင်းမရှိစေရေးနှင့် စိုက်ပျိုးမြေများကို နှစ်ရှည်ပင်၊ ဥယျာဉ်ခြံများအဖြစ် ပြောင်းလဲစိုက်ပျိုးရန် ကြိုးကြပ်ရမည်။

(င) သဘာဝရေထွက်တော၊ ရေထိန်းတော ထိခိုက်ပျက်စီးသည်ဟု တိုင်ကြားလာပါက ကွင်းဆင်းစစ်ဆေးပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(စ) သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာနှင့် ကြားခံနယ်မြေဧရိယာများတွင် နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပျိုးပင်များ၊ နည်းပညာများကို ဦးစီးဌာနနှင့် ဆက်သွယ်ပြီး အကူအညီပေးရမည်။

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၄)ဖြစ်ပါတယ်။ အခန်း(၄) ခေါင်းစဉ်အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၃)မှ(၂၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၃)မှ(၂၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၂၅)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇ အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ်ကော်မတီသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ကော်မတီကို အဖွဲ့ဝင် (၇)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဥက္ကဋ္ဌ
အုပ်ချုပ်ရေးမှူး

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ အဖွဲ့ဝင်များ
အများကြည်ညိုလေးစားသူ(၃)ဦး

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဖွဲ့ဝင်
တာဝန်ကျ မြေတိုင်းစာရေး

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဖွဲ့ဝင်
တာဝန်ကျ စာရေး

(င) သစ်တောဦးစီးဌာနမှ အတွင်းရေးမှူး
နယ်မြေတာဝန်ခံ ဝန်ထမ်း

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၅)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များ အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၅)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၂၆)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၈ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့သက်တမ်းနှင့်အညီ ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၇)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၈)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ခ)အဖြစ် ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတောနှင့် သက်ဆိုင်သော ဇရိယာကို ယခင်ရှိခဲ့ဖူးသော အနေအထားအရ အများဆန္ဒနှင့်အညီ ဇရိယာသတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၉)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ဂ)အဖြစ် ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတော အထောက်အပံ့ဖြစ်စေရေးအတွက် သဘာဝရေထွက်တော၊ ရေထိန်းတော အရွယ်အစားပေါ်မူတည်ပြီး ယခင်ရှိခဲ့ဖူးသော အနေအထားကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ အများဆန္ဒနှင့်အညီ ကြားခံနယ်မြေဇရိယာ သတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၀)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ဃ)အဖြစ် ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတောအဖြစ် ထိန်းသိမ်းသင့်ကြောင်း တင်ပြလာပါက ကွင်းဆင်းစိစစ်ပြီး အများဆန္ဒနှင့်အညီ ဇရိယာသတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၆)မှ(၃၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၆)မှ(၃၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၃၁)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ငါ)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာနှင့် ကြားခံနယ်မြေဧရိယာတွင်း ကျရောက်သော အဆောက်အအုံများကို စိစစ်မှတ်တမ်းတင်ပြီး တိုးချဲ့မှုမပြု စေရေး စီမံကြပ်မတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၂)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(စ)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာနှင့် ကြားခံနယ်မြေဧရိယာအတွင်း တည်ရှိနေသော စိုက်ပျိုးမြေများကို နှစ်ရှည်ပင်၊ ဥယျာဉ်ခြံအဖြစ် ပြောင်းလဲစိုက်ပျိုးစေရန် စီမံဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၃)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ဆ)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာနှင့် ကြားခံနယ်မြေဧရိယာတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံများ ပြောင်းလဲစိုက်ပျိုး လုပ်ကိုင်ရာတွင် လိုအပ်သော ပျိုးပင်၊ နည်းပညာ အကူအညီများရရှိရန် မြို့နယ်၊ ခရိုင်ကော်မတီမှတစ်ဆင့် ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၄)ဖြစ်ပါတယ်။ အခန်း(၅) ခေါင်းစဉ်အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာနှင့်ကြားခံနယ်မြေဧရိယာသတ်မှတ်ခြင်းဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၅)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀(က)အဖြစ် မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီသည် သဘာဝရေထွက်များတည်ရှိရာ ပတ်ဝန်းကျင်ရှိ သစ်တော၊ တောအုပ် အစုများကို အရွယ်အစားပေါ်မူတည်၍လည်းကောင်း၊ ယခင်ရှိခဲ့ဖူးသော အနေအထားပေါ်မူတည်၍လည်းကောင်း၊ သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာ အဖြစ် အများဆန္ဒနှင့်အညီ သတ်မှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၁)မှ(၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၁)မှ(၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၃၆)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀(ခ)အဖြစ် မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတော အထောက်အပံ့ဖြစ်စေရေးအတွက် ရေထွက်တော အရွယ်အစားနှင့် ယခင်ရှိခဲ့ဖူးသော အနေအထားပေါ်မူတည်၍ အများဆန္ဒနှင့်အညီ ကြားခံနယ်မြေဧရိယာအဖြစ် သတ်မှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၇)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀(ဂ)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာနှင့် ကြားခံနယ်မြေဧရိယာ သတ်မှတ်ရာတွင် ဒေသခံပြည်သူများ၏ အများဆန္ဒနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို အခြေခံပြီး သတ်မှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၈)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၁ အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သဘာဝရေထွက်တော၊ ရေထိန်းတောနှင့် ကြားခံနယ်မြေဧရိယာအတွင်းတည်ရှိနေသော အဆောက်အအုံများ တိုးချဲ့မှု မပြုလုပ်စေရန်နှင့် စိုက်ပျိုးမြေများတွင် နှစ်ရှည်ဥယျာဉ်ခြံ စိုက်ပျိုးခြင်းလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၉)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၂(ခ) အဖြစ် အခြားစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၆)မှ(၃၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၆)မှ(၃၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၄၀)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၃ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီက ဤဥပဒေအရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မြို့နယ်ကော်မတီသို့ အယူခံနိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၁)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၄ အဖြစ် မြို့နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ခရိုင်၊ တိုင်း သို့မဟုတ် ဒေသဦးစီးကော်မတီသို့ အယူခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၂)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၅ အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၀)မှ(၄၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၀)မှ(၄၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၄၃)ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၁၆ ကိုပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၄၄)ဖြစ်ပါတယ်။ ပုဒ်မ ၁၇ ကို ပုဒ်မ ၁၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၄၅)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆ အဖြစ် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၆)ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၈ ကို ပုဒ်မ ၁၇ အဖြစ်၊ ပုဒ်မ ၁၉ ကို ပုဒ်မ ၁၈ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၁၉ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၀ အဖြစ်၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၁ အဖြစ်၊ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၄၇)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၁၇ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာအတွင်း တည်ရှိနှင့်ပြီးသော အဆောက်အအုံမှအပ ထပ်မံတည်ဆောက်ခြင်း၊ သဘာဝအတိုင်း ပေါက်ရောက်သော သစ်ပင်များခုတ်လှဲခြင်း၊ ဖျက်ဆီးခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၈)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၁၈ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာအတွင်း စိုက်ပျိုးမြေများ၊ မြေလွတ်၊ မြေလပ်များ ပါဝင်နေပါက စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၃)မှ(၄၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၃)မှ(၄၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၄၉)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၁၉ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ဇရိယာအတွင်း တည်ရှိနေသော စိုက်ပျိုး မြေ၊ မြေလွတ်၊ မြေလပ်များတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံများမှအပ ဂေဟစနစ်ကို ပျက်စီးစေသော အခြားစီမံခန့်ခွဲမှုမျိုးမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၀)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၀ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော ကြားခံနယ်မြေဇရိယာအတွင်း တည်ရှိနှင့်ပြီးသော အဆောက်အအုံမှအပ ထပ်မံတိုးချဲ့ တည်ဆောက်ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၁)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၁ အဖြစ် သတ်မှတ်ထားသော ကြားခံနယ်မြေဇရိယာအတွင်း စိုက်ပျိုးမြေ၊ မြေလွတ်၊ မြေလပ်များ ပါဝင်နေပါက စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၂)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၂ အဖြစ် သတ်မှတ်ထားသော ကြားခံနယ်မြေဇရိယာအတွင်း တည်ရှိနေသော စိုက်ပျိုးမြေ၊ မြေလွတ်၊ မြေလပ်များတွင် နှစ်ရှည်ပင်၊ ဥယျာဉ် ခြံများမှအပ အခြားစီမံခန့်ခွဲမှုမျိုး ပြုလုပ်ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၃)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်၊ ပုဒ်မ ၂၅ ကို ပုဒ်မ ၂၄ အဖြစ်၊ ပုဒ်မ ၂၆ ကို ပုဒ်မ ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၄၉)မှ(၅၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၉)မှ(၅၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၅၄)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၃ အဖြစ် မည်သူမဆို ပုဒ်မ ၁၇ နှင့် ၁၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို

ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၅)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ အဖြစ် မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၆)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၅ အဖြစ် မည်သူမဆို ပုဒ်မ ၂၀ ၊ ၂၁ နှင့် ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို (၃) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၇)ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၂၇ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၅၄)မှ(၅၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၄)မှ(၅၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၅၈)ဖြစ်ပါတယ်။ မူလအခန်း(၁၀) ပုဒ်မ ၂၈ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၅၉)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၉ ကို ပုဒ်မ ၂၆ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ၂၇ အဖြစ်၊ ပုဒ်မ ၃၁ ကို ပုဒ်မ ၂၈ အဖြစ်၊ ပုဒ်မ ၃၂ ကို ပုဒ်မ ၂၉ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၆၀)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၆ အဖြစ် တရားရုံးသည် ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ အရ ပြစ်မှုထင်ရှား စီရင်ရာတွင် သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်နိုင်သည့်အပြင် ရက်ပေါင်း(၃၀)အတွင်း ဆောင်ရွက်ရန် သို့မဟုတ် ဖျက်သိမ်းရန် အမိန့်ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၁)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၇ အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် သက်ဆိုင်ရာကော်မတီ သို့မဟုတ် ဦးစီးဌာနမှ ဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရား များကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများပေးရ မည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၂)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၈ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို သဘောရိုးဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်နေသော ကော်မတီ သို့မဟုတ် ဦးစီးဌာန ဝန်ထမ်းများအပေါ် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ အရေးယူခြင်း မရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၃)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၉ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက် များကို အကောင် အထည်ဖော်ဆောင်ရွက်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၈)မှ(၆၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၈)မှ(၆၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) (၁၃-၂-၂၀၁၉)ရက်နေ့၌ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဤဥပဒေတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးက တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းတဲ့ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းအပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းမှ တင်ပြသွားမှာ ဖြစ်ပါတယ်။

အပိုဒ်(၁) ဤဥပဒေကို “ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ” ဟု ခေါ်တွင်စေရမည်။

အပိုဒ်(၂) ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) (င) (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ်- "ပင်လုံဂုဏ်ရည်" ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ဆိုသည်မှာ ပုဒ်မခွဲ (င) နှင့် (စ) ဖော်ပြပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် စပ်လျဉ်းသည့် ကဏ္ဍတစ်ခုထက်ပိုမို၍ ထူးချွန်စွာ နှစ်စဉ် စဉ်ဆက်မပြတ် ရှမ်းပြည်နယ်၏ အကျိုးကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်နေသူ၊ နိုင်ငံတော်မှဘွဲ့၊ ဂုဏ်ထူးဆောင်ဆု၊ နိုင်ငံတကာမှ ချီးမြှင့်သော စွမ်းဆောင်မှုဆိုင်ရာဆု၊ အသက်နှင့်ခန္ဓာကိုယ်အစိတ်အပိုင်းကိုပင် စွန့်၍ ကိုယ်ကျိုးမဖက် ကြိုးပမ်းဆောင်ရွက်မှုပြုသူကို အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်း အဖြစ် ချီးမြှင့်သည့် ဆုပစ္စည်းတံဆိပ်ကိုဆိုလိုသည်ဟူ၍ ဖြည့်စွက်ရမည်။ မူလပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)၏ စိစစ်ရေးကော်မတီအား ပုဒ်မခွဲ (ဇ) အဖြစ် ပြင်ဆင်သတ်မှတ်ရမည်။

အပိုဒ်(၃) ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ အခန်း(၃)၊ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က နှင့် ပုဒ်မ ၁၃-ခ အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်- "ပုဒ်မ ၁၃-က" အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ အဖက်ဖက်က စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ပြီး အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူမည်သူကိုမဆို ရှမ်းပြည်နယ်၏ အထူးဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းအဖြစ် "ပင်လုံဂုဏ်ရည်ဆု" ကို ချီးမြှင့်နိုင်သည်-

(က) နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဆုတံဆိပ်တစ်မျိုးမျိုး ရရှိသူ၊

(ခ) နိုင်ငံတကာက ချီးမြှင့်သော စွမ်းဆောင်ရည်ဆိုင်ရာ ဆုတစ်မျိုးမျိုးရရှိသူ၊

(ဂ) မိမိကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ၊

(ဃ) ဥပဒေ၏ ပုဒ်မ ၄ မှ ၁၀ အထိ ဖော်ပြပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းတစ်မျိုးမျိုးအတွက် သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူ။

ပုဒ်မ ၁၃-ခ "အစိုးရအဖွဲ့သည် ပင်လုံဂုဏ်ရည်ဆုချီးမြှင့်ရာတွင် ဆုတံဆိပ်၏ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တန်ဘိုးပမာဏကို သတ်မှတ်နိုင်သည်။

အပိုဒ်(၄) ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၇ ၏ အောက်တွင် ပုဒ်မ ၁၇-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"ပုဒ်မ၁၇-က။ ရှမ်းပြည်နယ်၏ အထူးဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းအဖြစ် "ပင်လုံဂုဏ်ရည်ဆု" ချီးမြှင့်နိုင်ရေးအတွက် စိစစ်ထောက်ခံတင်ပြခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၌ တာဝန် ထမ်းဆောင်သည့် နိုင်ငံဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးက လည်းကောင်း၊ တပ်မတော်သားများဖြစ်ပါက သက်ဆိုင်ရာ စစ်တိုင်းမှူးက လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လည်းကောင်း၊ ပြင်ပပုဂ္ဂိုလ် ဖြစ်ပါက ပြည်နယ်လူမှုရေးဝန်ကြီးက လည်းကောင်း သတ်မှတ်ပုံစံ(၄)တွင် ဖြည့်စွက်၍ ထောက်ခံတင်ပြရမည်။

(ခ) စိစစ်ရေးကော်မတီသည် အထက်ပုဒ်မခွဲ(က)အရ တင်ပြချက်များကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြရမည်ဟု ပြင်ဆင်ထား ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ်၏ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)အား ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးလေးစားစား တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၆ (က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံဖတ်ကြား ရှင်းလင်းခြင်း၊ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေး

အကြံပြုရန် ရှိပါက ဆွေးနွေးမည့်အချက်များကို ပြည်နယ်လွှတ်တော်ရုံးသို့ (၁၆- ၁- ၂၀၂၀) ရက်နေ့ အရောက်ပေးပို့ရန် အသိပေးပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၇ ရက် (အင်္ဂါနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။

အခမ်းအနားမှူး။ ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ဒုတိယနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၂.၈၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၇-၁၂-၂၀၁၉ ရက် (အင်္ဂါနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ မရှိပါ။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး စုစုပေါင်းခွင့်ပြုထားသူ(၁၀)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့၊ တော့ဆန်- မင်းကုန်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်လမ်းအဖြစ် ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပေးပါခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းမေးပြီးတော့မှ လမ်းတောင်းဆိုရတာ ဒီတစ်ကြိမ်က ပထမဆုံး ဖြစ်ပါတယ်။ ယခင်က ကျွန်တော်တောင်းဆိုလေ့မရှိပါဘူး။ ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့၊ တော့ဆန်- မင်းကုန်းလမ်းဟာဆိုရင် (၇)မိုင် (၆) ဖာလုံ အရှည်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ လွှတ်တော်ကိုယ်စားလှယ်တာဝန် စတင်ထမ်းဆောင်စဉ်ကာလမှာ ကျေးလက်လမ်းဦးစီးဌာန မှ (၁) မိုင် (၆) ဖာလုံခန့် ခင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိသည့် (၆)မိုင်ခန့်ကို ယနေ့အချိန်ထိ လမ်းကမြင်တွေ့ရတဲ့အတိုင်းပါပဲ ဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ကျောက်မဲမြို့နယ်ရှိ မင်းကုန်းဒေသဟာဆိုရင် လယ်ဧကအများဆုံး၊ လက်ဖက်လုပ်ငန်းများစွာလည်း တည်ရှိနေ ပါတယ်။ အဓိကကုန်သွယ်ရေးလမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ မိုးရာသီမှာ မြင်တွေ့ ရတဲ့အတိုင်း ခက်ခက်ခဲခဲသွားလာနေရတာဖြစ်ပါတယ်။ မင်းကုန်းဒေသဟာ မင်းကုန်း ကျေးရွာအုပ်စု၊ နမ့်ဖန်းကျေးရွာအုပ်စု၊ နမ့်ခုံကျေးရွာအုပ်စု၊ လွယ်ဆာကျေးရွာအုပ်စုနှင့်

မန်မော်ကျေးရွာအုပ်စုဆိုပြီး အုပ်စု (၅)အုပ်စုရှိနေပြီး၊ ကျေးရွာပေါင်း (၂၄)ရွာ၊ အိမ်ခြေပေါင်း (၁၀၂၈)အိမ်ထောင်စု၊ လူဦးရေ (၄၇၆၉)ဦးရှိပါတယ်။ ဒါကြောင့်မို့လို့ မင်းကုန်းဒေသဟာဆိုရင် ကျွန်တော်တို့မြို့နယ်ရဲ့ အဓိကဆန်စပါးထွက်ရှိတဲ့ဒေသဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဆန်အိုးလို့တောင်တင်စားလို့ရပါတယ်။ အဲဒီဒေသအတွက် မဖြစ်မနေ ကျန်ရှိတဲ့ လမ်း(၆)မိုင် ခန့်ကို ရာသီမရွေးသွားလာနိုင်သော ကျောက်လမ်းအဖြစ် ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေ ကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်က မေးမြန်းလာသည့် ကျောက်မဲ မြို့နယ်၊ မိုင်းလုံမြို့၊ တော့ဆန်- မင်းကုန်းလမ်း (၆)မိုင်ခန့်အား ကျောက်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီး လှဦးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့၊ တော့ဆန်- မင်းကုန်းလမ်း ၆ မိုင်၊ ၂ ဖာလုံ၊ မင်းကုန်း-နမ့်ခွန်- လွယ်ပျက်- ကောက်ကွက်လမ်း ၄ မိုင်၊ စုစုပေါင်း ၁၀ မိုင်၊ ၂ ဖာလုံရှိသည့် လမ်းပိုင်း ဖြစ်ပါတယ်။ တော့ဆန်မှ ပါခါးကျေးရွာအထိ ၁ မိုင်၊ ၆ ဖာလုံကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်လမ်းဆောင်ရွက်ပေးထားပါတယ်။ အဆိုပါ လမ်းပိုင်း ၁ မိုင်၊ ၆ ဖာလုံမှာ ပြင်/ ထိန်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါ တယ်။ တော့ဆန်- မင်းကုန်းလမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မည် ဆိုပါက ၎င်းလမ်းပိုင်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် နမ့်ခွန်-လွယ်ပျက်-ကောက်ကွက် လမ်းပိုင်းကိုပါ လျာထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မိုင်းလုံမြို့၊ တော့ဆန်-မင်းကုန်း လမ်းပိုင်း ၆ မိုင်၊ ၂ ဖာလုံအနက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁မိုင်၊ ၆ ဖာလုံ ခင်းပြီး ဖြစ်တဲ့အတွက် ကျန် ၄ မိုင်၊ ၄ ဖာလုံနှင့် နမ့်ခွန် - လွယ်ပျက်- ကောက်ကွက်လမ်း ၄ မိုင်၊ စုစုပေါင်း ၈မိုင်၊ ၄ ဖာလုံအား ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းသည် ဒေသမှကိုယ်ထူကိုယ်ထဖောက်လုပ်ထားသည့်

မြေသားလမ်းဖြစ်ပြီး အကျယ် (၂၀)ပေခန့်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ ပထမ (၆)လတွင် ၎င်း လမ်းပိုင်းရှိ နမ့်ခွန်- လွယ်ပျက်ကျေးရွာကြားမှာ (၃၅)ပေ ကွန်ကရစ်တံတား (၁)စင်းကို လည်းကောင်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လွယ်ပျက်-ကောက်ကွက်ကြားမှာ (၅၀)ပေ ကွန်ကရစ်တံတား(၁)စင်းကိုလည်းကောင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်ရန်ပုံငွေ)ဖြင့် ဆောင်ရွက်ပေးထားပါတယ်။ အဆိုပါ လမ်းပိုင်း ၈မိုင်၊ ၄ ဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက လမ်းပိုင်းတစ်လျှောက် ရေထွက်ပေါက်အဖြစ် (၃) ပေ၊ ရေပြွန်(၁၂)စင်း ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ပြီး ၎င်းဒေသရှိ ကျေးရွာအုပ်စု(၅) အုပ်စုမှ ကျေးရွာ (၂၄)ရွာ၊ အိမ်ခြေ (၁၀၂၈)အိမ်နှင့် လူဦးရေ (၄၇၆၉)ဦးတို့အား အကျိုးပြု နိုင်မည်ဖြစ်ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျာထား တင်ပြရာတွင် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ မြို့နယ်အလိုက် အချိုးကျ လျာထား ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေးကော်မတီမှ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် ထည့်သွင်းပါဝင်လာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှ စတင်၍ လမ်းပိုင်း အလိုက် ရန်ပုံငွေလျာထားနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရွှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြပါသော ရွှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရွှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနအသီးသီးမှကိုယ်စားလှယ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။

ရွှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်တွင် ရွှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ အင်းသား၊ တရုတ်နှင့် ကုလားစတဲ့လူမျိုးများနေထိုင်ကြပါတယ်။ တောင်ပေါ် ဒေသတွေမှာ ပလောင်နှင့် ပအိုဝ်းတိုင်းရင်းသားများ နေထိုင်ကြပါတယ်။ အရင်တုန်းကတော့

နယ်မြေမအေးချမ်းမှုကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေလည်းတစ်ခြားမြို့တွေလို မလုပ်နိုင်ပါဘူး။ နောက်ကျကျန်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးလည်း လုံးဝမကောင်းပါဘူး။ နိုင်ငံဝန်ထမ်းများလည်း မလာချင်ကြပါဘူး။ အခုတော့ အဲ့ဒီလို မဟုတ်တော့ပါဘူး။ နယ်မြေလည်း အေးချမ်းပါပြီ။ သေနတ်သံလည်း မေ့လောက်တဲ့အခါကြမှ ပြန်ပြန်ပြီးကြားရတာပါ။ အရင်လို မဟုတ်တော့ပါဘူး။ လမ်းလည်းကောင်းလာပါပြီ။ ဖုန်းလိုင်းလည်းကောင်းလာပါပြီ။ မြို့နဲ့ နီးတဲ့ ရွာတွေမှာလည်း (၂၄)နာရီ မီးလင်းနေပါပြီ။ ဒီတိုးတက်မှုတွေနဲ့ပတ်သက်လို့ နိုင်ငံတော်အစိုးရနဲ့ ရှမ်းပြည်နယ်အစိုးရကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွေမှာတော့ အထူးပဲ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် ပညာရေးနဲ့ပတ်သက်တဲ့မေးခွန်းကိုပဲ ကျွန်တော်မေးမှာပါ။ အထူးသဖြင့် တောင်ပေါ်နေတိုင်းရင်းသားတွေ ဖြစ်ပါတယ်။ စာသင်ကျောင်းတွေကြည့်မယ် ဆိုရင်လည်း စာသင်ပေးမည့် ဆရာ၊ ဆရာမတွေ၊ ကျောင်းအဆောက်အအုံတွေ၊ ပရိဘောဂ စတာတွေအားလုံးဟာ ပြည့်စုံလုံလောက်တယ်လို့ မရှိပါဘူး။ အားလုံးလိုအပ်တာတွေ ရှိနေမယ်လို့ ထင်ပါတယ်။ ကျွန်တော်က ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ၊ အဖွဲ့ဝင်ဆိုတော့ ကွင်းဆင်းလေ့လာတဲ့အခါမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)မှာ ပညာရေးနဲ့ပတ်သက်တဲ့ ကဏ္ဍတွေမှာ ပြည့်စုံတယ်ဆိုတာ မတွေ့ရဘဲ လိုအပ်ချက်တွေများတာတွေ့ရပါတယ်။ ပညာရေးနဲ့ပတ်သက်လို့ ၂၀၁၉ ခုနှစ်မှာ TA တိုင်းရင်းသားဘာသာစာပေသင် နေ့စားလပေး ဆရာ၊ ဆရာမခန့်ထားနိုင်ဖို့ လျှောက်လွှာခေါ်ပါတယ်။ လျှောက်ထားနိုင်ရန် သတ်မှတ်အရည်အချင်းများက တိုင်းရင်းသားအားလုံးအတွက် သင့်တော်ပါတယ်။ တိုင်းရင်းသားများအားလုံးကလည်း ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ ဒါပေမဲ့ လက်တွေ့ခန့်ထားတဲ့အခါမှာတော့ ထင်သလိုဖြစ်မလာပါဘူး။ ရွှေ့ပြောင်းသွားတဲ့ ဆရာ၊ ဆရာမတွေက များတယ်။ အစားထိုးမည့် ဆရာ၊ ဆရာမတွေ မရှိပါဘူး။ ထပ်ဖြည့်တဲ့ တိုင်းရင်းသားဘာသာသင် TA ဆရာ၊ ဆရာမတွေကလည်း မဖြစ်စလောက်ပဲ ဖြစ်ပါတယ်။ လျှောက်ထားသူများက သတ်မှတ်ထားတဲ့ ပညာအရည်အချင်း ရှိကြပေမဲ့ အားလုံးမခန့်ပေးပါဘူး။ မခန့်ထားတဲ့အကြောင်းကိုလည်း ပွင့်လင်းမြင်သာမှုရှိရှိ မချပြပါဘူး။ တိုင်းရင်းသားဒေသတစ်ချို့၊ တစ်ချို့မြို့တွေမှာ တစ်ဦးမှ မခန့်တာကိုလည်း တွေ့ရပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာ စာပေနှင့် ယဉ်ကျေးမှုဌာနကနေ မခန့်ထားသေးသူများကို ထပ်မံစာရင်းပြုစုပြီး လျှောက်ထားဖို့ စာထုတ်ပြန်ပါတယ်။ အဆိုပါ တိုင်းရင်းသားဒေသက ဆရာ၊ ဆရာမတွေကလည်း ဒေသခံလွတ်တော်ကိုယ်စားလှယ်တွေရဲ့ အကူအညီ ထောက်ခံမှုတွေနဲ့ ထပ်မံပြီးတင်ပါတယ်။ ဒါပေမဲ့ စာသင်နှစ်တစ်နှစ် ထပ်ကုန်ခါနီး အခုထိ ဘာမှအကြောင်းမထူးသေးပါဘူး။ ဒါက ဆရာ၊ ဆရာမ ကိစ္စပါ။ တစ်ခြား ကျောင်း

အဆောက်အအုံ၊ ပရိဘောဂကိစ္စတွေလည်းဒီလိုပါပဲ။ ဘာမှ ပြည့်စုံတယ်လို့ မရှိပါဘူး။ ဒီလို မပြည့်စုံတာဟာ မိုင်းကိုင်မြို့နယ်တစ်ခုသာ မဟုတ်ပါဘူး။ ရှမ်းပြည်နယ်အတွင်း မြို့ခပ်များများမှာ ဒီလိုဖြစ်နေပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဒီလိုအပ်ချက်တွေကို ရှမ်းပြည်နယ်အစိုးရအနေနဲ့ ဆောင်ရွက်ပေးဖို့အခွင့်မရှိဘဲ ပြည်ထောင်စုအစိုးရကပဲ လုပ်ပိုင်ခွင့်တွေရှိတယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ ဒီတော့ ပြည်ထောင်စုအစိုးရက ချပေးသလောက်ကိုပဲ ကျေနပ်နေရတော့မလား။ ဒါမှမဟုတ် ဒီအားနည်းချက်တွေကို နည်းလမ်းရှာပြီး အစစအရာရာနောက်ကျကျန်နေတဲ့ တိုင်းရင်းသားတွေအတွက် အထူးတင်ပြတောင်းဆို ပေးခွင့်ရှိပါသလားဆိုတာ သိချင်တဲ့အတွက်ကြောင့် အောက်ပါကြွယ်ပွင့်ပြ မေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်-

မေးခွန်းကတော့ မိုင်းကိုင်မြို့နယ်အတွင်းလို့ မေးထားပေမဲ့ ဘဝတူတိုင်းရင်းသားအားလုံးကို ရည်ညွှန်းပါကြောင်း အသိပေးအပ်ပါတယ်။ မိုင်းကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအဆောက်အအုံ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများနှင့် အလွန်အရေးကြီးသော ဆရာ/ ဆရာမများ အထူးလိုအပ်နေသည့်ကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများသည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နူတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္နနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ မိုင်းကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအဆောက်အအုံ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများနှင့် ဆရာ/ ဆရာမများအရေးတကြီး လိုအပ်နေသည့် ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်အတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေမှ ကျောင်း (၄)ကျောင်းအတွက် ကျပ် (၂၄၄.၂)သန်းကို ခွဲဝေတည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈- ၂၀၁၉

ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေမှ ကျောင်း (၇)ကျောင်းအတွက် ရန်ပုံငွေကျပ်(၃၄၀.၂၉၀)သန်း၊ (၀၄၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ကျောင်း(၄) ကျောင်းအတွက် ကျပ်(၄၆.၅၀)သန်း၊ (၀၄၀၉) ရေလောင်းအိမ်သာတည်ဆောက်ရေး ရန်ပုံငွေမှ ကျောင်း(၂) ကျောင်းအတွက် ကျပ် (၃.၂၀)သန်း၊ စုစုပေါင်း ကျပ်(၃၈၉.၉၉၀)သန်းကို ခွဲဝေချထား တည်ဆောက်ပေးခဲ့ပါတယ်။ ယခုလက်ရှိ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေမှ ကျောင်း(၃)ကျောင်းအတွက် ရန်ပုံငွေကျပ်(၁၆၈.၄၈၀) သန်းနှင့် (၀၄၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ကျောင်း(၂)ကျောင်းအတွက် ကျပ် (၂၅.၀၉၃၄၄) သန်း၊ (၀၄၀၉) ရေလောင်းအိမ်သာ တည်ဆောက်ရေးရန်ပုံငွေမှ ကျောင်း(၃၀) ကျောင်းအတွက် ကျပ် (၅၆.၀၀) သန်းနှင့် (၀၄၀၃)ကွန်ကရစ်လမ်းခင်းရန်ပုံငွေမှ ကျောင်း(၁) ကျောင်းအတွက် ကျပ် (၁.၁၆၅၀) သန်း စုစုပေါင်း ကျပ် (၂၅၀.၇၃၈၄၄) သန်းအား ခွဲဝေချထားပေးပြီးဖြစ်ပါတယ်။ ငွေလုံးငွေရင်းတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြင်ထိန်းကတော့ နွေရာသီကျောင်းပိတ်ရက်မှ စတင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မြို့နယ်များမှ တင်ပြတောင်းခံထားသည့် အဆောက်အုံအတွက် လိုအပ်သောရန်ပုံငွေကို နှစ်စဉ် ရှမ်းပြည်နယ်အတွင်း အချိုးကျ ခွဲဝေချထားပေးလျက်ရှိပါတယ်။ လိုအပ်သော ပရိဘောဂအတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စာသင်ခုံရှည် (၄၀)လုံး၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စာသင်ခုံရှည် (၇၀)လုံး၊ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စာသင်ခုံရှည် (၃၀)လုံးနှင့် ဗီရို(၂၈)လုံး၊ Book Trolley (၉၂)ခုနှင့် Desktop Computer, UPS ပါ (၂၀) လုံးတို့အား ဝယ်ယူရန် ရန်ပုံငွေခွဲဝေချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ Computer ဝယ်ယူဖို့ အတွက် တင်ဒါခေါ်ယူထားဆဲဖြစ်ပါတယ်။

သင်ထောက်ကူပစ္စည်းများအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခမဲ့ဗလာစာအုပ် (၃၃၈၇)ဒါဇင်၊ ကျောင်းသုံးဖတ်စာအုပ်အနေဖြင့် ပထမတန်း (၂၀၇၇)စုံ၊ ဒုတိယတန်း (၂၂၄၅)စုံ၊ တတိယတန်း (၁၃၄၅)စုံ၊ စတုတ္ထတန်း (၆၈၄)စုံ၊ ပဉ္စမတန်း (၇၇၁)စုံ၊ ဆဋ္ဌမတန်း (၅၁၄)စုံ၊ သတ္တမတန်း (၄၇၉)စုံ၊ အဋ္ဌမတန်း (၃၂၅)စုံ၊ နဝမတန်း (၂၄၃)စုံနှင့် ဒသမတန်း (၁၁၁)စုံအား ဖြန့်ဝေပေးခဲ့ပါတယ်။

ယခုလက်ရှိ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခမဲ့ဗလာစာအုပ် (၆၈၂၉)ဒါဇင်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်အနေဖြင့် သူငယ်တန်း (၁၇၉၅)စုံ၊ ပထမတန်း (၁၇၉၅)စုံ၊ ဒုတိယတန်း (၁၉၇၀)စုံ၊ တတိယတန်း (၁၉၇၉)စုံ၊ စတုတ္ထတန်း (၁၁၆၈)စုံ၊ ပဉ္စမတန်း(၇၉၃)စုံ၊ ဆဋ္ဌမ

တန်း (၅၇၃)စုံ၊ သတ္တမတန်း (၄၃၃)စုံ၊ အဋ္ဌမတန်း (၄၁၃)စုံ၊ နဝမတန်း (၂၄၁)စုံနှင့် ဒသမတန်း (၁၄၂)စုံတို့အား ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။

မိုင်းကိုင်မြို့နယ်အတွင်းမှာ စာသင်ကျောင်းများဖွင့်လှစ်ထားရှိမှုအနေနဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မိုင်းကိုင်မြို့နယ်၌ အထက်တန်းကျောင်း (၁)ကျောင်း၊ အထက်တန်းကျောင်းခွဲ(၂)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ အလယ်တန်းကျောင်းခွဲ(၇)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁၁)ကျောင်း၊ မူလတန်းကျောင်း(၄၅)ကျောင်းနှင့် အ.မ.က(ခွဲ) (၅၀) ကျောင်း၊ စုစုပေါင်း (၁၁၈)ကျောင်း ဖွင့်လှစ်ထားရှိထားပါတယ်။ ကျောင်းသား/ ကျောင်းသူ ဦးရေမှာ အထက်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ (၂၅၁)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ (၁၇၅၅)ဦး၊ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူ (၇၅၈၈)ဦး ရှိပြီး စုစုပေါင်း ကျောင်းသား/ ကျောင်းသူ (၉၅၉၄)ဦး ပညာသင်ကြားလျက်ရှိပါတယ်။

ဆရာ/ဆရာမခန့်ထားမှု အခြေအနေမှာ အထက်တန်းကျောင်းအုပ်ခွဲဝေ (၁)ဦး၊ ခန့်ထား (၁)ဦး၊ အလယ်တန်းကျောင်းအုပ်ခွဲဝေ (၄)ဦး၊ ခန့်ထား (၃)ဦး၊ လစ်လပ် (၁)ဦး၊ မူလတန်းကျောင်းအုပ် ခွဲဝေ (၆၃)ဦး၊ ခန့်ထား (၄၅)ဦး၊ လစ်လပ် (၁၈)ဦး၊ အထက်တန်းပြခွဲဝေ (၂၃)ဦး၊ ခန့်ထား (၁၉)ဦး၊ လစ်လပ် (၄)ဦး၊ အလယ်တန်းပြခွဲဝေ (၁၄၂)ဦး၊ ခန့်ထား (၉၂)ဦး၊ လစ်လပ် (၅၀)ဦး၊ မူလတန်းပြခွဲဝေ (၃၆၅)ဦး၊ ခန့်ထား (၂၃၂)ဦး၊ လစ်လပ် (၁၃၃)ဦး ရှိပါတယ်။ ယခုလက်ရှိ ၂၀၁၉- ၂၀၂၀ပညာသင်နှစ်တွင် အထက်တန်းပြ (၅)ဦး၊ အလယ်တန်းပြ (၂၅)ဦး၊ မူအုပ် (၆)ဦးနှင့် မူပြ (၄၅)ဦး ဖြည့်ဆည်း ခန့်ထားပေးနိုင်ခဲ့ပါတယ်။ လစ်လပ်လျက်ရှိသော အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်း ကျောင်းအုပ်များကို ရာထူးတိုး/ ရာထူးပြောင်း ဆောင်ရွက်ချိန်တွင် ခန့်ထားပေးရန်နှင့် လစ်လပ်လျက်ရှိသော မူလတန်းပြ ဆရာ/ ဆရာမများကို ပညာရေးကောလိပ်၊ PPTT၊ DTed သင်တန်းဆင်း ဆရာ/ ဆရာမများအား ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ကျွန်တော် မေးမြန်းမည့်မေးခွန်းကတော့ ဖ. ၅. ၂၀၁၉

ရက်စွဲဖြင့် မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် မူဆယ်ခရိုင်၊ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များတွင် ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဂျုံ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အခြားသီးနှံများကို ဇကမည်မျှစိုက်ပျိုး၍ မည်မျှထွက်ရှိပြီး၊ ထွက်ရှိသော ပို့ကုန်/ သွင်းကုန်များကို မည်သည့်ကုမ္ပဏီများနှင့် မည်သည့်သဘောတူညီချက်ပြုလုပ်ပြီး မည်သို့စီမံဆောင်ရွက်ထားခြင်း၊ နိုင်ငံတော်အတွက် အခွန်ငွေ မည်မျှရရှိကြောင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ဂျုံ၊ အာလူး၊ ကြက်သွန်ဖြူ ၊ ကြက်သွန်နီ စိုက်ပျိုးသည့် တောင်သူလယ်သမားများအပေါ် ကောင်းကျိုး၊ ဆိုးကျိုးများ မည်သို့ဖြစ်ပေါ်လာခြင်းအပြင်၊ အဆိုပါကုမ္ပဏီများနှင့် ပြုလုပ်ထားသည့် သဘောတူညီချက် စာချုပ်စာတမ်းများ၊ ညွှန်ကြားချက်များ၊ အကြောင်းကြားစာ များရှိပါက ရှမ်းပြည်နယ်လွှတ်တော်သို့ အသိပေးတင်ပြပေးပါရန်ကို အများပြည်သူသိရှိနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှမေးမြန်းလာသည့် မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များတွင် ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဂျုံ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အခြားသီးနှံများကို စိုက်ပျိုးထွက်ရှိမှု၊ ထုတ်ကုန်များကို စီမံဆောင်ရွက်ထားနေမှုနှင့် ပတ်သက်သည့် မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တာဝန်ယူထားတဲ့ ကျွန်တော် ဗိုလ်မှူးကြီးလှဦးက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မူဆယ်မြို့နယ်၌ ၂၀၁၆- ၂၀၁၇ ခုနှစ်၌ ဂျုံသီးနှံစိုက်ဧက (၄၂၈၅)ဧကတွင် အထွက်ပေါင်း (၂၃၆၉၅၈)တင်း၊ ဧရိတ်သီးနှံစိုက်ဧက (၂၂၀)ဧကတွင် အထွက်ပိဿာပေါင်း (၉၈၉၃၆) ပိဿာ၊ အာလူးသီးနှံ စိုက်ဧက (၅၆၈)ဧကတွင် အထွက် (၁၃၆၅၂၇) ပိဿာ၊ ကြက်သွန်နီသီးနှံစိုက်ဧက(၄၃)ဧကတွင် အထွက် (၅၈၁၃၆) ပိဿာ၊ ကြက်သွန်ဖြူသီးနှံ စိုက်ဧက (၇၅၀)ဧကတွင် အထွက်(၁၀၃၁၅၄၉) ပိဿာ၊ ၂၀၁၇- ၂၀၁၈ ခုနှစ်၌ ဂျုံသီးနှံစိုက်ဧက (၄၃၀၆)ဧကတွင် အထွက်(၂၃၈၃၇၄)တင်း၊ ဧရိတ်သီးနှံစိုက်ဧက (၂၀၅)ဧကတွင် အထွက် (၈၉၅၂၅) ပိဿာ၊ အာလူးသီးနှံ စိုက်ဧက(၅၇၈)ဧကတွင် အထွက်(၁၃၉၀၃၀၂) ပိဿာ၊ ကြက်သွန်နီသီးနှံ

စိုက်ကေ (၄၅)ကေတွင် အထွက်(၆၀၇၅၀) ပိသာ၊ ကြက်သွန်ဖြူသီးနှံ စိုက်ကေ (၇၁၅) ကေတွင် အထွက် (၉၈၂၂၁၇) ပိသာ၊ ၂၀၁၈- ၂၀၁၉ ခုနှစ်၌ ကျုံသီးနှံ စိုက်ကေ (၄၁၃၈)ကေတွင် အထွက် (၂၃၀၉၀၀)တင်း၊ ငရုတ်သီးနှံ စိုက်ကေ (၂၀၄) ကေတွင် အထွက် (၈၉၂၁၄) ပိသာ၊ အာလူးသီးနှံ စိုက်(၅၆၈)ကေတွင် အထွက် (၁၃၆၀၅၉၃) ပိသာ၊ ကြက်သွန်နီသီးနှံ စိုက်ကေ (၄၅)ကေတွင် အထွက် (၆၀၇၅၀) ပိသာ၊ ကြက်သွန်ဖြူသီးနှံ စိုက်ကေ (၆၄၃)ကေ တွင် အထွက် (၈၇၇၁၉၉) ပိသာ စိုက်ပျိုးထွက်ရှိခဲ့ပါတယ်။

နမ့်ခမ်းမြို့နယ်တွင် ၂၀၁၆- ၂၀၁၇ ခုနှစ်၌ ကျုံသီးနှံစိုက်ကေ (၂၀၁)ကေတွင် အထွက် (၁၄၆၃၃)တင်း၊ ငရုတ်သီးနှံစိုက်ကေ (၂၀၉)ကေတွင် အထွက် (၉၂၃၇၉) ပိသာ၊ အာလူးသီးနှံ စိုက်ကေ (၁၁၃၀)ကေတွင် အထွက် (၂၇၂၉၅၃၉) ပိသာ၊ ကြက်သွန်နီသီးနှံ စိုက်ကေ (၁၃၇) ကေတွင် အထွက် (၁၄၄၆၁၀) ပိသာ၊ ကြက်သွန်ဖြူသီးနှံ စိုက်ကေ (၂၂၅)ကေတွင် အထွက် (၂၄၀၇၉၇) ပိသာ၊ ၂၀၁၇- ၂၀၁၈ ခုနှစ်၌ ကျုံသီးနှံစိုက်ကေ (၃၅)ကေတွင် အထွက် (၂၅၄၁) တင်း၊ ငရုတ်သီးနှံ စိုက်ကေ (၂၁၄)ကေတွင် အထွက်(၉၄၂၉၅) ပိသာ၊ အာလူးသီးနှံ စိုက်ကေ (၁၁၉၂)ကေတွင် အထွက် (၂၈၆၄၇၇၄) ပိသာ ၊ ကြက်သွန်နီသီးနှံ စိုက်ကေ (၁၂၅)ကေတွင် အထွက် (၁၃၂၄၁၂) ပိသာ၊ ကြက်သွန်ဖြူသီးနှံ စိုက်ကေ (၂၅၅)ကေတွင် အထွက် (၂၇၄၀၀၃) ပိသာ၊ ၂၀၁၈- ၂၀၁၉ ခုနှစ်၌ ကျုံသီးနှံ စိုက်ကေ (၄၂)ကေတွင် အထွက် (၃၀၄၅)တင်း၊ ငရုတ်သီးနှံ စိုက်ကေ(၂၀၄)ကေတွင် အထွက် (၉၃၈၁) ပိသာ ၊ အာလူးသီးနှံ စိုက်ကေ (၁၁၉၂) ကေတွင် အထွက် (၂၈၆၄၁၉၇) ပိသာ၊ ကြက်သွန်နီသီးနှံ စိုက်ကေ (၁၁၀)ကေတွင် အထွက် (၁၁၆၃၂၂၅) ပိသာ၊ ကြက်သွန်ဖြူသီးနှံ စိုက်ကေ (၂၃၆)ကေတွင် အထွက် (၂၅၃၅၈၀) ပိသာ စိုက်ပျိုးထွက်ရှိခဲ့ပါတယ်။

မူဆယ်ခရိုင်အတွင်း ထွက်ရှိသော သီးနှံများကို ဒေသတွင်း ဝယ်ယူစုဆောင်းပြီး ပြည်တွင်းသို့ သယ်ယူဖြန့်ဖြူးရန်အတွက် ဒေသခံပြည်သူ့စစ်များက ကုမ္ပဏီများထူထောင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားမှုများရှိခဲ့ပြီး ယခင်အစိုးရသက်တမ်းတစ်လျှောက် တွင် ခွင့်ပြုပေးခဲ့ပါတယ်။ ယခု အစိုးရသက်တမ်းတွင်လည်း လျှောက်ထားမှုများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာနတို့မှ လျှောက်ထားသီးနှံများ၏ စိုက်ပျိုးကေ၊ ရိတ်သိမ်းကေ၊ အထွက်နှုန်း တွက်ချက်ထောက်ခံချက်၊ တိုင်းစစ်ဌာချုပ်တို့၏ ထောက်ခံချက်များနှင့် ပူးတွဲတင်ပြလာသည့် အခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေးတွင် တောင်သူများ၏ အကျိုးစီးပွား မထိခိုက်စေရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး အစရှိသည်တို့ကို ထည့်သွင်းဆွေးနွေး ပြီးမှ ခွင့်ပြုသင့်သည့် အတိုင်းအတာပမာဏာကိုသာ ပြည်တွင်းအခွန်ဦးစီးဌာနအတွက်

ကျသင့်အခွန် ၂ % ပေးဆောင်ပြီးမှသာ ခွင့်ပြုပေးခဲ့ပါသည်။ အကယ်၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် ပဲအမျိုးတို့ကို ပြည်ပနိုင်ငံများမှ မျိုးသီးနှံ (သို့မဟုတ်)စားသုံးရန် တင်သွင်းခွင့် လျှောက်ထားလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလျှောက်ထားနိုင်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်ကျရောက်မှု ပြည်တွင်းကုန်စျေးနှုန်းမြင့်တက်မှု၊ ပြည်တွင်းသီးနှံထွက်ရှိမှုအခြေအနေနှင့် ပြည်တွင်း ထွက်သီးနှံများ စျေးကွက်နစ်နာမှု မရှိစေရေးတို့ကို သုံးသပ်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံတောင်သူများ စျေးကွက်နစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် တရားမဝင်လမ်းကြောင်းများမှ ဝင်ရောက်လာသော ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပဲအမျိုးမျိုးနှင့် ပန်းစသည်တို့ကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်ရေးစခန်းများသို့ ညွှန်ကြားချက်များထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်သော ကုမ္ပဏီများအနေဖြင့် လုပ်ငန်း၏အရှုံးအမြတ်နှစ်ချုပ်စာရင်းများ ရေးဆွဲတင်ပြပြီး အသားတင်ဝင်ငွေအပေါ်တွင် ကျသင့်သောဝင်ငွေခွန် ၂၅% ထမ်းဆောင်ရခြင်းဖြစ်ပါတယ်။ သီးနှံတစ်ခုချင်း အလိုက်အပေါ် အခွန်ကောက်ခံခြင်း မဟုတ်ပါ။ အဆိုပါ ဂျုံ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အခြားသီးနှံများသည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄ အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်များအဖြစ် ပြဋ္ဌာန်းထားပြီး ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များ/ ကုမ္ပဏီများအနေဖြင့် ပို့ကုန်များတင်ပို့သည့်အခါ (သို့မဟုတ်)သွင်းကုန် တင်သွင်းသည့် အခါတိုင်းတွင် ဝင်ငွေခွန် ၂ % ကြိုတင်ခွန်ပေးဆောင်ရပါတယ်။ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် အဆိုပါလုပ်ငန်းများအနေဖြင့် ဝင်ငွေခွန်ဥပဒေနှင့်အညီ အပြီးသတ် စည်းကြပ်မှုခံယူသည့်အခါ ပေးသွင်းခဲ့ပြီးသော ကြိုတင်ဝင်ငွေခွန် ၂ % ကို ပြန်လည်ခုနှိမ်ပေးပါတယ်။ ဝင်ငွေခွန်စည်းကြပ်မှုခံယူရာတွင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ % ဖြင့် ဝင်ငွေခွန်စည်းကြပ်ရသဖြင့် သီးနှံအမယ်တစ်မျိုးခြင်းအလိုက် အခွန်ကောက်ခံရရှိခြင်း မရှိပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။ ဟဲဟိုးလေဆိပ်ရှေ့က ထွက်လာတဲ့ Heho Airport ဆိုတဲ့ဆိုင်းဘုတ်ရှေ့မှာ မြေသားလမ်းရှိပါတယ်။ အဲဒီမြေသားလမ်းကို သွားမယ်ဆိုရင် ပင်းတယ-ဟဲဟိုးလမ်းကို ရောက်သွားပါတယ်။ ဒီမြေသားလမ်းကို ပြုပြင်ပေးမယ်ဆိုရင် ဟဲဟိုးမြို့ကို ပတ်စရာမလိုတော့ဘဲ အချိန်တိုအတွင်းမှာ ပင်းတယ- ဟဲဟိုး၊ ပင်းတယ- ဘော်ဆိုင်းကို ရောက်နိုင်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းခရီးသွားပြည်သူများနှင့် နိုင်ငံခြားသား ခရီးသွားများ ဟဲဟိုးလေဆိပ်မှ ပင်းတယနှင့် ဘော်ဆိုင်းမြို့များသို့ အချိန်တိုအတွင်း ခရီးသွားလာနိုင်ရန်အတွက် ဟဲဟိုးလေဆိပ်အနီးတွင် ကျောက်များကို သယ်ယူနေသော ဟဲဟိုး- ပင်းတယ- ဘော်ဆိုင်းသွားလမ်းနှင့်ဆုံသည့်လမ်း သို့မဟုတ် လမ်းအူကြောင်းသစ်ရှာဖွေ၍ဖြစ်စေ ကျောက်ချောလမ်း (သို့မဟုတ်) ကတ္တရာလမ်း ပြုလုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း မေးမြန်းထားသည့် ပြည်တွင်းခရီးသွားပြည်သူများ၊ နိုင်ငံခြားသားခရီးသွားများ ဟဲဟိုးလေဆိပ်မှ ပင်းတယနှင့် ဘော်ဆိုင်းမြို့များသို့ အချိန်တိုအတွင်း ခရီးသွားလာနိုင်ရန်အတွက် ဟဲဟိုးလေဆိပ်အနီးရှိကျောက်များ သယ်ယူနေသော ဟဲဟိုး - ပင်းတယ - ဘော်ဆိုင်းသွားလမ်းနှင့်ဆုံသည့်လမ်းအားဖြစ်စေ၊ လမ်းကြောင်းသစ်ရှာဖွေ၍ဖြစ်စေ ကျောက်ချောလမ်း (သို့မဟုတ်) ကတ္တရာလမ်းပြုလုပ်ပေးရန်အတွက် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်

ကိုသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးက ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဟဲဟိုး လေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် လာရောက်ကြသူများသည် အင်းလေးကန် အပါအဝင် ခရီးစဉ်ဒေသများနှင့် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင် သက်ဆိုင်ရာ နေရာ အသီးသီးသို့ အများဆုံးသွားရောက်လေ့ရှိကြပါတယ်။ ဟဲဟိုးလေဆိပ်မှ ပင်းတယနှင့် ဘော်ဆိုင်းမြို့များသို့ သွားရောက်လိုပါက ယခုတင်ပြမည့်လမ်းကြောင်းများအတိုင်း သွားရောက် နိုင်ကြပါတယ်-

(က) ပထမလမ်းကြောင်းကတော့ ဘော်ဆိုင်းသို့သွားသည့်လမ်းဖြစ်သည့် ဟဲဟိုး- ဘော်ဆိုင်း- ပင်းတယလမ်း အတိုင်း ၁၉ မိုင် ၄ ဖာလုံခရီးသွားလာရမှာ ဖြစ်ပါ တယ်။

(ခ) ဒုတိယကတော့ ပင်းတယသို့သွားသည့် လမ်းကြောင်း (၃)လမ်းရှိပါတယ်။ ပထမလမ်းကတော့ ဟဲဟိုး- ဘော်ဆိုင်း- ပင်းတယလမ်းအတိုင်း ဟဲဟိုး- သိမ်ကုန်း ၁၄ မိုင် ဖဖာလုံနှင့် သဲကုန်း- ပင်းတယ ၇ မိုင်၂ ဖာလုံ၊ စုစုပေါင်း ၂၂ မိုင် ၁ ဖာလုံခရီးဖြစ်ပါတယ်။ ဒုတိယလမ်းကြောင်းကတော့ ဟဲဟိုး- ဘော်ဆိုင်း- (လယ်ပြင်)- ပင်းတယလမ်း ၃၂မိုင် ၃ ဖာလုံ ခရီးဖြစ်ပြီး လမ်းကြောင်း အနည်းငယ်ပိုရှည်ပါတယ်။ တတိယလမ်းကြောင်းမှာ ဟဲဟိုး- အောင်ပန်း ၁၆ မိုင်နှင့် အောင်ပန်း- ပင်းတယ ၂၄ မိုင်၊ စုစုပေါင်း မိုင် ၄၀ ခရီးသွားလာရမှာ ဖြစ်ပါတယ်။ လမ်းမကြီးအတိုင်းသွားရမှာ ဖြစ်ပါတယ်။

ဒီလမ်းတွေအပြင် မေးခွန်းပါလိုလားချက်အတိုင်း လေဆိပ်အနီးရှိကျောက်များ သယ်ယူ နေသော အရှည် ၁ မိုင် ၅ ဖာလုံခန့်ရှိတဲ့ လမ်းအတိုင်းထွက်ခွာပါကလည်း ဟဲဟိုး- ဘော်ဆိုင်း- ပင်းတယလမ်းပေါ်သို့ ရောက်ရှိနိုင်ပါတယ်။ လက်ရှိတွင် ပင်းတယ သို့မဟုတ် ဘော်ဆိုင်းသို့ သွားရောက်မည့် ခေတ်မီယာဉ်များသည် လေဆိပ်မှလမ်းမကြီးသို့ ၅ ဖာလုံ၊ ၄၈ ပေအကျယ် ၄ လမ်းသွား ကတ္တရာကွန်ကရစ်လမ်းမကြီးအတိုင်း ဟဲဟိုးမြို့တွင်း ဘော်ဆိုင်း လမ်းခွသို့ ၂ မိုင်နှင့် ယင်းမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းမကြီးအတိုင်း ၃ မိုင် ၁ ဖာလုံ၊ စုစုပေါင်း ၅ မိုင် ၆ ဖာလုံသွားရောက်နေကြရာ တင်ပြပါ ၁ မိုင် ၅ ဖာလုံရှိတဲ့ ကျောက်သယ် လမ်းထက် ၄ မိုင် ၁ ဖာလုံ ပိုမိုသွားနေရသည်ဟု ဆိုနိုင်ပါတယ်။

ယခုအခါ ဟဲဟိုးလေဆိပ်အား အဆင့်မြှင့်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီမံလျက်ရှိပါတယ်။ လေယာဉ်ပြေးလမ်း အလျားတိုးချဲ့ပါက လွတ်ကင်းမှုမရှိသော ဟဲဟိုး- ဘော်ဆိုင်း- ပင်းတယလမ်းကိုလည်း လက်ယာဘက်မှ ရှောင်ကွင်း၍ အသစ်ပြန်လည် ဖောက်လုပ်ရမည့်အပြင် တင်ပြပါကျောက်သယ်လမ်းသည် လေဆိပ်အဆောက်အဦများ ပြင်ဆင်တိုးချဲ့တည်ဆောက်မှုများနှင့် လွတ်ကင်းမှုမရှိနိုင်ပါဘူး။ ထို့အပြင်မေးခွန်းမှ လိုလားချက်ပါလမ်းသည် လမ်းဦးစီးဌာန သို့မဟုတ် ကျေးလက်လမ်းဦးစီးဌာနတို့၏ လမ်းမှတ်ပုံတင်စာရင်းတွင်လည်း ပါဝင်ခြင်းမရှိသေးပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သားပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်၊ တပ်မတော်သား ပြည်နယ်လွတ်တော်ကိုယ်စားလှယ်။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းလန်းကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ (ဝမ်ငုတ်)တွင် လိုအပ်လျက်ရှိသော စာသင်ခုံ၊ အိမ်သာနှင့်သောက်သုံး ရေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာမူလတန်း(လွန်) ကျောင်း၊ (ဝမ်ငုတ်)သည် ကျိုင်းတုံမြို့မှ (၂)မိုင်ခန့်ဝေးကွာသည့် ကျိုင်းတုံ- နောင်ကုန်- ဝမ်ဝိန်းမိုင် လမ်းမကြီးပေါ်တွင်တည်ရှိပါတယ်။ ကျောင်းဧရိယာ(၀.၉၂)ဧကကျယ်ဝန်းပါတယ်။ စာသင်ခန်း(၆)ခန်းပါ (အလျား ၁၃၅ ပေ× အနံ ၂၇ ပေ)ရှိ စာသင်ဆောင်တစ်လုံးနှင့် စာသင်ခန်း (၃)ခန်းပါ (အလျား ၉၀ ပေ× အနံ ၃၀ ပေ)စာသင်ဆောင်တစ်လုံး ဆောက်လုပ်ထားပြီးဖြစ်ပါတယ်။ (၂)ခန်းတွဲ အိမ်သာတစ်လုံးလည်း ဆောက်လုပ်ထားရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် သူငယ်တန်း KG မှ သတ္တမတန်းအထိ ကျောင်းသား/ ကျောင်းသူ

(၁၆၆)ဦး ပညာသင်ကြားလျက်ရှိပြီး ဆရာ/ ဆရာမနှင့် ဝန်ထမ်းခန့်အပ်အင်အားမှာ(၉)ဦး ရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ (ဝမ်ငုတ်)တွင်ကျောင်းသား/ ကျောင်းသူများတက်ရောက်ပညာသင်ကြားမှုမှာ နှစ်စဉ်တိုးပွားလာတဲ့အတွက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင်နိုင်ငံတော်မှ စာသင်ခန်း(၃)ခန်းပါ စာသင်ဆောင်တစ်လုံး ထပ်မံတိုးချဲ့ ဆောက်လုပ်ပေးခဲ့သဖြင့် စာသင်ဆောင်လုံလောက်ခဲ့ရပါတယ်။ သို့သော်လည်း အခြားလိုအပ် ချက်များဖြစ်သော စာသင်ခုံ မလုံလောက်ခြင်း၊ (၂)ခန်းတွဲ အိမ်သာတစ်လုံးသာရှိသဖြင့် ဆရာ/ ဆရာမ၊ ကျောင်းသားဦးရေနှင့် အိမ်သာအရေအတွက် အချိုးမညီ၊ လုံလောက်မှု မရှိခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရန်အတွက် ကျောင်းသားမိဘ၊ ဆရာ/ ဆရာမများ၊ ရပ်မိရပ်ဖ များပူးပေါင်းဆောင်ရွက်ထားသော်လည်း လုံလောက်မှုမရှိသေးကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်၊ မိုင်းလန်းကျေးရွာအုပ်စု၊ ဝမ်ငုတ်အခြေခံပညာ မူလတန်း(လွန်)ကျောင်း၊ (ဝမ်ငုတ်)တွင် လိုအပ်လျက်ရှိသော စာသင်ခုံများ၊ အိမ်သာနှင့် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ပေး မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်ရဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းလန်းကျေးရွာအုပ်စု၊ အခြေခံပညာ မူလတန်း(လွန်)ကျောင်း၊ (ဝမ်ငုတ်)တွင် လိုအပ်လျက် ရှိသော စာသင်ခုံများ၊ အိမ်သာနှင့် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေး အတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းမေးခွန်းကို ဆက်လက်ဖြေကြား သွားမှာဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်၊ မိုင်းလန်းကျေးရွာအုပ်စု၊ ဝမ်ငုတ်အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ကျောင်းသားလချုပ်စာရင်းအရ ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၁၆၂)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေး နှစ်တွင် (၉၀×၃၀)ပေ တိုးချဲ့(၁)ထပ်ကျောင်းဆောင် ဆောက်လုပ်ခွင့်ရရှိခဲ့သဖြင့် စာသင်ခုံ (၄)ယောက်ထိုင် အမြင့်(၁၉)စုံ ရရှိခဲ့ပြီး လက်ရှိတွင် စာသင်ခုံ (၃)ယောက်ထိုင် အနိမ့် (၁၀)စုံနှင့် (၄)ယောက်ထိုင် အမြင့် (၂၇)စုံ၊ စုစုပေါင်း စာသင်ခုံ (၃၇)စုံရှိပါတယ်။ စာသင်ခုံ

လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် (၃)ယောက်ထိုင် အမြင့် (၅)စုံနှင့် (၄)ယောက်ထိုင် အမြင့်(၁၀)စုံ၊ စုစုပေါင်း (၁၅)စုံကို ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျောင်း/ မြို့နယ်/ ခရိုင် အဆင့်ဆင့်တို့မှ တောင်းခံထားပြီးဖြစ်ပါသဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်လျာထားတင်ပြ တောင်းခံပေးသွားမှာဖြစ်ပါတယ်။

ဝမ်ငုတ်အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် သန့်စင်ခန်းအနေဖြင့် (၂)ခန်းတွဲ သန့်စင်ခန်း(၂)လုံးရှိပြီး၊ (ကျား/ မ) (၁)ခန်းစီမှာ အသုံးပြု၍ မရပါသဖြင့် ပိတ်ထားရပါတယ်။ သန့်စင်ခန်း လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက် (၄)ခန်းတွဲ သန့်စင်ခန်း(၁)လုံးကို ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (၀၄၀၉) ရန်ပုံငွေတွင် မြို့နယ်အဆင့်မှ တင်ပြတောင်းခံထားပြီးဖြစ်၍ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်ကို ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါတယ်။

သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေးနှင့်ပတ်သက်၍ ၎င်းကျောင်းတွင် အဝီစိတွင်းရှိပြီးဖြစ်ရာ လျှပ်စစ်မီးမရရှိသေးသည့်အတွက် ရေအသုံးပြုရန် အခက်အခဲရှိခြင်း ဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားဖြစ်နေသည့် မြေအသုံးချမှု ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် မြေယာဘဏ် (Land Bank) အစီအစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။(၁၀.၁၁.၂၀၁၉)ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာဖော်ပြချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားဖြစ်နေသည့် မြေအသုံးချမှု ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် မြေယာဘဏ် (Land Bank) အစီအစဉ်ကို စတင်နေပြီဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

အဆိုပါ မြေယာဘဏ်အစီအစဉ်မှာ အစိုးရပိုင်မြေများကို စာရင်းအင်းပြုစုထားခြင်း ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအနေဖြင့် ထိုစာရင်းအပေါ်တွင် မိမိတို့ ရင်းနှီးမြှုပ်နှံမည့် မြေတည်နေရာကိုရွေး၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံကာ မြေအသုံးချခွင့် ရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း နိဒါန်းတော်က ထုတ်ပြန်ထားကြောင်းသိရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ မြေယာဘဏ်(Land Bank) အစီအစဉ်အရ-

(က) ရှမ်းပြည်နယ်တွင် အစိုးရပိုင်မြေ မည်မျှရှိပြီး ထိုမြေများသည် မည်သည့် မြို့နယ်များတွင် တည်ရှိပါသနည်း။

(ခ) ရှမ်းပြည်နယ် အတွင်းတွင် ဆိုရှယ်လစ်စနစ်နှင့်သွားခဲ့သော နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများ ရှိ/ မရှိနှင့် ရှိပါက ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံအောင်ဖိတ်ခေါ်ပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး။ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ လင်းခေး မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်ရဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတား ဖြစ်နေသည့် မြေအသုံးချမှုပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် မြေယာဘဏ် (Land Bank) အစီအစဉ်ကို စတင်နေပြီဖြစ်၍ အစီအစဉ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း သိရှိလိုပါသည်ဆိုပြီးတော့ (က)(ခ)မေးခွန်းနှစ်ခုမေးထားတာ တွေ့ရှိရပါတယ်။ (က)မေးခွန်း အနေနဲ့ကတော့ ရှမ်းပြည်နယ်တွင် အစိုးရပိုင်မြေ မည်မျှရှိပြီးထိုမြေများသည် မည်သည့် မြို့နယ်များတွင် တည်ရှိပါသနည်းဆိုသည့် မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်က ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြေအားလုံး၏ မူလပိုင်ရှင်မှာ နိုင်ငံတော်ပင် ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်မြေအားလုံးအနက်မှ ရှမ်းပြည်နယ်၏ စုစုပေါင်းဧရိယာ (၃၈၄၉၃၄၅)

ဧကသည်လည်း နိုင်ငံတော်ပိုင်မြေဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ် မြေအသုံးချမှုစာရင်းအရ ရှမ်းပြည်နယ်၏ စုစုပေါင်းဧရိယာ (၃၈၄၉၉၃၄၅) ဧကာ အနက်မှ -

(၁) စိုက်ပျိုးမြေဧရိယာ (၃၅၀၇၉၆၆)ဧကာ၊

(၂) ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော ဧရိယာ (၈၅၈၄၁၇၈) ဧကာ၊

(၃) တောရိုင်းမြေ (၁၁၃၀၃၅၅၃)ဧကာ၊

(၄) မြေရိုင်း (၅၂၁၅၀၁၃) ဧကာ

(၅) စိုက်ပျိုးခြင်း မပြုနိုင်သော မြေဧရိယာ (၁၃မျိုး) (၉၈၈၈၆၂၅)ဧကာတို့ ပါဝင်ပါတယ်။

(က) စိုက်ပျိုးမြေဧရိယာနှင့်ပတ်သက်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်မှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲလျက်ရှိပါကြောင်း၊

(ခ) သစ်တော ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောနှင့်ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိပါတယ်။

(ဂ) တောရိုင်းမြေနှင့် မြေရိုင်းမြေများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ ဗဟို၊ တိုင်းဒေသ ကြီး/ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီတို့မှ စီမံခန့်ခွဲလျက်ရှိပါတယ်။

(ဃ) စိုက်ပျိုးခြင်း မပြုနိုင်သော မြေ(၁၃) မျိုးအနက် -

(၁) သတ္တုတွင်းမြေအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လည်းကောင်း၊

(၂) ကျွဲနွားစားကျက်မြေ၊ မြို့မြေအတွင်း လူနေထိုင်သည့် မြေ၊ ရွာမြေ၊ ကျန်အခြား မြေ (၄)မျိုးအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ လည်းကောင်း၊

(၃) မီးရထားလမ်းမြေ၊ လမ်းမြေ၊ လေယာဉ်ပျံကွင်းမြေ (၃)မျိုးအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှလည်းကောင်း၊

(၄) ဆည်မြောင်း၊ ကန်၊ တာတမံမြေ၊ မြစ်ချောင်း ရေအောက်မြေ၊ အင်းအိုင်မြေ(၃)မျိုးအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှလည်းကောင်း၊

(၅) စက်ရုံမြေအား စက်မှုဝန်ကြီးဌာနမှလည်းကောင်း၊

(၆) သာသနာ၊ သုသာန်အဆောက်အဦစသည့်မြေအား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှလည်းကောင်း အသီသီးစီမံခန့်ခွဲလျက် ရှိပါ တယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသော အစိုးရပိုင် မြေမည်မျှရှိပြီး၊ ထိုမြေများသည် မည်သည့်မြို့နယ်များတွင် တည်ရှိပါသနည်းဟု မေးမြန်းချက်နှင့်ပတ်သက်ပြီး မြေအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် မြေအသုံးချမှုများ ဆောင်ရွက်ရန်အတွက် မိမိတို့လျှောက်ထားလိုသော မြေအမျိုးအစားအလိုက် စီမံခန့်ခွဲ လျက်ရှိသော ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးရဲ့ ရှမ်းပြည်နယ်အတွင်းတွင် ဆိုရှယ်လစ်စနစ်နှင့် သွားခဲ့သော နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများ ရှိ/ မရှိနှင့် ရှိပါက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံအောင် ဖိတ်ခေါ်ပြီး အလုပ်အကိုင် အခွင့်အလမ်းဖန်တီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်နှင့် စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ်အတွင်းတွင် နိုင်ငံပိုင်စက်ရုံ (၄)ရုံရှိပါတယ်။ ၎င်းတို့မှာ တောင်ကြီးခရိုင်၊ အေးသာယာမြို့ရှိ မြန်မာ့သစ်လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် အမှတ်(၁၂၇)သစ်စက်၊ ရွှေညောင်မြို့ရှိ ကွန်ကရစ်ဧလီဖားတုံးစက်ရုံ၊ ကျောက်မဲခရိုင်၊ သီပေါမြို့၊ ဘော်ကြိုရွာနှင့် နားခံရွာကြား၊ မန္တလေး- လားရှိုး လမ်းမကြီးအနီးရှိ ကွန်ကရစ်ဧလီဖားတုံးစက်ရုံ၊ ဟိုပုံးမြို့ရှိ အမှတ်(၂) သံမဏိ စက်ရုံ (ပင်းပက်)တို့ဖြစ်ပါတယ်။ ဟဲဟိုးမြို့တွင်လည်း မြန်မာ့ဆေးဝါးလုပ်ငန်းမှ မြင်းနှင့် သိုးမွေးမြူရေးခြံရှိပါတယ်။ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သည် ရုရှားနိုင်ငံ၏ နည်းပညာရယူထားသည်ဟု သိရှိရပါတယ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချို့ကျမှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ကာ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသဇုန်(၁)အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၇)နှစ်အထိလည်းကောင်း၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသော ဒေသဇုန် (၂)အတွင်း ရင်းနှီး

မြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၅)နှစ်အထိ လည်းကောင်း ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားနိုင်ပါတယ်။ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် ရှမ်းပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုစီးဝင်လာနိုင်ရေး အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (၂၀၁၉-၂၀၂၀)မှ (၂၀၃၀-၂၀၃၁)အထိ စီမံကိန်း မူကြမ်းအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု အခွင့် အလမ်းများ ပိုမိုသိရှိလာနိုင်ရေးအတွက် Shan State Investment Forum (2019)အား (၂၆-၁၁-၂၀၁၉)ရက်နေ့တွင် ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သော အချက်အလက်များအား အလွယ်တကူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ Website အား တည်ထောင်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ Website တွင် ထည့်သွင်းနိုင်ရန်အတွက် Video Click များ ရိုက်ကူးဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုမိန့်ထုတ်ပေး နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မတည်ငွေရင်းပမာဏအား အမေရိကန်ဒေါ်လာ (၅) သန်းနှင့် မြန်မာကျပ်ငွေသန်း (၆၀၀၀)အောက် လုပ်ပိုင်ခွင့်သတ်မှတ်ပေးထားရာ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ထုတ်ပေးနိုင်မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု (၅)ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၃)ခုရှိပြီး အလုပ်အကိုင် အခွင့်အလမ်းဖန်တီး ပေးနိုင်မှုမှာ ပြည်တွင်း (၄၂၈)ဦးနှင့် ပြည်ပ (၃၉)ဦးရှိပါတယ်။ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ တစ်နှစ်လျှင်ကဏ္ဍတစ်ခုလျှာထားချက်အရ စိုက်ပျိုးရေးကဏ္ဍကို လျှာထား ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်နိုင်ရန်အတွက် (၂၈-၁-၂၀၁၉) မှ(၂၉-၁-၂၀၁၉)ထိ နေပြည်တော်တွင် ကျင်းပပြုလုပ်သော Facilitation for the investment Myanmar Summit 2019 နှင့် (၁၀-၉-၂၀၁၉) မှ (၁၁-၉-၂၀၁၉)အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်သော Myanmar Global Investment Forum တို့တွင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်သောအဖွဲ့မှ တက်ရောက်ကာ ရှမ်းပြည်နယ်အတွင်းရှိ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ခင်းကျင်းပြသခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ် ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလေးနိုင်သည်လည်း (၄-၄-၂၀၁၇)ရက်နေ့မှ (၇-၄-၂၀၁၇)ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပသည့် ရှမ်းပြည်နယ်တွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း

များဖန်တီးရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်လေ့လာရေး အဖွဲ့ဝင်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။

တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာသည် အိမ်ခြေ (၄၃၀)အိမ်၊ လူဦးရေ (၂၀၀၀)ကျော် နေထိုင်သောကျေးရွာဖြစ်ပြီး သနပ်ဖက်လုပ်ငန်းကို အဓိက လုပ်ကိုင်တဲ့ရွာဖြစ်ပါတယ်။ ပြောင်း၊ ပဲ၊ ပန်းနှမ်း၊ လျှော်ဖြူနှင့် ရာသီသီးနှံ အများအပြား စိုက်ပျိုးသည့် ကျေးရွာဖြစ်ပါတယ်။ အဆိုပါ သရက်ပင်လှကျေးရွာသည် ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ပင်းတယမြို့သို့ သရင်ပင်လှကျေးရွာမှ ရေပူကျေးရွာသို့ (၈)မိုင်၊ ရေပူမှ ရွှေညောင်သို့ (၁၂)မိုင်၊ ရွှေညောင်မှ ဟဲဟိုးသို့ (၁၂)မိုင်၊ ဟဲဟိုးမှ ဘော်ဆိုင်း(၁၉)မိုင်၊ ဘော်ဆိုင်းလမ်းခွမှ ပင်းတယသို့ (၇)မိုင် စုစုပေါင်း (၅၈)မိုင်ကျော် သွားနေရတဲ့အနေအထား ဖြစ်ပါတယ်။ သရက်ပင်လှကျေးရွာမှ တံတားကန်ကျေးရွာ၊ တံတားကန်ကျေးရွာမှ ဘော်ဆိုင်းသို့ စုစုပေါင်း (၃)မိုင်ကျော်ရှိပါတယ်။ သရက်ပင်ကျေးရွာမှ သဲဖြူကုန်းကျေးရွာအထိ မြေသားလမ်း ခန့်မှန်း (၁၆၀၀၀)ပေ ရှိပါတယ်။ အဆိုပါ သရက်ပင်လှကျေးရွာနှင့် ဘော်ဆိုင်း လမ်းမကြီးအထိ ကုန်ထုတ်လမ်း (၃)မိုင် ကျော်အား ဖောက်လုပ်ပေးမည်ဆိုပါက သရက်ပင်လှ ကျေးရွာမှ ပင်းတယမြို့သို့ ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူလာမည့်အပြင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့သည် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ သရက်ပင်လှကျေးရွာနှင့် ဘော်ဆိုင်းလမ်းမကြီးအထိ ဒေသ ကုန်ထုတ်လမ်း (၃)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်း

အား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၉၈၊ ၉၉၊ ၁၀၅ အရ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစင်အောင်မြတ်(ခ) ဦးအောင်မြတ်မှ မေးမြန်းထားတဲ့ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာသည် သနပ်ဖက်လုပ်ငန်းများနှင့် ပြောင်း၊ ပဲ၊ ပန်းနှမ်း၊ လျှော်ဖြူနှင့် ရာသီသီးနှံ အများအပြား စိုက်ပျိုးသည့် ကျေးရွာဖြစ်ပြီး သရက်ပင်လှကျေးရွာနှင့် ဘော်ဆိုင်းလမ်းမကြီးအထိ ကုန်ထုတ်လမ်း (၃) မိုင်ကျော်ကို ဖောက်လုပ်ပေးမည်ဆိုပါက သရက်ပင်လှကျေးရွာမှ ပင်းတယမြို့သို့ ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူလာမည့်အပြင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ ပိုမိုဖွံ့ဖြိုး တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါတယ်။ သရက်ပင်လှကျေးရွာနှင့် ဘော်ဆိုင်းလမ်းမကြီးအထိ ဒေသကုန်ထုတ်လမ်း (၃)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဦးစိုင်းလုံကျော်က ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အဆိုပါမြေနေရာကို ကွင်းဆင်းစစ်ဆေးချက်အရ အဆိုပါလမ်းသည် သရက်ပင်လှကျေးရွာမှ တံတားကန်ရွာနှင့် ရွာဟောင်းရွာကိုဖြတ်၍ ဘော်ဆိုင်းသို့ သွားသောလမ်းဖြစ်ပါတယ်။ စုစုပေါင်းလမ်းအရှည် ၈ မိုင် ၄ ဖာလုံခန့်ရှိသည့်အနက် သရက်ပင်လှကျေးရွာမှ (၄၁၀၀)ခန့်မှာ ထော်လာဂျီ၊ ဆိုင်ကယ်များသွားလာနိုင်ပြီး ကျန် (၁၁၇၄၀)ပေ ခန့်မှာ ခြေလျင်ဖြင့်သာ သွားလာနိုင်တာဖြစ်ပါတယ်။ (၃)မိုင်ခန့် လမ်းဖောက်လုပ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

အဆိုပါလမ်းအား ဖောက်လုပ်ပေးမည်ဆိုပါက ကျေးရွာ (၈)ရွာ၊ အိမ်ခြေ (၁၄၆၀) အိမ်၊ အိမ်ထောင်စု (၁၅၄၅)စု၊ လူဦးရေ (၅၀၄၅)ဦး၊ စိုက်ပျိုးကေ (၃၈၅၅)ကေအား အကျိုးပြုသွားမှာဖြစ်ပါတယ်။ အဆိုပါ (၃)မိုင်ခန့် လမ်းဖောက်လုပ်မည့် လမ်းကြောင်းပေါ်ရှိ တောင်သူ (၂၃)ဦး၊ ပိုင်ဆိုင်သောမြေပေါ်တွင် ဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်ပါသောကြောင့် အဆိုပါ

တောင်သူများ၏ သဘောတူခွင့်ပြုချက် ရယူရမည်ဖြစ်ပါကြောင်းနှင့် သဘောတူခွင့်ပြုချက် ရရှိပါက တောင်ကြီးမြို့နယ်၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး မြို့နယ်အလိုက် ပထမဦးစားပေးအစီအစဉ်အရ ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးစံဝင်းမြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဆက်စပ်မေးခွန်းလေးမေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီးဖြေကြားပေးသွားတဲ့အတွက်ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော်ဆက်စပ်မေးခွန်းအနေနဲ့ ဝန်ကြီးရဲ့ ဖြေဆိုချက်အရဆိုရင် တောင်ကြီးမြို့နယ် စီမံကိန်းရေးဆွဲတင်ပြမှု ဘတ်ဂျက်အပေါ်မှာ မူတည်ပြီးတော့မှ ဆောင်ရွက်ပေးမယ်လို့ ဖြေကြားထားတာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရ ဝန်ကြီးချုပ်အနေနဲ့လည်း ဝန်ကြီးချုပ်မိန့်ခွန်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နောက်တစ်ခါ ပြည်နယ်ဖွံ့ဖြိုးရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းလည်း မနေ့က ကျွန်တော်တို့ ကြားသိရပြီး ဖြစ်ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာဆိုရင်တော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး တိုက်ရိုက်ဆောင်ရွက်မှာကတော့ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီးတော့ ကျပ် ၁၁,၈၄၈.၅၂၅ သန်း သုံးစွဲမှာ ဖြစ်ပါတယ်။ အဲ့ဒီမှာ ငြိမ်းချမ်းရေးအတွက်ကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဖြစ်တဲ့ လမ်း၊ မီး၊ တံတားတွေ ဆောင်ရွက်ပေးနိုင်မှုက ကျပ်သန်းပေါင်း ၁,၆၆၆.၇၇၀ သန်း၊ ဒါကတော့ Estimate တွေရှိတဲ့ ဘတ်ဂျက်မှာ စီမံကိန်းရှိပြီးသား ဖြစ်နိုင်ပါတယ်။ အပိုဒ်(၂)မှာ ဖော်ပြထားတဲ့ One State One Township Project ၊ One Township One Village Project ဆိုတဲ့ ကိစ္စရပ်တွေ ဆောင်ရွက်ဖို့အတွက်ကြတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကျပ်သန်း ၁,၀၀၀ သုံးမယ်လို့ လျာထားတာ ရှိပါတယ်။ နောက်တစ်ခါ Clean and Green City တည်ဆောက်ဖို့အတွက် မြို့နယ်(၁၂) မြို့နယ်မှာ တောင်ကြီး၊ လွိုင်လင်၊ နောက် ပင်းတယလည်း ပါပါတယ်။ အဲ့အတွက်ကို ကျပ်သန်း ၇၀၀၀ သုံးစွဲမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲ့တာကို Plan အသေးစိတ်တော့ ကျွန်တော်တို့ဆီမှာ မရှိပါဘူး။ နောက်တစ်ခါ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကိစ္စအတွက်လည်း ကျပ်သန်း ၁,၀၀၀ သုံးစွဲမှာ ဖြစ်ပါတယ်။ နောက်တောင်ကြီးမြို့ ရေရရှိရေးအတွက်ကတော့ ကျပ်သန်း ၁,၀၀၀ သုံးစွဲမှာဆိုပြီးတော့မှ Plan တွေမှာ တင်ပြထားတာတွေ၊ ဘတ်ဂျက်တွေ ဥပဒေအရ ခွင့်ပြုပြီး ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော် တင်ပြလိုတာကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအနေနဲ့ တိုက်ရိုက်ဒေသဖွံ့ဖြိုးရေး ကျပ်သန်းပေါင်း

၁၁,၈၄၈.၅၂၅သန်း သုံးစွဲမဲ့ ခေါင်းစဉ်မှာ သုံးစွဲသွားမည့် ကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကတော့ မိမိဒေသဖွံ့ဖြိုးရေးအတွက် ဒါလွှတ်တော်မှာ မေးမြန်းတင်ပြခွင့်ရတယ်ဆိုရင် ကျွန်တော်တို့ တော်တော်ဝမ်းသာကြပါတယ်။ တင်ပြမေးမြန်းခွင့်ကိုလည်း ရရှိပြီးတော့ အဖြေကိုလည်း တိကျတဲ့အဖြေရပြီဆိုရင်တော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက တော်တော်လည်း စိတ်ချမ်းသာမှာ ဖြစ်ပါတယ်။ ဥပမာ မနေ့က မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက တင်ပြတဲ့ မိုင်းလွေထဲက ပုံလုံကျေးရွာလေးဆိုရင် ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၉၈၃ ခုနှစ် ဝန်းကျင်က တစ်ရွာလုံး တပ်ရင်းစစ်ဆင်ရေးဝင်တဲ့အခါမှာ မီးလောင်တဲ့ရွာလေးဖြစ်ပါတယ်။ အင်မတန်ဆင်းရဲပါတယ်။ အဲ့ရွာက မိုင်းခတ်ဘက်က ဖာလန်ကို ထွက်ချင်တယ်။ မိုင်းယန်းဘက်က မိုင်းလွေကို ထွက်ချင်တယ်။ ဒီလိုလမ်းမျိုးတွေဆိုရင် တင်ပြတဲ့ လမ်းတွေဟာ ကျပ်သန်း ၂၈ သန်းလောက်ပဲ ကုန်ကျမှာ ဖြစ်ပါတယ်။ အဲ့ဒီမှာ မြို့နယ်စီမံကိန်းကို ပြန်ဆွဲ၊ ဆွဲပြီးမှ မြို့နယ်စီမံကိန်းကနေ အတည်ပြုပြီးမှ ခရိုင်၊ ခရိုင်ပြီးမှ ပြည်နယ်ရောက် အဲ့စီမံကိန်းက ဘတ်ဂျက်ရပြီးမှ ပေးမယ်ဆိုပြီး အဲ့ရွာလေးတွေက မရနိုင်တော့တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ရရင်လည်း Estimate တွက်ရင် (၂)နှစ်လောက် ကြာမယ်။ အဲ့တာတွေကို ကျွန်တော်တို့ သုံးစွဲမယ်ဆိုရင် ခုနက ကျွန်တော်တင်ပြတဲ့ အစိုးရအဖွဲ့အနေနဲ့လည်း ဘဏ္ဍာရေးနှင့် ပတ်သက်လို့ရှိရင် စီမံခန့်ခွဲခွင့် အများကြီးရှိပါတယ်။ အစိုးရအဖွဲ့ရုံးအနေနဲ့ဆိုရင် ကျပ်သန်းပေါင်း ၄၀,၀၀၀ လောက်သုံးစွဲမှာ ဖြစ်ပါတယ်။ ခုနက ကျွန်တော်ဖော်ပြတဲ့ ကျပ်သန်း ၁၀,၀၀၀ ကျော် လောက်ကတော့ ဒေသဖွံ့ဖြိုးရေးမှာ သုံးစွဲသွားမယ်လို့ ဖော်ပြထားတာ ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲမဲ့ ခေါင်းစဉ်ထဲကနေပြီးတော့မှ ကျပ်သန်း ၉,၀၀၀ လောက်ကတော့ ကျွန်တော်တို့ဆီမှာ Plan အသေးစိတ် မရှိသေးတဲ့အတွက် ဒီခေါင်းစဉ်ထဲကရင် သုံးစွဲလို့ရှိရင်ကော အကျုံးဝင်အောင် စီမံပေးနိုင်မည်ဆိုရင်ကော မဖြစ်နိုင်ဘူးလားဆိုတဲ့ ဆက်စပ်မေးခွန်းမေးမြန်းလိုတာ ဖြစ်ပါတယ်။ တကယ်လို့ ဝန်ကြီးအနေနဲ့ အဆင်မပြေဘူးဆိုလို့ရှိရင်လည်း စာဖြင့်ပြန်ကြားပေးနိုင်ဖို့အတွက်ကို တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်စပ်မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးအနေနဲ့ ဖြေကြားလို့ရှိရင်လည်း ဖြေကြားနိုင်ပါတယ်။ ဒါမှမဟုတ် သီးခြားဖြေကြားမယ်ဆိုရင်လည်း ဖြေကြားနိုင်တယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ သီးခြားညှိနှိုင်းပြီးတော့ ပြန်လည်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်က မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမည့်မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းရှိ နယ်စပ်မြို့များသို့ တရုတ်နိုင်ငံသားများ ဝင်ရောက်နေထိုင်မှု များပြားလာခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ဧရိယာစတုရန်းမိုင်ပေါင်း (၆၀၁၅၅)မိုင်၊ လူဦးရေ (၆၃၃၂၁၈၈)ကျော် ရှိကြောင်း၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ခန့်မှန်းသန်းခေါင်စာရင်းအရ သိရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ နယ်စပ်မြို့များဖြစ်တဲ့ မိုင်းယောင်း၊ မိုင်းယု၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ မူဆယ်၊ လားရှိုးမြို့များမှတစ်ဆင့် ရှမ်းပြည်နယ်အတွင်း တရားမဝင်တရုတ်နိုင်ငံသားများ ဗီဇာများဖြင့်လည်းကောင်း၊ ဗီဇာမဲ့ဖြင့်လည်းကောင်း ဝင်ရောက်လာတဲ့သတင်းများကြားသိနေရပါတယ်။ တရုတ်နိုင်ငံသားများ တရားမဝင် လောင်းကစားလုပ်ငန်းများနှင့် တရားမဝင်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ အလားတူ မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကန်ဒေသများတွင် တရားမဝင်သစ်၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင်လည်း ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လုပ်ကိုင်နေတာကိုတွေ့ရှိနေရပါတယ်။

ဖြစ်စဉ်အနည်းငယ်တင်ပြပါရစေ။ ပြည်နယ်တိုင်းလိုလိုမှာ တရုတ်နိုင်ငံသားတွေ ဝင်ရောက်နေတာကို သိရှိရပါတယ်။ မြဝတီမြို့တွင်းမှာ စက်တင်ဘာလ (၁၃)ရက်နေ့ ၂၀၁၉ ခုနှစ်တွင် မြဝတီမြို့လယ်ခေါင် စားသောက်ဆိုင်ရှေ့တွင် တရုတ်နိုင်ငံသားတစ်ဦးက အပေါ့စွန့်မိတဲ့ကိစ္စနဲ့ဖြစ်ပြီး စက်တင်ဘာလ (၁၅)ရက်နေ့ မြဝတီဒေသခံပြည်သူများမှ လူထုတွေ့ဆုံပွဲတစ်ရပ်ကိုကျင်းပပြုလုပ်ခဲ့ကြပါတယ်။ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအင်အား (၂၀၀)ဦးခန့် ပြုလုပ်သွားတာကို သတင်းဌာနတွေမှာ တွေ့မြင်လိုက်ရပါတယ်။

အလားတူပဲ တာချီလိတ်မြို့ မေလ(၁၃)ရက် ၂၀၁၉ ခုနှစ်မှာလည်း တရုတ်နိုင်ငံသား (၁၈၈)ဦးထံမှ အွန်လိုင်းဂိမ်းလောင်းကစားများ ပြုလုပ်နေသည့် တရုတ်နိုင်ငံသားများ ပါဝင်နေတာကိုလည်း တွေ့ရှိရပါတယ်။ တရားမဝင် နေထိုင်သည့် တရုတ်နိုင်ငံသား (၁၈၈)ဦး အား ကား၊ ဆိုင်ကယ် (၁၀)စီး၊ လက်ကိုင်ဖုန်း (၅၄၈)လုံး အပါအဝင် စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ လက်နက်ခဲယမ်းများဖြင့် ဖမ်းဆီးရမိကြောင်း တွေ့ရှိရပါတယ်။ သက်ဆိုင်ရာက ပုဒ်မအသီးသီးဖြင့် အရေးယူ အမှုဖွင့်ထားတာကိုလည်းကို သတင်းဌာနတွေမှာ တွေ့မြင်လိုက်ရပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွင်းရှိ တရားမဝင်တရုတ်နိုင်ငံသား များကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါ သောကြောင့် မေးခွန်း(၃)ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်-

(၁) တရုတ်နိုင်ငံသားများ ဥပဒေမဲ့ ဝင်ရောက်နေထိုင်အလုပ် လုပ်ကိုင်နေမှုများ အား တည်ဆဲဥပဒေအရ အာဏာပိုင် အဆင့်ဆင့်က စာရင်းပြုစု ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/ မရှိ။

(၂) ဗီဇာစည်းကမ်းဖောက်ဖျက်နေထိုင်သည့် တရုတ်နိုင်ငံသားများကို သက်ဆိုင်ရာ ဌာနများမှ စိစစ်ကြပ်မတ်ပေးရန် အစီအစဉ် ရှိ/ မရှိ။

(၃) တရားမဝင် စီးပွားရေးလုပ်ငန်းများဖြစ်သည့် သစ်၊ သတ္တုရောင်းဝယ်တူးဖော် နေသည့် တရုတ်နိုင်ငံသားများကို လုံခြုံရေးနယ်မြေအတွင်းတွင်စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ နယ်စပ်မြို့များဖြစ်တဲ့ တာချီလိတ်- မူဆယ်၊ လားရှိုး- သိန္နီမြို့များမှ လောင်းကစားဂိမ်းခုံ၊ ငါးမန်းခုံများ ပိုမိုများပြားလာခြင်း ကြောင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ကြီးမားတဲ့အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး အကျင့်စာရိတ္တများပျက်ပြားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ လောင်းကစားဖွင့်လှစ်လျက် ရှိသော မြို့နယ်များအလိုက် တရားမဝင်ဖွင့်လှစ်ထားသူများကို အမြန်ဆုံးအရေးယူပေးပါရန် နှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရခြင်းအကြောင်း အရင်းကတော့ ရှမ်းပြည်နယ်လွှတ်တော်မှာလည်း အဆိုအောင်ပြီး ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်မှာလည်း အဆိုအောင်ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (၁၁)ကြိမ်မြောက်ပုံမှန်အစည်း အဝေးမှာ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက လောင်းကစားမှုများ ပပျောက်အောင် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို မေးမြန်းထားရှိပြီး ဖြစ်ပါတယ်။ ဝန်ကြီး

များ ဖြေသွားတာကတော့ ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားမှုများ ပပျောက်စေရေး အတွက် ရပ်ကွက်/ ကျေးရွာများသို့ ကွင်းဆင်းကာ အသိပညာပေးဟောပြောခြင်းများ ပြုလုပ် ဆောင်ရွက်ခြင်း၊ လောင်းကစားကို နည်းမျိုးစုံဖြင့် ပြုလုပ်ဆောင်ရွက်လျက်ရှိသည့်နေရာ များအား ရှောင်တခင်ဝင်ရောက်ဖမ်းဆီးခြင်းများ ပြုလုပ်တယ်လို့ ဖြေကြားထားပါတယ်။ ၎င်း ဖြေကြားထားမှုနှင့်ကွဲလွဲစွာ ယခုအချိန်အထိ လောင်းကစားမှုများ ပိုမိုများပြားလာနေတာကို တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတာကတော့ အဖြေက ရှင်းပါတယ်။ နယ်ထိန်းကအစ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဆုံး ဝေစုများရရှိနေလို့ပဲ ဖြစ်ပါတယ်။

ဒါတွေကို ကျွန်တော်တို့ ဘာကြောင့်ပြောရလည်းဆိုတာ အထောက်အထားတွေ ရှိပါ တယ်။ လောင်းကစားဂိမ်းခုံ၊ ငါးမန်းခုံ၊ မြို့နယ်အလိုက်မှာရှိတဲ့ ပိုင်ရှင်တွေရဲ့အမည်၊ ရပ်ကွက် အလိုက် ဖွင့်လှစ်ထားရှိတဲ့ စာရင်းဇယားအတိုင်း မောင်ဖြူက ဘယ်ရပ်ကွက်မှာ ဖွင့်ထားတယ်၊ မောင်မဲက ဘယ်ရပ်ကွက်မှာ ဖွင့်ထားတယ်၊ မောင်နီက ဘယ်ရပ်ကွက်မှာ ဖွင့်ထားတယ်၊ မောင်ဝါက ဘယ်ရပ်ကွက်မှာ ဖွင့်လှစ်ထားတယ်ဆိုတာကို အစိုးရအဖွဲ့က သိရှိပါလျက်နဲ့ တာဝန်ယူလုပ်ဆောင်ပေးဖို့သင့်ပါတယ်။

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ သိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်း ပပျောက်ရေးနှင့် တင်းကြပ်စွာ တားဆီးပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းထားရှိပြီး အောင်မြင်ထားတာကိုလည်း ရှမ်းပြည်နယ် တစ်ပြည်နယ်လုံးမှာရှိတဲ့ မဲဆန္ဒရှင်ပြည်သူများ သိရှိထားပြီးဖြစ်ပါတယ်။ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဒေါ်နန်းခင်ထားရီမေးမြန်းထားသည့် အတည်ပြုပြီး ဖြစ်သော အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများအလိုက် ညွှန်ကြားထားမှုနှင့် စပ်လျဉ်းသည့် မေးခွန်း(၅)ခုကို မေးမြန်းထားတာကိုလည်း သိရှိရပါတယ်။ မေးမြန်းထားတဲ့ မေးခွန်းတွေကတော့ -

(၁) လွှတ်တော်တွင် အတည်ပြုပြီးဖြစ်သော အဆိုများနဲ့ပတ်သက်၍ သက်ဆိုင်ရာ ဌာနအလိုက်မည်ကဲ့သို့ ညွှန်ကြားထားသနည်း။

(၂) လွှတ်တော်တွင် အဆိုအတည်ဖြစ်ပြီး ကာလမည်မျှအကြာတွင် ညွှန်ကြားချက် များကို ထုတ်ပြန်သနည်း။

(၃) လောင်းကစားနှင့်ပတ်သက်သော အဆိုကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ညွှန်ကြားထားသနည်း။

(၄) ညွှန်ကြားချက်ကို မည်သည့်နေ့တွင် ထုတ်ပြန်သနည်း။

(၅) ညွှန်ကြားချက်များကို မလိုက်နာပါက မည်ကဲ့သို့ အရေးယူမည်နည်း စသည်တို့ကို မေးမြန်းထားတာတွေ့ရှိရပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဖြေကြားသွားတာကတော့ လောင်းကစားဝိုင်းများ ပြည်နယ်အတွင်း လျော့နည်းပပျောက်စေရေးတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁-၂/၂၀၁၉)အပိုဒ် ၄(စ) ဆုံးဖြတ်ချက်အရ လောင်းကစားဝိုင်းများနှင့်ပတ်သက်၍ အထက်အပိုဒ် (၁)ပါ ညွှန်ကြားချက်များအား လိုက်နာမှုမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများအား ထိရောက်သည့် အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသွားတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တာဝန်ပျက်ကွက်မယ်ဆိုရင်တော့ တစ်မျိုးသားလုံး အညွှန့်တုံးသွားမယ်ဆိုတာ မနေ့က လွှတ်တော်ဥက္ကဋ္ဌကြီး မိန့်ခွန်းမှာ ပြောကြားသွားတာ သိရှိရပါတယ်။ တာဝန်ယူမှုရှိဖို့လိုနေပြီလို့ ထင်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများက ဘယ်သူတွေ ပူးပေါင်းလုပ်ဆောင်နေတယ်ဆိုတာ ဖော်ထုတ်အရေးယူသင့်ပါတယ်။ ယခု (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအပြီး မြို့နယ်အလိုက် လောင်းကစားဂိမ်းခုံများ ဖွင့်လှစ်ထားရှိသည့် အမည်စာရင်းပြုစုလုပ်ဆောင်၍ အရေးယူပေးပါရန် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ မနေ့ကတော့ ကျွန်တော့်အနေနဲ့ တာဝန်နဲ့ ဝတ္တရားကို ခွဲခြားပြီးတော့ ဖော်ပြတာဖြစ်ပါတယ်။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၂)ခုစလုံးကို တစ်ဆက်တည်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်မှ မေးမြန်းလာသည့် ကြယ်ပွင့်ပြမေးခွန်း(၂)ခုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ပထမဦးစွာ ဖြေကြားသွားမှာ

ဖြစ်ပါတယ်။ မေးခွန်းရဲ့ ပထမအချက်နဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ရေအားလျှပ်စစ် စသည့်စီမံကိန်းလုပ်ငန်း များနှင့် သတ္တုတွင်းလုပ်ငန်းများတွင် တရားဝင် ခွင့်ပြုချက်ဖြင့် လာရောက်အလုပ်လုပ်ကိုင် လျက်ရှိသော တရုတ် နိုင်ငံသား (၆၈၃)ဦး ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအထိ ရှမ်းပြည်နယ်အတွင်းသို့ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား (၅၁၄)ဦးရှိကြောင်း စိစစ်သိရှိရပါတယ်။ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများ၏ စာရင်းအား ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ် ရေးအဖွဲ့များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းကာ စုံစမ်းဖော်ထုတ် စာရင်းကောက်ယူ၍ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်း ချက်များ) အက်ဥပဒေ ပုဒ်မ- ၁၃(၁)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

မေးခွန်းရဲ့ ဒုတိယအချက်နဲ့ပတ်သက်ပြီး ဥပဒေနှင့်အညီ တရားဝင် ဝင်ရောက် အလုပ်လုပ်ကိုင်သည့် တရုတ်နိုင်ငံသား (နိုင်ငံခြားသား)များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးအပြင် ပူးပေါင်းအဖွဲ့ဖြင့် ပြည်နယ်/ ခရိုင်/ မြို့နယ် နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ Foreigner Care Team ဖြင့် ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပြီး တရားဝင် ဝင်ရောက်လာသော်လည်း ခွင့်ပြုချက် မရှိဘဲ စီမံကိန်းနှင့်သတ္တုတွင်းလုပ်ကွက်များသို့ ဝင်ရောက်လုပ်ကိုင်နေသော ဗီဇာစည်းကမ်း ဖောက်ဖျက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှု ကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ- ၄(၁)၊ ၄(၂)တို့အရ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

မေးခွန်းရဲ့ တတိယအချက်နဲ့ပတ်သက်ပြီး တရားမဝင် စီးပွားရေးလုပ်ငန်းများ ဖြစ်သည့် သစ်၊ သတ္တုရောင်းဝယ် တူးဖော်နေသည့် တရုတ်နိုင်ငံသားများရှိကြောင်း သတင်း ပေးပို့လာပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ညှိနှိုင်း၍ တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း လောင်းကစားမှုများပပျောက်ရေးအတွက် တရားမဝင် ဖွင့်လှစ်ထားသူများကို အမြန်ဆုံးအရေးယူပေးရန်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း လောင်းကစားမှုများ ပပျောက် ရေးအတွက် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်း၍ သတင်းစုံစမ်းဖော်ထုတ်ခြင်း၊ စစ်ဆေး အရေးယူခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ၁- ၁- ၂၀၁၉ ရက်နေ့မှ ၃၀- ၁၁- ၂၀၁၉ ရက်နေ့အထိ လောင်းကစားမှု(၁၁၈)မှု၊ တရားခံ ကျား (၂၆၅)ဦး၊ မ (၉၅)ဦး၊

မြန်မာကျပ်ငွေ (၂,၁၄၈,၅၅၀)ကျပ်၊ ထိုင်းဘတ်ငွေ (၁၃၂,၆၆၀)ဘတ်၊ တရုတ်ယွမ်ငွေ (၅,၃၀၀)ယွမ်တို့အား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ ထို့အပြင် လောင်းကစား မှုများအား စုံစမ်းဖော်ထုတ် ဖမ်းဆီးရန် တာဝန်ပျက်ကွက်သူ ရဲတပ်ဖွဲ့ဝင်များ၊ လောင်းကစားမှု များတွင် ပါဝင်ပတ်သက်သည့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များအား စည်းမျဉ်းစည်းကမ်း များနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

၇- ၅- ၂၀၁၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းထားသော လောင်းကစား ဥပဒေအခန်း (၄) ပုဒ်မ (၅) ပုဒ်မခွဲ (က)အရ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာ တာဝန်ခံ (သို့မဟုတ်) ရာအိမ်မှူး (သို့မဟုတ်) ဆယ်အိမ်မှူး တစ်ဦးဦးအပါအဝင် အနည်းဆုံး (၂)ဦးပါဝင်လျက် လောင်းကစားပြုလုပ်သော နေအိမ်သို့ဝင်ရောက်ဖမ်းဆီးနိုင်ကြောင်း ပြဋ္ဌာန်း ထားရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်း လောင်းကစားဖွင့်လှစ်လုပ်ကိုင်ခြင်းများ တွေ့ရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များသို့ သတင်းပေးပို့ နိုင်သည့်အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များသို့ အသိပေးပါက စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လောင်းကစားမှုများပပျောက်ရေးအတွက် ဖမ်းဆီးအရေးယူမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာရေး လာရောက်ကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်၏ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာစိစစ်ရေးကော်မတီတွင်လည်း အဖွဲ့ဝင်တစ်ယောက်အနေဖြင့် ပါဝင်ဆောင်ရွက် လျက်ရှိရာ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီအနေဖြင့် ပြည်ထောင်စုမှ ဘဏ္ဍာရန်ပုံငွေနှင့် ပတ်သက်ပြီး လုပ်ငန်းစီမံကိန်းများ

လျာထားခြင်း၊ ခွင့်ပြုပေးခြင်းနှင့် ပတ်သက်၍ သိလိုသည့်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေဖြင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်အရ ရှုမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေစာရင်းအပေါ် ဦးစားပေးစီမံကိန်းများ စိစစ်လျော့ချခြင်း၊ သဘောထားမှတ်ချက်များပေးပို့ခြင်းကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ကော်မတီတွင် ပြည်နယ်ဘဏ္ဍာငွေနှင့် ဆောင်ရွက်မဲ့လုပ်ငန်းစီမံကိန်းများ၊ ဘတ်ဂျက်ချထားမှုများနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ အကျအလည်ညှိနှိုင်းပြီး စိစစ်ဆောင်ရွက်နိုင်သော်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို ပြည်နယ်လွှတ်တော်ရေးရာကော်မတီတွင် စိစစ်ခြင်း၊ ညှိနှိုင်းခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနဆိုင်ရာ/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိကြောင်းကို တွေ့ရှိရသည့်အပြင် ပြည်ထောင်စုအဆင့်ဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းစီမံကိန်းများ လျာထားခြင်း၊ အတည်ပြုခြင်းနှင့် ခွင့်ပြုပေးခြင်းနှင့်ပတ်သက်၍ ကော်မတီဝင်တစ်ဦးအနေဖြင့် သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေဖြင့်သော်လည်းကောင်း ယနေ့အချိန်ထိ သိရှိဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် ပါဝင်သည့် "ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များတိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်" ဆိုသည့် ချမှတ်ထားသည့် မူဝါဒနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများနှင့်ပတ်သက်ပြီး လုပ်ငန်းစီမံကိန်းများလျာထားခြင်း၊ ခွင့်ပြုပေးခြင်းနှင့် မည်သို့ဆောင်ရွက်နေသည်ကို ယခုထက်ပွင့်လင်းမြင်သာမှုရှိစေရန် သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှုမ်းပြည်နယ်အစိုးရသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ဂါရဝပြုကျေးဇူးတင်အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီး ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၏ ရှုမ်းပြည်နယ်လွှတ်တော်၏ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီအနေဖြင့် ပြည်နယ်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနှင့် သက်ဆိုင်ရာဌာနများနှင့် အကျအလည်ညှိနှိုင်း၍ စိစစ်ဆောင်ရွက်နိုင်သော်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်

ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို ပြည်နယ်လွှတ်တော်ရေးရာကော်မတီတွင် စိစစ်ညှိနှိုင်းခြင်း၊ လုပ်ငန်းများကို သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိကြောင်း တွေ့ရှိရပါသဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင်ပါဝင်သည့် **"ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင်ဆောင်ရွက်ရန်"**ဟု ချမှတ်ထားသည့် မူဝါဒနှင့်အညီ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေများနှင့်ပတ်သက်၍ လုပ်ငန်းစီမံကိန်း လျာထားခြင်း၊ ခွင့်ပြုပေးခြင်းနှင့် မည်သို့ဆောင်ရွက် နေသည်ကို သိရှိလိုသည်ဆိုသည့်မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဦးစိုးညွန့်လွင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဌာန/ အဖွဲ့အစည်းများ၏ လုပ်ငန်းစီမံကိန်းများကို ရှေးဦးစွာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ စိစစ်ပါတယ်။ ထို့နောက် ပြည်ထောင်စုစီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ထပ်မံစိစစ်ပါတယ်။ ပြည်ထောင်စု ဒုတိယဝန်ကြီး စိစစ်ထားသည့် ပြည်ထောင်စု ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုဝန်ကြီးမှ ထပ်မံစိစစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး စိစစ်ပြီးသော ပြည်ထောင်စု ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဒုတိယသမ္မတ၊ စီးပွားရေးရာကော်မတီနှင့် ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြပါတယ်။ ဘဏ္ဍာရေးကော်မရှင်မှ အတည်ပြုပြီးသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်ရုံးသို့ပေးပို့သည့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ပြည်ထောင်စု ဌာန/ အဖွဲ့အစည်းများ၏ လုပ်ငန်း/ စီမံကိန်းများကို အသေးစိတ် စစ်ဆေး၍ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစီရင်ခံစာ ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးနောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းပါတယ်။ နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စု

၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ ဘဏ္ဍာရေးခွင့်ပြုမိန့်များ ထုတ်ပြန်ပေးခြင်းဖြစ်ကြောင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းထွန်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးမျိုးမင်းထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းထွန်း ဖြစ်ပါတယ်။

တောင်ကြီးမြို့သည် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် ကဏ္ဍ အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေခြင်းတို့ကြောင့် အခြားတိုင်းနှင့် ပြည်နယ်ဒေသ အသီးသီးတို့မှ တောင်ကြီးမြို့နှင့် ပတ်ဝန်းကျင် မြို့/ ရွာများမှာ လာရောက်အခြေချနေထိုင်ပြီး စီးပွားရေးလုပ်ကိုင်ကြခြင်း၊ ရာသီဥတုကောင်းမွန် မျှတမှုတို့ကြောင့် လူဦးရေဟာ တစ်နေ့ တစ်ခြား ထူထပ်များပြားလာလျက်ရှိပါတယ်။

တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့် အင်းလေးဖောင်တော်ဦးဘုရား ပွဲတော်များသည် မြန်မာပြည်၏ အထင်ကရပွဲတော်များဖြစ်ခြင်း၊ အခြားဖူးမျှော်စရာ ဘုရား/ စေတီပုထိုးများ ပေါများခြင်း၊ လေ့လာလည်ပတ်စရာနေရာများ များပြားစွာရှိနေခြင်း၊ ရှမ်းပြည်နယ်အစိုးရရုံးစိုက်ရာ နေရာဖြစ်ခြင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် လက်အောက်ခံ တပ်ရင်း/ တပ်ဖွဲ့များရှိရာ မြို့တော်တစ်ခုဖြစ်နေခြင်းတို့ကြောင့် ဝန်ထမ်းအင်အားဟာလည်း များပြားလှ ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အေးသာယာမြို့သစ် သည် မိတ္ထီလာ- တောင်ကြီးသွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ရှိပြီး စက်မှုဇုန်တည်ရှိ၍ အလုပ်အကိုင်ပေါများခြင်း၊ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း၊ အစိုးရနည်းပညာတက္ကသိုလ်၊ ဘုန်းတော်ကြီး သင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ တည်ရှိနေခြင်းကြောင့် ကျောင်းသား/ ကျောင်းသူများ၊

ဝန်ထမ်းများ၊ ကျပန်းအလုပ်သမားများဟာ နေ့စဉ်မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များဖြင့် လမ်းမကြီးတစ်လျှောက်သွားလာလျက်ရှိနေပါတယ်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့မှ လှိုက်လဲ့ပျူငှာစွာကြိုဆိုပါသည် မုခ်ဦးအနီး တောင်ကြီး- မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီးနှင့် တောင်ကြီး- အေးသာယာစက်မှုဇုန်သွားကားလမ်းဆုံရာ လမ်းဆုံမှာ နေ့စဉ်မော်တော်ယာဉ်/ ဆိုင်ကယ်များ သွားလာနေကြပြီး ယာဉ်စီးနင်းမောင်းနှင်သူများမှ သင့်လျော်သလို နားလည်မှုတို့ဖြင့် မောင်းနှင်မှုတို့ကြောင့် အထက်ပါလမ်းဆုံနေရာတွင် ယာဉ်မတော်တဆ တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ တောင်ကြီး- မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီးနှင့် တောင်ကြီး- အေးသာယာ စက်မှုဇုန်သွားကားလမ်းဆုံရာ လမ်းဆုံတွင် မြင်တွေ့ရတဲ့ပုံများဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည်မှာ တောင်ကြီး- မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီးနှင့် တောင်ကြီး- အေးသာယာ စက်မှုဇုန်သွားကားလမ်းဆုံရာ လမ်းဆုံတွင် သုံးဖက်မြင် မီးပွိုင့် (၁)ခု ဆောင်ရွက်ပေးရန် သို့မဟုတ် လမ်းအမှတ်အသားများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင်ထည့်သွင်းဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်တို့ကို သိရှိလိုပါ၍ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းထွန်း မေးမြန်းထားတဲ့ တောင်ကြီး-မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီးနှင့် တောင်ကြီး-အေးသာယာ-စက်မှုဇုန်သွားကားလမ်းဆုံရာ လမ်းဆုံတွင် သုံးဖက်မြင် မီးပွိုင့် (၁)ခု ဆောင်ရွက်ပေးရန် (သို့မဟုတ်) လမ်းအမှတ်အသားများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါကမည်သည့် ဘတ်ဂျက်နှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်တို့ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါ တယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးဖြစ်သော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း AH-2 ရဲ့ မိုင်တိုင်အမှတ် (၁၀၈/၃) မှာ အေးသာယာ- ညောင်ရွှေ- မိုင်းသောက်- နမ့်ပန်- တုံဟုံး- ပင်လောင်းလမ်းနှင့် ဆုံသည့် လမ်းဆုံတစ်ခုရှိပါတယ်။ ထိုလမ်းဆုံနေရာမှာရှိတဲ့ လမ်းမကြီးမှာ တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေး ကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ၄ လမ်းသွား၊

၄၈ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအမျိုးအစားဖြစ်ပြီး နေ့စဉ်ယျမ်းမျှ အသုံးပြုမှုမှာ မော်တော်ယာဉ် အစီးရေ ၅၀၀၀ ခန့်ဖြစ်ပါတယ်။ လမ်းသတိပေးဆိုင်းဘုတ်နှင့် လမ်းအပိုင်းအခြားပြအမှတ်အသား Lane Divider များကို Power Point မှာပါတဲ့ ဓာတ်ပုံပါအတိုင်း ရေးဆွဲထားရှိပြီးဖြစ်သော်လည်း ယာဉ်များရှုပ်ထွေးပြီး မေးခွန်းမှာ ဖော်ပြထားတဲ့အတိုင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်အတွက် စိုးရိမ်နေရဆဲဖြစ်ပါတယ်။

၂၂ ဘီး(တွဲကား)ကုန်တင်ယာဉ်ကြီးများ လမ်းဘေးတွင်ရပ်နားလေ့ရှိခြင်း၊ မော်တော်ဆိုင်ကယ်များ၊ ခရီးသည်တင်ယာဉ်များ အတင်အချ ပြုလုပ်လေ့ရှိခြင်း၊ အေးသာယာ – တောင်ကြီးလမ်းကြောင်း ချိုးကွေ့သွားလာမှု များပြားခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ ရှိပါတယ်။ မီးပွိုင့်တပ်ဆင်ရန် လိုအပ်နေပါသဖြင့် တပ်ဆင်ဆောင်ရွက်ပေးနိုင်ရေးအတွက် တောင်ကြီးမြို့၊ အမှတ် (၁၈)ယာဉ်ထိန်းရဲ ဒုတပ်ခွဲမှူးရုံးက ခန့်မှန်းတွက်ချက်မှုနှင့်အတူ ရှမ်းပြည်နယ်ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ (SSRSA)ရဲ့ စီမံခန့်ခွဲရေးဆပ်ကော်မတီသို့ တင်ပြခဲ့ပါတယ်။ (၁၂- ၇- ၂၀၁၉)ရက်နေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် ၅(၁-ခ)အရ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ လျာထားဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ အသေးစိတ်တွက်ချက်မှုများ ပြီးစီးပါက ရန်ပုံငွေခွင့်ပြုချက် တောင်းခံ၍ အေးသာယာလမ်းဆုံမီးပွိုင့်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည် တော်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်မြို့တွင်း သွားလမ်းများနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ စီးပွားရေး၊ လူမှုရေး၊

ကျန်းမာရေးများ တစ်စတစ်စဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့ဖြစ်ပါတယ်။ ဖွံ့ဖြိုးလာသည်နှင့်အမျှ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်တပ်ယာဉ်များ များပြားလာပြီး လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို တာဝန်ရှိသူများမှ အဆက်မပြတ် ထိန်းသိမ်းပေးနေသော်လည်း မိုင်းဆတ်မြို့ရဲ့ မြို့လယ်လမ်းမကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး တစ်ခုကိုသာ အသုံးပြုနေရတဲ့အတွက် ယာဉ်ကြောရှုပ်ထွေးပြီး ယာဉ်အန္တရာယ်များ ကြုံတွေ့လျက်ရှိပါတယ်။ မိုင်းဆတ်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးသည် မြို့၏တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်း ဆက်စပ်ပေးသော တစ်ခုတည်းသော လေယာဉ်ကွင်းပတ်လမ်းဖြစ်ပါတယ်။ လူထုအနေနဲ့ ၎င်းလမ်းအား အသုံးပြု၍ နေ့စဉ်သွားလာကူးလူး ဆောင်ရွက်ရသော လမ်းလည်းဖြစ်ပါတယ်။ လေယာဉ်ကွင်းအနီးတွင် အမှတ်(၁) အထက်တန်းကျောင်းရှိပြီး ကျောင်းသားအင်အား (၁၅၀၀)ခန့်သည် ကျောင်းဆင်းချိန်များ၌ ယာဉ်ကြောရှုပ်ထွေးပြီး မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပွားလေ့ရှိပါတယ်။ လေယာဉ်ခရီးစဉ်ရှိသည့် ဗုဒ္ဓဟူးနေ့များတွင် ပိုမို၍ ယာဉ်ကြောရှုပ်ထွေးမှုများကြောင့် ကျောင်းသား/ ကျောင်းသူများမကြာခဏ ယာဉ်တိုက်မှုများ ဖြစ်လေ့ရှိပါတယ်။

ယခင်က မြို့အကွက်ချမြေပုံတွင် လေယာဉ်ကွင်းသို့ သွားရောက်သောလမ်းမှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး ဗဟိုပြု၍ လမ်း၏ဝဲယာနှစ်ဘက်တွင် လမ်းသွယ်နှစ်ခုရှိပါတယ်။ ၎င်းလမ်းများမှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးလမ်းထောင့်မှ ကျောင်းလမ်းဆုံထိလည်းကောင်း၊ စျေးအနောက်ဘက် မိုင်းဆတ်တောင်တန်းကားဂိတ်မှ လေယာဉ်ကွင်းထိလည်းကောင်း၊ လမ်းသွယ်များရှိပြီး ဖြစ်ပါတယ်။ သို့ရာတွင် ၎င်းလမ်းများမှ မြို့အကွက်ချမြေပုံပေါ်၌သာရှိပြီး အသုံးပြုခြင်းမရှိသဖြင့် ယခုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်ခုတည်းကိုသာ အသုံးပြု၍ ယာဉ်အန္တရာယ်များ ကြုံတွေ့နေရခြင်းဖြစ်သည်ကို တင်ပြချက်များအရ တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုချောမွေ့စေပြီး ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် တင်ပြပါလမ်း(၂)လမ်းအား ကျောက်ချောလမ်းဖြစ်စေ၊ ကွန်ကရစ်လမ်းဖြစ်စေ (သို့မဟုတ်) ကတ္တရာလမ်းဖြစ်စေ ဖောက်လုပ်ပေးရန်နှင့် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ

ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၏ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်ခုတည်းကိုသာ အသုံးပြုနေ၍ ယာဉ်ကြောရှုပ်ထွေးပြီး ယာဉ်အန္တရာယ်များ ကြုံတွေ့နေရပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးကို ဗဟိုပြုသည့် လမ်းသွယ်နှစ်ခုဖြစ်သော ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးလမ်းထောင့်မှ ကျောင်းလမ်းဆုံအထိနှင့် ဈေးအနောက်ဘက် မိုင်းဆတ်တောင်တန်း ကားဂိတ်မှ လေယာဉ်ကွင်းအထိလမ်းသွယ်နှစ်ခုအား ကျောက်ချောလမ်းဖြစ်စေ၊ ကွန်ကရစ်လမ်း (သို့) ကတ္တရာလမ်းဖြစ်စေ ဖောက်လုပ်ပေးပါရန်နှင့် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ မယ်ဆွမ်မြောက်ရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးကိုဗဟိုပြုသည့် လမ်းသွယ်ဖြစ်သော ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးလမ်းထောင့်မှ ကျောင်းလမ်းဆုံ အ.ထ.က- ၁ (မိုင်းဆတ်)ထိ (နွယ်သာကီ) (သို့မဟုတ်) စဝ်စံထွန်းလမ်း)သည် လက်ရှိတွင် ကတ္တရာလမ်း (၉၇၃)ပေ၊ မြေသားလမ်း (၁၈၅)ပေနှင့် လမ်းမရှိသေးသဖြင့် မြေသားလမ်းဖောက်လုပ်ရန် ကျန်ရှိမှုမှာ (၂၉၄၂)ပေဖြစ်ပြီး ဆောင်ရွက်ပြီးပါက စုစုပေါင်းအရှည် (၄၁၀၀)ပေ ရှိမည်ဖြစ်ပါတယ်။ ဖောက်လုပ်ရန်ကျန်ရှိသည့်အပိုင်း (၂၉၄၂'×၂၀')အား မြေသားလမ်းသစ်ဖောက်လုပ်ခြင်း ခန့်မှန်းကုန်ကျငွေကျပ် (၁၀၂.၁)သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ လက်ရှိမြေသားလမ်း(၁၈၅)ပေနှင့် မြေသားလမ်းသစ် (၂၉၄၂)ပေ၊ စုစုပေါင်းမြေသားလမ်း(၃၁၂၇'×၁၂'×၉")အား ကတ္တရာခင်းခြင်း ခန့်မှန်းကုန်ကျငွေ ကျပ် (၇၅.၁) သန်း၊ လမ်းဖြတ်သံကူကွန်ကရစ်တံတား (၂၀'×၆'×၅')(၃)စင်း တည်ဆောက်ခြင်း၊ ခန့်မှန်းကုန်ကျငွေ ကျပ် (၂၁)သန်းနှင့် (၂၀'×၅'×၄') (၂)စင်း တည်ဆောက်ခြင်း၊ ခန့်မှန်းကုန်ကျငွေ ကျပ် (၁၁.၂)သန်း၊ စုစုပေါင်းခန့်မှန်း ကုန်ကျငွေ ကျပ် (၂၀၉.၄)သန်း ကုန်ကျမည်ဖြစ်ပါတယ်။

ဈေးအနောက်ဘက် မိုင်းဆတ်တောင်တန်းကားဂိတ်မှ လေယာဉ်ကွင်းထိ (ဦးအောင်မြတ်လမ်း (သို့) ဈေးပတ်လမ်း)သည် လက်ရှိတွင် ကတ္တရာလမ်း (၂၀၀)ပေသာရှိပြီး လမ်းမရှိသေးသဖြင့် ဖောက်လုပ်ရန် ကျန်ရှိမှုမှာ (၄၃၀၀)ပေဖြစ်ပြီး ဆောင်ရွက်ပြီးပါက စုစုပေါင်းအရှည်(၄၅၀၀)ပေရှိမည်ဖြစ်ပါသည်။ ဖောက်လုပ်ရန် ကျန်ရှိသည့်အပိုင်း (၄၃၀၀'×၂၀') အား

မြေသားလမ်းသစ်ဖောက်လုပ်ခြင်း ခန့်မှန်းကုန်ကျငွေကျပ်(၁၄၉.၂)သန်း၊ ကတ္တရာခင်းခြင်း (၄၃၀၀'×၁၂'×၉") ခန့်မှန်းကုန်ကျငွေ ကျပ် (၁၀၃.၃)သန်း၊ လမ်းဖြတ် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း(၂၀'× ၆'×၅')(၃)စင်း ခန့်မှန်းကုန်ကျငွေကျပ် (၂၁) သန်းနှင့် (၂၀'×၅'×၄') (၂)စင်း တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေ ကျပ် (၁၁.၂)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ် (၂၈၄.၇)သန်း ကုန်ကျမည်ဖြစ်ပါတယ်။

မိုင်းဆတ်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၁၉- ၂၀၂၀ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ငွေကျပ် (၆၀)သန်းဖြင့် လမ်းလုပ်ငန်း (၅)ခု၊ တံတားလုပ်ငန်း (၄)ခု၊ အခြားလုပ်ငန်း (၃)ခု၊ စုစုပေါင်းလုပ်ငန်း (၁၂)ခု၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ထောက်ပံ့ရန်ပုံငွေ ကျပ် (၁၇.၅၅)သန်းဖြင့် လမ်းလုပ်ငန်း (၁)ခု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေ ကျပ် (၂၂)သန်းဖြင့် လမ်းလုပ်ငန်း (၂)ခု၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ် (၉၉.၅၅)သန်းဖြင့် လုပ်ငန်း (၁၅)ခု လျာထားရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးလမ်းထောင့်မှ ကျောင်းလမ်းဆုံအထိနှင့် ဈေးအနောက်ဘက် မိုင်းဆတ်တောင်တန်းကားဂိတ်မှ လေယာဉ်ကွင်းထိ လမ်းသွယ်နှစ်ခုအား ကတ္တရာလမ်းခင်း မည်ဆိုပါက စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်(၄၉၄.၁)သန်း ကုန်မည်ဖြစ်ပါကြောင်းနှင့် မိုင်းဆတ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် အဆိုပါ လမ်းသွယ် (၂)လမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် လျာထားရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုနူတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေးနယ်မြေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးနယ်မြေများရဲ့

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်သက်တမ်း ဟာ မကြာခင်မှာ (၄)နှစ် ပြည့်မြောက်တော့မှာဖြစ်ပြီး ဒီလွှတ်တော်သက်တမ်းထဲမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အများစုနဲ့ ပြည်သူလူထုများ ကြုံတွေ့ခံစားနေရသည့် ကျွန်တော်ရဲ့ မေးခွန်းပါ အချက်အလက်များကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်သက်တမ်းမှာ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈ နှစ်ဝက်(၆)လ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အဖြစ် အသီးသီးဘဏ္ဍာရေးနှစ်အလိုက်၊ ဌာနအလိုက် ခွဲဝေရရှိတဲ့ ရန်ပုံငွေတွေကို ဝန်ကြီးဌာနအလိုက် စီမံကိန်းတွေလျာထားချက်တွေ၊ ဥပဒေတွေကို အစိုးရလွှတ်တော်အရပ်ရပ်မှာ အဆိုပြုတင်ပြ အတည်ပြုပြဋ္ဌာန်း စီမံဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ရာမှာ ယခင်ဘဏ္ဍာရေးနှစ်တွေထက် ထူးခြားတာက ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနယ်မြေလုပ်ငန်းရန်ပုံငွေထက် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး နယ်မြေရန်ပုံငွေက များစွာလျော့နည်းလာတာကို တွေ့ရပါတယ်။

မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်လို့ ပြည်နယ်နတလလုပ်ငန်း ဟာ များစွာလျော့နည်းပါဝင်လာတာကို တွေ့ရပါတယ်။ ယခင်နှစ် လုပ်ငန်းအဆက်တွင် ပါဝင်မှု လျော့နည်းလာသလို နတလနယ်မြေထဲက ဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်တွေကို လွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြ/ ကြယ်ပွင့်မပြ မေးခွန်းများနှင့် မေးမြန်းတင်ပြရာမှာ လွှတ်တော်ကတိကဝတ်အဖြစ် ရှိခဲ့သလို မြို့နယ်စီမံကိန်းရေးဆွဲရာမှာ ပါဝင်ခဲ့သော်လည်း ဘဏ္ဍာရေးနှစ်၏ လျာထားချက်မှာ ပါဝင်လာခြင်းမရှိတာကို များစွာစိတ်မကောင်းဖွယ် တွေ့ရှိရ ပါတယ်။

မြို့နယ်များမှာ အများအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနယ်မြေထက် နတလနယ်မြေ တွေက ပိုမိုဝေးလံခေါင်သီပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အဖက်ဖက်က ဖွံ့ဖြိုးရေး အခက်အခဲများက လိုအပ်ချက်များစွာရှိနေပါတယ်။ မြို့ပြနေပြည်သူများထက် များစွာဖွံ့ဖြိုးရေး အခွင့်အလမ်းနည်းပါးပြီး ရပိုင်ခွင့်အခွင့်အရေးမှာ ယခုလို နတလဖွံ့ဖြိုးရေးလုပ်ငန်းများ လျော့ချခံခဲ့ ရတဲ့အခါ ကြီးမားသော ဆုံးရှုံးမှုကို တစ်နှစ်ဆိုတစ်နှစ်ထိရောက်စွာ လက်လွတ်ဆုံးရှုံးနေကြရပါ တယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက နယ်မြေဒေသအသီးသီးကို ကွင်းဆင်းစဉ်မှာ ပြည်သူတင်ပြချက်၊ လိုအပ်ချက်များကို ယခုလိုလွှတ်တော်ထဲတွင် ပြည်သူ့အသံ၊ လွှတ်တော် အသံအဖြစ် တင်ပြခွင့်ရှိသူများအဖြစ် တင်ပြရခြင်းဖြစ်ပါတယ်။ မြို့နယ်အသီးသီးက ကျွန်တော်တို့

လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်လည်း ကြုံတွေ့နေကြရတဲ့အခြေအနေ တစ်ရပ်ဖြစ်ပါတယ်။

မကြာတော့တဲ့ တစ်နှစ်တာကာလပြီးရင် လက်ရှိလွှတ်တော်သက်တမ်းနှင့် အစိုးရသက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ တစ်နှစ်တာအတွင်းမှာ ကျွန်တော်တို့ကိုယ်စားလှယ်များက ပြည်သူ့လိုအပ်ချက်ကို ကူညီဖြည့်ဆည်းဖို့ တတ်စွမ်းသမျှ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လိုအပ်ချက်အရ ၂၀၁၉- ၂၀၂၀ဘဏ္ဍာရေးနှစ်မှာ နတလနယ်မြေရဲ့လုပ်ငန်းအလိုက် ရန်ပုံငွေလျှော့ချခဲ့တယ်လို့ ယုံကြည်ခံယူနားလည်နိုင်ပေမယ့် ၂၀၁၉- ၂၀၂၀ ပိုလျှံရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေအသီးသီးမှာတော့ မြို့နယ်အသီးသီးက နတလနယ်မြေထဲ ကျရောက်နေသည့် ကျေးရွာနေ ဒေသခံတိုင်းရင်းသားပြည်သူများကို သက်ညှာထောက်ထားသောအားဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ တူညီတဲ့တန်းတူအခွင့်အရေး ရရှိစေရန်အလို့ငှာ ရည်ရွယ်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးရန်ပုံငွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနယ်မြေကဲ့သို့ မပိုသော မလျော့သော ရန်ပုံငွေချထားခွဲဝေးပေးဖို့ တိုက်တွန်းတင်ပြရင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနယ်မြေနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးနယ်မြေများ၏ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်ပိုလျှံရန်ပုံငွေ ၊ ဖြည့်စွက်ရန်ပုံငွေ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် မြို့နယ်အသီးသီးက နတလနယ်မြေအတွင်း ကျရောက်နေသည့်ကျေးရွာနေ ဒေသခံတိုင်းရင်းသား ပြည်သူများကို သက်ညှာထောက်ထားသောအားဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ တူညီသည့် တန်းတူအခွင့်အရေး ရရှိစေရန်အလို့ငှာရည်ရွယ်ပြီး နတလရန်ပုံငွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနယ်မြေကဲ့သို့ မပိုသောမလျော့သော ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ / မရှိ သိရှိလိုပါသည်ဆိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် ၂၀၁၉- ၂၀၂၀ ခု၊

ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်းအသုံး စရိတ်ခေါင်းစဉ်တွင် ရှမ်းပြည်နယ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း/ တံတား လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆောင်ရွက်ဆဲလုပ်ငန်း (၄၃)ခုအတွက် ကျပ် ၆,၄၂၄.၇၀၀ သန်း၊ လုပ်ငန်းသစ် (၄၃)ခုအတွက် ကျပ် ၄,၅၇၅.၃၀၀ သန်း စုစုပေါင်းလုပ်ငန်း (၈၆)ခုအတွက် ကျပ် ၁၁,၀၀၀.၀၀၀သန်း လျာထားပါတယ်။

အလားတူပင် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် ကျေးလက်ဒေသရေရှိရေးနှင့် မွမ်းမံလုပ်ငန်း (ကုန်ထုတ်လမ်းတံတား)များ ဆောင်ရွက်ရန်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၅,၅၅၇.၈၉၃ သန်းကို လျာထားကြောင်း တွေ့ရှိရပါတယ်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့်လည်း ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း/ တံတားလုပ်ငန်းများကိုဆောင်ရွက်နေပြီး ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းသာမန်အသုံးစရိတ်တွင် ပြည်နယ်အတွင်းရှိလမ်းများ သာမန်ပြင်ဆင်ထိန်းသိမ်းရန်အတွက် ကျပ်သန်း ၁,၅၀၀.၀၀၀၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ လုပ်ငန်းစီမံကိန်းသစ်ခေါင်းစဉ်တွင် ပြည်နယ်အတွင်းရှိ လမ်း/ တံတားလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် **ကျပ်** ၁၇,၄၁၅.၂၇၀ သန်း လျာထားပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ လျာထားချက်စာရင်းများအရ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေထက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ရန်ပုံငွေက ပိုများသည်ကို တွေ့ရှိရသည့်အတွက် လွတ်တော်ကိုယ်စားလှယ်ကြီးအနေဖြင့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအတွက်လျာထားသည့် ရန်ပုံငွေထက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအတွက် လျာထားသည့် ရန်ပုံငွေက များစွာလျော့နည်းလာသည်ကိုဆိုလိုပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် ဒေသခံဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်းတူဆောင်ရွက်နိုင်ရန် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လာမည့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံသည့်အချိန်တွင်

လည်းကောင်း၊ ရှမ်းပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေမှ ရန်ပုံငွေခွဲဝေချထားပေးရန် အဆိုပြု တင်ပြချိန်တွင်လည်းကောင်း တင်ပြတောင်းခံနိုင်ပြီး လုပ်ငန်းစီမံကိန်းသစ်များ ဆောင်ရွက် နိုင်ရန်အတွက် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေများ တင်ပြချိန်တွင် ထည့်သွင်းတင်ပြတောင်းခံရမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အရေးကြီးအဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက အရေးကြီးအဆို တစ်ရပ်အားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ ICJ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ရှေ့နေနှစ်ဦးတို့၏ ခုခံချေပချက်များကို ထောက်ခံကြောင်း ကြေညာ၍ အရေးကြီးအဆို တင်သွင်းခြင်း"** ဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၂၊ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက အရေးကြီးအဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ၌ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှု ဆိုင်ရာစွပ်စွဲချက်များဖြင့် တရားဝင် တရားစွဲဆိုခဲ့၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်မှ (၁၂)ရက်နေ့အထိ Public Hearing ကြားနာပွဲပြုလုပ်သွားပြီး ဖြစ်ပါတယ်။

အဆိုပါ ကြားနာပွဲတွင် မြန်မာနိုင်ငံအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ကြောင်း စွပ်စွဲချက်နှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ တရားရုံး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်

နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ပေးသည့် အကျိုးဆောင်ရွေ့နေများဖြစ်ကြသော ပါမောက္ခ မစ္စတာဝီလီယံရှာဘတ်၊ မစ္စတာ ခရစ္စတိုဖာ စတိတ်ကာ၊ ပါမောက္ခ မစ္စဖီဘီအိုကာဝါတို့မှ ကျိုးကြောင်းဆီလျော်စွာ ခုခံတုံ့ပြန်ချေပလျှောက်လဲတင်ပြချက်များသည် နိုင်ငံသားတို့၏အခွင့်အရေးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ကာကွယ်ရာ ရောက်သည့်အပြင် ပြည်တွင်းပြည်ပတွင်လည်း များစွာအရေးကြီးသည့်အတွက် လေးလေးနက်နက် ထောက်ခံပါကြောင်းကြေညာ၍ ဤအရေးကြီးအဆိုကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး ကိုယ်စိတ်နှလုံး ချမ်းမြေ့ပါစေလို့ ဦးစွာပထမမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ အရေးကြီးအဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ နယ်သာလန်နိုင်ငံ၊ ICJ တရားရုံး၌ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ခုခံချေပမှုများကို ထောက်ခံသည့်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ဒီနိုင်ငံတော်၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံသားတို့၏ အခွင့်အရေးများကို ပြည်လည်ခုခံသည့်ကြားနာပွဲများတွင် ပြောကြားခဲ့သည့်မိန့်ခွန်းနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်၏အရေးအတွက် ကိုယ်ကျိုးမဖက် ပြန်လည်ချေပခဲ့သည့်အတွက် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ အရေးကြီးအဆိုနှင့်ပတ်သက်၍ အထူးပင်ထောက်ခံအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်ဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ ကြွရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပါစေလို့ ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံလူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ပေးသည့် အကျိုးဆောင်ရွေ့နေကြီးများဖြစ်ကြသော ပါမောက္ခ မစ္စတာဝီလီယံရှာဘတ်၊ မစ္စတာ ခရစ္စတိုဖာစတိတ်ကာတို့အပြင် ပါမောက္ခ မစ္စဖီဘီအိုကာဝါတို့မှ အကျိုးအကြောင်းဆီလျော်စွာ ခုခံတုန့်ပြန်ချေပလျှောက်လဲတင်ပြချက်မှ ကောက်နှုတ်ဖော်ပြရသော်-

(၁) ဂမ်ဘီယာနိုင်ငံက တင်ပြမှုတွေမှာ အချက်အလက် ပြည့်စုံမှုမရှိတဲ့အပြင် နားလည်မှုများ လွဲမှားစေနိုင်တဲ့ အနေအထားနဲ့ ပုံဖော်တာ တွေ့ရှိရပါတယ်။

(၂) ဂမ်ဘီယာနိုင်ငံက အဓိကလျှောက်လဲချက်တွင်လည်း ဂျီနိုဆိုဒ်ဆိုတာကို ဝီပြင်စွာမပါတဲ့အတွက် ကြားဖြတ်စီရင်ချက်အား မချမှတ်သင့်ပါကြောင်း ယူဆပါတယ်။

(၃) မြန်မာနိုင်ငံမှ လျှောက်လဲတင်ပြချက်များသည် မြန်မာနိုင်ငံသူ/ နိုင်ငံသားများရဲ့ အခွင့်အရေးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ကာကွယ်ရာရောက်ပါတယ်။

(၄) ရှမ်းပြည်နယ်ရဲ့ လူမျိုးပေါင်းစုံပါဝင်နေသော ဤလွှတ်တော်ကြီးမှ တစ်ညီတစ်ညွတ်တည်း ထောက်ခံပေးခြင်းဖြင့် ဤဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ သမိုင်းတွင်စေမည့်အချက်ဖြစ်ပါသဖြင့် ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်မှ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့်

ဦးဆောင်၍ ထောက်ခံပြီး ကျန်ကိုယ်စားလှယ်များကလည်း ပါတီစွဲကင်းစွာဖြင့် ဝိုင်းဝန်းထောက်ခံပေးကြပါရန် တိုက်တွန်းရင်း ဦးညီညီ(ခ)ဦးညီလေးချမ်း၏ အရေးကြီးအဆိုကို လှိုက်လဲစွာ ထောက်ခံအပ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ထောက်ခံသွားပါတယ်။ ယခု ဒီအဆိုကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၂၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ လွှတ်တော်၏ အဆုံးအဖြတ် ရယူပြီး အတည်ပြုမှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီအဆိုကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကိုယ်စားလှယ်များက သဘော တူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

ဦးစံဝင်းအောင်မြတ်(ခ) ဦးအောင်မြတ်၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်။ ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌအနေနဲ့ တင်သွင်းပြောကြားလိုပါတယ်။ ဒါဟာ တရားရုံးတစ်ခုခုမှာ အဆုံးအဖြတ် မရသေးတဲ့ ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ လွှတ်တော်ကနေ အတည်ပြု ခြင်း၊ ထောက်ခံခြင်း၊ မှတ်တမ်းတင်ခြင်း ဆောင်ရွက်လို့ မသင့်ပါဘူး။ အဲ့တော့ ကျွန်တော်တို့ လွှတ်တော်ရဲ့ နည်းဥပဒေ၊ ဥပဒေနှင့်အညီ ပြန်လည်စဉ်းစားပေးဖို့နှင့် မဲခွဲဆုံးဖြတ်ပေးနိုင်ဖို့ အတွက် ကျွန်တော်တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအနေနဲ့ ဒီအဆိုကို အတည်ပြုမှတ်တမ်းတင်ဖို့အတွက် ကန့်ကွက်သွားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီအဆိုကို မှတ်တမ်းတင်ဖို့နှင့် အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒကို ခံယူမှာ ဖြစ်ပါတယ်။

ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနဲ့ ပတ်သက်လို့ အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော် လောက်ကိုင်မြို့နယ်

မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်သန်းထွဋ် ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့ အခုလိုအခါ သမယမှာ ဒီမိုကရေစီ နည်းလမ်းကျကျ ကျွန်တော်တို့ ရှမ်းပြည်နယ်လွတ်တော်ကြီးမှာ တင်ပြ ဆွေးနွေး အကောင်ထည်ဖော်နေတာ တွေ့ရတဲ့အတွက်ကြောင့်မို့ လွန်စွာလည်းဝမ်းမြောက်ပါ တယ်။ လွတ်တော်ကိုယ်စားလှယ်ကြီး ဦးညီညီ(ခ) ဦးညီလေးချမ်း ခုနကထောက်ခံပြီး တင်ပြတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ လွတ်တော်ကိုယ်စားလှယ်များသိအောင် ကျွန်တော့် အနေနဲ့ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးလည်းစဉ်းစား သုံးသပ်နိုင်အောင် ဖြစ်ပါတယ်။ ဒီ ICJ မှာ ဒီဟာနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသည်ဆိုတဲ့ကိစ္စသည် နိုင်ငံတော်ရဲ့ တာဝန်ကို နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်။ ယခင်နိုင်ငံခြားရေးဝန်ကြီးများ လက်ထက်မှာလည်းဒီလိုပဲ ဒီနေရာမှာ ရောက်လို့ရှိရင် ဒီတာဝန်ကို ထမ်းဆောင်ရတာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ အနေနဲ့က နိုင်ငံတော်တာဝန်ယူထားရတဲ့၊ နိုင်ငံ့ခေါင်းဆောင်တာဝန်ယူထားတဲ့ ဝန်ကြီးတစ်ယောက် ယခုလိုမြန်မာနိုင်ငံရဲ့ အရေးကိစ္စကို သွားရောက်ဖြေရှင်းပေးတာ အင်မတန်မှ ဂုဏ်ယူဝမ်း မြောက်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒါကိုလက်ခံ ကြိုဆိုရမှာဖြစ်ပါတယ်။ ဒီကိစ္စ ထဲမှာ တပ်မတော်ရဲ့ ကိစ္စအရေးကိစ္စတွေရော၊ ရဲတွေရဲ့အရေး ကိစ္စတွေရော၊ တိုင်းရင်းသား လူမျိုးတွေရဲ့ ကိစ္စတွေရောပါဝင်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ အင်မတန်မှ ဝမ်းမြောက် ဂုဏ်ယူပါတယ်။

သို့သော် ကျွန်တော်တို့ ဒီကိစ္စနှင့် ပတ်သက်လို့ ပြန်လည်စဉ်းစားဖို့က ဒီလုံခြုံရေး ချိုးဖောက်တဲ့ ဖြစ်စဉ် ဒီဂျီနိုဆိုဒ်ခေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းလို့ စွပ်စွဲရတဲ့ဖြစ်စဉ် ဖြစ်ပေါ်လာရခြင်းရဲ့ အဓိကအကြောင်းအချက်တွေကို ပြန်ပြီးတော့ ဒီနယ်မြေမှာ ပြန်စဉ်းစား ကြည့်မယ်။ တိုင်းရင်းသားလူမျိုးတွေနေထိုင်တဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပြန်စဉ်းစား ကြည့်မယ်ဆိုရင် (၁)အချက် နကစဆိုတဲ့ ဥပဒေကို ဖျက်သိမ်းလိုက်တယ်။ ဖျက်သိမ်း လိုက်တဲ့ အတွက် နယ်စပ်ဒေသတွေမှာ လုံခြုံရေးချိုးဖောက်မှု ဖြစ်စဉ်တွေ ဖြစ်တယ်။ ဖြစ်တဲ့အတွက် ကြောင့်မို့ အဲဒီအရေးခင်းတွေ ဖြစ်လာတယ်။ ဒါတစ်ချက်ပါ၊ နောက်တစ်ခါ မြန်မာနိုင်ငံထဲမှာ ဧည့်စာရင်းဥပဒေဆိုတာရှိတယ်။ အဲ့ဒီဧည့်စာရင်းဥပဒေဆိုတာကို ဖျက်လိုက်တဲ့အတွက် ကြောင့် မြန်မာနိုင်ငံထဲမှာ လူကောင်း၊ လူဆိုးခွဲခြားလို့ ခက်ပြီးတော့ ယခုအချိန်မှာဆိုလို့ရှိရင် ကိုယ်နိုင်ငံသားမဟုတ်တဲ့ လူတွေ စစ်ဆေးလို့မရ ဘာမရနဲ့ လုံခြုံရေးချိုးဖောက်မှုတွေ ဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေကို သွားမယ်ဆိုရင် ဘယ်နိုင်ငံကို သွားသွားလေဆိပ်ဆင်းလို့ဆိုရင် White ကတ်ဆိုတာကို ကျွန်တော်တို့ ဖြည့်ရပါတယ်။

ဒါအားလုံးသိကြပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသာလျှင် အဲဒီလဝကဆိုင်ရာဥပဒေကို ဖြုတ်လိုက်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ နိုင်ငံကို ဘယ်နိုင်ငံခြားသားဝင်ဝင် အဲဒီ White ကတ်ဆိုတာမဖြည့်ရတော့ဘဲနဲ့ ကျွန်တော်တို့မှာ စိစစ်မှုတွေ အများကြီးလျော့နည်းခဲ့ပါတယ်။ အဲဒီလျော့နည်းခြင်းဟာ လုံခြုံရေးချိုးဖောက်ခြင်းရဲ့ အဓိက ရည်ရွယ်ချက်ပါ။ နောက်ယောင်ခံဥပဒေဆိုတာ ဖျက်ခဲ့တယ်။ ရခိုင်ဒေသမှာ ဒီဂျီနိုဆိုဒ်မဖြစ်ခင်မှာ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း ညှိနှိုင်းပြီးတော့ လုပ်ဆောင်နိုင်တဲ့ ဖြေရှင်းနိုင်တဲ့ အရည်အချင်းရှိပါရဲ့သားနဲ့ ကိုယ့်နိုင်ငံက ပညာရှင်တွေကို အားမကိုးပဲနဲ့ နိုင်ငံခြားသားတွေပါတဲ့ ဒီကော်မရှင်တွေနဲ့ ကိုယ်နိုင်ငံအကြောင်း၊ ကိုယ့်ရေမြေအကြောင်း ဘာမှမသိတဲ့ ဒီကော်မရှင်နဲ့ စစ်ဆေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဖြစ်ပေါ်တဲ့ အဖြစ်အမှန်တွေဟာ ပြောင်းပြန်တွေ ဖြစ်ပြီးတော့ သူတို့ရဲ့ လှည့်ကွက်ထဲမှာ ကျွန်တော်တို့ ခံစားရတယ်။ လုံခြုံရေးစည်းတွေ ချိုးဖောက်ခဲ့ရပါတယ်။ ခုနက ကျွန်တော်ပြောခဲ့တဲ့ နကစ ဥပဒေဖျက်တယ်၊ ဧည့်စာရင်းတိုင်ကြားတဲ့ ဥပဒေဖျက်တယ်၊ လဝက လျော့နည်းမှုတွေဖြစ်တယ်။ နောက်ယောင်ခံမှုတွေ ဖြစ်တယ်။ ဒီကော်မရှင်တွေရဲ့ဥစ္စာ ကန့်ကွက်တယ်ဆိုတာ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်အနေနဲ့ ဘာမျှမရှိပေမဲ့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှာ ကျွန်တော်တို့လိုပဲ အခြားသော အခြားသော ပါတီဝင်တွေ လွှတ်တော်အမတ်တွေက ဒါကိုအကြိမ်ကြိမ်ကန့်ကွက်သည့်ကြားထဲကနေပြီးတော့ လူညီ ဥ္ဇာကျွဲဖတ်တယ်ဆိုတဲ့အနေနဲ့ ဒါကိုအတည်ပြုခဲ့တယ်။ အတည်ပြုခဲ့လို့ပဲ ဒီလိုလုံခြုံရေးချိုးဖောက်မှုတွေ ဖြစ်စဉ်တွေဖြစ်ပြီးတော့ အဲ့ဒီမှာ ကျွန်တော်တို့ လူမျိုးတုံးသတ်ဖြတ်ခြင်းခံရတယ်ဆိုတဲ့ စွပ်စွဲချက်တွေပေါ်လာတယ်။ ဒါနဲ့ပတ်သက်လို့လဲ လက်နက် ကိုင်အဖွဲ့အစည်းတွေအနေနဲ့ လုပ်ထုံးလုပ်နည်းအရ အရေးယူနိုင်တဲ့သူတွေကို တပ်မတော် ဥပဒေ၊ နယ်ဖက်ဥပဒေအရ အရေးယူခဲ့တာလဲ တိုင်းပြည်မှာရှိပြီးသား ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးမှာဆိုလည်း ဒီလုံခြုံရေးချိုးဖောက်မှု ဖြစ်စဉ်ကြီးဟာ ကျွန်တော်တို့ ရှမ်းပြည်နယ် ရှမ်း(မြောက်)၊ ရှမ်း(ရှေ့) ဒေသကြီးတွေမှာ ယနေ့အချိန်မှာ ခုနကလွှတ်တော်အမတ်တွေ တင်ပြသွားတဲ့ လုံခြုံရေးချိုးဖောက်တဲ့ဖြစ်စဉ်ဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာယခုလက်ရှိဦးဆောင်နေတဲ့အစိုးရဟာ သူဘာသာသူ ရည်ရွယ်ချက်ရှိရှိနဲ့ ဒီလိုလုပ်ပြီးတော့ ဒီလိုဖြစ်လာတဲ့ ဥစ္စာကို သူ့ကိစ္စကိုသူဖြေရှင်းတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်အရေးအခင်းဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့အကြီးအကဲ တစ်ယောက်အနေနဲ့ သွားရောက်ဖြေရှင်းတာဟာ သူတာဝန်သူ ဖြေရှင်းတာ ဖြစ်ပေမဲ့လည်း ကျွန်တော်တို့အတွက် အများကြီးဂုဏ်ယူပါတယ်။ သို့သော် ဒါဟာအရင်အစိုးရလက်ထက်တုန်းက ဒီလိုလုံခြုံရေးတင်းကြပ်တဲ့အတွက် ဒါမျိုးတွေ

မဖြစ်ခဲ့ဘူး။ ယခုဒီအချိန်တွေမှာ ဖြစ်လာတာအတွက်ကြောင့် ဒါကိုကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါကြောင်း ကျွန်တော်အနေနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုကို အတည်ပြုမှတ်တမ်းတင်ရန် သဘောတူပါက ထောက်ခံ ဆန္ဒမဲပေး၍ အဆိုကို မှတ်တမ်းသာတင်ရန် သဘောတူပါက ကန့်ကွက်ဆန္ဒမဲပေးရန်ဖြစ်ပါတယ်။ ဒီနေရာမှာထပ်ပြီးတော့ ရှင်းလင်းရမယ်ဆိုရင် အဆိုကိုအတည်ပြုဖို့အတွက် ထောက်ခံဆန္ဒမဲပေး၍ အဆိုကို မှတ်တမ်းတင်ရန်အတွက် ကန့်ကွက်ဆန္ဒမဲပေးရန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆန္ဒမဲပေးနိုင်ကြပါပြီဆိုတဲ့ စက်ခလုတ်ကို စတင်အသုံးပြုဖို့ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ လွှတ်တော်ဥပဒေ၊ နည်းဥပဒေအရ အဆိုတစ်ရပ်ကို တင်သွင်းရတဲ့အခါမှာ

ဥက္ကဋ္ဌ။ ရပါပြီ။ ကျွန်တော်တို့ မဲခွဲတဲ့ အဆင့်ကို ရောက်ပါပြီ။ ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၂၈)မဲ၊ ကြားနေမဲ (၃၁)မဲ၊ ကန့်ကွက်မဲ (၆၈)မဲ၊ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် ဦးညီညီ(ခ)ဦးညီလေးချမ်း တင်သွင်းသော အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကို (၁)နာရီ (၃၀)မိနစ် ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လယ်ပိုင်းအစည်းအဝေးကို နေ့လယ် (၁)နာရီ (၃၀)မိနစ်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(ဒုတိယနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

[အင်္ဂါနေ့]

နေ့လယ်ပိုင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ်အားဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ " ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ် အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော်**

ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့စာရင်းပေးထားပါတယ်။ ပထမဦးစွာ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်မအနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းသည့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူလူထုအတွက် **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ လုံခြုံရေးကဏ္ဍကို အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်မတို့ လုံခြုံရေးကဏ္ဍ (Secutiry Sector)လို့ပြောတဲ့နေရာမှာ အဓိကအားဖြင့် ကျွန်မတို့ (Political Security Sector) ကိုပဲ ပြောတာများပါတယ်။ အဲဒီနိုင်ငံရေးအရ ဖြစ်ပေါ်လာတဲ့ လုံခြုံရေးနှင့်ပတ်သက်ပြီးတော့ ကျန်ရှိနေတဲ့ စီးပွားရေး၊ လူမှုရေးလုံခြုံမှု၊ အစားအသောက်လုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှု၊ သဘာဝဘေးအန္တရာယ်မှ လုံခြုံမှုအပြင် Personal Security (စားဝတ်နေရေးလုံခြုံမှု)၊ ဘေးပတ်ဝန်းကျင်အသိုင်းအဝိုင်းလုံခြုံမှု စသည်ကိုလည်းထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ လက်ရှိကျွန်မတို့ ရှမ်းပြည်နယ်မှာ များသောအားဖြင့် Political Security ၊ insecurity ကနေရရှိလာတဲ့ ရလဒ်အနေနဲ့ ကျွန်မတို့ပြည်သူများဟာ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိဘဲ တွေ့ကြုံခံစားနေရပါတယ်။ နိုင်ငံရေးအရဖြစ်ပေါ်လာတဲ့ လုံခြုံမှုပေါ့နော်။ တိုက်ပွဲများမကြာခဏ ဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတဲ့အတွက် ပြည်သူများ မိမိဒေသကို စွန့်ခွာရပြီး ထွက်ပြေးတိမ်းရှောင်နေရခြင်း၊ နိုင်ငံခြားသားများအပါအဝင် ပြည်သူများ မြေမြှုပ်မိုင်းများမိပြီးတော့ အသက်သေဆုံးခြင်း တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်မှုကြားမှာ ပြည်သူများဟာ မြေဇာပင်ဖြစ်ခဲ့ရပါတယ်။ အဲ့ဒီလို နိုင်ငံရေးရာ လုံခြုံမှုမရှိတဲ့အတွက် ပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေးပါ ထိခိုက်လာသည်ကို သီပေါမြို့နယ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲများကို သာဓကအနေနဲ့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

တိုက်ပွဲများကြောင့် ကျွန်မတို့သီပေါမြို့နယ်မှာဆိုရင် စိုက်ပျိုးရေးအခြေခံပြီးထွက်လာတဲ့ သီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချခွင့် မရှိသည့်အတွက် စီးပွားရေးများ ကျဆင်းခြင်း၊

ဒါ့အပြင် သီပေါမြို့ဟာ ခရီးသွားလုပ်ငန်းကို အဓိကအခြေခံတဲ့မြို့ဖြစ်တဲ့အတွက် တိုက်ပွဲများ မကြာခဏဖြစ်ပြီးတဲ့နောက် မြေမြှုပ်မိုင်းများ မကြာခဏနင်းမိတဲ့နောက်မှာ ခရီးသွားလုပ်ငန်းကို များစွာထိခိုက်မှုဖြစ်စေပါတယ်။ ယခုနှစ် ၂၀၁၉ ခုနှစ်ကို ပြန်ကြည့်မယ်ဆိုရင် နိုင်ငံခြားခရီးသွားအရေအတွက်ဟာ ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စာရင်း(၅၀%)ကျော် ကျဆင်းသွားပါတယ်။ ဒါ့အပြင် ပြည်တွင်းခရီးသွားများလည်း ၇၀% လောက်ကျဆင်းသွားသည်ကိုတွေ့ရပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ စားသောက်ဆိုင်လုပ်ငန်း၊ သုံးဘီးဆိုင်ကယ်၊ Taxi များငှားရမ်းခြင်းလုပ်ငန်း၊ စက်လှေ ငှားရမ်းခြင်းလုပ်ငန်းဟာလည်း (၅၀%) လောက်ထိ ကျဆင်းသွားသည်ကို တွေ့ရှိရပါတယ်။ အဲ့ဒီလို တိုက်ပွဲများမကြာခဏဖြစ်ပေါ်ခြင်းကြောင့် ရလာတဲ့ အကျိုးဆက် ဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက ကျွန်မတို့ ရှမ်းပြည်နယ် အစိုးရအနေနဲ့ ပြည်သူများရဲ့ လုံခြုံရေးကို ရှေးရှုပြီးတော့ တိုက်ပွဲများ မဖြစ်ခင်နှင့် ဖြစ်နေစဉ်အတွင်းမှာ မိမိတို့နှင့် မသက်ဆိုင်သလိုမနေဘဲ ပြည်သူလူထုများ လုံခြုံရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်မှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ပျိုးထောင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရမည့်အပြင် ပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လုံခြုံမှု ထိခိုက်နစ်နာမှုမရှိအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သင့်ပါတယ်။

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်ပတ်သက်ပြီးတော့ တင်ပြရမယ် ဆိုရင် လက်ရှိမှာ ပြည်သူလူထုတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ ခိုးဆိုးလုယက်မှု၊ လူသတ်မှုတွေဟာ နေ့စဉ်နဲ့အမျှ ကျွန်မတို့ တွေ့မြင်ကြားသိနေရပါတယ်။ လတ်တလော ဖြစ်ပွားခဲ့တဲ့ (၈.၁၂.၂၀၁၉)နဲ့ (၁၄.၁၂.၂၀၁၉)ရက်နေ့တို့မှာ ဖြစ်ပွားခဲ့တဲ့ လားရှိုးမြို့ ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် (၂)ဦးဟာ ပြည်သူတစ်ဦးရဲ့ ဆိုင်ကယ်အား တားဆီးယူဆောင် ထွက်ပြေးသွားကြောင်း ကျွန်မတို့ကြားသိရပါတယ်။ ဒါဟာ ပြည်သူ့ရဲတပ်ဖွဲ့တစ်ရပ်လုံးကို ပုံရိပ်ကျဆင်းစေတဲ့လုပ်ရပ်ဖြစ်ပါတယ်။ ပြည်သူကို အကာအကွယ်ပေးရမည့်၊ အကာအကွယ်ပေးရန် တာဝန်ရှိတဲ့ အဖွဲ့အစည်းကိုယ်တိုင်က ပြည်သူအပေါ် ကျူးလွန်မှုပြုနေတာဟာ မဖြစ်သင့် မဖြစ်အပ်တဲ့ကိစ္စဖြစ်ပါတယ်။ ကျူးလွန်သူ ပြည်သူ့ရဲတပ်ဖွဲ့ဝင်ဝန်ထမ်းကို ထိထိရောက်ရောက်အရေးယူပြီး ရဲတပ်ဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပြင် ရဲတပ်ဖွဲ့၏ ကျင့်ဝတ်နှင့်အညီ ကြပ်မတ်စွာ ဆောင်ရွက်သင့်ပါတယ်။ တစ်ဖက်မှာလည်း ခိုးဆိုးလုယက်မှုတွေရဲ့ အဓိကဇစ်မြစ်ဖြစ်တဲ့ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ရလဒ်လို့ ကျွန်မတို့ သုံးသပ်ယူဆရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူတွေများနေခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေကို ထိခိုက်နေပါတယ်။ ဒါကြောင့် ဒီခိုးဆိုးလုယက်မှုအပါအဝင် မူးယစ်ဆေးဝါး

ရောင်းဝယ်ဖောက်ကားမှုကိုလည်း စီမံချက်ချပြီး ကိုင်တွယ်ဖြေရှင်းသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း ဒေါ်နန်းခင်ထားရီ၏ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရရှိစေရန် ရှမ်းပြည်နယ်အစိုးရမှ စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်နန်းခင်ထားရီ၏ အဆိုကို လေ့လာကြည့်တဲ့အခါ အပိုင်း(၂)ပိုင်းခွဲပြီး တင်ပြသွားတာကို လေ့လာတွေ့ရှိရပါတယ်။ ပထမအပိုင်းအနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအပိုင်းဖြစ်ပြီး ဒုတိယအပိုင်းကတော့ လုံခြုံရေးအပိုင်းပဲ ဖြစ်ပါတယ်။

ပထမအပိုင်းဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ဆောင်ရမည့်အပိုင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်(၄)ရပ်တွင်

(၁) ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး

(၂) တရားဥပဒေစိုးမိုးရေး(Rule of Law)

(၃) မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး

(၄) ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားသလို ကျွန်တော်တို့ နိုင်ငံသားအများစုသည် တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်းကြောင့် ရပ်ရွာအေးချမ်းသာယာမှု ကင်းမဲ့နေပြီး တစ်ချို့သော ဒေသတွေမှာ ကျီးလန့်စာစား နေရတဲ့အခြေအနေမျိုးရောက်ရှိနေတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာတင်မကပါဘူး၊ မန္တလေးလို မြို့ကြီးတွေမှာတောင် နေ့လယ်ကြောင်တောင်မှာ အနုကြမ်းစီးတာ၊ ပစ္စည်းလုယက်တိုက်ခိုက်တာ၊ လည်လှီးပြီး ဆိုင်ကယ်လုတာ၊ အထူးသဖြင့် အမျိုးသမီးတွေရဲ့ ပိုက်ဆံအိတ်တွေလုပြေးတာ နေ့စဉ်လိုလို Online မှာရော၊ သတင်းစာမှာပါ စိတ်မကောင်းစွာ အမြဲတမ်းတွေ့မြင်ကြားသိနေရပါတယ်။ အဲ့ဒီကိစ္စတွေကို ဖမ်းဆီးမိတာရှိသလို ဖမ်းမမိဘဲ လွတ်မြောက်နေတာတွေလည်း အများကြီး ရှိပါတယ်။ မြန်မာနိုင်ငံမှာ နာမည်ကြီးနေတဲ့ လေးလောင်းပြိုင်လူသတ်မှု၊ ငါးလောင်းပြိုင် လူသတ်မှုတွေဟာ နှစ်ကာလကြာမြင့်သော်လည်း ယနေ့ထိ ဖမ်းဆီးရမိခြင်းမရှိသေးတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတဲ့ လူပုဂ္ဂိုလ်တွေလည်း မျက်စိရှေ့မှာတင် ပျောက်ချင်းမလှ ပျောက်သွားတာတွေလည်းအများကြီး ရှိပါတယ်။ ဒါဘာကြောင့်ဖြစ်သလဲဆိုရင် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ တာဝန်ကိုတိတိကျကျမဆောင်ရွက်လို့ပဲ ဖြစ်ပါတယ်။တစ်ချို့ဖြစ်ရပ်တွေမှာ CCTV ကင်မရာနဲ့ အထောက်အထား အထင်အရှားရှိပါလျက်နဲ့ တရားခံကို ဖမ်းမမိသေးတာလည်း ဒုနဲ့ဒေးရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံဒေသတော်တော်များများမှာ တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းနေသေးတယ်ဆိုတာ ထင်ရှားပါတယ်။ တရားဥပဒေစိုးမိုးမှုအားနည်းရတဲ့ အကြောင်းရင်းခံကတော့ မူးယစ်သားကောင်များများပြားခြင်း၊ ဒုစရိုက်သမားများကို ထိထိရောက်ရောက် မနှိမ်နင်းနိုင်ခြင်း၊ လောင်းကစားမှုများပြားခြင်း၊ ဂိမ်းဆိုင်တွေပေါများခြင်း၊ တရားမဝင်ချေး ထီတွေပေါများခြင်းတွေကြောင့် လို့ဆိုရမှာ ဖြစ်ပါတယ်။

အဲဒီအကြောင်းရင်းတွေကြောင့် ခိုးဆိုးတိုက်ခိုက်၊ လုယက်မှုတွေ၊ မုဒိမ်းမှုတွေ၊ လူကုန်ကူးမှုတွေပေါများလာပြီး တရားဥပဒေစိုးမိုးမှု အားနည်းလာကာ ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးလာတဲ့အတွက် ပြည်သူများအနေနဲ့ ကျီးလန့်စာစား နေရတဲ့ဘဝကို ရောက်ရှိသွားခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိဖို့အတွက် တာဝန်ရှိ ပုဂ္ဂိုလ်များ ဖိဖိစီးစီးဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း တိုက်တွန်း ဆွေးနွေးလိုပါတယ်။

ဒုတိယအပိုင်းကတော့ လုံခြုံရေးအပိုင်းပဲဖြစ်ပါတယ်။ လုံခြုံရေးလို့ဆိုလိုက်ရင် လူပုဂ္ဂိုလ်၊ အသက်လုံခြုံရေး၊ ပစ္စည်းဥစ္စာလုံခြုံရေးတို့ ပါဝင်ပါတယ်။ လုံခြုံရေးဟာ ငြိမ်းချမ်း

ရေးနှင့် ဆက်နွယ်သလို ငြိမ်းချမ်းရေးဟာလည်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆက်နွယ်နေပါတယ်။ ငြိမ်းချမ်းရေးရှိမှ လူပုဂ္ဂိုလ်ပစ္စည်းဥစ္စာလုံခြုံမှုရှိလာမှာ ဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း ရှိလာမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးမှုမရှိလာသလို လူပုဂ္ဂိုလ်၊ ပစ္စည်းဥစ္စာလုံခြုံမှု ဆိုတာလည်း ဘယ်လိုမှမရှိနိုင်ပါဘူး။ ဒါတွေဟာ အမြဲဒွန်တွဲလျက်ရှိပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်း၊ ပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေကြောင်း အရ အကာအကွယ်ပေးရမည်ဟု လည်းကောင်း၊ ပုဒ်မ ၃၅၇ တွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ အိမ်၊ ဥပစာနှင့် ပစ္စည်းလုံခြုံမှု၊ စာပေးစာယူမှုနှင့် အခြားသောဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုအတွက် ဥပဒေ ကြောင်းအရ အကာအကွယ်ပြုရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ အဆိုရှင် တင်ပြသလို ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အချို့ဒေသတွေမှာ လူ့အသက်၊ ပစ္စည်း ဥစ္စာ၊ နေအိမ်ဥပစာ လုံခြုံမှုဆိုတာ လုံးဝမရှိသေးပါဘူး။ အဲ့ဒီဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေဟာ အခြေခံဥပဒေပါ ပြဋ္ဌာန်းထားတဲ့အတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေး တွေ ဆုံးရှုံးလျက်ရှိနေတာကို တွေ့နေရပါတယ်။ လုံခြုံရေးလို့ပြောလိုက်ရင် ငြိမ်းချမ်းရေး ဆိုတာ ပါလာစမြဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတော်တော်များများတွေမှာ ငြိမ်းချမ်းရေးမရှိလို့ ပြည်သူတွေဟာ လက်သည်မပေါ်တဲ့ အသက်သေဆုံးမှုတွေ၊ ပစ္စည်းဥစ္စာ ဖျက်ဆီးခံရတာတွေ၊ လုယက်ခံရတာတွေ များစွာရှိပါတယ်။ စစ်ပွဲတစ်ပွဲဖြစ်ပြီဆိုရင် လက်နက်ကိုင်အဖွဲ့က ပစ်လိုက်တဲ့ လက်နက်ကြီးတွေ ထိမှန်ပြီးသေကြေပျက်စီးတာတွေ၊ အိုးအိမ်ပျက်စီး မီးလောင်တာတွေ၊ ဆိုင်ခန်းတွေ၊ လုယက်ခိုးယူတာတွေ၊ မုဒိမ်းကျင့်ခံတာတွေ တွေ့ကြုံနေရပါတယ်။ လွန်ခဲ့သော ဒီဇင်ဘာလ (၁၄)ရက်နေ့ ပလောင် အချို့ဒေသ နမ့်ဆန်မြို့နယ် ကျောက်ဖြူရေးကျေးရွာမှ မမြိုင်ဆိုတဲ့ အမျိုးသမီးဟာ သူတို့ရွာမှာ တိုက်ပွဲဖြစ်လို့ လုံခြုံတဲ့ရွာတစ်ရွာကို သွားနေလိုက်ပါတယ်။ တစ်ပတ်ခန့်ကြာတဲ့အခါမှာ တိုက်ပွဲငြိမ်ပြီဆိုမှ အိမ်ကိုပြန်လာပါတယ်။ အခြားရွာသားတွေလည်းပါပါတယ်။ လမ်းမှာ တိုက်မိုင်းထိလို့ အဲဒီ အမျိုးသမီးရဲ့ ဘယ်ဖက်ခြေထောက်ဟာ လုံးဝပြတ်သွားရပါတယ်။ အိမ်ရောက်တဲ့အခါမှာ လည်းပဲ သူအိမ်မှာရှိတဲ့ ပစ္စည်းတွေအကုန်လုံး ဖျက်ဆီးလုယက်ခံထား ရတာတွေ့ရပါတယ်။ သူတို့သုံးနေတဲ့စောင်တွေ၊ ဖျာတွေဟာ သူတို့ရဲ့ ရွာလယ်ခေါင်လမ်းမှာ ပြန့်ကျဲစွာ စွန့်ပစ်ခံရ တာကို တွေ့ရှိရပါတယ်။ အင်တာနက်မှာလည်း အထင်သားပေါ်ပါတယ်။ သူ့လိုအခြားရွာသား တွေလည်း အလားတူပဲ ဒီကိစ္စမျိုးတွေ့ကြုံနေရတာ ဖြစ်ပါတယ်။

စစ်ပွဲကိုအကြောင်းပြပြီး မင်းမဲ့စရိုက်ဆန်ဆန် ပြည်သူတွေကို နှိပ်စက်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါတွေဟာ မိမိကိုယ်တိုင်တွေ့ကြုံနေတဲ့ မျက်မြင်တွေ့ရှိနေတဲ့ အဖြစ်မှန်ကိစ္စတွေ ပဲဖြစ်ပါတယ်။ နိုင်ငံတော်က နိုင်ငံသားတိုင်းသည် အခမဲ့ပညာရေးကို သင်ယူနိုင်သည်။ ကျောင်းနေအရွယ်ရောက်တဲ့ ကလေးတိုင်းကျောင်းနေနိုင်သည်လို့သာ ပြဋ္ဌာန်းထားပေမဲ့ အဲ့ဒီစစ်ဖြစ်တဲ့ ဒေသကလေးတွေဟာ လက်နက်ကြီးသံ၊ ဗုံးဆံ၊ မော်တာဆံတွေကြားထဲမှာ ကြောက်ကြောက်နဲ့ ပြေးရင်းလွှားရင်း ငတ်တစ်ခါပြတ်တစ်လှည့်နဲ့ ကျောင်းဆိုတာ ဘယ်နေ မှန်းတောင်မသိရှာကြပါဘူး။ အဲ့ဒီကလေးတွေအတွက် ကျောင်းဆိုတာ ပုံဆွဲပြီးပြရမဲ့ အနေအထားတောင်ဖြစ်နေပါတယ်။

လူထုတွေကလည်း အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရဆိုတဲ့ မသေချာ မရေရာတဲ့ ဘဝဆိုးတွေနဲ့ပဲ ကျင်လည်နေကြရပါတယ်။ ဒါကြောင့် ပြည်သူ့ဘဝလုံခြုံမှု ရှိစေရေးအတွက် ငြိမ်းချမ်းရေးဆိုတာမဖြစ်မနေ တည်ဆောက်ကြဖို့အားလုံးမှာ တာဝန်ရှိကြ ပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့များ စိတ်ရင်းစေတနာ မှန်နဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြပါစို့လို့ နေ့စဉ်နဲ့အမျှ ဒူးနဲ့မျက်ရည် သုတ်ရတဲ့ ရှမ်း မြောက်ဒေသက လူထုကိုယ်စား မေတ္တာရပ်ခံရင်း အဆိုရှင် ဒေါ်နန်းခင်ထားရီရဲ့ **“ရှမ်းပြည်နယ် အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ် အစိုးရမှ စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို”** ရင်တွင်းခံစားချက်နှင့်အတူ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးဆန်းဝင်းအောင်(ခ)ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးဆန်းဝင်းအောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရမှ စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း”** အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယနေ့တိုင်းရင်းသားပြည်သူများ၏တူညီသော ယုံကြည်ချက်နှင့် အနာဂတ်မျှော်လင့်ချက်မှာ မိမိတို့၏ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးပင်ဖြစ်တယ်။ ဤကဲ့သို့သော နိုင်ငံတော်တစ်ရပ်ဖြစ်ပေါ်လာရန်အတွက်မူ အဓိကမှာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူများလုံခြုံမှုရှိရေးနှင့် အဓိက အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်နေတာကိုတွေ့ရှိရပါတယ်။ အဆိုရှင်၏ တင်ပြမှုတွင် ရှမ်းမြောက်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးရရှိစေရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သိရှိရပါတယ်။ ရှမ်းအရှေ့ ဒေသများတွင်လည်း အဆိုရှင်တင်ပြခဲ့သလို လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများမရှိပေမဲ့ လုံခြုံရေးစည်းမရှိခြင်းကြောင့် အပြစ်မဲ့ ပြည်သူ (၄)ဦး နယ်စပ်မြို့ဖြစ်တဲ့ တာချီလိတ်မြို့လယ်တွင် လက်နက်ငယ်နှင့် ပစ်ခတ်သတ်ဖြတ်သွားသည့် တရားခံကို ယနေ့အထိ ဖော်ထုတ်အရေးယူနိုင်ခြင်း မရှိသေးတာကို ဝမ်းနည်းစွာ သိရှိရပါတယ်။ တာချီလိတ်မြို့လယ်ခေါင်ရွှေဆိုင်များတွင်လည်း ဝင်ရောက်စီးနင်းလုယက်သွားတာကို သတင်းဌာန၊ ဆိုရှယ်မီဒီယာတွေမှာ တွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့သလို ရှမ်းပြည်နယ်လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လောင်းကစားဝိုင်းများ၊ မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်းသည့် အဆိုကိုလည်း အောင်မြင်ထားပြီး ဖြစ်ပါတယ်။ အရေးယူဆောင်ရွက်မှု မရှိသောကြောင့် တစ်ဖက်နိုင်ငံမှ နယ်စပ်မြို့ဖြစ်တဲ့ တာချီလိတ်မြို့နယ်အတွင်း Online Game များနှင့် လောင်းကစားမှုများကို ဥပဒေမဲ့လာရောက်ကစားနေတာကို တွေ့ရှိရပါတယ်။ ဥပဒေအရ တားဆီးပိတ်ပင် အရေးယူဆောင်ရွက်မှု မရှိတာကို သိရှိရပါတယ်။ ထွန်းသစ်စမြို့သစ်များတွေဆီကို လာမည့် (၁၀)နှစ်၊ နှစ် (၂၀)အတွင်း ဖြစ်လာနိုင်တဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေအတွက် နေချင်စဖွယ်ကောင်းပြီး အကျိုးအမြတ်ဖြစ်ထွန်းတဲ့ မြို့ပြတွေကတော့ ဒီလိုအခွင့်အရေးတွေကို ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမြို့ပြတွေ ဖြစ်ထွန်းဖို့ဟာဆိုရင်လည်း အဓိက ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် ဖြစ်ထွန်းနိုင်မှာ ဖြစ်ပါတယ်။ အဆိုရှင် ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ တင်ပြသွားသည့် **"ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက အကြံပြုဆွေးနွေးထားတာ ဖြစ်ပါ

တယ်။ ယခု ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (c) အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွတ်တော်ဥက္ကဋ္ဌနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ သိန်ဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသည့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူလူထုအတွက် **"ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းလာမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော်က ရှင်းလင်းဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများတရားဥပဒေစိုးမိုးမှုရှိစေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး၊ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိစေရေးတို့အတွက် မူးယစ်ဆေးဝါး တာဆီးနှိမ်နင်းရေး၊ ပြစ်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်သူများ၊ ကျူးလွန်ရန်အလားအလာရှိတဲ့ ခိုးဆိုးလုနှိုက်များအား စောင့်ကြပ်ထိန်းသိမ်ခြင်း၊ ဒုစရိုက်မှုများ ပပျောက်ရေးအတွက် မှုခင်း အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်ပေးခြင်း၊ ပြစ်ဒဏ်ကျူးလွန်သူများကို ထိရောက် ဟန့်တားလောက်သော ပြစ်ဒဏ်များရရှိရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါ တယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများ တရားဥပဒေစိုးမိုးမှု ရှိစေရေးနှင့် အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိစေရေးအတွက် မြို့မရဲစခန်း (၅၀)ခု၊ နယ်မြေစခန်း (၆၆)ခု၊ ရဲကင်းစခန်း (၁၆)ခု၊ လုံခြုံရေးရဲကင်း (၁၇၆)ခု ဖွင့်လှစ်၍ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ ၁- ၁- ၂၀၁၉ ရက်နေ့မှ ၃၁- ၁၁- ၂၀၁၉ ရက်နေ့အထိ လောင်းကစားမှု (၁၀၈)မှု၊ လက်နက်ပုန်း (၂၅၂)မှု၊ ခြေချုပ် (၂၅၅)မှု၊ ယစ်မျိုး (၁၈၃)မှု၊

ပြည့်တန်ဆာ (၁)မှု၊ မူးယစ်ဆေးဝါး (၂၄၀၈)မှု၊ ရဲအက် (၂၃၅)မှု၊ ကျင့်ထုံးပုဒ်မ ၅၄ (၁၅၂)မှု၊ မော်တော်ယာဉ် (၄၉၀၀)မှုများကို စစ်ဆေးဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းစဉ်များကို စီမံချက်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပြည်သူများမှ ပါဝင်လက်တွဲဆောင်ရွက်ပေးမှသာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါဖြင့် သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ တင်ပြသွားသည့် **“ ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်၍ အတည်ပြုသင့်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ရဲ့ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်နန်းခင်ထားရီ တင်သွင်းတဲ့ အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျာ။ သဘောမတူသူ မရှိတဲ့အတွက် ဒေါ်နန်းခင်ထားရီ၏ အဆိုကို အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ “ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း”** အဆို ဖြစ်ပါ တယ်။ ယခု ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းစျေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ အပိုဒ်(၈)တွင် ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဌာန/ အဖွဲ့အစည်းများ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် တင်ဒါကော်မတီ၊ ကြမ်းခင်းစျေးတွက်ချက်ရေးကော်မတီ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်းရမည်ဟု ဖော်ပြချက်အရ ပြည်နယ်အဆင့် အဆိုပါစီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းပေးခြင်းဖြင့် အဆိုပါမြို့နယ်များ၏ ဒေသဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၌ စံချိန်စံညွှန်းများ မီ/မမီ၊ ကောင်း/မကောင်းတို့ကို အနီးကပ်ကြီးကြပ် ဆောင်ရွက်နိုင်မည်ဟု ယူဆပါတယ်။ သာဓကအားဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရဲ့ စာအမှတ် ၅/ ဖ၂- ၆/ ဦး(၁၀၈၂) ရက်စွဲ ၊ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် ရက်စွဲပါစာအရ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်တို့ကိုပါ ထည့်သွင်းဖွဲ့စည်းထားသည်ကို တွေ့ရှိရပါတယ်။

ထို့အပြင် ကြမ်းခင်းစျေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတွင်လည်း တပ်မတော်သားကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် ၁/ ၂၀၁၇တွင် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းခြင်း မပြုလုပ်ရဟု မပါရှိတဲ့အတွက် သဘောရိုးဖြင့် တိုက်တွန်းကြောင်းအဆိုကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် အများပြည်သူသိရှိရန်အတွက် အထက်ဖော်ပြပါ ပြည်နယ်အဆင့် တင်ဒါကော်မတီများတွင် ဆက်စပ်မြို့နယ်များမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးပါရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုလာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။ ယနေ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းတဲ့ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧျေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသောအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမည့်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် လမ်းများ၊တံတားများဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လမ်းများ၊ တံတားများဥပဒေ(မူကြမ်း) အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး၌ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း တင်သွင်းသည့် ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ် လွှတ်တော်က နည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၃၁.၇.၂၀၁၈) ရက်နေ့၊ (၁.၈.၂၀၁၈) ရက်နေ့၊ (၂၇.၈.၂၀၁၈) ရက်နေ့နှင့် (၁၈.၁၁.၂၀၁၉) ရက်နေ့များတွင် လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ပြည်နယ်သစ်တော

ဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ (၆)နှင့်အညီ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (တတိယနေ့) (၃၀.၅.၂၀၁၈)ရက်တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းခဲ့ပါတယ်။ ဤဥပဒေမှာ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ၊ အမြန်လမ်းမကြီးများဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၆၀ ၊ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ စသည့်ဥပဒေများကို ကိုးကား၍ ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၇)ခန်း၊ ပုဒ်မပေါင်း (၃၆)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းကို စာမျက်နှာအလိုက် တင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီကနေပြီးတော့မှ အမှတ်စဉ် တစ်ခုချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ တင်ပြချက်။ ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁)ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း (၁) ပုဒ်မ ၁ အဖြစ်

(က) ဤဥပဒေကို ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။

ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ) အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(ဂ)အဖြစ် ဝန်ကြီးဌာန ဆိုသည်မှာ အစိုးရအဖွဲ့က လမ်းနှင့် တံတားလုပ်ငန်းများအတွက် တာဝန်ပေးအပ်ထားသော ဝန်ကြီးဌာနများကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဂ) ကို ပုဒ်မ ၂ (ဃ) အဖြစ်၊ ပုဒ်မ ၂ (ဃ) ကို ပုဒ်မ ၂ (င) အဖြစ်၊ ပုဒ်မ ၂ (င) ကို ပုဒ်မ ၂ (စ) အဖြစ်၊ ပုဒ်မ ၂ (စ) ကို ပုဒ်မ ၂ (ဆ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁)မှ(၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဃ)အဖြစ် **ဝန်ကြီး**ဆိုသည်မှာ အစိုးရအဖွဲ့က လမ်းနှင့် တံတားလုပ်ငန်းများ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာဝန်ကြီးကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င)အဖြစ် ပြည်နယ်၏ လမ်း၊ တံတားလုပ်ငန်းဆိုသည်မှာ ပုဒ်မ၂ (ဂ)ပါ သက်ဆိုင်ရာဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများ၏ လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆိုသည်ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(စ)အဖြစ် လမ်းမ၊ လမ်းသွယ်၊ လမ်းကြားဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူညီချက်များဖြင့် ထုတ်ပြန်

သတ်မှတ် ကြေညာထားသည့် လမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် လမ်းတစ်ဖက် တစ်ချက်ရှိ လမ်းနယ်နိမိတ်နှင့် ပြည်ထောင်စု လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြားများ ပေါ်ရှိ တံတားများလည်းပါဝင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဆ)အဖြစ် တံတားဆိုသည်မှာ အစိုးရ အဖွဲ့က စီမံခန့်ခွဲသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် သတ်မှတ် ကြေညာထားသည့် တံတားများကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဇ) အဖြစ် အဆောက်အအုံဆိုသည်မှာ ဆောက်လုပ်ရေးပစ္စည်း တစ်ခုခုဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ဆောက်လုပ်သည့် အိမ်၊ တိုက်၊ တဲ၊ တစ်ဖက်ယပ်၊ အခြားအဆောက်အဦ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းကို ဆိုသည်ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆)မှ(၁၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆) မှ (၁၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၁) ဖြစ်ပါ တယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဈ)အဖြစ် လမ်းနယ်နိမိတ်ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် လမ်းအဆင့်အတန်းအလိုက် သတ်မှတ်လမ်း အကျယ်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ၂(ည)အဖြစ် ခံနိုင်ဝန်ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ခွင့်ပြုထားသည့်ယာဉ်နှင့် ကုန်စုစုပေါင်းအလေး ချိန်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဆ) ကို ပုဒ်မ ၂ (ဋ) အဖြစ်၊ ပုဒ်မ ၂ (ဇ) ကို ပုဒ်မ ၂ (ဌ) အဖြစ်၊ ပုဒ်မ ၂ (ဈ) ကို ပုဒ်မ ၂ (ဍ) အဖြစ်၊ ပုဒ်မ ၂ (ည) ကို ပုဒ်မ ၂ (ဎ) အဖြစ်၊ ပုဒ်မ ၂ (ဋ) ကို ပုဒ်မ ၂ (ဏ) အဖြစ်၊ ပုဒ်မ ၂ (ဌ) ကို ပုဒ်မ ၂ (တ) အဖြစ်၊ ပုဒ်မ ၂ (ဍ) ကို ပုဒ်မ ၂ (ထ) အဖြစ်၊ ပုဒ်မ၂(ဎ)ကိုပုဒ်မ၂(ဒ)အဖြစ်ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဋ)အဖြစ် **ယာဉ်**ဆိုသည်မှာ စက်အားဖြင့်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုး၏ စွမ်းအားဖြင့်ဖြစ်စေ မြေပြင်၊ ရေပြင်ပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဌ)အဖြစ် အနှေးယာဉ် ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲဆိုက်ကား အစရှိသည်တို့ကို ဆိုသည် ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၆)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဍ)အဖြစ် လမ်းကွန်ရက်ဆိုသည်မှာ ပြည်ထောင်စုလမ်းမကြီး၊ လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြားများကို ဆက်သွယ်ပေါင်းစပ်ချိတ်ဆက်ထားသည့် လမ်းအစုအဝေးကိုဆိုသည် ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(တ)အဖြစ် လမ်းဆိုင်းဘုတ်ဆိုသည်မှာ ပြည်ထောင်စုလမ်းမကြီး၊ လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြားတစ်လျှောက်၊ လမ်းဆုံလမ်းခွဲများနှင့် တံတားများတွင် အန္တရာယ်သတိပေး လမ်းညွှန်းများ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း လမ်းညွှန်းများ၊ အမိန့်ပေးခြင်းလမ်းညွှန်းများ၊ ညွှန်ပြခြင်းလမ်းညွှန်းများ စသည့်ဆိုင်းဘုတ်များကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၁)မှ(၁၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၁)မှ(၁၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ထ)အဖြစ် ယာဉ်ရပ်နားစခန်း ဆိုသည်မှာ ခရီးသည်များ၊ ယာဉ်များ ခေတ္တရပ်နားရန် သတ်မှတ်ထားသော ရပ်နားစခန်းကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၉)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဒ)အဖြစ် ပြည်ထောင်စုလမ်းမကြီး၊ လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြား အင်္ဂါရုပ်များဆိုသည်မှာ ပြည်ထောင်စုလမ်းမကြီး၊ အမြန် လမ်းမကြီး၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားများပေါ်တွင် ဖွဲ့စည်းပါဝင်သည့် လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ တံတား၊ ရေထုတ်ပြွန်၊ ယာဉ်သွားလမ်း၊ လမ်းပခုံး၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ အသိပေး၊ သတိပေး၊ ကန့်သတ်ချက်၊ တားမြစ်ချက်များ ဖော်ပြထားသည့် ဆိုင်းဘုတ်များ၊ အရာဝတ္ထုများ၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ ယာဉ်ရပ်နားစခန်း ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ လမ်း အသုံးပြုခ ကောက်ခံရေးစခန်း၊ အုပ်ချုပ်မှုနှင့် ထိန်းသိမ်းရေးစခန်းတို့ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ)အဖြစ် တံတားအင်္ဂါရုပ်ဆိုသည်မှာ ကမ်းကပ်ခုံ၊ ရေလယ်တိုင်၊ အပေါ်ထည် ယာဉ်သွားလမ်း၊ လူသွားလမ်း၊ လက်ရန်းစသည်တို့ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဏ) ကို ပုဒ်မ ၂ (န) အဖြစ်၊ ပုဒ်မ ၂ (တ) ကို ပုဒ်မ ၂ (ပ) အဖြစ်၊ ပုဒ်မ ၂ (ထ) ကို ပုဒ်မ ၂ (ဖ) အဖြစ်၊ ပုဒ်မ ၂ (ဒ) ကို ပုဒ်မ ၂ (ဗ) အဖြစ်၊ ပုဒ်မ ၂ (ခ)ကို ပုဒ်မ ၂ (ဘ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၈)မှ(၂၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၈)မှ(၂၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၂)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ပ)အဖြစ် အသုံးပြုခြင်းဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်သော လမ်းများ၊ တံတားများကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဖ)အဖြစ် အသုံးပြုခဆိုသည်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော လမ်းများ၊ တံတားများကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့်အခကြေးငွေကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဗ)အဖြစ် ကြီးကြပ်သူဆိုသည်မှာ အသုံးပြုခ ကောက်ခံရေးကို ကြီးကြပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည် ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၅) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(ဘ) အဖြစ် ကောက်ခံသူဆိုသည်မှာ အသုံးပြုခကောက်ခံရန်အတွက် ကြီးကြပ်သူက တာဝန်ပေးအပ်သူကို ဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၆)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃ အဖြစ် ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လမ်းများ၊ တံတားများ တည်ဆောက်ခြင်းအားဖြင့် ရှမ်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော အခြားပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေး အပါအဝင်ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည် စီးဆင်းမှု လျင်မြန်လာစေရေးနှင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) ပြည်နယ်၏ နယ်နိမိတ်နှင့် ဆက်စပ်လျက်ရှိသော နိုင်ငံများနှင့် လမ်းများ၊ တံတားများတည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်နယ်အတွက် လုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) လမ်းများ၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းများ၊ တံတားများ ကြုံခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူပုဂ္ဂိုလ်၊ မော်တော်ယာဉ်နှင့် ရထားစသည်တို့၏ လမ်း၊ တံတားအသုံးပြုမှုအပေါ် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်၊

(င) လမ်းများ၊ တံတားများပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျ ကွပ်ကဲနိုင်ရန်နှင့် အခွန်အခများ ကောက်ခံရရှိနိုင်ရန်၊

(စ) လမ်းများ၊ တံတားများကို အသုံးပြုသူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် လမ်း၊ တံတားများ လုံခြုံရေး ရေရှည် တည်တံ့ခိုင်မြဲရေးကို ဆောင်ရွက်ရန်၊

(ဆ) လမ်းများ၊ တံတားများကို ပုံမှန်စစ်ဆေး၍ သက်တမ်းကျော်လွန်သော လမ်း၊ တံတားများကို အမြန်ပြန်လည် တည်ဆောက်ပေးခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်၍ ရေရှည်အသုံးပြုနိုင်သော လမ်း၊ တံတားများ ဖြစ်စေရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၇) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(က)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို ဘေးအန္တရာယ်ကင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၈)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ခ) အဖြစ် လမ်းများ၊ တံတားများ တည်ဆောက်ရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၉) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဂ) အဖြစ် အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်သည့် ပြည်နယ်အတွင်းရှိ လမ်းများနှင့် တံတားများကို နှစ်ဘက်ပြည်ထောင်စု အစိုးရများ၏ သဘောတူညီချက်များဖြင့် စီမံကိန်းချမှတ်၍ တည်ဆောက်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၀) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဃ) အဖြစ် လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း စီမံကိန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်ခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၁) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(င) အဖြစ် လမ်းများ၊ တံတားများ အသစ် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းနှင့် တံတားကြုံခိုင်မှုကို စစ်ဆေးခြင်း၊ တည်ဆောက်ပြီး လမ်းများ၊ တံတားများကို ပြုပြင် ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့် စည်းကမ်းသတ်မှတ်ခြင်း၊ အခြားလုပ်ငန်းများနှင့်ဆက်စပ်၍ သက်ဆိုင်ရာဦးစီးဌာနများကို လမ်းညွှန်ခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၂)ဖြစ်ပါတယ်။ မူလအခန်း (၃)၊ ပုဒ်မ ၄ (စ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၃၃)ဖြစ်ပါတယ်။ အခန်း (၃)၊ ပုဒ်မ ၄ (ဆ)ကို ပုဒ်မ ၄(စ)အဖြစ်၊ ပုဒ်မ ၄ (ဇ)ကို ပုဒ်မ ၄(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၂၂)မှ(၃၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၂)မှ (၃၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၃၄) ဖြစ်ပါ တယ်။ အခန်း(၃)၊ ပုဒ်မ ၄(စ)အဖြစ် လမ်းများ၊ တံတားများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၃၅)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဆ) အဖြစ် လမ်းများ၊ တံတားများ၏ နယ်နိမိတ်ကို အတည်ပြု သတ်မှတ်ကြေညာခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၆) ဖြစ်ပါတယ်။ မူလအခန်း(၃)၊ ပုဒ်မ ၄(ဈ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၃၇) ဖြစ်ပါတယ်။ အခန်း (၃)၊ ပုဒ်မ ၄ (ည)ကို ပုဒ်မ ၄(ဇ)အဖြစ်၊ ပုဒ်မ ၄ (ဋ) ကို ပုဒ်မ ၄(ဈ) အဖြစ်၊ ပုဒ်မ ၄(ဌ) ကို ပုဒ်မ ၄(ည)အဖြစ်၊ ပုဒ်မ ၄ (ဍ)ကို ပုဒ်မ ၄(ဋ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၃၈) ဖြစ်ပါတယ်။ အခန်း (၃)၊ ပုဒ်မ ၄(ဇ) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၉) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(စျ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်း၊ အဆောက်အအုံဖယ်ရှားခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၀) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ည)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၁) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဌ) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ အသစ်တည်ဆောက်ရာတွင် လိုအပ်သော စက်ကိရိယာပစ္စည်းများကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့တို့၏ သဘောတူညီချက်များဖြင့် ပြည်ပနိုင်ငံများမှ မှာယူ၊ ဝယ်ယူ တင်သွင်းခွင့်ပြုခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၂)ဖြစ်ပါတယ်။ မူလ အခန်း(၃)၊ ပုဒ်မ ၄(ဃ) ကိုပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၃၄)မှ(၄၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၃၄)မှ (၄၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၄၃) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅ အဖြစ် အစိုးရအဖွဲ့သည် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ-

(က) အသုံးပြုခ ကောက်ခံမည့် လမ်းများ၊ တံတားများကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်၊

(ခ) အသုံးပြုခ ကောက်ခံနိုင်ရန် နှုန်းထားကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်၊

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့်ဝန်အလေးချိန်ကိုသက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်၊

(ဃ) အသုံးပြုခ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

(င) ပြည်နယ်ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် လမ်းများ၊ တံတားများအတွက် ကောက်ခံရရှိသည့် လမ်း၊ တံတား အသုံးပြုခ ငွေများကို ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၄) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၆ အဖြစ် ကြီးကြပ်သူသည်-

(က) အသုံးပြုခကို သတ်မှတ်သည့် နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်၊

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်၊

(ဂ) ကောက်ခံသူအား ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရန် ကြီးကြပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။ အခန်း(၄) ခေါင်းစဉ်အဖြစ် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၆) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇ အဖြစ် ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်သောဦးစီးဌာနများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(က) အဖြစ် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့က ချမှတ်ထားသည့်မူဝါဒများနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ခ) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ နှစ်တိုနှစ်ရှည် စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် အခြားလုပ်ငန်း အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ(မူကြမ်း)ကို ရေးဆွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၉) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဂ)အဖြစ် သတ်မှတ်ကာလအတွင်း စီမံကိန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာ ပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၀) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ဃ) အဖြစ် ပြည်နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာချင်းဆက်လမ်း၊ တံတားများကို အသစ်တည်ဆောက်ရေးအတွက် အကြိုဖြစ်မြောက်နိုင်စွမ်းစူးစမ်းလေ့လာခြင်း၊ လမ်းအူကြောင်းများရှာဖွေခြင်း၊ တိုင်းတာခြင်း၊ ဒီဇိုင်းများ ရေးဆွဲခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၁) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ငဝ)အဖြစ် သက်ဆိုင်ရာဦးစီးဌာနများသည် ဒေသ၏လိုအပ်ချက်အရ လယ်မြေ၊ ယာမြေနှင့် အခြားမြေများအား ဖြတ်သန်း၍ လမ်းသစ်များ၊ တံတားသစ်များ တည်ဆောက်ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၃)မှ(၅၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၃)မှ(၅၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၅၂)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(စ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ ရေရှည်တည်တံ့ရေးအတွက် တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၃) ဖြစ်ပါတယ်။ မူလအခန်း (၄)၊ ပုဒ်မ၇ (ဆ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၅၄)ဖြစ်ပါတယ်။ မူလအခန်း (၄)၊ ပုဒ်မ ၇(ဇ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၅၅) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဈ)ကို ပုဒ်မ ၇(ဆ)အဖြစ်၊ ပုဒ်မ ၇(ည)ကို ပုဒ်မ ၇(ဇ) အဖြစ်၊ ပုဒ်မ ၇(ဋ)ကို ပုဒ်မ ၇(ဈ)အဖြစ်၊ ပုဒ်မ ၇(ဌ)ကို ပုဒ်မ ၇(ည)အဖြစ်၊ ပုဒ်မ ၇(ဍ) ကို ပုဒ်မ ၇(ဋ)အဖြစ်၊ ပုဒ်မ ၇(ဎ)ကို ပုဒ်မ ၇(ဌ)အဖြစ်၊ ပုဒ်မ ၇(ဏ)ကို ပုဒ်မ ၇(ဍ)အဖြစ်၊ ပုဒ်မ ၇(တ)ကို ပုဒ်မ ၇(ဎ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၆) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဆ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို တိုးချဲ့ရာတွင်လည်းကောင်း၊ ပြင်ဆင်ရာတွင်လည်းကောင်း၊ အရေးပေါ်လုံခြုံရေးအရလည်းကောင်း အချိန်ကာလသတ်မှတ်၍ ပိတ်ထားပါက သွားလာနိုင်ရန်အတွက် လမ်းလွှဲဖောက်လုပ်ပေးခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဇ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်နှင့် ဘီးအမျိုးအစားကို လည်းကောင်း၊ ယာဉ်နှင့် ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ ယာဉ်နှင့် လှည်းတွင် အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ/ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အကယ်၍ မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၈) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ဈ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများပေါ်တွင် အနှေးယာဉ်နှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ အဆိုပါ စည်းကမ်းချက်များကို လိုက်နာခြင်း ရှိ/ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အကယ်၍ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ည)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ ပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် တားမြစ်ချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်များ၊ ထုတ်ပြန်ကြေညာချက်များ၊ သတိပေးချက်များကို လိုက်နာခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းများပြုလုပ်၍ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၀) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ဋ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ၏ နယ်နိမိတ်အတွင်း တစ်စုံတစ်ရာ အဆောက်အအုံဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ကပ်ခြင်းစသည်များကို သက်ဆိုင်ရာဦးစီးဌာနများက စိစစ်ခွင့်ပြုပေးခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၂)မှ(၆၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၂)မှ(၆၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၆၁) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဌ) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ ဖြတ်သန်းခကောက်ခံသည့် လမ်း၊ တံတားဂိတ်(Toll Gate)များတွင် ယာဉ်နှင့် ဝန်တင်အလေးချိန်ကို စောင့်ကြည့် စစ်ဆေးသည့်အခါ မရိုးမဖြောင့်သော သဘောဖြင့် လမ်း၊ တံတား (Toll Gate) များကို ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအား စောင့်ကြည့်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အကယ်၍ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၂) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဃ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများပေါ်၌ ယာဉ်များ၊ အနှေးယာဉ်များ မတော်တဆထိခိုက်မှုများ လျော့နည်းစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်စေခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၃) ဖြစ်ပါတယ်။ မူလအခန်း(၄)၊ ပုဒ်မ ၈ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၆၄) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉ ကို ပုဒ်မ ၈ အဖြစ် ပြောင်းလဲအမှတ်စဉ် ရမည်။

အမှတ်စဉ်(၆၅) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၈ အဖြစ် လမ်းများ၊ တံတားများ တည်ဆောက်ခြင်းများသည် စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၁)မှ(၆၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၆၁)မှ(၆၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၆၆) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀ ကို ပုဒ်မ ၉ အဖြစ်၊ ပုဒ်မ ၁၁ ကို ပုဒ်မ ၁၀ အဖြစ်၊ ပုဒ်မ ၁၂ ကို ပုဒ်မ ၁၁ အဖြစ်၊ ပုဒ်မ ၁၃ ကို ပုဒ်မ ၁၂ အဖြစ်၊ ပုဒ်မ ၁၄ ကို ပုဒ်မ ၁၃ အဖြစ်၊ ပုဒ်မ ၁၅ ကို ပုဒ်မ ၁၄ အဖြစ်၊ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၅ အဖြစ်၊ ပုဒ်မ ၁၇ ကို ပုဒ်မ ၁၆ အဖြစ်၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၁၇ အဖြစ် ၊ ပုဒ်မ ၁၉ ကို ပုဒ်မ ၁၈ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၁၉ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၆၇) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၉ အဖြစ် အသုံးပြုခ ပေးဆောင်ခြင်းများကို ပုဒ်မ ၅ (ဃ) အရ ကင်းလွတ်ခွင့်ပြုထားသည့် ယာဉ်များမှအပ မည်သူမျှ အသုံးပြုခ ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၈) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀ အဖြစ် အသုံးပြုခကို ပြည်ထောင်စု အစိုးရ သို့မဟုတ် ပြည်နယ်အစိုးရမှ ခွင့်ပြုထားသော ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ဝင်ရောက်ကောက်ခံခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၉) ဖြစ်ပါတယ်။ အခန်း (၅)၊ ပုဒ်မ ၁၂ အဖြစ် မည်သူမျှ ပြည်နယ်အတွင်းရှိ ဖြတ်သန်းခ ကောက်ခံသည့်လမ်း၊ တံတား (Toll Gate)များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်း၊ တန်ပိုတင်ဆောင်လာ၍ ယာဉ်ငယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်း တို့ကိုမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၀)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၃ အဖြစ် မည်သူမျှ အများပြည်သူသွားလာနေသည့်လမ်းများ၊ တံတားများပေါ်တွင် အနှောင့်အယှက် ဖြစ်စေခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း ဖြစ်စေရန်အတွက် မည်သည့်ကိစ္စရပ်မျိုးမျှ မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၁) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၄ အဖြစ် တာဝန်ရှိသူမှအပ မည်သူမျှ မသွားရ၊ မလာရ၊ မရပ်ရ၊ မနားရဟု တားမြစ်ကန့်သတ်ထားသော လမ်း၊ တံတား နယ်နိမိတ်အတွင်း ယာဉ်များ၊ အနှေးယာဉ်များသွားလာခြင်း၊ ထားရှိခြင်း၊ ရပ်နားခြင်းနှင့် မည်သူမျှ တိရစ္ဆာန်များ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၂) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၅ အဖြစ် မည်သူမျှ လမ်းများ၊ တံတားများပေါ်တွင်လည်းကောင်း၊ လမ်းတံတား နယ်နိမိတ်အတွင်းတွင်လည်းကောင်း၊ လူသွား

စကြံန်လမ်းတွင်လည်းကောင်း၊ တံတားအောက်ရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ မည်သည့်အရာဝတ္ထု တစ်ခုခုကိုမျှ ခင်းကျင်းခြင်း၊ စွေးရောင်းချခြင်း၊ ကျူးကျော် အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၃) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၆ အဖြစ် မည်သူမျှ လမ်းများ၊ တံတားများနှင့် လမ်းတံတားနယ်နိမိတ်အတွင်းတွင်လည်းကောင်း၊ တံတားအောက်တွင် လည်းကောင်း၊ အမှိုက်၊ မိလ္လာ၊ အညစ်အကြေး၊ ပတ်ဝန်းကျင်ထိခိုက်စေသော အရာဝတ္ထု၊ လက်နက်၊ ခဲယမ်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများကို လွှင့်ပစ်ခြင်း၊ စွန့်ပစ်ခြင်း၊ ထားရှိခြင်းမပြုရဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၄) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ၁၇ အဖြစ် မည်သူမျှ ကိုယ်ပိုင်လမ်း၊ ကိုယ်ပိုင်တံတားများကို သက်ဆိုင်ရာဦးစီးဌာနများ၏ သဘောတူ ခွင့်ပြုချက် မရှိဘဲ တည်ဆောက်ခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၅) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၈ အဖြစ် မည်သူမျှ သက်ဆိုင်ရာ ဦးစီးဌာနများ၏ ခွင့်ပြုချက်မရှိဘဲ လမ်း၊ တံတားနယ်နိမိတ်အတွင်းမှ မြေ၊ သဲ၊ ဖြုန်း၊ ကျောက်စရစ်၊ ကျောက်များကို တူးဆွခြင်း၊ တူးယူခြင်း၊ စုပ်ယူခြင်း၊ ဖယ်ရှားခြင်း၊ မြေအနေအထား ပြောင်းလဲစေခြင်း၊ မူလလမ်းထက်မြင့်သော လမ်းခင်းခြင်း၊ တံတား တည်ဆောက်ခြင်း၊ မြေ၊ ကျောက်၊ သဲ စသည်များ စုပုံထားခြင်း၊ ဘောင်ခတ်ခြင်းများ မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ် (၆၆)မှ(၇၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၆၆)မှ(၇၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇၆) ဖြစ်ပါ တယ်။ အခန်း(၅)၊ ပုဒ်မ ၁၉ အဖြစ် မည်သူမျှ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ

လမ်းများ၊ တံတားများပေါ်တွင် စာရေးသားခြင်း၊ သင်္ကေတ အမှတ်အသားများပြုလုပ်ခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၇) ဖြစ်ပါတယ်။ မူလအခန်း(၅)၊ ပုဒ်မ ၂၁ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၇၈) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၀ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၇၉) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၂၀ အဖြစ် မည်သူမျှ လမ်းများ၊ တံတားများ၏ သတ်မှတ်ခံနိုင်ဝန် အလေးချိန်ထက်ပိုမို၍ သယ်ယူဖြတ်သန်းခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၀) ဖြစ်ပါတယ်။ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၁ အဖြစ် ၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၈၁) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၁ အဖြစ် မည်သူမဆို ပုဒ်မ ၉၊ ၁၀ နှင့် ၁၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငါးသောင်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၂) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၂ အဖြစ် မည်သူမဆို ပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၆၊ ၁၇၊ ၁၈ နှင့် ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆)လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၆)မှ(၈၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၇၆)မှ(၈၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၈၃) ဖြစ်ပါတယ်။ မူလအခန်း(၆)၊ ပုဒ်မ ၂၅ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၈၄)ဖြစ်ပါတယ်။ မူလအခန်း(၆)၊ ပုဒ်မ ၂၆ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၈၅) ဖြစ်ပါတယ်။ အခန်း (၆)၊ ပုဒ်မ ၂၇ ကို ပုဒ်မ ၂၃ အဖြစ် ၊ ပုဒ်မ ၂၈ ကို ပုဒ်မ ၂၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၈၆) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၃အဖြစ် မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ် အထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၇)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၄ အဖြစ်-

(က) မည်သူမဆို မိမိပြုလုပ်မှုကြောင့် လမ်းများ၊ တံတားများ ထိခိုက်ပျက်စီး ဆုံးရှုံးမှု အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းကိစ္စအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးငွေကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးလျော်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မ ၂၄(က)ပါ ပြဋ္ဌာန်းချက်ကို ပြစ်မှုကျူးလွန်သူက လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက ဤဥပဒေအရ ရရန်ရှိသော နစ်နာကြေးနှင့် လျော်ကြေးငွေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။

(ဂ) တရားစွဲဆိုခြင်းအတွက် ကုန်ကျစရိတ်ကို ပြစ်မှုကျူးလွန်သူ ကျခံစေရမည်။

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၈) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၉ ကို ပုဒ်မ ၂၅ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ ၂၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၈၉) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၅ အဖြစ်-

(က) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန အဖွဲ့အစည်း၏ လုပ်ငန်း လိုအပ်ချက်အရ လမ်း၊ တံတားများကို ဖြတ်သန်း၍ မြေပေါ်၊ မြေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ ကြေးနန်း လိုင်း ဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း၊ မြေအောက် သတ္တုတွင်းများ တူးဖော်ခြင်းနှင့် ဥမင်လိုဏ်ခေါင်းလမ်းများ ပြုလုပ်လိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ညှိနှိုင်းသဘောတူညီချက်များ ရယူရမည်၊

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုးဝိုင်းသစ်တောများ၊ ကြိုးပြင်ကာကွယ်တော၊ သစ်တောနယ်မြေ၊ အစုအဖွဲ့ပိုင် သစ်တောနယ်မြေများအတွင်း လမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပါက အဆိုပါ သက်ဆိုင်ရာ ဝန်ကြီး ဌာန သို့မဟုတ် အစုအဖွဲ့၏ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း သဘောတူ ညီချက်များရယူရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၀)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၆ အဖြစ် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၁) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၇ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ယူ ဆောင်ရွက်သော ကော်မတီဝင်များ သို့မဟုတ် ဝန်ထမ်းများအပေါ် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ အရေးယူခြင်း မရှိစေရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၉၂) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၃၁ ကို ပုဒ်မ ၂၈ အဖြစ်၊ ပုဒ်မ ၃၂ ကို ပုဒ်မ ၂၉ အဖြစ်၊ ပုဒ်မ ၃၃ ကို ပုဒ်မ ၃၀ အဖြစ်၊ ပုဒ်မ ၃၄ ကို ပုဒ်မ ၃၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၉၃) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၈ အဖြစ် မြို့ရွာများကို ဖြတ်သန်း ဖောက်လုပ်တည်ဆောက်သည့် သို့မဟုတ် ပြုပြင်မွမ်းမံ၊ တိုးချဲ့သည့် လမ်းများ၊ တံတားများ၏ လမ်းနယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း၊ လူနေအိမ် ၊ အဆောက်အအုံများ၏ တည်ရှိမှု အခြေအနေ၊ ဖောက်လုပ်ပြီးစီးမည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြား တည်ဆဲဥပဒေများ၏ အကျိုးသက်ရောက်မှုများကိုပါ ဆင်ခြင်စဉ်းစား၍ သတ်မှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၃)မှ(၉၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၈၃)မှ(၉၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၉၄) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၉ အဖြစ် လမ်းတံတား အဟောင်းများကို ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်သူတို့၏ဘဝလုံခြုံရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၅) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ၃၀ အဖြစ် လမ်းများ၊ တံတားများကို ဆောင်ရွက်သွားရာတွင် ခေတ်မီနည်းစနစ်များကို အသုံးပြုဆောင်ရွက်ရန်ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၆) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၃၁ အဖြစ် ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ပြုလုပ်ကြသည့် လမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပါက သက်ဆိုင်ရာ ဝန်ကြီး ဌာနများသို့ ခွင့်ပြုချက် တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရှိမှသာ ဆောင်ရွက်ရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၇) ဖြစ်ပါတယ်။ မူလအခန်း (၇)၊ ပုဒ်မ ၃၅ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၉၈) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၃၂ အဖြစ် ပုဒ်မ ၂၀ ပါ တားမြစ်ချက်မှအပ ကျန်တားမြစ်ချက်ဆိုင်ရာ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဝန်ကြီးဌာနက စီမံခန့်ခွဲမှုနည်းလမ်းအရ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်းဌာနမှ တာဝန် ပေးအပ် ထားသောပုဂ္ဂိုလ်မှ ဒဏ်ငွေချမှတ်နိုင်သည် သို့မဟုတ် တရားစွဲဆိုနိုင်သည်ဟု ဖြည့်စွက်သင့် ပါတယ်။

အမှတ်စဉ်(၉၉) ဖြစ်ပါတယ်။ အခန်း (၇)၊ ပုဒ်မ ၃၆ ကို ပုဒ်မ ၃၃ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀၀) ဖြစ်ပါတယ်။ အခန်း (၇)၊ ပုဒ်မ ၃၃ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၄)မှ(၁၀၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၉၄)မှ(၁၀၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (တတိယနေ့) (၃၀.၅.၂၀၁၈)ရက်၌ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့) ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀)နာရီအချိန်တွင် ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါ တယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(တတိယနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

[ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၇.၈၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၈-၁၂-၂၀၁၉ ရက် (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၂) ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၃) ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၄) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

(၆) ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

(၈) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၉) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၇)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများသည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးအိုက်မွန်း ဖြစ်ပါတယ်။

ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စု-မိုင်းယုကျေးရွာနှင့် မန်နိမ်းအွန်ကျေးရွာအုပ်စု၊ မန်နိမ်းအွန်ကျေးရွာကြားရှိ ကျေးရွာချင်းဆက်မြေသားလမ်းကို ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် န.တ.လ ရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့သော ကျေးရွာချင်းဆက်မြေသားလမ်း ဖြစ်ပါတယ်။ ၎င်းလမ်းသည် တောင်တက်၊ တောင်ဆင်းလမ်းဖြစ်သည့်အားလျော်စွာ မိုးတွင်းကာလများတွင် မိုးရေကြောင့် မြေသားများကို မိုးရေတိုက်စားခြင်း၊ လမ်းပြိုကျခြင်းများရှိသည်ကို တွေ့ရှိရပါတယ်။ လမ်းဖောက်စဉ်အခါမှာလည်း စမ်းချောင်းငယ်များဖြတ်စီးရန် တံတားနှင့် Box Culvert များတစ်ခုမျှ ပြုလုပ်ပေးထားခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ စစ်ဆေးတွေ့ရှိချက်အရ (၁၀)ပေကျယ်တံတားငယ်တစ်စင်းနှင့် Box Culvert ၁၀ စင်းခန့် လိုအပ်မည်ဟု တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ၎င်းမြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ ပြုလုပ်ပေးပါရန်နှင့် အထူးလိုအပ်လျက်ရှိသော ၁၀ ပေတံတားတစ်ခု၊ Box Culvert ၁၀ခုကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမ

ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရွှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း မေးမြန်းလာသည့် ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စု- မိုင်းယုကျေးရွာနှင့် မန်နိမ်းအွန်ကျေးရွာအုပ်စု၊ မန်နိမ်းအွန်ကျေးရွာချင်းဆက်မြေသားလမ်းအား ကျောက်ချောလမ်း ပြုလုပ်ပေးရန်၊(၁၀)ပေတံတား(၁)ခုနှင့် Box Culvert (၁၀)ခုကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရွှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကွတ်ခိုင်မြို့နယ်၊ မိုင်းယုလေးကျေးရွာအုပ်စု၊ မိုင်းယုလေး- မန်နိမ်းအွန်ကျေးရွာအုပ်စု၊ မန်နိမ်းအွန်(ကျုံနော)- ရှောက်ပန်းကုံး- နမ့်ခမ်းမြို့နယ်၊ မုံဝီးထိ(၂၇)မိုင်ခန့် ရှိပါတယ်။ မိုင်းယု- မန်နိမ်းအွန်- ရှောက်ပန်းကုံးအထိ မိုင်(၂၀)ရှိပြီး ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်း(၁၀)မိုင်၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်း(၁၀)မိုင် ဆောင်ရွက်ခဲ့ပါတယ်။

၎င်းလမ်းပိုင်း မိုင်(၂၀)ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် လမ်းပိုင်းတစ်လျှောက်မှာ (၆၀)ပေ ကွန်ကရစ်တံတား(၁)စင်း ထည့်သွင်းတည်ဆောက်ရန် လိုအပ်မှာဖြစ်ပြီး လမ်းပိုင်းရှိ ကျေးရွာ (၂၂)ရွာမှ အိမ်ခြေ(၁၅၆၈)အိမ်နှင့် လူဦးရေ (၄၅၀၀)ဦးတို့ကို အကျိုးပြုနိုင်မှာဖြစ်သော်လည်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရမည့်လမ်းပိုင်းဟာ မိုင်(၂၀) ရှိသည့်အတွက် လုပ်ငန်းပမာဏ ကြီးမားပြီး ရန်ပုံငွေ လိုအပ်ချက်များပြားတဲ့အတွက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန် ခက်ခဲမှာဖြစ်တဲ့အပြင် မပြီးပြတ်သေးသော လုပ်ငန်းဆက်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။ လက်ရှိမြေသားလမ်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် လိုအပ်သော တံတား၊ Box Culvert လိုအပ်ချက်များကို သက်ဆိုင်ရာမြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ်မူတည်၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှစတင်၍ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို

မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ တင်ပြရမည်ဆိုရင် ရွှမ်းပြည်နယ်တွင် ဝက်သားစားသုံးသူများနှင့် ဝက်မွေးမြူရေးသမားများအတွက် အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ရန် မည်သို့ ကြိုတင်စီမံဆောင်ရွက်ပေးနေသည်ကို ရွှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရွှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်း မေးမြန်းတဲ့ ရွှမ်းပြည်နယ်မှာ ဝက်သားစားသုံးသူများနှင့် ဝက်မွေးမြူရေးသမားများအတွက် အာဖရိကဝက်အပြင်းဖျားရောဂါကာကွယ်ရန် မည်ကဲ့သို့ ကြိုတင်စီမံဆောင်ရွက်နေသည်ကို သိလိုသည်ဆိုတဲ့မေးခွန်းနှင့်ပတ်သက်၍ ရွှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးစိုင်းလုံကျော်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါ။

အာဖရိကဝက်အပြင်းဖျားရောဂါဟာ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေတဲ့ တရုတ်နိုင်ငံမှာဆိုရင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှာ စတင်ဖြစ်ပွားခဲ့ပြီးတော့ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြောက်ကိုရီးယားနိုင်ငံတို့ကို ဆက်လက်ကူးစက်ပျံ့နှံ့ခဲ့ပြီးတော့ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ထိစပ်လျက်ရှိနေတဲ့ လာအိုနိုင်ငံကို (၂.၆.၂၀၁၉)မှာ စတင်ကူးစက်ပျံ့နှံ့ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအာဖရိကဝက်အပြင်းဖျားရောဂါဟာ လူကိုကူးစက်ခြင်းမရှိပါဘူး။ လေကနေတစ်ဆင့် ကူးစက်တတ်သောရောဂါလည်း မဟုတ်ပါ။

ဒါ့အပြင် အဆိုပါရောဂါဟာ မြန်မာနိုင်ငံ၊ ရွှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့နယ်၊ ပုန်ဆန်းကျေးရွာအုပ်စု၊ ဝမ်နွဲ့ရွာမှာ ကူးစက်ဖြစ်ပွားမှုဟာ (၁၅.၈.၂၀၁၉) ရက်နေ့မှာလည်းကောင်း၊ ‘ဝ’ အထူးဒေသ(၂)၊ ပန်ဆန်းမြို့နယ်၊ ယုံပန်ရွာမှာ (၁၆.၈.၂၀၁၉) ရက်နေ့မှာလည်းကောင်း၊ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့၊ ရပ်ကွက်(၂)မှာ ကူးစက်မှုဟာ (၂၈.၈.၂၀၁၉)ရက်နေ့မှာလည်းကောင်း တွေ့ရှိခဲ့ပြီးတော့ ရန်ကုန်တိရစ္ဆာန်ရောဂါ ရှာဖွေရေး

ဓာတ်ခွဲခန်းတွင် အဆိုပါဒေသ(၃)ခုမှ သွေးနမူနာပစ္စည်းများကို စစ်ဆေးချက်အရ အာဖရိက ဝက်အပြင်းဖျားရောဂါ ဗိုင်းရပ်စ်ပိုးရဲ့ မျိုးရိုးဗီဇပစ္စည်းကို ဖော်ထုတ်တွေ့ရှိတဲ့အတွက် ကြေညာခဲ့ခြင်း ဖြစ်ပါတယ်။

အဲ့ဒါအပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)တို့မှာ အဆိုပါရောဂါတွေဖြစ်ပွားတဲ့အတွက် စတင်သိရှိသည်နှင့် တစ်ပြိုင်နက် ရှမ်းပြည်နယ်အတွင်းပိုင်းသို့ မကူးစက်ဖို့၊ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေဖို့အတွက် နယ်စပ်ဝင် ပေါက်များ၊ မြို့ဝင်မြို့ထွက်ဂိတ်များ၊ ခရိုင်ချင်းဆက် တံတားများ၊ ခရိုင်ချင်းဆက်စစ်ဆေးရေး ဂိတ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တောင်ပိုင်းနယ်စပ်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တောင်ပိုင်းနယ်စပ်ဒေသများ၊ အထူးဒေသ(၄)၊ အထူးဒေသ(၂)တို့နှင့် ဆက်စပ်နေသောနေရာ များ၊ စုစုပေါင်း(၂၂၅)နေရာမှာ ဖြတ်သန်းသွားလာနေတဲ့မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို အဖွဲ့လိုက် ဝက်နှင့် ဝက်ထွက်ပစ္စည်းများ စစ်ဆေးခြင်း၊ ပိုးသတ်ဆေးများဖျန်းခြင်းလုပ်ငန်း များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုအခါ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ရောဂါဖြစ်ပွား တဲ့နေရာများကို ရောဂါရှာဖွေရေးဓာတ်ခွဲခန်း အထူးအဖွဲ့များစေလွှတ်ပြီး ဝက်တွေရဲ့ သွေးရည်ကြည်နမူနာပစ္စည်းများ ရယူပြီးတော့ ပြန်လည်စမ်းသပ် စစ်ဆေးချက်များအရ အဆိုပါရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပြီလို့ သိရပါတယ်။ ရောဂါဖြစ်ပွားခဲ့သည့် နေရာတွေမှာ ဝက်များ ထပ်မံရောဂါဖြစ်ပွားမှု မရှိစေခြင်း၊ သေဆုံးမှုမရှိစေခြင်းတို့အတွက် ခရိုင်ချင်းဆက်စပ် နေရာ (၂၂၅)ခုအပြင် နောက်ထက်(၂၄)ခုမှာ စစ်ဆေးခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အဓိက ဆက်သွယ်ထားတဲ့ တာကော်တံတားမှာ ယခုအထိ ဦးစီးဌာနဝန်ထမ်းများနှင့် ဆက်စပ်ဌာန များပူးပေါင်းပြီး ဝက်နှင့် ဝက်ထွက်ပစ္စည်းများ တရားမဝင် သယ်ဆောင်မှုများကို ဆက်လက် စစ်ဆေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ပြည်နယ် အစိုးရအနေနဲ့ ဆေးတွေ၊ ဆက်စပ်ပစ္စည်းတွေ၊ လိုအပ်တဲ့ရန်ပုံငွေများကိုလည်း အချိန်မီပံ့ပိုး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ သတိပေးတားမြစ်ချက်ဆိုင်းဘုတ် စိုက်ထူဆောင်ရွက်မှု အနေနဲ့ မြို့နယ်ပေါင်း(၁၁)မြို့နယ်မှာ နေရာပေါင်း(၂၆)နေရာအတွက် ဆိုင်းဘုတ်အရေအတွက် (၃၆)ခုကို စိုက်ထူနိုင်ခဲ့ပါတယ်။ ပညာပေးဟောပြောပွဲ ဆောင်ရွက်မှုအနေနဲ့ ပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေပေးမှုများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ကမ်းစာစောင်များကို ကျွန်တော်တို့ သက်ဆိုင်ရာဒေသများမှာရှိတဲ့ တိုင်းရင်းသားဘာသာစကားများဖြစ်တဲ့ ရှမ်းကြီး၊

ဂုံရှမ်း၊ ပအိုဝ်း၊ ပလောင်၊ အာခါ၊ လားဟူ၊ မြန်မာ၊ တရုတ်စသည့်ဘာသာတွေနဲ့ ကျွန်တော်တို့ အသိပညာပေး လက်ကမ်းစာစောင်တို့ကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဖြန့်ဝေခဲ့တဲ့မြို့နယ်ပေါင်းဟာ (၄၉)မြို့နယ် ရှိပြီးတော့ ရပ်ကွက်/ ကျေးရွာပေါင်း(၃၁၈)ရွာမှာ တက်ရောက်တဲ့လူဦးရေပေါင်း (၉၂၂၉၅)ဦးကို ပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်ပေါင်း (၈၄၃၈၄)စောင်ကို ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ဝက်မွေးမြူရေးခြံများကိုလည်း ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်နိုင်မှုအခြေအနေကို တင်ပြရမည်ဆိုလျှင် မြို့နယ်ပေါင်း (၄၉)မြို့နယ်မှာ ရပ်ကွက်/ ကျေးရွာအရေအတွက်ပေါင်း (၃၁၆)ရွာမှာရှိတဲ့ ဝက်ခြံပေါင်း (၂၆၃၇)ခြံမှာ ပိုးသတ်ဆေးဖျန်းကြိမ်ရေပေါင်း (၃၉၇၉)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

နောက်ဆုံးအနေနဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အလိုက် စည်ပင်သာယာရေး သားသတ်ရုံများမှာ ကျန်းမာရေးစစ်ဆေးပေးလျက်ရှိသလို စည်ပင်သာယာရေးသားသတ်ရုံများမှ ထွက်ရှိလာတဲ့ ဝက်သားများကို အများပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် စားသုံးနိုင်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ပထမလမှစ၍ ယနေ့အထိ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရာသီတုပ်ကွေး မည်မျှဖြစ်ခဲ့ပြီး သေဆုံးသူ မည်မျှရှိပြီး၊ သေဆုံးသူများသည် အချိန်မီဆေးကုသခြင်းနှင့် ဆေးကုသမှုအပိုင်းတို့ကို အများပြည်သူ ဗဟုသုတရ၍ လိုက်နာဆောင်ရွက်ရန်အတွက် ပညာပေးအစီအစဉ်များ မည်သို့စီမံဆောင်ရွက်နေသည်ကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ရှမ်းပြည်နယ်အတွင်း ရာသီတုပ်ကွေး မည်မျှ

ဖြစ်ခဲ့ပြီး၊ သေဆုံးသူမည်မျှရှိကြောင်း၊ ပညာပေးအစီအစဉ်များ မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါသည်ဆိုတဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ ပထမလမှစ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်(၅) မြို့နယ်တွင် သံသယရာသီတုပ်ကွေးရောဂါ ဖြစ်ပွားသူ စုစုပေါင်း(၁၄)ဦး ရှိခဲ့ပါတယ်။ ၎င်းတို့အနက်မှ H1N1 ရာသီတုပ်ကွေးရောဂါ ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ(၇)ဦး ရှိခဲ့ပြီး (၁)ဦးသေဆုံးခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မြို့နယ်(၅)မြို့နယ်တွင် သံသယရာသီတုပ်ကွေးရောဂါ ဖြစ်ပွားသူ (၉)ဦးရှိခဲ့ပြီး H1N1 ရာသီတုပ်ကွေးရောဂါ အတည်ပြု ဖြစ်ပွားသူ(၂)ဦး ရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း သံသယရာသီ တုပ်ကွေးရောဂါဖြစ်ပွားသူ(၁)ဦး ရှိခဲ့ပြီး H1N1 ရောဂါပိုး မတွေ့ရှိခဲ့ပါဘူး။

ဖြစ်ပွားခဲ့သော မြို့နယ်များဖြစ်သည့် တောင်ကြီး၊ ဖယ်ခုံ၊ ညောင်ရွှေ၊ ရွာငံ၊ ဟိုပုံး၊ မူဆယ်၊ မန်တုံ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲနှင့် ကျိုင်းတုံမြို့နယ်များတွင် သံသယလူနာများတွေ့ရှိရာ နေအိမ်ရပ်ကွက်၊ ကျေးရွာဒေသများသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ ဆေးကုသမှုပေးခြင်း၊ ရာသီတုပ်ကွေးရောဂါနှင့် သက်ဆိုင်သည့် ကျန်းမာရေးအသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည်တို့ကို သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသီးသီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ကြပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း အချိန်မီ ဆေးကုသမှုဆိုင်ရာ လုပ်ငန်းများအနေဖြင့် သံသယလူနာများအား ကနဦးအနေဖြင့် လက်ခံကုသနိုင်ရေးအတွက် တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီး၌ isolation unit (သီးခြားကုသဆောင်)ကို ရာသီတုပ်ကွေး အဖြစ်များသည့် ကာလမရောက်မီ ၂၆.၆.၂၀၁၉ ရက်နေ့တွင် ကြိုတင်ပြင်ဆင်ထားရှိခဲ့ပါတယ်။ ဓာတ်ခွဲနမူနာရယူခြင်း (Sample collection) နှင့်ပတ်သက်၍ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် တာဝန်ချိန်များ ညှိနှိုင်းခဲ့ပါတယ်။ အလားတူ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး(တောင်ကြီး)၊ လားရှိုးဆေးရုံကြီးနှင့် ကျိုင်းတုံဆေးရုံကြီးတို့တွင်လည်း သီးခြားကုသဆောင်များ ဖွင့်လှစ်ထားရှိပေးခဲ့ပါတယ်။

၂၈.၆.၂၀၁၉ ရက်နေ့တွင် ဆေးကုသမှုဆိုင်ရာဌာနများသို့ Management Guideline for Seasonal Influenza A (H1N1) pdm 09 အား ဖြန့်ဝေ၍ ကြိုတင်သတိပေးနှိုးဆော်ခြင်း၊ Influenza Like Illness (ILI), Severe Acute Respiratory Infection (SARI) Surveillance

& Response အားလည်း လိုက်နာဆောင်ရွက်နိုင်ရန် နှိုးဆော်ခြင်းစသည်တို့ကို ပြုလုပ်ခဲ့ပါတယ်။

၎င်းအပြင် ဆေးရုံကြီးများနှင့် မြို့နယ်ဆေးရုံများတွင် ရာသီတုပ်ကွေး ရောဂါပိုးအား အချိန်မီ ကနဦးစစ်သပ်စစ်ဆေး ကုသမှုပေးနိုင်ရန်အတွက် Rapid Test Kit များ ဖြန့်ဝေပေးခဲ့ပါတယ်။ ၁.၇.၂၀၁၉ ရက်နေ့တွင် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ရောဂါလက္ခဏာများကို Vinyl ကပ်၍ အသိပညာပေးခြင်း၊ ဆေးရုံဆင်းလူနာများနှင့် တွေ့ဆုံမှု အစီအစဉ်တွင် ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ပေးခဲ့ပါတယ်။

၉.၇.၂၀၁၉ ရက်နေ့တွင် (H1N1) ကာကွယ်ရေးနှင့် ကာကွယ်ထိန်းချုပ်ရေးအတွက် လိုအပ်သော လုပ်ငန်းကော်မတီနှင့် အဖွဲ့ဝင်များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွေကို ကျင်းပဆောင်ရွက်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်(တောင်ကြီး)၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိမှုအနေဖြင့် ပြည်နယ်အဆင့်ဆေးရုံ၊ မြို့နယ်အဆင့်ဆေးရုံနှင့် တိုက်နယ် ဆေးရုံများတွင် Isolation ward (သီးခြားကုသဆောင်)များ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများနှင့် မြို့နယ်အလိုက် ရာသီတုပ်ကွေးရောဂါအတွက် ဆက်သွယ်ရမည့် Focal Person များ သတ်မှတ်ထားရှိခြင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့အား လူဦးရေ (၅၉၄၀၃)ဦးထံ မျှဝေပေးနိုင်ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် High Risk Group များတွင် ပါဝင်သူများ စုစုပေါင်း (၇၂၄၀)ဦးအား ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်း၊ ပြည်နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များနှင့် သက်ဆိုင်ရာကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ လူနာအိမ်နှင့် အနီးပတ်ဝန်းကျင်အိမ်များတွင် ဖျားနာလူနာများ ရှိ/ မရှိ စုံစမ်းထောက်လှမ်းခြင်း၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ဆေးရုံသို့ ညွှန်းပို့လွှဲပြောင်းကုသမှုခံယူစေရေး လုပ်ငန်းများအပါအဝင် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရုမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် သတင်းသမားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမဂါရဝပြုတင်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရုမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များက ကွင်းဆင်းစီစစ်ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နဲ့ပတ်သက်ပြီး ဒေသခံပြည်သူများရဲ့ လိုအပ်ချက်ကို လွှတ်တော်အတွင်း တာဝန်စတင်ထမ်းဆောင်ချိန်ကနေစပြီး ယနေ့အထိ (၄)နှစ်တာနီးပါးကာလအတွင်းမှာ တင်ပြစာများ၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလုံ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ၏ တင်ပြချက်၊ အကြံပြုချက်များနှင့်အတူ တင်ပြဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါတင်ပြချက်များအရ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ကို သက်ဆိုင်ရာ ရုမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးတော်တော်များများဟာ တာဝန်အရ အခြားမြို့များကို သွားရောက်စဉ်မှာ ဖြတ်သွားဖြတ်လာမြို့အဖြစ်သာ ရှိခဲ့ပါတယ်။ ခိုလမ်မြို့ဟာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရုံးစိုက်ရာမြို့ဖြစ်ပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များ၊ မြို့ပေါ် (၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၅)စုရှိပြီး ခိုလမ်- နမ့်စန်၊ ခိုလမ်- ကွန်ဟိန်း၊ ခိုလမ်- ဝမ်ဆင်း၊ ခိုလမ်- ကျိုင်းတောင်း၊ ခိုလမ်- နားပွဲ-လဲချား၊ လမ်းများရဲ့ လမ်းဆုံရာ မြို့တစ်မြို့ ဖြစ်ကြောင်း၊ အထိုက်အလျောက် စည်ပင်ဖွံ့ဖြိုးလာသည့် မြို့ဖြစ်လာပြီဖြစ်ကြောင်းနှင့် မြို့အတွက် အဓိကလိုအပ်ချက်တွေကို ယခင်အစည်းအဝေးများမှာလည်း မေးခွန်းများ၊ တင်ပြစာများနှင့် တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒေသခံတိုင်းရင်းသား ပြည်သူတွေအတွက် ကျွန်တော်တို့ ကိုယ်စားလှယ်များက တတ်စွမ်းသမျှ တင်ပြဆောင်ရွက်ပေးခဲ့ပေမယ့် သက်ဆိုင်ရာ ရုမ်းပြည်နယ်အစိုးရအဖွဲ့က ကဏ္ဍအသီးသီးကို တာဝန်ယူထားသည့် ဝန်ကြီးများအနေနဲ့ နှစ်အလိုက် စီမံကိန်းထဲမှာ လျာထားပေးရုံ၊ မေးခွန်းမှာ သင့်တင့်သောအဖြေ ပြန်လည်ဖြေကြားပေးရုံနှင့် ထိရောက်သော

ဖြည့်ဆည်းမှုကို မရရှိနိုင်ခဲ့ဘူးလို့ ပြည်သူလူထုများက ခံစားရပါတယ်။ ခိုလမ်မြို့ရဲ့ လိုအပ်ချက်တွေကို စီမံကိန်းထဲ လျာထားဖို့နေနေသာသာ လက်ရှိမြေပြင်တွင် ဖြစ်ပေါ်နေတဲ့ အခက်အခဲ၊ မြေယာအရှုပ်အရှင်းများနဲ့ ဌာနအလိုက်ဆောင်ရွက်ရမယ့် ကဏ္ဍတွေမှာ လိုအပ်ချက်တွေရှိနေဆဲ ဖြစ်ပါတယ်။ အဓိကကတော့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအထိ အဆင့်ဆင့် ကွင်းဆင်းစိစစ်ဆောင်ရွက်ဖို့ လိုအပ်ချက်များပဲ ဖြစ်ပါတယ်။ မြို့ရဲ့လိုအပ်ချက်ဖြစ်တဲ့ စည်ပင်ကဏ္ဍ၊ ထုတ်ကုန်ကဏ္ဍ၊ မြေယာကဏ္ဍ၊ အားကစားကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သောက်သုံးရေ၊ မြို့နယ်အတွင်း ကျေးရွာအုပ်စုများ၏ လမ်း၊ တံတား၊ ရေ၊ မီးနှင့် အထွေထွေလိုအပ်ချက်တွေကို ကျွန်တော်တို့ ကြယ်ပွင့်ပြ/ ကြယ်ပွင့်မပြမေးခွန်းများမေးမြန်းရာမှာ ကျွန်တော်တို့ရဲ့ လွတ်တော်သက်တမ်း တာဝန်ကုန်ဆုံးသွားမည့် အချိန်ထိတိုင်အောင် မေးလို့မကုန်၊ တင်ပြလို့မကုန် ဖြစ်နေဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူလူထုဖြစ်စေချင်တာက သူတို့၏ အခြေခံလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝလုံခြုံအေးချမ်းသာယာရေးအတွက် မျှော်လင့်နေကြတာ ဖြစ်ပါတယ်။ ဒီမျှော်လင့်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ဆိုတာ ပြည်သူလူထုက မိဘဆိုတဲ့မျက်နှာကို မျှော်ကြည့်နေကြတဲ့ သားသမီးတွေလို ဖြစ်နေရပါတယ်။ အစိုးရဟာ မိဘဖြစ်တာကြောင့် သားသမီးဖြစ်သည့် ပြည်သူကို ဖြည့်ဆည်းကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တယ်လို့ ပြည်သူများကိုယ်စား ထင်မြင်ယုံကြည်ယူဆမိပါတယ်။

ဒါကြောင့် ခိုလမ်မြို့နယ်နေ ပြည်သူလူထုနှင့် ကျေးရွာအုပ်စုများက ကျေးရွာနေပြည်သူလူထုများကိုယ်စား တင်ပြလိုတာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ သက်ဆိုင်ရာဌာနအလိုက် ပြည်နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်ကြီးများက ဖြတ်သွားဖြတ်လာစဉ် တစ်ထောက်နားလို့ပဲဖြစ်ဖြစ်၊ တစ်ညအိပ်လေး အိပ်လို့ပဲဖြစ်ဖြစ်၊ ဒေသခံဌာနဆိုင်ရာ ပြည်သူလူထုများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးပါရန် တိုက်တွန်းတင်ပြအပ်ပါကြောင်း၊ အဆိုပါတင်ပြချက်ပါအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိအား ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရိုသေလေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်

ပါသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ မေးမြန်းလာသည့် နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလိုအပ်ချက်များကို ရွှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များက ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရွှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ပြည်သူလူထုတို့ အခြေခံလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝလုံခြုံအေးချမ်းသာယာရေး၊ ဒေသခံဌာနဆိုင်ရာများအား ပြည်သူလူထုများနှင့် တွေ့ဆုံစေပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား နယ်မြေသတ်မှတ်၍ နယ်မြေတာဝန်ခံ၊ အရံတာဝန်ခံများအဖြစ် ခွဲဝေသတ်မှတ်ဆောင်ရွက်လျက်ရှိရာမှာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအား ကျိုင်းတုံခရိုင်နှင့်အထူးဒေသများတို့အားလည်းကောင်း၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအား နယ်မြေတာဝန်ခံ၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အရံတာဝန်ခံအဖြစ် လင်းခေးခရိုင်နှင့် ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ မိုးမိတ်ခရိုင်နှင့် မူဆယ်ခရိုင်တို့အားလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအား နယ်မြေတာဝန်ခံ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အရံတာဝန်ခံအဖြစ် လွိုင်လင်ခရိုင်နှင့် ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ်တို့အားလည်းကောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအား နယ်မြေတာဝန်ခံ၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အရံတာဝန်ခံအဖြစ် တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်တို့အားလည်းကောင်း၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအား နယ်မြေတာဝန်ခံ၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အရံတာဝန်ခံအဖြစ် ကျောက်မဲခရိုင်၊ လားရှိုးခရိုင်(ကွမ်းလုံမြို့နယ်မပါ)တို့အားလည်းကောင်း၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးအား နယ်မြေတာဝန်ခံ၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အရံတာဝန်ခံအဖြစ် မိုင်းဆတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်တို့အားလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးအား နယ်မြေတာဝန်ခံ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အရံတာဝန်ခံအဖြစ် ဟိုပန်ခရိုင်၊ လောက်ကိုင်ခရိုင်နှင့် ကွမ်းလုံမြို့နယ်တို့အားလည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးအား နယ်မြေတာဝန်ခံ၊ အာခါ

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အရံတာဝန်ခံအဖြစ် တာချီလိတ်ခရိုင် (မိုင်းယောင်းမြို့နယ်မပါ)တို့အားလည်းကောင်း နယ်မြေများခွဲဝေသတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် ရှမ်းပြည်နယ်တစ်ခုလုံး၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဒေသဖွံ့ဖြိုးရေးစသည့် ကဏ္ဍအလိုက် ဟန်ချက်ညီညီ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို တစ်နေရာတည်းတွင် အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဌာနဆိုင်ရာများ စုပေါင်းပြီး One Stop Shop (OSS) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို မြို့ပေါ်မှာရုံးများဖွင့်လှစ်ဆောင်ရွက်ပေးနေသလို ကျေးလက်နေပြည်သူများအတွက် Mobile Service Delivery အား ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး အောက်ခြေပြည်သူလူထုနှင့် စဉ်ဆက်မပြတ် ထိတွေ့၍ ပြည်သူများ၏လိုအပ်ချက်များအား တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်မြို့နယ် လျှပ်စစ်စွမ်းအင်ဖြန့်ဖြူးမှုနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာရှင်းလင်းတိကျစွာ သိလိုတဲ့အတွက် လူထုကိုယ်စား ဥက္ကဋ္ဌမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်ရှိ တိုင်းရင်းသားပြည်သူလူထုများရဲ့ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဟာ အဓိကကျတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ် လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှ ဒီဇယ်သုံးမီးစက်များဖြင့် ဖြန့်ဖြူးပေးနေသည့်အခြေအနေကနေပြီးတော့ မြို့မီးလင်းရေးကော်မတီဖွဲ့စည်းပြီး မိုင်းဆတ်မြို့နှင့် (၇)မိုင်ခန့်ကွာတဲ့ မယ်ပန်ချောင်းကို အခြေပြုပြီး ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တရုတ်ပြည်မှ နည်းပညာနှင့်

(600KG) စက်(၂)လုံးတပ်ဆင်ပြီး မီးကြိုး၊ မီးလိုင်း၊ ထရန်စဖာများကို တပ်ဆင်ခဲ့ပါတယ်။ မြို့သာယာလှပရေးအတွက် နီယွန်မီးချောင်းများ လမ်းမီးတိုင်များလည်း တပ်ဆင်ပေးနိုင်ခဲ့ပြီး ပြည်သူများအတွက် (၂၄)နာရီအချိန်ပြည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမူအရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရရဲ့ လျှပ်စစ်ဓာတ်အားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းနှင့် မိုင်းဆတ်မြို့ လွယ်ဆမ်ဆုံကုမ္ပဏီလိမိတက်တို့ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မှာ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးကုမ္ပဏီကို ဓာတ်အားဖြန့်ဖြူးရေးအနေနဲ့ ကိုယ်စား ပြုပြီးတော့ စာချုပ်ချုပ်ဆိုခဲ့ကြပါတယ်။ ၎င်းစာချုပ်မှာ ကတိကဝတ်များဖြင့် လွယ်ဆမ်ဆုံ ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၎င်းစာချုပ်မှာ ဖြန့်ဖြူးရေးလုပ်ငန်းအတွက် ကုမ္ပဏီမှ တစ်နှစ်တစ်ကြိမ် ဆောင်ရွက်လိုခြင်းရှိပါက သက်တမ်းတိုးခွင့်ပေးနိုင်ခဲ့ပါတယ်။ ကုမ္ပဏီမှ စတင်ဆောင်ရွက်တဲ့အချိန်မှာ လျှပ်စစ်ဓါတ်အားခကို တစ်ယူနစ်လျှင်(၃၅)ကျပ် သတ်မှတ်ကောက်ခံခဲ့ပါတယ်။

၂၀၁၉ ခုနှစ် သက်တမ်းတိုးဆောင်ရွက်ခဲ့သော်လည်းပဲ (၂၄)နာရီအချိန်ပြည့် မီးရရှိခြင်း မရှိတဲ့အပြင် သုံးစွဲသူများရဲ့ဆန္ဒမပါဘဲ (၂၀၁၈) ခုနှစ်မှစပြီး တစ်ယူနစ်ကို (၈၅)ကျပ်၊ လုပ်ငန်းသုံးအတွက် (၁၂၅)ကျပ်ဖြင့် ကောက်ခံသုံးစွဲခဲ့တဲ့အတွက် သုံးစွဲသူများအနေနဲ့ မကျေ မနပ်၊ မကျေမလည်ဖြစ်ပြီးတော့ ပြဿနာဖြစ်နေတဲ့ကြားကနေပြီးတော့ နိုင်ငံတော်က သတ်မှတ်တယ်ဆိုပြီးတော့ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၂၇၈/ ၂၀၁၉)ပါ ဓာတ်အားခနှုန်းထားများအတိုင်း ကောက်ခံနေတာကို တွေ့ရှိရပါတယ်။ နှုန်းထား သစ်နှင့် ကောက်ခံခြင်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနမှ ထုတ်ပြန်သောစာမှာ မဟာဓာတ်လိုင်းစနစ်ကိုသာ ရည်ရွယ်ခဲ့ပါတယ်။ လွယ်ဆမ်ဆုံကုမ္ပဏီဟာ လျှပ်စစ်ဓာတ် အားခတိုးကောက်ယူရာမှာ ညွှန်ကြားချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိတာကို တွေ့ရှိရပါ တယ်။

ဒါ့အပြင် သုံးစွဲသူများထံကနေပြီးတော့ မိတာခများကို တိုးမြှင့်ကောက်ခံခဲ့သော်လည်းပဲ နိုင်ငံတော်သို့ သတ်မှတ်ငွေများပေးသွင်းရာမှာ ယခင်မူလအတိုင်း ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ တစ်ယူနစ်လျှင် (၅)ကျပ်နှုန်း၊ ပြည်နယ်လျှပ်စစ်ဌာနသို့ (၁၀)ကျပ်နှုန်းသာ ပေးသွင်းနေခဲ့တာကို တွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ်၊ မေလ ၆ ရက်နေ့မှာ ချုပ်ဆိုထားတဲ့ စာချုပ်တွင်ဖော်ပြထားတဲ့ ကုမ္ပဏီမှဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များရဲ့ စာချုပ်ပါ အပိုဒ်(၅)၊ အပိုဒ်ခွဲ(၃)ပါ လျှပ်စစ်ဓာတ်အားလိုင်းများ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ၊

System Improverment လုပ်ငန်းများနှင့် ကြုံခိုင်မှုလုပ်ငန်းများကို ကုမ္ပဏီမှ ဆောင်ရွက်ရမည်ဆိုသော်လည်းပဲ ဆောင်ရွက်ခြင်းမရှိတာကို တွေ့ရပါတယ်။

စာချုပ်ပါအပိုဒ်(၅)၊ အပိုဒ်ခွဲ(၄)မှာ မိုင်းဆတ်မြို့မှာ ဓာတ်အားဖြန့်ဖြူးရောင်းချရေးအတွက်ထပ်မံလိုအပ်တဲ့ စက်ကိရိယာများကို ထပ်မံဝယ်ယူခြင်း၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို ဆောက်ရွက်ရမည်ဟု ပါရှိသော်လည်းပဲ (၂၄)နာရီလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ထပ်မံဝယ်ယူဆောင်ရွက်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်မှ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ နှစ်စဉ်ဝယ်ယူရေးအတွက် ခွဲဝေချထားပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ စာချုပ်ပါ အပိုဒ်(၅)၊ အပိုဒ်ခွဲ(၇)မှာ မိုင်းဆတ်မြို့ရဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းအတွက် ကုမ္ပဏီမှာ အပြည့်အဝတာဝန်ရှိတဲ့အတွက် ဓာတ်အားသုံးစွဲသူများရဲ့ မကျေနပ်ချက်၊ တိုင်ကြားချက်များရှိလာပါက ကုမ္ပဏီမှ တာဝန်ယူပြီးတော့ ကျေလည်မှုရသည်အထိ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်းပဲ ယနေ့အထိ မကျေနပ်ချက်၊ တိုင်ကြားချက်များကို ဖြေရှင်းခြင်းမရှိတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။

စာချုပ်ပါအပိုဒ်(၉)မှ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ဓာတ်အားသုံးစွဲသူတို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာဒေသ အာဏာပိုင်များထံတင်ပြပြီး အတည်ပြုချက်ရယူ၍ စည်းကြပ်ကောက်ခံနိုင်သည်ဟုပါရှိသော်လည်းပဲ ဓာတ်အားသုံးစွဲသူတို့၏ ဆန္ဒမပါဘဲ ၂၀၁၉ ခုနှစ်၊ ဇူလိုင်မှစပြီးတော့ ဓာတ်အားသုံးစွဲသူများထံမှ ကောက်ခံနေတာကို တွေ့ရှိရပါတယ်။ စာချုပ်ပါအပိုဒ်(၈)မှာ စာချုပ်ရပ်ဆိုင်းခြင်းတွင် အပိုဒ်(၈)၊ အပိုဒ်ခွဲ(၁)မှာ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် စာချုပ်ဝင်တစ်ဖက်ဖက်မှ အကြောင်းမဲ့ပျက်ကွက်ခဲ့လျှင် စာချုပ်ရပ်စဲရမည်ဟုလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲတဲ့ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် အထောက်အကူမပြုပေးနိုင်သည့်အပြင် စာချုပ်ပါစည်းကမ်းတွေ ဖောက်ဖျက်နေတဲ့ လွယ်ဆမ်ဆုံကုမ္ပဏီနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားတဲ့ စာချုပ်များနှင့် ရပ်ဆိုင်းပေးနိုင်ခြင်း ရှိ/ မရှိ၊ တရားမဝင် တိုးမြှင့်ကောက်ခံထားသော လျှပ်စစ်ဓာတ်အားခငွေများအား သုံးစွဲသူပြည်သူများထံသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ၊ လုပ်ငန်းများအား ဆောင်ရွက်လိုသည့် ကုမ္ပဏီများကို တင်ဒါခေါ်ပြီးတော့ ပြန်လည်ပေးအပ်နိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရုမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး စိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဆတ်မြို့ကို မယ်ပန်ရေအားလျှပ်စစ်စက်ရုံက ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့အတွက် လွယ်ဆမ်ဆုံကုမ္ပဏီနှင့် ရုမ်းပြည်နယ်အစိုးရအဖွဲ့တို့ဟာ ၁၄.၁.၂၀၁၆ ရက်နေ့မှာ ရေအားလျှပ်စစ်စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ်အားချုပ်ဆိုခဲ့ပြီး စာချုပ်ပါအပိုဒ် (၂-၄)မှာ မယ်ပန်ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခွင့်၊ ဖြန့်ဖြူးခွင့်နှင့် မြေငှားရမ်းခြင်းတို့အတွက် ငှားရမ်းစာချုပ် ချုပ်ဆိုခြင်းဖြစ်ကြောင်း ဖော်ပြထားပါတယ်။ အပိုင်း၇၊ အပိုဒ် ၇ မှာ စာချုပ်သက်တမ်းကို “ဤငှားရမ်းစာချုပ်သက်တမ်းမှာ စာချုပ်ချုပ်ဆိုပြီးသည့် နေ့မှစ၍ နှစ် ၃၀ ဖြစ်သည့် စာချုပ်သက်တမ်းကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်တမ်းတိုးနိုင်သည်”ဟု ထည့်သွင်းစာချုပ်ချုပ်ဆိုထားပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းအပြင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် လွယ်ဆမ်ဆုံကုမ္ပဏီလီမိတက်တို့ဟာ ရုမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ကိုယ်စား ဓာတ်အားရောင်းချခြင်း စာချုပ်ကို ၆-၅-၂၀၁၄ ရက်နေ့မှာ ကနဦးစတင်ချုပ်ဆိုခဲ့ပြီးတော့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်စေခဲ့ပါတယ်။

စာချုပ်ပါစည်းကမ်းများ ဖောက်ဖျက်နေသည့် အဆိုပါကုမ္ပဏီနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားသော စာချုပ်များ ရပ်ဆိုင်းပေးနိုင်ခြင်း ရှိ/ မရှိဆိုတဲ့ ကိစ္စနှင့်ပတ်သက်၍ ဓာတ်အားထုတ်လုပ်ခြင်းအပိုင်းအတွက် လွယ်ဆမ်ဆုံကုမ္ပဏီကို စစ်ဆေးဆောင်ရွက်ပြီး တွေ့ရှိသုံးသပ်ချက်များရရှိပါက ရုမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ချုပ်ဆိုထားသော စာချုပ်ပါ အပိုင်း ၂၂၊ စီမံကိန်းရပ်စဲခြင်း၏ အပိုဒ် ၂၂-၁(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပါဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းနှင့် စာချုပ်ပါဖော်ပြချက်အရ စစ်ဆေးညှိနှိုင်းဆောင်ရွက်ပြီးပါက စာချုပ်ရပ်စဲခြင်းကိစ္စရပ်ကို စာချုပ်ဝင်တစ်ဖက်က အခြားတစ်ဖက်သို့ ရက်ပေါင်း (၉၀)ကြိုတင်အကြောင်းကြားပြီးစာချုပ်အား ရပ်စဲနိုင်မည် ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချုပ်ဆိုသောစာချုပ်ပါ အပိုဒ် ၈ စာချုပ်ရပ်စဲခြင်းတွင် "ဤစာချုပ်ကို အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ရပ်စဲလိုပါက တည်ဆဲဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရန် အကျေအလည်ညှိနှိုင်းပြီး သက်သာခွင့်များ တောင်းဆို၍ ရပ်စဲနိုင်သည်" "အပိုဒ်(၈-၁)ဤစာချုပ်ပါ လုပ်ငန်းဆောင်ရွက်ရန် တစ်ဖက်ဖက်မှ အကြောင်းမဲ့ပျက်ကွက်ခဲ့လျှင်၊ အပိုဒ်(၈-၂)ဤစာချုပ်ပါလုပ်ငန်း ဆောင်ရွက်ရန် တစ်ဖက်ဖက်မှ စွမ်းဆောင်နိုင်မှု မရှိတော့လျှင်၊ အပိုဒ်(၈-၃)နိုင်ငံတော်မှ အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ရပ်စဲလိုလျှင်၊ အပိုဒ်(၈-၄)မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုသည်(၆)လထက် ကျော်လွန်၍ ဆက်တိုက်ဖြစ်ပွားလျှင်၊ အပိုဒ်(၈-၅) စာချုပ်သက်တမ်းကုန်ဆုံးလျှင်" ဟုဖော်ပြပါရှိသဖြင့် နှစ်ဦးနှစ်ဖက်နစ်နာမှုမရှိစေရန် အကျေအလည်ညှိနှိုင်းပြီး သက်သာခွင့် တောင်းဆို၍ ရပ်စဲနိုင်မည်ဖြစ်ပါတယ်ခင်ဗျား။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်တိုးမြှင့်ကောက်ခံထားသော လျှပ်စစ်ဓာတ်အားခငွေများ သုံးစွဲသူအများပြည်သူထံသို့ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ ကိစ္စနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကုမ္ပဏီတို့ချုပ်ဆိုထားသောစာချုပ်အပိုင်း (၁၁)၊ အပိုဒ် (၁၁.၁၃)မှာ အငှားချထားခြင်းခံရသူသည် ထွက်ရှိလာသောလျှပ်စစ်ဓာတ်အားကို လျှပ်စစ်ဓာတ်အား သုံးစွဲသူများအတွက် တစ်ယူနစ်လျှင် (၃၅)ကျပ်နှုန်း၊ လုပ်ငန်းသုံးစွဲသူများအတွက် (၇၅)ကျပ်နှုန်းဖြင့် ကောက်ခံရမှာဖြစ်ပြီး၊ "ပြည်ထောင်စုလျှပ်စစ်၊ စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အတည်ပြုထားသောနှုန်းအတိုင်း ကောက်ခံနိုင်သည်"ဟု ပါရှိပါတယ်။ အပိုဒ်(၁၁.၁၄)မှာ ကောက်ခံရရှိသည့် ဓာတ်အားခနှုန်းထားကို (၂)နှစ်လျှင် တစ်ကြိမ် နှစ်ဖက်ပြန်လည်သုံးသပ်ညှိနှိုင်း၍ လက်ရှိစာချုပ်ပါ နှုန်းထားရဲ့ ၁၀ % ထက်မပိုသော နှုန်းထားဖြင့် ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်သည်ဟု ဖော်ပြပါရှိပါတယ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ချုပ်ဆိုသောစာချုပ်အပိုဒ် ၉ မှာ ကုမ္ပဏီသည် ဓာတ်အားသုံးစွဲသူများထံမှ ကောက်ခံထားသော လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ဓာတ်အားသုံးစွဲသူတို့နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာဒေသအာဏာပိုင်များထံ တင်ပြပြီးတော့ အတည်ပြုချက်ရယူပြီး စည်းကြပ်ကောက်ခံနိုင်သည်နှင့် အပိုဒ်ခွဲ ၅-၇ မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းအတွက် ကုမ္ပဏီတွင် အပြည့်အဝတာဝန်ရှိသဖြင့် ဓာတ်အားသုံးစွဲသူများ၏ မကျေနပ်ချက်၊ တိုင်ကြားချက်များရှိလာပါက ကုမ္ပဏီက တာဝန်ယူ၍ ကျေနပ်မှုရရှိသည်အထိ ဖြေရှင်းဆောင်ရွက်ပေးရမည်ဟု ဖော်ပြပါရှိ၍ ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန်

ဖြစ်ပါတယ်။ လုပ်ငန်းများဆောင်ရွက်လိုသည့်ကုမ္ပဏီများ တင်ဒါခေါ်ယူနိုင်ခြင်း ရှိ/ မရှိ ကိစ္စနှင့်ပတ်သက်ပြီးတော့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် စာချုပ်ရပ်စဲခြင်းတို့ ဆောင်ရွက်ပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေးလာရောက်ကြသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှင့် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးလမ်းကြောင်း မချိတ်ဆက်မိသော ကျေးရွာများသို့ ဆက်သွယ်ရေးလမ်းကြောင်း ချိတ်ဆက်အသုံးပြုနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည့်ကိစ္စနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးဝန်ဆောင်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိရန်နှင့် ယင်းရန်ပုံငွေကို အသုံးပြုနိုင်ရေး မူဝါဒရေးဆွဲဆောင်ရွက်သွားရန်ဟူ၍ ဆက်သွယ်ရေးဝန်ဆောင်မှုများအား ဆောင်ရွက်စေခြင်းဖြင့် အများပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို တိုးတက်လာစေရန်၊ e-government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန်ဟူ၍ မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကျွန်တော်တို့ ကျိုင်းတုံမြို့နယ်အနေနဲ့ မကြာမြင့်မီအချိန်ကာလမှာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရပ်ကျေးအဆင့်ရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမများအထိ၊ Note Pad (ဓာတ်သင်ပုန်း)များ ထုတ်ပေးပြီးတော့ လချုပ်များပေးပို့ခြင်းအစီအစဉ်၊ ကာလဒေသ ဖြစ်ပေါ်လာသော ရောဂါများအတွက် ကာကွယ်ရေး၊ ကုသရေး၊ သင်ကြားရေး လုပ်ငန်းစဉ်များကို Information Techology နည်းပညာကို အသုံးပြု၍ internet ကွန်ယက်မှတစ်ဆင့် ဆောင်ရွက်တော့မယ်လို့ သိရှိထားပါတယ်။

နောက်တစ်ခါ ယခုလာမည့် ၂၀၂၀ ခုနှစ်၊ ဧပြီလမှစပြီးတော့ လူမှုဝန်ထမ်းဝန်ကြီးဌာနအနေနဲ့ (၂)နှစ်အောက် ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေးအတွက် လစဉ်တစ်လကို ကျပ်ငွေ(၁၅၀၀၀/-) နှုန်းထောက်ပံ့မှု စီစဉ်လျက် Wavemoney ဖြင့် ငွေလွှဲမယ်လို့ ကျွန်တော် ကြားထားပါတယ်။ အဲ့ဒီအတွက်လည်း Telecommunication ကို အသုံးပြုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကျိုင်းတုံမြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၃၈)အုပ်စု၊ ကျေးရွာပေါင်း (၆၆၇) ရွာရှိပြီးတော့ အဲ့ဒီကျေးရွာအုပ်စုနှင့် ကျေးရွာများအနက်မှာ မိုင်းကိုင်၊ နမ့်ခတ်၊ မိုင်းငွန်း၊ တာလုတာလေအုပ်စုမှာရှိတဲ့ ကျေးရွာ(၃၉)ရွာနှင့် ပန်မတ်အုပ်စုမှာ (၁၆)ရွာ၊ ဝမ်တာပင်း အုပ်စုမှာ (၁၅)ရွာ၊ နောင်တောင်းအုပ်စုမှာ (၁၀) ရွာ၊ မိုင်းနော့ဖာတအုပ်စုမှာ (၁၀) ရွာ၊ နမ့်အင်းအုပ်စုမှာ (၈)ရွာ၊ မိုင်းလပ်အုပ်စုမှာ (၅) ရွာ၊ စုစုပေါင်း (၁၀၃)ရွာမှာ ဆက်သွယ်ရေးကွန်ယက်မရောက်ရှိသေးဘဲ တယ်လီဖုန်းနှင့် internet အသုံးပြုနိုင်ခြင်း မရှိသေးပါ။

ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးကွန်ယက်အား မြန်မာနိုင်ငံလူဦးရေ၏ ၉၀ % ကျော်အထိ လွှမ်းခြုံမှုရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဟူသော မူဝါဒနှင့်အညီ ကျိုင်းတုံမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးကွန်ယက်လုံးဝမရောက်ရှိသေးသည့် ကျေးရွာအုပ်စုပေါင်း(၄)အုပ်စုနှင့် ကျေးရွာပေါင်း (၁၀၃)ရွာမှာရှိတဲ့ မဲဆန္ဒရှင်များ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့စီမံ ဆောင်ရွက်ထားသည်ကိုသိရှိလိုပါသောကြောင့် ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ အားလုံးကို ဂါရဝပြု ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးမေးမြန်းထားသည့် ကျိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာစုစုပေါင်း (၁၀၃)ရွာတွင် ဆက်သွယ်ရေးကွန်ယက် မရောက်ရှိသေးဘဲ တယ်လီဖုန်းနှင့် Internet အသုံးပြုနိုင်ခြင်း မရှိသေးသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော်ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မေးခွန်းရဲ့လိုလားချက် ကျေးရွာပေါင်း (၁၀၃)ရွာမှာ ပါဝင်တဲ့ ပထမကျေးရွာအုပ်စု(၂)စုဖြစ်တဲ့ နောင်တောင်းကျေးရွာအုပ်စုနှင့် နမ့်အင်းကျေးရွာ အုပ်စုတို့ဟာ တောင်ပေါ် ၅ အုပ်စု

ကျေးရွာအတွင်းမှာ တည်ရှိပြီးတော့ MPT နှင့် လူဇင်ဘတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းပြီးတော့ တာဝါတိုင် (၄)တိုင် တည်ဆောက်ရန် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ စတင်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လာမည့် ၂၀၂၀ ခုနှစ်အတွင်းမှာ ဖွင့်လှစ်နိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

တတိယအုပ်စုဖြစ်တဲ့ ဝမ်တာပင်းကျေးရွာအုပ်စုမှာ တာဝါတိုင် တည်ဆောက်နိုင်ရန်အတွက် တာပင်းစုပေါင်းစစ်ဆေးရေးဂိတ်အနီး (၃) ကီလိုမီတာခန့်အကွာမှာရှိတဲ့ ဝမ်ရှန်တောင်ကုန်းမှာ မြေနေရာလျာထားပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ရုံးချုပ်သို့ ကွင်းဆင်းစစ်ဆေးချက်များအား တင်ပြထားရှိပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စတုတ္ထအုပ်စုဖြစ်တဲ့ မိုင်းလပ်ကျေးရွာအုပ်စုအတွင်းမှာ လျာထားတဲ့ တာဝါတိုင် ၂ တိုင်အနက် တာဝါတိုင်အမှတ် SHE00154 တာဝါတိုင်ဟာ မတ်လ၊ ၂၀၁၆ ခုနှစ်မှ စတင်သုံးစွဲခဲ့တာဖြစ်ပြီးတော့ တာဝါတိုင်အမှတ် SHE00688 ကတော့ ၂၀၂၀ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ပဉ္စမအုပ်စုဖြစ်တဲ့ မိုင်းနော့ဖာတကျေးရွာအုပ်စု၊ လွယ်မွေကျေးရွာအုပ်စုနှင့် ကပ်လျက်မှာ တာဝါတိုင်အမှတ် SHE00259 တာဝါတိုင် တည်ဆောက်ထားရှိပြီး ၂၀၁၈ ခုနှစ်၊ မတ်လတွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ပါတယ်။

ကျန်ရှိတဲ့ မိုင်းကိုင်၊ နမ့်ခတ်၊ မိုင်းငွန်း၊ တာလုတာလေကျေးရွာအုပ်စု၊ ပန်မတ်ကျေးရွာအုပ်စုတို့မှာ အဝေးဆက်သွယ်ရေးစနစ် မိုက္ကရိုဝေ့ဗ်နှင့် ဖိုင်ဘာဆက်ကြောင်းများ ချိတ်ဆက်တပ်ဆင်နိုင်ခြင်းမရှိသေးပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အနေနဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တာဝါတိုင်တပ်ဆင်ပေးနိုင်ရန်အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်သော ဧည့်သည်တော်များအားလုံးကို စိတ်၏ ချမ်းသာခြင်းနှင့် ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရုမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းပဲ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မေးခွန်း

နံပါတ်(၁)ဖြစ်တဲ့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ ခရိုင်ရုံး အဆောက်အဦများနှင့် ခရိုင်မြို့သစ် စီမံကိန်းနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လွတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မိုးမိတ်မြို့နှင့် မဘိမ်းမြို့ (၂)မြို့ကို မိုးမိတ်ခရိုင် အဖြစ် ဖွဲ့စည်းကြောင်း ၂၀၁၄ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၇၇/ ၂၀၁၄) ဖြင့် ထုတ်ပြန်ကြေညာ၍ စီမံခန့်ခွဲအုပ်ချုပ်ခဲ့ပါတယ်။

ခရိုင်မြို့ဖြစ်သည့်အတွက် ခရိုင်အဆင့်နှင့်ညီအောင် ခရိုင်အဆင့်ဌာနဆိုင်ရာမှ စီမံခန့်ခွဲရေးအတွက် ဆောင်ရွက်ကြရပါတယ်။ မိုးမိတ်မြို့၏ အရှေ့ဘက်(၂)မိုင်ခန့်ဝေးသော မြေလွတ်မြေလပ်မြေရိုင်းကို ၂၀၁၄ ခုနှစ်ခန့်က ခရိုင်မြို့သစ်မြေနေရာရုံး တိတိကျကျသတ်မှတ်ခြင်း မရှိခဲ့သေးသော်လည်း ယခင်အစိုးရလက်ထက်တွင် ဌာနဆိုင်ရာရုံးအချို့နှင့် ယခုအစိုးရ လက်ထက်တွင် ဌာနဆိုင်ရာရုံးအချို့ကို တည်ဆောက်ခဲ့ကြပါတယ်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ခရိုင်ရဲတပ်ဖွဲ့ရုံး၊ ခရိုင်လမ်းဦးစီးရုံး၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံးနှင့် ခရိုင်စီမံကိန်းရုံး၊ ခရိုင်မီးသတ်ရုံးများကို မြေပေးအမိန့်ဖြင့် ရုံးများတည်ဆောက်ထားခဲ့ကြပါတယ်။ ယနေ့အချိန်ထိ လုံခြုံရေးမကောင်းခြင်း၊ ခရိုင်မြို့သစ်မြေနေရာ သတ်မှတ်ပေးနိုင်ရေး ပြည်ထောင်စုအဆင့်သို့ တင်ပြနေရခြင်းစသည့် အခြေအနေများသည် လက်ရှိမြေပြင်တွင် ဖြစ်နေသော အခြေအနေမှန်များပင် ဖြစ်ပါတယ်။ နိုင်ငံတော်မှ ယင်းခရိုင်ရုံးများတည်ဆောက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံငွေ ပမာဏမှာ ကျပ်သန်းပေါင်း (၂၀,၀၀၀)ကျော်ခန့် ရှိသည်ဟုလည်း လေ့လာသိရှိရပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးပါရှင်။ ဒါကလည်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ပျက်စီးနေတဲ့ မှန်ကွဲစတွေနဲ့ မှန်တံခါးပျက်တွေပါ။ ဒါကတော့ တောတွေနဲ့ ဖုံးလွှမ်းနေတဲ့စကြံန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးပါရှင်။ ဒါကလည်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးမှာရှိနေတဲ့ လျှပ်စစ်ပစ္စည်းတွေကအစ ပျက်စီးနေတဲ့ မြင်ကွင်းတွေပါရှင်။ ဒါလည်း ခြံနွယ်ပိတ်ပေါင်းတွေ ကြားထဲမှာရှိနေတဲ့ ရုံးအဆောက်အအုံတွေ ဖြစ်ပါတယ်ရှင်။ ဒါကလည်း နဂျိကောင်တွေနဲ့ဖြစ်နေတဲ့ ရုံးရဲ့အခြေအနေပါရှင်။ ဒါလည်း ပျက်စီးနေတဲ့ လျှပ်စစ်မီးကြိုး တွေပါပဲရှင်။ ဒါလည်းအထက်မျက်နှာကြက် ပျက်စီးနေတာတွေရယ်၊ နောက်ပြီးတော့ နဂျိကောင်အုံသိုက်တွေ ဖြစ်နေပါတယ်။ အက်ကြောင်းတွေ ပြေးနေတဲ့ ရုံးရဲ့ အဆောက်အအုံ ပုံတွေပါပဲရှင်။ ဒါကတော့ မိလ္လာကန်တွေမှာ ပျက်စီးဆုံးရှုံးနေတဲ့ မြင်ကွင်းပဲ ဖြစ်ပါတယ်။ ပန်ကာတွေကအစ လျှပ်စစ်မီးခလုတ်တွေ မရှိတော့တဲ့ ရုံးအဆောက်အအုံ ဖြစ်ပါတယ်။ ဒါလည်းပျက်စီးနေတဲ့ ရုံးအဆောက်အအုံတွေ ဖြစ်ပါတယ်ရှင်။ ခြံနွယ်ပိတ်ပေါင်း

တွေနဲ့ ကြားထဲမှာရှိနေတဲ့ ကျွန်မတို့ ခရိုင်ရုံးအဆောက်အအုံတွေပါ။ ဒါလည်းပျက်စီးနေတဲ့ အဆောက်အအုံပုံတွေပါ။ မူးယစ်ဆေးဝါးသုံးစွဲပြီးတော့မှ ကြွင်းကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေပါပဲ။ ဒါကတော့ ခရိုင်တရားရုံးပါ။ ပျက်စီးနေတဲ့ မှန်ကွဲတွေပါပဲရှင်။ ဒါလည်းပျက်စီးနေတဲ့ ခရိုင်တရားရုံးရဲ့ မြင်ကွင်းဖြစ်ပါတယ်ရှင်။ ဒါလည်းပျက်စီးနေတဲ့ ရုံးအဆောက်အအုံပုံတွေ ဖြစ်ပါတယ်ရှင်။ ဒါကတော့ ပစ်စလက်ခတ်ဖြစ်နေတဲ့ ခရိုင်တရားရုံးရဲ့ အဆောက်အဦအတွင်းထဲက ပုံတွေဖြစ်ပါတယ်ရှင်။ ဒါကတော့ ရုံးခန်းအတွင်းထဲမှာရှိနေတဲ့ စာကြည့်တိုက်ရဲ့ အခြေအနေပါပဲရှင်။ ဒါကတော့ ခရိုင်ရဲတပ်ဖွဲ့ရုံး ဖြစ်ပါတယ်ရှင်။ ဒါကြီးလည်း အပြင်မှာရော အထဲမှာရော ပျက်စီးနေကြတာပါရှင်။ ဒါကတော့ ခရိုင်မီးသတ်ရုံးပါ။ ဒီခရိုင်မီးသတ်ရုံးကတော့ ဝန်ထမ်းတွေနေတာဖြစ်တဲ့အတွက် ပျက်စီးမှုမရှိပါဘူး။ ခရိုင်လမ်းဦးစီးရုံးကလည်း အစောင့်ရှိတဲ့အတွက်ကြောင့် ပျက်စီးမှုမရှိပါဘူး။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယခုအချိန်မှာ အဲ့ဒီအဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းမှုများကြောင့် ပျက်ဆီးဆုံးရှုံးမှုတွေ တွေ့မြင်ခဲ့ရတာ ဖြစ်ပါတယ်ရှင်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်များ အလဟဿဆုံးရှုံးမှုများ မဖြစ်စေရန်ရည်ရွယ်၍-

(၁) အဆောက်အဦများကို ယခုထက်ပိုမိုပျက်စီးမှုမရှိအောင် ဆက်လက်ထိန်းသိမ်းရေး မည်သို့စီမံဆောင်ရွက်ထားရှိပါသလဲ၊

(၂) ၎င်းခရိုင်ရုံးများတွင် ခရိုင်အဆင့်ဌာနဆိုင်ရာများ သွားရောက်ရုံးတက်တာဝန်ထမ်းဆောင်နိုင်ရေးနှင့် ဝန်ထမ်းများ၏ လုံခြုံရေးကို မည်သို့စီမံဆောင်ရွက်ထားပါသလဲ၊

(၃) ခရိုင်မြို့သစ် စီမံကိန်းကိစ္စနှင့်ပတ်သက်၍ လျာထားဆောင်ရွက်မှုအခြေအနေ မည်သို့ရှိသည်ကို သိရှိလိုပါကြောင်း။

ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီးတော့မှ ပြည်သူလူထုတွေသိရှိဖို့ရန်အတွက် ဘယ်လိုစီမံဆောင်ရွက်ထားသလဲဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် လူ့အခွင့်အရေးကြေညာစာတမ်းကို သက်ဝင်ယုံကြည်စွာဖြင့်လက်မှတ်ထိုးကာ လိုက်နာဆောင်ရွက်နေပါတယ်ရှင်။ မြို့နယ်အချို့မှာ လူ့အခွင့်အရေး ကြေညာစာတမ်း

အပိုဒ်(၅)ဖြစ်သည့် မည်သူ့ကိုမျှ ညှင်းပန်းနှိပ်စက်ခြင်း(သို့မဟုတ်) ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း (သို့မဟုတ်) အပြစ်ဒဏ်ပေးခြင်း မပြုရဟု ဖော်ပြထားသော်လည်း လိုက်နာမှုမရှိဘဲ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များ မကြာခဏဖြစ်ပေါ်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒါလည်း Power Point နှင့် တင်ပြခွင့်ပြုပါရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒါကတော့ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များထဲမှ ကျွန်မယူထားတဲ့ မှတ်တမ်းတစ်ခုပါရှင်။ ဒါကြောင့်မို့ အဲ့လိုဖြစ်စဉ်တွေမဖြစ်ပေါ်စေရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန်၊ ပြည်သူလူထုများသိရှိစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၁၂)ကိုတစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း မေးမြန်းလာသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ ပထမမေးခွန်းဖြစ်တဲ့ မိုးမိတ်မြို့၏ အရှေ့ဘက် (၂)မိုင်ခန့်တွင် တည်ဆောက်ထားသော ခရိုင်ရုံးအဆောက်အအုံများနှင့် ခရိုင်မြို့သစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းသော မြို့ကွက်သစ်နေရာတွင် ခရိုင်အဆင့်ဌာနဆိုင်ရာရုံးများဖြစ်သော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၊ ခရိုင်လမ်းဦးစီးဌာနရုံးများ၏ အဆောက်အအုံများ ဆောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ၎င်းအဆောက်အအုံများ ရေရှည်တည်တံ့ရေးနှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ရုံးဌာနအလိုက် ဝန်ထမ်းများအား အလှည့်ကျတာဝန်ခွဲဝေ၍ စစ်ဆေးကြပ်မတ်စောင့်ရှောက်စေခြင်း

များဆောင်ရွက်စေလျက်ရှိပါတယ်။ အဆောက်အဦများ မီးဘေးလုံခြုံရေးအတွက် နွေရာသီကာလမှာ မီးတားလမ်းများပြုလုပ်ခြင်း၊ မိုးရာသီမှာ ခြုံနွယ်များ ရှင်းလင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ခံသီးပင်၊ စားပင်၊ အရိပ်ရပင်တို့ကိုလည်း ရုံးဌာနများအလိုက် စိုက်ပျိုးထားရှိခြင်းဖြင့် အဆောက်အဦတွေကို ထိန်းသိမ်းစောင့်ရှောက်၍ နွေရာသီတွင် မီးတားလမ်းဖောက်လုပ်ခြင်း၊ မိုးရာသီတွင် ခြုံ၊ နွယ်များကို ခရိုင်ရုံးဌာနအလိုက် ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။

မိုးမိတ်ခရိုင် မြို့ကွက်သစ်တိုးချဲ့မည့်အနီးနေရာ ဝန်းကျင်ရှိတဲ့ ကျေးရွာတွေမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လက်နက်ကိုင်သောင်းကျန်းသူများမှ လူသစ်စုဆောင်းခြင်း၊ ကျေးရွာနေပြည်သူများအား ဖမ်းဆီးခေါ်ဆောင်မှု (၂၃)ကြိမ်၊ တပ်မတော်နှင့် လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့ထိတွေ့မှု (၆)ကြိမ်၊ လက်နက်ကိုင်သောင်းကျန်းသူများမှ ဆက်ကြေးကောက်ခံခြင်း၊ မိုင်းထောင်ပေါက်ကွဲမှု(၄)ကြိမ် ဖြစ်ပွားခဲ့ပြီး မြို့ကွက်သစ် အနီးနေရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ရံဖန်ရံခါ လှုပ်ရှားသွားလာလျက်ရှိနေသဖြင့် လုံခြုံရေးကောင်းမွန်မှုမရှိခြင်းကြောင့် ခရိုင်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများမှ လတ်တလောသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသေးပါ။

ခရိုင်မြို့ကွက်သစ်စီမံကိန်းမှာ ယာမြေ(၂၀၈)ဧကနှင့် တောရိုင်းမြေ (၁၂၅)ဧကတို့ ပါဝင်ပြီး မြို့ကွက်သစ်တိုးချဲ့ဖော်ဆောင်ရာမှာ စနစ်တကျဖြစ်စေရေးအတွက် ယာမြေ (၂၀၈) ဧကအား ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ဆောင်ရွက်လျက်ရှိပြီး တောရိုင်းမြေ (၁၂၅)ဧကအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပြီးပါက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေးဆွဲထားသည့် Town Plan ဖြင့် ဆက်လက်စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန်၊ ပြည်သူလူထုများသိရှိစေရန်အတွက် စီမံဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် NGO/ INGO များ၊ သတင်းမီဒီယာများ၊ ပြည်သူများပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် လူ့အခွင့်အရေးကော်မရှင်အဖွဲ့များဖြင့် စောင့်ကြည့်ကာကွယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၅)ပါအတိုင်း ပြစ်မှုကျူးလွန်သူ ဒုစရိုက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ဥပဒေမဲ့ညှင်းပန်း

နှိပ်စက်ခြင်း၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်းများ မပြုလုပ်စေရေး ဌာနဆိုင်ရာများသို့ ညွှန်ကြားချက်များ၊ ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

လူအခွင့်အရေး ချိုးဖောက်ခံရသော ပြည်သူများအနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များသို့ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ ပြည်သူများမှ လူ့အခွင့်အရေးကို လေးစားလိုက်နာရန်အတွက် လစဉ် ကျင်းပပြုလုပ်လျက်ရှိသည့် မှုခင်းကျဆင်းရေး ဟောပြောပွဲများ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဟောပြောပွဲများမှတစ်ဆင့် အသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဥက္ကဋ္ဌကြီးရှင် တစ်ဆက်တစ်စပ်တည်းမေးခွန်းလေးကို မေးချင်ပါသေးတယ်ရှင်။ ဝန်ကြီးဖြေသွားခဲ့တာတွေက ထိန်းသိမ်းစောင့်ရှောက်မှုတွေရှိတယ်လို့ ဖြေသွားခဲ့ပါတယ်ရှင်။ ကျွန်မကိုယ်တိုင် အခဲ့ဒီခရိုင်မြို့သစ်မြေနေရာကိုသွားကြည့်ပြီးတော့မှ အခုလိုမှတ်တမ်းဓာတ်ပုံတွေရယူခဲ့တာ ဖြစ်ပါတယ်ရှင်။ အခဲ့ဒါကြောင့်မို့ ကျွန်မတွေ့ရှိချက်ကတော့ ဒီခရိုင်မြို့သစ်မှာရှိနေတဲ့ ခရိုင်ရုံးအဆောက်အအုံတွေနဲ့ပတ်သက်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုမရှိလို့ ဒီလိုဖြစ်ရတယ်လို့ ကျွန်မအနေနဲ့ မြင်ပါတယ်ရှင်။ လက်တွေ့ကျကျ ထိန်းသိမ်းစောင့်ရှောက်မှုလိုလို့ ကျွန်မအနေဖြင့်လွတ်တော်မှာ ဒီလိုမေးခွန်းကို မေးရတာပါ။ အခဲ့ဒါကို ဘယ်လိုဆက်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်မလဲ ဆိုတာကိုပဲ သိချင်တာပါရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးအနေနဲ့ ဖြေကြားနိုင်ပါက ဆက်လက်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ စိစစ်ပြီးတော့ စာဖြင့်ပြန်တင်ပေးပါမယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် အစိုးရအဖွဲ့နှင့်ဆက်သွယ်ပြီးတော့မှ သီးခြားမေးမြန်းစေလိုပါတယ်။ ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစင်အောင်မြတ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ကျိုင်းတောင်းမြို့မှာရှိတဲ့ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်ပြီးတော့မှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဟာ ရှမ်းပြည်နယ်၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက်(၁၄)မိုင်အကွာ နမ့်တိန်ချောင်းပေါ်မှာ တည်ရှိတာ ဖြစ်ပါတယ်။

အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို စီမံကိန်းမှ ထွက်ရှိလာမည့် ဓာတ်အားကို နိုင်ငံတော်ဓာတ်အား ကွန်ယက်မှတစ်ဆင့် ဖြန့်ဖြူးပေးရန်နှင့် တည်ဆောက်ပြီး ကျိုင်းတောင်းစက်ရုံမှ ရေကူပေးရန် စသည့် ရည်ရွယ်ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အောက်မှာရှိတဲ့ ကျိုင်းတောင်းရေအားလျှပ်စစ်ကတော့ လည်ပတ်နေပြီ ဖြစ်ပါတယ်။

စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်လို့ကတော့ ဖော်ပြပါအတိုင်း ချောင်းရဲ့အမည်ကတော့ နမ့်တိန်ချောင်းပေါ်မှာ တည်ဆောက်တာ ဖြစ်ပါတယ်။ အဲ့ဒီဒေသရဲ့ နှစ်စဉ်ပျှမ်းမျှမိုးရေချိန်ဟာ ၅၅ လက်မရှိပါတယ်။ တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံ (ဇုန်အမျိုးအစား)ဖြစ်ပြီးတော့ တမံအလျား ၁၄၅၀ ပေ၊ တမံအမြင့်ကတော့ ၁၈၇ ပေ မြင့်တာ ဖြစ်ပါတယ်။ ရေပိုလွှဲအကျယ်ကတော့ ၅၇၄ ပေလောက်ရှိပြီးတော့ ဖိအားမြင့်ပိုက်လိုင်းမှာတော့ အချင်း ၂၆ ပေ၊ အရှည် ၃၇၆.၅ ပေရှိ လိုင်း ၂ လိုင်းနှင့် အချင်း ၂၆ ပေ၊ အရှည် ၃၅၄ ပေရှိတဲ့ ၁ လိုင်း (၃)လိုင်းသုံးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲ့ဒီမှာသုံးစွဲမည့် တာဘိုင်အမျိုးအစားကတော့ ဒေါင်လိုက်ဖရန်စစ်တာဘိုင် ဖြစ်ပြီးတော့မှ တပ်ဆင်စက်အင်အားကတော့ ၅၁ မဂ္ဂါဝပ် ဖြစ်ပါတယ်။ ၁၇ မဂ္ဂါဝပ် ၃ လုံး ဖြစ်ပါတယ်။ စီမံကိန်းစတင်သည့် နှစ်ကတော့ ၂၀၀၈ – ၂၀၀၉ ဘဏ္ဍာရေးနှစ် ဖြစ်ပါတယ်။ ကျွန်တော်တို့ တွက်မည်ဆိုရင်တော့ (၁၂)နှစ်လောက်ရှိပြီ ဖြစ်ပါတယ်။ စီမံကိန်းပြီးစီးမည့်နှစ်ကတော့ ၂၀၁၇- ၂၀၁၈ ဆိုပြီး ရည်မှန်းခဲ့တာ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ စီမံကိန်းနှင့် ပတ်သက်တဲ့ မှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ ချဉ်းကပ်လမ်းအခြေအနေ၊ နောက်တစ်ခါ စီမံကိန်းနှင့်ပတ်သက်တဲ့ မြေဖြတ်တဲ့ကိစ္စတွေ၊ ဆည်တည်ဆောက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။

အဆိုပါ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဟာ ၂၃.၃.၂၀၀၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ၁/ ၂၀၀၇ ကြိမ်မြောက် အစည်းအဝေးကနေပြီးတော့ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့စီမံကိန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဟာ လျှပ်စစ်ဓာတ်အား ၅၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မှာဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်နှင့် လင်းခေး ခရိုင်အတွင်းမှာရှိ မြို့နယ်များရဲ့ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုနိုင်မည့်အပြင် စီမံကိန်းမှ ရရှိသောဓာတ်အားကို ယခုဆောင်ရွက်နေတဲ့ နမ့်စန်- မိုင်းပျဉ်း- ကျိုင်းတုံ ၂၃၀ ကီလိုဗို့ဓာတ်အားလိုင်းနှင့်လည်း ဆက်သွယ်ဖြန့်ဖြူးနိုင်မှာဖြစ်တဲ့ အတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းမှာရှိတဲ့ မြို့နယ်များကို National Grid နိုင်ငံတော် ဓာတ်အားစနစ်ရောက်ရှိပြီးတော့ လျှပ်စစ်မီးရရှိစေနိုင်မည့်စီမံကိန်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါစီမံကိန်းရဲ့ နောက်ဆုံးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘဏ္ဍာငွေ ရရှိမှုအခြေအနေ၊ မည်သည့်အချိန်ကာလမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် အခြေအနေတွေကို သိရှိလိုတဲ့အတွက် ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ- ၉၈၊ ၉၉၊ ၁၀၅ အရ မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိတစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းရဲနိတစ်လုံ ဖြစ်ပါတယ်။ အခုကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက် ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဟာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့ရဲ့ အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာမှာ နမ့်တိန်ချောင်းပေါ်မှာရှိပြီးတော့ ၂၃-၃-၂၀၀၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ (၁/၂၀၀၇)ကြိမ်မြောက်အစည်းအဝေး ခွင့်ပြုချက်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့ စီမံကိန်းတစ်ခုဖြစ်ပြီးတော့ လျှပ်စစ်ဓာတ်အား (၅၁) မဂ္ဂါဝပ် ထုတ်လုပ်နိုင်မှာဖြစ်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်နှင့် လင်းခေး ခရိုင်အတွင်းရှိ မြို့နယ်များနှင့်တကွ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုနိုင်မည့်အပြင် စီမံကိန်းမှထွက်ရှိသော ဓာတ်အားကို နမ့်စန်- မိုင်းပျဉ်း- ကျိုင်းတုံ (၂၃၀)ကီလိုဗို့ ဓာတ်အားလိုင်းတို့နှင့် ဆက်သွယ်ဖြန့်ဖြူးနိုင်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်များလည်း လျှပ်စစ်မီးရရှိသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အနေနဲ့ စီမံကိန်းကို အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ စီမံကိန်းအကောင်အထည်ဖော်တဲ့နေရာမှာ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကြီး (၁၁) ခုရှိတဲ့နေရာမှာ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်မှာ ပြီးစီးခဲ့မှုရာခိုင်နှုန်းနှင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်မှာ ပြီးစီးနိုင်မည့် ခန့်မှန်းရာခိုင်နှုန်းများကို ပူးတွဲပါ(က)နှင့် တင်ပြ သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေရရှိမှုအခြေအနေ ပူးတွဲပါဇယားနှင့် တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေများတောင်းခံရာမှာ ဌာနမှဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏအတွက် လုံလောက်သော ရန်ပုံငွေပမာဏ ရရှိခဲ့ပါတယ်။ စီမံကိန်းမှာ တပ်ဆင်ရမည့် နိုင်ငံခြား စက်ပစ္စည်းများ အချိန်မီရောက်ရှိလာမည်ဆိုလျှင် ကျွန်တော်တို့ စီမံကိန်းကို ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ အပြီးအစီးဆောင်ရွက်နိုင်မှာဖြစ်ပြီးတော့ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီးတော့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ပူးတွဲပါဇယားအနေနဲ့ ကျွန်တော်အနည်းငယ်ရှင်းပြသွားမှာ ဖြစ်ပါတယ်။

ပူးတွဲပါဇယား(က)မှာဆိုလျှင် ကျွန်တော်တို့ ကြိုတင်ပြင်ဆင်တဲ့လုပ်ငန်းမှာ ၂၀၁၈-၂၀၁၉ ပြီးစီးမှုက ၉.၇ %၊ ၂၀၁၉- ၂၀၂၀ မှာဆိုလျှင် ၉.၈၈% ထပ်မံပြီးစီးလာမှာ ဖြစ်ပါတယ်။ ရေလွှဲရေထုတ်ပြွန်လုပ်ငန်းမှာဆိုလျှင် ၂၀၁၈-၂၀၁၉ မှာ ၁၅.၂ % ပြီးစီးမှာ ဖြစ်ပြီးတော့ ပင်မ တံမံလုပ်ငန်းမှာ ၂၀၁၉-၂၀၂၀ မှာဆိုလျှင် ၁၂.၀၉၄% အထိပြီးစီးသွားမှာ ဖြစ်ပါတယ်။ ရေပို လွှဲလုပ်ငန်းကို ၂၀၁၉-၂၀၂၀ မှာဆိုလျှင် ၉.၁၆ % ပြီးစီးမှာ ဖြစ်ပြီးတော့ ရေယူအဆောက်အအုံ

လုပ်ငန်းမှာ ၁.၈၈၆% အထိပြီးစီးလာမှာ ဖြစ်ပါတယ်။ ရေထိန်းတံခါးပြွန်လုပ်ငန်းအနေနဲ့ ဆိုလျှင် ၃.၃၁% ပြီးစီးလာမှာ ဖြစ်ပြီးတော့ ရေသွယ်ဥမင်လိုဏ်လုပ်ငန်းကို ၈.၀၁% အထိ ပြီးစီးမှာ ဖြစ်ပါတယ်။ ဖိအားမြင့် သံမဏိပိုက်လိုင်းလုပ်ငန်းဆိုလျှင် ၂၀၁၉-၂၀၂၀ မှာ ၀.၅၉% ပြီးစီးလာမှာ ဖြစ်ပြီးတော့ ဓာတ်အားပေးစက်ရုံလုပ်ငန်းအနေနဲ့ ၂၀၁၉-၂၀၂၀ ဆိုလျှင် ၁.၄၅% အထိပြီးစီးလာမှာ ဖြစ်ပါတယ်။ နောက်ဆုံး ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းလုပ်ငန်းမှာဆိုလျှင် ဒီနှစ် ၂၀၁၉-၂၀၂၀ မှာဆိုလျှင် ၀.၅၅%အထိပြီးစီးလာမှာ ဖြစ်ပြီးတော့ စုစုပေါင်းပြီးစီးမှုရာခိုင်နှုန်းအနေနဲ့ ၂၀၁၉-၂၀၂၀ မှာဆိုလျှင် ၆၂.၁၃% ပြီးစီးလာမှာ ဖြစ်ပါတယ်ခင်ဗျား။

ပူးတွဲပါ(ခ)ဇယားအနေနဲ့ တင်ပြရမည်ဆိုလျှင် စီမံကိန်းခန့်မှန်းကုန်ကျငွေမှာဆိုလျှင် ကျပ်သန်းပေါင်း ၂၁၄,၆၇၆.၅၆၅ သန်းရှိပါတယ်။ စီမံကိန်းကနေစတင်အကောင်အထည်ဖော်တဲ့ ၂၀၁၈-၂၀၁၉ အထိ သုံးစွဲပြီးရန်ပုံငွေမှာ ဆိုလျှင် ၇၈,၁၉၁.၉၇၃ သန်းဖြစ်ပြီး လက်ကျန်ရန်ပုံငွေအနေနဲ့ စီမံကိန်းပြီးစီးမှုရာခိုင်နှုန်းအနေနဲ့ ပြောရမည်ဆိုလျှင် ၁၃၆,၄၈၄.၅၉၂ ကျပ်သန်း ဖြစ်ပါတယ်။ ရာခိုင်နှုန်းကတော့ ၅၀.၈၃% အထိရှိလာမှာ ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ် ငွေလုံးငွေရင်းရန်ပုံငွေ တောင်းခံရမှုအပေါ်မှာဆိုလျှင် ပြည်တွင်းငွေအနေနဲ့ ၄၇,၆၆၇.၁၁၅ ကျပ်သန်းပေါင်းရှိပြီးတော့ ချေးငွေအနေနဲ့ မရှိပါဘူး။ စုစုပေါင်းအနေနဲ့ ကုန်ကျမည့်ငွေလောလောဆယ်ကရရှိလာတဲ့ ဘတ်ဂျက်က ၄၇,၆၆၇.၁၁၅ သန်းဖြစ်ပါတယ်။ စီမံကိန်းလောလောဆယ်ပြီးစီးမည့်ရာခိုင်နှုန်းမှာဆိုလျှင် ၂၀၁၉-၂၀၂၀ ခုနှစ်မှာ (၆၂.၁၃ %) အထိပြီးစီးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ ဒီနေရာမှာ ပူးတွဲပါဇယား(က)နှင့် (ခ)ဆိုပြီးတော့မှ တင်ပြတဲ့နေရာမှာ ဒီဇယားကို ကျွန်တော်တို့ Power Point အနေနဲ့ ဖြည့်စွက်ပြီးတော့မှ တင်ပြနိုင်မည်ဆိုလျှင် ပိုပြီးတော့ရှင်းလင်းမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်တော်များအားလုံး၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာ၊ ကျန်းမာကြစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မှ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျောက်မဲမြို့နယ် ပုဂ္ဂလိကအမှိုက်သိမ်းစနစ် စတင်ဆောင်ရွက်နိုင်ဖို့

ဆောလျင်စွာခွင့်ပြုပေးရန်နှင့်ပတ်သက်ပြီးတော့မှ ပြည်နယ်အစိုးရကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ် မြို့ပေါ်ရပ်ကွက်များမှာ အမှိုက်သိမ်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဌာနကပဲ လက်ရှိဆောင်ရွက်နေပါတယ်။ စည်ပင်သာယာရေးဌာနက ဆောင်ရွက်နိုင်တဲ့ အနေအထား၊ အမှိုက်သယ်ယာဉ်၊ ဝန်ထမ်းအနေအထားနဲ့ဆိုလျှင် ထွက်ရှိတဲ့အမှိုက်နှင့်ဆိုလျှင် ဘယ်လိုမှမနိုင်မနင်း ဆောင်ရွက်နေရတဲ့ အနေအထား ဖြစ်ပါတယ်။ ဒီလိုမျိုးအနေအထားဟာ နှစ်စဉ်ဖြစ်ပေါ်လာတဲ့ အနေအထားများ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျောက်မဲမြို့ ပုဂ္ဂလိကအမှိုက်သိမ်းစနစ်စတင်ဆောင်ရွက်နိုင်ဖို့ ကြိုးစားဆောင်ရွက်လာတာဆိုလျှင် ကျွန်တော်တို့ ဒီလွှတ်တော်သက်တမ်းမှာဆိုလျှင်(၃)နှစ်လောက် ကြာမြင့်ပြီ ဖြစ်ပါတယ်။ ဘာကြောင့်ဒီလိုကြာမြင့်လဲဆိုတော့ ကျွန်တော်တို့ ဆောင်ရွက်ချင် တဲ့ကုမ္ပဏီလဲရှိပါတယ်။ ကွတ်ခိုင်မှာဆောင်ရွက်နေတဲ့ Green Hope Company ကပဲ ဆောင်ရွက်မည်လို့ ပြောတယ်။ အဲ့လိုကြောင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနကို ပြန်ဆက်သွယ်ကြည့်တဲ့ အချိန်ကျတော့ Proposal တင်ပြီးတော့မှ လျှောက်လာကြပါဆိုတော့ Proposal တင်ပြီးတော့လျှောက်လာတယ်။ ပြည်နယ်ရောက်တဲ့ အချိန်ကျတော့ မဟုတ်ဘူး။ (၁/ ၂၀၁၇)နှင့် တင်ဒါခေါ်ရမည်ဆိုပြီးတော့ အဲ့လိုပြန်ပြောပါတယ်။ အဲ့ဆိုတော့ မြို့နယ်မှာ တင်ဒါလုပ်ငန်းတွေ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြန်လုပ်ကြတယ်။ ပြန်လုပ်ကြပြီးတော့မှ Green Hope Company ကပဲ သူ့ရဲ့လုပ်ငန်းတင်ဒါအောင်မြင်ပြီးသား ဖြစ်ပါတယ်။ အဲ့ဒါကို အတည်ပြုပေးနိုင်ဖို့ ပြည်နယ်အစိုးရကို တင်ပြနေသည့်နေရာမှာ အခုအချိန်ထိ ပြန်မကျတာ တစ်နှစ်လောက်ရှိပါပြီ။ ဒါကြောင့်မို့ ကျွန်တော်က ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မလို့ ကျောက်မဲမြို့နယ် ပုဂ္ဂလိက အမှိုက်သိမ်းစနစ် စတင်ဆောင်ရွက်နိုင်ဖို့ ဆောလျင်စွာခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး

ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျောက်မဲမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်မှာရှိတဲ့ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်လျက်ရှိသော အမှိုက်သယ်ယာဉ်၊ ဝန်ထမ်းများနှင့်ထွက်ရှိသော အမှိုက်များ မနိုင်မနင်းဖြစ်တာကြောင့် Green Hope Companyမှ မြို့နယ်စည်ပင်သာယာရေးကော်မတီ တင်ဒါအောင်မြင်ထားပြီး ပုဂ္ဂလိကအမှိုက်သိမ်းစနစ် စတင်ဆောင်ရွက်ရန် ပြည်နယ်အစိုးရသို့ တင်ထားခြင်းအားဆောလျင်စွာ ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိလိုခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းတင်ပြလိုပါတယ်။

ကျောက်မဲမြို့၊ ပုဂ္ဂလိက အမှိုက်သိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းအား Green Hope မှ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာမှုနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်အရ(၁/၂၀၁၇)နှင့်အညီ နိုင်ငံတော်ပိုင်သတင်းစာများတွင် (၅-၄-၂၀၁၉)ရက်နေ့တွင် တင်ဒါကြော်ငြာခေါ်ယူ၍ ဆောင်ရွက်ခဲ့ပါတယ်။ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ခြင်းအခမ်းအနားကို (၁၆-၅-၂၀၁၉)ရက်နေ့တွင် ကျင်းပခဲ့ရာ Green Hope Company တစ်ခုမှ တင်ဒါတင်သွင်းလာသဖြင့် (၂၀-၆-၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂- ၆/၂၀၁၉) ဆုံးဖြတ်ချက်အရ ၅(၁-လ) အရ မှတ်တမ်းတင်ထားရှိကြောင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တင်ဒါအောင်မြင်သူ Green Hope Company နှင့် ကျောက်မဲမြို့နယ်စည်ပင်သာယာရေးကော်မတီတို့အကြား ချုပ်ဆိုမည့် လုပ်ငန်းသဘောတူစာချုပ်အား ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၏ ဥပဒေပိုင်းဆိုင်ရာ အကြံပြုချက်များနှင့်အညီ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိနေပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး ဘဝနှင့်ဆန္ဒတစ်ထပ်တည်းကျပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်

နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ သိန္နီမြို့အထွက် Oriental Highway Company Toll Gate အနီးမှာရှိတဲ့ အဖွဲ့အစည်းတွေနှင့်ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သိန္နီမြို့ဟာ လားရှိုး-မူဆယ်နှင့် လားရှိုး-ကွမ်းလုံ လမ်းမကြီးပေါ်မှာ တည်ရှိတဲ့ လမ်းဆုံမြို့ ဖြစ်ပါတယ်။ O.H.C Toll Gate ကလဲ ကွမ်းလုံအထွက်နှင့် ကွတ်ခိုင်မြို့အထွက်(၂)နေရာထားရှိပါတယ်။ ကွမ်းလုံမြို့အထွက် Toll Gate အနေနှင့် ယာဉ်အသွားအလာဟာ ကွတ်ခိုင်မြို့အထွက် Toll Gate လောက် အရေအတွက် နည်းပါးသောကြောင့်လည်းကောင်း၊ ကန့်သတ်ကုန်တင်သည့်ယာဉ်များ ဖြတ်သန်းမှုနည်းပါးခြင်းကြောင့်လည်းကောင်း အဲ့ဒီ Toll Gate အနီးမှာတော့ ပိုက်ဆံတောင်းသည့် အဖွဲ့အစည်းများစောင့်ဆိုင်းခြင်း မရှိပါဘူး။

ဒါပေမယ့် ကွတ်ခိုင်အထွက် Toll Gate မှာ ကန့်သတ်ကုန်တင်သည့် ယာဉ်အမျိုးမျိုးဟာ နေ့စဉ်နှင့်အမျှ အများအပြားဖြတ်သန်းသွားလာနေခြင်းကြောင့် အဲ့ဒီ Toll Gate ကိုအမှီပြုပြီးတော့မှ အဲ့ဒီ Toll Gate အနီးအနားမှာပဲ တဲများဆောက်လုပ်ပြီးတော့ ပိုက်ဆံတောင်းနေသည့်အဖွဲ့အစည်းတွေ ရှိပါတယ်။ အဲ့ဒီအဖွဲ့အစည်းဟာဆိုလျှင် ကျွန်မတို့ သိန္နီမြို့မှာလဲ ရုံးစိုက်ခြင်းမရှိဘူး၊ သိန္နီမြို့အတွက်လဲ ဘာအထောက်အကူမျှ မပေးဘဲနဲ့ ဖြတ်သန်းသွားလာသည့်မော်တော်ယာဉ်များကိုသာ ပိုက်ဆံတောင်းနေတဲ့အတွက်ကြောင့် ကျွန်မ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းကိုမမေးခင် ကျွန်မခရိုင်ရဲမှူးနှင့်လည်း ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ပါတယ်။ Mobile အဖြစ်သာဆောင်ရွက်တယ်လို့ ကျွန်မကို ဖြေကြားခဲ့ပါတယ်။ ကျွန်မနားလည်တဲ့ Mobile ဟာ ခဏတဖြုတ် ရွှေ့လျားအနေနဲ့ပဲ ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ကျွန်မနားလည်ထားပါတယ်။ ဒါပေမယ့် အဲ့ဒီ Toll Gate အနီးမှာအချိန်ပြည့်ထိုင်နေပြီးတော့မှ ပိုက်ဆံတောင်းနေတာကတော့ ပြည်နယ်ဒုစရိုက်နှိမ်နင်းရေးနှင့် ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ ဖြစ်ပါတယ်။ စစစ/ CID နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့တွေကလည်း အလှည့်ကျ လူလွှတ်ပြီးတော့ လာစောင့်ပြီးတော့မှ ငွေတောင်းနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point သုံးခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ဒါကတော့ ကားငယ်လေးတွေကို တားပြီးတော့မှ သူတို့ဂိတ်ထဲကို၊ တဲထဲကို ခေါ်ပြီးတော့မှ ညှိနေခြင်းဖြစ်ပါတယ်။ ဒါကတော့ ပြည်နယ်(ဒန)ကနေ ကားနားသွားပြီးတော့မှ ပိုက်ဆံတောင်းနေခြင်း ဖြစ်ပါတယ်။ ယူနီဖောင်း မဝတ်ပါဘူး။ အဲ့ဒါပိုက်ဆံယူနေတဲ့ပုံပါရှင်။ ဒါက

လည်း အနီးကပ်ရိုက်ထားတာမဟုတ်ပါဘူး။ ခိုးကြောင်ခိုးဝှက်ရိုက်ထားတဲ့အတွက်ကြောင့် ထင်ရှားမှုမရှိပါဘူးရှင်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့် ကျွန်မသိရှိလိုတာက ပြည်နယ်ဒနရဲတွေဟာ မည်သူရဲ့ ခွင့်ပြုချက်ဖြင့် အဲ့ဒီ သိန္နီ Toll Gate မှာ လာစောင့်နေသလဲ။ ပြီးတော့ ခရိုင်ဒနရဲတွေကလဲ ဘယ်သူခွင့်ပြုချက်ဖြင့် လာစောင့်နေပါသလဲ။ စစစ/ CID နှင့် လူကုန်တားအဖွဲ့တွေကလဲ ဘယ်သူရဲ့ ခွင့်ပြုချက်ဖြင့် လာစောင့်နေပါသလဲ။ ခွင့်ပြုချက်ရရှိပြီးတော့ လာစောင့်တယ်ဆိုရင်တောင်မှ ရုံးမရှိဘဲနဲ့ ဘာကြောင့် ခွင့်ပြုရသလဲ။ တကယ်လို့ ဘယ်သူတစ်ဦးတစ်ယောက်မှ ခွင့်ပြုခြင်းမရှိဘဲ အဲ့ဒီလို မော်တော်ယာဉ်တွေကို ပိုက်ဆံတောင်းနေတယ်ဆိုလျှင် ဘယ်လိုအရေးယူမလဲ။ အရေးယူခြင်းမရှိဘူးဆိုလျှင် ဘာကြောင့်လဲဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မေးမြန်းလာသည့် သိန္နီမြို့အထွက် Oriental Highway Company Toll Gate အနီးတွင် အချိန်ပြည့်ရှိနေသည့် ပြည်နယ်ခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့များနှင့် စစစ/ CID အဖွဲ့များနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရွှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရွှမ်းပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် လားရှိုးခရိုင်၊ သိန္နီမြို့နယ်အထွက်ရှိ Oriental Highway Company Toll Gate အနီးတွင် ဓာတ်အားခွဲစက်ရုံ တည်ရှိသဖြင့် ဓာတ်အားခွဲစက်ရုံလုံခြုံရေးအတွက် သိန္နီမြို့မရဲစခန်းမှ (၁+၅) ဦးအား လုံခြုံရေးတာဝန်ချထားပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မိမိသတင်းပေးများ၏ သတင်းပေးမှုနှင့် အထက်ဌာနများ၏ ချပြသတင်းများရှိပါက Toll Gate အနီးတွင် ဓာတ်အားခွဲစက်ရုံ လုံခြုံရေး တာဝန်ကျတပ်ဖွဲ့ဝင်များနှင့် အခြားလိုအပ်သောအဖွဲ့များ ပူးပေါင်း၍ မူးယစ်ဆေးဝါးများ၊ လက်နက်ပုန်းများ၊ လူကုန်ကူးမှုများ၊ တရားမဝင်ပစ္စည်းသယ်ဆောင်မှုများအား ရှောင်တခင်ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ဖွဲ့စည်းပုံအရ မှုခင်းအကူဌာနရှိပြီး ဒုစရိုက်မှုများ စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ အပိုင်နယ်မြေအတွင်း မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ တရားမဝင်ပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှု၊ လောင်းကစားမှု၊ အကြမ်းဖက်သောင်းကျန်းမှု အစရှိသည့် ဒုစရိုက်မှုသတင်းများနှင့်ပတ်သက်၍ သတင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးရန် လိုအပ်သည့်နေရာ၊ လိုအပ်သည့်ဒေသများသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ တာဝန်ပေးချက်အရ လှုပ်ရှားအနေဖြင့် စေလွှတ်ထားရှိပြီး ရရှိသောသတင်းအပေါ်အခြေခံ၍ လိုအပ်သည့် ရဲလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ဖွဲ့စည်းပုံအရ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုရှိပြီး ခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့အပိုင်နယ်မြေအတွင်း ဒုစရိုက်မှု သတင်းများ စုံစမ်းဖော်ထုတ်ဖမ်းဆီးဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်မှုခင်းအကူဌာနစုမှ အရာရှိဦးစီး (၂)ဦးကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲ့ တာဝန်ပေးချက်အရလည်းကောင်း၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ အရာရှိဦးစီး(၃)ဦးကို ခရိုင်ရဲတပ်ဖွဲ့မှူးရဲ့တာဝန်ပေးချက်အရလည်းကောင်း သိန္နီမြို့နှင့် Highway Company Toll Gate များတွင် လှုပ်ရှားအနေဖြင့်သာ တာဝန်ပေးဆောင်ရွက်လျက်ရှိပြီး ပုံသေရုံးထိုင် တာဝန်ချထားခြင်း မရှိပါဘူး။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (စစစ)၊ မှုခင်းရဲတပ်ဖွဲ့ (CID)နှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အား သိန္နီမြို့နှင့် Highway Company Toll Gate များမှာ တာဝန်ချထားခြင်းမရှိပါဘူး။

သတင်းစုံစမ်းဖော်ထုတ်ပိတ်ဆို့ရာဖွေ ဖမ်းဆီးခြင်းဆောင်ရွက်နေရသည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်အရသာ ညွှန်ကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များထဲမှ ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်းများ ခွင့်မပြုပါကြောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ ငွေကြေးတောင်းခံ/ ကောက်ခံခြင်းများ ပြုလုပ်ကြောင်း အချက်အလက်အထောက်အထားပြည့်စုံစွာဖြင့် မည်သူမဆို တိုင်ကြားလာပါက ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရလည်းကောင်း၊ ပြဋ္ဌာန်းထားသော ဥပဒေများအရလည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လွတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ခုနကဝန်ကြီးက ကျွန်မကိုဖြေသွားပေးတာက

တာဝန်ချထားခြင်းမရှိဘူးဆို ကနေ့အထိ ဒီမနက်ထိ အခုချိန်ထိစောင့်နေပါသေးတယ်။ အဲ့ဒါကို ခိုင်လုံတဲ့အထောက်အထားဆို ကျွန်မဒီမှာလည်း ပိုက်ဆံယူနေတဲ့ အထောက်အထားပါ ပြထားပါတယ်။ အဲ့ဒါကို ဘယ်လိုအရေးယူမလဲဆိုတာကိုလည်း ကျွန်မသိရှိလိုပါတယ်။ တကယ်လို့ လုံခြုံရေးအရဆိုလည်း ကျွန်မတို့မြို့နယ်မှာ စရဖတွေ၊ SP တွေ၊ ရဲတွေရှိပါတယ်။ သတင်းအရဆိုရင်လည်း မူးယစ်တွေလည်း အမြဲတမ်းလာစောင့်ပါတယ်။ ဒါကျတော့ ဘာအလုပ်မှ မလုပ်ဘဲနဲ့ Toll Gate မှာ ဒါလေးပဲ ထိုင်စောင့်နေတာကို အရေးယူဖို့ ဆက်ပြီးတော့မှ ဘယ်လိုဆောင်ရွက်မလဲဆိုတာကို သိလိုတဲ့အတွက်ကြောင့် ပြန်ပြီးတော့မှ မေးရခြင်း ဖြစ်ပါတယ်။ လေးစားပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်စပ်မေးခွန်းကို ဝန်ကြီးနှင့် တိုက်ရိုက်တွေ့ပြီးတော့မှ ဆွေးနွေးစေလိုပါတယ်။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သမိုင်းဝင် ပြည်ထောင်စုနှင့်သက်ဆိုင်သော ပင်လုံကတိကဝတ် စာချုပ် ချုပ်ဆိုရာနေရာ အထိမ်းအမှတ်ကျောက်တိုင်ပေါ်တွင် ထွင်းထုထားသော "ပြည်မ-တောင်တန်း" ပူးပေါင်းရေးစာတမ်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ရှိ သမိုင်းဝင် ပင်လုံကျောက်တိုင်ပေါ်တွင် မူလက တောင်တန်း- ပြည်မ ပူးပေါင်းရေး ကျောက်တိုင်ဟု ရေးသားခဲ့ပြီး ယခုအခါ ပြည်မ- တောင်းတန်း ပူးပေါင်းရေး ကျောက်တိုင်ဟု ရေးထွင်းခဲ့ခြင်းအပေါ် မူလအတိုင်း ပြန်လည်ပြင်ဆင်ရေးထွင်းပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်မပြမေးခွန်းကို ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးမှ ၂၀၁၉ ခုနှစ်၊ သြဂုတ်လ(၆)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀(က)၊ နည်းဥပဒေ (၁၃၆)အရ ကြယ်ပွင့်မပြ မေးခွန်းမေးမြန်းခဲ့ပါတယ်။

ယင်းမေးခွန်းအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ (၉.၈.၂၀၁၉)ရက် နေ့စွဲပါစာအမှတ်၊ (၁၄/ ၃၆၆ (၁-ပသ)/ အဖရ ၂၀၁၉)တို့ဖြင့် ပြန်လည်ဖြေကြားခဲ့ရာမှာ ၁၂.၂.၁၉၄၇ ရက်နေ့၌

ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် စားပွဲနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် (၁၂)ပေ ရှည်သော သပြေတိုင်တစ်ခုကို အထိမ်းအမှတ်တိုင်အဖြစ် စိုက်ထူခဲ့ပြီး "တောင်တန်း-ပြည်မ" ပူးပေါင်းရေးကျောက်တိုင်ဟု ရေးထိုးခဲ့ကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအရ သိရှိပါတယ်။

ပင်လုံမြို့စားကြီး ဦးစံမြင့်၏ ဦးဆောင်မှုဖြင့် (၁၅.၁.၁၉၅၁)ရက်နေ့တွင် သပြေတိုင်မှ ကျောက်တိုင်ကြီးတစ်တိုင်အဖြစ် စတင်တည်ဆောက်ခဲ့ပါတယ်။ ပြည်ထောင်စုကျောက်တိုင်မှာ လုံးပတ်(၁၄)ပေ အမြင့် (၃၁)ပေရှိပြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းလှည့်ပြောသည့် မြောက်ဘက်အရပ်သို့ မျက်နှာမူ၍ "ပြည်မ"ဟူသော စကားလုံးကို ဝိုင်းဝိုင်းလေးပုံဖော်ရေးသားပြီး အောက်တစ်တန်းတွင် "တောင်တန်းပူးပေါင်းရေးစာချုပ်ကျောက်တိုင်"ဟု ကမ္ဘည်းစာတန်းထိုးခဲ့ကြောင်း သမိုင်းအထောက်အထား ဓာတ်ပုံမှတ်တမ်းများအရ သိရှိရပါတယ်။

၁၉၇၂ ခုနှစ်တွင် ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ ကျောက်တိုင်ကို မူလမြောက်ဘက်အရပ်မှ အရှေ့ဘက်အရပ်သို့ မျက်နှာမူ၍ ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ပါတယ်။ "ပြည်မ-တောင်တန်း" ပူးပေါင်းရေးစာချုပ်ကျောက်တိုင်ဟုပင် ဆက်လက်ဖော်ပြထားကြောင်း သိရှိရပါတယ်။

"ပြည်မ- တောင်တန်း" ပူးပေါင်းရေးကျောက်တိုင်ဟု ပြန်လည်ပြင်ဆင်ရေးထိုးရန် ကိစ္စနှင့်ပတ်သက်၍ သမိုင်းဝင်မှတ်တမ်းဖြစ်သော ပင်လုံစာချုပ် အထိမ်းအမှတ်ချုပ်ဆိုရာ ကျောက်တိုင်ပေါ်တွင် မူလက ရေးထိုးခဲ့သည့်အတိုင်း "တောင်တန်း- ပြည်မ" ဟုပင်ရေးထိုးမည်ဆိုပါက သင့်လျော်ပါကြောင်းနှင့် ထိုသို့ရေးထိုးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးပေးရာရောက်မည်ဖြစ်ပါတယ်။

သို့ပါ၍ သမိုင်းဝင်ပြည်ထောင်စုနှင့်သက်ဆိုင်သော လွတ်လပ်ရေးအတွက် အရေးကြီးသော ပင်လုံကတိကဝတ်စာချုပ် ချုပ်ဆိုရာနေရာ အထိမ်းအမှတ်ကျောက်တိုင်ပေါ်တွင် "ပြည်မ- တောင်တန်း" ပူးပေါင်းရေးစာချုပ်ကျောက်တိုင်ဟု ကမ္ဘည်းမော်ကွန်းရေးထိုးထားမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားလာမှုကို ဖြေကြားပါသည်ဟု ပြည်ထောင်စုလွှတ်တော်က ပြန်လည်ဖြေကြားတာကို သိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ ဒါကတော့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် (၁၂.၂.၁၉၄၇) ခုနှစ်မှာ စိုက်ထူခဲ့တဲ့ သပြေသားကျောက်တိုင် "တောင်တန်း- ပြည်မ" ပူးပေါင်းရေးစာချုပ်ကျောက်တိုင် ပင်လုံကျောက်တိုင် ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိမှာ အဆက်ဆက်ပြင်ဆင်ခဲ့တဲ့ "ပြည်မ-

တောင်တန်း” ဆိုပြီးတော့ စာသားကို ပြောင်းလဲပြီးတော့ “ပြည်မ-တောင်တန်း” ပူးပေါင်းရေး စာချုပ်ကျောက်တိုင်ဆိုပြီးတော့ ပြင်ဆင်ခဲ့တဲ့ လက်ရှိကျောက်တိုင် ဖြစ်ပါတယ်။ ဒါကတော့ ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ ခေါင်းဆောင်ကြီး(၂၃)ဦးရဲ့ မိမိကိုယ်တိုင် တစ်နှစ်ကြာမျှ စုဆောင်းပြီးတော့ တပူးတပေါင်းတည်း ရေးဆွဲထားတဲ့ ပုံတူပန်းချီကား ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိပင်လုံကျောက်တိုင်အတွင်းမှာ ပြသထားတဲ့ ပန်းချီကားဗီနိုင်းရဲ့ ယိုယွင်းပျက်စီးနေမှု ဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၄ခုနှစ် ယခင်အစိုးရလက်ထက်၊ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ ၂၀၁၄ ခုနှစ် ပြည်ထောင်စုနေ့မှာ နေပြည်တော် မြို့တော်ခန်းမမှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုနေ့ ညစာစားပွဲအခမ်းအနားမှာ သမ္မတကြီး ဦးသိန်းစိန်မှ ပန်းချီကားများကို ဖိတ်ခေါ်ပြသခဲ့တာ ဖြစ်ပါတယ်။ ဒါကတော့ အရင်နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပန်းချီကားကို ကြည့်ရှုနေခြင်း ဖြစ်ပါတယ်။ အဲ့ဒီနေ့ရက်မှာပဲ ယခုလက်ရှိ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပန်းချီကားများကို ကြည့်ရှုနေခြင်း ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပန်းချီကားများနှင့်ပတ်သက်တဲ့ အကြောင်းအရာများ၊ သမိုင်းကြောင်းများကို ရှင်းလင်းပြသနေခြင်း ဖြစ်ပါတယ်။ ဒီပန်းချီကားများကို ပြသခြင်းအကြောင်းအရင်းကတော့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အဲ့ဒီအချိန်တုန်းက ကျွန်တော်ကနေပြီးတော့မှ “တောင်တန်း- ပြည်မ” “ပြည်မ- တောင်တန်း” စာသားနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြပြောဆိုခဲ့ရာမှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ သမိုင်းဝင်စကားတစ်ခွန်း ပြောဆိုခဲ့တာ ရှိပါတယ်။ ““ပြည်မ-တောင်တန်း” “တောင်တန်း-ပြည်မ” ဘာဖြစ်လဲ အတူတူပဲပေါ့ “တောင်တန်း- ပြည်မ” ဆိုတာကမှ ပိုလို့တောင်ခေါ်လို့ကောင်းသေးတယ်၊ နားထောင်လို့ကောင်းသေးတယ်”ဆိုတဲ့ သမိုင်းဝင်စကား ကျွန်တော်ကို ပြောဆိုခဲ့တာ ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိမေးမြန်းလိုသည်မှာ-

(၁) ကမ္ဘည်းမော်ကွန်းရေးထိုးထားမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရသို့ ပြန်လည်ဖြေကြားခဲ့မှုအား လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊

(၂) ယင်းစာတန်းပြန်လည်ပြင်ဆင် ထွင်းထုခြင်းကို လာမည့်(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အမီ ပြင်ဆင်ထွင်းထုသွားရန် အစီအစဉ် ရှိ/ မရှိ၊

(၃) မိမိရေးဆွဲခဲ့တဲ့ ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်ကြီး (၂၃)ဦးတို့ရဲ့ ပုံတူဗီနိုင်းပန်းချီကားဟာ ဒီပင်လုံကျောင်တိုင်ကွင်းအတွင်းမှာ ယိုယွင်းပျက်စီးနေပြီဖြစ်တဲ့အတွက် ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ အကယ်၍များ အားလုံးကို ပြန်လည်ပြင်ဆင်ပေးနိုင်ဖို့ အစီအစဉ် မရှိပါက မိမိတို့ရဲ့ အစီအစဉ်ဖြင့် ပြင်ဆင်သွားမည်ဆိုပါလျှင် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/ မရှိကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လွိုင်လင်ခရိုင်၊ ပင်လုံမြို့ရှိ သမိုင်းဝင် ပင်လုံကျောက်တိုင်ပေါ်တွင် မူလ"တောင်တန်း-ပြည်မ" ပူးပေါင်းရေးကျောက်တိုင်ဟု ရေးသားခဲ့ပြီး ယခုအခါ "ပြည်မ- တောင်တန်း" ပူးပေါင်းရေးကျောက်တိုင်ဟု ရေးထွင်းခဲ့ခြင်းအပေါ် မူလအတိုင်း ပြန်လည်ပြင်ဆင်ရေးထွင်း ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်း၍ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုးမှ ကြယ်ပွင့်မပြမေးခွန်းများအား မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စု အစိုးရအဖွဲ့မှ ၉-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၄/ ၃၆၆ (၁-ပသ)/အဖရ/၂၀၁၉ဖြင့် သမိုင်းဝင် ပြည်ထောင်စုနှင့်ပတ်သက်သော လွှတ်လပ်ရေးအတွက် အရေးကြီးသော ပင်လုံကတိကဝတ် စာချုပ်ချုပ်ဆိုခဲ့ရာ နေရာအထိမ်းအမှတ်ကျောက်တိုင်ပေါ်တွင် "ပြည်မ-တောင်တန်း" ပူးပေါင်းရေးစာချုပ်ကျောက်တိုင်ဟု ကမ္ဘည်းမော်ကွန်းရေးထိုးထားမှုအပေါ်နှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပါရှိပါသဖြင့် အောက်ပါအတိုင်းသိရှိလိုကြောင်း မေးမြန်းမှုနှင့် စပ်လျဉ်း၍-

(၁) ကမ္ဘည်းမော်ကွန်းရေးထိုးထားမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရသို့

ပြန်လည်ဖြေကြားခဲ့မှုအား လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊

(၂) ယင်းစာတန်း ပြန်လည်ပြင်ဆင်ထွင်းထုခြင်းကို လာမည့်(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အမီ ပြင်ဆင်ထွင်းထုသွားရန် အစီအစဉ် ရှိ/ မရှိ၊

(၃) ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်ကြီး(၂၃)ဦးတို့၏ ပုံတူပန်းချီကားဗီနိုင်းသည် ယိုယွင်းပျက်စီးစပြုနေပြီးဖြစ်သဖြင့် ပြန်လည် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ။

လွှိုင်လင်ခရိုင်၊ ပင်လုံမြို့ရှိ သမိုင်းဝင်ပင်လုံကျောက်တိုင်ပေါ်တွင် ကမ္ဘည်းမော်ကွန်း ရေးထိုးထားမှုနှင့်ပတ်သက်၍ သမိုင်းဝင်ပြည်ထောင်စုနှင့် သက်ဆိုင်သော လွတ်လပ်ရေး အတွက် အရေးကြီးသော ပင်လုံကတိကဝတ်စာချုပ် ချုပ်ဆိုရာနေရာအထိမ်းအမှတ် ကျောက်တိုင်ဖြစ်သည့်အတွက် "ပြည်မ-တောင်တန်း" ပူးပေါင်းရေးကျောက်တိုင်ဟု ရေးထွင်း ထားခဲ့ခြင်းအပေါ် "တောင်တန်း- ပြည်မ" ပူးပေါင်းရေးကျောက်တိုင်ဟု ပြင်ဆင်ရေးထွင်းရေး ကိစ္စနှင့်စပ်လျဉ်း၍ (၆-၁၂-၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁- ၁၂/ ၂၀၁၉) ဆုံးဖြတ်ချက် အပိုဒ်၅(၁ - ၈)အရ မူလအတိုင်း "တောင်တန်း- ပြည်မ"ဟု ပြင်ဆင်သင့်ကြောင်း ဆုံးဖြတ်ထားရှိသဖြင့် လွှိုင်လင်ခရိုင်၊ ပင်လုံမြို့ သမိုင်းဝင်ပင်လုံကျောက်တိုင်ပေါ်တွင် မူလအတိုင်း "တောင်တန်း- ပြည်မ" ပူးပေါင်းရေးကျောက်တိုင်စာသားအား လာမည့်(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အမီ ပြန်လည်ပြင်ဆင်ထွင်းထု ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးထားခဲ့သည့် ခေါင်းဆောင်ကြီး(၂၃)ဦး၏ ပုံတူ ပန်းချီကားချပ်ဗီနိုင်းသည် ယိုယွင်းပျက်စီးစပြုနေပြီဖြစ်သဖြင့် ခေါင်းဆောင်ကြီး(၂၃)ဦး၏ ပုံတူပန်းချီကားချပ်ဗီနိုင်းအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအပြီး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယမေးခွန်းအနေနဲ့ မိုင်းရှမ်းမြို့နယ်မှာရှိတဲ့ (CSR) လက်ကျန်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြေ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး (CSR) Corporate Social Responsibility ပိုက်ဆံနှင့် လက်ကျန်ရန်ပုံငွေ (၇၈၆)သိန်းဖြင့် ဒေသခံများ အမှန်တကယ် လိုအပ်လျက်ရှိတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းငယ် (၂၀)အတွက် ခွဲဝေသုံးစွဲနိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက် နေ့စွဲဖြင့် ပထမအကြိမ်တင်ပြတောင်းခံခဲ့ပါတယ်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက် လိုအပ်တယ်ဆိုတဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၏ စုပေါင်းညှိနှိုင်းသဘောတူညီမှုဖြင့် ၂၀၁၉ ခုနှစ်၊ မေလ(၂၂)ရက်နေ့မှာ ဒုတိယအကြိမ်တင်ပြ တောင်းခံခဲ့ပါတယ်။ ထူးခြားမှုမရှိတဲ့အတွက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့တွင် ကြယ်ပွင့်မပြမေးခွန်းအဖြစ် ထပ်မံမေးမြန်းခဲ့သော်လည်း (၄)လတာကြာမြင့်ခဲ့ပြီး ယခုအချိန် အထိ ပြန်လည်ဖြေကြားချက်တစ်စုံတစ်ရာ မရရှိသေးတာကို တွေ့ရပါတယ်။ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးသို့ ယင်းကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာလည်း အထက်သို့တင်ပြထားပြီးဖြစ်ကြောင်း ဖြေကြားလာပါတယ်။

ယခုတင်ပြတောင်းခံထားတဲ့ လုပ်ငန်းငယ်လေးများဟာ ဒေသမှာ အမှန်တကယ် လိုအပ်ချက်များကို ဖြည့်ဆည်းလုပ်ဆောင်ပေးမည့် လုပ်ငန်းငယ်လေးများသာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းရှူးမြို့နယ် ဒေသဖွံ့ဖြိုးရေးလက်ကျန်ရန်ပုံငွေဖြင့် လုပ်ဆောင်ရန် တင်ပြထားသော လုပ်ငန်းငယ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လက်ကျန်ရန်ပုံငွေ တင်ပြတောင်းခံထားမှုအား ချထားဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/ မရှိနှင့် မရှိပါကအဘယ်ကြောင့်နည်း။ မည်သို့သော အကြောင်းများကြောင့် နှောင့်နှေး ကြန့်ကြာနေရပါသနည်းနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်မှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ကျွန်တော်ကနေ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး (CSR) ဖွံ့ဖြိုးရေး လက်ကျန်ရန်ပုံငွေ ငွေကျပ် (၇၈၆)သိန်းခန့် ကျန်ရှိပါကြောင်းနှင့် ယင်းလက်ကျန်ငွေများအား လုပ်ငန်း(၁၄)ခုအတွက် ငွေကျပ် သိန်း(၇၅၀) သုံးစွဲခွင့်ပြုဖို့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ကနေ စောစောကမေးခွန်းမှာပါတဲ့ အတိုင်း ၅-၁၁-၂၀၁၈ ရက်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို အကြောင်းကြားလာတဲ့အပေါ်မှာ ရှမ်းပြည်နယ်အစိုးရအနေနဲ့ လွိုင်လင်ခရိုင်စီမံခန့်ခွဲမှုကော်မတီကို စိစစ်တင်ပြဖို့ အကြောင်း ကြားခဲ့ပါတယ်။

လွိုင်လင်ခရိုင် စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ၁၀- ၅- ၂၀၁၉၊ ရက်စွဲပါစာနှင့် ဦးစိုင်းလင်းမြတ်ရဲ့ တင်ပြချက်ဟာ မဲဆန္ဒနယ်အမှတ်(၁) နယ်မြေအတွင်းရှိ လုပ်ငန်းများသာ ဖြစ်နေခြင်း၊ အချို့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ သက်ဆိုင်ရာဌာနများရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းများဖြစ်ခြင်းနှင့် ဒေသအတွင်းမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၂)ဦးရှိတဲ့အတွက် သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လိုသည့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ညှိနှိုင်းပြီးတော့ ပြန်လည်တင်ပြသင့်တဲ့အကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးနှင့် တွေ့ဆုံညှိနှိုင်းခဲ့သည့် အခြေအနေကို ပြန်လည် တင်ပြလာပါတယ်။

ဆက်လက်ပြီးတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ လုပ်ငန်း (၂၀)ခု ငွေကျပ် သိန်း(၇၈၀) ခွဲဝေသုံးစွဲခွင့်ပြုဖို့ ၁၇- ၅- ၂၀၁၉ ရက်စွဲပါစာဖြင့် ထပ်မံတောင်းခံ လာခဲ့ပြီးတော့ လွိုင်လင်ခရိုင်စီမံခန့်ခွဲမှုကော်မတီကို စိစစ်တင်ပြဖို့ ၇- ၆- ၂၀၁၉ ရက်စွဲပါစာ ဖြင့် အကြောင်းကြားခဲ့ခြင်းအပေါ်မှာ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၁)နှင့် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတင်ပြသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၂၀)ခု ဖြစ်တဲ့ အကြောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ထားခြင်းဖြစ်တဲ့အကြောင်းကိုပါ လွိုင်လင် ခရိုင်စီမံခန့်ခွဲမှုကော်မတီကနေ ပြန်ကြားခဲ့ပြီးတော့ ဌာနဆိုင်ရာစီမံကိန်းလုပ်ငန်းများနှင့် ချိတ်ဆက်ပြီးတော့ အသေးစိတ် စိစစ်တင်ပြတဲ့ အချက်အလက်တွေ မပါဝင်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြန်လည်စိစစ်စေခဲ့ရပါတယ်။

ဖြစ်စဉ်တွေကို ကြည့်မည်ဆိုလျှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကနေ ပြည်နယ် အစိုးရအဖွဲ့ကို စီမံချက်တွေ တင်ပြခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ကနေ ခရိုင်စီမံခန့်ခွဲမှု ကော်မတီကို အကြောင်းကြားခြင်း၊ ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ကနေ စိစစ်ပြီးတော့ မြို့နယ်ကို ထပ်ဆင့်စိစစ်စေခြင်း၊ မြို့နယ်အဆင့်မှာ ညှိနှိုင်းခြင်း၊ စိစစ်တင်ပြခြင်း၊ ခရိုင်ကနေ

ပြည်နယ်ကို ပြန်လည်အကြောင်းကြားခြင်းစသည့်လုပ်ငန်းစဉ်တွေနဲ့ အဆင့်ဆင့်များပြား ရှုပ်ထွေးပြီးတော့ အချိန်ကြန့်ကြာနေတာကို တွေ့ရပါတယ်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီးတော့ အောက်ခြေအဆင့်မှာပဲ လုပ်ငန်းတွေ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာမှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့ သဘောတူညီခွင့်ပြုချက်အရ ယခင် ဖွဲ့စည်းခဲ့သည့် ရှမ်းပြည်နယ်အဆင့် မိုင်းရှူးရတနာမြေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီကို ဖျက်သိမ်းခဲ့ပြီးတော့ ခရိုင်အဆင့် မိုင်းရှူးရတနာမြေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီကို ၁၃- ၁၂- ၂၀၁၉ ရက်စွဲပါစာအမှတ်၊ (၁၆၇၃၇) ၇-၁၇၁/ အစရ (ရှမ်း)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းခဲ့ပြီး ဖြစ်တဲ့ ဖြေလျော့ထားတဲ့ ခရိုင်အဆင့်ကော်မတီအနေနဲ့လည်း လုပ်ငန်းများကို ယခင်ကထက် မြန်ဆန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

လက်ရှိတွင် "မိုင်းရှူးရတနာမြေ ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ လက်ကျန်မှာ (၇၈,၆၂၀,၇၇၅.၂၄) ကျပ် ကျန်ရှိတဲ့အတွက် ခရိုင်အဆင့် မိုင်းရှူးရတနာမြေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီမှ ဒေသခံကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လယ်ပိုင်း အစည်းအဝေးကို နေ့လယ် ၁ နာရီ ၂၀ မိနစ်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(တတိယနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

[ဗုဒ္ဓဟူးနေ့]

နေ့လယ်ပိုင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစီအစဉ်အားဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏၊ "ပြည်နယ်အဆင့်တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်နယ်**

အဆင့်တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီ နှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း”အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါ။ ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးကို တက်ရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ရှေ့ဦးစွာ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏**“ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာ တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ (Budget) ငွေလုံးငွေရင်းဖြင့် ခွင့်ပြုပေးသော မည်သည့်စီမံကိန်းလုပ်ငန်းကိုမဆို၊ ပစ္စည်းဝယ်ရေးတွင်မဆို ဆောင်ရွက်ခွင့်ပြုပေးရာတွင် လိုက်နာဆောင်ရွက်ရမည့် တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

အလားတူ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၏ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များကို နိုင်ငံတော်သမ္မတရုံးက (၅- ၄- ၂၀၁၃)ရက်စွဲပါ ညွှန်ကြားစာအမှတ် (၁/ ၂၀၁၃)ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာ ကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်ကို (၉.၁.၂၀၁၄) နှင့် (၆.၉.၂၀၁၆)ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ယင်းကဲ့သို့ ထုတ်ပြန်ရခြင်းမှာ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန်၊ တင်ဒါကိုတစ်ဦးတစ်ယောက်အားဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ စျေးကစားခြင်းများ မဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းဖြစ်ရန်အတွက် ရည်ရွယ်၍ ထုတ်ပြန်ခြင်း ဖြစ်ပါတယ်။

၎င်းအပြင် တင်ဒါအောင်မြင်သည့်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့အစည်း အကြီးအကဲအဖွဲ့ဝင်များနှင့် မိသားစုအရာ၊ လူမှုရေးအရာ၊ စီးပွားရေးအရာ၊ လုပ်ငန်းအရာ ပတ်သက်ခြင်းတွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြ၍ ခွင့်ပြုချက်ရယူ ရမည်ဟူ၍လည်းကောင်း၊ တင်ဒါရွေးချယ်မှုကို မလျော်ညြဴသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရမည်ဟုပါရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလအတောအတွင်းတွင် လာမည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တင်ဒါခေါ်ယူဖွင့်လှစ်တဲ့ ကာလလည်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ (၃.၁၂.၂၀၁၉) ရက်နေ့တွင် ရှမ်း (မြောက်)လမ်းဦးစီးဌာနက လားရှိုးမြို့တွင် တင်ဒါစိစစ်ရွေးချယ်ပွဲ ကျင်းပပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်လည်း အခြားလွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါတယ်။

တင်ဒါစိစစ်ပွဲမှာ ကုမ္ပဏီများရဲ့ (Technical Proposal)ကို ပထမစိစစ်ပြီး အောင်မှတ် ၄၀ ရရှိတဲ့ ကုမ္ပဏီများကို (ဒုတိယ)အနေနဲ့ Price Proposal ထပ်မံစိစစ်ပါတယ်။ ရမှတ် နှစ်ခုပေါင်းပြီး ကော်မတီရဲ့ သုံးသပ်ချက်နှင့် တင်ဒါအောင်မြင်သူကို ကြေညာရမှာ ဖြစ်ပါတယ်။ ဒါဟာ အထိုက်အလျောက်တော့ ပွင့်လင်းမြင်သာမှုရှိတယ်လို့ ပြောရမှာ ဖြစ်ပါ တယ်။ သို့သော် Technical Proposal နှင့် Price Proposal မှာ ဘယ်လိုနည်းစနစ်နဲ့

အမှတ်ပေးတယ် ဘာကြောင့်ပေးတယ်ဆိုတာ ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်တွေ မသိရပါဘူး။ အလားတူ လွန်ခဲ့သည့်နှစ် ကျောက်မဲတွင် ပြုလုပ်သည့် ပစ္စည်းတင်ဒါမှာလည်းပဲ ကျွန်တော်တက်ရောက်ခဲ့ဖူးပါတယ်။ ဒါကိုလည်း ဘယ်လိုစနစ်နဲ့ ဘယ်လိုရွေးချယ်ခဲ့တာကို သိရှိရခြင်းမရှိပါဘူး။ ဖြစ်နေတာက ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်များကို ဗန်းပြခေါ်ယူပြီး အရှေ့မှာထိုင်ခိုင်းသည့်သဘောပဲ ဖြစ်နေပါတယ်။ နောက်တစ်ခု ဆွေးနွေးလိုတာက ပြည်ထောင်စုဘတ်ဂျက်ဖြင့်ဆောင်ရွက်တဲ့ လုပ်ငန်းများရဲ့ တင်ဒါစီစစ်မှုကို ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်တွေ လုံးဝမသိရှိရပါဘူး။ ပြည်ထောင်စုဘတ်ဂျက်ဆိုပေမဲ့ နယ်မြေဒေသတွင် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သောကြောင့် မိမိအနေဖြင့် သိခွင့်ရှိသည်ဟု ယူဆပါတယ်။

သာဓကအနေနဲ့ပြောရရင် နမ့်ဆန်မြို့နယ်မှာလွန်ခဲ့တဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်တဲ့ လုပ်ငန်း(၁၁)ခုအတွက် ကုမ္ပဏီတော်တော်များများကလုပ်ငန်းတွေ ရရှိခဲ့ကြပါတယ်။ အဲ့ဒီလို ကုမ္ပဏီတွေထဲက တစ်ချို့ကုမ္ပဏီဆိုလျှင် မြင်လည်း မမြင်ပါဘူး၊ သိလည်းမသိဘူး ဖြစ်နေပါတယ်။ လုပ်ငန်းဆောင်ရွက်ဖို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည့် ဓာတ်ပုံမှတ်တမ်းနှင့်တကွ လွတ်တော်ကိုယ်စားလှယ်ထောက်ခံချက်လည်းမယူကြပါဘူး။ ဘယ်လိုနည်းနဲ့ရကြသည်ကို ကျွန်တော်တို့ မသိပါဘူး။ လုပ်ငန်းလာလုပ်မှ သိရတဲ့အနေအထားဖြစ်တယ်။ ဒါဟာ Transparency လို့ခေါ်တဲ့ ပွင့်လင်းမြင်သာမှု မရှိဘူးလို့ ယူဆပါတယ်။ ပြည်နယ်မှာ အထိုက်အလျောက်ပွင့်လင်းမြင်သာမှုရှိသော်လည်းပဲ ပြည်ထောင်စုအဆင့်မှာ ပွင့်လင်းမြင်သာမှု လုံးဝကင်းမဲ့နေတယ်ဆိုတာ ကျွန်တော်တင်ပြလိုပါတယ်။ အဲ့ဒီမနှစ်ကရတဲ့ ကုမ္ပဏီထဲက Autumn Dream ဆိုသည့်ကုမ္ပဏီဟာ ဘယ်သူ ဘယ်ဝါမှန်းတောင်မသိရဘူး၊ လူလည်းမမြင်ဖူးပါဘူး။ အခုထက်ထိလည်း မမြင်ဖူးပါဘူး။ လုပ်ငန်းသာ ပြီးသွားပါတယ်။ လုပ်ငန်းပြီးသော်လည်း မမြင်ဖူးသည့်အကြောင်းကို ပြောရသည့်အကြောင်းမှာ အဲ့ဒီလုပ်ငန်းကို သူတို့ကိုယ်တိုင်မလုပ်ပါဘူး။ တင်ဒါအောင်ပြီး Sub Contract ကိုပေးပါတယ်။ ၎င်း Sub Contract က Next Sub Contract ကို ပြန်ပေးပါတယ်။ Sub Contract (၃)ခု ဖြစ်သွားပါတယ်။ အဲ့ဒီလမ်းဟာ လွမ်ကြူ-ကျောက်ဖြူလေး ကျောက်ချောလမ်း (၂)မိုင် ဖြစ်ပါတယ်။ အဲ့ဒီလမ်းကို Sub Contract (၂)ခုပေးလိုက်တဲ့အခါ လမ်းလုပ်သားတွေက ကျောက်တောင်မှာရှိတဲ့ ကျောက်ရောမြေကို Backhoe နဲ့ကုတ်၊ ကျောက်သယ်ကားနဲ့ တင်ပြီး၊ လမ်းဘေးမှာအပုံလိုက်ပုံပြီးတော့သွားပါတယ်။ ပြီးတော့မှ အလုပ်သမားတွေကို ခေါ်ပြီးတော့မှ လမ်းပေါ်မှာ ဖြန့်ခိုင်းပါတယ်။ ကျွန်တော်တို့ ဓာတ်ပုံမှတ်တမ်းရှိပါတယ်။ လမ်းတွေဟာ ဘာနဲ့တူလဲဆို ပုဆိုးကွက်နဲ့တူပါတယ်။ အကွက်လိုက် အကွက်လိုက် ဖြစ်နေပါတယ်။ အဲ့တော့ ကျွန်တော်သွားကြည့်တဲ့အခါမှာ

ဒါဟာကျောက်ချောလမ်းဆိုတော့ ဟုတ်ပါတယ်တဲ့။ ဘယ်မှာလဲ သူတို့အောက်မှာခင်းထားတဲ့ 4×2 တို့ 3 အောက်တို့ 1×2 တို့ Chipping တို့ “B” ကျောက်တို့ဆိုတာ မတွေ့ရပါဘူး။ အဲ့ဒီလိုပဲ လုပ်သွားပါတယ်။ အဲ့ဒါကို ဓာတ်ပုံမှတ်တမ်းနှင့်တကွ လားရှိုးမြို့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွဋ်ဆီ တင်ပြပါတယ်။ ဦးအောင်ထွဋ်ကလည်း ကျောက်မဲခရိုင်ဦးစီးမှူး ဦးကျော်ဆွေလင်းနဲ့အတူ ကွင်းဆင်းပြီးတော့ အဲ့ဒီအထိသွားကြည့်ပါတယ်။ သွားကြည့်သည့်အခါ တကယ်လည်းမြင်ပါတယ်။ မြင်သည့်အခါ နမ့်ဆန်က နာ.တ.လ တာဝန်ခံ (AD)ကို ခေါ်ပြီးတော့ ကျွန်တော်တို့ အရှေ့မှာ ဆူပါတယ်။ ဆူပြီးတော့ နာ.တ.လ (AD) ကိုယ်တိုင်ကိုပဲ အဲ့ဒီရွာမှာ စတည်းချပြီး လုပ်ခိုင်းပါတယ်။ ပထမခင်းထားသည့် ကျောက်တွေကို အကုန်လုံး ပြန်ထိုးခွာပြီးတော့ သတ်မှတ်သည့်အတိုင်း 4×2 (၂)လွှာ 1×2 ၊ 3 အောက် နောက်တစ်ခါ “B”ကျောက်စသဖြင့် အဆင့်ဆင့် လုပ်သည့်အခါ အခုလမ်းတော့ ပြီးသွားပါပြီ။ အချိန်တော့ နည်းနည်းကြာသွားပါတယ်။ ဆိုလိုတာက မမြင်ဖူး မတွေ့ဖူးတဲ့ ကုမ္ပဏီတွေ ကျွန်တော်တို့ ထောက်ခံလို့ တင်ဒါရသည့် ကုမ္ပဏီတွေ မဟုတ်ဘဲနဲ့ ဆွဲကြစတမ်းဆို လူကြီးနာမည်သုံးပြီးဆွဲကြပါတယ်။ ပြောတာကတော့ Autumn Dream ဟာ ဒုဝန်ကြီး ကုမ္ပဏီလို့ပြောပါတယ်။ ဘယ်ဒုဝန်ကြီးလဲ ကျွန်တော်မသိပါဘူး။ အဲ့လိုနဲ့ ကျွန်တော်တို့ကို ဖြဲချောက်ပြီးတော့မှ လာပြောပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ကိုယ်တိုင် ကိုယ်ကျ မသိဘဲနဲ့ လာလုပ်တဲ့ကုမ္ပဏီတွေဟာ များသောအားဖြင့် တင်ဒါဆွဲတယ်။ တစ်ဆင့်ပြန်ရောင်းချတယ်။ ပြန်ရောင်းချသည့်သူက တစ်ဆင့် Sub Contract ပြန်ပေးတယ်။ အဲ့လိုဖြစ်တဲ့ အခါကျတော့ လမ်းက လုံးဝမကောင်းပါဘူး။ သွားကြည့်တဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ အပြစ်ဖြစ်နေပါတယ်။ ကျွန်တော်တို့ပဲ လူဆိုးတွေဖြစ်နေပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ပြည်ထောင်စုအဆင့်မှာတောင် (၁/၂၀၁၇) ညွှန်ကြားချက်အတိုင်း လိုက်နာမှုမရှိဘဲ ပွင့်လင်းမြင်သာမှုမရှိဘဲ ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့် လုပ်ငန်းရသည့် ကုမ္ပဏီတော်တော်များများဟာ သူတို့နှင့်ဆက်နွယ်နေသည့် အဖွဲ့အစည်းတွေပဲရတာများပါတယ်။

ခုနကျွန်တော်ပြောတဲ့ Autumn Dream ကုမ္ပဏီဟာ မနှစ်က နာမည်ပျက်နဲ့နေခဲ့သလို စိတ်မကောင်းစွာနဲ့ပဲ ဒီနှစ်လည်း ထပ်ရပါတယ်ခင်ဗျား။ ၂၀၁၉- ၂၀၂၀ လုပ်ငန်းမှာ ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံ Box Culvert (၅)ခု ပြန်ရပါတယ်။ ကျွန်တော်တို့ ထပ်ပြီးတော့ စကားများအုံးမည့်အနေအထား ဖြစ်ပါတယ်။

အဲ့တော့ ဒီကိစ္စကို ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ခုမှာ ကျွန်တော် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခဲ့ဖူးပါတယ်။ ပြည်ထောင်စုအစိုးရက တင်ဒါအောင်မြင်စေတဲ့ ဒီကုမ္ပဏီတွေဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ထောက်ခံချက်မပါဘဲနဲ့ ဘယ်လိုနည်းနဲ့ ရသွားသလဲ။ ကျွန်တော်တို့ ပြည်နယ်အဆင့်ကျတော့ ကျွန်တော်တို့ဆီမှာ ထောက်ခံချက်ယူပြီးတော့မှ တင်ဒါတင်ကြတာများပါတယ်။ အဲ့တော့ အဲ့ဒါကို ဘယ်လို ဆောင်ရွက်ပေးမလဲဟု ကျွန်တော် မေးဖူးပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဒါဟာ ပြည်ထောင်စုဘတ်ဂျက် ဖြစ်တဲ့အခါကျတော့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်နဲ့ပဲ သက်ဆိုင်ပါ တယ်ဆိုပြီး အဲ့လိုပြန်ဖြေပါတယ်။ ကျွန်တော်ဆိုလိုတာက နိုင်ငံတော်ကိစ္စဆိုလိုရှိရင် နိုင်ငံတော်ကောင်းဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ် တွေက အကြံပြုခွင့် မရှိတော့ဘူးလား။ ပြည်ထောင်စုရယ်ဆိုပြီး ကြိုက်သလို လွှတ်ထားလိုက် ရတော့မလားဆိုတဲ့ အတွေးများ ပေါက်လာတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ပွင့်လင်းမြင်သာမှု မရှိတဲ့ကိစ္စကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က ဘယ်လိုထိန်းကျောင်းမလဲ၊ ပြည်ထောင်စုအဆင့်ဖြစ်ဖြစ်၊ ပြည်နယ်အဆင့်ဖြစ်ဖြစ် ဘယ်အဆင့်ဖြစ်ဖြစ် ကျွန်တော်တို့ အကြံမပြုနိုင်ဘူးလားဆိုတဲ့ မေးစရာဖြစ်နေပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ ပြည်ထောင်စုအဆင့်သော်လည်းကောင်း၊ ပြည်နယ်အဆင့်သော်လည်းကောင်း တင်ဒါဆွဲယူသည့် ကုမ္ပဏီမှန်သမျှ ၁/ ၂၀၁၇ နိုင်ငံတော် သမ္မတရုံးက ကြေညာချက်အတိုင်း တိတိကျကျ လိုက်နာပေးဖို့နဲ့ ပွင့်လင်းမြင်သာစွာနဲ့ ပြည်နယ်အဆင့်မှာသော်လည်းကောင်း၊ ပြည်ထောင်စုအဆင့်မှာသော်လည်းကောင်း လွှတ်တော် ကိုယ်စားလှယ်များကို တင်ဒါစိစစ်ရေးကော်မတီအဆင့်ဆင့်မှာ ပါဝင်သင့်ကြောင်း တင်ပြရင်း ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာတွက်ချက် ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေး ရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်း ပေးရန် တိုက်တွန်းကြောင်း"** အဆိုကိုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုး က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန် တင်ဒါကို တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြင့် ရည်ရွယ်၍ ဤလုပ်ထုံး ၁/၂၀၁၇ ကိုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ဆောက်လုပ်ရေး၊ လမ်းတံတားများ၊ အဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဝန်ထမ်းဆောင် အစရှိသောလုပ်ငန်းများကို လုပ်ဆောင်ခွင့်ရရှိသော ကုမ္ပဏီများမှ ဘယ်ကုမ္ပဏီ၊ အရည်အသွေးကောင်း၊ လုပ်ဆောင်ချက်ကောင်းတယ်ဆိုတာ ဒေသခံကိုယ်စားလှယ်များ ကွင်းဆင်းစိစစ်ရာတွင် သိရှိပြီးဖြစ်ပါတယ်။

ကုမ္ပဏီများအနေဖြင့် တင်ဒါအောင်နိုင်ရေးအတွက်ပဲ ဦးစားပေးဆောင်ရွက်ကြပြီး လုပ်ငန်းလုပ်ဆောင်မှုတွေမှာ အားနည်းချက်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ မရှိတာကို တွေ့ရပါတယ်။ တင်ဒါအောင်မြင်နိုင်ဖို့အတွက်လည်း အမှတ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် R & E တို့၊ ဆိုဒ်အင်ဂျင်နီယာတို့ စာရင်းတွင်သာပါရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ချိန်မှာ မတွေ့ရှိရတော့ပါဘူး။ ကုမ္ပဏီက Guarantee အနေဖြင့် တစ်နှစ်ပေးထားသော်လည်း လုပ်ငန်းပြီးဆုံး ပြီးပြန်လည်ပြုပြင်ပေးရန် လိုအပ်လျှင်လည်း ဆက်သွယ်ရန်ခက်ခဲလှပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဘတ်ဂျက်လေလွင့်မှုအနည်းဆုံးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်းများ လွှတ်တော်တာဝန်တွင်ပါရှိသည့်အတွက် ပြည်နယ်အဆင့်တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းခြင်းဖြင့် ပိုမိုအကျိုးရှိစွာ လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ သို့ပါသောကြောင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းတင်သွင်းတဲ့ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေး အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာ တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ များတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အရပ်သားအစိုးရလက်ထက်မှာ ခေတ်အဆက်ဆက်ကထက် ပြည်သူလူထုရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲ့ဒီလို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အထဲကမှ ဥပမာအနေနဲ့ အခြေခံလိုအပ်ချက်များဖြစ်တဲ့ လမ်း တံတားတည်ဆောက်ရေး၊ လျှပ်စစ်မီးရရှိရေးတို့မှာ အကောင်အထည် ပိုမိုဆောင်ရွက်တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲ့သလို ဆောင်ရွက်ပေးသည့်နေရာမှာ ပြည်သူ့ဘဏ္ဍာငွေ များ အလေအလွင့်မဖြစ်စေရေးနှင့် အရည်အသွေးတိကျသည့် ခိုင်မာသည့် တာရှည်ခိုင်ခံ့မှု ဖြစ်ပေါ်စေရေးအတွက်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အားလုံး ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ပူးပေါင်းဆောင်ရွက်မှုတွေ အားနည်းခဲ့သည့်အတွက် တည်ဆောက်ရေးလုပ်ငန်းတွေဟာ အချိန်တိုအတွင်းမှာ ပျက်စီး ယိုယွင်းသွားတာတွေကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲ့သလို ပျက်စီးယိုယွင်းတဲ့ဟာ တွေကို ကျွန်တော်တို့က ဥပမာများယူပြီး သင်ခန်းစာကောင်းများအဖြစ်ယူပြီးတော့ ကျွန်တော်တို့ လက်ရှိတာဝန်ရှိသူများအားလုံးက ပူးပေါင်းဆောင်ရွက်မှသာ အရည်အသွေး

ကောင်းပြီး တာရှည်စံချိန်စံညွှန်းကိုက်ညီသည့် ပြည်သူရဲ့ အဆောက်အအုံများ ကျန်ရှိမှာ ဖြစ်ပါတယ်။ အဲ့သလို ကျန်ရှိဖို့ဆိုရင်တော့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွတ်တော်မှာ အတည်ပြုခဲ့သည့် အဆိုများကလည်း အဆိုအားလုံးမဟုတ်တောင်မှ တစ်ချို့သော အဆိုများဟာ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိမှာကို ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဘာကြောင့်မို့ ဒီလိုပြောသလဲဆိုရင် ဥပမာအနေဖြင့် ကျွန်တော်တို့ အဆို တစ်ခုတည်းကဖြစ်တဲ့ ဖယ်ခုံမြို့နယ် လွတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနျို့ တင်သွင်းခဲ့သည့် အဆိုတစ်ခုဖြစ်သည့် ကျွန်တော်တို့ တင်ဒါအဆင့်တွေ ပြီးစီးကြောင်း အလုပ်အကိုင်တွေ ကုမ္ပဏီများကနေပြီးတော့မှ အဆင့်ဆင့်ငွေထုတ်သည့်အခါမှာ လွတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်ပါရမယ်ဆိုသည့် အဆိုဟာ ရှမ်းပြည်နယ်လွတ်တော်မှာ အတည်ပြုနိုင်တဲ့အတွက် အဲ့အဆိုအတည်ပြုပြီးတဲ့နောက်ပိုင်းမှာ ကုမ္ပဏီတစ်ချို့ဟာ လွတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက် အမှန်ကန်ယူပြီး ဆောင်ရွက်ရတဲ့နေရာမှာ လွယ်ကူခဲ့တာတွေကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါပေမဲ့လည်း တချို့တချို့သော ကုမ္ပဏီများက ကျွန်တော့်အရှေ့က လွတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြဆွေးနွေးသွားသလို ယနေ့အချိန်ထိ နယ်မြေခံလွတ်တော်ကိုယ်စားလှယ်တွေနဲ့ သိရှိခြင်းတောင်မရှိ၊ အသိပေးခြင်းတောင်မရှိဘဲနဲ့ လုပ်ငန်းအဝဝကို ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒီလိုအခက်အခဲမျိုးတွေ၊ ပြဿနာမျိုးတွေ မဖြစ်ပေါ်စေဖို့ဆိုရင် ယနေ့အဆိုရှင် တင်သွင်းထားတဲ့ အဆိုမှာ အထိုက်အလျောက် အကျိုးပြုလိမ့်မယ်ထင်လို့ ကျွန်တော်ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

အကြံပြုချက်အနေနဲ့ ကျွန်တော်ပြောချင်တာက လွတ်တော်ကိုယ်စားလှယ်များ အားလုံးမဟုတ်တောင် ကျွန်တော်တို့ တောင်ကြီးတို့၊ လားရှိုးတို့နဲ့ နီးစပ်တဲ့ လွတ်တော်ကိုယ်စားလှယ်များဟာ ပြည်နယ်အဆင့်ကော်မတီများမှာ ပါဝင်နေရင် အထိုက်အလျောက် ပြေလည်လိမ့်မယ်လို့ အကြံပြုလိုပါတယ်။

အခုအချိန်အခါမှာ အဆိုတွေဘယ်လောက်ပဲတင်ခဲ့တင်ခဲ့ ညွှန်ကြားချက်တွေ မည်သို့ပင်ရှိစေကာမူ နယ်မြေတွေမှာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်နေပါတယ်။ ကျွန်တော့်အရှေ့က ကိုယ်စားလှယ်များတင်ပြသလိုပဲ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ လုပ်ငန်းဆောင်ရွက်တာ ပျက်စီးလို့ မြို့နယ်အဆင့်ဌာနဆိုင်ရာက blacklist သွင်းထားတဲ့ ကုမ္ပဏီဟာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ တင်ဒါပြန်အောင်နေတာကို ကျွန်တော်တို့ စိတ်မကောင်းစွာ တွေ့ရှိရပါတယ်။ အဲ့ဒီလိုပဲ တစ်ချို့သော ကုမ္ပဏီများဟာဆိုရင်လည်း ကျွန်တော်တို့ သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲနှင့်သော်လည်းကောင်း၊ ရင်းနှီးမှုကြောင့်မို့လား

ဒါမှမဟုတ် ဘယ်လိုပတ်သက်မှုကြောင့်မို့လည်း ကျွန်တော်တို့ မသိဘူး။ ဖြစ်စဉ်လေးတစ်ခုကို ကျွန်တော် အနည်းငယ်တင်ပြချင်ပါတယ်။ ကုမ္ပဏီက ကွင်းဆင်းရမဲ့သူဟာ တာဝန်ရှိသူ ကုမ္ပဏီက မလာပါဘူး။ အဲ့ဒီ ကုမ္ပဏီနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းကြီးတစ်ခုရဲ့ ရွာလေးမှာရှိတဲ့ အဖွဲ့အစည်းဝင် လက်အောက်ငယ်သားက နယ်မြေမှာ ကွင်းလာဆင်းပါတယ်။ ကွင်းလာဆင်းတဲ့အခါမှာကျတော့ သူသည်ကုမ္ပဏီမှာ တာဝန်ရှိတဲ့သူမဟုတ်သည့်အတွက် ဒေသခံတွေက ကန့်ကွက်ပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ မသိလိုက်ပေမဲ့ တင်ဒါက အောင်လာခဲ့တယ်။ အဲ့သလို ကိစ္စမျိုးတွေမဖြစ်အောင်ဆိုရင်တော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧေးတွက်ချက် ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုဟာ အနည်းငယ်သော အထိုက်အလျောက်တော့ ဖြစ်ပါလိမ့်မယ်လို့ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက အကြံပြုဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (ငါ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အချက်(၄)ချက် တင်ပြဆွေးနွေးလိုပါတယ်။

ပထမအချက်အနေဖြင့် နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)အရ တင်ဒါကော်မတီ (၄)ရပ်ဖွဲ့စည်းမှု သတ်မှတ်ချက်ကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ တင်ဒါကော်မတီ(၄)ရပ်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)တွင် (၁) "တင်ဒါကော်မတီ"၊ "ကြမ်းခင်းဧေးတွက်ချက်ရေးကော်မတီ"၊ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ"၊ "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ"

စသည့်ကော်မတီ (၄)ရပ်အား ဖွဲ့စည်းရာ၌ **"တင်ဒါကော်မတီ"**တွင် ဆောင်ရွက်မည့်လုပ်ငန်းများ၏ ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ဘဏ္ဍာရန်ပုံငွေအပေါ်တွင် မူတည်၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည့်သူသာကွဲပြားပြီး သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်း၏ အကြီးအကဲများ၊ သက်ဆိုင်ရာဌာန နှင့်ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရမည်ဟူ၍ လည်းကောင်း၊ (၂) **"ကြိမ်းခင်းစျေးတွက်ချက်ရေးကော်မတီ"**တွင် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး(၃)ဦး ပါဝင်ဖွဲ့စည်းရမည်ဟူ၍လည်းကောင်း၊ (၃) **"တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ"**တွင် သက်ဆိုင်ရာ**ဌာန**၏ ကိုယ်စားလှယ်များအပြင် ဆက်စပ်**ဌာန**များမှ ကိုယ်စားလှယ် အနည်းဆုံး (၃)ဦးမှ အများဆုံး(၅)ဦးအထိပါဝင် ဖွဲ့စည်းရမည်ဟူ၍ လည်းကောင်း၊ (၄) **"အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ"**တွင် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းမှ ကိုယ်စားလှယ် အနည်းဆုံး (၃)ဦးဖြင့် ပါဝင်ဖွဲ့စည်းရမည်ဟူ၍ လည်းကောင်း ညွှန်ကြားထားရှိကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေဖြင့် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဥပဒေကြမ်းပူးပေါင်းရေးကော်မတီရဲ့ ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်ကို တင်ပြခြင်း ဖြစ်ပါတယ်။ (၉-၉-၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဥပဒေကြမ်း ပူးပေါင်းရေးကော်မတီ၏ သဘောထားမှတ်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အပိုဒ် (၁၃)တွင် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ **"သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက်လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် လူပုဂ္ဂိုလ်၊ ဌာန/ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်"**ဟု ပြင်ဆင်ပြဋ္ဌာန်း အတည်ပြုထားတာကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

တတိယအချက်အနေဖြင့် တင်ပြခဲ့တဲ့အချက်(၂)ချက်နှင့်အညီ ဆောင်ရွက်နေခြင်းကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ဒါဖွင့်ပွဲများ၌ တင်ပြခဲ့သလို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားခြင်း၊ စျေးနှုန်းယှဉ်ပြိုင်ဈေးများတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုလက်မှတ်ရေးထိုးပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဖြင့် တင်ဒါဖွင့်ပွဲများအား

ဆောင်ရွက်ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

အကယ်၍ ရှမ်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ/ အဖွဲ့အစည်းများရဲ့ တင်ဒါကော်မတီ (၄)ရပ် ဖွဲ့စည်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်း ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါက လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကလုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သော အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့အား စောင့်ကြည့်ကြပ်မတ်ခြင်း (Check and balance power)ကို အားနည်းသွားစေမှာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်အနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ တွင် တင်ဒါကော်မတီများ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းရမည်ဟု ညွှန်ကြားချက်တွင် ပါဝင်ခြင်းမရှိသေးတာကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါ ကျွန်တော်တင်ပြခဲ့သည့် အချက်(၄)ချက်တွင် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခြင်းမပြုမီ လတ်တလောအခြေအနေအမှန်များကို လွှတ်တော်က သိရှိပြီး ထည့်သွင်းဆင်ခြင်သုံးသပ်နိုင်ရန် ပကတိ အရှိတရားကို တင်ပြခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပင်းတယမြို့နယ် မဲဆန္ဒနယ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"**အဆိုကို မှတ်တမ်းအဖြစ် ထားရှိပေးပါရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်က ယင်းအဆိုကိုမှတ်တမ်းအဖြစ် မှတ်တမ်းတင်ထားရန် အကြံပြုဆွေးနွေးပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ (စ)နှင့် (ဆ)အရ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်မှ နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁/ ၂၀၁၇ သည် ညွှန်ကြားချက်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်မဟုတ်ပါ၊ နည်းဥပဒေလည်း မဟုတ်ပါဘူး၊ ဒါနဲ့ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းချက်မဟုတ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို

ထည့်သွင်းလို့ ရပါတယ်။ ၁/၂၀၁၇တွင် လွှတ်တော်ကိုယ်စားလှယ်များထည့်ရမည်၊ မထည့်ရမည်ကို အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိပါ။ အနည်းဆုံး(၃)ဦးဆိုတာ တိုးထည့်၍လည်း ရနိုင်ပါတယ်။ လွှတ်တော်၏ အဆုံးအဖြတ်ကိုပဲခံယူပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်မှ ၎င်းအဆိုကို အတည်ပြုပေးရန် လွှတ်တော်၏ ဆန္ဒခံယူလိုပါကြောင်း တင်ပြလာသည့်အတွက် အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်သုံးပြီး အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ များရာမဲဆန္ဒဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ အဆိုကိုအတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကိုအတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည်အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။ ထောက်ခံဆန္ဒမဲ(၅၁)မဲ၊ ကြားနေဆန္ဒမဲ (၃)မဲ၊ ကန့်ကွက်ဆန္ဒမဲ(၆၂)ဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်

ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့(၁၇.၁၂.၂၀၁၈) ရက်၌ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် တင်သွင်းသည့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာပါသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၂၄.၁.၂၀၁၉) ရက်၊ (၂၅.၁.၂၀၁၉)ရက်၊ (၂၈.၁.၂၀၁၉)ရက်၊ (၁၂.၉.၂၀၁၉) ရက်နှင့် (၁၉.၁၁.၂၀၁၉)ရက်နေ့များတွင် (၆)ကြိမ်တိုင်တိုင် လွှတ်တော်ရေးရာကော်မတီ အခန်း(၁)၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ရဲသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများသည် အဆိုပါ ဥပဒေ(မူကြမ်း)နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ ပေးပို့လာသောပြင်ဆင်ရန် အကြံပြုချက်များအား စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂၀၁၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ (၄)၊ အပိုဒ် (က)နှင့်အညီ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်က တင်သွင်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ဖြင့် ထုတ်ပြန်ခဲ့သည့် လျှပ်စစ်ဥပဒေကို ကိုးကား၍ ပြုစုရေးဆွဲတင်ပြထားခြင်းဖြစ်ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၁၀)ခန်း၊ ပုဒ်မပေါင်း(၃၄)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး ဤအစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ယခုရှမ်းပြည်နယ်လွတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းစီကို စာမျက်နှာ အလိုက်တင်ပြပြီး လွတ်တော်၏ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက အမှတ်စဉ်တစ်ခုချင်းအလိုက်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ တင်ပြချက်။ ဥပဒေ (မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁)ဖြစ်ပါတယ်။ ခေါင်းစဉ်အဖြစ် ရှမ်းပြည်နယ် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေးဆိုင်ရာဥပဒေဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၁ အဖြစ် ဤဥပဒေကို ရှမ်းပြည်နယ် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေဟုခေါ်တွင် စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ) အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဂ) အဖြစ် ဝန်ကြီးဌာန ဆိုသည်မှာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန သို့မဟုတ် ဤဥပဒေတွင် ပါရှိသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ပေးသည့် သက်ဆိုင်ရာဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဃ) အဖြစ် ဝန်ကြီးဆိုသည်မှာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာဝန်ကြီးကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င) အဖြစ် စစ်ဆေးရေးမှူးချုပ်ဆိုသည်မှာ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွတ်တော်ဥပဒေအမှတ် (၄၄) လျှပ်စစ်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးဌာနက ခန့်အပ်သောပုဂ္ဂိုလ်ကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁)မှ(၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မူလဥပဒေကို တင်သွင်းသည့် အဆိုရှင်ဖြစ်ပါတယ်။ ဥပဒေခေါင်းစဉ် အခန်း(၁) ဥပဒေပုဒ်မ(၁) (၂)ခုကို ဆွေးနွေးချင်ပါတယ်။ မူလအဆိုပြုချက်အနေဖြင့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေကို တင်သွင်းခဲ့ပါတယ်။ ပြင်ဆင်ရန် အကြံပြုချက်တွင် ရှမ်းပြည်နယ် အလတ်စား၊ အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဖြန့်ဖြူးရေးဆိုင်ရာဥပဒေဆိုပြီး ဥပဒေကြမ်းကော်မတီက တင်သွင်းတာရှိပါတယ်။ မိမိအနေဖြင့် ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)၏ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေပြုစာရင်း အပိုဒ် (၄) စွမ်းအင်လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍအပိုဒ်(က)မှာ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဟု ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်အရ ပြည်ထောင်စုမှ စီမံခန့်ခွဲခွင့်ရှိတာသည် အကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဖြစ်ပြီး ၎င်းကိုလက်ရှိမှာ ၂၀၁၄ ပြည်ထောင်စု လျှပ်စစ်ဥပဒေဟု ခေါ်တွင်ပြီး လက်ရှိကျင့်သုံးနေတာဖြစ်ပါတယ်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိတာသည် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေဟု ခေါ်မည်ဆိုလျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့် ဆန့်ကျင်ခြင်းမရှိလို့မြင်ပါတယ်။ ရှမ်းပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ရေမြေသဘာဝခြင်း မတူညီသည့်အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့် နှိုင်းယှဉ်ပြောပြရမည်ဆိုပါက ရှမ်းပြည်နယ်လျှပ်စစ်ဟု ခေါ်တွင်လိုက်သည်နှင့် မဂ္ဂါဝပ် ၃၀ နှင့်အောက်ဆိုသည်ကို အလိုအလျောက်နားလည်ပြီး ဖြစ်သည့်အတွက် ပြည်ထောင်စု ဥပဒေဖြစ်သည့်အပြင် ၂၀၁၄ လျှပ်စစ်ဥပဒေနှင့်လည်း ဆန့်ကျင်ခြင်းမရှိသည့်အတွက် ကျွန်တော့်အနေနဲ့ အလတ်စား၊ အသေးစား

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေဆိုတဲ့ စကားရပ်အစား မူလအဆိုပြု သည့်အတိုင်းပဲ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေလို့ ခေါ်တွင်စေချင်ပါတယ်။ ၂၀၁၄ လျှပ်စစ် ဥပဒေကို ပြည်ထောင်စုအကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေလို့ မခေါ်သလိုပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေဟု ခေါ်မည့်အစား ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေလို့ ခေါ်တွင်စေလိုကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုပါကြောင်း ဆွေးနွေး တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို ဦးစိုင်းလင်းမြတ်က ကန့်ကွက်၍ ဥပဒေ (မူကြမ်း)ပါ ဖော်ပြထားသည့်အတိုင်း ထားရှိရန် တင်ပြသွားပါတယ်။ ဒါကြောင့် ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ဆန္ဒကို စက်ခလုတ်သုံး၍ ရယူပါမယ်။ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ သည် ထောက်ခံဆန္ဒမဲပေး၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောမ တူသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ကန့်ကွက်ဆန္ဒမဲပေးရန်ဖြစ်ပါတယ်။ ထောက်ခံ ဆန္ဒမဲများပါက ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်မှာ အတည်ဖြစ်ပြီး ကန့်ကွက်မဲ များပါက ဦးစိုင်းလင်းမြတ် တင်ပြသည့်အတိုင်း ဥပဒေ(မူကြမ်း)ပါ ဖော်ပြချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၆၆)၊ ကြားနေ(၂)မဲ၊ ကန့်ကွက်ဆန္ဒမဲ(၄၇)၊ မဲမပေး(၁)မဲ၊ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ ကျန်အမှတ်စဉ် ၂၊ ၃၊ ၄၊ ၅၊ ၆ ကတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အတိုင်းပဲ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(စ) အဖြစ် ကော်မတီ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ အလတ်စား နှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်း ကိစ္စရပ်များကို စိစစ် ဆောင်ရွက်ရန် အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ကော်မတီ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ကိုဆို သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ၂(ဆ) အဖြစ် ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာဆိုသည်မှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး၏ ဌာနအကြီးအမှူးကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င)ကို ပုဒ်မ ၂(ဇ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဇ) အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ဆိုသည်မှာ ပြည်နယ်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း၊ ကွပ်ကဲခြင်း နှင့် လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းတို့ ပါဝင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်း တစ်ရပ်ရပ်ကိုဆို သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဈ) အဖြစ် တစ်နိုင်တစ်ပိုင် လျှပ်စစ် ဆိုင်ရာလုပ်ငန်းဆိုသည်မှာ ၅၀၀ ကီလိုဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(စ)ကို ပုဒ်မ ၂(ည)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၇)မှ(၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇) မှ (၁၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၃) ဖြစ်ပါ တယ်။ အခန်း(၁)၊ ပုဒ်မ ၂(ည) အဖြစ် အသေးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းဆိုသည်မှာ ၅၀၀ ကီလိုဝပ် အထက်မှ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဌ) အဖြစ် အလတ်စား လျှပ်စစ်ဆိုင်ရာလုပ်ငန်းဆိုသည်မှာ ၁၀ မဂ္ဂါဝပ် အထက် မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဆ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဇ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဈ)ကို ပုဒ်မ ၂ (ဋ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၃)မှ(၁၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ။ ။

အမှတ်စဉ် (၂၀)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဃ) အဖြစ် လျှပ်စစ်ဓာတ်အား ဆိုင်ရာ လုပ်ကိုင်ခွင့်ဆိုသည်မှာ အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများလုပ်ကိုင်ခွင့်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ည) ကိုပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၈)မှ(၂၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၈) မှ (၂၁) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဋ)ကို ပုဒ်မ ၂ (ဏ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဏ) အဖြစ် မဟာဓာတ်အားလိုင်းနှင့် အပြန်အလှန်ဆက်သွယ်ရေး ခွင့်ပြုမိန့် ဆိုသည်မှာ တစ်နိုင် တစ်ပိုင်၊ အသေးစား၊ အလတ်စားဓာတ်အားလိုင်းစနစ်မှ မဟာဓာတ်အားလိုင်းသို့ သီးသန့်ဓာတ်အား ပို့လွှတ်သည့် စနစ်တစ်ခုအတွက် အပြန်အလှန် ဆက်သွယ်ရန် ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုမိန့်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဌ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၂၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဍ)ကို ပုဒ်မ ၂(တ)အဖြစ်၊ ပုဒ်မ ၂(ဃ) ကို ပုဒ်မ ၂ (ထ)အဖြစ်၊ ပုဒ်မ ၂ (ဏ)ကို ပုဒ်မ ၂(ဒ)အဖြစ်၊ ပုဒ်မ ၂ (တ)ကို ပုဒ်မ ၂(ဓ)အဖြစ်၊ ပုဒ်မ ၂ (ထ)ကို ပုဒ်မ ၂(န) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(တ)အဖြစ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဆိုသည်မှာ နည်းပညာတစ်ခုခုကို အသုံးပြု၍ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆိုသည်ဟု ပြင်ဆင်သင့်ပါသည်။

အမှတ်စဉ် (၂၂)မှ(၂၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၂) မှ (၂၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၂၇)ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(ဓ)အဖြစ် လျှပ်စစ်ဓာတ်အား ရောင်းဝယ်ခြင်းဆိုသည်မှာ ပြည်တွင်းမှဖြစ်စေ၊ ပြည်ထောင်စုအဆင့်မှ ခွင့်ပြုသော ပြည်ပမှဖြစ်စေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဖလှယ်ခြင်းကိစ္စရပ်များကို လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူနှင့် ဆက်သွယ်၍ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၈) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဒ) ကို ပယ်ဖျက်သင့်ပါတယ် ။

အမှတ်စဉ်(၂၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဓ)ကို ပုဒ်မ ၂ (ပ)အဖြစ်၊ ပုဒ်မ ၂ (န)ကို ပုဒ်မ ၂ (ဖ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၀)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ပ) အဖြစ် မဟာဓာတ်အားလိုင်းစနစ်ဆိုသည်မှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း ပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော စနစ်ကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၇)မှ(၃၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၇) မှ (၃၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၃၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဖ)အဖြစ် အသေးစားလျှပ်စစ် ဓာတ်အားစနစ်ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ယူနစ်တစ်ခုပါဝင်ပြီး တစ်ဦးထက်ပိုသော သုံးစွဲသူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့် ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက်တစ်ရပ်ကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၂)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဇ)အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေး လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးကဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၃၃)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ပ)ကို ပုဒ်မ ၂(ဘ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၄)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဘ)အဖြစ် လျှပ်စစ်ဓာတ်အား သုံးစွဲသူဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၅)ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဖ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၂၈)မှ(၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၈) မှ (၃၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၃၆) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(၈) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၃၇)ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဘ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၃၈)ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(မ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၃၉) ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃ အဖြစ် ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ခြင်းဖြင့် လူနေမှုဘဝ မြင့်မားလာစေရန်၊

(ခ) ပြည်နယ်အတွင်း အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ဂ) ရှမ်းပြည်နယ်၏ လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံစည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်ကို ပြဋ္ဌာန်းသတ်မှတ်ရန်၊

(ဃ) ပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ထိုက်သင့်သော အခွန်အခများ တိုးတက်ရရှိစေရန်၊

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်စေရန်၊

(စ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမို ပါဝင်လာစေရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၀)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(က)အဖြစ် ဂေဟစနစ်ဆိုင်ရာ အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်များ၊ မြစ်ချောင်းများနှင့် ယင်းတို့ရှိ လူသားနှင့် လူသားမဟုတ်သည့် သက်ရှိများ ဘဝရှင်သန်ရေးအခွင့်အရေး၊ လေးစားအသိ အမှတ်ပြုခံရမှု အခွင့်အရေး၊ အသက်ခန္ဓာ ရပ်တည်ရေးအတွက် ရေထုဆိုင်ရာအခွင့်အရေး၊ သန့်ရှင်းသည့် လေထုဆိုင်ရာအခွင့်အရေး၊ ခန္ဓာကိုယ်ကျန်းမာရေးနှင့် သက်သောင့်သက်သာ ရှိပိုင်ခွင့်နှင့် လေထု၊ မြေထု၊ ရေထုတို့ ညစ်ညမ်းခြင်းမှ ကင်းလွတ်ပိုင်ခွင့်နှင့် ဤအခွင့်အရေး များကို ဖောက်ဖျက်ခံရပါက အနီးစပ်ဆုံး မူလအနေအထားသို့ ပြန်လည်ရရှိပိုင်ခွင့်ဟု ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၃၆)မှ(၄၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၆) မှ (၄၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

ဦးစိုင်းလင်းမြတ်၊ မိုင်းရူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် အမှတ်စဉ်(၃၈) မူလဥပဒေတွင် ပါရှိသည့် ရန်ပုံငွေ ဆိုသည်မှာ ပုဒ်မ ၂၂ တွင် အဓိပ္ပာယ်သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အားအကျိုး သက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေကိုဆိုသည် ဆိုတဲ့အချက်ကို ထပ်မံပြန်လည်ဖြည့်စွက် ချင်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အမှတ်စဉ် (၁၅၅) အခန်း(၇) လျှပ်စစ်ဓာတ်အား အကျိုး သက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေဆိုတဲ့ အခန်း(၇) ခေါင်းစဉ်အောက်မှာရှိတဲ့ ပုဒ်မ၂၂၊ ၂၃၊ ၂၄၊ ၂၅ ကို ကိုယ်စားပြုမည့် အဓိပ္ပာယ်ဖွင့် ဆိုချက်ဖြစ်ပါတယ်။ လျှပ်စစ်ဥပဒေတွင် တစ်နိုင်တစ်ပိုင်ကို ၅၀၀ ကီလိုဝပ် ပေးထားပါတယ်။ တကယ်လို့ စီမံကိန်းများဝင်လာပါက ၅၀၀ ကီလိုဝပ်ဆိုသည်မှာ သေးငယ်သည့် ပမာဏမဟုတ်ပါဘူး၊ စီမံကိန်းများလုပ်တိုင်း သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေမည့် Environmental Impact, Social Impact, Health Impact

ကိစ္စရပ်များဖြစ်ပေါ်လာမယ်ဆိုရင် ဒါတွေကို တာဝန်ယူမှု၊ တာဝန်ခံမှုအနေဖြင့် သက်ရောက်မှုတွေအတွက် ပြန်ပြီးကုစားပေးဖို့ ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီများမှ ထပ်ပြီး Percentage အလိုက် ပြန်လည်ထည့်ဝင်ပေးသည့် ဖွံ့ဖြိုးရေးရန်ပုံငွေ (CSR)များကို ယခုလက်ရှိ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင်လည်း ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ အဲ့ဒီအတွက် ယင်းခေါင်းစဉ်ကို အဓိပ္ပာယ်ဖွင့်ဆိုပြီး ရေးထားတဲ့ အခန်း(၇) ပုဒ်မပါ ပြန်လည်ဖြည့်စွက်ချင်တဲ့အတွက် လွှတ်တော်၏ သဘောဆန္ဒကို ရယူမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၈)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို ဥပဒေတင်သွင်းသူက ကန့်ကွက်ပြီး ဥပဒေ (မူကြမ်း)ပါ မူလအဆိုပြုချက်အတိုင်းထားရှိရန် တင်ပြသွားပါတယ်။ ဒါကြောင့် ဒီအမှတ်စဉ်နှင့် ပတ်သက်ပြီး လွှတ်တော်၏ဆန္ဒကို စက်ခလုတ်အသုံးပြု၍ ရယူမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ထောက်ခံဆန္ဒမဲပေး၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၆၃)၊ ကြားနေ (၅)မဲ၊ ကန့်ကွက်ဆန္ဒမဲ (၄၃)၊ ဆန္ဒမပြု (၅)မဲ၊ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၄၁) ဖြစ်ပါတယ်။ မူလ အခန်း(၃)၊ ပုဒ်မ ၄(ခ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၄၂) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဂ)ကို ပုဒ်မ ၄ (ခ)အဖြစ်၊ ပုဒ်မ ၄ (ဃ)ကို ပုဒ်မ ၄(ဂ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၃) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဂ) အဖြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အားလုံးလွှမ်းခြုံသည့် ချဉ်းကပ်မှုဖြင့် ဆောင်ရွက်ရေး၊ ရှမ်းပြည်နယ်တွင် စီးပွားရေးနှင့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အားလုံးလွှမ်းခြုံသည့် ငြိမ်းချမ်းသာယာသော လူမှုဘဝတိုးတက်စေရန်၊ ကွဲပြား၍ ကျယ်ပြန့်မှုကို အခြေခံသော ပူးပေါင်းပါဝင်မှုကို အထောက်အကူပေးရန်၊ အားလုံးအတွက် ကုန်ကျစရိတ်သက်သာပြီး စိတ်ချယုံကြည်ရသည့် စွမ်းအင်ကို တရားမျှတစွာ ရရှိခံစားခွင့်ရရန်၊ စွမ်းအင်အရင်းအမြစ်များကို စဉ်ဆက်မပြတ် အလွယ်တကူသုံးစွဲရေးနှင့် အသုံးပြုခွင့်ရရှိရေးကိုအားပေးရန်နှင့် အဆင့်တိုင်းတွင် ထိရောက်ပြီး တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ရေးတို့ကို ဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၁)မှ(၄၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၁) မှ (၄၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၄၄) ဖြစ်ပါတယ်။ မူလ အခန်း(၃)၊ ပုဒ်မ ၄(ဇ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။ အခန်း(၄)ခေါင်းစဉ် အဖြစ် ကော်မတီ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄၆) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၅ အဖြစ် အစိုးရအဖွဲ့သည် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်-

(က) ဝန်ကြီး၊ ဥက္ကဋ္ဌ

(ခ) သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များ

(ဂ) သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ၊ အဖွဲ့ဝင်များ

(ဃ) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ အတွင်းရေးမှူးဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၄၄)မှ(၄၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၄)မှ (၄၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၄၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ အဖြစ် အစိုးရအဖွဲ့သည် ပုဒ်မ ၅ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့သက်တမ်းနှင့်အညီ သတ်မှတ်နိုင်သည်။ ဝန်ကြီးသည် ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ကို သတ်မှတ်ဖွဲ့စည်းပေးနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၄)ကို အခန်း(၅) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၉) ဖြစ်ပါတယ်။ အခန်း(၅) ခေါင်းစဉ်အဖြစ် ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၀) ဖြစ်ပါတယ်။ ပုဒ်မ ၅ ကို ပုဒ်မ ၇ အဖြစ်၊ ပုဒ်မ ၅(က)ကို ပုဒ်မ ၇(က)အဖြစ်၊ ပုဒ်မ ၅(ခ) ကို ပုဒ်မ ၇(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၁) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(က) အဖြစ် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များနှင့်အညီ ရှမ်းပြည်နယ်တွင် စွမ်းအင်ကဏ္ဍနှင့် သက်ဆိုင်သည့် မဟာဗျူဟာများ၊ မူဝါဒ၊ စီမံကိန်း၊ ရည်မှန်းချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရန်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၂) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ၇(ခ) အဖြစ် ပုဒ်မ ၂၆ တွင် သတ်မှတ်ထားသည့်အတိုင်း ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အားလုပ်ငန်း ဆောင်ရွက်ချက်များကို စည်းမျဉ်း စည်းကမ်းများအရ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ လိုင်စင်များထုတ်ပေးရန်နှင့် ယင်းလိုင်စင်များ ထုတ်ပေးရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ရှိပါက သက်ဆိုင်ရာတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့၏ သဘောထား မှတ်ချက်ရယူရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၇)မှ(၅၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၇) မှ (၅၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၅၃) ဖြစ်ပါတယ်။ မူလ အခန်း(၄) ပုဒ်မ ၅(ဂ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၅၄) ဖြစ်ပါတယ်။ ပုဒ်မ ၅ (ဃ)ကို ပုဒ်မ ၇ (ဂ) အဖြစ်၊ ပုဒ်မ ၅ (င)ကို ပုဒ်မ ၇(ဃ) အဖြစ်၊ ပုဒ်မ ၅ (စ)ကို ပုဒ်မ ၇ (င) အဖြစ်၊ ပုဒ်မ ၅ (ဆ)ကို ပုဒ်မ ၇ (စ) အဖြစ်၊ ပုဒ်မ ၅ (ဇ)ကို ပုဒ်မ ၇ (ဆ) အဖြစ်၊ ပုဒ်မ ၅ (ဈ)ကို ပုဒ်မ ၇ (ဇ) အဖြစ်၊ ပုဒ်မ ၅ (ည)ကို ပုဒ်မ ၇ (ဈ) အဖြစ်၊ ပုဒ်မ ၅ (ဋ)ကို ပုဒ်မ ၇ (ည) အဖြစ်၊ ပုဒ်မ ၅ (ဌ)ကို ပုဒ်မ ၇ (ဋ) အဖြစ်၊ ပုဒ်မ ၅ (ဍ)ကို ပုဒ်မ ၇(ဌ) အဖြစ်၊ ပုဒ်မ ၅ (ဎ)ကို ပုဒ်မ ၇ (ဍ) အဖြစ်၊ ပုဒ်မ ၅ (ဏ)ကို ပုဒ်မ ၇ (ဎ) အဖြစ်၊ ပုဒ်မ ၅ (တ)ကို ပုဒ်မ ၇ (ဏ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၅) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဃ) အဖြစ် မဟာဓာတ်အားလိုင်းတိုးချဲ့သည်နှင့်အမျှ တိုးချဲ့လာသည့်ဒေသအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် အစိုးရအဖွဲ့မှ လျာထားဆောင်ရွက်ပေးရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၆) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(င) အဖြစ် မဟာဓာတ်အားလိုင်းပြင်ပသို့မဟုတ် အသေးစားဓာတ်အားလိုင်းနယ်မြေများတွင် လျှပ်စစ်ဝန်ဆောင်မှု လုပ်ငန်းများ ဖြည့်ဆည်းပေးရေးအတွက် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများနှင့် နှုန်းထားများအား ညှိနှိုင်းဆောင်ရွက်ပေးရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၇) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဇ)အဖြစ် လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်စံနှုန်းများကို အများပြည်သူသိရှိစေရန်အတွက် ထုတ်ပြန်ကြေညာပေးရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၈) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဈ) အဖြစ် ဝန်ကြီးဌာန၏ အများပြည်သူနှင့်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ရန်၊ အများပြည်သူနှင့် အဓိကသက်ဆိုင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရေးတိုးမြှင့်ရန်၊ သတင်းအချက်အလက်တို့ကို ပွင့်လင်းမြင်သာစွာ သိရှိစေရန်နှင့် အခြားဝန်ကြီးဌာနများ သို့မဟုတ် အစိုးရဌာနများ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူများ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအသိုင်းအဝိုင်းများနှင့် အများပြည်သူတို့ကို အကျိုးထိခိုက်နိုင်သည့် သတင်းအချက်အလက်

များကို ပွင့်လင်းမြင်သာစွာ ပညာပေးရန်နှင့် အသိပေးအကြောင်းကြားရန်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(၎) အဖြစ် တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်မှ ပေါ်ပေါက်လာသော လျှပ်စစ်ဓာတ်အား သုံးစွဲသူများအပေါ် ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကိုကာကွယ်ရန် အရေးယူဆောင်ရွက်ချက်များအပါအဝင် သုံးစွဲသူ ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် အရည်အသွေး သတ်မှတ်ပြဋ္ဌာန်းရေးအတွက် စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ကြေညာချက်များ ထုတ်ပြန်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၀) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(၌) အဖြစ် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမရှိသော တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများအတွက် လျှပ်စစ်ဓာတ်အားနှုန်းထားများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပေါ်တွင် ဒေသဆိုင်ရာအခနှုန်းထားများကို ညှိနှိုင်းဆောင်ရွက်ပေးရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၃)မှ(၆၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၃) မှ (၆၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၆၁) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(၍) အဖြစ် တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အား အကျိုးသက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေဆိုင်ရာ မူဝါဒ လမ်းညွှန်ချက်များကို ချမှတ်ရန်၊ ကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၂) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ၇(ဏ) အဖြစ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က တာဝန်ပေးသည့်အတိုင်း လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၃) ဖြစ်ပါတယ်။ မူလအခန်း(၄) ပုဒ်မ ၅(ထ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၆၄) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(တ)အဖြစ် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များအနက်မှ စွမ်းရည်မြင့်ကဏ္ဍ၊ နည်းပညာပိုင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၏ အကြံဉာဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို တောင်းခံရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၅) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ထ) အဖြစ် ပြည်နယ်အကျိုးငှာ လိုအပ်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် စိစစ်၍ အစိုးရအဖွဲ့ထံတင်ပြရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၆) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဒ) အဖြစ် လျှပ်စစ်ဓာတ်အား ဆိုင်ရာ အမှတ်စဉ်(၆၅)လုပ်ကိုင်ခွင့်ရရှိသူသည် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရေးအတွက် တင်ပြချက်ကို စိစစ်ပြီး အစိုးရအဖွဲ့ထံသို့ တင်ပြရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆၁)မှ(၆၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆၁) မှ (၆၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၆၇) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ခ)အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်

ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ရေးအတွက် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးရန်၊ လိုအပ်ပါက စစ်ဆေးရေးမှူးချုပ်နှင့် ဆက်သွယ် ဆောင်ရွက်ရန် ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၈)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၈ အဖြစ်ကော်မတီ သို့မဟုတ် ကြီးကြပ် ရေးအဖွဲ့၏လုပ်ငန်းတာဝန်များကြီးကြပ်ရေးအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များ ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်လျှောက်ထားချက်ကို စိစစ်၍ အစိုးရ အဖွဲ့ထံ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက် များကိုလည်းကောင်း၊ လုပ်ကိုင်ခွင့် စည်းကမ်းချက်များကို လည်းကောင်း လိုက်နာစေရန် ကြီးကြပ်ခြင်း၊

(ဂ) ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိပြီး မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကို လုပ်ကိုင်လိုကြောင်း တင်ပြလာပါကစိစစ်၍ အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဃ) ပြည်နယ်အကျိုးငှာ လိုအပ်သော အလတ်စားနှင့် အသေးစားလျှစ်စစ် ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများ အခွန်အခပေးဆောင်ခြင်းကို ကင်းလွတ် ခွင့်ပြုနိုင်ရေးအတွက် စိစစ်၍ အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(င) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ် ဓာတ်အားလိုင်းများမှ ငှားရမ်းသုံးစွဲ၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုကြောင်း လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် ပိုလျှံသော လျှပ်စစ် ဓာတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရေး အတွက် တင်ပြချက်ကို စိစစ်ပြီး အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(ဆ) လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် တင်သွင်းလာသော အယူခံမှုကို ကြားနာခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၉) ဖြစ်ပါတယ်။ အခန်း(၆) ခေါင်းစဉ်အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆၇)မှ(၆၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆၇) မှ (၆၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇၀) ဖြစ်ပါတယ်။ အခန်း (၆)၊ ပုဒ်မ ၉ အဖြစ် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့် လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့ထံသို့ လျှောက်ထားရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၁) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၀ အဖြစ် အစိုးရအဖွဲ့သည် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် အဖွဲ့အစည်းကမဆို လျှောက်ထားလာပါက လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၂) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၁ အဖြစ် အစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည်-

(က) လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခြင်း ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၃) ဖြစ်ပါတယ်။ အခန်း (၇) ခေါင်းစဉ်အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၇၀)မှ(၇၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၀) မှ (၇၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇၄) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၂ အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည်-

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်ရမည်၊

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အား တိုင်းတာရေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပြု ပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင် အသုံးပြုရမည်၊ မပျက်စီးစေရန်လည်း ထိန်းသိမ်းရမည်၊

(ဃ) လျှပ်စစ်လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသည့် နည်းလမ်းများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းတွင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်၊

(င) စက်လည်ပတ်ရာတွင် အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ် မရှိစေရန် ဆောင်ရွက်ရမည်၊

(စ) လျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရစ္ဆာန်အတွက် အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ဆ) လျှပ်စစ်ဓာတ်အားသုံးစွဲသူထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံခွင့်ရှိသည်၊

(ဇ) သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့်ရက်အတွင်း မရရှိပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခွင့်ရှိသည်၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်၊

(ည) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ငှားရမ်းသုံးစွဲ၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်းရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၅) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၃ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားရောင်းချလိုပါက အစိုးရအဖွဲ့သို့ လျှောက်ထားနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၆) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၄ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့တွင် မှတ်ပုံတင်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၇၄)မှ(၇၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၄) မှ (၇၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇၇) ဖြစ်ပါတယ်။ အခန်း (၇)၊ ပုဒ်မ ၁၅ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ရရှိသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က သတ်မှတ်ထား

သည့် စည်းမျဉ်း စည်းကမ်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၈) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၉) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၇ အဖြစ် လျှပ်စစ်အန္တရာယ်ကာကွယ်မှုနှင့် ပတ်သက်၍ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်ချောင်း၊ ဆိပ်ကမ်း၊ ဆိပ်ခံတံတား၊ သင်္ဘောကျင်း၊ ရေကတုတ် စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်းမရှိစေရ၊

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့် ရရှိထားသည့် လုပ်ငန်းအား စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်မှုမရှိခြင်းကြောင့် ကြေးနန်း၊ စကားပြော ကြေးနန်း၊ သင်္ကေတသုံး လျှပ်စစ်ကြေးနန်း၊ အချက်ပြကြေးနန်း ရိုက်ရာတွင် အသုံးပြုနေသည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အား ကူးဝင်စေခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မဖြစ်စေရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၀) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၈ အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာ ရရှိစေရန်ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မသန်စွမ်းဖြစ်စေရန်ဖြစ်စေ၊ သေဆုံးစေရန်ဖြစ်စေ၊ လျှပ်စစ်အန္တရာယ် မတော်တဆဖြစ်ပေါ်စေခဲ့လျှင် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၁) ဖြစ်ပါတယ်။ အခန်း (၈) ခေါင်းစဉ်အဖြစ် လျှပ်စစ်စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၂) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၉ အဖြစ် ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လျှပ်စစ်စစ်ဆေးရေးအဖွဲ့ကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ဥက္ကဋ္ဌ

အဖြစ်လည်းကောင်း၊ စစ်ဆေးရမည့် ဒေသရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ ဦးစီးမှူးများက အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်သော လျှပ်စစ်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ဖြည့်စွက်သင့်ပါ တယ်။

အမှတ်စဉ် (၇၇)မှ(၈၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၇) မှ (၈၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၈၃) ဖြစ်ပါ တယ်။ အခန်း (၈)၊ ပုဒ်မ ၂၀ အဖြစ် လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်ဓာတ်အားသုံးစွဲသူ၏ ဓာတ်အားသုံးစွဲမည့် နေရာများ၊ အများပြည်သူ နှင့်သက်ဆိုင်သောနေရာများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်း ကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး လျှပ်စစ် အန္တရာယ် ကင်းရှင်းကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်များနှင့် ပတ်သက်၍ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျ တောင်းခံခြင်း၊

(c) လျှပ်စစ်အန္တရာယ်ကျရောက်မည့် ကိစ္စရပ်တွင် စက်ရုံ၊ အလုပ်ရုံ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူ နေထိုင်ရာနေရာ၌ အသုံးပြုသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့် နေရာ၌ အသုံးပြုသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း၊

(စ) သက်ဆိုင်ရာအာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်း တို့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာ၊ သတ်မှတ်သည့် အဆောက်အအုံအတွင်းသို့ လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သုံးစွဲခြင်း ရှိ/ မရှိ ဝင်ရောက်စစ်ဆေးခြင်း၊

(ဆ) လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဇ) လျှပ်စစ်ပစ္စည်းကိရိယာစစ်ဆေးခများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့တင်ပြခြင်း၊

(ဈ) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများ၏ လုပ်ခကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၃)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၈၃)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၈၄) ဖြစ်ပါတယ်။ အခန်း (၈)၊ ပုဒ်မ ၂၁ အဖြစ် လျှပ်စစ်စစ်ဆေးရေး အဖွဲ့သည် မိမိအားအပ်နှင်းထား

သည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေး လုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၅) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၂ အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကျရောက်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ရန် အလို့ငှာ အများပြည်သူ အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာနတာဝန်ခံကို ညွှန်ကြားနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၆) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၃ အဖြစ် လျှပ်စစ်ဓာတ်အားကြောင့် လူသို့မဟုတ် တိရစ္ဆာန်ဒဏ်ရာရရှိခြင်းနှင့် ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့် ပတ်သက်၍ ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူများကို စစ်ဆေးခွင့်ရှိသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၇) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၄ အဖြစ် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ အသုံးပြုသည့်ပစ္စည်း ကိရိယာများ မှန်ကန်မှု ရှိ/ မရှိ စသည့်ကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် စနစ်တကျစစ်ဆေး၍ လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် အဆုံးအဖြတ်ပေးရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၄)မှ(၈၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၈၄) မှ (၈၇) ထိပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၈၈)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၅ အဖြစ် ပုဒ်မ ၂၄ အရ လျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ်

မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ကြီးကြပ်ရေးအဖွဲ့ထံ အယူခံနိုင်သည်။ ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၉) ဖြစ်ပါတယ်။ အခန်း(၅) ကို အခန်း(၉)အဖြစ်၊ အခန်း(၆) ကို အခန်း (၁၀) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၉၀) ဖြစ်ပါတယ်။ အခန်း(၉) ခေါင်းစဉ်အဖြစ် လိုင်စင်ပေးခြင်းဆိုင်ရာ လုပ်ငန်းများဟု ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၉၁) ဖြစ်ပါတယ်။ မူလ အခန်း(၅) ပုဒ်မ ၆ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၉၂) ဖြစ်ပါတယ်။ ပုဒ်မ ၇ ကို ပုဒ်မ ၂၆ အဖြစ်၊ ပုဒ်မ ၈ ကို ပုဒ်မ ၂၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၈၈)မှ(၉၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၈၈) မှ (၉၂) ထိ ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၉၃)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၆ အဖြစ် ပြည်နယ်အဆင့် လျှပ်စစ် ဓာတ်အားဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ-

(က) ပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ၃၀ မဂ္ဂါဝပ်နှင့်အောက် ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ဆောင်ရွက်ရန် စီမံကိန်း လုပ်ငန်းရှင်သည် ဝန်ကြီးဌာန၏ လိုင်စင်ကိုရယူ၍ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းဆောင်ရွက်ချက်ကို ကြီးကြပ်၍စည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်သည့် လုပ်ငန်းများကို ရုပ်သိမ်းနိုင်သည်။

(ဂ) ပြည်နယ်အဆင့်စီမံကိန်းများမှ မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အား ရောင်းချလိုပါက စီမံကိန်းလုပ်ငန်းရှင်သည် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနထံ လျှောက်ထားခွင့်ပြုချက်ရယူရမည်။ လက်ခံနိုင်သည့် စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ထားသည့် သို့မဟုတ် အဆင့်မြှင့်တင်ထားသည့် ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စီမံကိန်းများကို ပြည်ထောင်စု၏ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဝန်ကြီးဌာနသည် ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပို့လွှတ်ခြင်း စီမံကိန်းများအတွက် ပြည်ထောင်စုလျှပ်စစ်ဥပဒေ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၉၃)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၉၃) ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ် အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၉၄)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၇ အဖြစ် တစ်နိုင်တစ်ပိုင်လျှပ်စစ် ဆိုင်ရာလုပ်ငန်းများ-

(က) ၅၀၀ ကီလိုဝပ်အထိ တစ်နိုင်တစ်ပိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးစီမံကိန်းများတွင် အကျိုးစီးပွား မပါရှိပါက မှတ်ပုံတင်ဆောင်ရွက်ရမည်။ အကျိုးစီးပွားအတွက် အခကြေးငွေရယူ၍ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချပါက လိုင်စင်ရယူရမည်။

(ခ) တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများသည် ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား လုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက် စုဆောင်းမှုတွင် ပါဝင်ရေးအတွက် ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနမှ တာဝန်ပေးသည့်ရုံးများကို ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများအား သတင်းအချက်အလက်ပေးပို့ရမည်။

(ဂ) မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်ဆန္ဒရှိသည့် တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးဌာနမှ မဟာဓာတ်အားလိုင်း အပြန်အလှန် ချိတ်ဆက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးရမည်ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၉၄)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၉၄) ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၉၅)ဖြစ်ပါတယ်။ အခန်း (၁၀) ခေါင်းစဉ်အဖြစ် **လိုင်စင်များ**ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၆) ဖြစ်ပါတယ်။ ပုဒ်မ ၉ ကို ပုဒ်မ ၂၈ အဖြစ်၊ ပုဒ်မ ၁၀ ကို ပုဒ်မ ၂၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၉၇) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၈ အဖြစ် ရှမ်းပြည်နယ်တွင် အောက်ပါလျှပ်စစ်ဓာတ်အား လုပ်ငန်းဆောင်ရွက်ရန် ဆန္ဒရှိသူ တစ်ဦးသည် ကိစ္စရပ်တစ်ခုချင်းစီအလိုက် လိုင်စင်တစ်ခုရရှိရန် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သည့် သက်ဆိုင်ရာရုံးသို့ လျှောက်ထားရမည်(က) ထုတ်လုပ်ခြင်း၊ (ခ) ပို့လွှတ်ခြင်း၊ (ဂ) ဖြန့်ဖြူးခြင်း၊(ဃ) မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ခြင်းမရှိသော နယ်စပ်ဒေသများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ လျှပ်စစ်ဓာတ်အားကို နယ်စပ်ဖြတ်ကျော် ရောင်းဝယ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၈) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၉ အဖြစ် ဝန်ကြီးဌာနသည် လိုင်စင်လျှောက်ထားရန် စည်းမျဉ်း၊ စည်းကမ်းများအရ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၉) ဖြစ်ပါတယ်။ အခန်း (၁၀)၊ ပုဒ်မ ၃၀ အဖြစ် လျှောက်ထားသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လျှောက်ထားရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၀၀) ဖြစ်ပါတယ်။ ပုဒ်မ ၁၁ ကို ပုဒ်မ ၃၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၉၅)မှ(၁၀၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၉၅) မှ (၁၀၀) ထိ ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၀၁) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၁ အဖြစ် ခွင့်ပြုမိန့်အရ ထုတ်ပေးသည့်လုပ်ငန်းလိုင်စင်တွင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းအလိုက် သတ်မှတ်ထားသော အချက်အလက်များအပါအဝင် အောက်ပါတို့ပါဝင်ရမည်-

(က) ခွင့်ပြုမိန့်ရရှိသူ၏ အမည်နှင့် လိပ်စာ၊

(ခ) ခွင့်ပြုမိန့် သက်တမ်း၊

(ဂ) ခွင့်ပြုမိန့်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊

(ဃ) နှုန်းထားများနှင့် အခကြေးငွေများကို ဆုံးဖြတ်ရန် အခြေခံအချက်၊

(င) ခွင့်ပြုမိန့်ရရှိသူ၏ အစီရင်ခံစာအတွက် လိုအပ်ချက်များ၊

(စ) လုပ်ငန်းဆောင်ရွက်သည့် နယ်မြေဒေသ၊

(ဆ) ဝန်ကြီးဌာနမှ သတ်မှတ်သော နည်းပညာ၊ ငွေရေးကြေးရေး နှင့် အခြားလိုအပ်သည့် သတင်းအချက်အလက်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀၂) ဖြစ်ပါတယ်။ မူလ အခန်း(၆) ပုဒ်မ ၁၂ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၀၃) ဖြစ်ပါတယ်။ ပုဒ်မ ၁၃ ကို ပုဒ်မ ၃၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀၄) ဖြစ်ပါတယ်။ အခန်း (၁၀)၊ ပုဒ်မ ၃၂(စ္ခ) အဖြစ် အဆိုပြုသည့် လုပ်ငန်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ တည်ရှိပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သဘောထားနှင့် ထောက်ခံတင်ပြချက်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၀၅) ဖြစ်ပါတယ်။ မူလအခန်း(၆) ပုဒ်မ ၁၄ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၀၁)မှ(၁၀၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၀၁) မှ (၁၀၅)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၀၆) ဖြစ်ပါတယ်။ ပုဒ်မ ၁၅ ကို ပုဒ်မ ၃၃ အဖြစ်၊ ပုဒ်မ ၁၆ ကို ပုဒ်မ ၃၄ အဖြစ်၊ ပုဒ်မ ၁၇ကို ပုဒ်မ ၃၅ အဖြစ်၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၃၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀၇) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၃ အဖြစ် ဝန်ကြီးဌာနသည် လျှောက်ထားသူအနေဖြင့်အောက်ပါအချက်အလက်များကိုလိုက်နာရန် ပျက်ကွက်နိုင်သည်ဟု အထောက်အထားရှိနေသည့်လုပ်ငန်းဆောင်ရွက်မှု တစ်ရပ်အတွက် လိုင်စင်ထုတ်ပေးခြင်း မပြုရ-

(က) သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ရေအရင်းအမြစ်များ သို့မဟုတ် ရေအသုံးချမှု ဆိုင်ရာ အခွင့်အရေးများကို ခွဲဝေသုံးစွဲရာတွင် အဓိကသက်ဆိုင်သည့် လူမှု အသိုင်းအဝိုင်းများထံမှ သဘောတူခွင့်ပြုချက်ရရှိရန် လိုအပ်ချက်၊

(ခ) အကျုံးဝင် သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ရယူသုံးစွဲသူအား ကာကွယ်စောင့်ရှောက်ရေး၊ အများပြည်သူ လုံခြုံရေးစံချိန်စံညွှန်းများနှင့် လိုအပ်ချက်များ၊

(ဂ) ဝန်ကြီးဌာနမှလုပ်ငန်းလိုင်စင်ထုတ်ပေးရန် သတ်မှတ်ပေးထားသော စည်းမျဉ်း စည်းကမ်းနှင့် အထောက်အထားများ ပြည့်စုံမှုမရှိခြင်းဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၁၀၆)မှ (၁၀၇)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြု ချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၀၆) မှ (၁၀၇)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ် အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၀၈) ဖြစ်ပါ တယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၄ အဖြစ် ဝန်ကြီးဌာနသည် ဤဥပဒေနှင့်အညီ လိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းပြီး ထုတ်ဝေရ မည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀၉) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၅အဖြစ် ဝန်ကြီးဌာနသည် လိုင်စင်ရရှိသူများမှ လိုင်စင်တွင် ပါရှိသည့် စည်းကမ်းချက်များ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက လိုင်စင်ကို ဆိုင်းငံ့ ထားနိုင်သည်၊ ပြောင်းလဲနိုင်သည် သို့မဟုတ် ရုပ်သိမ်းနိုင်သည်-

(က) အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအကျိုးစီးပွားကို ထူးခြားစွာ ဆုံးရှုံးနစ်နာစေသည့် ထိခိုက်မှု၊

(ခ) နေရာဒေသတစ်ခုတွင် ဖောက်ဖျက်မှုတစ်ရပ်အား ထပ်ခါတလဲလဲ ပေါ်ပေါက်ခြင်း သို့မဟုတ် အချိန်တစ်ရပ်ရပ်ထိ ဆက်လက်ပေါ်ပေါက်နေခြင်း သို့မဟုတ် ဝန်ကြီးဌာနက ယင်းသို့ဖောက်ဖျက်သည့် အကျိုးသက်ရောက်မှုကြောင့် လိုင်စင်ရရှိသူသည် ယင်း၏ ဆောင်ရွက်ရန် တာဝန်များကို ဖြည့်ဆည်းရန် မစွမ်းဆောင်နိုင်ဟု ဆုံးဖြတ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၀၈)မှ(၁၀၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၀၈)မှ(၁၀၉)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၁၀) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၆ အဖြစ် ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့်လိုင်စင်တွင်ပါရှိသည့် စည်းကမ်းချက်များကို ပြင်ဆင်သတ်မှတ်နိုင်သည်။ သို့သော် -

(က) လိုင်စင်ရရှိသူထံသို့ ပြင်ဆင်သတ်မှတ်ချက်ကို အကြောင်းကြားရမည်။

(ခ) ပြင်ဆင်သတ်မှတ်ချက်များသည် အများပြည်သူနှင့် လိုင်စင်ရရှိသူတို့၏ နစ်နာမှုများအား ပြေလည်စွာ ညှိနှိုင်းဆောင်ရွက်မှုအရ ဖြစ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁၁) ဖြစ်ပါတယ်။ မူလ အခန်း(၆) ပုဒ်မ ၁၉ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၂) ဖြစ်ပါတယ်။ ပုဒ်မ ၂၀ ကို ပုဒ်မ ၃၇ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၃၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၁၀)မှ(၁၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၁၀)မှ(၁၁၂)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၁၃) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၇ အဖြစ် လိုင်စင်ရရှိသူသည် ဤဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း သို့မဟုတ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါ့လျော့ခြင်း တို့ကြောင့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်သည် နစ်နာဆုံးရှုံးမှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခဲ့လျှင် တည်ဆဲဥပဒေများနှင့်အညီ တာဝန်ရှိစေရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁၄) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၈အဖြစ် လိုင်စင်ရရှိသူသည် သဘာဝဘေးအန္တရာယ်များ၊ မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်တွင် ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများရှိခဲ့ပါက တာဝန်မရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁၅) ဖြစ်ပါတယ်။ မူလအခန်း(၇) လျှပ်စစ်ဓာတ်အား အကျိုးသက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၆) ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၂၂ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၇) ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၂၃ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၈) ဖြစ်ပါတယ်။ မူလအခန်း(၇) ပုဒ်မ ၂၄ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၉) ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၂၅ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၁၃)မှ(၁၁၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၁၃) မှ (၁၁၉)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ခနနေကအဓိပ္ပာယ်ဖွင့်ဆိုချက်မှာကတည်းက မဲခွဲဆုံးဖြတ်တာ ရှုံးခဲ့တဲ့အတွက် ဆက်ဆွေးနွေးလည်း အောင်မြင်ဖို့လမ်းမမြင်ပါဘူး။ ဒါပေမဲ့လည်း ဒါနဲ့ပတ်သက်ပြီးတော့ အမှတ်စဉ်(၆၁)၏ အခန်း(၅) ပုဒ်မ၇ (ဃ)မှာ တစ်နိုင်တစ်ပိုင် အလတ်စားနှင့် အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏လျှပ်စစ်ဓာတ်အားအကျိုးသက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ချမှတ်ရန်၊ ကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်လို့ ပါရှိပြီးဖြစ်သည့်အတွက် ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ရန်ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ထောက်ခံတာလား။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဟုတ်ကဲ့၊ ထောက်ခံတာပါခင်ဗျား။

ဥက္ကဋ္ဌ။ ထောက်ခံတဲ့အတွက် အမှတ်စဉ်(၁၁၃)မှ (၁၁၉)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ပါတယ်။ အတည်ဖြစ်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၂၀) ဖြစ်ပါတယ်။ အခန်း (၁၁) ခေါင်းစဉ်အဖြစ် စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၁) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၃၉ အဖြစ် အောက်ပါအချက်များ အား လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းများရှိပါက စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူ ဆောင်ရွက်နိုင်သည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသည့် တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) မှတ်ပုံတင်ထားရှိသည့် တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများသည် စီးပွားရေးအကျိုးအလို့ငှာ ဆောင်ရွက်ခြင်း၊

(ဂ) သဘောတူထားရှိသည့် စံချိန်စံညွှန်းများအား ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဃ) နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများတွင် ပါဝင်သည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၀)မှ(၁၂၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြု ချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၀) မှ (၁၂၁)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ် အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၂၂) ဖြစ်ပါ တယ်။ အခန်း(၁၁)၊ ပုဒ်မ ၄၀ အဖြစ် ကြီးကြပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍လိုအပ်ချက်များကိုဆောင်ရွက်စေပြီး ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၃) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၄၁ အဖြစ် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ချက်၊ အဆုံးအဖြတ်များအား အရေးယူခံရသူမှ တရားဥပဒေကြောင်းအရ ပြန်လည်၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၄) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၄၂ အဖြစ် ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်မှု၊ အဆုံးအဖြတ်များကို လိုက်နာခြင်းမရှိပါက ဤဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအရဖြစ်စေ၊ တည်ဆဲဥပဒေများအရဖြစ်စေ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၂)မှ(၁၂၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၂) မှ (၁၂၄)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၂၅) ဖြစ်ပါတယ်။ အခန်း(၁၂)ခေါင်းစဉ်အဖြစ် **အယူခံခြင်း**ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၆) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၄၃အဖြစ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့်အရာရှိမှ ထုတ်ပြန်သည့် အမိန့်၊ စည်းမျဉ်းစည်းကမ်း၊ ထုတ်ပြန်ကြေညာချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို မကျေနပ်ပါက ထိုသူသည် ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်ပိုင်ခွင့် ရှိသည်။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် အရာရှိမှ ထုတ်ပြန်သည့် အဆိုပါ စည်းမျဉ်းစည်းကမ်း၊ ထုတ်ပြန်ကြေညာချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းကို

ထုတ်ပြန်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၆၀)အတွင်း ဝန်ကြီးဌာနသို့ တင်သွင်းရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၇) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၄၄ အဖြစ် ဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ စည်းမျဉ်း စည်းကမ်း၊ ထုတ်ပြန် ကြေညာချက် သို့မဟုတ် လုပ်ထုံး လုပ်နည်း တစ်ရပ်ရပ်ကို မကျေနပ်ပါက ထိုသူသည် အစိုးရအဖွဲ့သို့ အယူခံဝင်ရောက်ပိုင်ခွင့်ရှိသည်။ ဝန်ကြီးဌာနက ထုတ်ပြန်သည့် အဆိုပါစည်းမျဉ်းစည်းကမ်း၊ ထုတ်ပြန်ကြေညာချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်သည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့သို့ တင်သွင်းရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၈) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၄၅ အဖြစ် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၅)မှ(၁၂၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၅) မှ (၁၂၈)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၂၉) ဖြစ်ပါတယ်။ အခန်း(၁၃) ခေါင်းစဉ်အဖြစ် တားမြစ်ချက်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၀) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၆ အဖြစ် မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှစ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၁) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၇ အဖြစ် မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၂) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၈ အဖြစ် မည်သူမျှ-

(က) အန္တရာယ်ဖြစ်စေနိုင်သော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း၊ အသုံးပြုခြင်း မပြုရ၊

(ခ) တည်ဆဲဥပဒေများအရ စစ်ဆေးခြင်းကို ငြင်းဆန်ခြင်း မပြုရ၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) ခွင့်ပြုမိန့်မရှိဘဲ တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို စီးပွားရေး အကျိုးအလို့ငှာ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းမပြုရ။

(င) မှတ်ပုံတင်ထားခြင်းမရှိဘဲ တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၃) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၉ အဖြစ် ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ ခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၄) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၀ အဖြစ် မည်သူမျှ ခွင့်ပြုချက် မရှိဘဲ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းနှင့် ဓာတ်အားလိုင်းထိခိုက်ပျက်စီးဆုံးရှုံးစေမည့် လုပ်ငန်းများမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၅) ဖြစ်ပါတယ်။ အခန်း(၁၃) ၊ ပုဒ်မ ၅၁ အဖြစ် မည်သူမျှ-

(က) ခွင့်ပြုထားသောလျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေးစနစ်ကို တစ်နည်းနည်းဖြင့် အကျိုးဖျက်ဆီးခြင်းမပြုရ၊

(ခ) ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သော သဘောဖြင့် သွယ်တန်းရယူခြင်း၊ အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၉)မှ(၁၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၉) မှ (၁၃၅)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၃၆) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၂ အဖြစ် မည်သူမဆို အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ အလတ်စား သို့မဟုတ် အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၇) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၃ အဖြစ် မည်သူမျှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၈) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၄ အဖြစ် ခွင့်ပြုချက်မရရှိဘဲ မည်သူကိုမျှ ခွင့်ပြုမိန့်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့် ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ခွင့်ပြုမိန့်မရရှိဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်း ဖြင့်လွှဲပြောင်းပေးအပ်ခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၉) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၅ အဖြစ် မည်သူမျှ ခွင့်ပြုချက် မရှိဘဲ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၀) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၆ အဖြစ် မည်သူမဆို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ခြင်းမရှိသော နယ်စပ်ဒေသများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ

လျှပ်စစ်ဓာတ်အားကို နယ်စပ်ဖြတ်ကျော် ရောင်းဝယ်ခြင်းများအား မှတ်ပုံမတင်ဘဲ သို့မဟုတ် လိုင်စင်ရရှိခြင်းမရှိဘဲ မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၃၆)မှ(၁၄၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၃၆) မှ (၁၄၀)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၄၁) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၇ အဖြစ် ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၂) ဖြစ်ပါတယ်။ အခန်း(၈)ကို အခန်း (၁၄)အဖြစ် ပြောင်းလဲအမှတ်စဉ် ရမည်။

အမှတ်စဉ်(၁၄၃) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၅၈ အဖြစ် မည်သူမဆို ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၄) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၅၉ အဖြစ် မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ (၃)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၅) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၀ အဖြစ် မည်သူမဆို ပုဒ်မ ၄၉ နှင့် ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား

စီရင်ခြင်းခံရလျှင် ထိုသူကို (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၆) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၁ အဖြစ် မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၄၁)မှ(၁၄၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၄၁) မှ (၁၄၆)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၄၇) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၂ အဖြစ် ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၅၂၊ ၅၃၊ ၅၄၊ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၁)နှစ်မှ အများဆုံး (၃)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၈) ဖြစ်ပါတယ်။ ပုဒ်မ ၂၆ ကို ပုဒ်မ ၆၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၄၉) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၃ အဖြစ် မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၅၀) ဖြစ်ပါတယ်။ မူလ အခန်း(၈) ပုဒ်မ ၂၇ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၁) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၄ အဖြစ် မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆)နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင်ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၂) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၅ အဖြစ် မည်သူမဆို ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်ဒဏ်အတိုင်းချမှတ်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၃) ဖြစ်ပါတယ်။ မူလ အခန်း(၉) နစ်နာကြေးနှင့် အယူခံခြင်းကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၄) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၂၈ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၄၇)မှ(၁၅၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၄၇) မှ (၁၅၄)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၅၅) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၂၉ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၆) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၃၀ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၇) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၃၁ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၈) ဖြစ်ပါတယ်။ အခန်း(၁၀)ကို အခန်း(၁၅)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၅၉) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၆ အဖြစ် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၆၀) ဖြစ်ပါတယ်။ ပုဒ်မ ၃၄ ကို ပုဒ်မ ၆၇ အဖြစ်၊ ပုဒ်မ ၃၂ ကို ပုဒ်မ ၇၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၆၁) ဖြစ်ပါတယ်။ မူလ အခန်း(၁၀) ပုဒ်မ ၃၃ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၆၂) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၇ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များနှင့်သာလျှင် အကျုံးဝင်သက်ဆိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၅၅)မှ(၁၆၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၅၅) မှ (၁၆၂)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၆၃) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၈ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုကပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၆၄) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၉ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီဝင်များ သို့မဟုတ်

ဝန်ထမ်းများအပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အရေးယူခြင်း မရှိစေရဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၆၅) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၇၀ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၆၃)မှ(၁၆၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၆၃) မှ (၁၆၅)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့ (၁၇.၁၂.၂၀၁၈) ရက်နေ့တွင် တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း) လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် ဤဥပဒေတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် မြေယာခွန်ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ မြေယာခွန်ဥပဒေ(မူကြမ်း)ကို နိဒါန်းနဲ့ အခန်း(၈)ခန်းနှင့် မြေခွန်အမျိုးအစားနှင့် ကောက်ခံမည့် နှုန်းထားဟူ၍ပါရှိမှာဖြစ်ပါတယ်။

နိဒါန်းပိုင်းတွင် အခန်း(၁)တွင် အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်ပါ ပုဒ်မ ၁၂ ၃ ဖြစ်ပြီး ပုဒ်မ ၃ခုဖြစ်မှာ ဖြစ်ပါတယ်။ ပုဒ်မ ၃တွင် ပုဒ်မခွဲ (၂၄)ခု ပါရှိမှာဖြစ်ပါတယ်။ အခန်း(၂) ရည်ရွယ်ချက်များမှာ ပုဒ်မ ၄ တစ်ခုပါရှိမှာ ဖြစ်ပါတယ်။ ပုဒ်မ ၄ တွင် ပုဒ်မခွဲ (၄)ခုပါရှိကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၃) ကောက်ခံမည့်မြေခွန်အမျိုးအစားနှင့် ကောက်ခံမည့် မြေယာခွန်နှုန်းထားများမှာ ပုဒ်မ ၅၊ ၆၊ ၇ သုံးခုပါရှိမှာဖြစ်ပါတယ်။ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(၃)ခုပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၄) မြေယာခွန်ကို နှစ်စဉ်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတွင် ပုဒ်မ ၈ မှ ပုဒ်မ ၁၃ အထိ ပုဒ်မ(၆)ခုပါရှိပါတယ်။ အခန်း(၅) မြေယာခွန်ကင်းလွတ်ခွင့်ပြုခြင်း ခေါင်းစဉ်အောက်တွင် ပုဒ်မ ၁၄ မှ ပုဒ်မ ၁၇ အထိ ပုဒ်မ ၄ ခုပါရှိပြီး ပုဒ်မ ၁၄ မှာ ပုဒ်မခွဲ ၄ ခု ပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၆) မြေခွန်မပြေ ကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်းဆိုသည့် အခန်းအောက်တွင် ပုဒ်မ ၁၈ ပုဒ်မတစ်ခုပါရှိပြီး ပုဒ်မခွဲ (၂)ခုပါရှိမှာဖြစ်ပါတယ်။ အခန်း(၇) တာဝန်နှင့် လုပ်ပိုင်ခွင့်များ အခန်းမှာ ပုဒ်မ ၁၉မှ ပုဒ်မ ၂၂ အထိ ပုဒ်မ ၄ ခုပါရှိပြီး၊ အခန်း(၈) အထွေထွေအခန်းမှာ ပုဒ်မ ၂၃ မှ ပုဒ်မ ၂၇ အထိ ပုဒ်မ ၅ ခုပါရှိကာ ပုဒ်မ ၂၇ တွင် ပုဒ်မခွဲ (၂) ခုပါရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ၊ နည်းဥပဒေအရ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေကို လွှတ်တော်သို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၆ (က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ကော်မတီ၏အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါ

တယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်၊ အကြံပြုရန်ရှိပါက ဆွေးနွေးအကြံပြုမည့် အချက်များကို ပြည်နယ် လွှတ်တော် ရုံးသို့ (၁၈.၁.၂၀၂၀) ရက်နေ့အရောက်ပေးပို့ကြရန် အသိပေးပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် (ကြာသပတေးနေ့)၊ နံနက် (၁၀)နာရီ အချိန်တွင် ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(စတုတ္ထနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၉ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၁၄၀)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၇.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်း ဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားပေးဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များ

အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနူတ်ခွန်း ဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉-၁၂-၂၀၁၉ ရက် ကြာသပတေးနေ့ (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရုမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရုမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂)ရက်။

(၂) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၃) ဦးယောသပ်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၄) ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၅) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၆) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၂)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရုမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်

ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၁၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ နေသာတဲ့ နံနက်ခင်းမှာ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ဒီနေ့

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်မှာ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တရားသူကြီး ချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်ကို Power Point Presentation ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော့်အနေနဲ့ အစိုးရအဖွဲ့ ဧည့်ရိပ်သာတည်ရှိသည့် ကျိုင်းတုံမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ သစ်တစ်ပင်တောင်ကုန်းအတက် (ကတ္တရာ)လမ်းအား နိုင်လွန်ကတ္တရာလမ်း (AC)ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏မြို့တော်ဖြစ်သည့် ကျိုင်းတုံမြို့နယ်သည် တြိဂံတိုင်း စစ်ဌာနချုပ်နှင့် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ရုံးစိုက်ရာဒေသတစ်ခုဖြစ်ပြီးတော့ ပြည်တွင်း/ ပြည်ပခရီးသွားပြည်သူများ မကြာခဏလာရောက်လည်ပတ်ခြင်း၊ မြို့နယ်အတွင်း ရှမ်း/ အာခါ/ လားဟူ/ ဝ လူမျိုးအများစုနှင့် အခြားတိုင်းရင်းသားများ စုစည်းနေထိုင်ကြတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

ကျွန်တော်တို့ မြို့နယ်မှာ ကျိုင်းတုံမြို့နယ်၏ အမှတ်(၁)ရပ်ကွက်တွင် အထင်ကရ သမိုင်းဝင် အထိမ်းအမှတ်နေရာတစ်ခုဖြစ်သည့် သစ်တစ်ပင်တောင်တည်ရှိပါတယ်။ အဲ့ဒီနေရာ နဲ့ မလှမ်းမကမ်းမှာ ၂၀၁၈- ၂၀၁၉ခု ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက် ရန်ပုံငွေကျပ်(၅၂၉)သန်းဖြင့် အစိုးရအဖွဲ့ဧည့်ရိပ်သာ RC (၃)ထပ် (၉၁'-၉"× ၇၈'-၉") အဆောက်အအုံအား ဆောက်လုပ်လျက်ရှိပါတယ်။ ဒီမေးခွန်းဟာ အရင်တစ်ခေါက်က တင်တာဖြစ်တဲ့အတွက် ဒီအဆောက်အအုံဟာ တော်တော်လေး ဆောက်လို့ပြီးသွားပါပြီ။ ဒါကတော့ အရင် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာတင်တုန်းက ရိုက်ထားတဲ့ပုံဖြစ် တဲ့အတွက် အဆောက်အအုံအချို့က မပြီးသေးဘူးဖြစ်နေပါတယ်။ ကျွန်တော်တို့ သစ်တစ်ပင် တောင်နေရာမှာ အများအားဖြင့် ပြည်တွင်းပြည်ပဧည့်သည်တွေလာကြတယ်။ ညနေဘက်မှာ ကိုယ်လက်လှုပ်ရှား ကျန်းမာရေး အားကစားပြုလုပ်ကြတယ်။

နိုင်ငံတော်အဆင့် အရေးကြီးပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု/ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် ဧည့်သည်တော်များ၏ ကျိုင်းတုံမြို့နယ် ခရီးစဉ်ရှိပါက လွတ်တော်ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များအားလုံး လာရောက်တည်းခို နိုင်ကြောင်း ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ပါတယ်။ ဒါပေမယ့် ဘာဖြစ်သလဲဆိုတော့ သစ်တစ်ပင်တောင်တက်တဲ့လမ်းလေးက အခြေအနေတော်တော် ဆိုးနေပါတယ်။ ဒါကတော့ သစ်တစ်ပင်တောင်ကို အပေါ်ဘက်မှ ကြည့်တဲ့ပုံဖြစ်ပါတယ်။ ရိပ်သာပေါ်မှလှမ်းကြည့်ရင် ဒီမြင်ကွင်းမြင်ရမှာဖြစ်ပါတယ်။ ဒီလမ်းလေးကအခြေအနေ တော်တော်ဆိုးပါတယ်။ လမ်းလေးက အရှည်လည်း သိပ်မရှိတဲ့အတွက် ဒီလမ်းလေးကို ကတ္တရာ (AC)လမ်းလေး ခင်းပေးနိုင်ရင်တော့ ရိပ်သာကြီးနှင့် နေနဲ့လ၊ ရွှေနဲ့မြ၊ စိန်နဲ့မြလို တင့်တယ်သွားမှာ ဖြစ်ပါတယ်။ ကျက်သရေရှိသွားမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အနီးဆုံးဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးဖို့ဆိုပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အစိုးရအဖွဲ့ဧည့်ရိပ်သာတည်ရှိသည့် ကျိုင်းတုံမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သစ်တစ်ပင်တောင်ကုန်းအတက်(ကတ္တရာ)လမ်းအား နိုင်လွန်ကတ္တရာလမ်းအဖြစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉- ၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ကူညီဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ သိလိုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းတင်ပြလိုပါတယ်။

ကျိုင်းတုံမြို့၊ အမှတ်(၁)ရက်ကွက်၊ အစိုးရအဖွဲ့ဧည့်ရိပ်သာတည်ရှိသည့် သစ်တစ်ပင်တောင်ကုန်းအတက်(ကတ္တရာ)လမ်းအား နိုင်လွန်ကတ္တရာ (AC)လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ရန် တွက်ချက်မှုအရ နိုင်လွန်ကတ္တရာ(AC)လမ်း (၁၆၄၀'×၁၈'×၆")ခန့်မှန်းကုန်ကျငွေကျပ်(၁၉၁.၅၅)သန်း နှင့် ကွန်ကရစ်ရေမြောင်း နှစ်ဖက်ပြုလုပ်ခြင်း(၁၆၄၀'× ၃'×၃') ခန့်မှန်းကုန်ကျငွေကျပ် (၂၂၆)သန်းဖြစ်၍ စုစုပေါင်းငွေကျပ် (၄၁၇.၅၅)သန်း ကုန်ကျမည်

ဖြစ်ပါကြောင်း၊ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ဌာနဝင်ငွေအရ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် ငွေကျပ် (၁၆၈.၈၀)သန်း၊ လမ်းတံတား မွမ်းမံပြင်ဆင်ခြင်းအတွက် ငွေကျပ် (၁၄၀.၄၅)သန်း ၊ ရေပေးရေးတိုးချဲ့/ အသစ်အတွက် ငွေကျပ်(၄၄.၅)သန်း၊ ရေပေးရေးမွမ်းမံပြင်ဆင်ခြင်းအတွက် ငွေကျပ်(၁၅)သန်း၊ အခြားလုပ်ငန်းအတွက် ငွေကျပ်(၂၁၉.၃၅)သန်းဖြင့် စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် (၅၈၈.၁)သန်းဖြင့် လုပ်ငန်းပေါင်း(၅၉)ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လျာထားရေးဆွဲထားပြီးဖြစ်ပါသဖြင့် ကျိုင်းတုံမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သစ်တစ်ပင်တောင်ကုန်းအတက် (ကတ္တရာ)လမ်းအား နိုင်လွန်ကတ္တရာလမ်းအဖြစ် လတ်တလော အခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးကမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်မအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်နှင့် ၂၀၁၈-၂၀၁၉ပညာသင်နှစ်၌ တိုင်းရင်းသားဘာသာသင်ကြားရေးနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြေမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဖော်ပြပါကိစ္စနှင့် ပတ်သက်ပြီးတော့ သီပေါမြို့နယ်အတွင်း ကျောင်းပေါင်း (၂၀၉)ကျောင်းရှိသည့်အနက် ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာသင်ကြားသော ကျောင်း (၈၁)ကျောင်းရှိပါတယ်။ သင်ကြားသည့် တိုင်းရင်းသားဘာသာများမှာ ရှမ်းစာပေသင်ကြားတဲ့ ကျောင်းပေါင်း (၈၀)ကျောင်းနှင့် တအာင်းစာပေ သင်ကြားတဲ့ကျောင်း(၁)ကျောင်းတို့ ဖြစ်ပါတယ်။ ထိုကျောင်းများအနက် လက်ရှိထောက်ပံ့ကြေးအဖြစ် ရရှိထားသောဆရာများမှာ ယခင်စာရင်းအရ (၇၃)ဦးသာ ရှိပါတယ်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ သီပေါမြို့နယ်မှ ရှမ်းဘာသာသင်ကြားပေးသော ဆရာ (၁၃)ဦး စာသင်နှစ်တစ်လျှောက် သင်ကြားခဲ့ပါသော်လည်း ထောက်ပံ့ကြေးမရရှိခဲ့ပါ။ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ၂၂.၃.၂၀၁၉ ရက်စွဲပါစာအမှတ်၊ (၂၀၁၉/ အစရ(ရပန)- (သပန-၁)/၃) ဖြင့် သက်ဆိုင်ရာ ဌာနအကြီးအမှူးဖြစ်သည့် ဝန်ကြီးထံတင်ပြခဲ့ဖူးပါတယ်။

ယခု ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် ယခင်တိုင်းရင်းသားဘာသာသင်ကြားခဲ့ခြင်း မရှိသော ကျောင်းများလည်း (၁၂)ကျောင်းခန့် ထပ်တိုးစာရင်းပေးပြီး ဆရာအသစ်စုစုပေါင်း(၈၁) ဦးရှိသည်ကို တွေ့ရပါတယ်။ သို့ပါသော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူမှ ယခင်နှစ်တွင် ပေးထားသောစာရင်းပါ ဆရာများသာ ထောက်ပံ့ကြေးရမည်ဖြစ်ပြီး ယခုနှစ်ထပ်တိုး စာရင်းပါသူ (၈၁)ဦးမှာ ထောက်ပံ့ကြေးရရန် မသေချာဟုသာ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ထို့ပြင် သက်ဆိုင်ရာ ပညာသင်နှစ်အစ ကျောင်းအပ်ချိန်တွင် တိုင်းရင်းသားဘာသာသင် ဆရာများ၏ အမည်စာရင်းတစ်ပါတည်းတင်ပြမှ ထောက်ပံ့ကြေးရနိုင်မည်ဟု သတ်မှတ်ထား သည့်အတိုင်း ယခုစာသင်နှစ်တွင် အချိန်မီစာရင်း တင်ပြခဲ့ပါတယ်။ ထိုသို့ ထောက်ပံ့ကြေး မရရှိဘဲ (၂)နှစ်ခန့်သင်ကြားခဲ့သည့် ဆရာများအတွက် အသိအမှတ်ပြုခြင်းမခံရခြင်း၏ အကျိုးဆက်များအနေဖြင့် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာများ မျှော်လင့်ချက်များကို ရိုက်ချိုး ပစ်သလိုဖြစ်နေပါတယ်။ ထိုသို့ဆရာများရဲ့ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်ပါက ကျောင်းသား များအတွက်လည်း ထိခိုက်နစ်နာမှုများစွာ ရှိနေပါတယ်။ ထိခိုက်နစ်နာမှု အများဆုံးက ကျွန်မတို့ တိုင်းရင်းသားများရဲ့ အသိုင်းအဝိုင်းများဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ- ၂၂ (က)အရ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားပါတယ်။ သို့သော်လည်း အထက်ပါတင်ပြခဲ့သည့်အတိုင်း ဆရာများ စာဆက်လက်သင်ကြားနိုင်ရေး အခက်အခဲများဖြစ်ပေါ်စေသည်မှာ တိုင်းရင်းသား ဘာသာစာပေများ ဖွံ့ဖြိုးတိုးတက်မှုမရှိစေရန် ကြီးမားသည့်အဟန့်အတားတစ်ခု ဖြစ်နေ ပါတယ်။ ထို့ပြင် အချို့သောကျောင်းများတွင် တိုင်းရင်းသားဘာသာသင်ကြားမှုကို ကျောင်း အုပ်ကြီးများကိုယ်တိုင် ကြည်ဖြူမှုမရှိခြင်း၊ တိုင်းရင်းသားဘာသာသင်ကြားသော ဆရာများ အပေါ် ခွဲခြားဆက်ဆံခြင်းစသည့်ဖြစ်ရပ်များလည်း နေရာအနှံ့အပြားတွင် ကြုံတွေ့နေရ ပါတယ်။ သို့ဖြစ်ပါသောကြောင့် သိရှိလိုသော မေးခွန်းများမှာ-

(၁) တိုင်းရင်းသားဘာသာစာပေသင်ကြားသော ဆရာများ၏ ထောက်ပံ့ကြေးနှင့် ပတ်သက်၍ မည်ကဲ့သို့သော ညွှန်ကြားချက်များ တိတိကျကျညွှန်ကြားထား ပါသနည်း။

(၂) ထိုညွှန်ကြားချက်များအတိုင်း သက်ဆိုင်ရာဌာနအဆင့်ဆင့်က အချိန်မီ လိုက်နာဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာသူတို့အား အချိန်မီသတင်းပေးရန် မည်သို့ ဆောင်ရွက်ထားပါသနည်း။

(၃) ထပ်တိုးသင်ကြားမည့် ဆရာများအတွက် တိကျသည့် ညွှန်ကြားချက်နှင့် ထောက်ပံ့ကြေးပေးရန် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပါမည်နည်း။

(၄) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းဖွင့်ချိန်ကတည်းက သင်ကြားခဲ့သော ဆရာများအား ထောက်ပံ့ကြေးပေးအပ်နိုင်ခြင်းမရှိပါက ထိုသင်ကြားခြင်းကို မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်နည်း။

(၅) (၂)နှစ်နီးပါးသင်ကြားခဲ့ပြီး ထောက်ပံ့ကြေးမရရှိသော ဆရာများ၏ နစ်နာမှုများကို မည်သို့သော နည်းလမ်းများဖြင့် ပြန်လည်ဆောင်ရွက်ပေးမည်နည်း။

စသည်တို့ကို ပြည်သူလူထုများနှင့် ရှမ်းတိုင်းရင်းသားဘာသာစာပေသင်ကြားတဲ့ ဆရာ/ ဆရာမများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ တိုင်းရင်းသားဘာသာသင်ကြားရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းများမှာ-

(၁) တိုင်းရင်းသားဘာသာစာပေသင်ကြားသော ဆရာများ၏ ထောက်ပံ့ကြေးနှင့်ပတ်သက်၍ မည်ကဲ့သို့သော ညွှန်ကြားချက်များ တိတိကျကျညွှန်ကြားထားပါသနည်း။

(၂) ထိုညွှန်ကြားချက်များအတိုင်း သက်ဆိုင်ရာဌာနအဆင့်ဆင့်က အချိန်မီလိုက်နာဆောင်ရွက်ရန်နှင့် သက်ဆိုင်သူတို့အား အချိန်မီသတင်းပေးရန် မည်သို့ ဆောင်ရွက်ထားပါသနည်း။

(၃) ထပ်တိုးသင်ကြားမည့် ဆရာများအတွက် တိကျသည့် ညွှန်ကြားချက်နှင့် ထောက်ပံ့ကြေးပေးရန် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပါမည်နည်း။

(၄) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းဖွင့်ချိန်ကတည်းက သင်ကြားခဲ့သော ဆရာများအား ထောက်ပံ့ကြေးပေးအပ်နိုင်ခြင်းမရှိပါက ထိုသင်ကြားခြင်းကို မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်နည်း။

(၅) (၂)နှစ်နီးပါးသင်ကြားခဲ့ပြီး ထောက်ပံ့ကြေးမရရှိသော ဆရာများ၏ နစ်နာမှုများကို မည်သို့သော နည်းလမ်းများဖြင့် ပြန်လည်ဆောင်ရွက်ပေးမည်နည်း။ မေးခွန်းများကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ ဘာသာစကားသင်ကြားရန် အတွက် နေ့စားလပေးဆရာ/ဆရာမများ (Teaching Assistant- TA)နှင့် တိုင်းရင်းသား ဘာသာစာပေသင် ဆရာ/ ဆရာမများ(LanguageTeacher)များကို တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ခန့်ထားပေးလျက်ရှိပြီး နေ့စား လပေးဆရာ/ ဆရာမများ (Teaching Assistant-TA)အား တစ်ရက်လျှင် ကျပ် ၄,၈၀၀/- နှုန်း၊ တိုင်းရင်းသားဘာသာစာပေသင် ဆရာ/ ဆရာမများ (Language Teacher)အား တစ်လလျှင် ကျပ် ၃၀,၀၀၀/- နှုန်းဖြင့် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစတင်၍ ဆရာ/ဆရာမအသစ်များ စာရင်းထည့်သွင်းခြင်းမပြုရန်၊ (၂-၇-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၂၄-ဂ)/ ၁၁၂၃၆/တရသ(စာရင်း)/ ၇-၂၀၁၉ ညွှန်ကြားချက် အရ လက်ရှိသင်ကြားလျက်ရှိသော ဆရာ/ ဆရာမဦးရေအတိုင်း ထောက်ပံ့ကြေးများ ခွဲဝေ ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ထိုညွှန်ကြားချက်အတိုင်း မူလသင်ကြားနေသူများမှအပ အစားထိုးခန့်ထားခြင်း၊ အသစ်ထပ်မံခန့်ထားခြင်းမပြုရန် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များသို့စာဖြင့်ဖြစ်စေ၊ Email ဖြင့် ဖြစ်စေ၊ Fax ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ချက်ချင်းအချိန်မီ အကြောင်းကြား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ထပ်တိုးသင်ကြားလိုသည့် ဆရာ၊ ဆရာမစာရင်းများအား အခြေခံပညာဦးစီးဌာန၏ (၂၀-၈-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၂၄-ဂ)/၂၄၃၃၉/ ထောက်ပံ့ကြေး/၈-၂၀၁၉ ညွှန်ကြား ချက်အရ ရှမ်းပြည်နယ်ပညာရေးမှူးရုံးမှ ပြန်လည်တင်ပြထားပြီး ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၏ ဇွန်လ၊ ဇူလိုင်လ၊ သြဂုတ်လများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ကြေးများအား ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အောက်တိုဘာလနှင့်

နိုဝင်ဘာလတို့အတွက် (၂-၁၂-၂၀၁၉)ရက်နေ့တွင် ထုတ်ပေးခဲ့ပြီး ကျန်ရှိသည့်လများအတွက် တစ်လချင်းကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများထံမှတစ်ဆင့် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

တိုင်းရင်းသားဘာသာစာပေသင် ဆရာ/ ဆရာမများ၏ ထောက်ပံ့ကြေးများအတွက် အထက်အဆင့်ဆင့်၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားခြင်းဖြင့်လည်းကောင်း၊ ကျောင်းသားဦးရေအရ ဆရာလိုအပ်ချက်များကို အခြေခံပညာဦးစီးဌာနသို့ တင်ပြ၍ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရုမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ဝမ်တောင်းကျေးရွာအတွက် ကုန်းမြင့်လယ်ယာ (၉၅)ဧကအား ဖော်ထုတ်နိုင်ရေးနှင့် စပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ဝမ်တောင်းကျေးရွာမှာ အိမ်ခြေ(၆၄) အိမ်၊ လူဦးရေ (၄၀၄)ဦးရှိပြီး လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲတွင် ဒေသခံပြည်သူများမှ ကုန်းမြင့် လယ်ယာဖော်ထုတ်ပေးပါရန် တောင်းခံတင်ပြလာကြပါတယ်။ သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ဝမ်တောင်းကျေးရွာအတွက် ကုန်းမြင့်လယ်ယာ (၉၅)ဧကအား ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ယနေ့လွှတ်တော်ကို တက်ရောက်ကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြတဲ့ လေ့လာသူများအားလုံး၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း မေးမြန်းတဲ့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ဝမ်တောင်းကျေးရွာအတွက် ကုန်းမြင့်လယ်ယာ (၉၅)ဧကအား ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးစိုင်းလုံကျော်က ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ဝမ်တောင်းကျေးရွာဟာ ကုန်းမြင့်လယ်ယာ ဖော်ထုတ်လိုသော (၉၅)ဧကကို မိုင်းယန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကုန်းမြင့်လယ်ယာဖော်ထုတ်ဖို့အတွက် မြေအနိမ့်အမြင့် ၃၀ ဒီဂရီ ထက်မကျော်ရပါဘူး။ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမှ လွတ်ကင်းရမှာဖြစ်ပါတယ်။ မြေလွတ်/ မြေရိုင်းအမျိုးအစား ဖြစ်ရပါမယ်။ စိုက်ပျိုးနိုင်သော မြေအမျိုးအစား ဖြစ်ရပါမယ် စသည့်အချက်များနှင့် ကိုက်ညီမယ်ဆိုရင် အဆိုပါလုပ်ငန်းကို မိုင်းယန်းမြို့နယ်၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး မြို့နယ်အလိုက် ဦးစားပေးအစီအစဉ်အရ ရေးဆွဲတင်ပြပေးရမှာဖြစ်ပါတယ်။ ပြည်နယ်အနေဖြင့်လည်း ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးလွှမ်းမိုးအောင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်ကြီးလွှမ်းမိုးအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ တက်ရောက်လာတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးလွှမ်းမိုးအောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြွယ်ပွင့်ပြမေးခွန်းကတော့ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ၁၁ မိုင်ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု စိုက်ထူဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဒေသခံပြည်သူများဟာ ဆက်သွယ်ရေးဖုန်းလိုင်းခက်ခဲမှုကြောင့် လမ်းဘေးနှင့် နေပူကွင်းတို့မှာ ထွက်ပြီးတော့ လက်ကိုင်အထိုင်ဖုန်းများတွင် ဆက်သွယ်မှုယူနေရသည့် မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ထိုနည်းတူစွာပါဘဲ ဆက်သွယ်ရေးဖုန်းလိုင်းခက်ခဲမှုကြောင့် လမ်းဘေးတံတားပေါ်တွေမှာ ဆက်သွယ်မှုယူနေရသည့်အနေအထားဖြစ်ပါတယ်။ ထိုနည်းတူစွာဘဲ ဆက်သွယ်ရေး ဖုန်းလိုင်းခက်ခဲမှုကြောင့် အမြင့်နေရာတွေပေါ်တက်ပြီးဆက်သွယ်မှုယူနေရသည့် အနေအထားဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု (၁၁) မိုင်ကျေးရွာတွင် ဆက်သွယ်ရေးဖုန်းလိုင်းများ မရှိ၍ ဆက်သွယ်မှုကိစ္စတွင် အခက်အခဲများစွာ ရှိနေသည်ကို တွေ့ရှိရပါတယ်။ ၎င်းဒေသမှ ပြည်သူလူထုများကလည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ လာရောက်၍ ဆွေးနွေးတင်ပြမှုများ ရှိနေပါတယ်။ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စုအတွင်းသို့ ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူဖွင့်လှစ်ပေးပါက ၎င်းဒေသတွင် နေထိုင်သော အိမ်ခြေ (၁၈၀၆)လုံး၊ အိမ်ထောင်စု (၁၉၁၇)စု၊ လူဦးရေ(၈၇၂၃)ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအစရှိသည့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု (၁၁)မိုင်ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခုအား အစိုးရအနေဖြင့် စိုက်ထူဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိနှင့် အစိုးရအနေဖြင့် ဆောက်လုပ်ပေးနိုင်ခြင်းမရှိက ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများသို့ ဆောက်လုပ်ခွင့်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ ကြွယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာ

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးလွှမ်းမိုးအောင် မေးမြန်းထားတဲ့ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ၁၁ မိုင်ကျေးရွာတွင် ဆက်သွယ်ရေးဖုန်းလိုင်းများမရှိ၍ ဆက်သွယ်မှုကိစ္စတွင် အခက်အခဲများစွာရှိနေပါသဖြင့် ဆက်သွယ်ရေးတာဝါတိုင်တစ်ခုအား အစိုးရအစီအစဉ်ဖြင့် စိုက်ထူဖွင့်လှစ်ပေးနိုင်မည့်အစီအစဉ် ရှိ/မရှိနှင့် အစိုးရအနေဖြင့် ဆောက်လုပ်နိုင်ခြင်းမရှိပါက ပုဂ္ဂလိကလုပ်ငန်း ကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စုအတွင်းရှိ တပ်ဦးကျေးရွာတွင် Friendly Co., Ltdမှ တည်ဆောက်ထားရှိသော တာဝါတိုင်ပေါ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(MPT)မှ SHS 00250 ဖြင့် (2G ,3G) မိုဘိုင်းစနစ်ကို ၁၃-၉-၂၀၁၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။

ဆက်သွယ်ရေးတာဝါတိုင် GSM(BTS) စခန်းတစ်ခုတည်ဆောက်မည်ဆိုပါက အိမ်ခြေ၊ လူဦးရေ၊ မြေနေရာရရှိမှု၊ အဝေးဆက်သွယ်မှုလိုင်းရရှိမှု အစရှိသည့် အခြေအနေများပေါ်မူတည်၍ တည်ဆောက်ကြရပါတယ်။ ပါမဲကျေးရွာအုပ်စုအတွင်းရှိ (၁၁) မိုင်ကျေးရွာတွင် လူဦးရေအင်အား အခြေအနေအပြင် အဝေးဆက်သွယ်မှု (Transmission) ဆောင်ရွက်ရန် အခက်အခဲရှိနေသေးပါသဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ် မရှိသေးပါကြောင်း သိရှိရပါတယ်။ ထို့အတူ အစိုးရအစီအစဉ်ဖြင့် စိုက်ထူရန် အစီအစဉ်လည်း မရှိသေးပါ။ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိထားသည့် ကုမ္ပဏီများက တာဝါတိုင်စိုက်ထူ ဆောင်ရွက်ခွင့် တင်ပြလာပါက သတ်မှတ်ထားသည်များနှင့် ပြည့်စုံမှု ရှိ/ မရှိ လိုအပ်သည်များကို စိစစ်ပြီး လုပ်ငန်းအမြန်ဆုံးဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်

ကတော့ လင်းခေးမြို့နယ် မဲဆန္နနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ၂၀၂၀ ပြည့်နှစ်၊ နွေရာသီကာလ၌ ရှမ်းပြည်နယ်အတွင်းရှိ မြို့များတွင် လျှပ်စစ်ဓာတ်အား အချိန်ပြည့် မှန်မှန်ရရှိစေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အားရရှိမှုသည် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန်အရေးကြီးသည်ဟုပြောလျှင် မှားမည်မထင်ပါ။ ပြီးခဲ့သည့်နှစ် ပူပြင်းခြောက်သွေ့သော နွေရာသီကာလတွင် LDC ၏ ဝန်အားကို ထိန်းညှိခြင်း (Load Shed) အစီအစဉ်အရ လင်းခေးမြို့သည်လည်း တစ်နေ့တွင် (၂)ချိန်၊ တစ်ချိန်လျှင် (၂)နာရီမှ (၃)နာရီကြာ လျှပ်စစ်မီး ဖြတ်တောက်ခြင်းခံခဲ့ရပါတယ်။

လျှပ်စစ်မီးပြတ်တောက်မှု၏ ဆိုးကျိုးသက်ရောက်မှုအနေဖြင့် ပြည်သူများ ချက်ရေးပြုတ်ရေး၊ နေထိုင်ရေး၊ စီးပွားရေး၊ ဆေးရုံကြီးများတွင် အရေးပေါ်လူနာများ ခွဲစိတ်ကုသရေးစသည့် ကိစ္စရပ်များတွင် အဆင်မပြေမှုများ၊ ပြဿနာများတွေ့ကြုံနေရသည်ကို ကိုယ်တိုင် လေ့လာတွေ့မြင်ခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ လာမည့် ၂၀၂၀ ပြည့်နှစ်၊ နွေရာသီကာလ၌ ရှမ်းပြည်နယ်အတွင်းရှိ မြို့များတွင် ပြည်သူများ လျှပ်စစ်ဓာတ်အား အချိန်ပြည့်မှန်မှန်ရရှိစေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ပြင်ဆင်ဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ကြယ်ပွင့်ပြမေးခွန်းမေးထားတဲ့ လျှပ်စစ်ဓာတ်အားရရှိမှုသည် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးကြီးပြီး လျှပ်စစ်မီးပြတ်တောက်မှု၏ ဆိုးကျိုးသက်ရောက်မှုအနေဖြင့် ပြည်သူများနေထိုင်ရေး၊ စီးပွားရေးနှင့် ဆေးရုံကြီးများ၌ အရေးပေါ်လူနာများ

ခွဲစိတ်ကုသရေးကိစ္စရပ်များတွင် အဆင်မပြေမှုနှင့် ပြဿနာများတွေ့ကြုံရပါသဖြင့် လာမည့် ၂၀၂၀ပြည့်နှစ်၊ နွေရာသီကာလတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့များတွင် ပြည်သူများ လျှပ်စစ်ဓာတ်အား အချိန်မှန်မှန်ရရှိစေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ပြင်ဆင်ဆောင်ရွက်ထားသည်ဆိုသည့် မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေသော ဓာတ်အားပေးစက်ရုံများ၏ သဘောသဘာဝအားဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် မိုးတွင်းကာလဖြစ်သော ဇူလိုင်လမှ နိုဝင်ဘာလအထိ ရေဝင်ရောက်မှုအားကောင်းသောကြောင့် ဝန်အားအများဆုံး ထုတ်လုပ်နိုင်ပါတယ်။ မိုးရာသီကုန်ဆုံးချိန် ရေဝင်ရောက်မှုလျော့နည်းလာသော ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ တမံများ၏ အမြင့်ဆုံးရေအမှတ်များတွင်ထိန်းသိမ်းနိုင်ရန် အပူစွမ်းအင်သုံးစက်ရုံများအား ရနိုင်သမျှ တိုးမြှင့်မောင်းနှင်ခဲ့ပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအား နွေရာသီရေဝင်နည်းချိန်တွင် တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန် ဝန်အားလျော့ချမောင်းနှင်ပါတယ်။ ဓာတ်အားလိုအပ်ချက်အများဆုံးဖြစ်သော မတ်၊ ဧပြီ၊ မေလများတွင် ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင် ရေအားစက်ရုံများအားလုံးနှင့် အပူစွမ်းအင်သုံး စက်ရုံအားလုံးတို့မှ ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါတယ်။

လက်ရှိ ၂၀၁၉ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမြင့်ဆုံးဝန်အား (၃၇၉၈)မဂ္ဂါဝပ်အထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွက် (၄၅၃၁)မဂ္ဂါဝပ်အထိ တိုးတက်လိုအပ်လာနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ခန့်မှန်းထားရှိပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးတက်လာမည့် ဓာတ်အားသုံးစွဲမှုနှင့် အတူ လိုအပ်သောပမာဏ ပြည့်မီနိုင်ရေး ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် အထူးအလေးထား စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ပြည့်နှစ်၊ နွေရာသီကာလတွင် တိုးတက်သုံးစွဲလာမည့် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အစီအစဉ်ဖြင့် စုစုပေါင်း လျှပ်စစ်ဓာတ်အား (၁,၁၆၅.၅၄)မဂ္ဂါဝပ် ထွက်ရှိမည့် အောက်ဖော်ပြပါ စီမံကိန်း (၇)ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်-

(က) စီမံကိန်း(၁)အနေနဲ့ ကျွန်းချောင်းဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံ မဂ္ဂါဝပ် ၂၀ ထွက်ရှိပါမယ်။

(ခ) အလုံ Combined Cycle Power Plant စက်ရုံက ၁၅၁.၅၄ မဂ္ဂါဝပ် ထွက်ရှိပါမယ်။

(ဂ) ကျောက်ဖြူ LNG ဓာတ်အားပေးစက်ရုံအနေနဲ့ ၁၅၀ မဂ္ဂါဝပ် ထွက်ရှိပါမယ်။

(ဃ) သန်လျင် LNG ဓာတ်အားပေးစက်ရုံက ၃၅၀ မဂ္ဂါဝပ် ထွက်ရှိပါမယ်။

(c) သာကေတ LNG ဓာတ်အားပေးစက်ရုံ ၄၀၀ မဂ္ဂါဝပ် ထွက်ရှိပါမယ်။

(စ) မကွေးဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေး စက်ရုံ ၆၆ မဂ္ဂါဝပ် ထွက်ရှိပါမယ်။

(ဆ) ရွှေတောင်ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံ ၂၈ မဂ္ဂါဝပ် ထွက်ရှိပါမယ်။

စုစုပေါင်းအနေနဲ့ ၁,၁၆၅.၅၄ မဂ္ဂါဝပ်ထွက်ရှိမယ်လို့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၀ ပြည့်နှစ်၊ နွေရာသီကာလတွင် လျှပ်စစ် ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အထက်ပါစီမံကိန်း (၇)ခုအား ဆောင်ရွက်လျက် ရှိသည့်အပြင် တည်ဆောက်ထားပြီးဖြစ်သည့် ဓာတ်အားပေးစက်ရုံများအား ဓာတ်အား ထုတ်ယူသည့် အရင်းအမြစ်ကိုအခြေခံ၍ စနစ်တကျထိန်းညှိ ထုတ်လုပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်းတို့အား အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ ထပ်ဆင့်ပြီး တော့ ဖြေကြားလိုတာကတော့ ကျွန်တော်တို့ရှမ်းပြည်နယ်မှာ ဆောင်ရွက်နေတဲ့ ရေအား လျှပ်စစ်စီမံကိန်းများကိုလည်းပဲ မကြာသေးကာလမှာထွက်ရှိဖို့ ဘတ်ဂျက်တွေလျာထားပြီး ဆောင်ရွက်နေပါတယ်ခင်ဗျား။ နောက်ပြီးတစ်ဖက်က မိမိ၏လိုအပ်ချက်တောင်းဆိုသလို တစ်ဖက်ကလည်း မိမိတို့ပြုလုပ်မှုကို ကန့်ကွက်နေသည့် ပြည်သူများလည်းရှိပါတယ်။ အားလုံးသော လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့ဒေသမှာရှိတဲ့ ပြည်သူများ နားလည်အောင် ဝိုင်းဝန်းဆွေးနွေးတင်ပြပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပြောကြားရင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါရှင်။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း ဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စား ကျွန်မမေးမြန်းသွားမဲ့ မေးခွန်းကတော့ မိုင်းရှူးမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနရုံး အဆောက်အအုံအသစ် ဆောက်လုပ်ပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ

ဝန်ကြီးဌာနမှ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/ မရှိ ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မိုင်းရှူးမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် လက်ရှိအချိန်၌ ဝန်ထမ်း (၃)ဦးဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်တွင် ဌာနပိုင်မြေကွက်၌ ရုံးအဆောက်အအုံငယ်တစ်လုံးကို တည်ဆောက်ခဲ့ပြီးဖြစ်သော်လည်း စတင်ပြီးစီးသည့် အချိန်ကတည်းက အသုံးပြုခဲ့ခြင်း မရှိသည့်အပြင် ဆောက်လုပ်ရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိဘဲ အရည်အသွေး ညံ့ဖျင်းစွာ ဆောက်လုပ်ခဲ့သောကြောင့် ယခုအခါ ပြန်လည်မွမ်းမံ၍ အသုံးပြုသွားရန် မဖြစ်နိုင်သည့်အခြေအနေသို့ ရောက်ရှိနေသည်ကို ကွင်းဆင်းလေ့လာတွေ့ရှိရပါတယ်။

ဌာနပိုင်မြေနေရာပေါ်တွင် အဆောက်အဦတစ်လုံးရှိနေသော်ငြားလည်း ပြုပြင်နေထိုင်ရန် လုံးဝမဖြစ်နိုင်သောကြောင့် အိမ်ခန်းငှားရမ်း၍ ရုံးဖွင့်လှစ်ကာ လုပ်ကိုင်ဆောင်ရွက်နေကြရပြီး တစ်နှစ်ပြီးတစ်နှစ် အိမ်ခန်းငှားရမ်းခမှာ တိုးမြှင့်လာသည့်အတွက် အခက်အခဲများစွာ ဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။ ဝန်ထမ်းများမှာ ဒေသခံများမဟုတ်သည့်အတွက်လည်း ပို၍အဆင်မပြေဖြစ်နေကြသည်ကို တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ မိုင်းရှူးမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ရုံးအဆောက်အအုံသစ် အမှန်တကယ် လိုအပ်နေသည်ဖြစ်သည့်အတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးပဲ မင်္ဂလာပါ။ ဆက်လက်ပြီးတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်မှာရှိတဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ၂၀၁၄ ခုနှစ်တွင် ရုံးအဆောက်အအုံငယ်တစ်လုံးဆောက်လုပ်ပြီးတော့ စတင်ပြီးချိန်မှ အသုံးပြုခြင်းမရှိသည့်အတွက် ဆောက်လုပ်ရေးစံချိန်စံညွှန်းနဲ့ ကိုက်ညီမှုမရှိဘဲ ဆောက်လုပ်ခဲ့တဲ့အတွက် ပြန်လည်မွမ်းမံပြီး အသုံးပြုရန်မဖြစ်တော့တဲ့ အခြေအနေကို ရောက်ရှိနေသဖြင့် အမှန်တကယ်လိုအပ်သည့် မွေးမြူရေးနှင့် ကုသရေးဌာန ရုံးအဆောက်အအုံအသစ်အား မည်သည့်ဘဏ္ဍာ

ရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုသည်မေးခွန်းကို အောက်ပါအတိုင်း ပြန်လည် ဖြေကြားပေးသွားမှာဖြစ်ပါတယ်-

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မိုင်းရှူးမြို့နယ်ဦးစီးမှူးရုံးကို ၂၀၀၄- ၂၀၀၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း (၂၀)ဖြင့် ဆောက်လုပ်ခဲ့ပြီးတော့ ၎င်းရုံးအတွက် မြေနေရာ ချထားပေးစဉ်အချိန်က ပတ်ဝန်းကျင်တွင် အခြားဌာနဆိုင်ရာရုံးများနှင့် လူနေအိမ်များ မရှိခြင်း၊ မိမိဌာနရုံးတစ်ရုံးတည်းသာ တည်ရှိခြင်း၊ လျှပ်စစ်မီးနှင့် ရေရရှိမှုမရှိခြင်းတို့ကြောင့် ရုံးဖွင့်လှစ်ရန် အခက်အခဲများစွာ ရှိခဲ့ပါသဖြင့် မိုင်းရှူးမြို့နယ်တွင် တာဝန်ကျသည့် ဝန်ထမ်းများအနေဖြင့် အဆိုပါနေရာတွင် ရုံးဖွင့်လှစ်ဆောင်ရွက်နိုင်မှုမရှိခဲ့ဘဲ မြို့တွင်း၌သာ လူနေအိမ်များကို ငှားရမ်း၍ ရုံးဖွင့်လှစ်ဆောင်ရွက်ခဲ့ရသဖြင့် ရုံးအဆောက်အအုံမှာ ပျက်စီးမှု များရှိခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ယခုအခါ ၎င်းနေရာတွင် အခြားဌာနဆိုင်ရာ ရုံးအဆောက်အအုံများလည်း ဖွင့်လှစ် ဆောင်ရွက်မှုများ ရှိနေခြင်း၊ လျှပ်စစ်မီးနှင့် ရေများလည်းရရှိနေပြီဖြစ်သည့်အတွက် မိမိဌာန ရုံးအား ပြန်လည်ဖွင့်လှစ်နိုင်ရေး အကြီးစားပြင်ဆင်မှု လုပ်ငန်းများအတွက် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့၏ မူလရန်ပုံငွေ(BE)တွင် လျာထားတင်ပြတောင်းခံခဲ့ သော်လည်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး လျာထားဆောင်ရွက်ခဲ့ရသည့် အတွက် ခွင့်ပြုရန်ပုံငွေ ပါဝင်ခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ မိုင်းရှူးမြို့နယ်ရုံးအား မူလရုံးအသစ် နီးပါး အကြီးစားပြင်ဆင်မှုလုပ်ငန်းအတွက် ရန်ပုံငွေဆက်လက်တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာပြန်လည် ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်ပိုင်ထွန်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးသက်ပိုင်ထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် တက်ရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်ပိုင်ထွန်း ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်မေးမြန်းသွားမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းရှိ

တိုင်းရင်းသားပြည်သူများ စားသုံးဆီကို ကျန်းမာရေးနှင့် ညီညွတ်ပြီး လုံခြုံစိတ်ချ ဘေးကင်းစွာစားသုံးနိုင်ရေးနှင့် စားသုံးဆီအပေါ် ယုံကြည်မှု ပိုမိုမြင့်တက်လာနိုင်ရေး စီမံဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူအားလုံး သက်ရှည်ကျန်းမာပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားဖို့ နေ့စဉ် စားသုံးနေတဲ့ အစားအသောက်များရဲ့ သန့်ရှင်းလတ်ဆတ်မှုနဲ့ လုံခြုံစိတ်ချဘေးကင်းစွာ စားသုံးနိုင်ရေးဟာ အဓိကကျတဲ့ အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်လျက်ရှိပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆိုတဲ့ဆောင်ပုဒ်အတိုင်း Safe Food Plan ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိတဲ့အပြင် စားသုံးသူကာကွယ်ပေးရေးဥပဒေ (The Consumer Protection Law) ကိုလည်း ၂၀၁၉ ခုနှစ်၊ မတ်လမှာ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်အတည်ပြု ပြဋ္ဌာန်းခဲ့ပြီဆိုတာကို အားလုံးသိပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး နေ့စဉ်သုံးစွဲနေကြတဲ့ လူသုံးကုန်၊ အလှကုန်၊ ဆေးဝါးနဲ့ စားသောက်ကုန်များစွာရှိတဲ့ အထဲက စားသုံးဆီကို လုံခြုံစိတ်ချဘေးကင်းစွာ စားသုံးနိုင်ရေးအတွက် အဓိကထားပြီး ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ စားသုံးဆီဈေးကွက်မှာဆိုရင် စားသုံးဆီကို တံဆိပ်အမျိုးမျိုး၊ ထုတ်ပိုးမှုပုံစံအမျိုးမျိုးနဲ့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိတဲ့အပြင် ချင်တွယ်ခွက်များဖြင့်လည်း တစ်ပိုင်တစ်နိုင် ဖြန့်ဖြူးရောင်းချလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နေ့စဉ်စားသုံးနေတဲ့ အစားအစာမှာ မပါမရှိဖြစ်တဲ့ စားသုံးဆီဟာဆိုရင် သုံးစွဲမှုအချိုးပေါ်မူတည်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ ကယ်လိုရီများစွာ ရရှိမှာဖြစ်သလို တစ်ဖက်ကလည်း စီးပွားရေး ဝိသမလောဘသားများရဲ့ ဈေးကွက်အတွင်း ရောနှောဆီ၊ အနံ့ဆေးများဖြင့် မမှန်မကန် ထုတ်လုပ်ရောင်းချနေမှုများကြောင့် စားသုံးသူ ပြည်သူများအနေဖြင့် ငွေပေးချေရတဲ့ ကုန်ပစ္စည်းတန်ဖိုးရဲ့ ပြန်လည်ရရှိတဲ့ ကုန်ပစ္စည်းရဲ့ အရည်အသွေး မျှတမှုမရှိတာတွေ၊ ကျန်းမာရေးအတွက် များစွာထိခိုက်စေခြင်းတွေအပြင် စားသုံးသူဈေးကွက်အပေါ် ယုံကြည်မှု ကျဆင်းခြင်းများဖြစ်ပေါ်နိုင်ခြင်းအတွက် မှန်မှန်ကန်ကန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတဲ့ လုပ်ငန်းရှင်များနဲ့ စားသုံးသူ တိုင်းရင်းသား ပြည်သူအားလုံးအတွက် များစွာထိခိုက်နစ်နာ ဆုံးရှုံးလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများ စားသုံးဆီကို ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံစိတ်ချဘေးကင်းစွာ စားသုံးနိုင်ရေးနှင့် စားသုံးဆီအပေါ် ယုံကြည်မှု ပိုမိုမြင့်တက်လာနိုင်ရေး ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့

စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုသည့်အတွက် စားသုံးသူ ပြည်သူများရဲ့ ကိုယ်စား ရှုမ်းပြည်နယ်အစိုးရသို့ အောက်ပါမေးခွန်းများ မေးမြန်းအပ်ပါတယ်-

(က) ရှမ်းပြည်နယ်အတွင်း စားသုံးဆီကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့် ရရှိထား သည့်လုပ်ငန်းမည်မျှရှိသနည်း။

(ခ) ၂၀၁၉ ခုနှစ်အတွင်း စားသုံးဆီနှင့် ပတ်သက်သည့် တိုင်ကြားမှုမည်မျှရှိပြီး အရေးယူဆောင်ရွက်ခဲ့ရသည့်အမှု မည်မျှရှိသနည်း။

(ဂ) Food and Drug Administration (FDA) ၏ အသိအမှတ်ပြုလက်မှတ် ရရှိပြီး လုပ်ငန်းမည်မျှရှိပြီး လုပ်ငန်းများ၏ အရည်အသွေးထိန်းသိမ်းကြပ်မတ်ခြင်း လုပ်ငန်းများအား မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး သက်ပိုင်ထွန်းရဲ့ စားသုံးဆီကို စိတ်ချဘေးကင်းစွာ စားသုံးနိုင်ရေးနှင့် စားသုံးဆီအပေါ် ယုံကြည်မှုပိုမိုမြင့်တက် လာစေရေးအတွက် ရှမ်းပြည်နယ်အတွင်း စားသုံးဆီကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချခွင့် ရရှိထားသည့် လုပ်ငန်းမည်မျှရှိသနည်း။ ၂၀၁၉ ခုနှစ်အတွင်း စားသုံးဆီ နှင့် ပတ်သက်သည့် တိုင်ကြားမှုမည်မျှရှိပြီး အရေးယူဆောင်ရွက်ခဲ့ရသည့်အမှု မည်မျှရှိ သနည်း။ Food and Drug Administration (FDA) ၏ အသိအမှတ်ပြုလက်မှတ်ရရှိပြီး လုပ်ငန်းမည်မျှရှိပြီး လုပ်ငန်းများ၏ အရည်အသွေးထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများအား မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်းဆိုတဲ့ မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ FDA က ဆောင်ရွက်တဲ့အပိုင်းနဲ့ စားသုံးသူရေးရာမှ ဆောင်ရွက်နေတဲ့ အပိုင်း(၂)ပိုင်းခွဲပြီးတော့ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ စားသုံးဆီကို ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံစိတ်ချ ဘေးကင်းစွာ

စားသုံးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အနေဖြင့် စားသုံးဆီလုပ်ငန်းများအား စျေးကွက်ထဲသို့ ရောင်းချခြင်းမပြုမီ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက် လျှောက်ထားစေ၍ သက်ဆိုင်ရာမြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ ထုတ်လုပ် သောစားသုံးဆီနမူနာအား ကျဘမ်းစနစ်ဖြင့်ကောက်ယူ၍ ဓာတ်ခွဲစစ်ဆေးခြင်း၊ စျေးကွက်ထဲသို့ ရောင်းချပြီးသော စားသုံးဆီများအား စျေးကွက်အတွင်းမှ နမူနာဝယ်ယူ၍ ရှောင်တခင် စစ်ဆေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက် လျှောက်ထားရာ၌ လျှောက်ထားသည့် လုပ်ငန်းမှတင်ပြလာသည့် စာရွက် စာတမ်းများ၊ အထောက်အထားများ ပြည့်စုံမှု ရှိ/ မရှိ၊ အမှတ်တံဆိပ် ဖော်ပြချက်များဖြစ်တဲ့ အမှတ်တံဆိပ်၊ အစားအသောက် အမည်၊ ပါဝင်ပစ္စည်း၊ ပါဝင်မှုပမာဏ၊ ရက်စွဲအမှတ်အသား၊ ထုတ်လုပ်သူအမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့် တိုင်းပြည်၊ ထားသိုရန် အညွှန်း၊ သုံးစွဲရန် အညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်စသည့် အခြားဖော်ပြချက်များ သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ/ မရှိ ပဏာမစိစစ်ပါတယ်။ အချက်အလက်များ ပြည့်စုံပါက နေပြည်တော်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ အစားအသောက်ဌာနခွဲသို့ ပေးပို့ အစီရင်ခံပြီး ရုံးချုပ်၏ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာမြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီနဲ့ ပူးပေါင်း၍ ကောင်းမွန်သော ထုတ်လုပ်မှုဆိုင်ရာ ကျင့်စဉ် များ၊ ကောင်းမွန်သော သန့်ရှင်းမှုဆိုင်ရာ ကျင့်စဉ်များအား ကွင်းဆင်းစစ်ဆေးပါတယ်။ ကွင်းဆင်း စစ်ဆေးစဉ် ပြင်ဆင်ရန် ညွှန်ကြားချက်များရှိပါက လုပ်ငန်းမှ ပြင်ဆင်ပြီးစီး ကြောင်း ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ပြန်လည်တင်ပြခြင်းအား စိစစ်၍ ကွင်းဆင်း စစ်ဆေးချက်မှတ်တမ်းများနှင့်အတူ ထုတ်လုပ်သော စားသုံးဆီနမူနာများအား ကျဘမ်း စနစ်ဖြင့်ကောက်ယူ၍ ရုံးချုပ်သို့ ချိတ်ပိတ်ပေးပို့ပါတယ်။ ပေးပို့နမူနာများ ဓာတ်ခွဲစစ်ဆေး ခြင်းအား နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲဌာနမှ အဏုဇီဝ စစ်ဆေးခြင်း (Microbiological Analysis) ပြုလုပ်၍ မှိုပါဝင်မှု ပမာဏ (Alflatoxin B1)ကို သတ်မှတ်ချက်နှင့်အညီ ကိုက်ညီမှု ရှိ/ မရှိနှင့် ဓာတုပစ္စည်း ပမာဏစစ်ဆေးခြင်း (Chemical Analysis) ပြုလုပ်၍ ဓာတုပစ္စည်းပမာဏ (Iodine Value, Free Fatty Acid, Peroxide Value, Rancidity,Mineral Oil content) ကို သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိ/ မရှိ ဓာတ်ခွဲစစ်ဆေးပါတယ်။ ဓာတ်ခွဲစစ်ဆေးခကို လုပ်ငန်းမှ မြန်မာ့စီးပွားရေးဘဏ်၌ သွင်းစေ ပါတယ်။ တင်ပြလာသည့် စာရွက်စာတမ်းများ၊ အမှတ်တံဆိပ် ဖော်ပြချက်များ၊ ပြင်ဆင်ပြီးစီးမှု တင်ပြချက်များ၊ ဓာတ်ခွဲစစ်ဆေးခြင်း အဖြေရလဒ်များ သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပါက ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြ၍

ခွင့်ပြုချက်ရရှိပါက စားသုံးဆီလုပ်ငန်းများအား အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက် ထုတ်ပေးပါတယ်။ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice) နှင့်ကိုက်ညီပါက ထောက်ခံချက် သက်တမ်း(၂)နှစ်ထုတ်ပေးပြီး ကောင်းမွန်သော သန့်ရှင်းမှု ကျင့်စဉ် (Good Hygienic Practice)နှင့် ကိုက်ညီပါက ထောက်ခံချက် သက်တမ်း(၁)နှစ် ထုတ်ပေးပါတယ်။ ထောက်ခံချက် ထုတ်ပေးရာ၌ စိစစ်ခကို လုပ်ငန်းမှ မြန်မာ့စီးပွားရေး ဘဏ်သို့ သွင်းစေပြီးနောက် ထောက်ခံချက်ကတ်ပြားနှင့် ထုတ်ကုန်အလိုက် မှတ်တမ်းအား ထုတ်ပေးပါတယ်။ ထောက်ခံချက်ရရှိပြီးသော လုပ်ငန်းများအား ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်နှင့်ညီညွတ်ပါက (၂)နှစ်လျှင် (၁)ကြိမ်နှင့် ကောင်းမွန်သော သန့်ရှင်းမှုကျင့်စဉ်နှင့် ကိုက်ညီပါက (၁)နှစ်လျှင် (၁)ကြိမ် အထက်ပါအတိုင်း ပြန်လည်စစ်ဆေးပါတယ်။ ရှမ်းပြည်နယ်အတွင်း စားသုံးဆီလုပ်ငန်း (၂၇၃)ခုရှိသည့်အနက် ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာနှစ်အတွင်း စားသုံးဆီလုပ်ငန်း (၅)ခုအား သတ်မှတ်ချက်များနှင့် ကိုက်ညီပါသဖြင့် အမျိုးသားအစားအသောက် ဥပဒေပုဒ်မ (၉)အရ ထောက်ခံချက် လက်မှတ်ထုတ်ပေးခဲ့ပါတယ်။ ဈေးကွက်အတွင်းသို့ ရောင်းချပြီးသော စားသုံးဆီများအား လစဉ်စီမံချက်ရေးဆွဲ၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ စည်ပင်သာယာဈေးများသို့ သက်ဆိုင်ရာမြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ပူးပေါင်းပြီး သံသယရှိသော စားသုံးဆီနမူနာများအား ဝယ်ယူ၍ နေပြည်တော်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲဌာနသို့ ပေးပို့စစ်ဆေးပါတယ်။ ဓာတ်ခွဲစစ်ဆေး၍ အဏုဇီဝ၊ ဓာတုသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော စားသုံးဆီများအား နေပြည်တော်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန် မသင့်ဟုကြေညာ၍ ၎င်းစားသုံးဆီများအား ဈေးဆိုင်များတွင် နောက်နောင် မရောင်းချရန် ခံဝန်ကတိ ထိုးခိုင်းခြင်း၊ သက်ဆိုင်ရာမြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် သိမ်းဆည်းဖျက်ဆီးခြင်းတို့ကို FDA ကနေ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်နှင့် စားသုံးသူပြည်သူ တစ်ရပ်လုံးက စားသုံးသူဆိုင်ရာ အသိပညာများနှင့်ပတ်သက်၍ သိရှိနားလည်စေရန် အသိပညာပေးခြင်းနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း၌ ယခင်(၂၀၁၄)ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဖြင့် ဖွဲ့စည်းထားရှိဆောင်ရွက်ပြီး ယခု

၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေအရ စားသုံးသူကာကွယ်ရေးကော်မတီကို ရုံးပြည်နယ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ဒေးကွက်အတွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဒေးကွက်အတွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုန်စည်များကို ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး စားသုံးဆီထုတ်လုပ်၊ ဖြန့်ဖြူးသိုလှောင်သည့်နေရာသို့လည်း ဝင်ရောက်စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ကုန်စည်နှင့်ပတ်သက်၍ ရုံးပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ တိုင်ကြားမှု စုစုပေါင်း (၁၀၉)မှုအနက် စားသုံးဆီနှင့်ပတ်သက်၍ တိုင်ကြားမှု (၁)မှု ရှိပါတယ်။ ပင်းတယမြို့နယ်တွင် နေအိမ်အတွင်း၌ စားသုံးဆီများကို ကြိုချက်ဗူးသွပ်ရာတွင် သန့်ရှင်းသပ်ရပ်မှု မရှိခြင်းကြောင့် စစ်ဆေးပေးရန် ပြည်သူတစ်ဦးမှ တိုင်ကြားလာခဲ့ပြီး သက်ဆိုင်ရာမြို့နယ် ပူးပေါင်းအဖွဲ့များဖြင့် သွားရောက်စစ်ဆေးကာ ဆီနမူနာအား ဝယ်ယူခဲ့ပြီး ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ ပေးပို့ဓာတ်ခွဲခဲ့ပါတယ်။ ဓာတ်ခွဲခန်းစမ်းသပ်အဖြေအရ စားသုံးဆီတွင် တိရစ္ဆာန်အဆီများ ရောနှောပါဝင်နေကြောင်းနှင့် သန့်ရှင်းမှုမရှိသော စားသုံးဆီများဖြစ်သဖြင့် ရုံးပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဘေးအန္တရာယ် ကင်းရှင်းမှုမရှိသော စားသုံးဆီစုစုပေါင်းပိဿာချိန် (၂၈၈၀)ကို ပင်းတယမြို့နယ်၊ စည်ပင်အမှိုက်ကျင်းတွင် မြေမြုပ်ဖျက်ဆီးခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်းဝင်းအောင် (ခ) ဦးအောင်အောင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရုံးပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင် ဖြစ်ပါတယ်။ ရုံးပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင် ခရိုင်ချင်းဆက် မြို့နှစ်မြို့ဖြစ်တဲ့ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်များနှင့် တာချီလိတ်မြို့တွင် ဖွင့်လှစ်ထားရှိသည့် ကာရာအိုကေဆိုင်များအား သက်ဆိုင်ရာမှ တရားဝင်ခွင့်ပြုထားခြင်း ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို ဘာကြောင့်

မေးရလည်းဆိုတော့ တရားဝင်ဖွင့်လှစ်ထားတဲ့ ဆိုင်တွေကတော့ ကိစ္စမရှိဘူး၊ တရားမဝင်ဖွင့်လှစ်ထားတဲ့ ဆိုင်တွေကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဒီကာရာအိုကေနဲ့ မသက်ဆိုင်တဲ့ ဌာနဆိုင်ရာများ တရားမဝင်ဖွင့်လှစ်ထားတဲ့ဆိုင်တွေကို ငွေရေးကြေးရေးတွေ တောင်းရမ်းနေတာကို သိရှိရတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကာရာအိုကေလုပ်ငန်းနှင့် ပတ်သက်၍ ဗီဒီယိုကာရာအိုကေ လုပ်ငန်းလိုင်စင်ချထားပေးကြောင်းသိရပြီး လိုင်စင်ချထားပေးရာတွင်လည်း သတ်မှတ်စည်းကမ်းချက်များ (၁၆)ချက် ပါဝင်နေကြောင်းလည်း သိရှိရပါတယ်။ ကာရာအိုကေ လုပ်ငန်းလိုင်စင်ချထားရာတွင် သက်ဆိုင်ရာတာဝန်ခံရပ်ကွက်၊ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်နေအိမ်များ၏ ထောက်ခံချက်များ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်အဆင့်ဆင့်နှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးမှုများနှင့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးပြီး လျှောက်ထားရမည်ဟု သိရှိရပါတယ်။ ကာရာအိုကေ လုပ်ငန်းလိုင်စင်ချထားပေးရာတွင် သတ်မှတ်စည်းကမ်းချက်များ လိုက်နာရန်လိုအပ်ပြီး စည်းကမ်းချက်(၁၆)ချက်ပါ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက လိုင်စင်ပြန်လည် ရုပ်သိမ်းခံရမည်ကို သိရှိနားလည်ပါသည်ဟု လုပ်ငန်းလိုင်စင် လျှောက်ထားသူမှာ လိုင်စင်စတင်လျှောက်ထားစဉ်ကတည်းက ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် မိုင်းတုံမြို့နယ် နားကောင်းမှူးကျေးရွာနှင့် တာချီလိတ်မြို့တွင်းရှိ ကာရာအိုကေဆိုင်များသည် သတ်မှတ်ပါစည်းကမ်းချက်များနှင့် ကွဲလွဲစွာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ စည်းကမ်းချက်များတွင် ည(၁၁)နာရီအချိန်အထိ ဖွင့်လှစ်ရမည်ဟု ပါရှိသော်လည်း ည(၁၁)နာရီအထိမက လုပ်ငန်းများဆောင်ရွက်နေသည်ကို သိရှိရပါတယ်။

စည်းကမ်းချက်(၇)နှင့် (၈) အရ ကာရာအိုကေဆိုင်များသည် စည်းကမ်းချက်များနှင့် ကွဲလွဲစွာ အကူသီဆိုသည့်အမျိုးသမီးများကို ခြံဝင်း (သို့မဟုတ်) ရုပ်ကွက်အတွင်း၌ ငှားရမ်းထားရှိသည်ကို တွေ့ရှိရပါတယ်။ ကာရာအိုကေဆိုင်များသည် လိုင်စင်မရှိ အရက်သေစာများ ရောင်းချခြင်းများလည်းရှိနေပါတယ်။ စည်းကမ်းချက်များတွင် ပါရှိသည့် အသံလုံခြုံမှုမှာလည်း သတ်မှတ်ပါစည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း အနီးပတ်ဝန်းကျင်မှ အများပြည်သူ အနေဖြင့် အသံ၏ဆူညံမှုများလည်း ခံစားနေရပြီး သက်ဆိုင်ရာမှ လာရောက်စစ်ဆေးမှု အားနည်းနေတာကို တွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါသောကြောင့် မိုင်းတုံမြို့နယ် နားကောင်းမှူးကျေးရွာပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားရှိထားသည့် ကာရာအိုကေဆိုင်များသည် သက်ဆိုင်ရာမှ တရားဝင် ဖွင့်လှစ်ခွင့်ပြုထားခြင်း ရှိ/ မရှိ၊ တရားဝင်ဖွင့်လှစ်ထားရှိသည့် ဆိုင်အရေအတွက်

မည်မျှရှိသနည်းနှင့် တရားမဝင် ဖွင့်လှစ်ထားသည့် ဆိုင်အရေအတွက်ကို သိရှိလိုပါတယ်။ တာချီလိတ်မြို့နယ်အတွင်း တရားဝင်ဖွင့်လှစ်ထားသည့် ကာရာအိုကေဆိုင် အရေအတွက် မည်မျှရှိသနည်းနှင့် တရားမဝင်ဖွင့်လှစ်ထားရှိသည့် ကာရာအိုကေဆိုင် မည်မျှရှိသနည်းကို သိရှိလိုပါတယ်။ တာချီလိတ်မြို့နယ်အတွင်း သာသနာ့အဆောက်အအုံနှင့် နီးကပ်နေသော ကာရာအိုကေဆိုင်များ ပိတ်သိမ်းပေးရန် အစီအစဉ် ရှိ/ မရှိ၊ လုပ်ငန်းလိုင်စင်ရရှိမှု စည်းကမ်းချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေမှုများကို အရေးယူခြင်း ရှိ/ မရှိအား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်၏ မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ နားကောင်းမှူးကျေးရွာ ပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားရှိသော ကာရာအိုကေဆိုင်များနှင့် တာချီလိတ်မြို့အတွင်းရှိ ကာရာအိုကေဆိုင်များအား တရားဝင်ဖွင့်လှစ်ခွင့်ပြုထားခြင်း ရှိ / မရှိ၊ လုပ်ငန်းလိုင်စင်ရရှိမှု စည်းကမ်းချက်များနှင့် ကွဲလွဲစွာ ဆောင်ရွက်နေမှုများရှိ၍ တာချီလိတ်မြို့ သာသနာ့အဆောက်အအုံနှင့် နီးကပ်နေသော ကာရာအိုကေဆိုင်များ ပိတ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိ၊ လုပ်ငန်းလိုင်စင်ရရှိမှု စည်းကမ်းချက်များနှင့်ကွဲလွဲစွာ ဆောင်ရွက်နေမှုများကို အရေးယူခြင်း ရှိ/ မရှိ နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ နားကောင်းမှူးကျေးရွာ ပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသော ကာရာအိုကေဆိုင်များသည် လုပ်ငန်းလိုင်စင် လျှောက်ထားလာခြင်းမရှိသဖြင့် လုပ်ငန်းလိုင်စင်ထုတ်ပေးထားခြင်းမရှိကြောင်း၊ တာချီလိတ် မြို့နယ်အတွင်း ဗီဒီယိုကာရာအိုကေ လုပ်ငန်းလိုင်စင်ရယူထားသော လုပ်ငန်းရှင် (၃၁)ဦးရှိပြီး၊ ၄င်းတို့အနက် သတ်မှတ်စည်းကမ်းချက်များ လိုက်နာရန် ပျက်ကွက်သော လုပ်ငန်းရှင် များအား ရုပ်မြင်သံကြားဗီဒီယိုဥပဒေ အခန်း ၆၊ ပုဒ်မ- ၂၀၊ ပြည်နယ်/ တိုင်းဒေသကြီး ဗီဒီယို လုပ်ငန်းစီစစ်ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ပုဒ်မခွဲ(ဂ)အရ အောက်ပါ အတိုင်း အပြစ်ပေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်-

(က) ပထမဦးဆုံးအကြိမ် လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိပါက ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် (၁၀၀၀၀၀/-)မှ အများဆုံး ကျပ်(၅၀၀၀၀၀/) ချမှတ်ရန်၊ နောက်နောင်တွင် ပြုပြင်လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်ရယူရန်။

(ခ) ဒုတိယအကြိမ် ထပ်မံကျူးလွန်ပါက အပိုဒ်(က)ပါ ဒဏ်ငွေ ၂ ဆ ပေးဆောင်၍ ဗီဒီယိုလုပ်ငန်းလိုင်စင် ရုပ်သိမ်းရန်။

(ဂ) တတိယအကြိမ် ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူရန် အမှုဖွင့်ဆောင်ရွက်ရန်။

တာချီလိတ်မြို့တွင် သာသနာ့အဆောက်အအုံနှင့် နီးကပ်လျက်ရှိသော (တာချီလိတ်မြို့၊ ရွှေတိဂုံဘုရား တောင်ကုန်းခြေရင်းတွင် ဖွင့်လှစ်ထားသော) ကာရာအိုကေဆိုင်များသည် ရွှေတိဂုံဘုရားနှင့် (၃၅၀)ကိုက် အကွာအဝေးခန့်တွင်ရှိသော်လည်း သာသနာရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နေသူများအတွက် အနှောက်အယှက်ဖြစ်ပေါ်နေပါက မြို့နယ်ဗီဒီယို စိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်ပါက လုပ်ငန်းတည်နေရာပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ဖြန့်ဖြူးရေးဌာနများမှာ မီတာရက်လွန်ကြေးနဲ့ပတ်သက်ပြီးတော့မှ မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနကနေပြီးတော့မှ မီတာကောက်တဲ့ရက်သတ်မှတ်ထားတာရှိပါတယ်။ ရက်လွန်ကြေးသတ်မှတ်ထားတာလည်းရှိပါတယ်။ ဒါကိုကျွန်တော့်အနေနဲ့

ဘာမှပြောစရာမရှိပါဘူး။ လုပ်သင့်လုပ်ထိုက်တယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နယ်က လူတွေကနောက်ပြီး မြို့နယ်တချို့ကလူတွေက မီတာရက်လွန်ကြေးကို ဒီတိုင်းပေးပြီးတော့မှ ထွက်သွားတာများပါတယ်။ လျှပ်စစ်ဖြန့်ဖြူးရေးရုံးက ဝန်ထမ်းတွေက ထွက်သွားတဲ့ ရက်လွန်ကြေးပေးဆောင်တဲ့ သူတွေကို လာရောက်ပြောဖြတ်ပိုင်းဖြတ်ပေးတာတို့ စောင့်ယူခိုင်းတာတို့ မရှိပါဘူး။ ကြာလာတော့ ပြောစရာဖြစ်လာပါတယ်။ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီးတော့မှ စာရင်းဇယားမရှိလုပ်တာ ဖြစ်တယ်ဆိုတာတွေ ပြောဆိုနေတာကို ကြားနေရပါတယ်။ အဲ့ဒီအတွက်ကြောင့် လျှပ်စစ်ဌာနအတွက် ပုံရိပ်ကို အများကြီးထိခိုက်နစ်နာစေပါတယ်။ ဒါကြောင့် ဒီလိုရက်လွန်ကြေးကောက်တဲ့ နေရာမှာ မီတာဖြတ်ပိုင်း၊ ငွေလက်ခံဖြတ်ပိုင်းဖြတ်ပေးဖို့နဲ့ လွတ်လပ်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ဖို့ သက်ဆိုင်ရာကနေပြီးတော့မှ ဘယ်လိုစီစဉ်ဆောင်ရွက်ပေးနိုင်လဲ ဆိုတာကို သိရှိချင်တဲ့အတွက် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးများတွင် မီတာရက်လွန်ကြေးကောက်ခံနေသည့်ကိစ္စနှင့် စပ်လျဉ်း၍ သိရှိလိုပါသည်ဆိုသည့်မေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဓာတ်အားအသုံးပြုနေသော မီးသုံးသူများအား ဓာတ်အားသုံးစွဲမှု အမျိုးအစားအလိုက် အိမ်သုံးမီတာ၊ စက်မှုသုံးမီတာ၊ တလုံးတခဲတည်းမီတာစသည်ဖြင့် မီတာတပ်ဆင်စေပြီး ၎င်းမီတာများမှ ဓာတ်အားအသုံးပြုမှုအတွက် ဓာတ်အားခများကို လစဉ်ပုံမှန် ပေးဆောင်ရမည်ဖြစ်ပါတယ်ခင်ဗျား။ မီးသုံးစွဲသူများမှ မိမိနေအိမ်အဆောက်အအုံ၊ စက်ရုံအလုပ်ရုံများတွင် တပ်ဆင်သုံးစွဲနေသော ဓာတ်အားခများကို ငွေတောင်းခံလွှာ Bill တွင် Last Date ရိုက်နှိပ်ပေးထားပြီး မိမိ Bill တွင် Last Dateအရ သက်ဆိုင်ရာမြို့နယ်ရုံးများတွင် ဓာတ်အားခများပေးဆောင်ရမှာဖြစ်ပါတယ်ခင်ဗျား။ သတ်မှတ်ရက်အတွင်း ဓာတ်အားခ လာရောက်ပေးသွင်း

ခြင်းမရှိပါက အဆိုပါမီတာအား ဓာတ်အားဖြတ်တောက်ရပါတယ်။ မီးသုံးစွဲသူများမှ Last Date နောက်ဆုံးထက်ကျော်လွန်ပြီးမှ ဓာတ်အားခပေးသွင်းသည့်အခါ ၎င်းမီတာအား ဓာတ်အား ပြန်လည်အသုံးပြုနိုင်ရန် မီးပြန်ဆက်ပေးရသဖြင့် မီးဆက်ခအား မီတာ အမျိုးအစားအလိုက် ကောက်ခံပေးသွင်းရမှာ ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မီတာများအား မီတာရက် လွန်ကြေး လုံးဝကောက်ခံခြင်းမရှိဘဲ မီးပြန်ဆက်ခအတွက် ငွေစာရင်းခေါင်းစဉ် (၂၁၉၈) အတွက်သာ ကောက်ခံခြင်းဖြစ်ပြီး ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၏ ၁၄- ၃- ၂၀၁၉ ရက်စွဲပါ အထွေထွေညွှန်ကြားလွှာစာအမှတ်၊ ၂၁၁၀/ ထွေ-၁-ဘ-စ-၄/၂ အရ ညွှန်ကြားချက်နှင့်အညီ ကောက်ခံလျက်ရှိပါကြောင်းနှင့် မီတာရက်လွန်ကြေး အဖြစ် ကောက်ခံမှုမရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက် လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမဲ့ မေးခွန်းကတော့ ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လားရှိုးခရိုင်၊ လားရှိုးမြို့နယ်နှင့် တန့်ယန်းမြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးမှုမရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်တွင် လားရှိုး၊ သိန်း၊ ကွမ်းလုံ၊ မိုင်းရယ်၊ တန့်ယန်းမြို့နယ် တို့ဖြင့် ဖွဲ့စည်းထားသည့် ခရိုင်တစ်ခုဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်တွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေး (၃/၂၀၁၉)ကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့မှ တက်ရောက် ခဲ့ပါတယ်။ အဲဒီအစည်းအဝေးတွင် ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစီမံကိန်းများနှင့် ၂၀၁၉- ၂၀၂၀ ဆောင်ရွက်

ရန်ရှိသည့်လုပ်ငန်းစီမံကိန်းများကို ဆွေးနွေးခဲ့ကြရာ လားရှိုးမြို့နယ်တွင် ဆောင်ရွက်ပြီးစီးမှု မရှိသည့် အခြေခံပညာကျောင်း (၉)ကျောင်းနှင့် တန့်ယန်းမြို့နယ်တွင် ဆောင်ရွက်ပြီးစီးမှု မရှိသည့် အခြေခံပညာကျောင်း (၅)ကျောင်းရှိသည်ကို သိရှိခဲ့ရပါတယ်။ ဒါကြောင့် လားရှိုး ခရိုင်ကိုယ်စား ဒီမေးခွန်းကိုကျွန်မက မေးမြန်းရခြင်းဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးရှင်။ ထူးခြားတာကတော့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမရှိသည့် ကုမ္ပဏီမှာ လားရှိုးမြို့နယ်တွင် စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျောင်း(၉)ကျောင်းလုံးပင် ဖြစ်ပါတယ်။ အဲ့ဒီ (၉)ကျောင်းမှာ (၁) အ.မ.က မိုင်းဟတ်မှာက ၇၅% ပြီးစီးပါတယ်။ (၂) အ.မ.က လွိုင်ဆွန် အဲ့ဒါကလည်းပဲ ၇၅% ပြီးစီးပါတယ်။ (၃)က အ.မ.က ပန်ဝိုးလျန် အဲ့ဒါက ၂၅% ပဲ ပြီးစီးပါတယ်။ အ.မ.က မိုင်းတောင် အဲ့ဒါလည်း ၇၅% ပြီးစီးတယ်။ အ.မ.က(ခွဲ) ဟိုဟွေ့ ၇၅% ပြီးစီးပါတယ်။ အ.လ.က(ခွဲ) နမ့်ဟူး ၇၅% ပြီးစီးပါတယ်။ မူလွန် ပန်ထိုလျင်တွင် ၇၅%၊ အ.မ.က နားနောင်လည်း ၃၅%၊ အ.မ.က နောင်အော်က ၃၀ % ဆိုပြီးတော့မှ ကျောင်း(၉)ကျောင်းဆောက်လုပ်တာ တစ်ကျောင်းမှ ပြီးစီးမှုမရှိခဲ့တာကို တွေ့ရှိရပါတယ်။ ထိုနည်းတူ တန့်ယန်းမြို့နယ်မှာ ဆောင်ရွက်ပြီးစီးမှု မရှိသည့် ကုမ္ပဏီမှာလည်း ရတနာရှမ်းမြေကုမ္ပဏီ ဖြစ်ပါတယ်။ သူကတော့ ကျောင်း (၆)ကျောင်းရပါတယ်ရှင်။ အဲ့ဒီ (၆)ကျောင်းမှာ အ.မ.က လွိုင်ပါ၊ အ.မ.က(ခွဲ) ကောင်ခမ်း၊ အ.မ.က(ခွဲ) လုံကော်၊ အ.မ.က ကောင်းလန်း၊ အ.ထ.က မန်ကတ်၊ မူလွန် ရပ်ကွက်(၅) တန့်ယန်းဆိုပြီးတော့မှ ကျောင်း(၆)ကျောင်း ရပါတယ်။ အဲ့ဒီကျောင်း (၆) ကျောင်းမှာ ရပ်ကွက်(၅)ထဲမှာရှိတဲ့ ကျောင်း (၁)ကျောင်းသာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/ ၂၀၁၇ အပိုဒ်(၄၈)၊ ပိုဒ်ခွဲငယ် (ဇ)တွင် တင်ဒါလုပ်ငန်းဆောင်ရွက်နေစဉ် မလွန်ဆန်သည့်ဖြစ်ရပ်များ (ဥပမာ၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ မငြိမ်မသက်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း၊ လုပ်ငန်းယာယီပိတ်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း စသည်ဖြင့်) ပေါ်ပေါက်သောကြောင့် စာချုပ်ပြင်ဆင်လိုပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ရယူ၍ စာချုပ် ပြင်ဆင်ရမည်ဟု ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လားရှိုးမြို့နယ်နှင့် တန့်ယန်းမြို့နယ်တွင် လုပ်ငန်းများကို ဆောင်ရွက် ပြီးစီးမှုမရှိသည့် ကုမ္ပဏီကို သုံးသပ်ရလျှင် အထက်ဖော်ပြပါအချက်များကို ညှိစွန်း၍ ဆောင်ရွက်နိုင်ခြင်းမရှိလျှင် စာချုပ်ကို ပြင်ဆင်ရမည်ဖြစ်ပါတယ်။ ဒါ့ကြောင့် တင်ဒါနှင့် ပတ်သက်၍ ဆွေးနွေးလိုသည်မှာ အချို့ကုမ္ပဏီများသည် မြေပြင်တွင် အမှန်တကယ်

ကွင်းဆင်းထောက်ခံချက်မရှိဘဲ တင်ဒါအောင်မြင်နေတဲ့ ကုမ္ပဏီတွေအများကြီးရှိနေတာကို လည်း သိရှိရပါတယ်။ တင်ဒါအောင်ကုမ္ပဏီများသည် ကွင်းဆင်းပြီးကြောင်း ထောက်ခံချက် လက်မှတ် လိုအပ်တဲ့အခါ ရာခိုင်နှုန်းအလိုက် ပြီးစီးမှုထောက်ခံချက်လက်မှတ် လိုအပ်တဲ့ အခါမှာ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လာရောက်ဆက်သွယ်ပါတယ်။ ဒါပေမယ့် လာတဲ့အခါမှာလည်း အလုပ်သမားများ၊ စာရေးများကိုသာ လွှတ်လွှဲရှိပါတယ်။

သက်ဆိုင်ရာ မြို့နယ်များသို့ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးသွားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များထံ BP , BQ များပေးအပ်ခြင်းမရှိသည့် ကုမ္ပဏီအများအပြား ရှိနေသည်ကိုလည်း ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးထံမှ သိရှိရပါတယ်။ ထို့ကြောင့် လုပ်ငန်းပြီးစီးမှု ၂၅ % ကို ထုတ်ပေးမည်ဆိုပါက သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များ ထံ BP, BQ နှင့် စာချုပ်များ လက်ခံရယူပြီးကြောင်း ထောက်ခံချက် ပေးမှသာ ထုတ်ပေးသင့်တာကိုလည်း တစ်ဆက်တည်း အကြံပြုတင်ပြလိုပါတယ်။ သို့မှသာ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ၏ အပိုဒ် (၃)တွင် ပြည်ထောင်စု တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရဌာန/အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာ ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစား ခြင်းများမပြုစေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက် ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခြင်းဖြစ်ပါသည် ဟူသောအချက်နှင့် ကိုက်ညီ မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သို့ဖြစ်ပါ၍ သိရှိလိုသည်မှာ-

(က) လားရှိုးမြို့နယ်တွင် စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီအား အဘယ်ကြောင့် လုပ်ငန်း(၉)ခုကို လုပ်ကိုင်ခွင့်ပေးထားပါသနည်း။

(ခ) တန့်ယန်းမြို့နယ်တွင်လည်း ရတနာရှမ်းမြေကုမ္ပဏီ တစ်ခုတည်းကိုသာ လုပ်ငန်း(၆)ခုကို လုပ်ကိုင်ခွင့်ပေးထားပါသနည်း။

(ဂ) လုပ်ငန်း(၉)ခုစလုံးကို ရာနှုန်းပြည့်ဆောင်ရွက်မှုမရှိသော စိုင်းအောင်ဘုန်းမြတ် ကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်နည်း။

(ဃ) လုပ်ငန်း(၆)ခုအနက် (၁)ခုတည်းကိုသာ ဆောင်ရွက်ပြီးစီးပြီး ကျန်လုပ်ငန်း(၅)ခုကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုမရှိသော ရတနာရှမ်းမြေကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်နည်း။

(c) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၎င်းကုမ္ပဏီ(၂)ခုအား ထပ်မံတင်ဒါအောင်ပြီး လုပ်ငန်းများချထားပေးခြင်း ရှိ/ မရှိတို့ကို သိရှိလိုပါတယ်။ ကျွန်မဒီမေးခွန်းကို မေးလိုက်တဲ့အခါမှာ ဒီကုမ္ပဏီတွေရဲ့ ပုဂ္ဂိုလ်မှု၊ ပုဂ္ဂိုလ်စွဲမရှိပါဘူး။ စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီဆိုတာလည်း ဘယ်သူမှန်း ကျွန်မမသိပါဘူး။ ပြီးတော့ ဒီရတနာရှမ်းမြေကုမ္ပဏီပိုင်ရှင်ဆိုတာလည်း ကျွန်မသိရှိခြင်း မရှိပါဘူး။ ဒါကြောင့် ကျွန်မ ပုဂ္ဂိုလ်ရေးအရမေးခြင်းမဟုတ်ဘူးဆိုတာကိုလည်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြရင်း မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီရဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးမှုမရှိသည့် လားရှိုးမြို့နယ်မှ ကျောင်း (၉)ကျောင်း၊ တန့်ယန်းမြို့နယ်မှ ကျောင်း (၅) ကျောင်းနှင့်စပ်လျဉ်းသည့် မေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မေးခွန်း (၁)ဖြစ်တဲ့ လားရှိုးမြို့နယ်တွင် စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီအား အဘယ်ကြောင့် လုပ်ငန်း (၉)ခုကို ချထားပါသနည်းဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်အတွက် ကျောင်း (၃၂)ကျောင်းတည်ဆောက်ခွင့်ရခဲ့ပြီး အဲ့ဒီ (၃၂)ကျောင်းကို Lot (၅)ခုခွဲပြီးတော့ တင်ဒါခေါ်ခဲ့ပါတယ်။ စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီမှ ဆောင်ရွက်ခွင့်ရရှိခဲ့သည့် လုပ်ငန်း(၉)ခုသည် လားရှိုး မြို့နယ်၏ Lot (၅)ခုအနက်မှာ Lot(၂)ခုတွင်ပါရှိပါတယ်။ အဆိုပါ Lot (၂)ခုမှာ ကျောင်း(၁၄)ကျောင်းပါရှိပြီး အဲ့ဒီကျောင်း (၁၄)ကျောင်းမှာ အခြားလျှောက်ထားသည့် ကုမ္ပဏီများမရှိဘဲ စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီ တစ်ခုတည်းကသာ လျှောက်ထားခဲ့ခြင်းကြောင့် လျှောက်ထားသည့် စိုင်းအောင်ဘုန်းမြတ် ကုမ္ပဏီတစ်ခုတည်းသာ ရွေးချယ်တာဝန်ပေးခဲ့ရခြင်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ တန့်ယန်းမြို့နယ်တွင်လည်း ရတနာရှမ်းမြေကုမ္ပဏီ တစ်ခုတည်းကိုသာ လုပ်ငန်း (၆)ခုကို ချထားပါသနည်းဆိုတာနဲ့ ပတ်သက်ပြီးတော့ ၂၀၁၈- ၂၀၁၉

ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်မှာ ကျောင်း (၁၂)ကျောင်း တည်ဆောက်ခွင့်ရရှိခဲ့ပြီး (၁၂)ကျောင်းကို Lot(၂)ခုခွဲပြီးတော့ တင်ဒါခေါ်ခဲ့ပါတယ်။ တန့်ယန်း မြို့နယ်ရဲ့ လုပ်ငန်း(၆)ခုပါတဲ့ Lot (၁)ခုမှာ အခြားလျှောက်ထားသည့် ကုမ္ပဏီများမရှိဘဲ ရတနာရှမ်းမြေ ကုမ္ပဏီတစ်ခုတည်းသာ လျှောက်ထားခဲ့ခြင်းကြောင့် အဆိုပါ လုပ်ငန်း (၆)ခုကို လျှောက်ထားခဲ့တဲ့ ရတနာရှမ်းမြေကုမ္ပဏီတစ်ခုတည်းကိုသာ ရွေးချယ်တာဝန်ပေးရခြင်း ဖြစ်ပါတယ်။

မေးခွန်း (၃)ဖြစ်တဲ့ လုပ်ငန်း (၉)ခုစလုံးကို ရာနှုန်းပြည့်ဆောင်ရွက်မှုမရှိသော စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်နည်းဆိုသည့် မေးခွန်းနဲ့ပတ်သက်ပြီး စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီသည် လုပ်ငန်း(၉)ခုတွင် နယ်မြေဒေသလုံခြုံမှုမရှိခြင်းကြောင့် ပြီးစီးခဲ့သည့် လုပ်ငန်း၏ရာခိုင်နှုန်းအတွက်သာ ငွေထုတ်ယူခွင့်ပြုခဲ့ပြီး ကျန်ရှိသည့်လုပ်ငန်း၏ ခွင့်ပြုတန်ဖိုးကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆိုပါကုမ္ပဏီအား မပြီးပြတ်သည့် လုပ်ငန်းများကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်စေပြီး လုပ်ငန်း အားလုံးအပ်နှံပြီးစီးပါက စာချုပ်စည်းမျဉ်း စည်းကမ်းအရ ဒဏ်ကြေးငွေကို နိုင်ငံတော်သို့ ပေးသွင်းဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။

မေးခွန်း (၄)ဖြစ်တဲ့ လုပ်ငန်း (၆)ခုအနက် (၁)ခုတည်းကိုသာ ဆောင်ရွက်ပြီးစီးပြီး ကျန်လုပ်ငန်း (၅)ခုကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုမရှိသော ရတနာရှမ်းမြေကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်နည်းဆိုတာနဲ့ ပတ်သက်ပြီးတော့ ရတနာရှမ်းမြေကုမ္ပဏီသည် လုပ်ငန်း (၅)ခုတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မိုးအဆက်မပြတ်ရွာသွန်းခြင်း တို့ကြောင့် ပြီးစီးခဲ့သည့်လုပ်ငန်း၏ ရာခိုင်နှုန်းအတွက်သာ ငွေထုတ်ယူခွင့်ပြုခဲ့ပြီး ကျန်ရှိသည့် လုပ်ငန်းများ၏ ခွင့်ပြုတန်ဖိုးအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆိုပါကုမ္ပဏီအား မပြီးပြတ်သည့်လုပ်ငန်းများကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်စေပြီး လုပ်ငန်းအားလုံးအပ်နှံပြီးစီးပါက စာချုပ်စည်းမျဉ်းစည်းကမ်းအရ ဒဏ်ကြေးငွေကို နိုင်ငံတော်သို့ ပေးသွင်းဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။

မေးခွန်း (၅)ဖြစ်တဲ့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၎င်းကုမ္ပဏီ(၂)ခုအား ထပ်မံတင်ဒါအောင်ပြီး လုပ်ငန်းများချထားပေးခြင်း ရှိ/ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စိုင်းအောင်ဘုန်းမြတ်ကုမ္ပဏီနှင့် ရတနာရှမ်းမြေကုမ္ပဏီ (၂)ခုအား ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားတည်ဆောက်ရေး လုပ်ငန်းများအား ချထားပေးခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။ ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့(၈.၂.၂၀၁၉)ရက်နေ့၌ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးတို့မှတင်သွင်းတဲ့ အင်းလေးကန်ဒေသ ထိန်းသိမ်း ကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁.၄.၂၀၁၄)ရက်နေ့နှင့် (၄.၉.၂၀၁၉)ရက်နေ့တို့တွင် ရှမ်းပြည်နယ် လွှတ်တော်ရုံး၌ ဥပဒေပြုရေးကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များသည် အဆိုပါဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ထို့အပြင် ပြည်သူလူထုအသံများပါဝင်ခြင်းဖြင့် ကောင်းမွန်သော ဥပဒေတစ်ခုဖြစ်ပေါ်လာစေရေးအတွက် နည်းဥပဒေ ၆၄ နှင့်အညီ ပြည်သူလူထုကြားနာပွဲကို

ပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမ၌ (၅.၆.၂၀၁၉)ရက်နေ့မှ (၇.၆.၂၀၁၉)ရက်နေ့အထိ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အင်းလေးကန်ဒေသရေဝေရေလဲဒေသ (၁၀)မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုအသင်းအဖွဲ့များနဲ့ (၃)ရက်တာ ကျင်းပပြုလုပ်ခဲ့ရာ ဥပဒေကြမ်းအပေါ် ပြင်ဆင်သင့်သည့်အချက် (၄၆)ချက်၊ ဥပဒေမူကြမ်းနှင့်ပတ်သက်သည့် အကြံပြုချက် (၁၀၇)ချက် ရရှိခဲ့ပါတယ်။ ၎င်းနောက် ကော်မတီအစည်းအဝေးကို (၂၀.၁၁. ၂၀၁၉) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကြားနာပွဲမှရရှိသည့် ရလဒ်များအပါအဝင် အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဤအကြံပြုချက်အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြ ခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကဏ္ဍ (၄)၊ အပိုဒ် (၄)နှင့်အညီ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးတို့မှ တင်သွင်းခဲ့ပါတယ်။ ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၉)ခန်း၊ ပုဒ်မပေါင်း (၂၃)ခုပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များက သဘောတူဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းကို စာမျက်နှာအလိုက် တင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အမှတ်စဉ်အလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ တင်ပြချက်။ ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁) ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (က)အဖြစ် ပြည်နယ်ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ခ) အဖြစ် အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဂ) အဖြစ် ဝန်ကြီးဌာနဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ဤဥပဒေတွင် ပါရှိသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် အစိုးရအဖွဲ့က သတ်မှတ်ပေးသည့် သက်ဆိုင်ရာဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဃ) အဖြစ် ဝန်ကြီးဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော ဝန်ကြီးကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(က)ကို ပုဒ်မ ၂(င) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ခ)ကို ပုဒ်မ ၂ (စ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဂ)ကို ပုဒ်မ ၂ (ဆ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဃ)ကို ပုဒ်မ ၂(ဇ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(င)ကို ပုဒ်မ ၂(ဈ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁)မှ(၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဆ) အဖြစ် အုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ကိုဆိုသည် ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဇ) အဖြစ် ဥက္ကဋ္ဌ ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဈ) အဖြစ် အထွေထွေမန်နေဂျာသို့မဟုတ် ရုံးအဖွဲ့မှူးဆိုသည်မှာ ဤဥပဒေအရ ခန့်အပ်ထားသော အင်းလေးကန်ဒေသအုပ်ချုပ်ရေးရုံးအဖွဲ့၏ အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ည) အဖြစ် အင်းလေးကန်ဒေသအုပ်ချုပ်ရေးရုံးအဖွဲ့ဆိုသည်မှာ အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးအဖွဲ့ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(စ)ကို ပုဒ်မ ၂ (ဋ္ဌ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဆ)ကို ပုဒ်မ ၂ (ဌ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဇ)ကို ပုဒ်မ ၂ (ဍ)အဖြစ်လည်းကောင်း၊ ပုဒ်မ၂(ဈ)ကို ပုဒ်မ၂(ဃ)အဖြစ်လည်းကောင်း၊ ပုဒ်မ၂(ည)ကို ပုဒ်မ ၂ (ဏ)အဖြစ်လည်းကောင်း၊ ပုဒ်မ၂(ဋ္ဌ)ကို ပုဒ်မ၂(တ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဌ)ကို ပုဒ်မ ၂ (ထ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၂)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဌ)အဖြစ် သဘာဝနယ်မြေဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီဝင်အနေအထားများ တည်ရှိသည့်ဒေသများကို ရေရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ သတ်မှတ်သည့် နယ်မြေကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇)မှ(၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၇)မှ(၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဍ) အဖြစ် သစ်တောနယ်မြေဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(တ) အဖြစ် ဂေဟစနစ်ဝန်ဆောင်မှု ဆိုသည်မှာ ဂေဟစနစ်များ ရှင်သန်ရပ်တည်ရာမှ ရရှိလာသော လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိသည့် ဝန်ဆောင်မှုများကိုဆိုသည်။ ထောင်စုနှစ် ဂေဟစနစ်များ အကဲဖြတ်ချက်အရ ဂေဟစနစ် ဝန်ဆောင်မှုဖြစ်သည့် ပံ့ပိုးပေးခြင်း၊ အထောက်အကူပြုခြင်း၊ ထိန်းညှိပေးခြင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ ထိန်းသိမ်းခြင်းတို့ ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၅)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဒ) အဖြစ် အင်းလေးကန် ဘဏ္ဍာရေး စီမံခန့်ခွဲမှုကော်မတီဆိုသည်မှာ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် သတ်မှတ်ထားသော ဘဏ္ဍာရေးရန်ပုံငွေများ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဍ)ကို ပုဒ်မ ၂(ဓ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဗ)ကို ပုဒ်မ ၂(န) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဏ)ကို ပုဒ်မ ၂ (ပ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(တ)ကို ပုဒ်မ ၂(ဖ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၃)မှ(၁၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၃)မှ (၁၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(ခ)အဖြစ် ဒေသခံတိုင်းရင်းသားတို့၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု

အမွေအနှစ်များ၊ ရှေးဟောင်းစေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်းနှင့် စနစ်တကျပူးပေါင်းစီမံအုပ်ချုပ်မှုစနစ်ကောင်းတစ်ခု ထူထောင်ရရှိရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၈)ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(ဂ) အဖြစ် သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်မြှင့်တင်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(ဃ)အဖြစ် အင်းလေးကန်ဒေသ ရေရှည်တည်တံ့သော ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည်မြင့်မားလာစေရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၀)ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(င)အဖြစ် အင်းလေးကန်ဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှုကို သီးခြားလွတ်လပ်သည့် အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(က)အဖြစ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ၏ မူဝါဒများကိုအခြေခံ၍ အင်းလေးကန်ဒေသနှင့် ကိုက်ညီသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒကိုရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၂)ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(ခ) အဖြစ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ၏ မူဝါဒများကိုအခြေခံ၍ အင်းလေးကန်ဒေသနှင့်ကိုက်ညီသည့် ရေသယံဇာတမူဝါဒကိုရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(ဇ) အဖြစ် အင်းလေးကန်ဒေသ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခြင်းနှင့် ဒေသအတွင်းရှိ ဒေသခံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သမိုင်းဝင်အမွေအနှစ် ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၇)မှ(၂၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၇)မှ (၂၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၂၄) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(ဆ) အဖြစ် ဂေဟစနစ် ဝန်ဆောင်မှုများ ထိန်းသိမ်းပေးသည့် ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစနစ်ကို ဖော်ဆောင်ခြင်းနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မူလထက်သာလွန်ကောင်းမွန်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၅) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(ဇ)အဖြစ် အင်းလေးကန်ဒေသရှိ သဘာဝအရင်းအမြစ်များ၊ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးလာစေပြီး ဂေဟစနစ်ကိုအခြေခံသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၅ အဖြစ် အစိုးရအဖွဲ့သည် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသော ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ ရှမ်းပြည်နယ်အင်းလေး ကန်ဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာများတွင် ပတ်ဝန်းကျင်နှင့် သဟဇာတမျှတသည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ရရှိရေး ဆောင်ရွက်ရန်အတွက် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၇) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၆ အဖြစ် အုပ်ချုပ်ရေးအဖွဲ့အား ဤဥပဒေ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း ဖွဲ့စည်းပြီး ဤဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျေပွန်စွာထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၄)မှ(၂၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၄)မှ(၂၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည်အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၈) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၈ အဖြစ် အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းများကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန် ရုံးချုပ်ကို ညောင်ရွှေမြို့နယ်တွင်ဖွင့်လှစ်၍ သင့်လျော်သည့်နေရာများတွင် ရုံးခွဲများ ဖွင့်လှစ်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၉)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၁၈ ကို ပုဒ်မ ၉ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၀)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉(က)အဖြစ် အစိုးရအဖွဲ့သည် အုပ်ချုပ် ရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ဝန်ကြီး ဥက္ကဋ္ဌ
ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ
တာဝန်ပေးအပ်သူ

(၂) အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒုတိယဥက္ကဋ္ဌ(၁)
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၃) ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒုတိယဥက္ကဋ္ဌ (၂)
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၄) အတွင်းရေးမှူး အဖွဲ့ဝင်
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၅) အတွင်းရေးမှူး အဖွဲ့ဝင်
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်

(၇) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(၈) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(၉) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)

(၁၀) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)

(၁၁) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(၁၄) အုပ်ချုပ်ရေးမှူး၊ ညောင်ရွှေမြို့နယ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၁၅) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အင်းလေးကန်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သဘာဝဝန်းကျင်နှင့်
သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

(၁၆) လက်ထောက်ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၁၇) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၁၈) ဥက္ကဋ္ဌ အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးကော်မတီ

(၁၉) ဒေသခံလူမှုရေးအသင်းအဖွဲ့ အဖွဲ့ဝင်များ
ကိုယ်စားလှယ်(၅)ဦး

(၂၀) ဒေသခံလူထုကိုယ်စားလှယ် (၅)ဦး အဖွဲ့ဝင်များ

(၂၁) ညွှန်ကြားရေးမှူး အတွင်းရေးမှူး(၁)
အစိုးရအဖွဲ့ရုံး၊ ရှမ်းပြည်နယ်

(၂၂) ညွှန်ကြားရေးမှူး အတွင်းရေးမှူး(၂)
ပြည်နယ်သစ်တောဦးစီးဌာန

(၂၃) ဒေသခံလူမှုရေးအသင်းအဖွဲ့ အတွင်းရေးမှူး(၃)
ကိုယ်စားလှယ် (၁)ဦး

ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၁)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉ (ခ) အဖြစ် အောက်ပါအခြေအနေများတွင် အုပ်ချုပ်ရေးအဖွဲ့အတွင်းရှိ ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဒေသခံလူထုကိုယ်စားလှယ်များ လစ်လပ်ပါက အစားထိုးခန့်အပ်ရမည်ဟု မှတ်ယူရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၂)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉(ခ)(၃)အဖြစ် အုပ်ချုပ်ရေးအဖွဲ့အား ခွင့်တိုင်ကြားခြင်းမရှိဘဲ အစည်းအဝေး (၃)ကြိမ်ဆက်တိုက် တက်ရောက်ရန် ပျက်ကွက်ခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၃)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉(ဂ)အဖြစ် အုပ်ချုပ်ရေးအဖွဲ့အတွင်းရှိ ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဒေသခံလူထုကိုယ်စားလှယ်များသည် အောက်ပါခံစားခွင့်များ ရပိုင်ခွင့်ရှိသည်-

(၁) ချီးမြှင့်ငွေ။

(၂) ခရီးစရိတ်။

ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၈)မှ(၃၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၈)မှ (၃၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

ဦးသန်းထိုက်၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအင်းလေးကန်ထိန်းသိမ်းကာကွယ်ရေး ဥပဒေအနေနဲ့ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဥပဒေ(မူကြမ်း) တင်သွင်းတဲ့အခါမှာ လွှတ်တော်ကနေ သတ်မှတ်ကာလအတွင်းမှာ ဥပဒေပြင်ဆင်ချက်အဆိုကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်ပေးပို့ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်ပါတယ်။ အဓိက ဥပဒေအနေနဲ့ ကျွန်တော်တို့ အမှတ်စဉ်(၃၀)၊ အခန်း(၄) ပုဒ်မ ၉ (က) ဒါက အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားတဲ့ ပုဒ်မဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်အဆိုမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၁ (က) နိုင်ငံတော်၏ အချုပ်အခြာအာဏာခက်မ (၃)ဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို ပြုရမည်ဟု ပြဋ္ဌာန်းပါရှိသည့်အပြင် ယခုအုပ်ချုပ်ရေးအဖွဲ့မှာပါဝင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုရင် ဒါပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်လည်းဖြစ်တဲ့အပြင် ဒီအုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ် တွေ၊ ဥပဒေပြုရေးကိုယ်စားလှယ်တွေ ပါဝင်သွားခြင်းအားဖြင့် အုပ်ချုပ်ရေးအဖွဲ့ရဲ့အောက်ကို ရောက်ရှိသွားသလိုလည်းဖြစ်သွားမှာကိုလည်း ထင်မြင်လို့ ဖြစ်ပါတယ်။ ဒါ့ပြင်အုပ်ချုပ်ရေး အဖွဲ့မှာရှိတဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့မှာ ဒေသခံကိုယ်စားလှယ်၊ လူထုကိုယ်စားလှယ်များလည်း ပါဝင်နေတာကိုလည်း တွေ့ရှိရပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ မှာလည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များသည် အထူးအလေးထား တိုင်ပင်အပ်သည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်ဟုလည်း ပြဋ္ဌာန်းပါရှိတာဖြစ်တဲ့အခါမှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်ရန် အဆိုပြုချက်မှာ အုပ်ချုပ်ရေးအဖွဲ့အစည်းမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေမပါတာကို ကျွန်တော့်အနေနဲ့

ပြင်ဆင်ရန်အကြံပြုချက်ကို လွှတ်တော်ရဲ့ နည်းဥပဒေ ၁၄၄ အရ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူလိုပါတယ်။

ဥက္ကဋ္ဌ။ ဒီနေရာမှာ ကျွန်တော်တို့က ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ရန် အကြံပြုချက်နဲ့ မူလအကြံပြုချက်နှစ်ခုကိုပဲ မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။

အမှတ်စဉ် (၃၀)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုကို ကိုယ်စားလှယ်က ကန့်ကွက်၍ ဥပဒေ(မူကြမ်း)ပါ ဖော်ပြသည့်အတိုင်းထားရှိရန် တင်ပြသွားပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ ဥက္ကဋ္ဌကြီးခင်ဗျား။ သူက ပြင်ဆင်ချက်မှာကော ပြဋ္ဌာန်းချက်မှာပါ မကွာဘူးဖြစ်နေပါတယ်။ ဥပဒေပြုရေး မဏ္ဍိုင်က ကိုယ်စားလှယ်တွေဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ထဲ ဝင်နေတာကို ဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ အဲ့တော့ ဘယ်အချက်ကို ပြင်ဆင်ချင်တာလဲ။ ကျွန်တော် အဖွင့်မှာလည်းပဲ ရှင်းလင်းထားပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ယခုမှပဲ မိမိသဘောနဲ့ ပြင်လို့ မရပါဘူး။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ထားတဲ့အချက် သို့မဟုတ် မူလ အတည်ပြုချက် ဒီနှစ်ခုကိုဘဲ ရွေးချယ်ခွင့်ရှိပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ ကျွန်တော့်ကို အနည်းငယ်လေး ရှင်းပြခွင့်ပြပါခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေ(မူကြမ်း)နှင့် ပတ်သက်ပြီးမှ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကနေပြီးတော့မှ ဥပဒေပြင်ဆင်ချက်ကို အကြံပြုတဲ့ လွှတ်တော်ကိုယ်စားလှယ် တွေနဲ့ အစည်းအဝေးကျင်းပပြုလုပ်တာရှိပါတယ်။ အဲ့ဒီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအနေနဲ့ကလည်း ဒီအချက်ကို ဆွေးနွေးလို့ သဘောမတူဘူးဆိုရင် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူလို့ရပါတယ်လို့လည်း လမ်းညွှန်မှုပြုထားတာလည်း တွေ့ရှိရတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ဒီအုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ်တွေမပါဝင်တာကို ကျွန်တော့်အနေနဲ့ ဒီဟာကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူလိုတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ အုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ်မပါရေးဟုတ်ပါသလား။ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အင်းလေး ကန်ဒေသအုပ်ချုပ်ရေးနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ရဲ့ ဥပဒေက အင်းလေးကန်ဒေသကို

ထိန်းသိမ်းကာကွယ်ရေးဥပဒေ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးဥပဒေ မဟုတ်ဘဲနဲ့ ထိန်းသိမ်းကာကွယ်ရေးဥပဒေဖြစ်တဲ့အတွက် ထိန်းသိမ်းကာကွယ်တဲ့နေရာမှာ ဟိုလူပါသင့်တယ်၊ ဒီလူမပါသင့်ဘူး၊ ဒီလူက ဘာဖြစ်လို့၊ ဟိုလူက ဘာဖြစ်လို့ဆိုတဲ့ အနေအထားမျိုး တင်ဒါလုပ်ငန်းစည်းမျဉ်းတွေနဲ့ လုပ်တာမဟုတ်ပါဘူး။ အုပ်ချုပ်ရေးအဖွဲ့အောက်မှာတော့ သီးခြားဘဏ္ဍာရေးဆိုင်ရာကော်မတီကတော့ အုပ်ချုပ်ရေးအဖွဲ့ရဲ့ အဆုံးအဖြတ်အရ ဆောင်ရွက်တဲ့ကိစ္စဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်းသည် လူထုလူတန်းစားအားလုံးကို ပိုမိုကိုယ်စားပြုတဲ့၊ ပြည်သူလူထုက လေးစားရတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၄ အရ အလေးအမြတ်ပြုရမဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ဒီလိုထိန်းသိမ်းကာကွယ်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပါဝင်ပြီးတော့မှ ထိန်းသိမ်းရင် ပိုပြီးတော့မှ သင့်လျော်တယ်လို့ အကြံပြုချက်များ လက်ခံရရှိခဲ့ပါတယ်။ ဒါကိုပြည်သူလူထုကြားနာပွဲမှာ ကျွန်တော်တို့ အားလုံးချပြရှင်းလင်း ဆွေးနွေးပြီးဖြစ်ပါတယ်။ အခုကိစ္စကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတည်းကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ် မပါရဘူးဆိုတဲ့ တင်ပြချက်သာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတင်ပြချက်ပေါ်မှာမူတည်ပြီး လွှတ်တော်ဥပဒေပြုရေးကော်မတီအနေနဲ့ ပါဝင်ခွင့်ရှိခဲ့တဲ့ လူထုလူတန်းစားအားလုံးရဲ့ သဘောဆန္ဒနဲ့ လွှတ်တော်ဥပဒေပြုရေးကော်မတီကနေပြီးတော့ တင်သွင်းရခြင်းဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်များသည် ကျွန်တော်တို့ လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အဆင့်ဆင့်မှာ ခွင့်မပြုနိုင်ခဲ့တဲ့ပါဝင်ခွင့်ကို ထည့်မပေးပါနဲ့ဆိုတဲ့ကိစ္စဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ခွင့်ရနိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ ထည့်သွင်းဖွဲ့စည်းခဲ့ရခြင်းဖြစ်ပါတယ်။ ကိုယ်စားပြုတဲ့နေရာမှာလည်း ပြည်သူလူထုကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ သက်ဆိုင်ရာနှစ်မြို့နယ်မှာ ဖယ်ခုံနဲ့ ညောင်ရွှေမြို့နယ်ဟာ အင်းလေးကန်နဲ့ ဆက်စပ်တဲ့ဒေသကြီးနဲ့ ကျွန်တော်တို့ Core Zone လို့ခေါ်တဲ့ ပင်မဇုန်ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုသာ ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ဒီဥပဒေဟာ ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ရဲ့ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကနေ တင်ပြတဲ့အခါမှာ လက်ရှိ ပြည်ထောင်စုလွှတ်တော်နာယကမှ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်မှာသာ ဆွေးနွေးရမဲ့၊ ပြင်ဆင်ပေးရမဲ့ ဥပဒေဖြစ်တဲ့အတွက် ပြန်လည်လွှဲပြောင်းလာခဲ့တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုလည်း လွှဲပြောင်းပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က နေပြီးတော့မှလည်း ဒီဥပဒေအပေါ်မှာ သုံးသပ်ချက်တွေနဲ့ ပြန်လည်ဆွေးနွေးတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်း၊ မပါဝင်ခြင်းသည် လွှတ်တော်

ကိုယ်စားလှယ်များရဲ့ ပါဝင်ခွင့်ရနိုင်တဲ့ အဖွဲ့အစည်းတစ်ခုကို ဖွဲ့ပေးတာဖြစ်တဲ့အတွက် ကျွန်တော်တို့ကော်မတီအနေနဲ့ကတော့ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းပြီး လွှတ်တော် ကိုယ်စားလှယ်တွေ ပါဝင်လာရခြင်းဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မလို့ အခုလွှတ်တော်ရဲ့ အဆုံးအဖြတ်ဆိုတဲ့နေရာမှာလည်း မူလဥပဒေပြုရေး ကတည်းမှာကိုက ပါလာတဲ့အချက်ပေါ်မှာ ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီကနေ ပြင်ဆင်ရန် အကြံပြုချက်သည် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးထားတဲ့ Result ဖြစ်ပါတယ်။ ကော်မတီရဲ့ Result မဟုတ်ပါဘူး။ ဒါကြောင့်မလို့ ဒါကိုမူလနဲ့ ပြင်ဆင်ရန် အကြံပြုချက်ပေါ်မှာပဲ နည်းဥပဒေ ၁၄၄ အရ ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ထားတဲ့အတိုင်းပဲ ကျွန်တော်တို့ အတည်ပြုမှာဖြစ်ပါတယ်။

ဒေါက်တာထွန်းလှိုင်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်သဘောထားတစ်ခု တင်ပြပါရစေ။ အင်းလေးကန်ဒေသနဲ့ ပတ်သက်လို့ ဒီအဖွဲ့ ဖွဲ့စည်းတဲ့အထဲမှာ ကြည့်လိုက်တဲ့အခါမှာ ဌာနဆိုင်ရာဝန်ထမ်းများ ညွှန်ကြားရေးမှူးတွေ အများကြီးပါပါတယ်။ ဒီလူတွေဟာ အင်းလေးကန်ဒေသကို တစ်နှစ်မှ အနည်းကျဉ်းသာ ရောက်တဲ့သူတွေဖြစ်ပါတယ်။ အင်းလေးကန်ဒေသရဲ့ ဖွံ့ဖြိုးရေးနဲ့ စီမံခန့်ခွဲမှုဆိုင်ရာတွေနဲ့ ဖြစ်ပျက်နေတဲ့မြေပြင်အခြေအနေကို ဟုတ်တိပတ်တိ သိတာက လွှတ်တော်ကိုယ်စားလှယ် များသာ ဖြစ်ပါတယ်။ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ်များ ထည့်ထားတဲ့ကိစ္စရပ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာလည်း အုပ်ချုပ်ခွင့်ရတဲ့ ဦးစီးအဖွဲ့တွေမှာ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နေတာကို ကျွန်တော်တို့ တွေ့ရပါ တယ်။ Legislative Power နဲ့ Administrative Power ရယ် Judicial Power ရယ် ဒီသုံးခုဟာရောထွေးတာမဟုတ်ဘူးလို့ဘဲ ကျွန်တော်တို့ဟာ ယူဆပါတယ်။ အဆင်အပြေဆုံး ဖြစ်အောင် စီစဉ်ဆောင်ရွက်ထားတာလို့ဘဲ ကျွန်တော် ယူဆတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များပါဝင်ရေးနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ကတော့ ပါဝင်မှသာလျှင် အင်အားရှိပါမယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ဆက်လက်တင်ပြပါ။ အမှတ်စဉ်ကို ဆက်လက်တင်ပြစေလိုပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၃၄) ဖြစ်ပါတယ်။ အခန်း(၅)အဖြစ် အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၃၅) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉ ကို အခန်း(၅) ပုဒ်မ ၁၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၆) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၀ အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏အမည်ကို အသုံးပြု၍ တရားစွဲဆိုခြင်းနှင့် တရားရင်ဆိုင်ခြင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ပစ္စည်းလဲလှယ်ခြင်းနှင့် ကာလလွန်ပစ္စည်းများကို ရှင်းလင်း ဖယ်ရှားခြင်း၊ လုပ်ငန်းကန်ထရိုက်စာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်း၊ ဤဥပဒေအရ သတ်မှတ် ပြဋ္ဌာန်းထားသော အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်ရမည့်လုပ်ငန်း များအား အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆီလျော်သည့် အခြားလုပ်ငန်း များကို ဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၇) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(က)အဖြစ် အင်းလေးကန်ဒေသ အတွင်း ပတ်ဝန်းကျင်နှင့် သဟဇာတမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် နိုင်ငံတော်က ပြဋ္ဌာန်းသတ်မှတ်ထားသော အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ပတ်ဝန်းကျင် ရေးရာ စီမံကိန်းများ၊ ဘက်စုံဖွံ့ဖြိုးရေးမူဝါဒများ၊ ရည်ရွယ်ချက်များကို အခြေခံ၍ အင်းလေး ကန်ဒေသရေရှည်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြီးကြပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၈) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဂ) အဖြစ် အင်းလေးကန်ဒေသ အတွင်းရှိ လူသားအရင်းအမြစ်၊ ရေအရင်းအမြစ်၊ ဇီဝမျိုးစုံမျိုးကွဲ၊ မြေအရင်းအမြစ်စသည့် သယံဇာတများကို အကျိုးရှိစွာ ရေရှည်ထုတ်ယူ အသုံးပြုနိုင်ရန်အတွက် ဒေသတွင်း ဆောင်ရွက်သော စီမံကိန်းနှင့် စီမံချက်များကို ဆောင်ရွက်ခြင်းမပြုမီ လိုအပ်ချက်များကို ဆန်းစစ်ခြင်းပြုလုပ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ညွှန်ကြားရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၉) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဃ) အဖြစ် အင်းလေးကန်ဒေသ အတွင်းရှိ သဘာဝရေအရင်းအမြစ်နှင့် မြေဆီလွှာတို့ ဆုံးရှုံးမှုမရှိစေရန်အတွက် သတ်မှတ်

ပြဋ္ဌာန်းထားသော ဥပဒေများကို ရေ၊ မြေအသုံးချသူများက လိုက်နာဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၄)မှ (၃၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၄)မှ(၃၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို ၁ နာရီ ၁၅ မိနစ်ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ အစည်းအဝေးကို နေ့လယ် (၁)နာရီ (၁၅)မိနစ် အချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။

ရုမ်းပြည်နယ်

ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(စတုတ္ထနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၉ ရက်

[ကြာသပတေးနေ့]

နေ့လယ်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါ ရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၄၀) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(စ) အဖြစ် အင်းလေးကန်ဒေသအတွင်း အစိုးရဌာနများ၊ ပုဂ္ဂလိကများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း များနှင့် လူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အချင်းချင်း လုပ်ငန်းထပ်နေခြင်း မရှိစေရန် ကြီးကြပ်ညှိနှိုင်းပေးရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၁) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဈ) အဖြစ် ရုမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနများနှင့်ညှိနှိုင်း၍ ဒေသအတွင်းရှိ စက်မှု၊ လက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်

မွေးမြူရေးလုပ်ငန်းများ၊ ယာဉ်ယန္တရားများ၊ တည်းခိုခန်း၊ ဟိုတယ်နှင့် လူနေအိမ်ခြေများ စသည်တို့မှ ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုစံများသတ်မှတ်ပြီး၊ သတ်မှတ်ချက်နှင့်အညီ လုပ်ဆောင်နိုင်ရန် ကြီးကြပ်စစ်ဆေးခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၂) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ည)အဖြစ် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများသည် အင်းလေးကန်ဒေသအတွင်းတွင် လူမှုစီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါက ၎င်းလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ညှိနှိုင်းရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၃) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ၁၁(၌)အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် ရှမ်းပြည်နယ်အဆင့်အစိုးရဌာနများ၏ အင်းလေးကန်ဒေသအတွင်း လူမှုစီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းများဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၀)မှ(၄၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၄၀)မှ(၄၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၄၄) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(၎) အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် တင်ပြညှိနှိုင်းလာသည့် လုပ်ငန်းအဆိုပြုလွှာများအပေါ်တွင် စိစစ်ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊ လိုအပ်ပါက လုပ်ငန်းအဆိုပြုလွှာများနှင့်အတူ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်နိုင်မှု ဆန်းစစ်ချက်အစီရင်ခံစာများနှင့် ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်မည့် စီမံချက်များ ပူးတွဲတင်ပြရန် အကြောင်းကြားရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဏ) အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက ယင်းဒေသအတွင်းရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း၍ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုလျော့နည်းပပျောက်စေရန် ဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၆) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(တ)အဖြစ် အုပ်ချုပ်ရေး အဖွဲ့သည် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းရန် လိုအပ်သော လုပ်ငန်းကော်မတီ၊ ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ရန် အတွင်းရေးမှူးများအား တာဝန်ပေးညွှန်ကြားရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၇)ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဒ)အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် ရုံးအဖွဲ့၏ နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဝန်ထမ်းများခန့်ထားခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၄)မှ(၄၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၄)မှ(၄၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ခ)အဖြစ် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးသည် စီမံကိန်းဝန်ထမ်းများခန့်ထားနိုင်ရန်နှင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ ရပိုင်ခွင့်နှင့် ပြစ်ဒဏ်များကို အုပ်ချုပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၉) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ခ) အဖြစ် အင်းလေးကန်ဒေသ ပင်မထိန်းသိမ်းရေးနယ်မြေ၊ ကြားခံနယ်မြေ၊ ရေဦးရေဖျားနယ်မြေများ သတ်မှတ်ပေးခြင်းကို သက်ဆိုင်ရာဒေသရှိ ပြည်သူလူထုထံ ချပြရှင်းလင်းခြင်း၊ နားလည်လက်ခံအောင် အသိပညာ ပေးခြင်းများ ဆောင်ရွက်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅၀) ဖြစ်ပါတယ်။ အခန်း (၅) ကို အခန်း(၆) အဖြစ်၊ အခန်း (၆) ကို အခန်း(၇) အဖြစ်၊ အခန်း (၇) ကို အခန်း(၈) အဖြစ်၊ အခန်း (၈)ကို အခန်း(၉) အဖြစ်၊ အခန်း (၉) ကို အခန်း(၁၀) အဖြစ်ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၅၁) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၂ အဖြစ် အထွေထွေ မန်နေဂျာသို့မဟုတ် ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းများ၏ လစာ၊ ခရီးစရိတ်နှင့် ထောက်ပံ့ကြေးများကို အုပ်ချုပ်ရေးအဖွဲ့ ရန်ပုံငွေမှ ပေးချေရမည်။ ၎င်းတို့၏ သက်တမ်းသည် လုပ်ငန်းစာချုပ်ပါ သက်တမ်းအတိုင်းဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၂) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃ အဖြစ် အထွေထွေမန်နေဂျာသို့မဟုတ် ရုံးအဖွဲ့မှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၈)မှ(၅၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၈)မှ(၅၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူမရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၅၃) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃(ဂ) အဖြစ် အုပ်ချုပ်ရေးအဖွဲ့မှ ခွဲဝေချထားပေးသော စီမံကိန်း ရန်ပုံငွေအား လျာထားချက်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်မှုကို အနီးကပ် ကြီးကြပ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၄) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃(ဇ) အဖြစ် ဒေသခံအဖွဲ့အစည်းများက တင်သွင်းလာသော လုပ်ငန်းအဆိုပြုလွှာများကို လက်ခံစိစစ်ရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၅) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃(ဋ) အဖြစ် အထွေထွေမန်နေဂျာသို့မဟုတ် ရုံးအဖွဲ့မှူး၏ စီမံခန့်ခွဲမှုဘောင်ထက်ကျော်လွန်သော စီမံကိန်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာပါက အုပ်ချုပ်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး အဆုံးအဖြတ်ရယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၆) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၄ အဖြစ် အင်းလေးကန်ဒေသထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများကို အောက်ပါအရင်းအမြစ်များမှ ရယူနိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၇) ဖြစ်ပါတယ်။ အခန်း (၇) ပုဒ်မ ၁၄(ဂ) အဖြစ် အင်းလေးကန်ဒေသပတ်ဝန်းကျင်အတွင်းရှိ ဟိုတယ်၊ စားသောက်ဆိုင်များနှင့် အခြားစီးပွားရေး လုပ်ငန်းရှင်များထံမှ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် လူမှုရေးအရ တာဝန်သိတတ်မှုနှင့် လူဒါန်းထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေ (CSR)ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၃)မှ(၅၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၃)မှ (၅၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသည့်သူရှိပါသလားခင်ဗျား။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အပိုဒ် (၅၇) အခန်း (၇) ပုဒ်မ ၁၄(ဂ)တွင် အင်းလေးကန်ဒေသ ပတ်ဝန်းကျင်အတွင်းရှိ ဟိုတယ်၊ စားသောက်ဆိုင်များနှင့် အခြားစီးပွားရေး လုပ်ငန်းရှင်များထံမှ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် လူမှုရေးအရ တာဝန်သိတတ်မှုနှင့် လူဒါန်းထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေ (CSR)ဟု ပါရှိပါတယ်ခင်ဗျား။ တကယ်တမ်းကျတော့ (CSR) Corporative Social

Responsibility ဆိုသည်မှာ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် (must be) မဖြစ်မနေထည့်ဝင်ရတဲ့ ဝင်ငွေဖြစ်ပါတယ်။ လျှုဒါန်းတဲ့ငွေ မဟုတ်ပါဘူး။ မိမိနာမည်ဖြင့် လျှုဒါန်းသည့်ငွေမှာ မိမိနာမည်ဖြင့် လျှုဒါန်းသည့်ငွေသာဖြစ်ပြီးတော့ ဒါသည် (CSR)လို့ သတ်မှတ်လို့ မရပါဘူး။ အဲ့တာကိုရောပြီး လူမှုရေးအရ တာဝန်သိတတ်မှုနှင့် လျှုဒါန်းထောက်ပံ့မှုဖြင့်ဆိုတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမည့် ဟာတွေကို လျှုဒါန်းထောက်ပံ့မယ်ဆိုပြီး ပြဆိုထားသည့်အတွက် တကယ်တမ်းမှာ (CSR)ဆိုသည်မှာ အပေါ်က လူမှုရေးအရ တာဝန်သိတတ်မှုဆိုတာနှင့်သာ သက်ဆိုင်ပြီး လျှုဒါန်းထောက်ပံ့မှုနှင့် မသက်ဆိုင်ကြောင်းကို ရှင်းလင်းချင်ပါတယ်။ ဒါကြောင့် ပြင်ဆင်လို့ရမည်ဆိုပါက လူမှုရေးအရ တာဝန်သိတတ်မှုနောက်တွင် (CSR)ကိုထည့်ပြီး ဆက်ပြီးတော့ လျှုဒါန်း ထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေဆိုပြီး ပြင်ဆင်ချင်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ သဘောထားပြောပါ။

ဦးစံဝင်းအောင်မြတ်(ခ) ဦးအောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ကတော့ သီးခြား၊ ထူးထူးခြားခြား ပြောင်းလဲမှု မဟုတ်ပါဘူး။ လူမှုရေးအရ တာဝန်သိတတ်မှု (CSR)နှင့် လျှုဒါန်းထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေလို့ ပြင်မယ်ဆိုရင်လည်း ဥပဒေ၏အနှစ်သာရ စာသားထိခိုက်မှုမရှိနိုင်ဟု တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ လူမှုရေးအရတာဝန်သိတတ်မှု (CSR)နှင့် လျှုဒါန်း ထောက်ပံ့မှုလည်း ရှိကောင်းရှိနိုင်တာဖြစ်တဲ့အတွက် ထိုသို့ သုံးနှုန်းထားတာဖြစ်ပါတယ်။ အဲ့လိုဆိုလိုတာမလား။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှုံးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လူမှုရေးအရသိတတ်မှုဆိုတာ ဥပမာအားဖြင့် ထွက်ရှိလာမည့် မိုင်းရှုံးရတနာမြေရဲ့ ကျောက်မျက်ဥပဒေအသစ်မှာဆိုရင် CSR ဆိုတဲ့ ပိုက်ဆံက ကုမ္ပဏီတိုင်းရဲ့ Must be ထည့်ရတဲ့ (2% ဆို 2%) must be ထည့်ရပြီး ဒေသဖွံ့ဖြိုးရေးကို ပြန်လည်လုပ်ဆောင်ရတဲ့ ရန်ပုံငွေဖြစ်ပါတယ်။ တစ်ချို့ကျတော့ ကုမ္ပဏီတွေက ငါတို့လျှုဒါန်းပါတယ်ဆိုပြီးတော့ မိမိနာမည်တပ်ပြီးတော့ ကျောင်း၊ တံတား၊ လမ်းတွေ လျှုဒါန်းတာတွေက CSR ရန်ပုံငွေမခြောက်ပါဘူး။ အဲ့ဒါကို CSR နဲ့ ရောပြီးတော့ ပြောတာတွေ ရှိပါတယ်ခင်ဗျား။ အဲ့တာကြောင့် ကျွန်တော့်အနေဖြင့် ခွဲခြားနိုင်ရန် လူမှုရေးအရ တာဝန်သိ တတ်မှုဆိုရင် နောက်မှာ CSR လို့ သုံးစွဲရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးအရဆိုတဲ့ နောက်မှာ CSR စာသားပြန်ထည့်မှာလား။ အဲ့လိုဆို ဖြည့်လိုက်မယ်။ အမှတ်စဉ်(၅၃) မှ (၅၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက် အဆိုများနှင့် အမှတ်စဉ်(၅၇)အား လွှတ်တော်မှ ပြင်ဆင်သည့်အတိုင်း အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၅၈) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၇ အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် နှစ်စဉ်မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း၊ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုနှင့်အညီ အသုံးစရိတ်များကို သုံးစွဲနိုင်ရန် စစ်ဆေးကြီးကြပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ အခန်း(၈) ခေါင်းစဉ်အဖြစ် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၀) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၈ အဖြစ် အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများသည် တာဝန်အရ ဆောင်ရွက်ရာမှစုစည်းရရှိထားသော သတင်းအချက်အလက်များအား အုပ်ချုပ်ရေးအဖွဲ့၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲလည်းကောင်း၊ သက်ဆိုင်ရာတရားရုံးမှ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရာမှအပလည်းကောင်း ပြင်ပသို့ တစ်နည်းနည်းဖြင့် ပေါက်ကြားခြင်းမရှိစေရန် လိုက်နာဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၁) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၉ အဖြစ် အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများသည် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ လက်မှတ်ရေးထိုး ထုတ်ပြန်ထားသည့် သတ်မှတ် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ တာဝန်ထမ်းဆောင်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၂) ဖြစ်ပါတယ်။ ပုဒ်မ ၁၉ ကို ပုဒ်မ ၂၀ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၂၁ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၂ အဖြစ်၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၃ အဖြစ်၊ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၅ အဖြစ်၊ ပုဒ်မ ၂၅ ကို ပုဒ်မ ၂၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၅၈)မှ(၆၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၅၈)မှ (၆၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၆၃) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၀ အဖြစ် ဤဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်သော ဝန်ထမ်းသည် တည်ဆဲဥပဒေများနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့၏ အရေးယူခြင်းကို ခံယူရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၄) ဖြစ်ပါတယ်။ အခန်း(၉) ပုဒ်မ ၂၁ အဖြစ် အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် အရေးယူနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၅) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၂ အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့က ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ ဥပဒေအရ အကူအညီ တောင်းခံလာလျှင် ကူညီပေးရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၆) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၃ အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် အဖွဲ့၏တာဝန်နှင့် ဝတ္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ အင်းလေးကန်ဒေသ ရေဝေရေလဲဒေသအတွင်း နေရာဒေသအခြေအနေအရ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၇) ဖြစ်ပါတယ်။ ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၄ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) အုပ်ချုပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၃)မှ(၆၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၆၃)မှ (၆၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူသူရှိပါသလား ခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ ပထမနေ့ (၈.၂.၂၀၁၉) ရက်နေ့၌ တင်သွင်းခဲ့သည့် အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားတဲ့အတိုင်း အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်က သဘောတူတဲ့အတွက် ဤဥပဒေတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဖတ်ကြားတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ရီရီဝင်း၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်မကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် ကတိကဝတ်ပြုခဲ့သည့် အဆိုနှင့် မေးခွန်းများအပေါ် ကော်မတီ၏ စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အပိုဒ်(၁) ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိနှင့် အထူးအစည်းအဝေး(၁/၂၀၁၉) အပါအဝင် လွှတ်တော်အစည်းအဝေး (၆)ကြိမ်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့်အဆိုများ၊ မေးမြန်းခဲ့သည့် မေးခွန်းများအပေါ် ကတိကဝတ်ပြုခဲ့သည်များကို နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၉.၁၂.၂၀၁၉) ရက်နေ့မှ (၁၃.၁၂.၂၀၁၉) ရက်နေ့အထိ လွှတ်တော်ရေးရာကော်မတီ အခန်း(၆)၌ သက်ဆိုင်ရာဝန်ကြီးဌာနများအောက်ရှိ ဌာန/ အဖွဲ့အစည်းများမှ အဆုံးအဖြတ်ပေးနိုင်သည့် အကြီးအမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသမှ ခရိုင်စီမံကိန်းဦးစီးမှူးများ၊ ခရိုင်(၁၂)ခရိုင်မှ စီမံကိန်းဦးစီးမှူးများနှင့် ပူးပေါင်းလေ့လာစိစစ်၍ ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

ကော်မတီအစည်းအဝေးကျင်းပမှုအခြေအနေ။ အပိုဒ်(၂) ကော်မတီသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ ပြည်နယ်အစိုးရအဖွဲ့အစည်းဝင်များမှ လွှတ်တော်တွင် ဖြေကြားပြီးသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကတိကဝတ်ပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကိုစိစစ်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မတီအစည်းအဝေးများကို (၁၃)ကြိမ်အထိ ကျင်းပနိုင်ခဲ့ပါတယ်။

အပိုဒ်(၃) ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပသည့် အစည်းအဝေးများ၌ မြို့နယ်အဆင့်စီမံကိန်းလုပ်ငန်းများ လျာထားရေးဆွဲရာတွင် လွှတ်တော်၌ ကတိကဝတ် ဖြစ်ခဲ့သည့်လုပ်ငန်းများ မကျန်ရှိစေရေးအတွက် ခရိုင်အဆင့် စီမံကိန်းဦးစီးမှူးများအား ခေါ်ယူညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဆိုတင်သွင်းခြင်း၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းထားရှိမှု အခြေအနေ။ အပိုဒ်(၄)၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိနှင့် အထူးအစည်းအဝေး

(၁/၂၀၁၉)အပါအဝင် အစည်းအဝေးများတွင် အဆိုများ တင်သွင်းခြင်း၊ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းထားရှိမှုအခြေအနေများမှာ (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် အဆို (၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၇၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၅၄)ခု၊ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆို (၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၇၅)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၆)ခု၊ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆို (၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၃၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၇)ခု၊ (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆို (၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၄၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၀)ခု၊ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း (၆၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၁)ခု၊ အထူးအစည်းအဝေး(၁/၂၀၁၉)တွင် ကြယ်ပွင့်ပြမေးခွန်း (၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၁)ခု ဖြစ်ပြီး စုစုပေါင်း အဆို (၁၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၃၀၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၉၉)တို့ ဖြစ်ပါတယ်။

စိစစ်လေ့လာတွေ့ရှိချက်။ အပိုဒ်(၅) ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိနှင့် အထူး အစည်းအဝေး(၁/၂၀၁၉)အပါအဝင် အစည်းအဝေး(၆)ကြိမ်တွင် တင်သွင်းခဲ့သည့် အဆိုများ၊ မေးမြန်းခဲ့သည့် မေးခွန်းများအား ဖြေကြားထားရှိမှုအပေါ် စိစစ်တွေ့ရှိမှုများမှာ-

(က) လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးက တင်သွင်းခဲ့သည့် အဆို(၁၃)ခုအနက် လွှတ်တော်တွင် အတည်ပြုပြီးသော အဆို(၁၀)ခု၊ မှတ်တမ်းတင်ခြင်း(၃)ခုရှိရာ အတည်ပြုခဲ့သည့် အဆိုများအပေါ် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

(ခ) လွှတ်တော်ကိုယ်စားလှယ်(၅၂)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၃၀၃)ခုအပေါ် ဝန်ကြီးဌာနအလိုက် ဖြေကြားမှု (၃၀၄)ခုတွင် ကတိမဖြစ် (၁၀၁)ခု၊ ကတိဖြစ်ပေါ်မှု(၂၀၃) ခုတွင် ဆောင်ရွက်ပြီး (၁၀၄)ခု၊ ဆောင်ရွက်ဆဲ(၂၂)ခု၊ ဆောင်ရွက်ရန်ကျန်(၇၇)ခု ရှိပါတယ်။ စုစုပေါင်းဆောင်ရွက်ရန် (၇၇)ခုတွင် မြို့နယ်စီမံကိန်းရေးဆွဲစဉ် ကျန်ရှိသည်ဟု ဖြေကြားချက်က (၇)ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လျာထားချက်တွင် ထည့်သွင်းသော်လည်း ဘတ်ဂျက်အရ ကျန်ရှိသည်ဟု ဖြေကြားချက်က (၂၃)ခု၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်မည်ဟု ဖြေကြားချက်က (၁၆)ခု၊ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်မည်ဟု ဖြေကြားချက်က (၁)ခု၊ ရုံးချုပ်နေပြည်တော်သို့ တင်ပြထားသည်ဟု ဖြေကြားချက်က (၃)ခု၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ တင်ပြတောင်းခံထားသည်ဟု ဖြေကြားချက်က

(၄)ခု၊ (၁၃)နှစ် စီမံကိန်းတွင် လျာထားဆောင်ရွက်မည်ဟု ဖြေကြားချက်က (၃)ခု၊ ဘဏ္ဍာငွေရရှိပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က(၁၂)ခု၊ မြို့နယ်စီမံကိန်း လုပ်ငန်းလျာထားချက်တွင် ထည့်သွင်းပါမည်ဟု ဖြေကြားချက်က(၇)ခု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးစားပေးအရ ဆောင်ရွက်ပါမည်ဟု ဖြေကြားချက်က (၁)ခုရှိသည်ကို တွေ့ရှိရပါတယ်။ အစည်းအဝေးအလိုက် ဝန်ကြီးဌာနတစ်ခုချင်းရဲ့ ဆောင်ရွက်ရန် ကျန်များကတော့ တင်ပြပါ Slide အတိုင်း ဖြစ်ပါတယ်-

(၁)	တရားသူကြီးချုပ်ရုံး	-
(၂)	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန	၂၃
(၃)	စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန	၂
(၄)	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	၁၈
(၅)	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန	၂၆
(၆)	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	-
(၇)	လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန	-
(၈)	လူမှုရေးဝန်ကြီးဌာန	၁၃
(၉)	စည်ပင်သာယာရေးဝန်ကြီးဌာန	၁
(၁၀)	ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန	၂
(၁၁)	ဥပဒေချုပ်ရုံး	-

(၈) လွှတ်တော်ကိုယ်စားလှယ်(၄၈)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်း (၁၉၉)ခုအပေါ် ဝန်ကြီးဌာနအလိုက်ဖြေကြားမှု (၂၂၉)ခုတွင် ကတိမဖြစ် (၄၈)ခု၊ ကတိဖြစ်ပေါ်မှု(၁၈၁)ခုတွင် ဆောင်ရွက်ပြီး(၉၁)ခု၊ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းအပါအဝင် ဆောင်ရွက်ဆဲ (၁၇)ခု၊ ဆောင်ရွက်ရန်ကျန်(၇၃)ခု ရှိပါတယ်။ စုစုပေါင်းဆောင်ရွက်ရန် (၇၃)ခုတွင် မြို့နယ်စီမံကိန်းရေးဆွဲစဉ် ကျန်ရှိသည်ဟု ဖြေကြားချက်က (၁၃)ခု၊ လျာထားချက်တွင် ထည့်သွင်းသော်လည်း၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ဘတ်ဂျက်အရ ကျန်ရှိသည်ဟု ဖြေကြားချက်က (၁၈)ခု၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၇)ခု၊ နေပြည်တော်(ရုံးချုပ်)သို့ တင်ပြထားသည်ဟု

ဖြေကြားချက်က(၁)ခု၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ တင်ပြတောင်းခံထားသည်ဟု ဖြေကြားချက်က(၂)ခု၊ (၁၃)နှစ် စီမံကိန်းတွင် လျာထားဆောင်ရွက်မည်ဟု ဖြေကြားချက်က (၃)ခု၊ ဘဏ္ဍာငွေရရှိပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၃)ခု၊ မြို့နယ်စီမံကိန်းလုပ်ငန်းလျာထားချက်တွင် ထည့်သွင်းပါမည်ဟု ဖြေကြားချက်က (၁၄)ခု၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးစားပေး ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၁)ခု၊ မြေပြင်ကွင်းဆင်းစိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြမည်ဟု ဖြေကြားချက်က (၁)ခု၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် တင်ပြလာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားမည်ဟု ဖြေကြားချက်က (၁)ခု၊ လမ်းအဆင့်သတ်မှတ်ပြီးမှ ဆက်လက်ဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၁)ခု၊ ဓာတ်အားခွဲရုံတည်ဆောက်ပြီးမှ ဆက်လက်ဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၇)ခု၊ တိုင်းရင်းသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါက ခွင့်ပြုချက်ထုတ်ပေးနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဟု ဖြေကြားချက်က (၁)ခုရှိသည်ကို တွေ့ရှိရပါတယ်။ အစည်းအဝေးကာလအလိုက် ဝန်ကြီးဌာနတစ်ခုချင်းရဲ့ ဆောင်ရွက်ရန်ကျန်များကတော့ တင်ပြပါ Slide များအတိုင်းဖြစ်ပါတယ်-

(၁) တရားသူကြီးချုပ်ရုံး -
(၂) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ၂၅
(၃) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန -
(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၁၁
(၅) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ၁၈
(၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန -
(၇) လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ၁၄
(၈) လူမှုရေးဝန်ကြီးဌာန ၃
(၉) စည်ပင်သာယာရေးဝန်ကြီးဌာန ၂
(၁၀) ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန -
(၁၁) ဥပဒေချုပ်ရုံး -

(ဃ) မြို့နယ်စီမံကိန်းလုပ်ငန်းလျာထားချက်များ စတင်ရေးဆွဲစဉ်ကတည်းကပင် စီမံကိန်း၌ ထည့်သွင်းရေးဆွဲရန် ကျန်ရှိခဲ့သည့်လုပ်ငန်းများကို စိစစ်တွေ့ရှိရပါတယ်။

(c) စီမံကိန်းလုပ်ငန်းများအား ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲခဲ့သော်လည်း ဘဏ္ဍာငွေခွဲဝေရရှိမှုအရ ဖြတ်တောက်ခံရမှုကြောင့် ကျန်ခဲ့သည့်လုပ်ငန်းများကိုတွေ့ရှိရပါတယ်။ အဆိုပါလုပ်ငန်းများအား ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲမည်ဖြစ်ကြောင်း ဌာနများမှ တင်ပြချက်အရ သိရှိခဲ့ရပါတယ်။

(စ) ဘဏ္ဍာရေးနှစ်ကို ဦးစားပေးဖော်ပြပြီး ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သော်လည်း ရန်ပုံငွေမရရှိသဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲလျာထားမှုများ စိစစ်တွေ့ရှိရပါတယ်။

(ဆ) အချို့မေးခွန်းများအပေါ် ဖြေကြားချက်တွင် မြို့နယ်အလိုက်ဘဏ္ဍာငွေ အချိုးကျခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဟု ယေဘုယျ ဖြေကြားထားပြီး ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းပေးမည်ဖြစ်ကြောင်း ဌာနများမှ တင်ပြခဲ့ကြတယ်။

(ဇ) လွတ်တော်အစည်းအဝေးများတွင် သက်ဆိုင်ရာဝန်ကြီးများ၏ ဖြေကြားချက်များကို ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီတို့က ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီတို့ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။

(ဈ) အချို့မေးခွန်းများအပေါ် ဝန်ကြီးများ၏ ဖြေကြားချက်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိဟု ဖြေကြားထားသော်လည်း သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

(ည) ဝန်ကြီးများမှ မေးခွန်းများအပေါ် ဖြေကြားရာတွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိကို တိတိကျကျဖြေကြားရန် လိုအပ်မှုရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။

(ဋ) အချို့ဌာနလုပ်ငန်းများတွင် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့သည့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆောင်ရွက်ပေးခြင်း မရှိသေး

သော်လည်း (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး မေးမြန်းချက်အပေါ် လုပ်ငန်းများ ဆောင်ရွက်ပြီးကြောင်း တွေ့ရှိရပါတယ်။

အကြံပြုတင်ပြချက်။ အပိုဒ်(၇) ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားချက်များအပေါ် အကြံပြုလိုသည်မှာ-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားခဲ့သော ဖြေကြားချက်အများစုသည် **"ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်" "မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေးလိုအပ်ချက်အလိုက် ထည့်သွင်းလျာထားတင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်"** ဟုသာပါရှိပြီး တိကျသည့် ဖြေကြားမှုများကို မရရှိ၍ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော အဖြေများကြောင့် ကတိကဝတ် ဖြစ်/မဖြစ် ဆုံးဖြတ်ရန် ခက်ခဲပါသဖြင့် ဖြေကြားမှုများသည် တိကျမှုရှိရန် လိုအပ်ပါကြောင်း၊

(ခ) မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများတွင် သက်ဆိုင်ရာမြို့နယ်ရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆောင်ရွက်လိုသည့် လုပ်ငန်းများအား ထည့်သွင်းရေးဆွဲနိုင်ရေး သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း၊

(ဂ) မေးခွန်းအချို့တွင် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း ကွင်းဆင်းစိစစ်ရာတွင် လုပ်ဆောင်၍မရသည့် လုပ်ငန်းများဖြစ်ကြောင်း တွေ့ရှိရပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပြည်နယ်လွှတ်တော်ရုံးမှတစ်ဆင့် စာဖြင့် အသိပေး၍ ပြန်လည်ရှင်းလင်းသင့်ပါကြောင်း၊

(ဃ) လွှတ်တော်အစည်းအဝေး ကျင်းပပြီးတိုင်း အဆိုနှင့် မေးခွန်းများအပေါ် ဖြေကြားရှင်းလင်းခဲ့မှုများမှာ ကတိကဝတ် ဖြစ်/ မဖြစ်နှင့် ပတ်သက်၍ ကော်မတီနှင့် အစိုးရအဖွဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊

(င) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲမည့်ကိစ္စရပ်များအား ပြည်ထောင်စုသို့ တင်ပြရာတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းချက်အပေါ် ဖြေကြားသည့်ကတိကဝတ်ကိစ္စရပ်များဖြစ်ကြောင်း ထည့်သွင်းဖော်ပြသင့်ပါကြောင်း။

နိဂုံး

အပိုဒ်(၈) ရုမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ကော်မတီအား သတ်မှတ်ပေးအပ်ထားသည့် တာဝန်များနှင့်အညီ ရုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုမှရရှိသည့် ဖြေကြားချက်များဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။ ဥက္ကဋ္ဌ၊ ရုမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။ ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် ဖတ်ကြားတင်ပြသည့် ရုမ်းပြည်နယ်လွှတ်တော် ရုမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (သောကြာနေ့)၊ နံနက်(၁၀)နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(ပဉ္စမနေ့)မှတ်တမ်း

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

[သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၄.၂၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပဉ္စမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၀- ၁၂- ၂၀၁၉ ရက် (ပဉ္စမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စားနမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာအောင်သန်းမောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၇)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၂)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ) (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည် တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသည့် ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းခတ်မြို့နယ် လမ်းဦးစီးဌာနပိုင် မြို့အဝင်လမ်းနှင့် မိုင်းဟန်ကျေးရွာအဝင် တောင်အတက်လမ်းအား ၁၂ ပေ ကတ္တရာခင်းခြင်းမှ ၁၈ ပေ ကတ္တရာအဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းခတ်မြို့နယ်သည် ကျိုင်းတုံမြို့မှ မိုင်အားဖြင့် ၅၁ မိုင်ကွာဝေးပါတယ်။ ကျိုင်းတုံမြို့မှ ဝမ်တာပုံတံတားထိ လမ်းအပိုင်းအား ကျိုင်းတုံမြို့လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သောလမ်းဖြစ်ပြီး ဝမ်တာပုံတံတားမှ ခြောက်ထပ်ကွေ့တောင်အထိ လမ်းအပိုင်းအား ကျွန်တော်တို့ မိုင်းခတ်မြို့လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရသောလမ်း ဖြစ်ပါတယ်။ ကတ္တရာများအားလုံး ခင်းထားပြီးဖြစ်သည့် အတွက် ရာသီမရွေး၊ အချိန်မရွေးသွားလာလို့ ရနေပြီဖြစ်ပါတယ်။ သို့သော် ပွင့်လင်းရာသီတွင် ခရီးသွားများ သွားလာမှုများပြားလာကြောင်း တွေ့ရှိရပါတယ်။ အထူးသဖြင့် ကျိုင်းတုံမှ မိုင်းလား၊ ကျိုင်းတုံမှ မိုင်းယန်းသို့ ပြေးဆွဲသော ယာဉ်ကြီး၊ ယာဉ်ငယ်များ နေ့စဉ်နှင့်အမျှ တွေ့ရှိနေရပါတယ်။ ယာဉ်ကြီး၊ ယာဉ်ငယ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် မြို့အဝင်လမ်းနှင့် မိုင်းဟန်ကျေးရွာအဝင် တောင်အတက်လမ်းအား ၁၂ ပေကတ္တရာ မှ ၁၈ ပေ ကတ္တရာအဆင့်သို့ တိုးမြှင့်ခင်းပေးမည်ဆိုပါက ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်-

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ် မြို့အဝင်လမ်းနှင့် မိုင်းဟန်ကျေးရွာအဝင် တောင်တက်လမ်းအား ၁၂ ပေမှ ၁၈ ပေကတ္တရာအဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်က မေးမြန်းလာသည့် မိုင်းခတ်မြို့သည် ကျိုင်းတုံ

မြို့မှ (၅၁)မိုင်ကွာဝေးပြီး ကျိုင်းတုံမှ မိုင်းလား၊ ကျိုင်းတုံမှ မိုင်းယန်းသို့ ပြေးဆွဲသော ယာဉ်ကြီး၊ ယာဉ်ငယ်များ နေ့စဉ်နှင့်အမျှ ရှိနေပါသဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ အန္တရာယ် ကင်းစွာသွားလာနိုင်ရန်အတွက် မိုင်းခတ်မြို့နယ်ရှိ ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်းမကြီး ဖြစ်သော မိုင်းခတ်လမ်းအပိုင်း၌ မြို့အဝင်လမ်းနှင့် မိုင်းဟန်ကျေးရွာအဝင် တောင်တက် လမ်းအား ၁၂ ပေ မှ ၁၈ ပေ အကျယ် ကတ္တရာအဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန်အတွက် ရှမ်း ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးက ဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းသည် လမ်းဦးစီးဌာန(Department of Highways) ပိုင်တဲ့ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းအရှည်(၁၁၁.၄၄၇ km) ဖြစ်ပါတယ်။ ကျိုင်းတုံခရိုင်အတွင်းရှိ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ် စသည့်မြို့နယ်များကို ဆက်သွယ်ထားသည့် မြို့နယ်ချင်းဆက်သွယ်သည့်လမ်းဖြစ်ပါတယ်။ ၃၀-၉-၂၀၁၉ ရက်နေ့ရှိ လမ်းအမျိုးအစားမှာ ကတ္တရာကွန်ကရစ် (AC)လမ်း (၁.၅ km)၊ (၁၈')အကျယ် ကတ္တရာလမ်း (၆.၆၈ km)နှင့် (၁၂')အကျယ် ကတ္တရာလမ်း (၁၀၃.၂၆၇ km) ဖြစ်ပါတယ်။ ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်း၏ မိုင်းခတ်မြို့နယ်အပိုင်းဟာ (၅၁.၆ km) ရှည်လျားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွဲဝေရရှိရန်ပုံငွေဖြင့် (၁၈')အကျယ် ကတ္တရာလမ်းခဲ့ခြင်း (၀.၄၇ km) ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဒီနှစ်ကုန်မှာ လမ်းအမျိုးအစား ကတော့ (၁၈')အကျယ် ကတ္တရာလမ်း (၀.၄၇ km) နှင့် (၁၂') အကျယ် ကတ္တရာလမ်း (၅၁.၁၃ km) ရှိလာပြီ ဖြစ်ပါတယ်။

ယခု ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေရရှိတဲ့ ရန်ပုံငွေဖြင့် (၁၈')အကျယ်ကတ္တရာလမ်းခဲ့ခင်းခြင်းလုပ်ငန်းအား ကျိုင်းတုံမြို့နယ်အပိုင်းတွင် (၁.၂၅ km)၊ မိုင်းခတ်မြို့နယ်အပိုင်းတွင် (၁.၈၈ km)နှင့် မိုင်းယန်းမြို့နယ်အပိုင်းတွင် (၀.၉၃ km)၊ စုစုပေါင်း ဒီနှစ်မှာ (၄.၀၆ km) ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ကုန်ပါက ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်း၊ မိုင်းခတ်မြို့နယ်အပိုင်းတွင် (၁၈') အကျယ် ကတ္တရာလမ်း (၂.၃၅ km) နှင့် (၁၂')အကျယ် ကတ္တရာလမ်း (၄၉.၂၅ km) ဖြစ်ပေါ်လာမဲ့ အနေအထား ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာနအနေဖြင့် ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်း လမ်း၏အန္တရာယ်ရှိသော လမ်းကွေ့ကောက်တက်ဆင်းတဲ့နေရာများ၊ ယာဉ်သွားလာမှုခက်ခဲ

သောနေရာများ၊ အတက်/ အဆင်း မတ်စောက်သောနေရာများ၊ မြေသားတာဘောင်အကျယ် (၃၄')အကျယ် ရရှိပြီးသောနေရာများ၊ မြို့တွင်း၊ ရွာတွင်းလမ်းပိုင်းများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် ရည်ရွယ်ပြီးတော့ မူလလမ်း (၁၂')မှ (၁၈')အကျယ် ရရှိစေရန် ကတ္တရာလမ်းခဲ့ခင်းခြင်း လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ယခုမေးခွန်းပါ လမ်းပိုင်းသည်လည်း ဦးစားပေးဆောင်ရွက်မည့်အပိုင်း တွင်ပါဝင်လျက်ရှိပါတယ်။ သို့ဖြစ်ရာ ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်း၏ မိုင်းခတ်မြို့နယ် အပိုင်း၊ မိုင်းခတ်မြို့အဝင်လမ်းနှင့် မိုင်းဟန်ကျေးရွာအဝင် တောင်တက်လမ်းအား (၁၂')မှ (၁၈')အကျယ် ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များ တွင်ပြည်နယ်ရန်ပုံငွေအစီအစဉ်၌ ရန်ပုံငွေလျာထားတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားသောဒေသရှိ ပြည်သူများ၏ အိမ်ခြံမြေနှင့် မြေယာများ ဥပဒေနှင့်အညီ အသုံးပြုပိုင်ဆိုင်နိုင်ခွင့်ရရှိနိုင်ရန်နှင့် နိုင်ငံတော်မှပေးအပ်သော ဝန်ဆောင်မှု၏အကျိုးကို ပြည်သူများမှ အပြည့်အဝခံစားခွင့်ရရှိနိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားသော မြေနေရာများပေါ်ရှိ နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ ပြည်သူ၏အိမ်ရာများ ပိုင်ဆိုင်မှုဂရန်ပြုလုပ်ရန်ဖြစ်စေ၊ မြေယာများ အသုံးပြုခွင့်ရရန်ဖြစ်စေ၊ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလိုပါက မြေစာရင်းဦးစီး ဌာနမှ ပုံစံ(၁၀၅) ရေးဆွဲပေးပိုင်ခွင့် မရှိကြောင်း သိရှိရပါတယ်။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၄၄၊ လျှပ်စစ်ဥပဒေ၊ အခန်း(၁၄)၊ ပုဒ်မ ၅၁ အရ “မည်သူမျှ လျှပ်စစ်ဓာတ်အား လိုင်းနယ်မြေအတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုး ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ”လို့ ဖော်ပြပါရှိပါတယ်။ ဒါပေမဲ့ ကျွန်မမေးမြန်းမဲ့ မေးခွန်းကတော့ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းမပြုခင် ရှေးဦးက နေထိုင်စိုက်ပျိုးကြ သူများအတွက် ရည်ညွှန်းပါတယ်ရှင်။

အဆောက်အဦအများစုနှင့် မြေယာအများစုတို့သည် မဟာဓာတ်အားလိုင်းသွယ်တန်းခြင်းမပြုခင် ရှေးဦးကပင် နေထိုင်ခဲ့ကြသူများ၊ မိရိုးဖလာအရ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသူများ ဖြစ်သည့်အားလျော်စွာ မဟာဓာတ်အားလိုင်း ဖြတ်သန်းခြင်းခံရသော ပြည်သူများမှ မြေအမျိုးအစားအလိုက် ရရှိနိုင်သောအခွင့်အလမ်းများဆုံးရှုံးပြီး နိုင်ငံတော်မှ ပေးအပ်သော နိုင်ငံသားများ၏ မူလအခွင့်အရေးများကိုလည်း အပြည့်အဝခံစားခွင့်မရနိုင်တော့ပါ။

သာဓကတစ်ခုအနေနဲ့ ကျွန်မတို့ နမ္မတူမြို့နယ်ရှိ နမ့်ကတ်မူလတန်းကျောင်းသည် (၁၉၈၀)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကိုယ်ထူကိုယ်ထကျောင်းဆောင်တစ်ဆောင်၊ (၂၀၀၂) ခုနှစ်တွင် ဆောက်လုပ်ခဲ့သော အခန်း ၅ ခန်းပါ ကျောင်းဆောင်တစ်ဆောင်နှင့် (၂၀၁၈–၂၀၁၉) ခုနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော အလျား(၆၀)ပေ၊ အနံ(၃၀)ပေရှိ ကျောင်းဆောင်သစ်တစ်ဆောင် ရှိပါတယ်။ ကျောင်းဧရိယာသတ်မှတ်ချက် ခိုင်မာမှုရရှိစေရန် ဆောင်ရွက်ရာ၌ (၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော ရွှေလီ– မန်ဆန်–ရွှေစာရံမဟာဓာတ်အားလိုင်းမှ လားရှိုးမြို့သို့အသစ်ထပ်မံချိတ်ဆက်သော (၆၆ KV)လိုင်းသစ်သည် ယင်းကျောင်း၏အလယ်တွင် ဖြတ်သန်းသွား၍ ကျောင်းဧရိယာပြမြေပုံ ပုံစံ(၁၀၅) ရေးဆွဲခွင့်ရရန် အခက်အခဲရှိနေသည်ကို ကွင်းဆင်းစဉ်တွေ့ရှိခဲ့ရပါတယ်။ အခြားဒေသများတွင်လည်း အလားတူဖြစ်ရပ်မျိုး ရင်ဆိုင်ကြုံတွေ့နေနိုင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈)၊ ပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှမှုအခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ဖော်ပြပါရှိချက်နှင့်အညီ မဟာဓာတ်အားလိုင်းဖြတ်သန်းသွားသော ဒေသရှိ ပြည်သူများအိမ်ခြံမြေနှင့် မြေယာများဥပဒေနှင့်အညီ အသုံးပြုပိုင်ဆိုင်နိုင်ခွင့်ရရှိနိုင်ရန်နှင့် ဌာနများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုဖြင့် နိုင်ငံတော်မှ ပြည်သူများအပေါ် ပေးအပ်သော ဝန်ဆောင်မှု၏အကျိုးကို ပြည်သူများမှ အပြည့်အဝခံစားခွင့်ရရှိနိုင်ရန် အစိုးရမှ မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ နစ်နာသူပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံ ဖြစ်ပါတယ်။ အခု ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ရဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၆၆ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၂၃၀ကေဗွီ ဓာတ်အားလိုင်းများအား မဟာဓာတ်အားလိုင်းများအဖြစ် သတ်မှတ်၍ ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနလက်အောက်ရှိ မဟာဓာတ်အားလိုင်းမှူးများမှ တာဝန်ယူထိန်းသိမ်းလျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စက်ရုံများမှ ထွက်ရှိလာသော ဓာတ်အားများကို မြို့နယ်များသို့ရောက်ရှိစေရေးအတွက် မဟာဓာတ်အားလိုင်းများအား မဖြစ်မနေတည်ဆောက်ရပြီး မဟာဓာတ်အားလိုင်းများ တည်ဆောက်ရာတွင်လည်း မြို့၊ ရပ်ကွက်များနှင့် ကျေးရွာများကို အတတ်နိုင်ဆုံးရှောင်ရှား၍ လိုင်း Survey အသေးစိတ် ဆောင်ရွက်ပြီးမှသာ တည်ဆောက်ခြင်းဖြစ်ပါတယ်။ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုများရှိပါက သီးနှံလျော်ကြေးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ “တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများ နယ်မြေအတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ”ဟု ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ဖြင့် ပြဋ္ဌာန်းလိုက်သည့် လျှပ်စစ်ဥပဒေ အခန်း(၁၂)၊ ပုဒ်မ ၅၁ တွင် ဖော်ပြပါရှိပြီးဖြစ်ပါတယ်။ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများနှင့် ကင်းလွတ်အကွာအဝေး (Right of Way) များအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဗို့အားနိမ့်မြင့် မဟာဓာတ်အားလိုင်းများအလိုက် သတ်မှတ်ထားပြီးသိရှိနိုင်ရန် အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်-

လွှတ်တော် ဥက္ကကြီးခင်ဗျား။ ဖော်ပြပါဇယားကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ၆၆ ကေဗွီဓာတ်အားလိုင်းကို ဒေါင်လိုက်(အပေါ်အောက်)အကွာအဝေး ၁၃ ပေ၊ ရေပြင်ညီ(ဘေးတိုက်)အကွာအဝေးကို ၁၅ ပေသတ်မှတ်ထားပြီး၊ ၂၃၂ ကေဗွီဓာတ်အားလိုင်းကို ဒေါင်လိုက်(အပေါ်အောက်)အကွာအဝေး ၁၄ ပေ၊ ရေပြင်ညီ(ဘေးတိုက်)အကွာအဝေးကို ၅၀ ပေသတ်မှတ်ထားပြီး၊ ၂၃၀ ကေဗွီဓာတ်အားလိုင်းကို ဒေါင်လိုက်(အပေါ်အောက်)အကွာအဝေး ၁၆ ပေ၊ ရေပြင်ညီ(ဘေးတိုက်)အကွာအဝေးကို ၅၀ ပေ ဆိုပြီးတော့ သတ်မှတ်ထားရှိပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ မဟာဓာတ်အားလိုင်းဖြတ်သန်းသောဒေသများရှိ ပြည်သူများအနေဖြင့် မဟာဓာတ်အားလိုင်းအောက်ရှိ ဗို့အားနိမ့်မြင့်အလိုက် သတ်မှတ်ထားသော ဒေါင်လိုက်အမြင့်ပေနှင့် လွတ်ကင်းသော သီးပင်စားပင်များ စိုက်ပျိုးနိုင်ပါကြောင်း၊ ရေပြင်ညီ(ဘေးတိုက်)

အကွာအဝေးနှင့် လွတ်ကင်းရာဧရိယာများတွင် အဆောက်အအုံဆောက်လုပ်နိုင်ပါကြောင်းနှင့် မဟာဓာတ်အားလိုင်းများအသစ်တည်ဆောက်၍ သီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ပါက ပြည်သူများနစ်နာမှုမရှိစေရေးအတွက် ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်ကွင်းဆင်း၍ သီးနှံလျော်ကြေးတွက်ချက်ပြီး လျော်ကြေးပေးချေမှုများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ယနေ့လွှတ်တော်ကို လေ့လာရေးလာရောက်ကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့သော အဆိုဖြစ်တဲ့ "အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့်မြေနေရာများတွင် မြေပေးမိန့်ချထားခြင်း၊ မြေငှားဂရန်ထုတ်ပေးခြင်းများကို အများပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန်တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်မှအတည်ပြုပြီးနောက် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကိုသိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစောကတင်ပြခဲ့တဲ့ အတည်ပြုပြီးသော အဆိုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများတွင် မြေပေးမိန့်၊ မြေငှားဂရန်ထုတ်ပေးခြင်းများကို ပြန်လည်စိစစ်ရေးအဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက တာဝန်ယူပြီး အဖွဲ့ဝင်များအဖြစ်-

(၁)	ရှမ်း(ရွှေ)	ဦးစိုင်းလှိုင်ခမ်း	ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)
(၂)	ရှမ်း(တောင်)	ဦးသိန်းဇော်မိုး	ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၃) ရှမ်း(မြောက်) ဦးစိုင်းခမ်းအောင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

စသည့် ကိုယ်စားလှယ်(၁)ဦးစီနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပြည်နယ်အတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးအားလုံးဖြင့် ဖွဲ့စည်းထားပြီး တာဝန်ပေးအပ်ပြီးဖြစ်တာကို သိရှိရသလို ပြန်လည်စိစစ်ရေးအဖွဲ့များရဲ့ စိစစ်တွေ့ရှိချက်၊ တင်ပြချက်များအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အများပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုလျက် မြေပေးမိန့်နှင့် မြေငှားဂရန်ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့မှုများအပေါ် အများပြည်သူကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။

အဆိုနှင့်ပတ်သက်၍လည်း အစည်းအဝေးများ ခေါ်ယူကျင်းပခဲ့တာကိုသိရှိရပြီး ပြန်လည်စိစစ်ရေးအဖွဲ့ဝင်များဖြစ်သော ပြည်သူ့ကိုယ်စားပြု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃)ဦးသည် အစည်းအဝေးတက်ရောက်ခြင်းမရှိတာကိုလည်း မှတ်တမ်းများအရ သိရှိရပါတယ်။ ပြည်နယ်လွှတ်တော်ကို ကိုယ်စားပြုပြီး ပြန်လည်စိစစ်ရေးအဖွဲ့ဝင် ကိုယ်စားလှယ်(၃)ဦးသည် အဖွဲ့ရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး သိရှိနားလည်နိုင်မှသာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နောက်ပြည်သူများကို ထပ်ဆင့်ရှင်းလင်းချပြနိုင်မှာလည်း ဖြစ်ပါတယ်။

လွှတ်တော်သို့ တင်သွင်းလိုက်တဲ့ အဆိုများဟာ “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်” ဆိုသည့် အတိုင်း ဖော်ဆောင်နေခြင်းလည်းဖြစ်ပြီး အတည်ပြုခဲ့သည့်အဆိုများအပေါ် သက်ဆိုင်ရာအစိုးရအဖွဲ့မှ အကောင်အထည်ဖော်နေခြင်းဟာလည်း လွှတ်တော်နှင့်အစိုးရသည် အများပြည်သူအကျိုးစီးပွားကို ရှေးရှုလျက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေတဲ့ သဘောလည်းဆောင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပါ ပြန်လည်စိစစ်ရေးအဖွဲ့အနေဖြင့် ညှိနှိုင်းအစည်းအဝေးများထပ်မံကျင်းပတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးကို ကြိုတင်အသိပေးအကြောင်းကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်တင်ပြအပ်ပါတယ်။ ပြန်လည်စိစစ်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအရ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ ကျိုင်းတုံခရိုင်၊ မိုင်းဆတ်ခရိုင်၊ တာချီလိတ်ခရိုင်တို့မှ အဆိုနှင့်အညီ ပြန်လည်ပယ်ဖျက်ရန် ရှိသည်များကို ကွင်းဆင်းစိစစ်တင်ပြနိုင်ရန်နှင့် အခြားခရိုင်၊ မြို့နယ်၊ ရပ်ကွက်များထိ အများပြည်သူနှင့်သက်ဆိုင်သောမြေနေရာများကို မြေပေးမိန့်၊ မြေငှားဂရန်များ ချထားပေးခြင်း ရှိ/ မရှိ ဆောင်ရွက်ရန်တို့ပါရှိပါတယ်။ သို့ပါသောကြောင့်

အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာများတွင် မြေပေးမိန့်၊ ဂရန်များထုတ်ပေးခြင်းများကို လုပ်ငန်းစီစစ်ရေးအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်နေမှုများကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့လွှတ်တော်ကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှမေးမြန်းတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး၌ "အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားခြင်း၊ မြေငှားဂရန်ထုတ်ပေးခြင်းများကို အများပြည်သူတို့၏အကျိုးစီးပွားကို ရှေးရှုလျက် ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုအား အတည်ပြုခဲ့ပြီး အဆိုနှင့်ပတ်သက်၍ ပြန်လည်စိစစ်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ တောင်ကြီး၊ လွိုင်လင်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ စသည့်ခရိုင်များမှ အဆိုနှင့်အညီ ပြန်လည်ပယ်ဖျက်ရန်ရှိသည်များကို ကွင်းဆင်းစိစစ်တင်ပြရန်နှင့် မြေပေးမိန့်၊ မြေငှားဂရန်များ ချထားပေးခြင်း ရှိ/ မရှိ ဆောင်ရွက်ပေးရန်ရှိပါသောကြောင့် ယင်းအဆိုနှင့်ပတ်သက်ပြီး လုပ်ငန်းစီစစ်ရေးအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်နေမှုများကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ရှင်းလင်းစွာ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားမှုအခြေအနေများကို တင်ပြရမယ်ဆိုရင် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်း၊ မြေငှားဂရန်ထုတ်ပေးခြင်းများကို စိစစ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၈-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/ ၃၁- ၁၂ (၂၅၆)/ ဦး ၁(အထဋ္ဌ) အရ တောင်ကြီးမြို့၊ သစ်တောရုပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၈/ အစိုးရရုပ်)၊ ဦးပိုင်အမှတ်(၃၂-ခ)၊ မြေဧရိယာ(၀.၁၀၂)ဧကရှိ

တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ် (၂၄/၁၉၉၃) အရ သမဝါယမအသင်းအမည်ဖြင့် ထုတ်ပေးထားသည့် နှစ်(၃၀)မြေငှားဂရန်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၉-၁၁-၂၀၁၈ ရက်စွဲပါ ဂရန်ပယ်ဖျက်မိန့်အမှတ် (၂/ ၂၀၁၈)ဖြင့် ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။

တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ ရှမ်းပြည်နယ်အစေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာ ပုဂ္ဂလိက (၃)ဦးထံသို့ မြေပေးမိန့်များ ထုတ်ပေးခဲ့သည့် အောက်ဖော်ပြပါ မြေနေရာများအား မြေငှားဂရန်များ ထုတ်ပေးခဲ့ပြီး ၎င်းမြေငှားဂရန်များအားပယ်ဖျက်နိုင်ရေး ၁၃-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ်(၂-၉/၂၀၁၈)ဆုံးဖြတ်ချက်အပိုဒ် ၅(၁-ဃ) အရ ပယ်ဖျက်ခွင့်ပြုကြောင်း အကြောင်းကြားချက်အရ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန်ပယ်ဖျက်နိုင်ရေး အမှုတွဲဖွင့်လှစ်၍ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

၎င်းအမှုတွဲများမှာ-

(က) ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၅/၁၉)၊ ဧရိယာ(၀.၀၇၈)ဧကဖြင့် ဒေါ်စန်းစန်းတင့် အမည်ပေါက်ဂရန်၊

(ခ) ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၅/၂၀)၊ ဧရိယာ(၀.၀၆၃)ဧကဖြင့် ဦးရဲထွဋ် အမည်ပေါက်ဂရန်၊

(ဂ) ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက် အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၅/၂၁)၊ ဧရိယာ(၀.၀၇၅)ဧကဖြင့် ဒေါ်သီတာဝင်း အမည်ပေါက်ဂရန် စတဲ့ဂရန်များကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့၊ အမှတ်(၄)ရပ်ကွက်တွင် တိုးချဲ့မြို့ကွက်သစ်မြေနေရာသည် ယခင်မြေစာရင်းဦးစီးဌာန၏ မှတ်တမ်းအရ လ/န- ၃၉ ခွင့်ပြုမိန့်အရ မြို့မြေအသုံးပြုခွင့်ကျပြီး အဆိုပါမြေအတွင်း မြေကွက်(၃၅)ကွက်ဖြင့် မြို့ကွက်သစ်ဖော်ထုတ်ခဲ့ရာ မြေကွက် ၄ ကွက်သည် မူလရေနုတ်မြောင်း အကျယ် ၆ ပေ၊ အနက် ၄ ပေတည်ရှိရာနေရာတွင် ကျရောက်နေခြင်းကြောင့် ပင်မရေနုတ်မြောင်း ဖြတ်သန်းစီးဆင်းရာလမ်းကြောင်းကို အဓိကပိတ်ဆို့မှုဖြစ်ပေါ်စေသည့်အတွက် မြေပေးမိန့်များဖြင့် ခွင့်ပြုချထားပေးသော အောက်ဖော်ပြပါ မြေနေရာများအား ပယ်ဖျက်နိုင်ရေးအတွက် လွိုင်လင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်-

(က) အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၁၈၈)၊ မြေဧရိယာ(၀.၁၈၄)ဧကရှိ ဦးစိန်ဝင်း အမည်ဖြင့် မြေနေရာ၊

(ခ) အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၁၈၉)၊ မြေဧရိယာ(၀.၁၁)ဧကရှိ ဒေါ်ခင်ဝင်းဦး အမည်ဖြင့် မြေနေရာ၊

(ဂ) အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၁၉၀)၊ မြေဧရိယာ(၀.၀၆၄)ဧကရှိ ဦးနေလင်း အမည်ဖြင့် မြေနေရာ၊

(ဃ) အကွက်အမှတ် (၅၄)၊ ဦးပိုင်အမှတ် (၁၉၁)၊ မြေဧရိယာ (၀.၀၆၄)ဧကရှိ ဦးအောင်ကျော်ဆန်း အမည်ဖြင့်မြေနေရာတို့ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသည့်မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်း၊ မြေငှားဂရန်များထုတ်ပေးခြင်းများကို ပယ်ဖျက်နိုင်ရေး စီစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်အခြားခရိုင်များ၌ အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်း၊ မြေငှားဂရန်ထုတ်ပေးခြင်းများ လတ်တလောမရှိသေးပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်းအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလုပ်ငန်းများကို တင်ဒါခေါ်ယူခြင်းနှင့် တင်ဒါအောင်ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီမှ မည်သည့်စံနှုန်းသတ်မှတ်ချက်များထားရှိသည်ကို သိရှိလို၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်တည်ဆောက်ရေးလုပ်ငန်း စီစစ်ရေးကော်မတီ၏ စံနှုန်းလို့ဆိုတဲ့နေရာမှာ သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်တွင်ဖွဲ့စည်းထားတဲ့ တည်/ကော်တွေပေးတဲ့ အမှတ်ပေါ် မူတည်ပြီး ကောင်း/ သင့်/ ညံ့ ခွဲတဲ့ဟာကို စံနှုန်းအနေဖြင့် ရှင်းပြရခြင်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်သွင်းလာသော ဘဏ္ဍာရေးနှစ်အလိုက် အရအသုံး

ခန့်မှန်းခြေ ငွေစာရင်းများကို စနစ်တကျစိစစ်ပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များအတွက် ဘတ်ဂျက်များ ပိုမိုသုံးစွဲခွင့်ရလာသလို ယနေ့ ရှမ်းပြည်နယ်လွှတ်တော်မှာလည်း ပြည်နယ် အစိုးရအဖွဲ့မှတင်သွင်းလာသော ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ပြည်နယ်လွှတ်တော်တွင်ဖွဲ့စည်းထားသော ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူကို တိုက်ရိုက် အကျိုးပြုစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိစစ်ပြီး ဦးစားပေးဆောင်ရွက်မှုများကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အမှန်တကယ်လိုအပ်နေတဲ့ လုပ်ငန်းများပိုမိုဆောင်ရွက်လာနိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများလည်း များလာသလို ၁/ ၂၀၁၇ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် ကုမ္ပဏီများ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖြစ်ထွန်းစေပါတယ်။

ယခုဆိုလျှင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် သက်ဆိုင်ရာဌာနများရဲ့ လုပ်ငန်းအသီးသီးတို့ကို ၁/ ၂၀၁၇ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ တင်ဒါလုပ်ငန်းများ ခေါ်ယူနေချိန်လည်းဖြစ်ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် တင်ဒါလျှောက်ထားသည့် ကုမ္ပဏီများမှာလည်း အရေအတွက်များပြားလာပြီး လုပ်ငန်းရှင်(၁)ဦးမှ ကုမ္ပဏီ(၃)(၄)ခုဖြင့် လျှောက်ထားကြတာကိုလည်း ကွင်းဆင်းထောက်ခံချက်လက်မှတ်ထိုးပေးရတဲ့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအားလုံးအသိပဲ ဖြစ်ပါတယ်။

၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီများမှလည်း လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးသလောက်လည်း ရှိပြီဖြစ်ပါတယ်။ ဒီနေရာမှာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်ဖြစ်သည့် စောင့်ကြည့်ထိန်းကျောင်းခြင်းများနှင့် မိမိတို့မြို့နယ်အတွင်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကို မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၊ ဒေသခံအဖွဲ့အစည်းများဖြင့် လုပ်ငန်းစတင်ချိန်မှစပြီး ဆောင်ရွက်ပြီးစီးမှုများကို မြေပြင်ကွင်းဆင်းစိစစ်မှုများကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းလိုအပ်ချက်၊ တွေ့ကြုံရသည့်အခက်အခဲများကိုလည်း ညှိနှိုင်းဖြေရှင်းပေးပြီး လုပ်ငန်းများလည်း သတ်မှတ်ကာလစံချိန်စံညွှန်းများနှင့်အညီ ဖြစ်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဒေသအတွင်း တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင်

ဘယ်ကုမ္ပဏီတွေက တင်ဒါပါစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/ မရှိ တို့ကို အသိဆုံးပဲဖြစ်သလို လွှတ်တော်ကိုယ်စားလှယ် အများစုတို့ကတော့ တင်ဒါပါစည်းမျဉ်း စည်းကမ်းများနှင့်မညီပါကလည်း သက်ဆိုင်ရာကုမ္ပဏီများကို အောက်ခြေမှာပင် ညှိနှိုင်းပြီး လုပ်ငန်းအဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခဲ့တာများပြီး ပြည်နယ်တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ကို Black List သွင်းဖို့ မတင်ပြတာလည်း အများစုပါ။

သို့ပါသောကြောင့် မကြာမီကာလမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်လုပ်ငန်းများအတွက် တင်ဒါအောင်ကုမ္ပဏီများမှလည်း လုပ်ငန်းများလာရောက်လုပ်ကိုင်ကြတော့မှာဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနများရဲ့ လုပ်ငန်းများကို တင်ဒါလျှောက် ထားခြင်းနှင့် တင်ဒါအောင်ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအနေဖြင့် မည်သည့်စံနှုန်းသတ်မှတ်ချက်များ ထားရှိသည်ကိုသိရှိလိုရှိ၍ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား အောက်ပါကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်-

ကြယ်ပွင့်ပြမေးခွန်း(၁) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၊ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန လုပ်ငန်းများအတွက် တင်ဒါလျှောက် ထားသည့် ကုမ္ပဏီအရေအတွက်၊

ကြယ်ပွင့်ပြမေးခွန်း(၂) တင်ဒါလာရောက်လျှောက်ထားခြင်း မရှိသည့် ဌာနလုပ်ငန်းများ ရှိ/ မရှိ၊

ကြယ်ပွင့်ပြမေးခွန်း(၃) တင်ဒါအောင်ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မည်သည့် စံနှုန်းများဖြင့် သတ်မှတ်ထားရှိသနည်း၊

ကြယ်ပွင့်ပြမေးခွန်း(၄) Black List သွင်းခံရသည့် ကုမ္ပဏီရှိပါက မည်သည့် ကုမ္ပဏီများ ဖြစ်သနည်း။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစား အပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မေးမြန်းလာသည့် ကြယ်ပွင့်ပြ

မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနများရဲ့လုပ်ငန်းများကို ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေး ကော်မတီအနေဖြင့် မည်သည့်စံနှုန်းသတ်မှတ်ချက်များထားရှိသည်ကို အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနလုပ်ငန်းများအတွက် တင်ဒါလျှောက်ထားသည့် ကုမ္ပဏီအရေအတွက်၊

(ခ) တင်ဒါလာရောက်လျှောက်ထားခြင်းမရှိသည့် ဌာနလုပ်ငန်းများ ရှိ/ မရှိ၊

(ဂ) တင်ဒါအောင်ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မည်သည့် စံနှုန်းများဖြင့် သတ်မှတ်ထားရှိသနည်း၊

(ဃ) Black List သွင်းခံရသည့် ကုမ္ပဏီရှိပါက မည်သည့်ကုမ္ပဏီများ ဖြစ်သနည်း ဆိုတာနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီ အနေဖြင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် တင်ဒါခေါ်ယူပြီးစီးသည့် လုပ်ငန်းများကို ပြည်နယ်/ ခရိုင်/ မြို့နယ်မှ တည်ဆောက်ရေး လုပ်ငန်းစီစစ်ရေးကော်မတီများဖွဲ့စည်းပြီး စစ်ဆေးမှုများဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာနမှာ တင်ဒါလျှောက် ထားသည့် ကုမ္ပဏီအရေအတွက်မှာ အဆင့်မြင့်ပညာဦးစီးဌာနတွင် (၂၀၃)ခု၊ အခြေခံပညာ ဦးစီးဌာနတွင် (၂၅၀)ခု၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် (၆၈)ခု၊ စုစုပေါင်း(၅၂၁)ခုရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအနေဖြင့် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် (၁၈၁)ခု၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာနတွင်(၇)ခု၊တိုင်းရင်းဆေးပညာဦးစီးဌာနတွင်(၂)ခု၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင်(၈)ခု၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် (၂၄)ခု၊ စုစုပေါင်း (၂၂၂)ခုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနတွင် (၇၇)ခုရှိပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ တင်ဒါ လာရောက် လျှောက်ထားခြင်းမရှိသည့် ဌာနလုပ်ငန်း (၁၉)ခုရှိပါတယ်ခင်ဗျား။

တင်ဒါအောင်ကုမ္ပဏီများ လုပ်ငန်းပြီးစီးမှုကို Plinth Level နှင့် ၂ထပ်အထက် ပထမထပ်လောင်းပြီးအား ၂၅%၊ ၂ထပ်အထိ အမိုးမိုးပြီးနှင့် ၂ ထပ်အထက် တတိယ

ထပ်လောင်းပြီးအား ၅၀%၊ ၂ထပ်အထိ အုတ်ပိတ်ပြီးနှင့် ၂ထပ်အထက် အမိုးမိုးပြီး ၇၅%၊ ၂ထပ်အထိ အချောသပ်ပြီး ၂ထပ်အထက် အချောသတ်ပြီးပါက ၁၀၀% သတ်မှတ်ထားရှိကြောင်း တင်ပြလိုပါတယ်။

Black List သွင်းခံရတဲ့ ကုမ္ပဏီများအနေနဲ့ဆိုရင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပညာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနမှာ ဆောင်ရွက်တဲ့ Royal Namhsan ကုမ္ပဏီတစ်ခု Black List သွင်းထားပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာဆိုရင် တီကျစ် စက်ရုံကို တာဝန်ယူတည်ဆောက်နေတဲ့ Asia Golden Family ကုမ္ပဏီလိမိတက်ကို Black List သွင်းထားခြင်းရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးရန်နိုင်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးစိုးရန်နိုင်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လာရောက်လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးရန်နိုင် ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့ရှိ ရေအေးကန်ဆည် ပြုပြင်ထိန်းသိမ်းခြင်းကိစ္စနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့ရှိ ရေအေးကန်ဆည်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့၏ အနောက်တောင်ဘက် ကလောမြို့မှ (၂.၅)မိုင်ခန့်အကွာတွင် တည်ရှိပါတယ်။ တမံအတိုင်းအတာမှာ ပင်မတမံ ၄၀၀ ပေ× ၁၆ပေ× ၅၀ ပေ၊ လက်ဝဲတမံ ၁၈၆ပေ× ၁၆ပေ× ၁၈ပေနှင့် လက်ယာတမံ ၁၂၅ပေ× ၁၆ပေ× ၂၂ ပေရှိပြီး ဧရိယာအကျယ်အဝန်းအနေဖြင့် ရေဝပ်ဧရိယာ(၃၆.၅)ဧကနှင့် ရေဝင်ဧရိယာ(၁၀၀)ဧက ရှိပါတယ်။

ကလောမြို့ပေါ်ရှိ ရပ်ကွက်(၄)ခုမှာ လူဦးရေ(၄၄၅၅)ဦး၊ ကလောတပ်နယ်ရှိ လူဦးရေ(၃၆၅၇)ဦး၊ ဒေသခံပြည်သူစုစုပေါင်း(၈၁၂)ဦးတို့အား ရေပေးဝေလျက်ရှိသည့်ရေအေးကန်ကို ၁၉၂၀ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး တိုးချဲ့ဆောက်လုပ်မှုများအနေဖြင့် ၁၉၈၀ ခုနှစ်တွင် ရေကျော် ၃ပေ×၆လက်မ မြှင့်တင်ခြင်း၊ ပင်မတာတမံ ၆ပေ မြှင့်တင်ခြင်း၊ ရေပိုလွှဲ ၅ ပေ

မြှင့်တင်ခြင်းအားလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ရေကျော်ကျောက်ရိုးစီ အချောကိုင်ခြင်းနှင့် လက်ဝဲတာတမံ တာပေါင်ဖို့ခြင်းအားလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် လက်ယာတာတမံ တာပေါင်ဖို့ခြင်းအားလည်းကောင်း ဆောင်ရွက်ခဲ့ပါတယ်။ ၇-၁၀-၂၀၀၆ခုနှစ်တွင် ပင်မတမံကျိုးပေါက်ခဲ့ခြင်းဖြစ်ပေါ်ခဲ့သဖြင့် ပြင်ဆင်ခြင်းဆောင်ရွက်ခဲ့ရာ ၁၅-၆-၂၀၀၇ ခုနှစ်တွင် ပြင်ဆင်ပြီးစီးခဲ့ပါတယ်။ ယခုအခါတွင် ရေအေးကန်သက်တမ်းမှာ နှစ်ပေါင်း (၉၉)နှစ်ခန့် ကြာမြင့်ပြီဖြစ်ပါတယ်။

ရေအေးကန်၏ အများဆုံးရေသိုလှောင်နိုင်မှုမှာ ကန်ရေပြည့်အမှတ်(၂၁)ပေတွင် ပင်မတမံတွင်ဂါလန်(၁၂၄.၅)သန်း၊ လက်ဝဲတမံတွင်ရေဂါလန်(၃၃)သန်းနှင့် လက်ယာတမံတွင် ရေဂါလန်(၂၇)သန်းရှိပြီး စုစုပေါင်းရေသိုလှောင်နိုင်မှု ဂါလန် (၁၈၄.၅)သန်းခန့်ဖြစ်ပါတယ်။ နေ့စဉ် ရေအေးကန်မှ ဒေသခံပြည်သူ(၈၁၂)ဦးအား ရေဂါလန်(၄၀၀,၀၀၀)ပေးဝေခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်ယခုအခါတွင် ရာသီဥတုပူပြင်းခြင်း၊ မိုးကြိုကာလနောက်ကျခြင်းတို့ကြောင့် နွေရာသီကာလ၌ မြို့နေဒေသခံပြည်သူများ သောက်သုံးရေအခက်အခဲ ကြုံတွေ့ရလျက်ရှိပါတယ်။ ယခင်နှစ်များတွင် နွေရာသီရေနည်းချိန်၌ ရေအေးကန်ရေအမှတ် (၁၁)ပေ (၁၀) လက်မ၊ ရေဂါလန်ပေါင်း (၅၂.၁၈၆)သန်းခန့်ရှိခဲ့ပြီး အဆင်ပြေစွာရေပေးဝေနိုင်သော်လည်း ၂၀၁၈ ခုနှစ်တွင် ရေအမှတ်(၄)ပေအောက်လျော့နည်းခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။

သို့ဖြစ်၍ ရေအေးကန်၏ ကန်ရေပြည့်အမှတ်(၂၁)ပေအောက် ရေသိုလှောင်နိုင်မှု ပမာဏအောက်သို့ ပိုမိုသိုလှောင်နိုင်ရေးအတွက် ကန်ပေါင်မြှင့်တင်ခြင်း၊ နုန်းမြေများဆယ်တင်ခြင်း၊ ရေပိုမိုသိုလှောင်နိုင်ရေးအတွက် အစီအမံများလုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသဖြင့် အောက်ပါမေးခွန်းများ မေးမြန်းခြင်းတို့ဖြစ်ပါတယ်-

(က) နွေရာသီကာလများ၌ ရေအေးကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ကန်ဘောင်မြှင့်တင်ခြင်းနှင့် နုန်းဆယ်တင်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ။

(ခ) အစီအစဉ်ရှိပါက မည်သည့်ကာလ ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်နည်း။

(ဂ) အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဆိုသည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တပ်မတော်သားပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးရန်နိုင်၊ ကြည်း-၃၇၄၆၂ ၏ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့၏ အနောက်တောင်ဘက် ကလောမြို့မှ(၂.၅)မိုင်ခန့်အကွာရှိ ရေအေးကန်ဆည်သည် ကန်ရေပြည့်အမှတ်(၂၁)ပေရှိပြီး ၂၀၁၈ခုနှစ်တွင် ရေအမှတ်(၄)ပေအောက်လျော့နည်းခဲ့သဖြင့် ပြည်သူများသောက်သုံးရေ အခက်အခဲကြုံတွေ့လျက်ရှိသည့်အတွက် ကန်၏ရေသိုလှောင်နိုင်မှု ပမာဏအောက်သို့ ပိုမိုသိုလှောင်နိုင်ရေးအတွက် ကန်ပေါင်မြှင့်တင်ခြင်း၊ နုန်းမြေများဆယ်တင်ခြင်း၊ ရေပိုမိုသိုလှောင်နိုင်ရေးအစီအမံများလုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသဖြင့် အောက်ပါအတိုင်း သိရှိလိုပါကြောင်း မေးမြန်းမှုနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်-

(၁) နွေရာသီကာလများ၌ ရေအေးကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ကန်ပေါင်မြှင့်တင်ခြင်းနှင့် နုန်းဆယ်တင်ခြင်းများ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ၊

(၂) အစီအစဉ်ရှိပါကမည်သည့် ကာလဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်း၊

(၃) အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။

ကလောမြို့ ပြည်သူများနှင့် တပ်နယ်များသောက်သုံးရန် ဖြန့်ဝေလျက်ရှိသည့် ရေအေးကန်ဆည်မှာ မြို့မှ(၂.၅)မိုင်ခန့်အကွာ မြို့၏အထက်(၂၀၀)ပေအမြင့်တွင် တည်ရှိပါတယ်။ ရေအေးကန်မှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားမှာ(၂၆၆)ပေရှည်ပြီး အမြင့်(၃၆)ပေမြင့်ပါတယ်။ ရေအေးကန်၏ ကန်ရေပြည့်အမှတ်မှာ (၂၁)ပေရှိပြီး ရေသိုလှောင်နိုင်မှုပမာဏမှာ ရေဂါလန်ပေါင်း (၁၂၄.၅)သန်းရှိပါတယ်။ အကူကန်အဖြစ် လက်ဝဲတမံနှင့် လက်ယာတမံ(၂)ကန်ရှိပြီး ရေသိုလှောင်နိုင်မှု ပမာဏမှာ ရေဂါလန်သန်း (၆၀)ရှိပါတယ်။ ကလောမြို့ရပ်ကွက် (၃၊ ၄၊ ၅၊ ၈၊ ၉၊ ၁၀)သို့ တစ်နေ့ရေဂါလန်(၂)သိန်းနှင့် တပ်နယ်သို့ တစ်နေ့လျှင် ရေဂါလန်(၂)သိန်း၊ စုစုပေါင်းရေဂါလန်(၄)သိန်းပေးဝေလျက်ရှိပါတယ်။ ကလောမြို့ ရေအေးကန်ကို (၁၉၂၀)ခုနှစ် တွင်ဆောက်လုပ်ခဲ့ပြီး ရေပိုမိုသိုလှောင်နိုင်ရန်အတွက် (၁၉၈၀) ခုနှစ်တွင် ရေကျော် (၃'-၆") မြှင့်တင်ခြင်း၊ ၁၉၉၃ ခုနှစ်တွင် ပင်မတမံ(၆)ပေမြှင့်တင်ခြင်းနှင့် ရေကျော်(၅)ပေမြှင့်တင်ခြင်း၊ ၂၀၀၈ခုနှစ်တွင် ရေကျော်ကို(၁)ပေမြှင့်တင်ခြင်းများ ဆောင်ရွက်

ခဲ့ပါတယ်။ (၇.၁၀.၂၀၀၆) ခုနှစ်တွင် ပင်မတမံကျိုးပေါက်ခဲ့၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ပူးပေါင်းပြီး တမံပြန်လည်ပြုပြင်ခြင်းနှင့် တမံအတွင်းနှုန်းဆယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ(၁၅.၆.၂၀၀၇) ရက်နေ့တွင်ပြီးစီးခဲ့ပါတယ်။ ပြီးခဲ့သည့်နွေရာသီကာလတွင် ယခင်နှစ်ရာသီဥတုထက် ပိုမိုပူပြင်း၍ ရေအေးကန်၏ ရေအမှတ် (၄)ပေအောက် လျော့နည်းခဲ့ပါတယ်။ ရေအေးကန်၏ မြေပြင်အနေအထား တိုင်းတာခြင်းများကို ကျွမ်းကျင်ပညာရှင်များဖြင့် (၁၀.၇.၂၀၁၉) ရက်နေ့မှ (၂၀.၇.၂၀၁၉) ရက်နေ့အထိ (၁၁)ရက်ကြာ တိုင်းတာ၍ ပုံစံထုတ်ပြီးစီးခဲ့ပါတယ်။ (၁၉၂၀)ခုနှစ်တွင် ဆောက်လုပ်ခဲ့သောကြောင့် ကန်၏သက်တမ်းသည် နှစ်ပေါင်း(၁၀၀)ပြည့်တော့မည်ဖြစ်ပြီး ရေပိုမိုသိုလှောင်နိုင်ရန် ရေကျော်အား(၃)ကြိမ် မြှင့်တင်ပြီး တမံကျိုးပေါက်မှု(၁)ကြိမ် ဖြစ်ပေါ်ခဲ့သောကြောင့် ဒဏ်ရာဒဏ်ချက်များဖြင့်ရှိနေသည့် တမံဖြစ်သည့်အတွက် ဆက်လက်၍တမံမြှင့်တင်ရန်သင့်/ မသင့်ကို သက်ဆိုင်ရာကျွမ်းကျင်မှုဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ အကြံပြုချက်အားရယူရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ (၈.၇.၂၀၁၉)ရက်နေ့ ကွင်းဆင်းတိုင်းတာ ကြည့်ရှုပေးရန် ညှိနှိုင်းခဲ့ပါတယ်။ သက်ဆိုင်ရာကျွမ်းကျင်မှုဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ရေအေးကန်တာပေါင်မြှင့်တင်ရန် သင့်/ မသင့် အကြံပြုချက်ရရှိမှုအပေါ် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ၂၀-၁၂-၂၀၁၉ ရက် (သောကြာနေ့)၌ ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာသူများ အားလုံး စိတ္တသုခ၊ ကာယသုခ၊ နှစ်ဖြာသောသုခတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမနူတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ အင်းလေးကန်အတွင်း ပိတ်ဆို့လျက်ရှိတဲ့ ဗေဒါများ၊ ဒိုက်များ၊

ကျွန်းမျောဟောင်းများ ဆယ်ယူခြင်းနှင့် ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်း သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ အင်းလေးကန်တွင် ဗေဒါများ၊ ဒိုက်များ၊ ကျွန်းမျောဟောင်းများ ပိတ်ဆို့မှုကြောင့် အင်းလေးကန်၊ ဖောင်တော်ဦးဘုရားနှင့် ရွာများသို့ သွားလာရာလမ်းကြောင်းများ ပိတ်ဆို့လျက်ရှိပါတယ်။ ဒေသခံများ၊ ခရီးသွားများတင်ပြချက် အရလည်းကောင်း မိမိတို့ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုရာတွင်လည်း လမ်းကြောင်းများ အမှန်တကယ်ပိတ်ဆို့လျက်ရှိနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အင်းလေးကန်ဟာ မြန်မာနိုင်ငံတွင်သာမကပဲ ကမ္ဘာကျော်တဲ့ ကန်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မလို့ ပြည်တွင်း ပြည်ပမှ လာရောက်လည်ပတ်သော ခရီးသွားများ အများအပြားရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အသည်းနှလုံးတမျှ တန်ဖိုးကြီးမားလှတဲ့ ကန်တစ်ခုလည်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ အတွက်၊ မြန်မာနိုင်ငံအတွက် ခရီးသွားများထံမှဝင်ငွေများစွာ ရှာဖွေပေးလျက်ရှိတဲ့ အင်းလေး ကန်ဒေသမှာ အခုလို ဗေဒါများ၊ ဒိုက်များ၊ ကျွန်းမျောများကြောင့် သွားလာရေးအခက်တွေ့ ပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ-

(က) အင်းလေးကန်ဗေဒါဆယ်ယူသည့်လုပ်ငန်းအတွက် ရန်ပုံငွေမည်မျှချထား ပါသလဲ။ မည်သည့်စစ်ဆေးသည့်အဖွဲ့က စစ်ဆေးကြပ်မတ်ပါသလဲ။

(ခ) ဒေသခံလူထုအား သမ္မတညွှန်ကြားချက်(၁/ ၂၀၁၇)အရ ဗေဒါဆယ်ယူသည့် လုပ်ငန်းအား လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့် နည်း။

(ဂ) စက်လှေလုပ်ငန်းရှင်၊ စက်လှေအသုံးပြုသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံများ ပူးပေါင်းလုပ်ဆောင်သည့် စီမံချက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ။

စသည့်မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းထားသည့်မေးခွန်းဖြစ်တဲ့ တောင်ကြီးခရိုင်၊ ညောင်ရွှေ မြို့နယ်၊ အင်းလေးဒေသ၊ အင်းလေးကန်တွင် ဗေဒါများ၊ ဒိုက်များ၊ ကျွန်းမျောပေါင်းများ ပိတ်ဆို့မှုကြောင့် အင်းလေးကန်၊ ဖောင်တော်ဦးဘုရားနှင့် ရွာများသို့ သွားရာလမ်းကြောင်းများ ပိတ်ဆို့လျက်ရှိပြီး အင်းလေးဒေသသို့ လာရောက်လည်ပတ်သော ခရီးသွားများသွားလာရန် အခက်အခဲကြုံတွေ့လျက်ရှိပါသောကြောင့် အင်းလေးကန် ဗေဒါဆယ်ယူသည့်လုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ တစ်ချက်ချင်းကို ရှင်းလင်းပြတ်သားစွာ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(က)ဖြစ်တဲ့ အင်းလေးကန်ဗေဒါဆယ်ယူသည့်လုပ်ငန်းအတွက် ရန်ပုံငွေမည်မျှ ချထားကြောင်းနှင့် မည်သည့်အဖွဲ့ကစစ်ဆေးကြပ်မတ်ပါသနည်း ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အထောက်အပံ့ပြုအဖွဲ့အစည်းအဖြစ် ၁၉၉၂ ခုနှစ်မှစတင်၍ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ယခင်ဆည်မြောင်းဦးစီးဌာန)မှ လုပ်ငန်းစဉ်(၈)ခုခွဲခြား ဆောင်ရွက်လျက်ရှိပါတယ်။ ထိုလုပ်ငန်းစဉ် (၈)ခုအနက်မှ စူးစမ်းလေ့လာတိုင်းတာခြင်း၊ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များတည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ ကျွန်းမျောရိုင်း၊ ဗေဒါများ စုစည်းထိန်းချုပ်ခြင်းလုပ်ငန်းများအား အဓိကထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများအားဆောင်ရွက်နိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လျာထားခွင့်ပြုပေးထားသည့်ရန်ပုံငွေ ကျပ်သန်း(၅၀၀)ဖြင့် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်တွင်း ဗေဒါဆယ်ယူသည့်လုပ်ငန်းအတွက် သီးသန့်ခွဲဝေချထားပေးခြင်းမရှိပါ။ ကျွန်းမျောရိုင်း၊ ရေမှော်နှင့် ဗေဒါများ ရှင်းလင်းခြင်းခေါင်းစဉ်မှ မျှဝေသုံးစွဲဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၁၉၉၂ ခုနှစ် အင်းလေးကန်ဘက်စုံထိန်းသိမ်းရေးလုပ်ငန်း စတင်ဆောင်ရွက်ခဲ့စဉ်က အင်းလေးကန်အတွင်းဒေသခံပြည်သူများမှ တက်ကြွစွာပူးပေါင်းပါဝင်လျက် ကျေးရွာအလိုက် ဗေဒါ၊ ကျွန်းမျောရိုင်းနှင့် ဒိုက်ပင်၊ ကိုင်းပင် ရှင်းလင်းခြင်းလုပ်ငန်းတို့အား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာဌာနများ ကြပ်မတ်ဆောင်ရွက်ပေးခဲ့မှုဖြင့် အင်းလေးကန်အတွင်း ရေမှော်၊ ဗေဒါနည်းပါးခဲ့ခြင်းဖြစ်ပါတယ်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နှစ်စဉ် ဖောင်တော်ဦး

ဘုရားပွဲကျင်းပချိန်တွင် ဘုရားကြွရေလမ်းတစ်လျှောက်တွင်သာ အဓိကထားဆောင်ရွက်ပေးခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ်မှ ၂၀၁၀- ၂၀၁၁ အထိ နှစ်စဉ်ကျွန်းမျော ရှင်းလင်းခြင်းလုပ်ငန်းအား ဧက (၁၀၀ မှ ၁၅၀)အတွင်းသာ ဆောင်ရွက်ပေးခဲ့ရပါတယ်။ ၂၀၁၀ ခုနှစ်၊ အင်းလေးကန်အတွင်း ရေအနည်းပါးဆုံးအခြေအနေ ကြုံတွေ့ခဲ့ရပြီးနောက် အင်းလေးကန်ရေအရည်အသွေးကျဆင်းမှုနှင့်အတူ ဗေဒါ၊ ရေမှော်များ အဆမတန်ပွားများလာခဲ့ပါတယ်။ ထိုအချိန်မှစတင်၍ ကျွန်းမျော၊ ဗေဒါရှင်းလင်းခြင်းလုပ်ငန်းအား တိုးမြှင့်လျှောထားဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျှောထားရန်ပုံငွေ ကျပ်(၁၃၅)သန်းထက်ကျော်လွန်၍ ကျပ်(၁၆၄.၁၈)သန်း ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်နိုင်သည့်ဧရိယာအားဖြင့် (၂၆၀)ဧက ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ အင်းလေးကန် ရေပြင်အတွင်းသာမက အင်းလေးကန်နှင့် စံကားအင်း ဆက်သွယ်သည့်ရေလမ်းကြောင်းတစ်လျှောက်အပါအဝင် ဘုရားကြွရေလမ်းများတစ်လျှောက်ပါဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျွန်းမျော၊ ဗေဒါရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လျှောထားရန်ပုံငွေ ကျပ်သန်း(၁၂၀)ဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများအား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒေသခံပြည်သူများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ အခြားဆက်နွယ်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အကြံဉာဏ်၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေးခွန်း(ခ)ဖြစ်တဲ့ ဒေသခံလူထုအား သမ္မတညွှန်ကြားချက်(၁/၂၀၁၇)အရ ဗေဒါဆယ်ယူသည့်လုပ်ငန်းအား လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့်နည်းဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ဒေသခံလူထုအား သမ္မတညွှန်ကြားချက်(၁/ ၂၀၁၇)အရ ဗေဒါဆယ်ယူသည့်လုပ်ငန်းအား လုပ်ကိုင်ခွင့်ပေးရန်အစီအစဉ် မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်ငန်းခေါင်းစဉ်များအရ ဗေဒါဆယ်ယူသည့်လုပ်ငန်း ခေါင်းစဉ်သီးသန့်မရှိဘဲ ကျွန်းမျောရိုင်း၊ ဗေဒါစုစည်းထိန်းချုပ်ခြင်း ခေါင်းစဉ်အောက်မှ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းအမျိုးအစားတွင် ကျွန်းမျောရိုင်းများ စုစည်းထိန်းချုပ်ရန်(စုပုံဖျက်ဆီးခြင်းဆောင်ရွက်ရန်) ဌာနပိုင်စက်ယန္တရားများအသုံးပြုဆောင်ရွက်ရပါတယ်။ ထိုစက်ယန္တရားများတွင် အသုံးပြုသည့် စက်သုံးဆီများအားလည်းကောင်း၊ ကျွန်းမျော၊ ဗေဒါများစုစည်းရန် ဒေသခံပြည်သူများမှ ငှားရမ်းအသုံးပြုနေသည့် စက်တပ်ရေယာဉ်များအသုံးပြုသည့် စက်သုံးဆီများအား သမ္မတညွှန်ကြားချက်(၁/၂၀၁၇)အရတင်ဒါစနစ်ဖြင့် ဝယ်ယူအသုံးပြုခြင်းဖြစ်ပါတယ်။ ဒေသခံများအား လုပ်ကိုင်ခွင့်အနေဖြင့် ပေးအပ်ဆောင်ရွက်ခြင်းမပြုသော်လည်း ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် စက်တပ်ရေယာဉ်များ၊ လက်လှော်လှေများအား ငှားရမ်းအသုံးပြုခြင်း၊ နိုင်ငံတော်ပိုင်

စက်ယန္တရားများ အသုံးပြုဆောင်ရွက်ရခြင်း၊ အင်းလေးကန်အတွင်း ကျွန်းမျော၊ ဗေဒါများသည် ရာသီဥတုနှင့် ရေအခြေအနေအရ မျောလွင့်နေခြင်းဖြစ်ရာ ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဌာနနှင့်ပူးပေါင်းဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်သကဲ့သို့ အင်းလေးကန်အတွင်း ပြန့်လွင့်နေသည့် ကျွန်းမျောများ၊ ဗေဒါများအားရှင်းလင်းရန်အတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အခက်အခဲများရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

မေးခွန်း(၈)ဖြစ်တဲ့ စက်လှေလုပ်ငန်းရှင်၊ စက်လှေအသုံးပြုသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံများပူးပေါင်းလုပ်ဆောင်သည့် စီမံချက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတစ်ခုဖြစ်သည်နှင့်အညီ ဗေဒါဆယ်ယူခြင်းလုပ်ငန်းအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား လူတစ်ဦး၊ တစ်ယောက်တည်း၊ ဌာနဆိုင်ရာအဖွဲ့အစည်း တစ်ခုတည်းကပဲ ဆောင်ရွက်ရန်မဖြစ်နိုင်သကဲ့သို့ ပြည်သူအများပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးပါတယ်။ ၁၉၉၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် ဒေသခံကျေးရွာလူထုမှ နိုးကြားသောအသိဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများ အထိုက်အလျောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် သာဓကကိုရယူလျက် ဒေသခံပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းပါကြောင်းနှင့် မိမိတို့ဌာနဆိုင်ရာများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် စက်လှေလုပ်ငန်းရှင်၊ စက်လှေအသုံးပြုသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံများအပါအဝင် အင်းလေးကန်အတွင်း မှီတင်းသွားလာ ဆောင်ရွက်လုပ်ကိုင်နေသည့် ဒေသခံပြည်သူအများတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် စီမံချက်မျိုးအား ဌာနအနေဖြင့် ဆောင်ရွက်ပေး၍ မရနိုင်ပါသဖြင့် ဆောင်ရွက်ရန်လည်း အစီအစဉ်မရှိပါ။ အဆိုပါ အစီအစဉ်မျိုးကို ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ဦးဆောင်လျက် သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းရေးဆွေး၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)မှာ ကြွရောက်ချီးမြှင့်ပေးပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာရန်တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ စိတ္တသုခ၊ ကာယသုခ၊ နှစ်ဖြာသောသုခတို့နှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်၊ နမ့်ဆန်- ကျောက်ဖြူလမ်းပေါ်ရှိ အရှည် (၄၀×၂၀)ပေရှိ သံကူကွန်ကရစ်တံတား၏ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ရေလည်တိုင်ကို ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်-ကျောက်ဖြူ- ကွမ်ဟယ်-သီပေါလမ်းသည် တောင်ပိုင်စော်ဘွားကြီးလက်ထက်ကတည်းက ဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ အဲဒီလမ်းဟာ နမ့်ဆန်မှ သီပေါထိ ၄၅ မိုင်ရှိပြီး၊ နမ္မတူ- သီပေါလမ်း၊ သီပေါအဝင်နားက တပ်ရင်း ၅၀၃၊ ၅၀၄ အနီးမှာ လာရောက်ချိတ်ဆက်တဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။ ရှေးတုန်းက ပလောင်တိုင်းရင်းသားများသည် နမ့်ဆန်မှ ထွက်ရှိတဲ့ လက်ဖက်စို၊ လက်ဖက်ခြောက်များကို မြင်း၊ လား၊ နွားများဖြင့် နမ့်ဆန်-သီပေါလမ်းမှတစ်ဆင့် ကျောက်မဲ-မန္တလေးသို့ ပို့ဆောင်တဲ့ အဓိကကုန်ထုတ်လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ နမ့်ဆန်- လီလု-သီပေါလမ်းရှိသော်လည်း ရှေးအခါတုန်းက လီလုချောင်းမှာ တံတားမရှိသေးတဲ့အတွက်၊ ဖြတ်သန်းရန်ခက်ခဲတဲ့အတွက် အဲဒီ နမ့်ဆန်- လီလုလမ်းကို သိပ်အသုံးမပြုကြဘဲ အခုကျွန်တော်ဖော်ပြထားတဲ့ နမ့်ဆန်- ကျောက်ဖြူ- သီပေါလမ်းကိုသာ အဓိကထားအသုံးပြုနေကြခြင်းလည်း ဖြစ်ပါတယ်။ ခရီးလည်းအများကြီးတိုပါတယ်။ ၎င်း နမ့်ဆန်- ကျောက်ဖြူ-သီပေါလမ်းတွင် နမ့်ဆန်နဲ့ ကျောက်ဖြူကြားမှာ စော်ဘွားကြီး လက်ထက်ကတည်းက ဆောက်လုပ်ခဲ့တဲ့ သံ Frame နဲ့ သစ်သားတံတား (၁)စင်းရှိခဲ့ပါတယ်။ အဲဒီတံတားဟာ လွန်ခဲ့တဲ့ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ မိုးကြီး၍ တံတားမျောပါသွားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကွန်ကရစ်ရေလည်တိုင်တစ်တိုင်ဖြင့် သစ်သားတံတား(၁)စင်းတည်ဆောက်ခဲ့ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်း ၂၀၁၂ ခုနှစ်လောက်မှာ ၎င်းလမ်းအား ကတ္တရာ ၂၂ မိုင်၊ ကျောက်ချောလမ်း ၂၃ မိုင် ခင်းပေးပြီး တံတားကိုလည်း ပြန်လည်

ပြင်ဆင်ခဲ့ပါတယ်။ အဆိုပါ တံတား၏သစ်သားကြမ်းခင်းအစား ကွန်ကရစ်ကြမ်းခင်းအဖြစ် ပြင်ဆင်ထားခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဆောက်လုပ်ခဲ့တဲ့တံတားဖြစ်ပြီး ၂၀၁၂- ၂၀၁၃ ခုနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဘတ်ဂျက် ကျပ်သိန်း(၁၂၀)ဖြင့် ဆောင်ရွက်ခဲ့တဲ့ တံတားလည်းဖြစ်ပါတယ်။ အဲဒီတံတားပြုပြင်စဉ်က ဆွေးမြေ့နေတဲ့ သစ်သားကြမ်းခင်းကိုခွာပြီး ကန့်လန့်ဖြတ်သစ်သားတန်းပေါ်မှာ သံချည်သံကွေး နှစ်ထပ်ရက်ပြီးတော့ ကွန်ကရစ်လောင်းခဲ့ပါတယ်။ လက်ရန်းကိုလည်း ကွန်ကရစ်အဖြစ် အသုံးပြု ခဲ့ပါတယ်။ တံတားကြမ်းခင်းအောက် ကန့်လန့်တင်ထားတဲ့ သစ်သားတန်းနှင့် ကွန်ကရစ် ရေလည်တိုင် (၁)တိုင်ကို ပြန်လည်ပြုပြင်ခြင်း မရှိခဲ့ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် Presentation တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အခုတွေ့မြင် နေရတာကတော့ ကျွန်တော်တင်ပြမဲ့ တံတားရဲ့အောက်ကြမ်းခင်းဖြစ်ပါတယ်။ အဲဒါဟာသစ်သား တွေပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၀ ကတည်းက ခင်းထားတဲ့သစ်သားဆိုတော့ ခံနိုင်ရည် အင်မတန်နည်းသွားတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကတော့ အဝေးကနေလှမ်းမြင်ရတဲ့ ယိုယွင်းနေတဲ့တံတားဖြစ်ပါတယ်။ ဒါဆိုရင် အခု ကျွန်တော်တင်ပြမဲ့ ရေလည်တိုင်ဟာ ရေတိုက်စားတော့ အောက်မှာစားပြီး အပေါက်ဖြစ်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒါဟာ ရေရှိနေတဲ့အချိန်မို့ ယခုလိုအနေအထား မြင်တွေ့နေရတာြဖစ်ပါတယ်။ တကယ့် မတ်၊ ဧပြီ လောက်ဆိုရင် ရေနည်းတဲ့အခါ အောက်မှာတော်တော်လေးကို ဒီထက်ပိုပြီး ဆိုးဆိုးဝါးဝါး ဖြစ်နေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အခု ကျွန်တော် Power Point ဖြင့် တင်ပြတဲ့ တံတားရဲ့ကြမ်းခင်း၊ ခုနက Power Point ထိုးထားတဲ့ ကန့်လန့်ဖြတ်ပြင်ထားတဲ့ သစ်သား တွေလည်း ဆွေးမြေ့နေပါပြီ။ အောက်ခြေမှာလည်း ရေတိုက်စားပြီးတော့မှ အပေါက်တွေ ဖြစ်နေပါပြီ။ အဲဒီတံတားကို ကျေးရွာပေါင်း(၃၀)၊ လူဦးရေပေါင်း(၂၀,၀၀၀)လောက်က လက်ရှိ အသုံးပြုနေတဲ့ အဓိကထားတဲ့လမ်းလည်းဖြစ်ပါတယ်။ ဒီကိစ္စကို ပြုပြင်ဖို့အတွက် မြို့နယ် စီမံကိန်းရေးဆွဲရေးကော်မတီကို တင်ပြထားတာလည်း (၁)နှစ်လောက်ရှိပါပြီ။ ထူးခြားမှုမရှိခဲ့ ပါဘူး။ ဒါကြောင့်မို့ ဒီတံတားကို အချိန်မီ အန္တရာယ်မဖြစ်ခင် ပြန်လည်ပြုပြင်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိကို လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းဝင် များအား လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမေးမြန်းထားတဲ့ ပလောင်ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ့်ဆန်- ကျောက်ဖြူလမ်းပေါ်တွင် အရှည်ပေ ၄၀ × အနံပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားရဲ့ ရေလည်တိုင်အောက်ခြေတွင် အပေါက်ဖြစ်ပြီး ယိုင်နဲ့နေမှုအား အစိုးရအဖွဲ့မှ ပြန်လည်ပြုပြင်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ့်ဆန်-ကျောက်ဖြူလမ်းပေါ်တွင်တည်ရှိသော အရှည်ပေ ၄၀× အနံပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (DRRD)မှ စီမံခန့်ခွဲသော လမ်းပေါ်တွင်တည်ရှိသော တံတားဖြစ်ပါတယ်။ အဆိုပါ တံတားသည် အကျိုးပြုအိမ်ခြေ ၂၄၃ အိမ်၊ လူဦးရေ ၁၇၄၅ ဦးရှိပြီး လမ်းအဆင့်အတန်း A ၊ ဦးစားပေးအဆင့် ၃ ရှိတဲ့ နမ့်ဆန်- ကျောက်ဖြူ- တောင်သုံးဆယ်လမ်းပေါ်တွင်တည်ရှိသော တံတားဖြစ်ပါတယ်။

အဆိုပါ နမ့်ဆန်-ကျောက်ဖြူလမ်းပေါ်တွင် အရှည်ပေ ၄၀× အနံပေ ၂၀ ရှိ သံကူကွန်ကရစ်တံတား၏ ရေလည်တိုင်အောက်ခြေ အခြေအနေအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ တံတားအဖွဲ့မှ လာရောက်စိစစ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကူအညီတောင်းခံ တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးသူထွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးစိုးသူထွန်း၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးသူထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းသွားမဲ့ မေးခွန်းကတော့ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆရာ/ ဆရာမအင်အား မလုံလောက်ပါသဖြင့် ထပ်မံခန့်အပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လက်ရှိတက်ရောက်လျက်ရှိသော ကျောင်းသား/ ကျောင်းသူဦးရေ ၁၉၄၁ ဦးရှိပြီး၊ ကျောင်းဆရာ/ ဆရာမဦးရေ အနေဖြင့် ၃၈ ဦး ရှိပါတယ်။ ၎င်းတို့အနက်မှ မူလတန်းအဆင့်တွင် ကျောင်းသား/ ကျောင်းသူဦးရေ (၁၀၀၉)ဦးရှိပြီး၊ မူလတန်းပြ ဆရာ/ ဆရာမအင်အားအနေဖြင့် ၁၃ ဦးသာရှိပါတယ်။

ဒါကြောင့် အင်အားမလုံလောက်တဲ့အတွက် ကျောင်းအကျိုးဆောင်ကော်မတီမှ အခကြေးငွေဖြင့် တစ်ဦးလျှင် တစ်လ ၁ သိန်းကျပ်ဖြင့် ဆွဲခန့်ဆရာမ ၆ ဦး ခန့်အပ်ဆောင်ရွက်လျက်ရှိနေရပါတယ်။ ဒါဟာလည်း ရေရှည်တွင် အဆင်ပြေမည့်နည်းလမ်းမဟုတ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် ယခင် ကျောင်းအုပ်ဆရာကြီး ပြောင်းရွှေ့သွားပြီး နောက်ထပ် ကျောင်းအုပ်တစ်ဦး ရောက်ရှိမလာသေးတာလည်း (၆)လကျော် ရှိနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆရာ/ဆရာမအင်အား လိုအပ်ချက်အား စီစဉ်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသဖြင့်ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးသူထွန်းရဲ့ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆရာ/ဆရာမအင်အား လိုအပ်ချက်အား စီစဉ်ပေးနိုင်ခြင်း ရှိ/ မရှိမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

နမ့်စန်မြို့နယ်၊ ခိုလန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ KG (၁၅၄)ဦး၊ ပထမတန်း(၁၉၇)ဦး၊ ဒုတိယတန်း(၂၁၅)ဦး၊ တတိယတန်း(၂၂၉)ဦး၊ စတုတ္ထတန်း (၂၁၄)ဦး၊ မူလတန်းအဆင့် ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း (၁၀၀၉)ဦးနှင့် တန်းခွဲ(၁၃)ခုရှိပါတယ်။ ပဉ္စမတန်း(၂၀၁)ဦး၊ ဆဋ္ဌမတန်း(၁၉၅)ဦး၊ သတ္တမတန်း(၁၅၁)ဦး၊ အဋ္ဌမတန်း(၁၆၃)ဦး၊ အလယ်တန်းဆင့် ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း (၇၁၀)ဦးနှင့်တန်းခွဲ(၉)ခုရှိပါတယ်။ နဝမတန်း(၁၀၈)ဦး၊ ဒသမတန်း(၁၁၂)ဦး အထက်တန်းဆင့် ကျောင်းသူ/ကျောင်းသား စုစုပေါင်း(၂၂၀)ဦးနှင့် တန်းခွဲ(၄)ခုရှိပါတယ်။ မူ/ လယ်/ ထက် ကျောင်းသူ/ကျောင်းသား စုစုပေါင်း (၁၉၃၉)ဦး ရှိပါတယ်။

အခြေခံပညာအထက်တန်းကျောင်း (ခိုလမ်)တွင် သင်ကြားရေးအဆင်ပြေစေရန်အတွက် ကော်မတီခန့် မူလတန်းသင် ဆရာ/ဆရာမ (၁၀)ဦး ငှားရမ်းသင်ကြားလျက်ရှိပါတယ်။ မြို့နယ် ပညာရေးမှူးရုံးမှ ယာယီတွဲဖက်ခန့်ထားသော မူလတန်းပြ ဆရာ၊ ဆရာမများ မရှိပါ။ တိုင်းရင်းသားဘာသာစာပေသင် နေ့စားလပေး ဆရာ၊ ဆရာမများလည်း ခန့်ထားမှုမရှိပါ။

ဆရာ/ ဆရာမဦးရေအနေနဲ့ အထက်တန်းကျောင်းအုပ် ခွဲဝေ (၁)ဦး၊ လစ်လပ် (၁)ဦးဖြစ်ပြီး အထက်တန်းပြ(ကာယပါ) ခွဲဝေ(၉)ဦး၊ ခန့်ထား(၇)ဦး၊ လစ်လပ်(၂)ဦးဖြစ်ပါတယ်။ အလယ်တန်းပြ ခွဲဝေ(၁၈)ဦး၊ ခန့်ထား(၁၈)ဦးနဲ့ လစ်လပ်မရှိပါဘူး။ မူလတန်းပြခွဲဝေ(၃၄)ဦး၊ ခန့်ထား(၁၃)ဦး၊ လစ်လပ်(၂၁)ဦးရှိပါတယ်။ လစ်လပ်လျက်ရှိသော အထက်တန်းကျောင်းအုပ်နှင့် အထက်တန်းပြ ဆရာများအား ရာထူးတိုး/ ပြောင်းဆောင်ရွက်ချိန်တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ခွင့်ပြုချက်ရရှိပါက ခန့်ထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မနက်ကလည်း အခြေခံပညာဦးစီးဌာနကို ဖုန်းဆက်မေးတဲ့အခါကျတော့ ဒီရက်ပိုင်းမှာ ထွက်ပေးမယ်လို့တော့ ပြောပါတယ်။ လောလောဆယ်တော့ မရသေးပါဘူး။ လစ်လပ်လျက်ရှိသော မူလတန်းပြ ဆရာ/ ဆရာမများအား ပညာရေးကောလိပ်ဆင်း၊ (PPTT ၊ DTEd)ဆင်း ဆရာ/ ဆရာမများအားခန့်ထားပေးရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာနှင့် ဟွေနားကျေးရွာသွားလမ်း (၁)မိုင်အား မြေသားလမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာနှင့် ဟွေနားကျေးရွာများတွင် လွှတ်တော်အတွေ့အကြုံရှင်းလင်းရာ၌ ဒေသခံပြည်သူများမှ ယန်းခိုင်ကျေးရွာမှ ဟွေနားကျေးရွာသို့သွားသည့်လမ်း(၁)မိုင်အား မြေသားလမ်းခဲ့ထွင်းခြင်းနှင့် ကျောက်ရောမြေခင်းပေးရန် တောင်းခံလာကြပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာမှ ဟွေနားကျေးရွာသို့သွားသည့် လမ်း(၁)မိုင်အား မြေသားလမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်း

ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းမေးမြန်းထားတဲ့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာမှ ဟွေနားကျေးရွာသို့သွားသည့် လမ်း(၁)မိုင်အား မြေသားလမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာမှ ဟွေနားကျေးရွာသို့ သွားသည့်လမ်းသည် Class A ဒုတိယဦးစားပေးလမ်း ဖြစ်ပြီး၊ ယန်းခိုင် – ဟွေနားလမ်းအား ကျေးရွာ ၄ ရွာ၊အိမ်ခြေ ၂၃၁ အိမ်၊ လူဦးရေ ၉၂၄ ဦးကို အကျိုးပြုလျက်ရှိပါတယ်။ ယန်းခိုင်- ဟွေနားလမ်း (၁)မိုင်သည် လက်ရှိ လမ်းအကျယ် ၆ ပေခန့်သာရှိပြီး အဆင့်မြှင့်တင်တည်ဆောက်ပေးသင့်သော လမ်းတစ်လမ်းဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်က ရေးဆွဲပြုစုထားသော ကျေးလက်လမ်း (၁၃)နှစ် စီမံကိန်းတွင် အဆိုပါလမ်းအား ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြေသားခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားကြောင်းသိရှိရပါတယ်။ ထို့သို့ မြေသားခဲ့ခြင်း၊ ကျောက်ရောမြေခင်းခြင်းဆောင်ရွက်မည်ဆိုပါက လုပ်ငန်းတန်ဖိုးမှာ ခန့်မှန်းကုန်ကျငွေ ကျပ် ၃၀ သန်း ဖြစ်ပါတယ်။ မြို့နယ်အနေဖြင့် နှစ်စဉ်ခွဲဝေရရှိနိုင်သော ကျေးလက်လမ်း ဘဏ္ဍာရန်ပုံငွေ ပမာဏအရ မြို့နယ်အတွင်း ဦးစားပေးအလိုက် စီမံကိန်းလျာထားတင်ပြလာပါက ဘဏ္ဍာရန်ပုံငွေ ထည့်သွင်းတောင်းခံ တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းသွားမဲ့ မေးခွန်းကတော့ ၂၀၁၉ ခုနှစ်၊ မိုးရာသီတွင် ရွှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ပေါ် နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသည့်အခါ လူစည်ကားသည့် စျေး၊ လမ်းများ၊ ရပ်ကွက်အသီးသီးတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့၍ နေအိမ်အတွင်း၊ စျေးဆိုင်အတွင်း ရေဝင်ခြင်း၊ လမ်းများ ရေတိုက်စားခြင်းဖြစ်ပေါ်၍ နောင်နှစ်များတွင် မဖြစ်ပွားရန်နှင့် မြို့တော်သန့်ရှင်းသာယာလှပ ရေးအတွက် မည်သို့စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ရေကြီးရေလျှံ ဖြစ်ခြင်းကြောင့် လူကြီး၊ ကလေးများ အသက်ဆုံးရှုံးခြင်း ရှိ/ မရှိ၊ ရှိပါက မည်မျှဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန်အတွက် ရွှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရွှမ်းပြည်နယ် အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ ရွှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရွှမ်းပြည်နယ် မြို့တော်တောင်ကြီးမြို့ပေါ် နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသည့်အခါ လူစည်ကားသည့် စျေး၊ လမ်းများ၊ ရပ်ကွက်အသီးသီးတွင် ရေကြီးရေလျှံမှုများ ဖြစ်နေ၍ နေအိမ်အတွင်း၊ စျေးဆိုင်အတွင်းရေဝင်ခြင်း၊ လမ်းများရေတိုက်စားခြင်းဖြစ်ပေါ်ခဲ့၍ နောင်နှစ်များတွင်မဖြစ်ပွားရန်နှင့် မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မည်သို့စီမံချက် ရေးဆွဲ၍ ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် ရေကြီးရေလျှံဖြစ်ခြင်းကြောင့် လူကြီး၊ ကလေးများ အသက်ဆုံးရှုံးခြင်း ရှိ/ မရှိ၊ ရှိပါကမည်မျှဖြစ်ကြောင်း သိရှိလိုပါသည့် မေးခွန်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

တောင်ကြီးမြို့သည် မြို့ပေါ်(၂၂)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး မြို့ဧရိယာအကျယ်အဝန်း မှာ(၁၄.၅၈)စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ အိမ်ခြေ (၂၂၇၄၅)၊ အိမ်ထောင်စု (၂၉၉၈၆)စု၊ လူဦးရေ (၁၃၈၄၃၃)ဦး နေထိုင်လျက်ရှိပါတယ်။ တောင်ကြီးမြို့သည် ရွှမ်းပြည်နယ်၏ အချက်အချာကျသောမြို့တော်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများပြားသဖြင့် လူဦးရေ

ဖောင်းပွမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် အဆများစွာတိုးပွားလာပါတယ်။ လူဦးရေတိုးပွား လာသည်နှင့်အမျှ ကျူးကျော်မှုများမှာလည်း တစ်ဆက်တည်းဖြစ်ပေါ်လာပါတယ်။တောင်ကမ်း ပါးယံ၊ တောင်စွန်း၊ မြေပြန့်နေရာအသီးသီးတွင် ကျူးကျော်ဆောက်လုပ်နေထိုင်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်ပြီး၊ တိုးချဲ့လာသောဒေသများတွင် ရေမြောင်းများ၊ လမ်းများ စနစ်တကျဆောင်ရွက်မှုမရှိဘဲ မြို့တိုးချဲ့မှု ရေရှည်အစီအမံများလည်း စနစ်တကျရေးဆွဲ ထားခြင်းမရှိ၍ ရေစီးရေလာထိခိုက်မှုများ ရှိလာပါတယ်။

တည်နေရာအနေအထားအရ မြို့မှာ တောင်၊ မြောက်သွယ်တန်းတည်ရှိပြီး အရှေ့ဘက် တွင်ကုန်းမြင့်တောင်တန်းများ၊ အနောက်ဘက်တွင် တောင်စောင်းချိုင့်လျှို ရှိပါတယ်။ မြေမျက်နှာသွင်ပြင်မှာ တောင်မှမြောက်သို့ နိမ့်ဆင်းသည့် သွင်ပြင်ရှိပါသဖြင့် အရှေ့ဘက် ကုန်းမြင့်တောင်ကုန်းနှင့် တောင်ဘက်ကုန်းမြင့်တို့မှရေများသည် မြောက်ဘက်သို့စီးဆင်းပြီးမှ အနောက်ဘက် တောင်စောင်းလျှိုချိုင့်အတွင်း စီးကျကာ အောက်ဘက်ရှိ အေးသာယာမြို့၊ ရွှေညောင်မြို့များအတွင်း ဖြတ်သန်းစီးဆင်းသွားပါတယ်။ အေးသာယာမြို့အနီးတွင် ကျီးဖြူ ကန်၊ အေးသာယာနှုန်းဖမ်းဆည်တို့ တည်ဆောက်ထားရှိပြီး စီးဝင်စေပါတယ်။

မိုးရာသီကာလဖြစ်သည့် ဇွန်လမှ စက်တင်ဘာလအတွင်း အမြင့်ဆုံးမိုးရေချိန်လက်မ (၃.၅)လက်မထိ ရွာသွန်းခဲ့ပြီး အောက်တိုဘာလတွင် ယနေ့အထိ အမြင့်ဆုံးမိုးရေချိန်လက်မ (၃.၀၇)လက်မထိ ရွာသွန်းခဲ့ပါတယ်။ မိုးတွင်းကာလတွင် ရေကြီးရေလျှံမှု (၆)ကြိမ်ခန့်ဖြစ်ပွား ခဲ့ပြီး မြို့မရပ်ကွက်(မြောက်ကျောင်းလမ်း)၊ လမ်းမတော်ရပ်ကွက်(တက်ခေတ်လမ်း)၊ ကန်ရှေ့ ရပ်ကွက်(သံလွင်လမ်း၊ ရေထွက်ဦးလမ်း)၊ ပြည်တော်သာရပ်ကွက်(အနော်ရထာလမ်း၊ နှင်းဆီ လမ်း)၊ ညောင်ဖြူစခန်းရပ်ကွက်(ဖယောင်းလမ်း၊အောက်ရေထွက်၊ဂန္ဓမာလမ်း၊ဦးကြီးခမ်းလော် လမ်း)၊ ဗိုလ်ချုပ်လမ်း(မြင်းစီးရုပ်ထုအနီး)တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

တောင်ကြီးမြို့တွင် အဓိကရေနုတ်မြောင်းမကြီး(၃)ခုရှိပြီး အမှတ်(၁)ရေမြောင်းမှာ ကံကြီးရပ်ကွက်၊ ရွှေမောင်းတောင်ဒေသမှ စတင်စီးဆင်းပြီး ကျောင်းကြီးစုရပ်ကွက်၊ ချမ်းသာ ရပ်ကွက်၊ မြို့မရပ်ကွက်၊ ကံသာရပ်ကွက်၊ စိန်ပန်းရပ်ကွက်များကို ဖြတ်သန်းစီးဆင်းပြီး စိန်ပန်းချောက်ကမ်းပါးမှတစ်ဆင့် အေးသာယာမြို့၊ ရပ်ကွက်(၆)မှဖြတ်၍ အေးသာယာဆည် သို့စီးဆင်းပါကြောင်း၊ အမှတ်(၂)ရေမြောင်းမှာ သစ်တောရပ်ကွက်မှ စတင်စီးဆင်းပြီး ကန်ရှေ့ ရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ ရတနာသီရိရပ်ကွက်များကို တောင်ကြီး– အေးသာယာ တောင်အတက်အဆင်းလမ်းတွင် ရေတံခွန်သဖွယ်ဖြတ်သန်းစီးဆင်း၍ ကျီးဖြူကန်ဆည်သို့ စီးဆင်းပါကြောင်း၊ အမှတ်(၃)ရေမြောင်းမှာ ညောင်ရွှေဟော်ကုန်းရပ်ကွက်မှ စတင် စီးဆင်းပြီး ပြည်တော်သာရပ်ကွက်အား ဖြတ်သန်းလာသည့်ရေမြောင်းသည် ဘုရားဖြူရပ်ကွက်

မှစတင်ပြီး မင်္ဂလာဦးရပ်ကွက်၊ ရေအေးကွင်းရပ်ကွက်များကို ဖြတ်သန်းစီးဆင်းလာသည့် ရေမြောင်းသည် ညောင်ဖြူစခန်းရပ်ကွက်တွင် ပေါင်းဆုံပြီး ညောင်ဖြူစခန်းရပ်ကွက်နှင့် စဝ်စံထွန်းရပ်ကွက်တို့ကိုဖြတ်ကာ အေးသာယာမြို့၊ ဘန့်ကွေးကျေးရွာမှခွဲထွက်ပြီး လမ်းမတော်ရပ်ကွက်အားဖြတ်၍ အမှတ်(၂)မြောင်းနှင့်ပေါင်းဆုံပါတယ်။ ထိုပင်မရေမြောင်းများအတွင်းသို့ စီးဝင်သည့် ရေမြောင်းငယ်များ များစွာပေါင်းဆုံကာ ပင်မရေမြောင်းများမှတစ်ဆင့် တောင်အောက်သို့ စီးဆင်းဝင်ရောက်ပါတယ်။ ထို့အပြင် မြေလွှာကြောများပျက်စီးမှု၊ မြေပြိုမှုများ မဖြစ်ပွားရေးနှင့် တောင်ကြီးမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက်

- ဘုရားဖြူရပ်ကွက် ရထားလမ်းဘေးတစ်လျှောက်တွင် မင်္ဂလာဦးရပ်ကွက်အတွင်း ကျရောက်သည့်ရေများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းမှဖြတ်၍ ပလီလင်းဘက်သို့ စီးဆင်းစေခြင်း၊
- မြင်းစီးရုပ်ထုမှရေများကို ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေမြောင်းပြုလုပ်ခွဲထုတ်ပြီး ရှုခင်းသာပန်းခြံဘက်သို့ စီးဆင်းစေခြင်း၊
- စန္ဒာလမ်းအတွင်း ကျရောက်သည့်မိုးရေများကို ယက္ကန်းကျောင်းအနီးတွင် ခွဲထုတ်ပြီး ရေတံလျှောက်ဖြင့် လွှဲထုတ်ပြီး ရေမြောင်းပြုပြင်ကာ အရှေ့မြို့ပတ်လမ်းမှ စီးဆင်းစေခြင်း၊
- အမှတ်(၁)ရေမြောင်းစီးဆင်းရာ မြေနိမ့်ရပ်ကွက်ဖြစ်သည့် ပြည်တော်သာရပ်ကွက်၊ နှင်းဆီလမ်း၊ စံပယ်လမ်း၊ ကြံခိုင်ရေးလမ်းတို့တွင် တံတား(၃)စင်းအား ချဲ့ထွင်မြှင့်တင်တည်ဆောက်ပေးခြင်း၊
- အထက်ဖော်ပြပါနေရာတွင် ရေမြောင်းကွေ့ကောက်စီးဆင်းမှုကြောင့် ရေလျှံတတ်သဖြင့် ရေမြောင်းအဖြောင့် ဆောက်လုပ်ပေးခြင်း၊
- တောင်ကြီးမြို့မှ ကျရောက်စီးဆင်းသည့် ရေများကြောင့် အေးသာယာမြို့တွင် ရေကြီးမှုမဖြစ်စေရန် နုန်းထိန်းဆည်အဝင် စစ်ကိုင်းချောင်းကို ပြန်လည်တူးဖော်ပေးခြင်း၊
- ရွှေညောင်မြို့ ရေကြီးမှုမဖြစ်စေရန် ပြည်ထောင်စုလမ်းမကြီးဘေးမှ ရေမြောင်းစနစ်တကျတူးပြီး တံတားဖြူချောင်း၊ တာယောချောင်းအတွင်း စီးဆင်းစေရေးလမ်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊
- ရွှေညောင်မြို့၊ကုန်းလှိုင်ဆည်မှ ရေလွှတ်မြောင်းမှရေလျှံမှုမဖြစ်စေရန် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

စသည်ဖြင့် ဆောင်ရွက်မည့်အစီအမံများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်းအနေနဲ့ တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသနှင့် ခရိုင်များအတွက် ကြီးကြပ်မှုကော်မတီ၊ မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ်များတွင် အသင်းခွဲအမှုဆောင် အဖွဲ့များ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံနှင့် အလုပ်ရုံများအတွက် အသင်းခွဲငယ်များ မည်မျှဖွဲ့စည်းထားပြီးကြောင်း၊ မည်သို့ပညာပေးလုပ်ဆောင်နေကြောင်းနှင့် မည်သို့စီမံဆောင်ရွက်ပေးနေသည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအားကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အသင်းခွဲငယ်များ မည်မျှဖွဲ့စည်းထားပြီး၊ မည်သို့ပညာပေးလုပ်ဆောင်နေကြောင်းနှင့် မည်သို့စီမံဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါသည် ဆိုတဲ့မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရှမ်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတွင် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း) ဟူ၍ (၃)ခုဖွဲ့စည်းထားရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ (၅)ခုတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၁)ခုသာ ဖွဲ့စည်းထားရှိပြီး၊ ကျန် (၄)ခုကိုဖွဲ့စည်းရန် စီမံထားရှိပါတယ်။ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ(၁၁)ခုကို ဖွဲ့စည်းထားရှိပြီး၊ မြို့နယ်အသင်းခွဲ(၅၅)ခုတွင် မြို့နယ်(၅၀)ကိုသာ ဖွဲ့စည်းထားရှိနိုင်ပြီး မက်မန်း၊ ပန်ဝိုင်၊ နားဖန်း၊ ပန်ဆန်း/ပန်ခမ်းနှင့် မိုင်းမောမြို့နယ်များတွင် ဖွဲ့စည်းရန်ကျန်ရှိနေပါတယ်။ တက္ကသိုလ်၊ ကောလိပ် အသင်းခွဲများအားဖွဲ့စည်းရာတွင် တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးနည်းပညာတက္ကသိုလ်၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံ

နည်းပညာတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်နှင့် လားရှိုးနည်းပညာတက္ကသိုလ်တို့တွင် ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ အသင်းခွဲငယ်များဖွဲ့စည်းရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးရွာနှင့်ကျောင်းများတွင် အသင်းခွဲငယ် (၁၃)ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ကျောင်းကြက်ခြေနီအသင်းခွဲ ငယ်(၉)ခုဖြင့် ဖွဲ့စည်းထားရှိပါတယ်။

ရှမ်းပြည်နယ်တွင် ကြက်ခြေနီသိုလှောင်ရုံ (၃)ခုရှိပြီး အိမ်ထောင်စု(၉၀၀)စာအတွက် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်နိုင်ရန် သိုလှောင်ထားရှိပါတယ်။ ဆောင်ရွက်မဲ့လုပ်ငန်းစဉ်များအနေဖြင့် ရေးဦးပြုစုခြင်း (အခြေခံ)သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဘေးဒုက္ခကျရောက်ချိန်များတွင် အရေးပေါ်ကူညီပေးခြင်း၊ မိသားစုပြန်လည်ဆက်သွယ်ပေးခြင်း၊ သွေးလှူဒါန်းခြင်းနှင့် သွေးလှူရှင်ရှာဖွေပေးခြင်း၊ ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးနှင့် ခြေတုလက်တုတပ်ဆင်ခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် ပူးပေါင်းကာ အခမဲ့လုပ်ဆောင်ပေးခြင်း၊ ကြက်ခြေနီအသိပညာပြန့်ပွားရေး ဟောပြောပွဲများပြုလုပ်ခြင်း၊ အသင်းဝင်၊ တပ်ဖွဲ့ဝင်တိုးပွားရေးအတွက် စုဆောင်းခြင်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းများလည်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်အတွင်း ကျင်းပပြုလုပ်သော အားကစားပွဲတော်များ၊ ဘာသာရေးပွဲတော်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခြင်း၊ အရေးပေါ်အခြေအနေနှင့် မတော်တဆထိခိုက်ဒဏ်ရာရမှုများတွင် လူနာတင်ယာဉ် ဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းတွင် လူထုအခြေပြု ဌက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးစီမံကိန်းအား ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ (၁၅)မြို့နယ်တွင်လည်းကောင်း၊ မိုင်း အသိပညာပေးလုပ်ငန်းကို ပြည်နယ်အတွင်းရှိ (၂၁)မြို့နယ်တွင်လည်းကောင်း၊ လူထုအခြေပြု ကျန်းမာရေးနှင့် ဘေးဒဏ်ကြုံကြံခံနိုင်စွမ်းမြှင့်တင်ရေးစီမံချက်ကို လွိုင်လင်မြို့နယ်တွင်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူည့ွှသည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စု၊ အုံလွိုင်ယဲကျေးရွာအဝင် ဟောင်းနွမ်းပျက်စီးနေသော သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ပြုပြင်တည်ဆောက်ပေးနိုင်ရေးနှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စု၊ အုံလွိုင်ယဲကျေးရွာသည် နမ့်စန်မြို့၏မြောက်ဘက်(၈)မိုင်ခန့်အကွာတွင် တည်ရှိပြီး တိုင်းကောင်-လွိုင်ယဲ-အုံလွိုင်ယဲကျောက်ချောလမ်းအား ၂၀၁၅-၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ချောလမ်း(၂)မိုင် တည်ဆောက်ဖောက်လုပ်ခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ နတလ၊ ကျေးလက်နယ်နိမိတ်သတ်မှတ်ချက်အရ ကျေးလက်လမ်းဦးစီးဌာန နယ်မြေအတွင်း ရောက်ရှိခဲ့ပါတယ်။ အဆိုပါ ကျောက်ချောလမ်း အပိုင်းရဲ့ အုံလွိုင်ယဲရွာအဝင် ကိုက်(၅၀၀)အဝင်နားမှာရှိတဲ့ အရှည်ပေ(၂၀)၊ အကျယ်(၁၄)ပေ၊ အမြင့်(၈)ပေရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လုပ်အားနဲ့ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ခန့်က တည်ဆောက်ခဲ့သည့် သစ်သားတံတားဟာ ယခုအချိန်မှာ နှစ်ကာလကြာမြင့်ပြီး ယိုယွင်းပျက်စီးမှုပမာဏ များပြားလာသောကြောင့် အုံလွိုင်ယဲ၊ လွိုင်ခူး၊ နားမိုးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ လွိုင်ယဲ၊ တိုင်းကောင်ရွာမှတစ်ဆင့် နမ့်စန်သို့ ဒေသထွက်ကုန်တင်ပို့ခြင်း၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများရှိလာပါက သွားလာရန်ခက်ခဲမှုများ ဖြစ်ပေါ်လာခြင်းများ ကြုံတွေ့လာရပါတယ်။ အဆိုပါ တံတားကို ပြုပြင်ပေးနိုင်မည်ဆိုပါက အုံလွိုင်ယဲကျေးရွာမှ အိမ်ထောင်စု(၆၆)စု၊ လူဦးရေ(၄၃၇)ဦး၊ နားမိုးကျေးရွာမှ အိမ်ထောင်စု (၃၉)စု၊ လူဦးရေ(၂၄၂)ဦး၊ လွယ်ခူးကျေးရွာမှ အိမ်ထောင်စု(၃၅)စု၊ လူဦးရေ(၁၇၃)ဦး၊ လွိုင်ယဲကျေးရွာမှ အိမ်ထောင်စု(၆၅)စု၊ လူဦးရေ (၃၈၀)ဦး၊ တိုင်းကောင်ကျေးရွာမှ အိမ်ထောင်စု (၆၃)စု၊ လူဦးရေ (၄၀၆)ဦး၊ စုစုပေါင်း ကျေးရွာ(၅)ရွာမှ အိမ်ထောင်စု (၂၆၈)စု၊ လူဦးရေ (၁၆၄၈)ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ကျွန်တော်အပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ဒေသခံရပ်မိရပ်ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သည့် မြို့နယ် တည်ဆောက်ရေးကော်မတီစီမံ ခန့်ခွဲရေးအဖွဲ့များဟာ (၄.၁၀.၂၀၁၉)ရက်နေ့မှာ ကွင်းဆင်း စိစစ်ဆောင်ရွက်ခဲ့ပြီး အမြန်ပြုပြင်နိုင်ရေး တင်ပြဆောင်ရွက်ပေးနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စု၊ အုံလွိုင်ယဲရွာအဝင် သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် အသစ်အမြန် ပြန်လည်တည်ဆောက်ပေး နိုင်ရေး ပြည်နယ်အစိုးရ၏ ပိုလျှံရန်ပုံငွေ သို့မဟုတ် ဖြည့်စွက်ရန်ပုံငွေများဖြင့် ထည့်သွင်း

လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ မေးမြန်းလာတဲ့ နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စု၊ အုံလွိုင်ယဲကျေးရွာအဝင် သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေး ပြည်နယ်အစိုးရ ပိုလျှံရန်ပုံငွေ(သို့မဟုတ်) ဖြည့်စွက်ရန်ပုံငွေများဖြင့် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလို ပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ဆက်လက်ဖြေကြား တင်ပြပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စု၊ တိုင်းကောင်း- လွိုင်ယဲ-အုံလွိုင်ယဲလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class B၊ ဦးစားပေး(၂) လမ်းဖြစ်ပါတယ်။ ဒေသမှ ကျေးရွာ ၅ ရွာ၊ အိမ်ခြေ ၂၆၈ အိမ်နှင့် လူဦးရေ ၁၆၅၀ ခန့်ကို အကျိုးပြုလျက်ရှိပါတယ်။ မေးခွန်းမှာပါရှိတဲ့ အုံလွိုင်ယဲရွာအဝင် တံတားသည် အဆိုပါလမ်းပေါ်မှာ တည်ရှိပါတယ်။ လက်ရှိ သစ်သားတံတားအား လွန်ခဲ့သည့်နှစ် ၂၀ ခန့်က အလျား ၂၀ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေ ဖြင့် တည်ဆောက်ထားခဲ့ရာ နှစ်ကာလ ကြာမြင့်ပြီး ယိုယွင်းချို့တဲ့မှုများ ရှိလာပြီဖြစ်ပါတယ်။ လမ်းအသုံးပြုသူများ ဘေးကင်းလုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် ရေရှည်အသုံးပြုနိုင်မည့် အခိုင်အမာသံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။

ရေရှည်အသုံးပြုမည့် အခိုင်အမာသံကူကွန်ကရစ်တံတားတစ်စင်းအဖြစ် တည်ဆောက်နိုင်ရန်အတွက် မြေပြင်အခြေအနေအသေးစိတ်စိစစ်ခြင်း၊ မြေလွှာများနှင့် ခံနိုင်အားစမ်းသပ်ခြင်း၊ တံတားဒီဇိုင်းတောင်းခံခြင်း၊ ခန့်မှန်းတွက်ချက်ခြင်းများ အဆင့်ဆင့်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ထိုလုပ်ငန်းစဉ်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပိုလျှံရန်ပုံငွေ (သို့မဟုတ်) ဖြည့်စွက်ရန်ပုံငွေများတွင် ဆောင်ရွက်သင့်တဲ့ ဦးစားပေးအစီအစဉ်အရ လျာထားတင်ပြရပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္နနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္နနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့ မေးခွန်းကတော့ မဲဆန္နရှင်ပြည်သူများရဲ့ လိုအပ်ချက်တစ်ခုဖြစ်တဲ့ စိုက်ပျိုးရေးရရှိရေးအတွက် ရေလွှဲဆည်နှင့် ရေသွယ်မြောင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်ဟာ ကျိုင်းတုံ- တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပြီး ကျိုင်းတုံမြို့ကြီးနှင့် တာချီလိတ်မြို့ကြီးကြားမှာတည်ရှိတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ စီးပွားရေးအရ လုပ်ငန်းကြီးကြီးမားမားမရှိဘဲ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုကိုသာ အဓိကထားပြီး အသက်မွေးဝမ်းကျောင်းမှုပြုလျက်ရှိကြပါတယ်။ ယခုနှစ် မိုးရာသီမှာ မိုးခေါင်ရေရှားမှုနှင့် ကြုံခဲ့ရပြီး မိုင်းဖြတ်မြို့နယ်အတွင်းရှိ တောင်သူများ စပါးအောင်ရေရရှိရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါတယ်။

ထိုသို့ မိုးခေါင်ရေရှားမှုကြောင့် မိုင်းဖြတ်မြို့နယ်၊ မိုင်းဖြတ်ကျေးရွာအုပ်စု၊ ဝမ်နောင်ကျေးရွာနှင့် ဝမ်ပုံကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာရှိ တောင်သူများမှာ စိုက်ပျိုးရေမရရှိတဲ့အတွက် မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါကြောင်း၊ လယ်အများစုမှာ မိုးသောက်လယ်များသာဖြစ်သဖြင့် နှစ်စဉ်စိုက်ပျိုးသောဧကအတိုင်း ပြည့်မီစွာစိုက်ပျိုး၍မရဘဲ ချန်လှပ်ထားခဲ့ရပါကြောင်း၊ နောင်နှစ်များတွင်လည်း မိုးခေါင်မည်ဆိုပါက ပြည်သူများအနေနဲ့ အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရမှာဖြစ်ပါကြောင်းနှင့် ရေလွှဲဆည်တည်ဆောက်ပေးနိုင်ရေးအတွက် နေရာရှာဖွေထားရှိပြီး သက်ဆိုင်ရာသို့ တင်ပြပေးပါရန် မဲဆန္နရှင်ပြည်သူများမှ တင်ပြလာခဲ့ပါတယ်။

ပြည်သူများရဲ့တင်ပြချက်အရ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ကွင်းဆင်းစိစစ်ခဲ့ရာ ဝမ်ပုံကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာအထက်နားရှိ နမ့်လုံချောင်း၌ ရေလွှဲဆည်တည်ဆောက်ပြီး ရေသွယ်မြောင်းပါ ဖောက်လုပ်ပေးနိုင်မည်ဆိုပါက လယ်(၃၂၀)ဧကအား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ပါသောကြောင့် ဝမ်ပုံ

ကျေးရွာအထက်နားရှိ နမ့်လုံချောင်း၌ ရေလွှဲဆည်တည်ဆောက်ပေးပြီး ရေသွယ်မြောင်းပါ ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားကို မေးမြန်းသည့်မေးခွန်းဖြစ်တဲ့ မိုင်းဖြတ်မြို့နယ်သည် စိုက်ပျိုးရေး လုပ်ငန်းတစ်ခုကိုသာ အဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပြီး ယခုနှစ် မိုး ရာသီတွင် မိုးခေါင်ရေရှားမှုကြောင့် မိုင်းဖြတ်ကျေးရွာအုပ်စု၊ ဝမ်နောင်ကျေးရွာနှင့် ဝမ်ပုံ ကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာရှိ တောင်သူများမှာ စိုက်ပျိုးရေ မရရှိသည့်အတွက် မိုးစပါး စိုက်ပျိုးရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရပါသဖြင့် နောင်နှစ်များတွင် မိုးခေါင်မည်ဆိုပါက ပြည်သူများအနေဖြင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည့်အတွက် ဝမ်ပုံ ကျေးရွာအထက်နားရှိ နမ့်လုံချောင်း၌ရေလွှဲဆည် တည်ဆောက်ပေးပြီး ရေသွယ်မြောင်းကိုပါ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ရှင်းလင်းစွာဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်အတွင်းရှိ မိုင်းဖြတ်ကျေးရွာအုပ်စု၊ ဝမ်နောင် ကျေးရွာနှင့် ဝမ်ပုံကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာတို့ရှိ တောင်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိရာ ယခုနှစ်မိုးရာသီတွင် မိုးခေါင်ရေရှားမှုကြောင့် မိုင်းဖြတ် ကျေးရွာအုပ်စု၊ ဝမ်နောင်ကျေးရွာနှင့် ဝမ်ပုံကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာရှိ တောင်သူများမှာ စိုက်ပျိုးရေမရရှိသည့်အတွက် မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလို စိုက်ပျိုးရေမရတဲ့အတွက် နောင်နှစ်များတွင် မိုးခေါင်မည်ဆိုပါက တောင်သူများ အနေဖြင့် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများမှ စိုက်ပျိုးရေရရှိရေးအတွက် ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစိစစ်ချက်အရ ဝမ်ပုံကျေးရွာအထက်နားရှိ နမ့်လုံချောင်း ပေါ်တွင် ရေလွှဲဆည်တည်ဆောက်ပေး၍ ရေသွယ်မြောင်းကိုပါ ဖောက်လုပ်ပေးရန်အတွက် ဒေသခံတောင်သူများမှ လိုလားလျက်ရှိကြောင်း သိရှိရပါတယ်။ ကွင်းဆင်းစိစစ်ချက် အရလည်း ဝမ်နောင်ကျေးရွာနှင့် ဝမ်ပုံကျေးရွာ အထက်နမ့်လုံချောင်းရှိပါတယ်။ အဲ့ဒီချောင်းကွေ့

နေရာရှိ ရေမျက်နှာပြင်သည် ဝမ်နောင်ကျေးရွာနှင့် ဝမ်ပုံကျေးရွာတို့ရှိ လယ်မြေထက် (၆)ပေ ခန့်မြင့်နေခြင်း၊ ချောင်းကွေ့မှ ရေသွယ်မြောင်းတူးရန် မြေသားကုန်းမြင့် တည်ရှိနေခြင်း၊ မြေသားကုန်းမြင့်သည် နမ့်လုံချောင်း၏ အကြီးဆုံးရေကြီးမှတ်ထက်မြင့်နေခြင်း၊ ရေအမြင့် ပေရှိခြင်းတို့ကြောင့် ရေသွယ်မြောင်းတူးဖော်ပြီး ချောင်းနှင့်မြောင်းဆုံရာတွင် ရေထိန်း ရေလွှတ်အဆောက်အဦ တည်ဆောက်၍ ရေထိန်းညှိလွှတ်ပေးမည်ဆိုပါက လယ်မြေဧက (၃၂၀)ကို စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံတောင်သူများ၏ လယ်မြေများသို့ စိုက်ပျိုးရေနှင့် အောင်ရေကို လုံလောက်စွာရရှိရေးအတွက် တူးမြောင်းအကျယ်(၃)ပေ၊ ပျမ်းမျှအနက်(၁၀)ပေခန့်နှင့် အလျား (၂၇၁၅)ပေခန့် ဖောက်လုပ်ပေးရမှာ ဖြစ်ပါတယ်။ ချောင်းဆုံအနီးမှ ပေတိုင်(၁၈၇၀)ပေထိ ကုန်းမြေပြုကျမှုမဖြစ်စေရန် ကုန်းစောင်းဖြတ်ခြင်း၊ (၃)ပေအကျယ် ရေတံခါးတပ်ဆင်ထား မည့်ရေထိန်းရေလွှတ်အဆောက်အဦ တည်ဆောက်ခြင်း၊ ကျေးရွာချင်းဆက်လမ်းပေါ်တွင် မြောင်းကူးတံတား တည်ဆောက်ခြင်းနှင့် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိအောင် ရေစိမ့်ထွက် သည့်မြောင်းပိုင်းနေရာအား အမြင့်(၃)ပေ သို့မဟုတ် (၄)ပေခန့်မြင့်ပြီး အလျား(၄၉၀)ပေခန့် ရှိသည့် ရေသွယ်လျောက် တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း(၄၁၃.၅) လိုအပ်မှာဖြစ်ပါတယ်။ သို့သော်လည်း အကျိုးပြုဧကနှင့် ကုန်ကျစရိတ်မမျှသည်ကို စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တကယ်လိုအပ်လို့ ဆောင်ရွက် မယ်ဆိုရင် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး မိမိတို့ရဲ့ မိုင်းဖြတ်မြို့နယ်စီမံကိန်းတွင် နှစ် အလိုက် ဦးစားပေးအစီအစဉ်အရ ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှတင်ပြသည့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာ

လထိ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာအား ဖတ်ကြားတင်ပြပေးပါရန် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ကို ဖိတ်ခေါ်ပါတယ်။

ဒေါ်နန်းဝိုဟိန်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးရဲ့ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) အစီရင်ခံစာအကျဉ်းချုပ်ကို Power Point နဲ့ တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ရှင်။

နိဒါန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ အခန်း(၄) ပုဒ်မ ၂၅ နှင့် ၂၆ ပါ ပြည်နယ်စာရင်းစစ်ချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ခြင်း ရှိ/ မရှိနှင့် သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာအသုံးပြု/ မပြု စစ်ဆေးခြင်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/ မရှိ စစ်ဆေးခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်းနှင့် မိမိ၏ ဆောင်ရွက်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်းဖြစ်ပါတယ်။

ရသုံးခန့်မှန်းခြေငွေစာရင်းအကောင်အထည်ဖော်မှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) (ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ) ရသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုကို အောက်တွင်ဖော်ပြထားပါတယ်-

ရငွေတွင် ပြုပြင်ပြီးခန့်မှန်းခြေအပြီးသတ်ခွင့်ပြုငွေ ကျပ် ၁၁၇,၄၆၅.၀၉၆ သန်းမှာ အမှန်ရငွေ ကျပ် ၁၂၂,၈၅၉.၃၄၉ သန်းဖြစ်တဲ့အတွက်ကြောင့် ပိုရငွေ ကျပ် ၅,၃၉၄.၂၅၃ သန်းဖြစ်ပါတယ်။ အဲဒီရငွေထဲတွင် အခွန်ရငွေ၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ ဖြစ်ပါတယ်။

အသုံးစရိတ်တွင် သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းမှာဆိုရင် ကျပ် ၁၁၆,၈၀၂.၅၉၅ သန်းဖြစ်ပြီး၊ အမှန်အသုံးစရိတ်က ကျပ် ၁၁၆,၈၀၁.၀၁၇ သန်းဖြစ်တဲ့ အတွက်ကြောင့် ပိုလျှံငွေ ကျပ် ၁.၅၇၈ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဘတ်ဂျက်လိုငွေအခြေအနေ

ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင် မူလခန့်မှန်းခြေစာရင်းအရ ရငွေ ကျပ်သန်း ၁၂,၀၉၅.၇၇၈ ၊ သုံးငွေ ကျပ်သန်း ၁၁၇,၄၆၅.၀၉၆ ဖြစ်ပြီး ဘတ်ဂျက်လိုငွေ ကျပ်သန်း ၁၀၅,၃၆၉.၃၁၈ ဖြစ်သော်လည်း စက်တင်ဘာလအပြီးသတ်စာရင်းအရ အမှန်အကောင်အထည် ဖော်ရာတွင် ရငွေ ကျပ်သန်း ၁၇,၄၉၀.၀၃၁၊ သုံးငွေ ကျပ်သန်း ၁၁၆,၈၀၁.၀၁၇ ဖြစ်သဖြင့် ဘတ်ဂျက်လိုငွေ ကျပ်သန်း ၉၉,၃၁၀.၉၈၆ သာ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မူလ ခန့်မှန်းခြေစာရင်းထက် စက်တင်ဘာလအပြီးသတ်စာရင်းတွင် ဘတ်ဂျက်လိုငွေ ကျပ်သန်း ၆,၀၅၈.၃၃၂ လျော့နည်းရခြင်းမှာ ရငွေတွင် ကျပ်သန်း ၅,၃၉၄.၂၅၃ ပိုမိုရရှိခဲ့ခြင်းနှင့် သုံးငွေတွင် ကျပ်သန်း ၆၆၄.၀၇၉ လျော့နည်းသုံးစွဲခဲ့ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်၏ ရငွေများ

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) မူလရငွေလျာထားချက် ကျပ်သန်း ၁၂,၀၉၅.၇၇၈ တွင် စက်တင်ဘာလထိ အပြီးသတ်စာရင်းအရ အမှန်ရငွေ ကျပ်သန်း ၁၇,၄၉၀.၀၃၁ ဖြစ်၍ ကျပ်သန်း ၅,၃၉၄.၂၅၃ ပိုမိုရရှိခဲ့ပါတယ်။ အဲဒီမှာ အခွန်အကောက် ရငွေတွင် ကျပ်သန်း ၅၂၄.၉၂၈ ၊ သာမန်ရငွေတွင် ကျပ်သန်း ၄,၈၆၁.၂၈၄ ၊ ငွေလုံးငွေရင်း ရငွေတွင် ကျပ်သန်း ၈.၀၄၁ ပိုမိုရရှိခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ သာမန်ရငွေတွင် ကျပ်သန်း ၄,၈၆၁.၂၈၄ ပိုမိုရရှိခြင်းမှာ သာမန်ရငွေ၌ ကျပ်သန်း ၅,၀၆၂.၈၁၆ ပိုမိုရရှိခြင်းနှင့် အခွန်ဝေစု၌ ကျပ်သန်း ၂၀၁.၅၃၂ လျော့နည်းရရှိခြင်းတို့၏ အသားတင်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သာမန်ရငွေ

သာမန်ရငွေအနေဖြင့် မူလခန့်မှန်းခြေ ကျပ်သန်း ၁၀,၆၆၇.၉၁၉ လျာထားခဲ့ပြီး စက်တင်ဘာလ အပြီးသတ်စာရင်းအရ ရငွေ ကျပ်သန်း ၁၅,၅၂၉.၂၀၃ ရရှိခဲ့သဖြင့် မူလ ခန့်မှန်းခြေအပေါ် ၁၄၅.၅၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဌာနအဖွဲ့အစည်း များ၏ လျာထားချက်ထက်ကျော်လွန်ရရှိမှု အခြေအနေကိုစိစစ်ရာတွင်

- မူလခန့်မှန်းခြေလျာထားရာတွင် ကောက်ခံရရှိနိုင်မှုအရ အပြည့်အဝလျာထားမှု မရှိခြင်း၊
- ရသင့်ရထိုက်သည့်ရငွေများ ပြည့်စုံစွာထည့်သွင်းလျာထားမှု မရှိခြင်း၊

- လျာထားသည့်ရငွေများ ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်း၊
- ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်း ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှု အားနည်းကြောင်း တွေ့ရှိရပါတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရငွေ

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရငွေနှင့် စပ်လျဉ်း၍ ၁-၄-၂၀၁၈ ရက်နေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အပ်ငွေစာရင်းလက်ကျန်မှာ ဘတ်ဂျက်လိုငွေ ကျပ်သန်း ၂,၇၂၃. ၉၂၁ ဖြစ်ပြီး ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ထောက်ပံ့ငွေ ကျပ်သန်း ၁၀၅,၃၆၉.၃၁၈ ရရှိခဲ့ပါတယ်။ စက်တင်ဘာလ အပြီးသတ်စာရင်းအရ ကျပ်သန်း ၁၀၃,၆၀၂ .၅၄၅ သုံးစွဲခြင်း တို့ကြောင့် ၃၀-၉-၂၀၁၈ ရက်နေ့တွင် ဘတ်ဂျက်လိုငွေ ကျပ်သန်း ၉၅၇.၁၄၈ ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်၏ သုံးငွေများ

ရှမ်းပြည်နယ်၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ဌာနအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေစာရင်းအရ ကျပ်သန်း ၁၁၇,၄၆၅.၀၉၆ ဖြစ်ပြီး စက်တင်ဘာလအပြီးသတ်စာရင်းအရ အမှန်သုံးစွဲငွေ ကျပ်သန်း ၁၁၆,၈၀၁.၀၁၇ ဖြစ်၍ မူလခန့်မှန်းခြေ၏ ၉၉.၄၃ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်းတွေ့ရှိရပါတယ်။

မူလခန့်မှန်းခြေစာရင်းထက် ပြည်နယ်ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ သမဝါယမဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ)၊ လမ်းဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှအပ ကျန် ၁၈ ရုံးက လျော့နည်းသုံးစွဲခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

အသုံးစရိတ်ခွင့်ပြုငွေနှင့် ပိုလျှံငွေပြန်လည်အပ်နှံမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ဌာနအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေစာရင်းအရ အသုံးစရိတ်ခွင့်ပြုငွေ ကျပ်သန်း ၁၁၇,၄၆၅.၀၉၆ မှ ပိုလျှံငွေ ကျပ်သန်း ၃,၆၈၇.၄၇၆ ၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲငွေ ကျပ်သန်း ၃,၀၄၇.၀၂၆ မှ ပိုလျှံငွေ ကျပ်သန်း ၂၂.၀၅၁ ၊ စုစုပေါင်း အသုံးစရိတ်ခွင့်ပြုငွေ ကျပ်သန်း ၁၂၀,၅၁၂.၁၂၂ မှ ပိုလျှံငွေ ကျပ်သန်း ၃,၇၀၉.၅၂၇ ပြန်လည် အပ်နှံခဲ့ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလထိ) ခွင့်ပြုထားသောအသုံးစရိတ်များမှ ပိုလျှံငွေ စာရင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၁- ၅- ၂၀၁၈ ရက်စွဲပါစာအရ ရှမ်းပြည်နယ်

အထွေထွေပိုလျှံရန်ပုံငွေစာရင်း(GRF)သို့ ပထမအကြိမ် ၃၁-၈-၂၀၁၈ ရက်နေ့နှင့် ဒုတိယအကြိမ် ၃၀-၉-၂၀၁၈ ရက်နေ့များတွင် ပြန်လည်အပ်နှံရန် အကြောင်းကြားချက်အရ ပထမအကြိမ်တွင် ကျပ်သန်း ၃,၀၄၉.၃၈၆ နှင့် ဒုတိယအကြိမ်တွင် ကျပ်သန်း ၆၆၀.၁၄၁ ၊ စုစုပေါင်းကျပ်သန်း ၃,၇၀၉.၅၂၇ အပ်နှံခဲ့ပါတယ်။

ရှမ်းပြည်နယ်၏ သာမန်ရင်းငွေစုစုပေါင်းနှင့် အခွန်အကောက်ရင်းငွေ

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ)အတွက် စက်တင်ဘာလ အပြီးသတ်စာရင်းအရ သာမန်ရင်းငွေ ကျပ်သန်း ၁၇,၄၈၁.၉၉၀ တွင် အခွန်အကောက်ရင်းငွေ ကျပ်သန်း ၁,၉၅၂.၇၈၇ ပါဝင်သဖြင့် ၁၁.၁၇ % သာရရှိကြောင်း တွေ့ရှိရပါတယ်။

အခွန်အမျိုးအစားအလိုက် ကောက်ခံရရှိမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ)အတွက် အခွန်အမျိုးအစားအလိုက် ကောက်ခံရန် မူလခန့်မှန်းခြေစာရင်းအရ ကျပ်သန်း ၁,၄၂၇.၈၅၉ ဖြစ်ပြီး စက်တင်ဘာလ အပြီးသတ်စာရင်းအရ ကျပ်သန်း ၁,၉၅၂.၇၈၇ ဖြစ်၍ ၁၃၆.၇၆% အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အခွန်အမျိုးအစားအလိုက်ကောက်ခံရန် လျာထားမှုနှင့် အမှန်ကောက်ခံရရှိမှုကို စိစစ်ရာ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အခွန်တွင် လျာထားချက်၏ ၅၅.၀၃% နှင့် ရေခွန်နှင့်တာတမံခွန်တွင် ၃၀.၅၃ % သာ အကောင်အထည်ဖော်နိုင်ကြောင်းတွေ့ရှိရပါတယ်။

ပြည်ထောင်စုမှ အခွန်ဝေစုခွဲဝေပေးမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ပြည်ထောင်စုမှ အခွန်ဝေစုရရှိရန် လျာထားမှုမှာ ကျပ်သန်း ၂,၁၄၈.၃၉၆ ဖြစ်ပြီး အမှန်ခွဲဝေရရှိမှုမှာ ကျပ်သန်း ၁,၉၄၆.၈၆၄ ဖြစ်၍ ကျပ်သန်း ၂၀၁.၅၃၂ လျော့နည်းရရှိကြောင်း ဖော်ပြအပ်ပါတယ်။

ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ၂% အပိုတံဆိပ်ခေါင်းခွန်တို့အတွက် အခွန်ဝေစုကို လျာထားသည့်အတိုင်းရရှိပြီး အထူးကုန်စည်ခွန်အတွက် လျာထားချက်ထက် ကျပ်သန်း ၂၀၁.၅၃၂ လျော့နည်းရရှိခြင်းကြောင့် ဖြစ်ပါတယ်။

ကဏ္ဍအလိုက် ရည်မှန်းချက်နှင့် အကောင်အထည်ဖော်နိုင်မှု

၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလထိ)အတွင်း ကဏ္ဍကြီး ၃ ရပ်ဖြင့် အကောင်အထည်ဖော်ရာတွင်

- လယ်ယာကဏ္ဍကြီး၌ ကျပ်သန်း ၅၆၆,၆၉၄.၇၀၀
- စက်မှုကဏ္ဍကြီး၌ ကျပ်သန်း ၂၆၂,၄၄၁.၇၀၀

- ဝန်ဆောင်မှုကဏ္ဍကြီး၌ ကျပ်သန်း ၆၉၈,၁၁၄.၂၀၀
- စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ကျပ်သန်း ၁,၅၅၇,၂၅၀.၆၀၀
- စီမံကိန်းရည်မှန်းချက်အရ ကျပ်သန်း ၁,၄၈၂,၄၀၂.၇၀၀

ဖြစ်၍ အကောင်အထည်ဖော်နိုင်မှုမှာ ၁၀၅.၀၅ % ရှိကြောင်း တွေ့ရှိရပါတယ်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတိုးတက်မှုနှုန်းတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလထိ) ပုံမှန်ဈေးနှုန်းအရ ၅.၈ % တိုးတက်ရန် ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေအရ လျာထားခဲ့သော်လည်း စက်တင်ဘာလ အပြီးသတ်စာရင်းအရ ၇.၈ % တိုးတက်လာကြောင်းတွေ့ရပါတယ်။

နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းတဲ့နေရာမှာ ဗဟို အဖွဲ့အစည်း(၄)ခုဖြစ်တဲ့ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ်တရား လွှတ်တော်ချုပ်ရုံး၊ပြည်နယ်ရှေ့နေချုပ်ရုံးတို့ကနေ စုစုပေါင်းပေးသွင်းငွေမှာ ကျပ် ၁၀.၇၉၀ သန်း ပေးသွင်းဖို့လိုပြီး အားလုံးပေးသွင်းပြီး ဖြစ်ပါတယ်။

ဝန်ကြီးဌာနမှာ ဝန်ကြီးဌာန(၉)ခုရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန (၉)ခုကနေ စုစုပေါင်း ကျပ်သန်း ၄၃.၀၆၈ ပေးသွင်းဖို့ရှိပြီး အားလုံးပေးသွင်းပြီး ဖြစ်ပါတယ်။ စုစုပေါင်း ပေးသွင်းငွေကတော့ ကျပ်သန်း ၅၃.၈၅၈ သန်းဖြစ်ပြီးတော့ အားလုံးပေးသွင်းပြီး ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)တွင် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးမှတင်ပြသည့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်သို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှင်းလင်းဖတ်ကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစံဝင်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို (၂၀)မိနစ်ခန့် ကျွန်တော် ရှင်းလင်းတင်ပြသွား မှာဖြစ်ပါတယ်။ ယနေ့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်လာတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်း ပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ကော်မတီဥက္ကဋ္ဌများနဲ့ ကော်မတီဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာ ခြင်းနဲ့ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကတာဝန်ကတော့ ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းတို့ဖြစ်ကြ ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေပြုခြင်း အခန်းကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။

ကော်မတီဖွဲ့စည်း တာဝန်ပေးအပ်ခြင်းမှာလည်း ကျွန်တော်တို့ ဒုတိယကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (တတိယနေ့)၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၃၊ ၂၄ နှင့် နည်းဥပဒေ ၆၂ အရ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ကော်မတီဝင် (၁၁)ဦး ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီဝင် အစားထိုး၊ ဖြည့်စွက်ခြင်းနဲ့ ပတ်သက်ပြီး (၁၄-၇-၂၀၁၆)ရက်နေ့ ဒုတိယပုံမှန်အစည်းအဝေးမှာ တစ်ကြိမ်၊(၁၈-၁၂-၂၀၁၈) ရက်နေ့(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တစ်ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီဝင် (၁၁)ဦးရဲ့ အမည်စာရင်းများဖြစ်ပါတယ်-

(က)	ဦးစဝ်အောင်မြတ်	ရွာငံ (၂)	ဥက္ကဋ္ဌ
	(ခ)ဦးအောင်မြတ်		
(ခ)	ဦးစိုင်းအောင်ကျော်ဦး	ကွန်ဟိန်း (၂)	အဖွဲ့ဝင်
(ဂ)	ဦးခွန်ဒီဂေါလ်	လွိုင်လင် (၁)	အဖွဲ့ဝင်
(ဃ)	ဦးစိုင်းအောင်မျိုးကျော်	လင်းခေး (၁)	အဖွဲ့ဝင်
(င)	ဦးစိုင်းထွန်းညဏ်	ကျောက်မဲ (၂)	အဖွဲ့ဝင်
(စ)	ဦးအောင်ထွဏ်း	နမ့်ဆန် (၂)	အဖွဲ့ဝင်
(ဆ)	ဦးမောင်မောင်	ပြည်နယ်ဥပဒေချုပ်(ငြိမ်း)	အဖွဲ့ဝင်
(ဇ)	ဦးမောင်ညို	မဘိမ်း (၁)	အဖွဲ့ဝင်
(ဈ)	ဒေါ်မေရီချို့	ဖယ်ခုံ (၁)	အဖွဲ့ဝင်
(ည)	ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်	ကြည်း-၂၃၈၁	အဖွဲ့ဝင်
(ဋ)	ဦးညီညီ(ခ) ဦးညီလေးချမ်း	ပင်းတယ (၂)	အတွင်းရေးမှူး

အဲဒီမှာလည်းကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ကော်မတီမှာ ပါတီပေါင်းစုံက တိုင်းရင်းသားပေါင်းစုံတွေအားလုံး ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အားလုံးစုံစုံညီညီနဲ့ပါဝင်ပြီးတော့ ဆောင်ရွက်နေတာကို အားလုံးတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ပြင်ပပုဂ္ဂိုလ်အနေနဲ့ကတော့ အရင်ပြည်နယ်ဥပဒေချုပ်(ငြိမ်း) ဦးမောင်မောင်တစ်ယောက်ပဲ ပါဝင်တာဖြစ်ပါတယ်။ ကျန်တာအားလုံးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာဆောင်ရွက်ချက်များအနေနဲ့ကတော့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့အဓိကတာဝန်တွေကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့သည် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းသည်ဆိုခြင်းကို လက်ခံကျင့်သုံးလာသည်နှင့်အမျှ မဏ္ဍိုင်ကြီး(၃)ရပ်၏ လုပ်ငန်းထိရောက်အောင်မြင်မှုသည် ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်။ အပြန်အလှန်နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မဏ္ဍိုင်ကြီး(၃)ရပ်လုံးသည် အပြန်အလှန်အကျိုးရှိသွားမှာ ဖြစ်ပါတယ်။ လူထုဆန္ဒ၊ လူထုသဘောထားကို အခြေခံခြင်းတို့ကြောင့် ထိန်းကျောင်းခြင်းနဲ့ ပူးပေါင်း

ဆောင်ရွက်ခြင်းတို့ဟာ အလေ့အကျင့်များ ကျွန်တော်တို့ တိုးမြှင့်ဆောင်ရွက်သွားရကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာဖို့အတွက်ကို မဟာဗျူဟာ စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလအတွင်း ဥပဒေများ၊ နည်းဥပဒေများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လက်စွဲများရေးဆွဲ၍ လွှတ်တော်၏ကဏ္ဍ(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ ထိန်းကျောင်း/ ထိန်းညှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်သည် ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းထားတဲ့ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြီးသော ဥပဒေများသည် ပြည်သူ/ ပြည်သားများ အတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်း ရှိ/ မရှိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒ၊ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည်သူနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများရရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။

ပြဋ္ဌာန်းသည့်ဥပဒေများ အသက်ဝင်မှုရှိစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းအား ပိုမိုအားကောင်းလာစေရန် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းပြီးသည့် ဥပဒေများအသက်ဝင်မှု ရှိ/ မရှိ၊ ပြည်သူလူထုမှ အမှန်တကယ်လိုက်နာကျင့်သုံးမှု ရှိ/ မရှိ၊ ပြည်သူလူထုအတွင်း ကွင်းဆင်းလေ့လာသုံးသပ် ဆောင်ရွက်လျက်ရှိပါတယ်။

ကော်မတီအစည်းအဝေး ကျင်းပမှုအခြေအနေနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေများကို ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုနှင့် အစိုးရဌာနဆိုင်ရာများအတွက် ကောင်းမွန်ပြည့်စုံစေသည့်ဥပဒေများ ဖြစ်စေရေးအတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မတီအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပနိုင်ခဲ့ပါတယ်-

(က) ၂၀၁၆ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု (၄) ကြိမ်

(ခ)	၂၀၁၇ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု	(၅) ကြိမ်
(ဂ)	၂၀၁၈ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု	(၈) ကြိမ်
(ဃ)	၂၀၁၉ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု	(၈) ကြိမ်
	စုစုပေါင်း	**(၂၅) ကြိမ်ဖြစ်ပါတယ်။**

အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေများအပေါ် ပြည်သူလူထုကြားနာပွဲကျင်းပမှု အခြေအနေနဲ့ပတ်သက်လို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနဲ့ပတ်သက်ပြီး ပြည်သူလူထုကြားနာပွဲ ပြုလုပ်ခဲ့ပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေကို ဥပဒေ အမှတ်(၁၀)ဖြင့် (၁၁.၉.၂၀၁၃)ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်သော်လည်း (၆)နှစ်ကြာသည့် တိုင်အောင် နည်းဥပဒေထုတ်ပြန် ကြေညာနိုင်ခြင်းမရှိဘဲ Bye Law (၂၄)ခုဖြင့် စည်ပင် သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူ လူထုကြားနာပွဲများကို (၁.၁၁.၂၀၁၈)ရက်နေ့မှ (၃.၁၁.၂၀၁၈) ရက်နေ့အထိ ရှမ်းပြည်နယ် လွှတ်တော်၊ ကျားခေါင်းအစည်းအဝေးခန်းမတွင် NDI ရဲ့ပံ့ပိုးကူညီမှုဖြင့် ကျင်းပပြုလုပ်ခဲ့ ပါတယ်။ ပြည်သူလူထုကြားနာပွဲတွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဝင်များ၊ ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများ၊ စည်ပင်သာယာ ရေးဌာနနှင့် ကော်မတီဝင်များ၊ မြို့ကြီး(၃)မြို့အပါအဝင် မြို့မိ/ မြို့ဖများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၊ ဈေးအကျိုးတော်ဆောင်နှင့် ဈေးဆိုင်ခန်းပိုင်ရှင်များ၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များအားလုံး ပါဝင်တက်ရောက် ဆွေးနွေး ခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအပေါ် ဆွေးနွေးမှု ရလဒ်အနေဖြင့် ဥပဒေအပေါ်ပြင်ဆင်သင့်သည့်အချက်(၁၄)ချက်၊ ဖြည့်စွက်သင့်သည့်အချက် (၅)ချက်၊ နည်းဥပဒေရေးဆွဲရာတွင် ဖော်ပြသင့်သည့်အချက် (၂၁)ချက် ရရှိခဲ့ပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

နောက်ပြီး အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နဲ့ပတ်သက်ပြီး ပြည်သူလူထုကြားနာပွဲများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ အင်းလေးကန်ဒေသထိန်းသိမ်း ကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) နှင့် (၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ပြည်သူလူထုကြားနာပွဲကို(၅.၆.၂၀၁၉) ရက်နေ့မှ (၇.၆.၂၀၁၉)ရက်နေ့အထိ ရှမ်းပြည်နယ်လွှတ်တော်၊ကျားခေါင်းအစည်းအဝေးခန်းမ မှာပဲ UNDP ရဲ့ပံ့ပိုးကူညီမှုဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ပြည်သူလူထုကြားနာပွဲတွင်

ကျွန်တော်တို့ ရှမ်းပြည်နယ်လွတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အင်းလေးကန် ရေဝေ/ ရေလဲဒေသရှိ မြို့နယ်(၁၀) မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ၊ မြို့မိ/ မြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များအားလုံး ပါဝင်တက်ရောက် ဆွေးနွေးပေးခဲ့ကြတာဖြစ်ပါတယ်။ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ဆွေးနွေးမှုရလဒ်အနေဖြင့် ပြင်ဆင်သင့်သည့်အချက်(၄၆)ချက်၊ ဥပဒေမူကြမ်းနှင့်ပတ်သက်သည့် အကြံပြုချက်(၁၀၇)ချက် ရရှိခဲ့ပါတယ်။ ကြားနာပွဲရလဒ်အပေါ်အခြေခံ၍ ပြင်ဆင်သင့်သည့်အချက်များ အားထည့်သွင်းစဉ်းစားပြီး ဥပဒေ(မူကြမ်း)ကိုပြင်ဆင်ဖြည့်စွက်ခဲ့ရာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) (၁၉.၁၂.၂၀၁၉)ရက်တွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဥပဒေပြုခြင်းဆိုင်ရာ ဆောင်ရွက်ချက်အနေနဲ့ကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော်ကို ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း) (၄)ခု၊ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ (မူကြမ်း) (၈)ခုနှင့် အများပြည်သူနှင့်ဆိုင်သော ဥပဒေ(မူကြမ်း) (၁၅)ခု၊ စုစုပေါင်း (၂၇)ခု တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဥပဒေပြုခြင်းဆိုင်ရာဆောင်ရွက်ချက်တွေအနေနဲ့ အဲဒီဥပဒေတွေအပေါ်မှာ အတည်ပြုပြဋ္ဌာန်းနိုင်တာ (၂၃)ခု ရှိထားပြီးဖြစ်ပါတယ်။ အမိန့်ကြော်ငြာစာအဖြစ်ပြောင်းလဲထုတ်ပြန်တာ (၁)ခု၊ ဆွေးနွေးဆဲဥပဒေက (၁)ခု၊ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာတင်သွင်းပြီး ဆက်လက်ဆောင်ရွက်ရန်ကျန်တဲ့ ဥပဒေ(မူကြမ်း)ကတော့ (၂)ခု ဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၈၈၊ ဇယား(၂)အပေါ်မှာ ကျွန်တော်တို့ ဆောင်ရွက်ထားရှိမှုအခြေအနေလေးကို ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်များအားလုံးကို ဒီဇယားနဲ့ရှင်းလင်းတင်ပြလိုပါတယ်။ကျွန်တော်တို့ ပြည်နယ်လွတ်တော်အနေနဲ့ ဖက်ဒရယ်ဒီမိုကရေစီကို လိုလားလျက်ရှိသလို ဖက်ဒရယ်ဒီမိုကရေစီမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်ရပ်တည်ခွင့်၊ (Decentralize) လို့ခေါ်တဲ့ ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်တွေကို လျော့ချနိုင်ဖို့အတွက် ဥပဒေတွေနဲ့အညီ ကျွန်တော်တို့ အဆင်သင့်ဖြစ်နေဖို့လိုပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ဇယား(၂)အရ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ(၁၁)ခုရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲတဲ့အချိန်မှာ(၇)ခု ထပ်တိုးရရှိတာဖြစ်တဲ့အတွက် (၁၈)ခုရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပထမအကြိမ်၊ ဒုတိယအကြိမ် လွတ်တော်တွေမှာ ပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေ(၄)ခုသာ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြဋ္ဌာန်းဖို့ ကျန်တာ (၁၄)ခုရှိပါတယ်။ အလားတူပဲ စီးပွားရေးကဏ္ဍနဲ့ပတ်သက်လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေမူလမှာ (၃)ခုရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီး (၂)ခု ထပ်တိုးပါတယ်။ အဲဒီမှာ (၅)ခု ရပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ပြဋ္ဌာန်းဖို့ (၅)ခုလုံး ကျန်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် မူလက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ (၇)ခုရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးတဲ့ အချိန်မှာ (၅)ခုထပ်ရပါတယ်။ ဒါကြောင့် (၁၂)ခုဖြစ်ပါတယ်။ လောလောဆယ် (၄)ခုပဲ ပြဋ္ဌာန်းနိုင်ပါသေးတယ်။ (၈)ခု ကျန်ပါတယ်။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ ဖြစ်ပါတယ်။ မူလဖွဲ့စည်းပုံအခြေခံဥပဒေအရ (၅)ခုပဲရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးနောက် (၆)ခုတိုးရပါတယ်။ (၁၁)ခုဖြစ်သွားပါတယ်။ လက်ရှိ ကျွန်တော်တို့ (၆)ခု ပြဋ္ဌာန်းနိုင်ပြီးဖြစ်ပါတယ်။ (၅)ခု ပြဋ္ဌာန်းဖို့ကျန်ပါတယ်။ စက်မှုလက်မှု ကဏ္ဍနဲ့ ပတ်သက်လို့ မူလဖွဲ့စည်းပုံအခြေခံဥပဒေမှာ (၂)ခုရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီး (၁)ခုထပ်တိုးရတဲ့အတွက် (၃)ခုဖြစ်သွားပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ (၁)ခုပဲ ပြဋ္ဌာန်းနိုင်သေးတာဖြစ်လို့ (၂)ခုကျန်မှာဖြစ်ပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် မူလဥပဒေမှာ (၃)ခုဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးတဲ့နောက် (၅)ခုထပ်ရပါတယ်။ စုစုပေါင်း (၈)ခုမှာ (၂)ခုပဲ ပြဋ္ဌာန်းနိုင်ပါတယ်။ (၆)ခုကျန်ပါတယ်။ လူမှုရေးကဏ္ဍတွင် မူလဖွဲ့စည်းပုံအခြေခံဥပဒေမှာ (၇)ခုဖြစ်ပါတယ်။ ထပ်တိုးရရှိတာ (၆)ခုဖြစ်ပါတယ်။ စုစုပေါင်း (၁၃)ခုမှာ (၂)ခုပဲ ပြဋ္ဌာန်းနိုင်ပါသေးတယ်။ (၁၁)ခု ပြဋ္ဌာန်းရန်ကျန်ပါသေးတယ်။ စီမံခန့်ခွဲရေးကဏ္ဍတွင် မူလ(၃)ခု၊ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးတဲ့နောက် ရရှိတာ (၂)ခု၊ စုစုပေါင်း (၅)ခုဖြစ်ပါတယ်။ လွှတ်တော်မှာ ပြဋ္ဌာန်းပြီး(၃)ခုဖြစ်တဲ့အတွက် ပြဋ္ဌာန်းဖို့ကျန်တာ (၂)ခုဖြစ်ပါတယ်။ အဲတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့ရဲ့ တိုင်းဒေသကြီး/ ပြည်နယ်တွေဟာ ဖက်ဒရယ် ဒီမိုကရေစီကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လွှတ်တော်အသီးသီးကနေ ဥပဒေပြုဖို့ (၇၅)ခုရှိတဲ့အနက် (၂၂)ခုကို ကျွန်တော်တို့ ရှမ်းပြည်နယ်အနေနဲ့ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ (၅၃)ခုကျန်ပါသေးတယ်။ ဒါလေးလည်း ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ဆောင်ရွက်တဲ့နေရာမှာ ဥပဒေနဲ့အညီ အားလုံးအဆင်သင့်ဖြစ်အောင် ကျွန်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြဋ္ဌာန်းဖို့ဥပဒေတွေ ကြိုးစားပြီးပြဋ္ဌာန်းနိုင်ဖို့အတွက်ကို အကြံပြုတင်ပြလိုပါတယ်။

ဒါကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဥပဒေအမှတ်စဉ်အလိုက် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အစည်းအဝေးတွေမှာ အတည်ပြုပေးခဲ့တာတွေကို ဖော်ပြထားခြင်းဖြစ်ပါတယ်။

(က) **ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ**

(၁) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ၊

(၂) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်း ဥပဒေ၊

(၃) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ၊

(၄) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ၊

(ခ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

(၁) ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင် သည့် ဥပဒေ၊

(၂) ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ၊

(၃) ၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊

(၄) ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ၊

(၅) ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊

(၆) ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊

(၇) ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ၊

(၈) ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

(ဂ) **အများပြည်သူနှင့်ဆိုင်သော ဥပဒေ**

(၁) ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊

(၂) ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ၊

(၃) ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ၊

(၄) ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ၊

(၅) ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်းဥပဒေ၊

(၆) ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ၊

(၇) ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ၊

(၈) ရှမ်းပြည်နယ် ရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးဥပဒေ၊

(၉) ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ၊

(၁၀) ရှမ်းပြည်နယ် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေ၊

(၁၁) အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ၊

အဲဒီတော့ ကျွန်တော်တို့ စုစုပေါင်း ဥပဒေ (၂၃)ခုကို အစည်းအဝေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေလေးကို တင်ပြထားတာဖြစ်ပါတယ်။ ကျန်နေတဲ့ ဥပဒေ(မူကြမ်း)ကတော့ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသောအစားအသောက် ဥပဒေ(မူကြမ်း) (၁)ခု ကျန်ပါတယ်။ နောက် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်တင်သွင်းလိုက်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)(၁)ခု ဆက်လက်ဆောင်ရွက်ဖို့ကျန်ပါတယ်။ နောက်ပြီး ရှမ်းပြည်နယ်မြေယာခွန် ဥပဒေ(မူကြမ်း)(၁)ခု ဆောင်ရွက်ဖို့ ကျန်နေတာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့ လွှတ်တော်မှ သတ်မှတ်ပေးအပ်ထားသည့် ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်တို့နှင့်အညီ ပြည်နယ် လွှတ်တော်သို့တင်သွင်းလာသည့် ဥပဒေ(မူကြမ်း)များအပေါ် ပြည့်စုံ၍လိုအပ်ချက် အနည်းဆုံးနှင့်လိုက်နာကျင့်သုံးရမည့် ပြည်သူလူထုနှင့် ကိုက်ညီမှုရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)တွင် ရှမ်းပြည်နယ် ဥပဒေပြုရေးဆိုင်ရာကော်မတီမှတင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

ဦးသန်းထိုက်၊ ဥက္ကဋ္ဌ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊ ဥက္ကဋ္ဌ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့ ဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များပါဝင်သော အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ် ရေးရာကော်မတီ အစီရင်ခံစာ

နိဒါန်း

ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးရန်၊ လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးကောင်းမွန်မြင့်မားရေး အတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာရရှိရေးနှင့် စိုက်ပျိုးရေးစရိတ်ချေးငွေများ လုံလောက်စွာ ရရှိရေး၊ အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကူညီ ဆောင်ရွက်ပေးရန်၊ လူငယ်များရရှိခံစားနိုင်မည့် အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ခြင်းတို့ကို ဆောင်ရွက်ပေး နိုင်ရန် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ကော်မတီဝင်(၇)ဦးကို ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ သတ်မှတ်လျက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲမှု(၂)ကြိမ် ပြင်ဆင်ဖွဲ့စည်း၍ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကော်မတီ(၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ကော်မတီအစည်းအဝေးကျင်းပမှုအခြေအနေ

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် ကော်မတီသို့ ပေးပို့တိုင်ကြားလာသည့် အမှုတွဲများနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ အရ ကော်မတီအစည်းအဝေးများကို ၂၀၁၆ခုနှစ်တွင် (၆)ကြိမ်၊ ၂၀၁၇ခုနှစ်တွင် (၃)ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် (၉)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၁)ကြိမ်၊ စုစုပေါင်း (၁၉)ကြိမ်ကျင်းပပြုလုပ်ခဲ့ပါတယ်။

ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် ကော်မတီ၏ (၃)နှစ်ကျော်ကာလအတွင်း ကွင်းဆင်း စိစစ်ခြင်း (၂)ကြိမ်ဆောင်ရွက်ခဲ့ပြီး စိစစ်ဆောင်ရွက်သည့် အမှုတွဲ(၁၁)ခုနှင့်ပတ်သက်၍ တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်တို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်ပြ ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီမှကွင်းဆင်းစိစစ်သည့် အမှုတွဲ(၁၁)ခုအား ပြည်နယ်လွှတ်တော် မှတစ်ဆင့် လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်ပေးပို့ခြင်း ဆောင်ရွက်ခဲ့ရာ အစိုးရအဖွဲ့မှ အမှုတွဲ(၈)ခုအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ပြန်လည်ပေးပို့ခဲ့သဖြင့် သက်ဆိုင်ရာပြည်သူလူထုအား ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတို့ဖြင့်(၅)ကြိမ်၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနဲ့(၁)ကြိမ်၊ ပူးပေါင်းကွင်းဆင်းခြင်းအနေဖြင့် (၆)ကြိမ် ဆောင်ရွက်ခဲ့ ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ၊ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီနှင့်အဖွဲ့များသည် ရှမ်းပြည်နယ် အဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆွေးနွေးပြီး ပြောကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်နိုင်သည်ဟု ယူဆရသူများအားလည်းကောင်း ဖိတ်ကြားမေးမြန်းဆွေးနွေးခြင်း၊ ကြားနာခြင်း၊ လိုအပ်သည့် အထောက်အထားများ တင်ပြစေခြင်း ပြုနိုင်သည်ဟု ပါရှိပါတယ်။

ကော်မတီနှင့်သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ လွှတ်တော်ရုံးဝန်ထမ်းများရဲ့ ပံ့ပိုးကူညီမှုဖြင့် (၉.၁၁.၂၀၁၈) ရက်နေ့မှ (၁၃.၁၁.၂၀၁၈) ရက်နေ့ထိ ပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမတွင် ပြုလုပ်နိုင်ခဲ့ပါတယ်။ အစီရင်ခံစာကို လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

ကော်မတီအနေဖြင့် လေ့လာတွေ့ရှိချက်များကို တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြေယာကိစ္စတင်ပြတိုင်ကြားမှုအပေါ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဗဟို ကော်မတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ် (၅၂)ချက်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည် စွန့်လွှတ်သည့်မြေယာများကို သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းတို့ကို ခရိုင်/ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသောကြောင့် အချို့ခရိုင်များတွင် စိစစ်တွေ့ရှိချက်ကိုသာ ဖော်ပြချက်ပါရှိပြီး သုံးသပ်အကြံပြုချက်များ ပြည့်စုံစွာတင်ပြနိုင်မှုမရှိသည်ကို တွေ့ရှိရပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် မြေယာများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အောက်ခြေမှပါဝင်ပတ်သက်နေမှုများကြောင့် သက်ဆိုင်သူ များသို့ လက်ဝယ်ပြန်လည်ပြောင်းပေးနိုင်ရေးတွင် ကြန့်ကြာမှုများရှိနေသည်ကိုလည်း တွေ့ရှိရ ပါတယ်။ ပြန်လည်စွန့်လွှတ်မြေများကို မူလတောင်သူများမှ ပြန်လည်လျှောက်ထားမှုနည်းပါး သလို မြေယာအကျိုးဆောင်အဖွဲ့အစည်းအချို့မှလည်း ရိုးသားသည့်တောင်သူများအပေါ် ကိုယ်ကျိုးရှာနေသည်ကိုလည်း တွေ့ရှိရပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် မြေသိမ်းယူစဉ်က လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသလို လက်ဝယ်ရရှိထားမှုများမရှိ၍ ယခုအချိန်မှ ဌာနလက်ဝယ်ရောက်ရှိရေး ဆောင်ရွက်မှုများကြောင့် မူလစီမံကိန်း အကောင်အထည်မဖော်တဲ့ မြေပေါ်တွင် မူလ ဓားမဦးချ လက်ရှိလက်ငုပ်တောင်သူများ စိုက်ပျိုးနေမှုများကြောင့် မလိုလားအပ်သော ပြဿနာများ၊ တရားစွဲအရေးယူမှုခံရမှုများလည်း ကြုံတွေ့နေရပါတယ်။ ပြန်လည်စွန့်လွှတ်မြေများကို ပုံစံ(၁)ဖြင့် မူလတောင်သူများ လျှောက်ထားရာတွင် အဆိုပါ စွန့်လွှတ်မြေများပေါ်တွင် အခြားသူများမှ လက်ဝယ်ရယူထားရှိမှုများရှိခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေယာပေါ်တွင် ကျူးကျော်မှုများအပေါ် သက်ဆိုင်ရာဌာနမှ တာဝန်ယူတာဝန်ခံမှု အားနည်းခြင်းများကို တွေ့ရှိရပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီများကွင်းဆင်းဆောင်ရွက်ချက် အစီရင်ခံစာများကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့သောအမှုတွဲများကို သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများအနေဖြင့် အကောင်အထည်ဖော် ညှိနှိုင်းပေါင်းစပ်မှုအားနည်းတာကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၂ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ၂၂ (ဂ)အရ ပြန်လည်သိမ်းဆည်းမြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲခြင်းဆိုင်ရာအထူးအဖွဲ့မှ ကွင်းဆင်းစိစစ်ဆောင်ရွက်နေမှုများရှိတာကိုတွေ့ရှိရသလို အချို့သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များမှလည်း မသိရှိတာကိုတွေ့ရှိရပါတယ်။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းအသုံးပြု ဆောင်ရွက်နေမှုများကြောင့် လယ်ယာမြေများ ဆုံးရှုံးမှုများများပြားလာပြီး ခွင့်ပြုချက်မရှိဘဲ ကြိုတင်လုပ်ဆောင်၍ လယ်ယာမြေအား အခြားနည်းအသုံးပြုမှုအပေါ် ဒဏ်ကြေးဆောင်လိုက်ရင်ရပြီဆိုတဲ့ ပုံစံဟာလည်း မြေယာဆုံးရှုံးမှု အဓိကအချက်ဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။

အကြံပြုချက်များ

ကော်မတီအနေဖြင့် လေ့လာတွေ့ရှိချက်များအပေါ် အကြံပြုချက်များအဖြစ် တင်ပြရမည်ဆိုပါက -

(၁) ရှမ်းပြည်နယ်အတွင်းရှိ မြေယာကိစ္စတင်ပြတိုင်ကြားမှုများအပေါ် ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ ဗဟိုကော်မတီ၏မူဝါဒ (၅၂)ချက်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်နေမှုများ လျင်မြန်စွာ ပြီးစီးနိုင်ရေးအတွက် အဓိကကျသည့် ခရိုင်/မြို့နယ်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး

ကော်မတီ တာဝန်ရှိသူများအနေဖြင့် စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များပြည့်စုံစွာတင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(၂) လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များထုတ်ပေးရာ၌ မြေပြင်ပေါ်တွင် အမှန်တကယ် စိုက်ပျိုးထုတ်လုပ်နေမှုများကိုသာ စိစစ်၍ထုတ်ပေးရန်။

(၃) လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်မရှိဘဲအခြားနည်းအသုံးပြု ဆောင်ရွက်နေမှုများ၊ ခွင့်ပြုချက်မရှိဘဲ ကြိုတင်လုပ်ဆောင်၍ အခြားနည်းအသုံးပြုမှုအပေါ် ဒဏ်ကြေးငွေပေးဆောင်စေခြင်းအပြင် ဥပဒေကြောင်းအရ ထိရောက်သော ဒဏ်များချမှတ်နိုင်ရေးအတွက် သမ္မတရုံးညွှန်ကြားချက်များအား သက်ဆိုင်ရာ ဌာနများမှ ထိထိရောက်ရောက်ဆောင်ရွက်ရန်။

(၄) စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ မြေယာပေါ်တွင်အခြေခံပြီး စိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုတန်ဖိုးများ တွက်ချက်ရာတွင် မှန်ကန်သည့် စာရင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် မြေပြင်တွင် အမှန်တကယ် အသုံးပြုနေမှုများကို သက်ဆိုင်ရာဌာနများမှ ကြပ်မတ်စိစစ်ရန်။

(၅) SME လုပ်ငန်းရှင်များ၏ လိုအပ်နေသည့်ချေးငွေများကိုရယူရာတွင် မလိုလားအပ်သော ကြန့်ကြာမှုများမရှိစေရေး ကူညီဆောင်ရွက်ပေးရန်။

(၆) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းဆိုင်ရာ အထူးဖွဲ့များအနေဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(၇) အလုပ်သမားများ၏အခွင့်အရေး အပြည့်အဝရရှိနိုင်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး သက်ဆိုင်ရာ ဌာနမှကြီးကြပ်ရန်။

(၈) ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ၏ မူဝါဒလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်အကူအညီ အထောက်အပံ့များပေးရန်။

နိဂုံး

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် လွှတ်တော်မှ ပေးအပ်ထားသည့် ကော်မတီ၏တာဝန်များ၊ လုပ်ပိုင်ခွင့်တို့နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် လုပ်ငန်းများဆောင်ရွက်

လျက်ရှိကြောင်း တင်ပြအပ်ရင်း နိဂုံးချုပ်အပ်ပါတယ်။ ဥက္ကဋ္ဌ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊ တောင်ကြီးမြို့၊ ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)တွင် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီမှတင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဟာ ဒီကနေ့အပါအဝင် (၅)ရက် ကျင်းပခဲ့ပါတယ်။ ဒီပုံမှန်အစည်းအဝေးမှာ အဓိကထားပြီး ဆောင်ရွက်နိုင်တာကတော့ ၂၀၁၈ ခုနှစ်ကတည်းက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ကြုံစားအားထုတ်မှုနဲ့ရေးဆွဲခဲ့တဲ့ ဥပဒေ (မူကြမ်း) ၄ ခုကို လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဥပဒေပြုရေးတာဝန်ဟာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်တာကြောင့် ဒီတာဝန်ကို ဆက်လက် ဆောင်ရွက်ကြရအုံးမှာပဲ ဖြစ်ပါတယ်။ ပြည်သူအတွက် ဥပဒေရေးဆွဲရာမှာ လူထုရဲ့ဆန္ဒဟာ အရေးကြီးသောအစိတ်အပိုင်းဖြစ်သလို ဥပဒေတစ်ခုရဲ့ ကောင်းကျိုး၊ မကောင်းကျိုးဆိုတာ လူထုရဲ့ အသိဉာဏ်ပေါ်မှာ တည်မှီနေတာလည်း ဖြစ်ပါတယ်။

ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၃၅)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၆၄)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သလို၊ အဆိုအနေနဲ့ အဆို(၁)ခုအား အတည်ပြုခြင်း၊ အဆို(၂)ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် စပ်လျဉ်းပြီးတော့မှ လက်တွေ့ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီက လိုအပ်သလို စိစစ်သွားမှာပဲ ဖြစ်ပါတယ်။

အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)တို့ကို တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေ(မူကြမ်း)များကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှာ ကျင်းပရန်ရှိတဲ့ လွှတ်တော်အစည်းအဝေးမှာ အတည်ပြုနိုင်ရေးအတွက် ကြိုးပမ်းကြစေလိုပါတယ်။

အစီရင်ခံစာအနေနဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးရဲ့ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့တင်ပြနိုင်ခဲ့သလို၊ လွှတ်တော်ရေးရာကော်မတီများဖြစ်ကြတဲ့ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတို့က မိမိကော်မတီအလိုက် လုပ်ငန်းများကို အစီရင်ခံစာ ဖတ်ကြားတင်ပြနိုင်ခဲ့ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနဲ့ ဒီ(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကြားကာလမှာ NGO/ INGO များနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြစ်ကြသော Asia Foundation နှင့်ဖန်တီးရှင်အဖွဲ့၊ EITI ၊ International Republican Institute (IRI) ၊ Gender Equility Network ပြည်ထောင်စုအစိုးရအဖွဲ့နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊မေတ္တာဖောင်ဒေးရှင်းတို့က လွှတ်တော်ကိုယ်စားလှယ်များအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းစုစုပေါင်း (၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခု ကျင်းပတဲ့အစည်းအဝေးကို ဖော်ပြပါ အဖွဲ့အစည်းများမှ လာရောက်လေ့လာပြီးတော့ လေ့လာပါတယ်။ အဲဒါကတော့

(၁) Golden Future Organization (၆)ဦး

(၂) ညောင်ရွှေမြို့နယ်မှ ဦးအောင်နိုင်စိုးနှင့်အဖွဲ့ (၉)ဦး

(၃) ဟိုပုံးမြို့နယ်မှ ဦးခွန်အောင်နိုင် ဦးဆောင်သည့် ပြည်ခိုင်ဖြိုးပါတီဝင်များ (၄၁)ဦး

(၄) တောင်ကြီးမြို့နယ်မှ ဦးဗိုကျော် ဦးဆောင်သည့် တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ (၃၅)ဦး

(၅) ပညာအလင်းပွင့်သုတေသနဖောင်ဒေးရှင်း (EMReF) (၂)ဦး

(၆) သိန္နီမြို့နယ်မှ ဦးဟန်စိန်နှင့်အဖွဲ့ (၉)ဦး

(၇) UNDP မှ ကိုယ်စားလှယ် (၂)ဦး

(၈) နောင်ကားကျေးရွာအုပ်စု ပရဟိတလုပ်ငန်းဆောင်ရွက်သည့် ဒေသခံလူငယ် ဦးခွန်စောအောင်နှင့်အဖွဲ့ (၁၁)ဦး

စုစုပေါင်း(၁၁၅)ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီ(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ဥပဒေ(မူကြမ်း) ၄ ခု အတည်ပြုနိုင်ရေးအတွက် ဥပဒေများကို အပတ်တကုတ် ကြိုးစားပြီးတော့မှ ရေးဆွဲခဲ့တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ ဥပဒေအင်္ဂါရပ်၊ ဥပဒေရေးထုံးများနှင့်ညီညွတ်အောင် အချိန်ပေးပြီးတော့ ပြင်ဆင်ပေးသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီအားလည်းကောင်း၊ အထူးသဖြင့် ဒီအစည်းအဝေးမှာ (၄)ရက်တိုင်တိုင် စိတ်ရှည်ရှည်ထားပြီး အတည်ပြုပေးသော ကိုယ်စားလှယ်များအားလည်းကောင်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ၂၀၁၉ ခုနှစ်မှာ ပုံမှန်အစည်းအဝေး (၅)ကြိမ်နဲ့ အထူးအစည်းအဝေး(၁)ကြိမ် ကျင်းပပြီး လွှတ်တော်အတွင်းတာဝန်များကို ထမ်းရွက်ခဲ့ကြပါတယ်။ ထို့အတူ လွှတ်တော်ပြင်ပတာဝန်များကိုလည်း မိမိတို့ရောက်ရှိသော ဒေသမှာ ကြုံတွေ့ရတဲ့အခြေအနေပေါ်မူတည်ပြီး အသီးသီးဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒါဟာ သမိုင်းပေးတာဝန်ဖြစ်လို့၊ ဒီတာဝန်ကို ဆက်လက်ပြီး စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူတို့၏ လိုအင်နှင့် ဆန္ဒများကို ဖော်ဆောင်ရွက်နိုင်ကြပါစေ၊ လာမဲ့ မဂ်လာနှစ်သစ် ၂၀၂၀ ပြည့်နှစ်မှာ ယခုလိုပဲ စုံစုံညီညီ ပြန်လည်ဆုံတွေ့ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အစီအစဉ် ပြီးဆုံး

ပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်လွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်မှ

နတ်တော်လပြည့်ကျော် ၉ ရက်ထိ

(ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၆ ရက်နေ့မှ ဒီဇင်ဘာ လ ၂၀ ရက်နေ့ထိ)

တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ဆုံးဖြတ်ချက်များ

ပထမနေ့ (၁၆- ၁၂- ၂၀၁၉) တနလ်ာနေ့

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ(၁၂၅)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဒုတိယနေ့ (၁၇- ၁၂- ၂၀၁၉) အင်္ဂါနေ့

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊

တက်ရောက်သူ (၁၃၀)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ ICJ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ရှေ့နေနှစ်ဦး၏ ခုခံချေပချက်များကို ထောက်ခံကြောင်း ကြေညာ၍ အရေးကြီး အဆိုတင်သွင်းခြင်း" ကို** လွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်တွင် တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ (မူကြမ်း)ကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

တတိယနေ့(၁၈- ၁၂- ၂၀၁၉) ဗုဒ္ဓဟူးနေ့

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၃)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဧရိယာတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင်**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း” အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်သည်။

၁၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)ကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

စတုတ္ထနေ့ (၁၉- ၁၂- ၂၀၁၉) ကြာသပတေးနေ့

၁၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၂)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

၁၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ပဉ္စမနေ့ (၂၀- ၁၂- ၂၀၁၉) သောကြာနေ့

၁၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၁၈)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၇။ ဒုတိယအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ ရှုမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၈။ ဒုတိယအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ ရှုမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၉။ ဒုတိယအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများ"** အား ရှင်းလင်းတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။